
384


၄
၁
၃
၂
အဓိကာဝဇ္ဇ(၈)ပါး
ကိလေသ ဝဇ္ဇ(၃)ပါး
အဓိကာဝဇ္ဇ(၈)ပါး
အကျိုး အခြင်းအရာ - ၅ - ပါး
အတိတ်ဘဝကောင်း အခြင်းအရာ - ၅ - ပါး
အဓိကာ သင်္ခါရ တည်ရာ ဥပဒါန်
အဓိကာ သင်္ခါရ တည်ရာ ဥပဓိ
အဓိကာ သင်္ခါရ တည်ရာ ဘဝ
အဓိကာ သင်္ခါရ တည်ရာ ယောနိ
အဓိကာ သင်္ခါရ တည်ရာ ဂတိ
အဓိကာ သင်္ခါရ တည်ရာ ဌီတိ
အဓိကာ သင်္ခါရ တည်ရာ သတ္တာဝါသ
အဓိကာ သင်္ခါရ တည်ရာ သုဒ္ဓါဝါသ
အဓိကာ သင်္ခါရ တည်ရာ အာယတန
အဓိကာ သင်္ခါရ တည်ရာ ဖဿ
အဓိကာ သင်္ခါရ တည်ရာ ဝေဒနာ
အဓိကာ သင်္ခါရ တည်ရာ သညာ
အဓိကာ သင်္ခါရ တည်ရာ သင်္ခါရ
အဓိကာ သင်္ခါရ တည်ရာ ဝိညာဏ
အဓိကာ သင်္ခါရ တည်ရာ နာမ်
အဓိကာ သင်္ခါရ တည်ရာ ရူပ
အဓိကာ သင်္ခါရ တည်ရာ သဠာယတန
အဓိကာ သင်္ခါရ တည်ရာ ဖဿ
အဓိကာ သင်္ခါရ တည်ရာ ဝေဒနာ
အဓိကာ သင်္ခါရ တည်ရာ တဏှာ
အဓိကာ သင်္ခါရ တည်ရာ ဥပါဒါန်
အဓိကာ သင်္ခါရ တည်ရာ ဘဝ
အဓိကာ သင်္ခါရ တည်ရာ ဇာတိ
အဓိကာ သင်္ခါရ တည်ရာ ဇရာ
အဓိကာ သင်္ခါရ တည်ရာ မရဏ
အဓိကာ သင်္ခါရ တည်ရာ သောက
အဓိကာ သင်္ခါရ တည်ရာ ပရိဒေဝ
အဓိကာ သင်္ခါရ တည်ရာ ဒုက္ခ
အဓိကာ သင်္ခါရ တည်ရာ ဒေါမနဿ
အဓိကာ သင်္ခါရ တည်ရာ ဥပါယာသ
အဓိကာ သင်္ခါရ တည်ရာ အဝိဇ္ဇာ
အဓိကာ သင်္ခါရ တည်ရာ သင်္ခါရ
အဓိကာ သင်္ခါရ တည်ရာ ဝိညာဏ
အဓိကာ သင်္ခါရ တည်ရာ နာမ်
အဓိကာ သင်္ခါရ တည်ရာ ရူပ
အဓိကာ သင်္ခါရ တည်ရာ သဠာယတန
အဓိကာ သင်္ခါရ တည်ရာ ဖဿ
အဓိကာ သင်္ခါရ တည်ရာ ဝေဒနာ
အဓိကာ သင်္ခါရ တည်ရာ တဏှာ
အဓိကာ သင်္ခါရ တည်ရာ ဥပါဒါန်
အဓိကာ သင်္ခါရ တည်ရာ ဘဝ
အဓိကာ သင်္ခါရ တည်ရာ ဇာတိ
အဓိကာ သင်္ခါရ တည်ရာ ဇရာ
အဓိကာ သင်္ခါရ တည်ရာ မရဏ
အဓိကာ သင်္ခါရ တည်ရာ သောက
အဓိကာ သင်္ခါရ တည်ရာ ပရိဒေဝ
အဓိကာ သင်္ခါရ တည်ရာ ဒုက္ခ
အဓိကာ သင်္ခါရ တည်ရာ ဒေါမနဿ
အဓိကာ သင်္ခါရ တည်ရာ ဥပါယာသ
အဓိကာ သင်္ခါရ တည်ရာ အဝိဇ္ဇာ
အဓိကာ
တဏှာ
ကိလေသ ဝဋ်(၃)ပါး
ဝဋ်(၃)ပါး
ကိလေသ ဝဋ်(၃)ပါး
ကိလေသ ဝဋ်(၃)ပါး
ကိလေသ




ကျေးဇူးတော်ရှင်-အင်္ဂမဟာပဏ္ဍိတ

ပို့ကုတ်ဆရာတော်ဘုရား

ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားစေပါ၍ ရွေ့ဝှက်-ခေတ်အစဉ်

ဘဒန္တရုဝဏ္ဏီ၊ မဟံလာထိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလာဓိ
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊



အဝိဇ္ဇာနှင့်၊ တဏှာရှင်းစံ၊ဥပါဒါန်၊ကံကြောင့်·ရှိပန်းပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊အပျင်မပြတ်၊ဆက်စပ်သည့်ဟန်၊ ကံဝဋ်ကြောင့် နာမ်ရုပ်၊နေသမ်ရုပ်ကြောင့်ကံ၊အဘန်ဘန် ပြစ်ပြန်နည်းတဝလျှော်။ ငြဟ္မာ·သိကြား၊စသည်များက၊ထင်ရှား၊ပြုပြင်၊ စီရင်တန်ဆင်း၊ တကြောင်းရင်းစကြောင့်၊ လူနတ်များစွာ၊ သတ္တဝါကို့၊ ဖြစ်လာရပူ၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုမြဲဖြောင့်။ (လက်ဝဲယောင်ပုဒ်)မူလနှစ်ဖြာ၊သစ္စာနှစ်ခု၊လေးဝုဿလွှာ၊ဇာဂါတဆယ့်နှစ်ပါး၊တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ စင်ရင်သုံးဝနှင့်၊ ကာလသုံးပြာ၊ ခြင်းရာနှင့်ထယ်၊ ဤရွှစ်သွယ်ကို၊အလွယ်ကျက်မှတ်၊သိစေအပ်သည်၊သံသရာ၌ လွတ်ကြောင်းတည်း။

သုဓတသနစာကြည့်တိုက်

သာသနာ့ဥစ္စာများကို ကိုယ်ကျိုးမငဲ့ ပြုစုစောင့်ရှောက်ကြပါစေဘုန်း

ကမ္ဘာဓေးအား ရန်ကုန်။

ဓမ္မဒီပကဘုရင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မဂ်လာတိုက်ဟောင်းဌာ

ဟောကြား ဆုံးမတော်မူသော

ဝိပဿနာ လုပ်ငန်းစဉ်

ဓမ္မဒီပကလုပ်ဖေးတရားတော်

(အမှတ်စဉ် - ၂၀)

Y- A M(28)

မိုးကုတ်ဆရာတော် ဘုရား၏

ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏

မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

အဖွဲ့ကိုယ်စား ထုတ်ဝေဖြန့်ချိသူ

ဦးအောင်ချို.... မှတ်ပုံတင်အမှတ် (မြ-၀၀၃၃)

မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့။

အမှတ် (၀၂) နတ်မောက်လမ်း၊ မြေပဒေသာကျန်းအနီး

ရန်ကုန်မြို့။

ပဋ္ဌမအကြိမ်။ အုပ်ရေ.... ၂၀၀၀။

၁၉၇၀-ခု မတ်လ။ အဘိုး ၄-ကျပ် ၅၀ပြား။

★

မဃဝဂိပုံနှိပ်တိုက်၊ ဦးတင်-မှတ်ပုံတင်အမှတ် (၀၀၃၇)က

အမှတ် ၂၄၅-လှစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၃၀၂၉)

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	သမုဒယသစ္စာ၏ နိဒါနဋ္ဌသဘော နှေ့အလုံပ်ပေးတရားတော်	၁
၂။	ဝဋ်သုံးပါးမှ လွတ်မြောက်ရာနိဗ္ဗာန်	၄၈
၃။	သံသရာရေယာဉ်ကြော မျောခဲ့ရပုံ	၈၈
၄။	ဒုန်းစက္ကားရွာနဲ့တူလှသော သုံးဆဲ့တရွာ	၁၅၄
၅။	ငါစဲ့-သူစဲ့ နှစ်ပါးလုံးပြုတ်တဲ့တရား အရှင် အာနန္ဒာ သောတာပန်တည်ပုံ	၂၂၁
၆။	ဒီဋ္ဌပြုတ်အလုပ်ပေးတရား	၂၀၉
၇။	အပါယ်လေးပါးသည် အမြဲနေရာအိမ်	၃၃၄
၈။	ဒိဋ္ဌပြုတ်ယင် ပဋ္ဌမနိဗ္ဗာန်	၃၀၃
၉။	သံသရာမှာ အစမရှိ၊ အဆုံးရှိသည်၊ နိဗ္ဗာန်မှာ အစသာရှိသည်၊ အဆုံးမရှိ၊ သစ္စာသိယင် သံသရာဆုံးသည်၊ သစ္စာသိယင် နိဗ္ဗာန်အစ	၄၁၂
၁၀။	ပါကဋဒုက္ခနှင့် အပါကဋဒုက္ခ၊ အာနာ ပါနနှင့် သမာဓိအယင်တည်ပါ၊ နိဗ္ဗာန် ဆိုတာ အမြဲရှိပြီး ဆင်းရဲမရှိ၊ ရုပ်နာမ် ကတော့ အမြဲမရှိ၊ ဆင်းရဲရှိသည်	၄၅၆
၁၁။	သာသနာတော်း ပုထုဇန်နှင့် သာသနာပ ပုထုဇန် ပရိနိဗ္ဗာန်စံခါနီး သတိပဋ္ဌာန် ဟောရန်	၅၀၂

နိဒါန်း

နဓော ပုဗ္ဗာယ သိဒ္ဓမ်

ဗုဒ္ဓမြတ်စွာဘုရားသည် အရွယ်သုံးပါးကို ဟောတော်မူသည်။ အငွေ့၀ သု၀ေ၀- ဟူ၍လည်း ဟောတော်မူသည်။ သူတော်ကောင်းအလုပ်ကို ယခု လုပ်ပါ၊ သေမင်းနှင့် ချိန်းချက်လုပ်၍ ရသည်မဟုတ်ဟူ၍ ဟောတော်မူသည်။ ထိုမျှမကသေး ပါဠိတော်အရပ်ရပ်၌ အရိယဓမ္မကိုဂင်း၊ မဂ္ဂဖြဟ္မာစရိယအလုပ်ကိုဂင်း လုပ်ကြပါ-လုပ်ကြပါဟု မျှားစွာလာရှိသည်။

၄၅-၀ ါပတ်လုံး ဟောတော်မူခဲ့သည့်တရားမျှားမှာဓမ္မာနုံ- ဓမ္မပဋိပတ္တိ အလုပ် လုပ်ရန် ဟောတော်မူသော တရားမျှားသာဖြစ်သည်။ ဓမ္မာနုံ ဓမ္မပဋိပတ္တိ အလုပ်ဆိုသည်မှာ အခြားမဟုတ်၊ မိမိခန္ဓာအရှိကို ဉာဏ်အသိနှင့် ဟုတ်တိုင်းမှန်စွာ သိကြဘို့ရန်ဖြစ်သည်။ ခန္ဓာအရှိဆိုသည်မှာ အရိယဓမ္မမသင်းလျင် (၀ါ) မဂ္ဂဖြဟ္မာ့စရိယအလုပ် မလုပ်ခဲ့လျင် ကိလေသာ အနုသယ-စသော မြူမှုန်မျှားက ထူထပ်သိပ်သည်းစွာဖုံးလျက် နေသည်။ထု မျှားစွာထူသည်၊ အဝိဇ္ဇာအားကြီးသူမှာ မြူထု ပိုး၍ထူသည်။ အဝိဇ္ဇာအားနည်းသူမှာ ကိလေသာမြူထု အနည်းငယ်မျှထူသည်။

သို့သော် .... အရဟတ္တမဂ်နှင့် ကိလေသာကို မဖြတ်နိုင်သ၍ အဝိဇ္ဇာထုက အနာဂါမ်မှာ အနာဂါမ်အလိုက် ထူထပ်သေး

သည်၊ သကဒါဂါမ်မှာ သကဒါဂါမ်အလိုက် ထူထဲသည်၊ သောတာပန်မှာ သောတာပန်အလိုက် ထူထဲသေးသည်။ ပုထုဇန်တို့၌ မူကား....ဆိုဘွယ်မရှိပြီ။

ယခုခေတ် သက်တမ်းအားဖြင့် ၇၅-နှစ်မျှသာဟု ဆိုနိုင်သည်။ ဗုဒ္ဓမြတ်စွာ ပဋိသန္ဓေတော်မူသောအခါ၌ ရာတန်း၌ ပဋိသန္ဓေတော်မူရာယခု နှစ်ပေါင်း ၂၅၀၀-ကျော်ပြီဖြစ်၍ အနှစ်တရာမှာ တနှစ်နှုပ်ခဲ့သော် နှစ်ပေါင်း ၂၅-နှစ်ဖြစ်၍ ၁၀၀-တန်းမှာ ၂၅-နှစ် နှုပ်ခဲ့သော် ၇၅-နှစ်တန်းဟု ဆိုနိုင်သည်။

အရွယ်သုံးပါး ရှိသည်ဟုဆိုရာ၌ ပဌမအရွယ် ၂၅-နှစ်အထိ၊ ဒုတိယအရွယ် ၂၆-နှစ်မှ ၅၀-အထိ၊ တတိယအရွယ် ၅၁-နှစ်မှ ၇၅-အထိပိုင်းရမည်ဆိုလျှင်ပဌမအရွယ်အတွင်း ပျက်စီး သေဆုံးကြသူတွေ မနည်းလှ၊ ဒုတိယအရွယ်တွင်း သေဆုံးကြသူတွေ မနည်းလှ၊ တတိယအရွယ်တွင်းမှာမူ ပျက်စီး သေဆုံးကြသူတွေကား....ပြောစရာပင်မရှိ၊ ပိုမို၍မျှားမည်။

ထို့ကြောင့်.... ပဌမအရွယ် ငယ်သေးသည်၊ ပညာရှာဦးမည်ဆို၍ သေမင်းက ဆိုင်းမည်မဟုတ်၊ ဒုတိယအရွယ် ဥစ္စာရှာပါရစေဦး....ဆို၍ တောင်းပန်၍လည်း ဆိုင်းငံ့မည် မဟုတ်ပေ။ ထို့ကြောင့်....ကြီးသည့်, ငယ်သည်မဟုတ်၊ အရိယဓမ္မအလုပ်ကို အရွယ်သုံးပါးမရွေး လုပ်သင့်လုပ်ထိုက်လှပေသည်။

ပဌမအရွယ် ပညာရှာခန်း၊ ဒုတိယအရွယ် ဥစ္စာရှာခန်း၊ အတွင်းမှာပင် အရိယဓမ္မဆိုသော သူတော်ကောင်းအလုပ်ကို မလုပ်နိုင်သေးသည့်တိုင်အောင် အရိယဓမ္မဆိုတာသည် အဘယ်

နံည်းဟု အနည်းဆုံး ဗုဒ္ဓဘာသာဝင်တိုင်း သိသင့် သိထိုက်လှပေသည်။ ထိုသို့သိရှိထားကြပါလျှင် အကယ်၍ ကိုယ်ထိကိုယ်ရောက် အားမထုတ်နိုင်သည့်တိုင်အောင် နှလုံးသွင်းတတ်ပေမည်။ နှလုံးသွင်းတတ်ခြင်းပင်လျှင် တန်ဘိုးရှိလှသည်။

အရိယဓမ္မ (၀၇) အရိယသစ္စာ ဆိုသောတရား၌ ပဌမအရှယ်သမား၊ ဒုတိယအရှယ်သမားသည် ငယ်သေးသည့်, ပညာရှာတုံး-ဥစ္စာရှာတုံး-ဟူ၍ မိမိတို့ ဆင်ခြေမပေးဘဲ လေ့လာကြစေလိုသည်၊ လေ့လာကြပါဟူ၍ တိုက်တွန်းအပ်ပါသည်။

အရိယသစ္စာဟူသည် ၄-ပါးရှိရာ....

ဒုက္ခသစ္စာ။ ။ဆင်းရဲခြင်းအမှန်တရား။

သမုဒယသစ္စာ။ ။ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်တရား။

နိရောဓသစ္စာ။ ။ဆင်းရဲခြင်းချုပ်ရာ အမှန်တရား။

မဂ္ဂသစ္စာ။ ။ဆင်းရဲခြင်းချုပ်ရာသို့ရောက်ကြောင်း အကျင့်တရားမှန်။

ဟူ၍ သစ္စာလေးပါးကို ဗုဒ္ဓမြတ်စွာ, လက်မှန်မဆ ပဉ္စဝဂ္ဂီ ၅-ဦးအား ပဌမဆုံး ဟောတော်မူခဲ့သည်။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူ၍ ခန္ဓာငါးဖါးရှိသည်။ စာရေးသူသန္တာန်မှာလည်း ဤခန္ဓာငါးပါး၊ စာဖတ်သူသန္တာန်မှာလည်း ဤခန္ဓာငါးပါးသာ မလွဲမကန် အမှန်ရှိသည်။ မပို-မလျော့ ဤငါးပါးအပြင် အခြားတရား ဘာမျှမရှိဟူ၍လည်း နားလည်ကြစေလိုသည်။

ဤခန္ဓာငါးပါးသည်လည်း အမြဲမပြတ် ဖေါက်ပြန် ပျက်စီးနေသည်၊ ဖေါက်ပြန် ပျက်စီးနေတာသည် ဖြစ်ပေါ်လိုက် ပျက်စီးလိုက်နေခြင်းကို (ဝါ) ပင်ကိုယ် သဘောကို စွဲနှံ့ခြင်းကို ဖေါက်ပြန် ပျက်စီးသည်ဟု ဆိုသည်။ ဤသို့ ဖေါက်ပြန် ပျက်စီးနေသည့်တရားသည် ဆင်းရဲလား-ချမ်းသာလားဆိုလျှင် ဖေါက်ပြန် ပျက်စီးနေတဲ့တရားကို ချမ်းသာလို့ ဆိုနိုင်ပါ့မလား....ဟု အမေးထုတ်ခဲ့သော်.... ဖေါက်ပြန် ပျက်စီးနေတဲ့ တရားမှန်သမျှ ဆင်းရဲသည်မှာ ဓမ္မတာပင်ဟု ဖြေဆိုရပေလိမ့်မည်။ ထို့ကြောင့် မိမိတို့ ရ,ထားသော ခန္ဓာငါးပါးသည် ဆင်းရဲခြင်း အမှန်တရားပင်ဟု ဆုံးဖြတ်ချက် ချနိုင်သည်။

ယခု မိမိတို့ ယခု ရ,ထားသော ခန္ဓာငါးပါးသည်လည်း ထို ထိုသော ဘဝမျှားက ဆုတောင်းတဏှာကြောင့် ရ,ထားသည်ဟု အမှန်ကို ဆိုရမည်ဖြစ်သည်။ မသိသည်ဖြစ်စေ၊ သိသည်ဖြစ်စေ ဘဝကောင်းစားရေး-ဆိုသော ဘဝတဏှာကြောင့် ဤခန္ဓာငါးပါး ရသည်ဟုဆိုသည်။ ဆိုလိုသည်မှာ....ဘဝသစ်ကို တဖန်ပြန်ဖြစ်စေသော တဏှာလောဘပင်ဖြစ်သည်။ တဏှာ လောဘသည် သမုဒယမည်၏၊ ထို့ကြောင့် ဒုက္ခသစ္စာ ခန္ဓာငါးပါးသည် သမုဒယ တဏှာ လောဘကြောင့် ဖြစ်သည်ဟု အတိအကျ ဆိုနိုင်ပေသည်။ ထို့ကြောင့် ဒုက္ခသည် သမုဒယကြောင့်ဟု ယတိပြတ် ဆုံးဖြတ်ချက်ချနိုင်ပေသည်။

ဒုက္ခမှန်သမျှ သမုဒယကြောင့်၊ ဖြစ်ပြီး ပျက်နေတာမှန်သမျှ (ဝါ)ဖေါက်ပြန် ပျက်စီးနေတာမှန်သမျှ ဒုက္ခ၊ တနည်း ဗုဒ္ဓမြတ်စွာသည် "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ" ဟူ၍ဂုဏ်း၊

ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ မရဏံပိဒုက္ခံ ဟူ၍ဂုဏ် ဟောတော်မူပါသေးသည်။

ပဋိသန္ဓေ နေရခြင်းသည်လည်း ဒုက္ခ၊ အိုခြင်း နာခြင်းသည်လည်းဒုက္ခ၊သေခြင်းသည်လည်းဒုက္ခ၊ မချစ်မနှစ်သက်သောသူနှင့် အတူနေရခြင်းသည်လည်း ဒုက္ခ၊ ချစ်နှစ်သက်သော ပုဂ္ဂိုလ် သတ္တဝါ သင်္ခါရနှင့်ကွဲကွာနေရခြင်းသည်လည်း ဒုက္ခ၊ အကြင် အလိုရှိသောအရာဝတ္ထုကို မရမရှိခြင်းကြောင့်လည်း ဒုက္ခဟူ၍ လည်းဟောတော်မူပါသည်။

တဖန်-သင်္ခါရဒုက္ခ၊ ဝိပရိနာမဒုက္ခ၊ ဒုက္ခ-ဒုက္ခ၊ အာဟာရ ပရိယေသန ဒုက္ခဟူ၍လည်း ဟောတော်မူပါသည်။ ဖြစ်လိုက် ပျက်လိုက်ဖြစ်နေသောတရားသည်လည်း ဒုက္ခ၊ ဖေါက်ပြန် ပျက်စီးနေသော သဘောတရားသည်လည်း ဒုက္ခ၊ ရှာဖွေ စားသောက်ရသော ဒုက္ခ- စသဖြင့် ဟောတော်မူရာ အရိယမဂ္ဂင်ဖြစ်သော ဇင်းဌ အကျမ်းဝင်သော အရိယဓမ္မဖြင့် (ဝါ) မဂ္ဂင်ဖြင့်သိရမည့် ဒုက္ခသည်ကားဥဒယဝယ(ဝါ)သမုဒယဥ၊အတ္ထင်္ဂမဥသာလျင်ဖြစ်ပြီး ပျက်နေသောတရားကိုပင် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, ဓေါင်းဆောင်၍ ရှုရမည့် ဝိပဿနာအလုပ်ပင်တည်း။

ထို အရိယသစ္စာ လေးပါး တွင်လည်း ဒုက္ခသစ္စာတပါးကို မြင်လျှင် ကျန်သုံးပါးကို မြင်သည်ပင်ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူသည်။

ယောဘိက္ခဝေ ဒုက္ခံ ပဿတိ၊ ဒုက္ခသမုဒယမ္ပိ ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒမ္ပိ ပဿတိ။ (သစ္စသံယုတ်)

ဟူ၍ ဟောတော်မူရာ ဒုက္ခသစ္စာအသိတလုံးပိုင်လျှင် အားလုံးပိုင်သည်ဟူ၍ နားလည်ကြရာသည်။

အချို့ အချို့က အရိယသစ္စာဆိုတာ သိဘို့မလွယ်ဘူးဟူ၍ ပြောကြ ဆိုကြသူတွေ့ များပါသည်၊ မှန်ပါသည်၊ အဘယ်ကြောင့်ဆိုသော်....ယခုခေတ်တွင် သစ္စာတရား ပေါ်လွင်အောင် ဟောပြောပြသူ နည်းပါးနေပါသည်။

ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီးသည်ပင်လျှင် တပည့်-တကာတကာမတွေ့ကို ဤသို့သစ္စာနှင့်ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို ပေါ်လွင်အောင် ဖေါ် ထုတ် ပေး တော် မူ ၍ ကံကောင်းထောက်မ၍ ဆိုသလို ဤမျှကြားနာရသူတွေ့ များ၍ ဤသို့သစ္စာနှင့် ပဋိစ္စသမုပ္ပါဒ် တရားတော်များ တဖန် ပေါ်လွင်လာကြခြင်းဖြစ်ပေသည်။

ထိုမှတပါး ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ဟောကြားထားခဲ့သည့် တရားတော်များ မကွယ်မပျောက်ရအောင် တိတ်ခဲ့နှင့်တမျှ၊ စာအုပ်စာတမ်းနှင့် တမျှ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်မှ ထိန်းသိမ်းထားခြင်း၊ ၎င်းတရားများကို မြန်မာပြည် တဝှန်းလုံးပြန့်ပွားအောင် ဖြန့်ဖြူးပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်၍ လာခဲ့သည်မှာ (၇) နှစ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့၍ ပြန့်ပွားရေး လုပ်ငန်းလည်း ခရီးရောက်တန်သလောက် ရောက်ခဲ့ကြောင်း အများသိရှိသည့်အတိုင်း ဖြစ်ပါသည်။

သစ္စာတရားကို ပြန်၍ဆက်ကြပါဦးစို့....။

သစ္စာဆိုသည်မှာ တခြားမှာ ရှာပြီး နေစရာ မလို-ဟု ဆိုလို

ပါသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဟောတော်မူခဲ့သည်မှာ အနိစ္စတခြား၊ သစ္စာတခြားဟု မမှတ်နှင့် အနိစ္စသိလျှင် သစ္စာသိတာပင် ဖြစ်သည်ဟု ဟောတော်မူခဲ့ပါသည်။ အနိစ္စသိလျှင် သစ္စာကို လျော်စွာသိတဲ့ဉာဏ်ဘဲ၊ သစ္စာ လျော်စွာသိတဲ့ဉာဏ်သည် ဝိပဿနာဉာဏ်ပင်၊ ဝိပဿနာဉာဏ်ဆိုတာသည် ဖြစ်ပျက်မြင်တဲ့ဉာဏ်ပင်တည်း။

ဖြစ်ပျက်မြင်သည်မှာ လောကီမဂ္ဂင်ငါးပါး (၀၁) ပုဗ္ဗဘာဂမဂ် (၀၁) ပဉ္စဂိုကမဂ်ခေါ်သည်။ ထို့ကြောင့် ရှေ့က ပျက်-ပျက်သွားတာသည် အနိစ္စ (၀၁) ဒုက္ခသစ္စာ။နောက်ကနေပြီး သိလိုက်တာသည် မဂ္ဂ (မဂ်စစ်တော့မဟုတ်သေး၊ လောကီမဂ်ပင် ရှိသေးသည်) ဤကဲ့သို့.... ပျက်·ပျက်သွားတာသည် အနိစ္စ၊ နောက်က သိလိုက်တာသည် မဂ္ဂဆိုတာ သွားရင်း, လာရင်း, နေရင်း, ထိုင်ရင်း, စားရင်း, သောက်ရင်း လုပ်နိုင်သော အလုပ် ဖြစ်၍ ပဌမအရွယ် ပညာရှာတုန်း၌လည်း လုပ်နိုင်သည်။ ဒုတိယအရွယ် စီးပွားရှာတုန်း အချိန်၌လည်း လုပ်နိုင်သည်။ တောထဲတောင်ထဲ ရိပ်သာထဲ သွားပြီးလုပ်မှ ဖြစ်သည်ဟူ၍ တထစ်ချမယူဆစေလိုပါ၊ (လုပ်နိုင်လျှင် ပိုကောင်းသည်)။

မိမိသန္တာန်မှာ ပေါ်လာတဲ့ စိတ်ကလေး ရှိ-မရှိ အကဲခတ်လိုက်တဲ့အခါ မရှိတာဘဲတွေ့ရမည်၊ အဘယ့်ကြောင့်ဆိုသော်.... စိတ်သက်သည် အလွန်ပင်တိုတောင်းလှ၍ ၁-၂-ဆိုယင် ပျက်ပြီ၊ ထို့ကြောင့် ၁-စိတ်ကို ၂-စိတ်နှင့်ရှုပါ၊ ၂-စိတ်နှင့်ရှုတော့ မရှိတာတွေ့သလား- ရှိတာတွေ့သလား စဉ်းစားကြည့်ကြပါကုန်.... စိတ်သက်က ၁-၂-ဆိုလျှင် မရှိဘူး-ပျက်ပြီဟုသိနေယင် နောက်က ၂-စိတ်နှင့်ရှုလိုက်တဲ့အခါ ၁-စိတ်မရှိဘူး ပျက်နှင့်ပြီ၊ ပျက်နှင့်ပြီ

ဟု သိရန်နှင့် သိအောင်ကြိုးစားဘို့သာ အရေးကြီးပါသည်၊ ဂရုစိုက်၍ ပွားကြစေလိုပါသည်။

ယခုတဖန် တတိယအရွယ်အကြောင်း ဆိုပါဦးအံ့။

မြတ်စွာဘုရားသခင်သည် အရွယ်သုံးပါးစလုံး သားရေး၊ သမီးရေး၊စီးပွားရေးနှင့် အချိန်မကုန်စကောင်းဟူ၍ ဟောတော်မူခဲ့ပါသည်။

တတိယအရွယ်ကျသည့်တိုင်အောင် သတိသံဝေဂမရသေးဘဲ လောကီ စီးပွားဥစ္စာ- ငါးပါးအာရုံ ကာမဂုဏ်တောထဲ၌ မျောမနေကြနှင့်ဟု မျှားစွာသတိပေးခဲ့ပါသည်။ ဆင်သေကို ခုံမင်ပြီး သမုဒ္ဒရာထဲ၌ ပျက်စီးရှာသော ကျီးမိုက်ကဲ့သို့ မဖြစ်ကြစေရန် အထူး သတိပေးတော်မူခဲ့ပါသည်။ (အကျယ်ကို စာအုပ်အတွင်း၌ ကြည့်ရှုကြပါကုန်)။

ထို့ကြောင့် သတိပေးလိုသည်မှာ လောကီစီးပွား ဥစ္စာ ဆိုသည်မှာ ရန်သူမျိုးငါးပါးနှင့်ဆက်ဆံနေသောကြောင့် တတိယအရွယ်ဝင်ပုဂ္ဂိုလ်များ သတိထားကြရန်မှာ ပစ္စည်းဥစ္စာကသော်၎င်း မိမိကို အယင်စွန့်မည်။ သို့မဟုတ် မိမိကသော်၎င်း ပစ္စည်းဥစ္စာကို အယင်စွန့်မည်။ နှစ်ခု-တခုခုတော့သေချာသည်၊ ချစ်သူခင်သူ နှစ်လုံးပွားစေသူ မိမိကသော်၎င်း၊ ထိုသူတို့ကသော်၎င်း စွန့်ရမည်မှာ သေချာသည်။

ထို့ကြောင့် ငါးပါးအာရုံ ကာမဂုဏ်ဆိုတာသည် အိပ်မက်ထဲမှာ စားခဲ့ရသည့်ထမင်းပဲကြီးလိုပင်ဟု ဟောတော်မူခြင်းသည် တနည်းအားဖြင့်ဆိုလျှင် အာသာငန်းငန်းနှင့်အမဲရိုးကိုလျက်နေ-စုတ်နေတဲ့ ခွေးငတ်နှင့် အလားတူသည်ဟုလည်း ဗုဒ္ဓမြတ်စွာဟောတော်မူသည်။

သို့အတွက် တတိယအရွယ်ထဲ ရောက်နေကြသူများ မှန်တိမ်းခဲ့ပြီ၊ နေဘို့နှင့်သေဘို့ ဘယ်ကများသလဲဟု မိမိတို့ကိုယ်ကို မိမိတို့တွက်ကြည့်ပြီး သားရေး,သမီးရေး,စီးပွားရေးနှင့် အချိန် မကုန်ကြစေဘဲ အပါယ်ဘေး, ငရဲဘေး, တိရစ္ဆာန်ဘေးဆိုတဲ့ ဝိနိပါတိကဘေးမှ လွတ်မြောက်နိုင်သော အရိယဓမ္မ သူတော်ကောင်းအလုပ်ကိုဖြင့် အလျင်အမြန်လုပ်မှ သင့်တော့မည်ဟု သဘောပိုက်ပြီးလျှင် ဒါနကလေးလောက်ဖြင့် တင်းတိမ်မနေဘဲ၊ သီလကလေးလောက်ဖြင့် တင်းတိမ်မနေဘဲ၊ သမထကလေးလောက်နှင့် တင်းတိမ်၍မနေဘဲ တကယ် မိမိကိုယ်ကို ကယ်တင်နိုင်မည့် အလုပ်အစစ် ဖြစ်သော ပညာစခန်း ဝိပဿနာအလုပ်ကို တက်လှမ်းတော်မူကြပါလျှင် အချိန်မှီသေးသည်၊ သောင်ကမ်းကို မြင်ရသေးသည်၊ ပုံလျှင် သောင်ကမ်းရောက်အောင် ပုံနိုင်သေးသည်။ မလုပ်ဘဲနေပါက တနေ့ထက်တနေ့ သောင်ကမ်းမှ ဝေးသည်ထက်ဝေး၍ သမုဒ္ဒရာအတွင်းသို့ ရောက်သည်ထက် ရောက်မည်သာဖြစ်သည်။

ဆင်သေကောင်ကြီးသည်လည်း လှိုင်းထမ်းပိုးဒဏ်ချက်ဖြင့် ပျက်စီးခြင်းမလှ ပျက်စီးခြင်းရှိတော့မည်မှာ အမှန်ဖြစ်သည်။ ထို့အချိန်ကျခါမှ သောင်ကမ်းလဲမမြင်၊ နားစရာ ဆင်သေကောင်ကြီးကလဲ လှိုင်းထမ်းပိုးဒဏ်ချက်ဖြင့် ပျက်စီးပြီဆိုမှဖြင့် ကယ်စရာ, ယူစရာ မရှိတော့ဘဲ သမုဒ္ဒရာအတွင်း၌ ပျက်စီး နစ်မြုပ်ရသော ကျိုးမိုက်ကဲ့သို့ မဖြစ်စေမူ၍ အချိန်မှီသေးသည့်အတွင်း မိမိကိုယ်ကိုမိမိ ကယ်တင်နိုင်သေးသောအခါတွင် ,မသိမိုက်မဲ ပြုခဲ့

သမျှ အကုသိုလ်အနန္တတို့ကိုဖြင့်ဝိပဿနာဉာဏ် *မဂ်ဉာဏ်ဆား တလျက်ဖြင့် ကြေစေရန် အာထုတ်သင့်ကြောင်း စေတနာ ကောင်းဖြင့် တိုက်တွန်းအပ်ပါသတည်း။

---

* မှတ်ချက်။ ။မဟာသောတာပန်ဖြစ်လျှင် အပါယ် လေး ပါးသို့ မလားနိုင်တော့ချေ။

ဦးသံဒိုင်
(ဥက္ကဋ္ဌ)
မိုးကုတ်ပိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
ရန်ကုန်မြို့။

ရန်ိုင်သောဌာနများ

★

ဤအဖွဲ့မှ ရိုက်နှိပ်သော နောက် ထုတ် ဝေ လတ္တံ့ သော စာအုပ်များကို အောက်ဖေါ်ပြပါဌာနများတွင်ရရှိနိုင်ပါသည်။ အဖွဲ့မှ လက်လီ ရပ်ဝေးသို့ တင်ပို့ခြင်းမပြုပါ။

ရန်ကုန်မြို့။

(၁) ဟုံသာဝတီ စာအုပ်ဆိုင်၊ ဗိုလ်အောင်ကျော်လမ်း။
(၂) ပညာအလင်းပြစာအုပ်တိုက်၊ ၁၃၀-ဗိုလ်ချုပ်လမ်း။
(၃) ရွှေတိဂုံဘုရား-တောင်ဘက်စောင်းတန်း၊ ဦးချစ်တင် ဆိုင်နှင့် အခြား စာအုပ်ဆိုင်များ။
(၄) တင်ဆေအေး စာအုပ်ဆိုင် ၄၇၀-မဟာဗန္ဓုလလမ်း။

မန္တလေးမြို့နှင့် အခြားမြို့များ။

(၅) သစ်ဘရားသား၊ အယ်(လ်)ရုံ၊ စျေးချိုတော်။
(၆) အောင်မြန်မာစက္ကူဆိုင်၊ အောက်လိုင်း-စျေးချို။
(၇) ဦးဘထွေး၊ ဂျစ်ကားတံဆိပ် အထည်တိုက်-မုံရွာမြို့။
(၈) အောင်နိုင်-စာပေတိုက်၊ နဝရတ်သိဂီတိုက်၊ ၁၁၅ အခန်းအမှတ် ဘီ-စီ၊ လမ်းမတော်-ပြည်မြို့။
(၉) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း- ဟသ်ဝတမြို့ နှင့် အရပ်ရပ်ရှိအဖွဲ့ခွဲများ၌ ရနိုင်ပါသည်။

(မှတ်ချက်)

ကျေးဇူးတော်ရှင်- မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

သမုဒယသစ္စာ၏ နိဒါနဋ္ဌသဘော

နွေ-အလုပ်ပေးတရားတော်

၂၇-၁၁-၅၇

မနွေက သမုဒယသစ္စာဟာ ဒုက္ခဝတ္ထု၊ ဒုက္ခမှုတွေကို စုစုပြိုး သကာလ တကာတကာမတွေ ဝေခြမ်းပေးနေတဲ့သဘောတွေကို ဟောခဲ့ပြီးပြီ.... (မှန်ပါ့) ဒီနွေတော့ နိဒါနဋ္ဌောဆိုတဲ့ ဘုရား ဟောတော်မူတာ ပြောရမယ်....(မှန်ပါ့ဘုရား)။

ဒုက္ခဝတ္ထု၊ ဒုက္ခမှုတွေကို တခုမကျန် တရုံမစဲအမြဲပေးအပ် ဆောင်နှင်းစေအပ်တဲ့ သဘောသည်လည်းကောင်း....(မှန်ပါ့) မနွေကတော့ ဒုက္ခတွေစုထားတာ ဟောတယ်....(မှန်ပါ့ဘုရား) ဒီနွေတော့ ဒုက္ခတွေပေးပါတော့မယ်တဲ့၊ ဒုက္ခတွေပေးပါတော့ မယ်ဆိုတာ သမုဒယဘဲ....(မှန်ပါ့ဘုရား)။

သမုဒယသစ္စာသည် တကာတကာမတို့ ဒုက္ခမျိုးစုံကို စုထား တာ ယနေ့ ဖြန့်ကြဲပြီးသကာလ ပေးတတ်တဲ့ သဘောလဲသူပါ ဘဲလို့မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ဒုက္ခအမျိုးစုံ အကုန်ပေးတတ်တဲ့ သဘောလဲဘယ်သူပါလိမ့် (သမုဒယသစ္စာပါ) သမုဒယသစ္စာ တဏှာ, လောဘလို့မှတ်ထား ပါ....(မှန်ပါ့ဘုရား)။

တခါတည်း တကာတကာမတွေကို မယူချင်မနေရအောင် ဒါမင်းယူတော့၊ ဒါကို မင်းလက်ခံပါ၊ ဒီဒုက္ခကိုဖြင့် မင်းလက် ခံပါ၊ မယူဘဲ မရှိပါနဲ့ ဆိုပြီးသကာလ ပေးတတ်တဲ့ သဘော သတ္တိဟာ ဘယ်သူပါလိမ့်....(သမုဒယသစ္စာပါ) သမုဒယသစ္စာ တဏှာ လောဘလို တကာသိုက်တို တကာကြယ်တို မတ်ထား တာပေါ့....(မှန်ပါ့ဘုရား)။

အဲဒါ တကာတကာမတွေကိုကလဲ ဒီသမုဒယသစ္စာတည်းဟူ သော တဏှာ, လောဘကို မစွန့်နိုင်, မခွာနိုင်, မပယ်နိုင်ပြီဆို မှဖြင့် သူပေးသမျှကို အကောင်း အဆိုးရယ်လို့ မရွေးနိုင်ဘူး၊ အဆိုးချည့် ပေးတာကိုပင်လျင် လက်ခံယူကြရတာဘဲ-(မှန်ပါ့) သူ့ကို မပယ်နိုင်, မစွန့်နိုင်, မခွာနိုင်တဲ့ ပုဂ္ဂိုလ်ဟာ သူပေးသမျှ ယူရုံဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် သမုဒယသစ္စာသည် တကာတကာမတို့ ဒုက္ခမျိုးစုံ အကုန်ပေးတတ်တဲ့တရား....(မှန်ပါ့) ဒါကြောင့် သြော် .... ကံ မကောင်း အကြောင်းမသင့်လို့ တပည့်တော်တို့မှာဖြင့် ဒုက္ခ မျိုးစုံနဲ့ အကုန်ကြုံပြီးသကာလ နေရတယ်ဆိုတာက ကမ္မဝါဒီ

ဒီဥဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ဆိုတာပါ၊ ပေးတာက သမုဒယသစ္စာပါ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီ သမုဒယချုပ်တဲ့ အခါကျတော့ မနေ့က ပြောခဲ့တယ် တကာကြွယ်တို့ကံကော မချုပ်ဘူးလား .... (ချုပ်ပါတယ်) ကံဟာ ပေးနိုင်သေးရဲ့လား....(မပေးနိုင်ပါဘုရား)။

သမုဒယမချုပ်သေးလို့ ရှိယင်တော့ကံကမျက်နှာပြောင်တိုက် ပေးတာဘဲ့(မှန်ပါ့)တကယ် နောက်ကနေပြီးအကြံဉာဏ်ပေးတွေ့ ရှိတာကတော့ သမုဒယဘဲ .... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ကံက တခါတည်း တကာတကာမတို့ကို အထင်အရှား သူက တော့ဖြင့် မျက်နှာပြောင်တိုက်ပေးနေရတယ်၊ သူကတော့ မျက် မြင်ခံပေးတာပေါ့ဗျာ.... (မှန်ပါ့)တကယ်တမ်း လက်သိပ်ထိုးနဲ့ မပေးမနေရအောင် သူ့အပေါ်မှာ သြဇာနဲ့အုပ်ချုပ်နေတာက သမုဒယသစ္စာ တဏှာ လောဘ....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ကံကပေးတာလား၊ သမုဒယသစ္စာ၏သြဇာကိုမလွန် ဆန်နိုင်တာနဲ့ ကံကမျက်နှာပြောင်တိုက်ပြီး ပေးနေရတာလား ဆိုတာ စဉ်းစားပါ....(သမုဒယ၏သြဇာကို ကံကမျက်နှာပြောင် တိုက် ပေးနေရတာပါဘုရား)။

သူ့သြဇာကို မလွန်ဆန်နိုင်တာနဲ့ဘဲ့ တကာသစ်၊ တကာ ကြွယ်ရေ ကံတွေက ပေးပြီးနေရတော့ တကာတကာမတွေ့ကလဲ ကံ့ကိုဘဲ့စွဲချက်တင်နေကြတယ်....(မှန်ပါ့)။

ကံမကောင်း အကြောင်းမသင့်လို့ တပည့်တော်တို့ ဒုက္ခ မျိုးစုံကြုံရတယ်၊ ကံမကောင်း အကြောင်းမသင့်လို့ ဒုက္ခမျိုးစုံ ကြုံရတယ်၊ ဒီလိုချည့်ဘဲစုံချက်တင်နေကြတယ်.... (မှန်ပါ!)လဲ လိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့ တရားခံအစစ်ကို မမိသေး ဘူး....(မှန်ပါဘုရား)။

ကံကမျက်နှာပြောင်တိုက်တာ၊ကံကမျက်နှာပြောင်တိုက်တာ တကယ်တမ်း အကြံပေးအရာရှိက ဘယ်သူတုံး .... (သမုဒယသစ္စာ ပါဘုရား) တကယ်တမ်း ဩဇာရှိတာဘယ်သူတုံး .... (သမုဒယ သစ္စာပါဘုရား)။

မယုံလို့ရှိယင် တကာတကာမတို့ အင်္ဂလိမာလသတ်ထားတဲ့ ကံတွေဟာ မနည်းဘူးပေါ့၊ အဲဒီကံတွေဟာ ဘုရားနဲ့တွေတော့ ကိုလေသာကုန်ခန်းအောင် တရားဓမ္မဟောပြီး သူကတရားဓမ္မ တွေ ခန္ဓာဉာဏ်ရောက်အောင် ကျင့်လိုက်တော့ သမုဒယသစ္စာ ချုပ်ထွက်သွားတယ်....(မှန်ပါဘုရား)။

ချုပ်ထွက်သွားတော့ ကံတွေက ပဋိသန္ဓေအကျိုးပေးဘို့ရာ ငရဲအိုးတွေ ငရဲမီးတွေဟာ ချုပ်ငြိမ်းရတယ်....(မှန်ပါ!) ဘယ်သူ ချုပ်ငြိမ်းလို့ ချုပ်ငြိမ်းတာတုံးဆိုတာ သဘောကျပလား .... (ကျပါပြီ)ဘယ်သူချုပ်ငြိမ်းလို့ပါလိမ့် .... (သမုဒယသစ္စာချုပ် ငြိမ်းလို့ပါဘုရား)။

အဲဒီကတည်းက အားလုံး တကာတကာမတွေက စဉ်းစား ရမယ် သြော်.... ဒို့ကံကိုချည့် အပစ်ချနေတာ မမှန်လှသေးပါ ဘူး လဲတယ်ဟေ့.... (မှန်ပါ!) ကံချနေတာ ဒို့လဲတယ်ဟေ့....၊

သမုဒယမချုပ်သေးသမျှသာ ကံကလုပ်နိုင်တာ၊သမုဒယချုပ်ယင်း ကံက အဟောသိကံချည့်ဖြစ်ရတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ကံကိုကြောက်ရမှာလား၊သမုဒယကို ကြောက်ရမှာလား.... (သမုဒယကို ကြောက်ရမှာပါ) အဲဒီမှာ တကာတကာမတွေ့ ယနေ့ကစပြီးတော့ ကံကလက်အောက်ခံပါ ကံကို ကြောက်စရာမရှိလှပါဘူး၊သမုဒယခေါင်းစည်းပါ ခေါင်းစည်းကို ကြောက်ရမှာ တကာတကာမတွေ့ကံကိုကြောက်နေတဲ့ အတွက် အမှားတမျိုးဖြစ်နေတော့တယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာကိုကြောက်ရမှာတုံး .... (သမုဒယကို ကြောက်ရမှာပါ) ကံကိုသာ ကြောက်နေကြတယ် တကာကြွယ်တို့၊ ဒါပြင်ပေးမည့် ဆရာသမားမျှားနဲ့ မတွေ့ယင် ကံကိုသာ ကြောက်နေကြမှာဘဲ၊ ကံကိုဘဲ တောင့်တနေမှာဘဲ....(မှန်ပါ့ဘုရား)။

ကံကိုတောင်းတနေပြန်လို့ရှိယင်လဲ ဝေဿန္တရာမင်းဘဝက လှူထားတဲ့ ကံတွေဟာ တခါတည်း ကုသိုလ်ကံတွေမှ နည်းတာ တွေ့မဟုတ်ဘူး၊ အဲဒီကံတွေလဲ ခုနင်က သမုဒယက သေတော့ ကံတွေအကျိုးပေးတာတွေဟာ ရုပ်သိမ်းလိုက်ရတယ် .... (မှန်ပါ့ဘုရား)။

ကုသိုလ်ကံတွေအပေါ်လဲ သူကနိုင်တာဘဲ၊အကုသိုလ်ကံတွေ အပေါ်ကော.... (နိုင်ပါတယ်ဘုရား) ဒါဖြင့် တကာတကာမတို့ ကံတွေကို ရုပ်သိမ်းချင်လို့ရှိယင် ကံကိုရုပ်သိမ်းမနေနဲ့ တဏှာကို ရုပ်သိမ်းလိုက်.... (မှန်ပါ့)ဒါ အင်မတန် သဘောပါတယ်လို့ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ဘာကို ရုပ်သိမ်းကြမလဲ....(တဏှာကို ရုပ်သိမ်းကြရပါမယ်) တကာကြွယ်တို့ ဘာရုပ်သိမ်းမှ သင့်မတုံး....(တဏှာကိုရုပ်သိမ်းမှ သင့်ပါမယ်)တဏှာရုပ်သိမ်းတော့တဏှာနိရောဓာဘယ်နှယ်ဆက် ကြမတုံး(ဥပါဒါနနိရောဓော)ဥပါဓာနနိရောဓာ....(ကမ္မဘဝ နိရောဓော)ကမ္မဘဝနိရောဓောဆိုတော့ ကုသိုလ်ရောအကုသိုလ် ရော အကုန်ချုပ်တယ်....(မှန်ပါ့)။

ပါဠိတော်နဲ့ ကိုက်နေတာဘဲ....(မှန်ပါ့) ကုသိုလ်ကံကလဲ အဲဒီမှာကြည့်စမ်း တဏှာနိရောဓောထဲ ရောပြီးသွားတော့တာဘဲ ချုပ်သွားတယ်....(မှန်ပါ့ဘုရား)။

အကုသိုလ်ကံတွေကော....(ချုပ်သွားပါတယ်ဘုရား) ဒါဖြင့် ဒီကံတွေဟာ ဘယ်သူ့လက်အောက်ခံ ဆိုတာ ယနေ့ပေါ်လာ တယ်....(ပေါ်လာပါတယ်ဘုရား)ဘယ်သူ့လက်အောက်ခံပါ လိမ့်....(သမုဒယလက်အောက်ခံပါဘုရား)။

အဲဒီမှာ ဝတ္ထုထုတ်ပြလိုက်တယ် တိုတိုဘဲနော် ....(မှန်ပါ့) အင်္ဂုလိမာလ ခိုးသူကြီး အကုသိုလ်ကံတွေ ရုပ်သိမ်းသွားတာလဲ တဏှာရုပ်သိမ်းလို့ ကံတွေရုပ်သိမ်းရတယ်....(မှန်ပါ့)။

ဘုရားဟာ ဝေဿန္တရာမင်းလက်ထက်က လှူထားတာတွေပင် အကျိုးပေးခံစားနေမယ်ဆိုယင် ဘယ်မှာဆုံးပါ့မလဲ၊ ကောင်း ကျိုးတွေ၊ကောင်းကျိုးတွေ....(မှန်ပါ့ဘုရား)။

အဲဒါတွေလဲ ဘယ်သူက ရုပ်သိမ်းလိုက်ပါလိမ့်....(တဏှာတွေ ရုပ်သိမ်းလို့ ကုန်သွားပါတယ်) တဏှာ ရုပ်သိမ်းလိုက်သည်နဲ့ တပြိုင်နက်ထည်း သူတို့လဲ ရုပ်သိမ်းပြီးသား ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် ကံပေါ်မှာ ဘယ်သူ ဦးစီးနေတယ်ဆိုတာ ယနေ့ တရားမှာပေါ်လာတယ်....(မှန်ပါ့) ဘယ်သူဦးစီးနေသတုံး.... (သမုဒယဦးစီးနေပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ အမြဲတမ်းဒုက္ခခပ်သိမ်းငြိမ်းချင် ကြလို့ရှိယင်ဖြင့် ကံကိုရုပ် သိမ်းမနေကြပါနဲ့၊ ဘာကိုရုပ်သိမ်းရ မလဲ....(သမုဒယကိုရုပ်သိမ်းရပါမယ်ဘုရား)။

တဏှာရုပ်သိမ်းလိုက်ယင် ကံတွေ့ပါသွားတာဘဲ....(မှန်ပါ့) အဲဒီမှာ မယူတတ် မပြုတတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ သစ္စဉာဏ်တွေ့ မဆိုက်တဲ့ပုဂ္ဂိုလ်တွေ့ ကျတော့ ကံချည့် အပြစ်တင်တာဘဲ တကာကြွယ်ရေ....(မှန်ပါ့ဘုရား)။

တဏှာကို အပစ်တင်တာပါရဲ့လား....(မပါ-ပါဘုရား)စင်စစ် တဏှာက နောက်မှာပုန်းလျှိုးနေတယ်....(မှန်ပါ့)ကံက မျက်နှာ ပြောင်တိုက်ပြီး သူက စီမံနေတယ်....(မှန်ပါ့ဘုရား)။

တကယ် အုပ်ချုပ်ရေးကတော့ဖြင့် နောက်ကနေပြီး ကြိုးဆဲ့ နေတာက တဏှာကြိုးဆဲ့နေတယ်.... (မှန်ပါ့) အကုသိုလ်ကံတွေ့ အနန္တ အကျိုးပေးဘို့ကိုလဲ ဘယ်သူကကြိုးဆဲ့နေသတုံး(တဏှာက ကြိုးဆဲ့နေပါတယ်) အကုသိုလ်ကံတွေ့ ဘုံဘဝတွေ့ ဆက်ဆက် ဆက်ဆက်ပြီး ဘုံဘဝတွေ့ပြောင်းပေးနေတာလဲ ဘယ်သူတုံး..., (တဏှာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ကံနဲ့ တဏှာဟာ ဘယ်ဟာ ကြောက်စရာကောင်းသတုံး.... (တဏှာကြောက်စရာကောင်းပါ တယ်ဘုရား)သဘောကျပလား....(ကျပါပြီ)။

ဒါကြောင့် ခင်ဗျားတို့ ငယ်ငယ်တုန်းကသင်ခဲ့ရတဲ့ နမက္ကာရ ဘုရားရှိခိုးမှာ "ကုသလာ ကုသလံဇဟံ" ကုသိုလ် အကုသိုလ်စွန့် လိုက်ပြီဆိုတာ ကံတွေစွန့်လိုက်တာ တဏှာသေပြီလို့ပြောတာ.... (မူန်ပါဘုရား)။

မင်ဉာဏ်နဲ့ တဏှာကိုသတ်ပစ်လိုက်ပြီ၊ ဒါကြောင့်ကုသိုလ် အကျိုးပေးလဲ မပေးနိုင်တော့ဘူး၊ အကုသိုလ်အကျိုးပေးကော (မပေးနိုင်ပါဘုရား) ဘာကိုသတ်ပစ်လိုက်လို့ပါလိမ့်.... (တဏှာ ကိုသတ်ပစ်လိုက်လို့ပါဘုရား)။

ကဲ....တဏှာမသတ်တဲ့ တကာတကာမတွေကျတော့ နိဒါန ဧဋ္ဌောဆိုတာ လာလိမ့်မယ် .... (မှန်ပါ့) နိဒါနဧဋ္ဌောဆိုတာ ဒုက္ခ ဝတ္ထု ဒုက္ခမူတို့ကို တခုမကျန်တရုံမစဲ၊တခုမှလဲမကျန်အောင်ပေး မယ်တဲ့၊ ဒုက္ခကို....(မှန်ပါဘုရား)။

တရုံမစဲတဲ့ ဘယ်တော့မှလဲ ခင်ဗျားတို့ အားလပ်ခွင့်မရပါ ဘူးတဲ့....(မှန်ပါ့)အမြဲ ပေးအပ်ဆောင်းနှင်းစေတတ်တဲ့ အနက် သဘောသည်လည်းကောင်း၊ ကဲ....သမုဒယသစ္စာ၏ သတ္တိပေါ် လာလား....(ပေါ်ပါပြီဘုရား)။

ဒုက္ခဝတ္ထု ဒုက္ခမူတို့ကို တခုမကျန်တရုံမစဲ အမြဲပေးအပ် ဆောင်နှင်းရမယ်တဲ့....(မှန်ပါ့)ဒီဒုက္ခတွေမကျန် အကုန်ယူရမယ် ငြင်းကိုမငြင်းနဲ့တဲ့....(မှန်ပါ့) ဘယ်သူကတုံး....(သမုဒယသစ္စာက ပါဘုရား)။

ကြောက်စရာကောင်းလိုက်တာ တကာတကာမတွေသမုဒယ သစ္စာဟာ သာမညဆိုလို့ရှိယင် အကုသိုလ်စိတ်ဟာ ဆဲ့နှစ်ခု

အနက်က လောဘစေတသိုက်ခေါ်တဲ့ သမုဒယပြုတ်ယင်အကုန်ပြုတ်တယ်လို့ဟောထားတာ.... (မှန်ပါ့) လောကီကုသိုလ်ကံတွေလဲ သူပြုတ်ယင် အကုန်ပြုတ်တယ်လို့ဟောတယ်.... (မှန်ပါ့) သဘောကျပလား....(ကျေးဇူးရှိပါဘုရား)။

ဒါဖြင့် တကာကြွယ်တို့၊ တကာသိုက်တို့က စဉ်းစားရမယ် ကံသတ်ရုံနဲ့တော့ မသေနိုင်သေးဘူး ဘာသတ်မှတုံး.... (သမုဒယသတ်မှပါ) တဏှာသတ်လိုက်လို့ရှိယင်ဖြင့် တခါတည်း တကာတကာမတို့ အကျိုးပေးဟူသ၍ ပဋိသန္ဓေ အကျိုးပေးမည့်ဟာတွေ အလုံးစုံ အကုန်ချောထွက်သွားတယ်.... (မှန်ပါ့) သဘောကျပလား....(ကျေးဇူးရှိပါဘုရား)။

ဒါဖြင့် ဘယ်သူ့ကြောက်ရမှာပါလိမ့်.... (တဏှာကြောက်ရမှာပါဘုရား) တဏှာကိုတော့ မကြောက်ဘူး ကံကိုကြောက်နေကြမယ်ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ ခဲကိုသာကြောက်နေတယ်၊ ပစ်တဲ့လူကိုမကြောက်တဲ့ တိရစ္ဆာန်လို ဖြစ်နေတယ်.... (မှန်ပါ့)သဘောကျပလား....(ကျေးဇူးရှိပါဘုရား)။

ခဲကိုသာကြောက်တယ်၊ ပစ်တဲ့လူကို မကြောက်ဘူး ဆိုလို့ရှိယင် တကာတကာမတို့ တိရစ္ဆာန်ကြောက် ဖြစ်နေတယ် .... (မှန်ပါ့)သဘောပါပလား....(ပါပါပြီဘုရား)။

ခဲဆိုတာက ကံနဲ့တူတယ်၊ ပစ်တဲ့လူက တဏှာနဲ့တူတယ် .... (မှန်ပါ့) ပစ်တဲ့လူကို ကြောက်ရမှာ ခဲကိုကြောက်မနေနဲ့ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခဲနဲ့ပစ်တဲ့လူ ဘယ်ဟာကို ကြောက်ရမှာတုံး....(ပစ်တဲ့လူကို ကြောက်ရမှာပါ)သို့သော် မသိတဲ့ ခွေးတိရစ္ဆာန်မျှားကို ကြည့်

ပါ၊ ခဲနဲ့ပစ်ယင်ခဲကိုသာရှောက်ပြီး ကိုက်နေတာဘဲ၊ဒုတ်လာယင် ဒုတ်ကိုရှောက်ပြီး ကိုက်နေတာဘဲ၊ ပစ်တဲ့လူကို လိုက်ပြီးကိုက် ပါ့မလား၊ ဒီလိုတော့ မကိုက်ဘူးမဟုတ်လား .... (မကိုက်ပါဘူးရား)။

အဲဒီတော့ ဒါဟာ တိရစ္ဆာန်မို့ အကြောင်းအကျိုးကဲ့သေးရဲလား... (မကဲ့ပါဘုရား) သေသေချာချာစဉ်းစားကြပါ၊ ပဋိစ္စသမုပ္ပါဒ်မှာ တဏှာဥပါဒါန်က အကြောင်း၊ ကံကဘာတုံး .... (အကျိုးပါဘုရား)။

အကျိုးဖြစ်ပြီးသကာလ နေတော့ တကာတကာမတွေဟာ အကျိုးကို ကြောက်နေတယ်၊ အကြောင်းဖြစ်တဲ့ တဏှာကို မကြောက်ဘူးလို့ ဆိုထိုက်-မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

တယ်လဲ မသိတာဟာနစ်နာပါလား.... (မှန်ပါ) တကာတကာမတို့ မသိတာဟာ အဆိုးဆုံးဘဲ....(မှန်ပါ့) ကြောက်စရာကောင်းတာတော့ မကြောက်၊ ကြောက်စရာ မကောင်းတာကို (ကြောက်ပါတယ်ဘုရား) အဲ့ဒါ အကြောက်ကို မှားနေသေးတယ်လို့ ဆိုထိုက်မဆိုထိုက် .... (ဆိုထိုက်ပါတယ်)သဘောပါပလား....(ပါ-ပါပြီဘုရား)။

အခုတော့ ဒုက္ခဝတ္ထု ဒုက္ခမှတ်ကို မယူယင်မနေရအောင်ပေးလေသမျှ ဘယ်သူတုံး....(သမုဒယပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒုက္ခဝတ္ထု ဒုက္ခမှတ်ကို သူကပေးတော့ ခင်ဗျားတို့ကလဲ မငြင်းသာ မဆန်သာဆိုသလိုဘဲ လက်ခံကြရတယ် .... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဘယ်သူပေးတာတုံး (သမုဒယကပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း....ခင်ဗျားတို့ကြည့်ပါလား ဆရာသမားကောင်းများနဲ့ မတွေ့ခင်တုံးက ခင်ဗျားတို့ ဘဝတွေတောင့်တပြီး သကာလ ဒါနဲ့ သီလတွေ့ မလုပ်ကြလားဗျာ.... (လုပ်ပါတယ်)ခင်ဗျားတို့က တောင့်တတော့ သမုဒယသစ္စာဘက်ပါနေပြီ(မှန်ပါ့)မပါသေးဘူးလား.... (ပါ- ပါတယ်) ဘဝသမ္ဘတို့၊ ဘောဂသမ္ဘတို့ တောင်းတတာက သမုဒယသစ္စာ တဏှာလောဘ .... (မှန်ပါ့ဘုရား)။

အဲဒီတော့ သူကနေပြီးသကာလ ကိုင်း....မင်းတို့က လူ့ပြည် နတ်ပြည်အကြိမ်ကြိမ် ခံစားချင်တဲ့ သဘောတွေရှိတော့ ရောဟဲ့ ဇာတိဒုက္ခ၊ ပေးလိုက်တယ်.... (မှန်ပါ့) ဘယ်သူကပေးတာတုံး (သမုဒယကပေးတာပါ) တဏှာနဲ့တောင်းလို့ ပေးတာ....(မှန်ပါ့ဘုရား)။

တဏှာနဲ့တောင်းတော့ ဇာတိဒုက္ခပေးတော့ ခင်ဗျားတို့မှာ ဝမ်းခေါင်းထဲရောက်တဲ့ အခါကျတော့ သြော်....မရချင်ပါဘူး၊ ဒီဒုက္ခကြီး၊ ကြီးကျယ်လှချေရဲ့လို့. ရုန်းနိုင် ကန်နိုင်သေးရဲ့လား (မရုန်းနိုင်ပါဘုရား)။

ဘယ်သူပေးထားတာတုံး....(သမုဒယသစ္စာက ပေးထားတာပါဘုရား) သမုဒယသစ္စာ တဏှာကပေးထားတော့ ခင်ဗျားတို့က ဝမ်းထဲက ဘယ်တော့ပြင်ဘက်ရောက်ပါ့မတုံး၊ဘယ်တော့အစားစားရပါမတုံး၊ ဘယ်တော့ အဝတ်ဝတ်ရပါ့မတုံး၊ ဒီနေရာမှာ ကျဉ်းမြောင်းလိုက်တဲ့ဖြစ်ခြင်း၊ မလှည့်သာ မပတ်သာနဲ့ ရှစ်စရာလဲလွန်လို့ ဆိုပြီးသကာလ ခင်ဗျားတို့မှာ ထွက်လဲပြေးပေါက်မရှိဘူး....(မှန်ပါ့ဘုရား)။

အကုန်လက်ခံနေရတယ် .... (မှန်ပါ့)ကျဉ်းမြောင်းတာတွေ လာလဲလက်ခံ၊ ရှဲ့စရာတွေလာလဲ .... (လက်ခံပါတယ်) အစား မစားရတာလဲ .... (လက်ခံပါတယ်) အငတ်အဖြစ်နဲ့လက်ခံ .... (မှန်ပါ့ဘုရား)။

အဝတ်မဝတ်ရတာကော....(လက်ခံရပါတယ်)အပူလာလဲ လက်ခံ အအေးလာလဲလက်ခံ၊ တခါတည်း ဒုက္ခဟူသ၍ ဘယ့်နှယ်တုံး....(လက်ခံရပါတယ်ဘုရား) အို.... ဘယ်သူပေးထားတာတုံး....(တဏှာသမုဒယ ပေးထားတာပါဘုရား)။

သမုဒယသစ္စာ တဏှာ လောဘ ပေးထားတာကို ခင်ဗျားတို့က မယူချင်ပါဘူးလို့ နေလို့ရသေးရဲ့လား....(မရပါဘုရား) တကာသိုက် ရသေးရဲ့လား....(မရပါဘုရား)။

ဘယ်သူပေးထားတာတုံး.... (သမုဒယသစ္စာက ပေးထားတာပါဘုရား) ဘယ်လောက်မျှားဆိုးသတုံး တကာတကာမတို့ .... (ဆိုးပါတယ်ဘုရား)။

ခင်ဗျားတို့ ရှောင်စရာ ပြေးစရာရှိသေးရဲ့လား .... (မရှိပါ) အကုန်လက်ခံလိုက်ရတယ်....(မှန်ပါ့) အမေက စားသောက်တဲ့ အစာကို အချိုစားလဲလက်ခံ၊ အစပ်စားလဲလက်ခံ၊ အချဉ်စားလဲလက်ခံ၊ အကုန်လက်ခံရတယ်....(မှန်ပါ့ဘုရား)။

သားငယ်ကလေးဖြစ်တဲ့ ခုနင်္ကဝဋ်ကောင်ကလေးမှာ ဘယ်ဟာဖြင့် ကျုပ်ပေါ် မကျပါစေနဲ့လို့ တားလို့ဆီးလို့ရသေးရဲ့လား....(မရပါဘုရား)။

တခါတည်း ကျလာတဲ့ အဟာရတွေ အကုန်လက်ခံရတယ်.... (မှန်ပါ့) တည့်တာ မတည့်တာကို ရွေးနိုင်သေးရဲ့လား .... (မရွေးနိုင်ပါဘုရား)။

ဘယ်ဒုက္ခကိုဖြင့် ကျုပ်မကြိုက်ဘူး၊ ဘယ်ဒုက္ခကိုဖြင့် သက်သာအောင် လုပ်ပေးပါဦးလို့ကော ရွေးနိုင်သေးရဲ့လား .... (မရွေးနိုင်ပါ) ဘယ်သူကပေးထားသတုံး.... (သမုဒယသစ္စာကပေးထားပါတယ်ဘုရား)။

ကိုင်း....တကာကြွယ်က ဒါဘုန်းကြီးတို့ကနာပြီး သားကိုပြန်ဟောတာပါ၊ တကာတကာမတို့ သူပေးတဲ့လက်ချက်ကို ဒုိသည်ကားလို့ဆိုယင် အကုန်လက်ခံရပါ့ကလား၊ နိဒါနဋ္ဌောဆို ပေါ်လာတာပေါ့ဗျာ....(မှန်ပါ့)မပေါ်ဘူးလား .... (ပေါ်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ကလဲ မသိသေးတော့ သမုဒယအကြောင်းကောင်းကောင်းမသိသေးတော့ လူ့ဘဝရပါမှ ကောင်းလှတဲ့ လူ့ဘဝရယင် နေရာကျမှာဘဲ၊ လူ့ဘဝဘဲရဘို့ အရေးကြီးနေတာကိုး....(မှန်ပါ့)သိသေးရဲ့လား....(မသိပါဘုရား)။

မသိသေးတော့ သမုဒယနဲ့ တောင်းချလိုက်တယ်.... (မှန်ပါ့) တောင်းချလို့ ရော့.... အင့် .... ယူတော့ဆိုတော့ ဘယ်နှယ်နေသတုံး၊ ရော့ .... အင့် ယူတော့လို့ပေးတော့ ခင်ဗျားတို့ခံနိုင်သေးရဲ့လား(မခံနိုင်ပါ) ရွှေ့ပြောင်းလို့ကော....(မရပါဘုရား)။

ဒီအထဲမှာ ဝေဒနာရောက်လို့ ဘယ်သူကဆေးကုမှာတုံး.... (မလာပါဘုရား) ညောင်းလို့ ညာလို့ ခြေထောက်ဆန့်လို့ရမှာလား....(မရပါဘုရား) ဒုက္ခမျိုးစုံဟာ သူတရောက်ထည်းမှာ ဘယ်လောက်စုံတယ်ဆိုတာရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒီအမိဝမ်းခေါင်းထဲ နေတဲ့ပုဂ္ဂိုလ်မှာ သူမကြုံတာရယ်လို့ ရှိသေးရဲ့လား....(မရှိပါ) ဘယ်သူကပေးထားတာတုံး.... (သမုဒယသစ္စာက ပေးထားပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားက နိဒါနဋ္ဌော- ဒုက္ခဝတ္ထု ဒုက္ခမူတို့ကို တခုမကျန် တရုံမစဲ အမြဲပေးအပ် ဆောင်နှင်းစေတတ်တဲ့အနက် သဘောသည်လည်းကောင်းလို့ ဟောတော်မူတာ .... (မှန်ပါ့ ဘုရား)။

တဏှာအကြောင်းကောင်းကောင်း မသိတော့ တဏှာခိုင်းတဲ့ အတိုင်း ရှောက်ပြီးတော့ ရော့ယူကွာ ဒီဒုက္ခတွေမင်းဟာချည့်ဘဲ ဆိုပြီး ပေးလိုက်တယ်....(မှန်ပါ့) ဘယ်သူကပေးသတုံး.... (သမုဒယသစ္စာက ပေးပါတယ်ဘုရား)ရိပ်မိကြပလား .... (ရိပ်မိပါပြီ ဘုရား)။

နောက်ထပ်မျှား အဖေါ်လုပ်ရလို့ရှိယင်ဖြင့် မိတ်ကောင်း ဆွေကောင်းအဖြစ်နဲ့ အိမ်ဦးခန်းမှာ ထားပြီး ပူဇော်ချင်သေး သလားသာ မေးချင်တော့တာဘဲ.... (မှန်ပါ့) ဘယ့်နှယ်တုံး သဘောပါပလား....(ပါ-ပါပြီဘုရား)။

တကာကြွယ် ပူဇော်ချင်သေးသလား .... (မပူဇော်ချင်တော့ ပါဘုရား) ဘယ့်နှယ်ကြောင့်တုံး.... (ဒုက္ခတွေပေးလို့ပါဘုရား) သူက ဒုက္ခပေးနေတဲ့ဥစ္စာ ခင်ဗျားတို့က ဘယ်နည်းနဲ့မှ သူ့ကို ကျေးဇူးရင်လို့ ဆိုစရာအချက်အလက် အကွက်မြင်သေးရဲ့လား (မမြင်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ကိစ္စမရှိဘူးကွာ၊ မင်း လူ့ဘဝရချင်တယ်ဆိုပြီး တဏှာနဲ့ တောင်းတာတော့ ငါတည်းဟူသော တဏှာက မင်းကိုတော့ ဖြင့်ကွာ ရော့- ဇာတိဒုက္ခဆိုပြီး ပေးချလိုက်တာဘဲ .... (မှန်ပါ့ ဘုရား)။

ကြည့်စမ်း ဘယ်သူကပေးတာတုံး....(သမုဒယသစ္စာတဏှာက ပေးတာပါ) သမုဒယသစ္စာဆိုတဲ့ တဏှာက ပေး ချ တယ် .... (မှန်ပါ့)မင်းတောင်းထားတာဆုအကုန်မပြည့်သေးဘူးတဲ့၊ မင်း တောင်းထားတာ ဒါလောက်မကဘူးတဲ့....(မှန်ပါ့ဘုရား)။

တကာတကာမတို့ တောင်းထားတာက ဒါလောက်ကရဲ့ လား....(မကပါဘုရား)ကဲကွာတဲ့ ခါးကိုင်းၤနားထိုင်းၤသွားကျိုး ဆံဖြူတဲ့ဇရာဒုက္ခလဲ ရောဉ့ယူကွ- ဆိုတော့ တကာတကာမတွေ အခု ဇရာနဲ့ ခဲလို့ရသေးရဲ့လား....(မရှပါဘုရား)။

ဘယ်သူက ပေးထားတာတုံး .... (သမုဒယသစ္စာ, တဏှာ, လောဘကပေးထားပါတယ်ဘုရား)လာဘ်ကြီးတွေအတော်များပါပေါ့လား....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်၊ လာဘ်တွေအတော်များနေကြပါလား တကာတကာမတို့....(များပါတယ်ဘုရား)ဇရာဒုက္ခကြီးဟာ အခု ကြည့်စမ်း သွားတဲ့အခါလဲ သူက နေရစ်ကဲ့လား....(မနေရစ်ပါဘုရား)။

စားတဲ့အခါ....(မနေရစ်ပါဘုရား) အိပ်တဲ့အခါ....(မနေရစ်ပါဘုရား)ဘယ်သူက ပေးထားတာတုံး....(သမုဒယသစ္စာတဏှာ လောဘက ပေးထားပါတယ်)ခဲ့လို့- ခွာလို့....(မရပါဘုရား)။

ဒါဖြင့် ပေးတဲ့လူကို ခင်ဗျားတို့က ရိပ်မိရဲ့လား .... (မရိပ်မိပါဘုရား) အခုမှ ရိပ်မိတာ.... (မှန်ပါ့) တကာသိုက် နဂိုရိက မရိပ်မိပါဘူး....(မှန်ပါ့)နဂိုရိက ထင်တာကတော့ကံမကောင်းလို့ အိုပေမဲ့လဲ အိုခြင်းဆိုးနဲ့တွေ့ရတယ်....(မှန်ပါ့ဘုရား)။

ကံပေါ်ချည့် ချနေတယ်၊ ကဲမကောင်း အိုရပေမဲ့လည်း သူများအိုပုံနဲ့ မတူဘူးကိုယ့်မှာအထူးကိုဒုက္ခရတယ်တဲ့....(မှန်ပါ့) မဟုတ်ဘူး အိုတာဟာ တတန်းတည်းသာမှတ်....(မှန်ပါ့)။

အိုတာဟာ ဘယ်လိုမှတ်ကြမလဲ....(တတ္ုန်းထည်းပါဘုရား) ဘယ်သူအိုပုံနဲ့ ဘယ်ဝါအိုပုံဟာ ထူးသေးရဲ့လား .... (မထူးပါဘုရား)ဇရာမီးလောင်လို့ အိုကြတာချည်းဘဲ....(မှန်ပါ့)။

ဝေဒနာမီးလောင်လို့ အိုကြတာချည့်ဘဲ....(မှန်ပါ့) ထူးသေးရဲ့လား....(မထူးပါဘုရား) အဲဒီတော့ တကာတကာမတို့ ရုန်းနိုင် ကန်နိုင်ကြသေးရဲ့လား .... (မရုန်းနိုင် မကန်နိုင်ပါဘုရား)။

သေများ သေချင်ပါပေါ့လို့ ခင်ဗျားတို့ တခါတခါညည်းတယ်၊ ထ,လို့မရ- ထိုင်လို့မရ- ကွဲးလို့မရ- ဆန့်လို့မရနဲ့ အမြန် သွားလို့မရ, အနှေး သွားလို့လဲမရ၊ အမြန်သွားပြန်တော့လဲ အားကမပါလို့ မလိုက်နိုင်၊ ဒီလိုဖြင့်နေဘဲ-မနေပါဘူးဘုရား၊ သေဘဲသေချင်ပါပေါ့နဲ့များ ညည်းလုံးထုတ်ကြတယ်.... (မှန်ပါ့ဘုရား)။

အံမာ ဒါပေးမှ ပေးဦးမယ်တဲ့၊ သေရပါစေ့မယ်၊ သေခြင်းဆိုးကို သေရပါစေ့မယ်တဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူကပေးတာတုံး.... (သမုဒယသစ္စာ တဏှာကပေးတာပါဘုရား)သို့သော် ဖြုန်းကနဲ့ မသေချင်ပါနဲ့ဦးတဲ့၊ လူပုံအလည်မှာ အရှက်တကဲ့ အကျိုးနည်းနာလိုက်ပါဦး.... (မှန်ပါ့ဘုရား)။

ဗြုန်းကနဲ သေသွားတဲ့အခါကျလို့ ရှိယင်ဖြင့် တကာတကာ့ မတို့ အရှက်တကဲ့ အကျိုးပေးကလေးကနည်း နေဦးမှာစိုးရတယ်....(မှန်ပါ့ဘုရား)။

လူပုံအလည်မှာ ကိုယ့်ထမင်းမှ ကိုယ်မစားနိုင်၊ ကိုယ့်အဝတ်မှ ကိုယ်မဆည်းနိုင်၊ ကိုယ့်ဟာကိုယ်မှ လုံအောင်မဖုံးနိုင်တဲ့ အရှက်တကဲ့ အကျိုးနဲ့ဒုက္ခကလေး ပေးပရစေဦး၊ ဗြုန်းကနဲမသေပါနဲ့ဦးတဲ့....(မှန်ပါ့) ဘယ်သူတုံးဗျာ .... (သမုဒယသစ္စာ တဏှာ လောဘကပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဒီလောဘကိုရဦးမှာလား- မရတော့ဘူးလား.... (ရဦးမှာပါဘုရား) တကာသိုက်ကော.... (ရဦးမှာပါဘုရား) အားလုံး တကာတကာမတွေ ဘယ်နှယ်တုံး .... (ရဦးမှာပါဘုရား)။

အခုဟာန်လုံပ်သ၍ အကုန်ပေါ်ဦးမယ်....(မှန်ပါ့) မပေါ်ပေဘူးလား....(ပေါ်မှာပါဘုရား)ဒါ ဘယ်သူပေးတာပါလိမ့်.... (သမုဒယသစ္စာ တဏှာ လောဘက ပေးတာပါဘုရား)။

အံမာလေး ရက်စက်လှချည်လားဗျာ.... (မှန်ပါ့) ရက်သာရက်စက်တာ ခင်ဗျားတို့ကလဲ ကံမကောင်း အကြောင်းမသင့်လို့ အနာများရတယ်လို့ ပြောချင်ပြောနေဦးမှာ....(မှန်ပါ့) မဖမ်းမိဘူး....(မှန်ပါ့ဘုရား)။

ကံမကောင်း အကြောင်းမသင့်လို့ သေတာတောင်ကြည့်ပါဦး လူမှုန်းမှသေရတယ်....(မှန်ပါ့) လူမှုန်းသည့်တိုင်အောင် ပြုရတယ်၊ ကံများခေလိုက်တာတဲ့....(မှန်ပါ့ဘုရား)။

တကာကြွယ်တို့က ညည်းလုံးများ လွဲလိုက်သေးတယ် .... (မှန်ပါ့) သမုဒယက ဘေးကနေကြည့်ပြီး ပြုံးမှာပေါ့၊ ငါလုပ်ထားတာ ချတော့ ကံပေါ်ချနေကြတယ်ကွ .... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) စွဲချက်တင်ထားတာက ဘယ်သူတုံး.... (ကံပါဘုရား)။

ဖြစ်မှ ဖြစ်ရပလေဗျာ ဒီကတည်းကိုက သမုဒယသစ္စာအကြောင်းကို ကောင်းကောင်း မသိယင် နိဗ္ဗာန်မရောက်တော့ဘူးဆိုတာ ရောက်မှာမဟုတ်ပါဘူး ကံချည့်ချနေလို့ .... (မှန်ပါ့ဘုရား)။

ဘယ်သူ့အကြောင်း ကောင်းကောင်း သိရမှာတုံး.... (သမုဒယသစ္စာအကြောင်း ကောင်းကောင်းသိရမှာပါဘုရား)။

ဘုရားဟောက၊ သမုဒယအကြောင်းသိယင် နိဗ္ဗာန်ရောက်တယ်....(မှန်ပါ့) ခင်ဗျားတို့က သမုဒယအကြောင်း မသိတဲ့အပြင် ကံပေါ်လွဲချတယ်....(မှန်ပါ့ဘုရား)။

ကံက တကာကြွယ်တို့ ပါးတယ်-ပါးတယ်နဲ့ ဘယ်မှာပါးလို့တုံး....(မပါးပါဘုရား) တကာသိုက်ကော ပါးရဲ့လား....(မပါးပါဘုရား)။

နို့မို့ ပဲ့စားလို့ ခေါ်ကြတာဘဲ၊ ပဲ့စားဆိုတာ နှစ်ဖက်စားဆိုတာ သိကြသားဘဲ၊ သို့သော် ဒီနေရာကျတော့ မပါးဘဲဖြစ်နေတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

လက်သည်ဘယ်သူတုံး....(သမုဒယသစ္စာ, တဏှာလောဘပါဘုရား)ညည်းတော့ဘယ်သူ့အတွက်ညည်းမိသတုံး....(ကံအတွက်ညည်းမိပါတယ်ဘုရား)။

ကိုင်း....ဒါဟာ ပါးလို့လားဗျာ....(မပါးပါဘုရား) လုပ်တဲ့ လူကတခြား စဲချက်အတင်ခံရတာက.... (တခြားပါဘုရား) ပေး တာက ဘယ်သူပေးနေတာတုံး.... (သမုဒယသစ္စာ တဏှာကပေး နေတာပါ) စဲတော့ ခင်ဗျားတို့က ဘယ်သူ့ကိုစဲချက်တင်လို့က် သတုံး....(ကံကိုစဲချက်တင်ပါတယ်ဘုရား)။

အဲဒီကတည်းကိုက ခင်ဗျားတို့ တဏှာကိုမသိတော့ဘူး .... (မှန်ပါ့) မသိတော့ ပဟာတဗွကိစ္စအဖြစ်နဲ့ ပယ်ဖြစ်ပါဦး မလား....(မပယ်ဖြစ်ပါဘုရား) မပယ်ဖြစ်ယင် ဒီဥစ္စာကိုဘဲ အမြဲ ပေးနေမှာဘဲ....(မှန်ပါ့ဘုရား)။

ငါ့မှ သူတို့မသိသေးဘဲ၊ ငါပေးတာဘဲ သူတို့ယူနေကြ တာဘဲ၊ ငါ့ကိုမှ မသတ်ဘဲ ငါ့ကိုမှမဖြတ်ဘဲ ဆိုပြီးသကာလ သူ့ကိုမထိဘူး၊ကံချည့်သွားထိနေတယ်....(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီဘုရား) တကာတကာမတွေ့ ထူလွန်းလို့ပြောရတာ.... (မှန်ပါ့)။

ထူတာကလဲ ခင်ဗျားတို့က အတော်ကြာပြီ၊ ပြီးတော့ကြား နာရတာကလဲ ကံသာလျှင်အမိ ကံသာလျှင်အဖဆိုတာကြားနာ ကြရတော့ ကမ္မဝါဒီသဘောကိုသာ နားလည်နေကြတယ် .... (မှန်ပါ့ဘုရား)။

ကံ၏ အချုပ်အချာ ကံ၏ကြိုးဆွဲကို မသိကြဘူး.... (မှန်ပါ့) သစ္စာထိအောင် မရောက်တော့ ကံကြိုးဆွဲကိုမသိဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သစ္စာထိအောင်သိတော့ ကံပေါ်ဘယ်သူကကြိုးဆွဲနေသတုံး (သမုဒယသစ္စာ တဏှာလောဘက ကြိုးဆွဲနေပါတယ်) သမုဒယ

သစ္စာ တဏှာလောဘကကြိုးဆွဲနေတော့ သူကြိုးဆွဲကိုကျုပ်တို့က ဖြတ်လိုက်ယင် ကံကဗိုင်းဗိုင်းလဲတယ်....(မှန်ပါ့)မလဲဘူးလား.... (လဲပါတယ်ဘုရား)။

အဲဒါအခုတော့ တကာတကာမတွေက ဖမ်းတော့ဖမ်းရဲ့၊ ဖမ်းပေမဲ့လဲ ကိုယ့်ဥာဏ်က အရင်းကျအောင်မရောက်၊ မရောက်တော့ သမုဒယသစ္စာကိုမထိဘူး....(မှန်ပါ့)မထိတဲ့အခါကျတော့ သူပေးသချ် ကျုပ်တို့ယူ....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ကဲ....အခု တကာတကာမတွေ အိုခြင်းဆိုးကြီး လက်ခံနေရတာ ဘယ်နှယ်ကြောင့်တုံး.... (သမုဒယသစ္စာ တဏှာ လောဘကြောင့်ပါဘုရား) သို့သော် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ရုန်းနိုင် ကန်နိုင် ပြေးနိုင်ကြရဲ့လား .... (မပြေးနိုင်ပါဘုရား)။

နိဒါနဌောတဲ့ ဤဒုက္ခဟာ မင်းဒုက္ခတဲ့၊ ရော့ယူ၊နိဒါနဌဆိုတာ ဤဒုက္ခဟာ မင်းဒုက္ခဘဲ ရော့-ယူလို့ပေးတာ နိဒါနဌသာမှတ်ပေတော့.... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

အားလုံး တကာတကာမတွေ အခုဘာတွေလက်ခံထားသတုံး (အိုခြင်းဆိုးကို လက်ခံထားပါတယ်) လို့ချင်လို့ရတာလား-မလို့ချင်ဘဲနဲ့ရတာလား....(မလို့ချင်ဘဲနဲ့ ရတာပါဘုရား)။

ဘယ်သူ့ကို အပေါင်းမှားတာမို့ ဒါကြီးနဲ့နေရတာပါလိမ့် (သမုဒယသစ္စာ အပေါင်းမှားလို့ ဒါကြီးနဲ့နေရပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ သစ္စာဟောပေးမည့်ဆရာနဲ့တွေ့လို့ တကာကြွယ် တော်ဘဲတော်သေးတယ် .... (မှန်ပါ့) နို့မဟုတ်လို့ ရှိယင်ဖြင့် ကံအမိ ကံအဖ သူစိမ်းသလိုခံရုံဘဲ ကျုပ်တို့ မတတ်နိုင်ဘူးလို့ ဘုတ်ထိုင်- ထိုင်ပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

ဘယ်မှာ ဘုတ်ထိုင်- ထိုင်ရမတုံးဗျ၊ သမုဒယသစ္စာကိုသာ ခင်ဗျားတို့ ခန္ဓာပေါ်မှာတင်ပြီး ဉာဏ်ဒါးနဲ့သာ ဖြတ်ကြည့်စမ်းပါ၊ ဒီကံတွေ အကုန်အဟောသိကံ ဖြစ်တယ်....(မှန်ပါ့)။

ခုနင်ကပြောခဲ့တဲ့ အရှင်အင်္ဂုလိမာလမှာ အဟောသိကံဖြစ်ခဲ့ရတယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဝေဿန္တရာမင်းစတဲ့ ဘဝကကုသိုလ်တွေ နတ်ပြည်ခြောက်ထပ်မှာ အကြိမ်ကြိမ်ခံစား နေမယ်ဆိုယင် ပြီးမှာမဟုတ်တော့ဘူး၊ ဝမ်းခေါင်းပြောင်းလို့ကို ပြီးပါ့မလား....(မပြီးပါဘုရား)။

အဲဒါတွေ သမုဒယဖြတ်သည်နဲ့ တပြိုင်နက်တည်းအဲဒီအကျိုးပေးတွေ ဘာဖြစ်ကုန်သလဲ.... (အဟောသိကံဖြစ်ပါတယ်ဘုရား) အဲ....သမုဒယ အချုပ်အချာဘဲဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)သူ့ကို မဖြတ်သ၍ နေရာမကျသေးပါဘူး၊သဘော ပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း.... အခု ဘာကိုလက်ခံထားကြသတုံး .... (သမုဒယကို လက်ခံထားကြပါတယ်) အိုခြင်းဆိုး လက်ခံထားရတယ်လုပ်ပါ (မှန်ပါ့) သမုဒယကိုလက်ခံယင် နောက်ဒုက္ခရောက်ဦးမယ် .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခု ဘာကိုလက်ခံထားရသတုံး....(အိုခြင်းဆိုးလက်ခံထားရပါတယ်ဘုရား) ကိုင်း....ရှေ့ကို လက်ခံစရာကလေး ပေးပါလိမ့်မယ် တကာကြွယ်ရ၊ မျက်နှာတော့ ပျက်မသွားကြနဲ့၊ ရိပ်မိပလား....(ရိပ်မိပါပြီ) နာခြင်းဆိုး ပေးရလိမ့်ဦးမယ် .... (မှန်ပါ့ဘုရား)။

တကာတကာမတွေ့ ရှေ့ပေးမည့် လာဘ်ကြီး ဆုကြီးကာဘာတဲ့တုံး....(နာခြင်းဆိုးပါဘုရား) ဘယ်သူကပေးမှာတုံး .... (သမုဒယသစ္စာ- တဏှာ-လောဘကပေးမှာပါဘုရား)။

မလိုချင်ဘူး ညည်းကြည့်စမ်းပါ....(မရပါဘုရား) ဘာဖြစ်လို့မရတာတုံး....(သမုဒယသစ္စာ မပယ်ခဲ့လို့ပါ) သူ့ သမုဒယသစ္စာခင်ဗျားတို့က မပယ်ခဲ့တော့ သူစိမ်ရာခံရုံဘဲရှိမယ်.... (မှန်ပါ့) သူ့ကိုမပယ်ခဲ့တဲ့အတွက် သူစိမ်တာ ဘာလုပ်ရမလဲ.... (ခံရုံပါဘဲဘုရား)။

အဲဒါကြောင့် နိဒါနဋ္ဌော၊ ဒုက္ခဝတ္ထု ဒုက္ခမူတို့ကို တခုမကျန် တရုံမစဲအမြဲပေးအပ် ဆောင်နှင်းပေးရမှာဘဲကွတဲ့၊ မပူပါနဲ့တဲ့ မင်းတို့ဒုက္ခမျိုးစုံတော့ ငါပေးတတ်ပါတယ် တာဝန်ယူပါတယ်တဲ့....(မှန်ပါ့)ကဲ....ဘယ်လောက်ဆိုးသတုံး.... (ဆိုးပါတယ်ဘုရား)ဘယ်သူပါလိမ့်တကာတကာမတို့.... (သမုဒယသစ္စာ တဏှာ လောဘပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဝိပဿနာကြိုးစားလုပ်စမ်းပါ၊ သူမှနိုင်ပါတော့တယ်၊ သမုဒယချုပ်တာဖြင့် ဝိပဿနာဘဲရှိပါတော့တယ်ဆိုတာဖြင့် တကာကြွယ်တို့ တိုက်တွန်းစရာတောင် မလိုတော့ဘူး....(မှန်ပါ့ဘုရား)။

သူအရုပ်ဆိုးမှန်း သိလေလေ ကျုပ်တို့ကသူ့ကို သတ်ရဘို့ အလုပ်များများလုပ်လေမှဘဲ ဝဋ်ကျတ်မှာပေါ့ဗျာ.... (မှန်ပါ!) နို့မဟုတ်ယင် ဝဋ်ကျတ်စရာရှိသေးရဲလား....(မရှိပါဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ခက်ပြီ၊ ရှေ့ပေးမည့် ဟာကြီးကလဲ မလိုချင်ပါဘူးဆိုလို့ငြင်းလို့ပယ်လို့....(မရပါ) ဟာ .... မငြင်းရဘူးတဲ့သူက၊ သမုဒယသစ္စာက မင်းတို့ဒီဥစ္စာ လက်ခံရမယ်တဲ့၊နိဒါနဒ္ဒေါဆိုတဲ့ အဓိပ္ပါယ်က....(မှန်ပါဘုရား)။

ငါပေးတာဟူသ၍ လက်ခံရမယ်၊ဘယ်ဟာမဆို မသွေမလွှဲ ဘဲနဲ့ကို လက်ခံရမယ်....(မှန်ပါဘုရား) အံမာလေး ရဲရဲတင်းတင်း အာဏာပိုင်အဖြစ်နဲ့ ပေးတာ.... (မှန်ပါ!) ခင်ဗျားတို့ကပွဲ့ ပိုက်ပြီး နေရုံဘဲရှိတယ်....(မှန်ပါဘုရား)။

တကာကြွယ် ဘယ်လိုနေရမှာတုံး....(ပွဲ့ပိုက်ပြီးနေရမှာပါ) ပွဲ့မှာက နာခြင်းဆိုးကြီးကို ပွဲ့ပိုက်ပြီးသကာလ အရုပ်ထည်းလည်ပြရုံဘဲရှိတော့တယ်....(မှန်ပါ!ဘုရား)။

တကာတကာမတို့ ဘာကြီးပွဲ့ပိုက်ပြီးအရုပ်လည်ပြရမှာတုံး (နာခြင်းဆိုးကြီး ပွဲ့ပိုက်ပြီး အရုပ်ထဲလည်ပြရမှာပါ) ဘယ့်နှယ်ဖြစ်နေသတုံးလို့ လူတိုင်းမေးလိမ့်မယ်၊ခင်ဗျားတို့....(မှန်ပါဘုရား)။

ဘယ့်နှယ်တုံး ခြေတဖက်ကလဲ ဘာဖြစ်သတုံး၊ မျက်လုံးတဖက်ကလဲ ဘာဖြစ်နေသတုံး၊ ခါးကဘယ့်နှယ်ဖြစ်နေသတုံး၊ အံမာလေး ကောင်းကာများ မေးမည့်ပုဂ္ဂိုလ်ပါရဲ့လား....(မပါပါဘုရား)။

မြင်မကောင်း ကြည့်မကောင်းလို့ မေးကြတာမဟုတ်လား (မှန်ပါ့) အဲဒီကိစ္စကျန်သေးတယ်၊ မေးရလိမ့်ဦးမယ်....(မှန်ပါ့) ဘယ်သူက မေးမှာတုံး.... (သမုဒယသစ္စာ လောဘကမေးမှာပါဘုရား)။

ကဲ....တကာကြွယ် အရှက်ခဲ့ဦးမတဲ့....(မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းတဲ့ တရားတုံး.... (ကောင်းပါတယ်ဘုရား) တကာတကာမတို့ အရှက်ခဲ့ဦးမတဲ့၊ ဗြုန်းကနဲ သေပါရစေလို့ တောင်းပန်လို့မျှား ရမယ်ထင်သလား....(မထင်ပါဘုရား)။

မဟုတ်သေးဘူးကွတဲ့၊ ငါက ဒုက္ခကို အစဉ်လိုက်ပေးသွားဦးမှာတဲ့၊ ဘယ်သူကပါလိမ့်....(သမုဒယသစ္စာ တဏှာ လောဘပါဘုရား)။

ဒါလောက်တောင် မကောင်းမှန်းသိယင် မြန်မြန်သခွင့် ပေးပါတော့ဆိုတော့ ဒီလိုလဲသခွင့်မပေးဘူး....(မှန်ပါဘုရား) ဒီလိုလဲ သခွင့်မပေးဘူး တကာကြွယ် ခက်လိုက်တဲ့ဖြစ်ခြင်း.... (မှန်ပါဘုရား)။

အရှက်ခဲ့ဦးမတဲ့၊ အရှက်ခဲ့လို့ တခါတည်းမြိုထဲရွာထဲမှာဘဲ လူစုံသီကြပလား၊ လူစုံသိတဲ့ အခြေအနေကမှ သူကရပ်မှာ.... (မှန်ပါဘုရား)။

ကဲ....ကျေးဇူးရင် ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘယ်သူပါလိမ့်....(သမုဒယသစ္စာ တဏှာ လောဘပါ) ကြောက်စရာကောင်းလို့က်တဲ့ဖြစ်ခြင်း တကာတကာမတွေ....ဟင်.... (မှန်ပါဘုရား)။

အဲဒါကို တကာကြွယ်တို့က မသွေမလွှဲ လက်ခံရမှာဘဲ မဟုတ်လား....(မှန်ပါ့)နာခြင်းဆိုးပေးတော့ မယူချင်ပါဘူးလို့ ငြင်းလို့ ရရဲ့လား....(မရပါဘုရား)။

ဘယ့်နှယ်ကြောင့် မငြင်းနိုင်ကြတာတုံး- အတင်းပေးနေလို့ (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) အတင်းပေးနေတဲ့ဥစ္စာ လျှော့လို့ ရသေးရဲ့လား....(မရပါဘုရား)။

မင်းတောင်းထားတဲ့ ဆုကိုကျွာ အပြည့်အစုံပေးရမှာဘဲတဲ့....(မှန်ပါ့)လူဖြစ်ရပါလို့၏ ဆိုတော့ ဇာတိဒုက္ခလဲပါတယ်၊ ဒါ့ကြောင့် အခုသေသေချာချာ ပေးတော့မှ ဇရာဒုက္ခကိုမလို့ချင်ပါဘူးဆိုလို့ မရဘူးတဲ့....(မှန်ပါ့ဘုရား)။

ဗျာဓိဒုက္ခကို မလို့ချင်ပါဘူး ဆိုလို့....(မရပါဘုရား) မရဏာဒုက္ခ မလို့ချင်ပါဘူး ဆိုလို့.... (မရပါဘုရား) မရဘူး....တဲ့၊ အခုမှ ငြင်းမနေပါနဲ့တော့ အကုန် လက်ခံရမယ်တဲ့.... (မှန်ပါ့) ဘယ်သူက အမိန့်ချနေတာတုံး....(သမုဒယသစ္စာတဏှာလောဘက အမိန့်ချနေတာပါဘုရား) ဘယ်လောက် ဆိုးတဲ့ တရားလဲ ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တကာတကာမတွေ ရှေ့ကို ဘယ်ဇာတ်မျှား ခင်းကြဦးမှာ စုံးဆိုတာ ကိုယ့်ဟာကိုယ် စဉ်းစားထားကြ၊ အရှက်တကဲ့ အကျိုးနည်းဇာတ်ကို ခင်းရဦးမယ်....(မှန်ပါ့)။

ရှေ့ကို ဘာဇာတ်ခင်းရမယ်.... (အရှက်တကဲ့ အကျိုးနည်းဇာတ်ကို ခင်းရပါမယ်ဘုရား) ဒီက ရပ်ပါတော့ဆိုလို့ ရပ်ပါ့မလား....(မရပ်ပါဘုရား)။

ဘယ့်နှယ်ကြောင့်တုံးဗျ၊ သူက ပေးနေလို့ပေါ့ဗျ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) သူက ဘယ်လိုပေးသတုံး....(အရှက်တကဲ့အကျိုးနည်းပေးပါတယ်ဘုရား) အရှက်တကဲ့ အကျိုးနည်းဇာတ် မင်းတို့ကို ခင်းရဦးမယ် .... (မှန်ပါ့)ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဟိုကဖြင့်လဲ အဘိုးကြီး၊ ဒီကဖြင့်လဲ အဖွားကြီး မခေါ်ကြပေဘူးလား....(ခေါ်ကြပါတယ်ဘုရား) အဘိုးကြီး-အဖွားကြီးဆိုတဲ့ဥစ္စာသည် တကာတကာမတို့ ဒါ .... မျက်နှာရှိလို့ ခေါ်တာလား ဟုတ်လား၊ သူ့ကြည့်ရတာကဖြင့် ကြက်သရေမရှိလို့ ခေါ်တဲ့ အသံဘဲလား... (ကြက်သရေမရှိလို့ ခေါ်တဲ့ အသံပါဘုရား)တကယ်တမ်းပဲနေပဲထိုင်ကတော့ သူတို့ပါသေးရဲ့လား.... (မပါ-ပါဘုရား) ဘာဖြစ်လို့ မပါတာတုံး....ဗျ.... (ကြက်သရေမရှိလို့ပါဘုရား)။

ဒီဟာနဲ့ချိန်ကြည့်တဲ့အခါကျတော့သြော်-မောင်မင်းကြီးသားပေးထားတဲ့ အိုခြင်းဆိုး, နာခြင်းဆိုးကဖြင့် လူထဲမဝင်အောင် ပေးတာပါလား.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ်ထဲမဝင်အောင် ပေးထားသတုံး.... (လူထဲမဝင်အောင် ပေးထားပါတယ်ဘုရား) ဘယ်သူက ပေးသတုံး.... (သမုဒယသစ္စာတဏှာလောဘက ပေးပါတယ်ဘုရား) မယူချင်ပါဘူးလို့ ငြင်းပါ့မလား....(မငြင်းပါဘုရား)။

ခက်ပြီ၊ ခက်လိုက်ဘဲ့ဖြစ်ခြင်းမှ လယ်ပင်းမှာ ခွေးသေကောင်ပုတ် ဆဲထားတာချုတ်မရသလိုဖြစ်နေတာ....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒီမှာတော့ ချွတ်ရသေးရဲ့လား.... (မရပါဘုရား) ဒီမှာလဲ ဘယ့်နှယ်ဖြစ်နေကြသတုံး.... (ဖယ်လို့, ငြင်းလို့ မရပါဘုရား) ဒီအတိုင်းဖြစ်နေတာ။

ကိုင်း....တကာတကာမတို့ ရှေ့ဇာတ်ကော သိကြမလား.... (သိပါပြီဘုရား) နာခြင်းဆိုးဇာတ်....(မှန်ပါ့) ခင်းရမယ်နော်.... (ခင်းရဦးမှာပါဘုရား) တာရှည်ခင်းကြမယ် စိတ်ကူးသလား.... (ခပ်မြန်မြန်ပါဘုရား)။

သမုဒယသစ္စာ မရဘူး၊ မရဘူး....တဲ့၊ မင်းကလဲ အသက်ရှည်ဘို့ရာ ဆုတောင်းထားသေးတယ်၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) အသက် ၁၂၀-ရှည်ဘို့ စသည်ဖြင့် မင်း....ဆုတောင်းထားခဲ့သေးတယ်၊ အဲဒီတော့ နာခြင်းဆိုးကို များများဆဲမှ.... (မှန်ပါ့)။

ဘယ်လောက် ဆဲရမှာတဲ့.... (များများ ဆဲရမှာပါဘုရား) ကျေးဇူးတော်ရင်တော့ ပေါ်ရောပေါ့ဗျာ....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ဘယ်သူပါလိမ့်....(သမုဒယသစ္စာ တဏှာလောဘပါဘုရား)။

မင်းကို အခု သားသမီးမုန်း, အရပ်ကမုန်းတာ နည်းသေးတယ်ကွ၊ တာရှည်မုန်းပြီးတော့မှ မင့်ကို သတ်ရမှာတဲ့ ဆိုတော့ အဲဒီဇာတ်ပဲကို ခပ်ရှည်ရှည် ခင်းမယ်လို့....တဲ့.... (မှန်ပါ့ဘုရား) အံမာလေး ဖြစ်မှ ဖြစ်ရပလေထဲ ကျနေပြီ....(မှန်ပါ့)။

တကာတကာမတို့ ဒီဇာတ်ကြီးကို ရှေ့ကိုဖြင့် ဇာတ်ရှည်ကြီး ခင်းဦးမှာဘဲ....(မှန်ပါ့) ဘယ်သူကခင်းမှာတုံး....(သမုဒယသစ္စာ တဏှာလောဘပါဘုရား)။

မခင်းပါရစေနဲ့လို့ တောင်းပန်စမ်းပါဦးလား.... (မရပါဘူးရှာ) ကျုပ်က နိဒါနဋ္ဌော-တဲ့=ခင်ဗျားတို့ကို၊ ဒုက္ခဝတ္ထု= ဒုက္ခမှုတို့ကို တခုမကျန်တဲ့၊ ကျန်နေမှာ စိုးလို့ကိုးဗျ....(မှန်ပါ!) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တရုံမစဲတဲ့၊ ဘယ်တော့မှလဲ မစဲရဘူး....တဲ့၊ ဒုက္ခနဲ့ သူနဲ့ကို တဲ့ထားမှာတဲ့....(မှန်ပါ!ဘုရား) အမြဲပေးအပ်တဲ့ တခါတည်းကို ခင်ဗျားတို့မှာ ဘယ်တော့မှ ခဲ့မရအောင် ပေးမယ်တဲ့- (မှန်ပါ!) ပြီးတော့ သွားတဲ့ လာတဲ့အခါမှာလဲ ဆောင်နှင်းပြီး သွားလာနေရမယ်တဲ့၊ အိပ်နေလဲ ဆောင်ထားရမယ်....(မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား) ဘယ်သူ့သတ္တိပါလိမ့်....(သမုဒယသစ္စာ တဏှာလောဘပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ရိပ်မိပေမဲ့ ခင်ဗျားတို့ကလဲ အခု အထည်စေ့းကလေး ကောင်းတယ်ဆိုယင် ပေါ်လာလို့ရှိယင် သူ့ကြောင့် ဇာတယ် ထင်နေသေးတာ ခင်ဗျားတို့ ဥစ္စာက.... (မှန်ပါ!) ရိပ်သာ ရိပ်မိတယ်၊ မင်းကိုဖြင့် အလာမခံတော့ပါဘူးလို့ တကာကြွယ်ပြုန်းကနဲ့ ဝိပဿနာမရှုဖြစ်ဘူးဗျ....(မှန်ပါ!)။

ဟာ.... လောဘလာပဟာ၊ လာလို့ရှိယင်ဖြင့် ဒုက္ခဝတ္ထု ဒုက္ခမှုတို့ကို တခုမကျန် တရုံမစဲ အမြဲပေးဦးမှာဘဲ၊ လာပြန်ပြီ၊ အခု ပေးထားတာတောင် မကောင်းတာတွေ ရှိနေတာ၊ သူလာပြန်ပြီ နောက်ထပ် ဆက်ပေးဦးမလို့ ဘဝတိုင်း ဆက်ပေးဦးမလို့၊ မင့်ကို လက်မခံဘူးကွ....ဆိုပြီး အနီစ စသည်ကို ကပြာ

ကရာ ရှုရမှာ ရှုဖြစ်ကဲ့လား....(မရှုဖြစ်ပါဘုရား) လူပါ လောဘ ပို့ရာ လွှင့်ပြေးတာဘဲ....(မှန်ပါ့) ဒါဖြင့် နောက်ထပ် ယူဦးမယ် ဆိုတာပေါ့....(မှန်ပါ့)။

တကာကြွယ် ဘယ့်နှယ်ဆိုတာတုံး.... (နောက်ထပ် ယူဦးမယ် ဆိုတာပါဘုရား) နောက်ထပ် ယူဦးမယ်ဆိုတဲ့ အဓိပ္ပါယ်ရောက် မရောက်....(ရောက်ပါတယ်ဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီ ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ မပါးသေးဘူးလို့၊ တကာကြွယ်တို့ ပြောရတယ်....(မှန်ပါ့ဘုရား) ပါးတဲ့အဓိပ္ပါယ်ရောက်ပလား.... (မရောက်သေးပါဘုရား) မရောက်သေးဘူး၊ မရောက်သေးဘူး၊ အခုဘဲ အထည်စေ့းကလေး ကောင်းတယ်ဆိုလို့ရှိယင် အခုဘဲ အဲဒီနေရာကို သမုဒယကလေး ခေါင်းဆောင်ပြီး ခိုင်းလိုက်တော့ သွားပြန်တာဘဲ....(မှန်ပါ့) မသွားဘူးလား.... (သွားပါတယ် ဘုရား)။

သွားလိုက်တဲ့အခါကျတော့ အဲဒီ သမုဒယက သူဘာလုပ် ဦးမယ်ထင်သတုံး၊ ဒုက္ခဝတ္ထု ဒုက္ခမှုတွေ ပေးဦးမယ်....(မှန်ပါ့) ဒီဘဝလဲ ပေးမယ် နောက်ကိုလဲ....(ပေးမှာပါဘုရား)။

သို့သော်....ပေးတဲ့တရားကို ခင်ဗျားတို့က တခါတလေများ ကျေးဇူးများတင်နေသေးတယ်(မှန်ပါ့)အင်း....သွားမိလို့ရလာ ခဲ့သေးတယ် ကိုယ့်အတွက်ကလေး...,တဲ့၊ ကျေးဇူးများတောင် တင်လိုက်သေးတယ်....(မှန်ပါ့)။

ဘယ့်နှယ်တုံး....တကာသိုက် သွားမိတော့ အခု တော်-တော် သေးရဲ့တဲ့....(မှန်ပါ့) ဒီလိုများ မပြောမိဘူးလား.... (ပြောပါ တယ်ဘုရား)။

ဖြစ်မှ ဖြစ်ရလေဗျာ၊ ဒါ-အကျိုးမပေးခင် ပြောသေးတာ ပေါ့ဗျာ၊ အကျိုးပေးတော့လဲ ခင်ဗျားတို့ မလှုမပကြီးဆိုတာ အင်မတန်မထင်ရှားဘူးလား....(ထင်ရှားပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာ့တကာမတို့ ဒီကရှေ့ သူပေးမည့် ဟာကြီးက နာခြင်းဆိုးတဲ့....(မှန်ပါ့) အခုဟာက အိုခြင်းဆိုးနဲ့ တရားနာနေကြတာ....(မှန်ပါ့) ရှေ့ ပေးမှာက.... (နာခြင်းဆိုး ပါ့ဘုရား)။

တကာသိုက် ဘယ်နှယ်တုံး-(နာခြင်းဆိုးပေးဦးမှာပါဘုရား) ခင်ဗျားကလဲ မငြင်းတော့ဘူးလား.... (ငြင်းလို့ မရပါဘုရား) မရဘူး၊ တကာ့တကာမတွေ့ နာခြင်းဆိုးပေးမယ်ဆိုတော့ ဘယ် သူမျှား လက်ခံချင်ကြသတုံး ပြောပါဦး ဒီအထဲက....(ဘယ်သူမှ လက်မခံချင်ပါဘုရား) ဘယ်သူမှ လက်မခံချင်ဘူး ဟုတ်လား.... (မှန်ပါ့)။

သို့သော်....မနေရဘူး....တဲ့၊ ဘာဖြစ်လို့တုံး၊ သူ့ကို အတိတ် ဘဝက တဏှာလောဘကို ခင်ဗျားတို့က မသတ်ခဲ့ဘူး၊ မသတ် ခဲ့တဲ့အတွက် သူစိမ်တာ ခံပါ့မယ်ဆိုပြီး ခင်ဗျားတို့က ခံဝန် ချုပ်က ပါခဲ့ကြတော့ ဒီဘဝကျမှ မကောင်းမှုန်း သိတာနဲ့ ဒါတောင်မှ ဆရာသမားကောင်းမျှားနဲ့တွေ့လို့ မကောင်းမှုန်း သိတာပါ....(မှန်ပါ့)။

နို့မဟုတ်လို့ ရှိယင်ဖြင့် အိုဘဲ အိုရဦးတော့ ဟိုအိမ်က အဖွားကြီးဆိုယင် အိုရပေမဲ့ တော်သေးရဲ့ လုပ်ချင်လုပ်ဦးမှာ (မှန်ပါ့) မလုပ်ပေဘူးလား....(လုပ်မှာပါဘုရား)။

ခင်ဗျားတို့ကတော့ ကြံဖန်ပြီးသကာလ မသာယာမှုကို သာယာနေတာတွေ့ကလဲ တပုံကြီးဘဲ....(မှန်ပါ့)။

ကိုင်း.... ဒါဖြင့် တကာ့တကာမတို့ အိုခြင်းဆိုးဆိုတဲ့ဥစ္စာ ဘယ်ဟာမှ မကောင်းဘူး.... (မကောင်းပါဘုရား) ဒီကနေပြီး ဆက်သွားရမည့် နာခြင်းဆိုးကကော.... (မကောင်းပါဘုရား) မကောင်းပေမဲ့လဲ ခံရမယ်တဲ့....(မှန်ပါ့) ဘယ်သူ ပေးတာတုံး.... (သမုဒယသစ္စာက ပေးတာပါဘုရား)။

တကာကြွယ် သူ့အကြောင်း ကောင်းကောင်းသိယင် နိဗ္ဗာန်ရောက်တယ်ဆိုတာမျှား မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

သမုဒယအကြောင်း ကောင်းကောင်းသိယင် ဘာတဲ့.... (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

အခုတော့ ကောင်းကောင်းကို မရိပ်မိသေးတဲ့ အတွက် အလုပ်ကလေးလုပ်တဲ့အချိန်ဘဲ ရပ်တယ်၊ ဝိပဿနာ အလုပ်ချိန် ရပ်တယ်....(မှန်ပါ့)။

အလုပ်-မလုပ်တဲ့အချိန်ဆိုယင် သူကနေပြီး ကြိုးဆွဲနေပြီ.... (မှန်ပါ့) ဘယ်သွားလိုက်ပါဦးလား၊ ဘာပြောလိုက်ပါဦးလား၊ ဒါကလေးဟာ ဟာသွားလိမ့်မယ်၊ မသွားမိလို့ရှိယင် ဒီဥစ္စာ အကျိုးအကြောင်းဟာ မညီညွတ်ပေဘူးလား.... (မှန်ပါ့)။

သူခိုင်းတာကလေး ခင်ဗျားတို့က ကြွေ့ကြွေ့ကြွေ့ကြွေ့နဲ့ သွားကာလာကာနဲ့ လုပ်နေသေးတယ်....(မှန်လှပါဘုရား) မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

အဲဒီတော့ သူ့အကြောင်း သိလို့လား....၊ ခိုင်းတာကို ကျွန်တော်မျိုး ပီလို့လား.... (ကျွန်တော်မျိုးပီလို့ပါဘုရား) တကာကြွယ် ဒီအရွယ်တောင် ကျွန်တော်မျိုးပီတာ မကောင်းဘူးနော်....(မှန်ပါ့) ကောင်းသေးရဲ့လား.... (မကောင်းပါပါဘုရား) မကောင်းဘူး၊ မကောင်းဘူး တကာတကာမတို့၊ ခေါင်းဖြစ်ယ်ကျိုးကြီးတွေခိုင်းတာကတော့ အတော်ဆိုးတယ်.... (မှန်ပါ့) မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ရှေ့ကို ခင်ဗျားတို့ နာခြင်းဆိုးနဲ့ အရှက်ခဲ့ဦးမယ်တဲ့ တကာသိုက်,ရ....(မှန်ပါ့) ဘယ်သူက အရှက်ခဲ့မှာတုံး (သမုဒယသစ္စာလောဘကပါဘုရား) သိပလား သူ့အကြောင်းကို....(သိပါပြီဘုရား) သိပေမဲ့လဲ ဒီအနာနဲ့ဘဲ တာရှည်ထားဦးမယ်လို့ သူပြောတာ....(မှန်ပါ့) တချို့ ယောင်ဖောနေတယ်၊ မသေနိုင်ဘူးဗျ၊ စားချင်လိုက်တာလဲ လွန်လို့ ဟင်.... (မှန်ပါ့ဘုရား)။

ကျွေးမည့်သူကလဲ မရှိဘူး၊ စားချင်တာကလဲ မတည့်တာချည်းဘဲ၊ အဲဒီမှာ အငတ်ပြဿနာကြီး ပြလိုက်တာ ဘယ်သူပါလိမ့်.... (သမုဒယသစ္စာ တဏှာလောဘပါဘုရား) ပြီးတော့ အော်တဲ့-မတဲ့လို့ ခိုင်းပြန်တာကကော.... (သမုဒယသစ္စာ တဏှာလောဘပါဘုရား) နင်တို့ အကုန် လူမသိသေးဘူး....တဲ့၊ ဒီဒုက္ခဝဋ်ကနည်းသေးတယ်၊ အများကြီး အရှက်ခဲ့ပြီးမှ နင့်ကို သတ်ရမှာတဲ့.... (မှန်ပါ့) ဘယ်သူတုံးဗျ.... (သမုဒယသစ္စာ တဏှာလောဘပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သူ့ကို မသတ်ယင်တော့ ခင်ဗျားတို့ ဒီ-အရှက်တကဲ့ အကျိုးနည်းလမ်းချည်း ဖွင့်ပေးနေမှာဘဲ၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် နာခြင်းဆိုးပဲကြီး သိမ်းတဲ့ အခါကျတော့ သူ ဘာပြဦးမယ်ထင်သေးသတုံး.... (သေခြင်းဆိုးပဲ ပြဦးမှာပါဘုရား) တော်တော်ကြာကျတော့ ဝိညာဏ် မချုပ်နိုင်လို့ ပိုက်ဆံကလေး ထည့်ပါဦး၊ ဘာကလေး လုပ်ကြပါဦး၊ ကျောအောက်ကနေပြီး ဘိနပ်ကလေးထိုးပါဦး၊ သြဇာရွက်ထားပါးဦးနဲ့ ဖုတ်ဝင်နေတယ်ထင်ပါရဲ့နဲ့ လုပ်ကုန်ကြပြီ.... (မှန်ပါ့) ဘာကို ပြပြန်တာပါလိမ့် တကာတကာမတို့ ဒါက.... (သေခြင်းဆိုးပြတာပါဘုရား)။

အဲဒီမှာကော အရှက်ကို အတော်ကဲရသေးတယ်.... (မှန်ပါ့) မကဲရဘူးလား....(ကဲရပါတယ်ဘုရား)။

ဘေးကလူတွေကလဲ တံတွေးထွေးကြ၊ မတတ်သာလို့ သွားမေးပေမဲ့လဲ မျက်နှာက စူးစူးစိုက်စိုက် ကြည့်ကြရဲ့လား.... (မကြည့်ပါဘုရား)။

ဘယ်နှယ်နေသတုံး၊ တော်ပါလိမ့်မယ်ထင်ပါရဲ့ အားမငယ်ပါနဲ့နော်ဆိုပြီး လှည့်ပြန်တာဘဲ .... (မှန်ပါ့) တယ် မေးချင်လှတယ်မှ မဟုတ်ဘဲကိုး....(မှန်ပါ့)။

သေကာနီး သွားရတဲ့ဥစ္စာ မတော်လို့ အိမ်မှာ ခလေးတွေဘာတွေနဲ့ ညများ လန့်ပြုံနေယင် ခက်ချေရဲ့ဆိုပြီး မတတ်သာတတ်သာနဲ့သွားတာနော်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) တကယ် ကြည့်ညှိလို့သွားတာများ ပါကြရဲ့လား.... (မပါ-ပါဘုရား)။

တကာတကာမတို့ ဒီလို အရှက်တကဲ့အကျိုးနည်းသူများက မျက်စောင်းထိုးပြီးသကာလ ကျုပ်ဖြင့် မြင်ခဲ့ရတာ လူကို ဟုတ်တယ်မထင်ပါဘူး၊ ပယောဂသက်သက်ထင်တယ်၊ နာတာရှည်ကြီး သူ့ဟာက၊ စားတော့လဲ စားတယ်၊ အသား အရည်က မဖြစ်ဘူး၊ ဖုတ်ဝင်နေထင်ပါရဲ့ စသည်နဲ့ တကာကြွယ် အရှက်ခဲ့ဦးမှာတဲ့ ရှိသေးတယ်နော်....(မှန်ပါ့) အဲဒါဘယ်သူ့ သတ္တိတွေပါလိမ့်.... (သမုဒယသစ္စာ တဏှာလောဘ သတ္တိတွေပါဘုရား)။

တကာတကာမတို့ သေကာနီး ဒီဒုက္ခကြီးပေးတာ ဘယ်သူပါလိမ့်....(သမုဒယသစ္စာ တဏှာလောဘပါဘုရား)။

ကိုင်း....မောင်မင်းကြီးကျေးဇူးတွေ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) ကြည်ညိုစရာများ ကောင်းရဲ့လား.... (မကောင်းပါဘုရား) ဉာဏ်ရောက်ကြပလား....(မှန်ပါ့) ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ်....(ပယ်ရပါ့မယ်ဘုရား)။

သမုဒယသစ္စာကို ဘုရားက ဘာလုပ်ကြရမလဲ.... (ပယ်ရပါမယ်ဘုရား) ပယ်ရမည့် ပဟာတဗ္ဗတရားလို့ ဘုရားက ဟောထားတယ်....(မှန်ပါ့)။

အဲဒါယနေ့ကစပြီး ခင်ဗျားတို့ လက်သတ် မမေ့းပါနဲ့တော့ (မှန်ပါ့) မပယ်သ၍ကာလပတ်လုံးဖြင့် ဒီဇာတ်ချည့် ခင်းနေလိမ့်မယ်ဆိုတာ မှတ်ပါ....(မှန်ပါ့) ကိုင်း....ခဏနားပါဦး၊ မီးရထားသံ လာနေတယ်။

တရားနှလုံးသွင်းကြ တကာတကာမတို့၊သေကာနီးလဲ တကာတကာမတို့ ကိုယ်သေချင်သလို သေမယ် ထင်သလား.... (မထင်ပါဘုရား)။

သူက အရှက်ခဲ့သလို ခဲ့နိုင်သလောက် ခဲ့ပြီးမှ သေပဲ့ဝင်ရမှာ (မှန်ပါ့) ကြောက်စရာကောင်းလှချည့်လား....(ကောင်းပါတယ် ဘုရား) အလောင်းမှ လှစရာ မြင်သေးရဲ့လား.... (မမြင်ပါ ဘုရား)။

ကဲ....ဒါဟာ ဘယ်သူ့ ဒဏ်ချက်တွေပါလိမ့်....(သမုဒယသစ္စာ တဏှာလောဘပါဘုရား) သဘော ကျပလား.... (ကျပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ သူဟာ လူသတ်သမားဆိုယင်လဲ လဲ့ပါ့မလား....(မလဲ့ပါဘုရား)လူသတ်သမားဘဲတဲ့ တကာတကာ မတို့နော်....(မှန်ပါ့)။

လူသတ်သမားဆိုတဲ့ဥစ္စာ တခြားမဟုတ်ဘူး၊ ဒီလို ပဋိသန္ဓေ နေခြင်း ဆင်းရဲနဲ့ကြုံအောင်၊ အိုခြင်းဆင်းရဲနဲ့ ကြုံအောင် နာ ခြင်း ဆင်းရဲနဲ့ကြုံအောင်၊ သေခြင်း ဆင်းရဲနဲ့ကြုံအောင် လုပ်တာ ဟူသ၍ ဘယ်သူပါလိမ့်.... (သမုဒယသစ္စာ တဏှာလောဘပါ ဘုရား)။

ဘယ်သူမှ မစဉ်းစားနဲ့ ခင်ဗျားတို့၊ ပဋိစ္စသမုပ္ပါဒ်ကိုသာ သေသေချာချာကြည့်၊ တဏှာ,ဥပါဒါန်,ကံ,ဇာတိ,ဇရာ,မရဏ, သောကပရိဒေဝ,ဒုက္ခဒေါမနဿ ဘယ်ကစ,ပြီး လာတာတုံး-တဲ့ (တဏှာက လာတာပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒါကို ဇဝ မေ တဿ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ = သူပေးထားတာ ဒုက္ခအစုကြီးတွေကွ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ဟောပင် ဟောငြားသော်လည်း ခင်ဗျားတို့ကလဲ တဏှာကို မိတ်ဆွေဘဲ ထင်နေသေးတာသည် မသိမှု အဝိဇ္ဇာကလဲ လွှမ်းမိုးနေတယ်....(မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ် ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒီသမုဒယသည် ဘယ်သူဖြင့် သုသာန်ကို ပို့လိုက်ပြီ....တဲ့ စသည်ဖြင့် အရိုးကို တောင် နှယ်ပုံနေပြီတဲ့ဆိုလို့ ရှိယင် တကာတကာမတို့ ဒါ....ဘယ်သူ့ လက်ချက်တုံး....(သမုဒယသစ္စာ တဏှာလောဘ၏ လက်ချက်ပါ ဘုရား)။

အသေဒုက္ခပြီးတော့ အနေဒုက္ခ ဆက်ပေးဦးမလို့ ဒါ.... တဇာတ်သိမ်းလိုက်တယ်.... (မှန်ပါ့) တဇာတ်သိမ်းပြီး အစက ပြန်ခင်းတယ်၊ ပဋိသန္ဓေနေတဲ့ ဒုက္ခကို ပြန်ခင်း လိုက်တယ်.... (မှန်ပါ့)။

ဘယ်သူ ခင်းပေးပြန်သတုံး....(သမုဒယသစ္စာ တဏှာလောဘက ခင်းပါတယ်ဘုရား) နောက်ကိုလဲ ဒီဇာတ်ချည့် လှည့်ပြီး ခင်းပေးမှာ ဘယ်သူ့ပါလိမ့်....(သမုဒယသစ္စာပါဘုရား)။

နင်.... သားပူတွေ့ပလား ရော့- ယူဆိုပြီး သားတယောက် ပေးလိုက်တာဘဲ....(မှန်ပါ့) ဒီတော့ အမေမှာ ဘာပူ တွေ့ရသတုံး....(သားပူတွေ့ရပါတယ်ဘုရား)။

တခါ သမီးပူ တွေ့ဘူးပလားလို့ မေးပြန်တာဘဲ၊ မေးပြန်တော့ ရော့....သမီးတယောက်ဆိုပြီး ခင်ဗျားတို့က ဆုတောင်း ယူလိုက်ကရော၊ သားနဲ့ သမီးနဲ့ ပြည့်ပြည့်စုံစုံ ဖြစ်ရပါလို့၏- ဆိုတော့ ရော့....ပေးလိုက်တာဘဲ....(မှန်ပါ့)။

ပေးလိုက်တဲ့အခါ သမီးပူကော တွေ့ရပလား.... (တွေ့ရပါတယ်ဘုရား) ဆွေပူ,မျိုးပူကော....(တွေ့ရပါတယ်ဘုရား)ဘယ်သူပေးတာတုံး....(သမုဒယသစ္စာ တဏှာလောဘပေးတာပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....သောကပရိဒေဝ၊ ဒုက္ခဒေါမနဿ ပေးလေသမျှလဲ ဘယ်သူကတုံး.... (သမုဒယသစ္စာ တဏှာလောဘက ပေးတာပါဘုရား) သတ်လေသမျှ... (သမုဒယသစ္စာပါဘဲဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

နွားရိုးတွေ လှည်းနဲ့ အစီးတရာလောက် တင်ပြီးသကာလ ဥပမာ....ရန်ကုန်ပို့ကြတယ်ဆိုကြပါစို့၊ ဒီနွားတွေသည်ကားလို့ဆိုယင် တနေရာထည်းက ပို့တယ်ဆိုသဖြင့် နွားသတ်ကုလား၏လက်ချက်ဘဲဆိုတာ ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား) ဒီမှာလဲ ဟိုရွာသေပြန်ပြီ....တဲ့၊ ဒီရွာမှာ သေပြန်ပြီ....တဲ့၊ ဒီနေ့အလောင်း ဘယ်နှစ်လောင်း ရောက်ပြန်ပြီ....တဲ့ သုသာန်ကို၊ မြို့ကြီး,ပြကြီးတွေမှာ ဘယ်သူ့လက်ချက်ဆင်ကြသတုံး.... (သမုဒယသစ္စာ တဏှာလောဘ၏ လက်ချက်ပါဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နွားရိုးတွေပုံနေတာ နွားသတ်သမား၏လက်ချက်ဆိုတာသိရသလိုပေါ့ဗျာ၊ဒီမှာလဲ အသေတွေ အကုန်လုံးဆုံပြုံနေကြတာ ဘယ်သူ့လက်ချက်ပါလိမ့်.... (သမုဒယသစ္စာ၏ တဏှာလောဘလက်ချက်ပါဘုရား) သမုဒယသစ္စာ တဏှာလောဘ၏လက်ချက်ဆိုတာ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့.... သူရှိနေသ၍ ကာလပတ်လုံး ဆင်းရဲအမျိုးမျိုးကြုံ ဟုတ်လား.... (မှန်ပါ့) နောက်ဆုံးပိတ် သေပွဲနဲ့ ပေါင်းပေးလိုက်တာဘဲ.... (မှန်ပါ့) မသေခင် ဆင်းရဲ အမျိုးမျိုးနဲ့ ထားတယ်၊ သဘော ကျပလား.... (ကျပါပြီ ဘုရား)။

ဆင်းရဲအမျိုးမျိုးနဲ့လဲ အကုန်ခံပြီးပလား-စုံပလားဆိုလို့ရှိယင် ဖြင့် သတ်ပွဲထဲ သွင်းလိုက်တာဘဲ....(မှန်ပါ့) ဘယ်သူ့ လက်ချက် တော့လဲ.... (သမုဒယသစ္စာ တရားလောဘ လက်ချက်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သူမသေသ၍ ကာလပတ်လုံး ကံတွေက အမျိုးမျိုးအဖုံဖုံ ပေးနေဦးမှာဘဲ....(မှန်ပါ့) သူမသေ သေးယင် တရားမသေသေးယင်လဲ ကတွေက ပေးနေဦးမယ်.... (မှန်ပါ့)။

သူသေယင်တော့....(မပေးတော့ပါဘုရား) တရားနိုရောဓါ (ဥပါဒါန နိုရောဓါ) ဥပါဒါန နိုရောရောဓါ .... (ကမ္မဘဝ နိုရောဓောဘုရား)။

ဟော....ကမ္မဘဝနိုရောဓါဖြစ်ပြီ....(မှန်ပါ့) ကံတွေ အကုန် ချုပ်ပါတယ်....တဲ့၊ သူသေလို့ ချုပ်တာနော် သူမသေယင်.... (မချုပ်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ကံချုပ်ဘို့လိုသလား.... တရားချုပ်ဘို့လိုသလား.... (တရားချုပ်ဘို့လိုပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခသိမ်းချင်လို့ရှိယင် ဒုက္ခမသိမ်းနဲ့ တရားသိမ်း-(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခသိမ်းရမလား-ဘာသိမ်းရမတုံး.... (တဏှာသိမ်းရပါမယ် ဘုရား) ကိုင်း....တကာတကာမတို့ သူ့ကို သိမ်းနိုင်တဲ့ နည်းကတော့ ဟင်း လျှော့စားလဲ လျှော့တဏှာလာတာဘဲ-(မှန်ပါ့ ဘုရား) အဝတ်လျှော့ဝတ်ပြန်တော့ကော....(လျှော့တဏှာလာပါတယ်ဘုရား) လျှော့တဲ့တဏှာက ရှိနေသေးတာဘဲ....(မှန်ပါ့ ဘုရား)။

အဲဒီတော့ ဒီလိုကို လုပ်မနေနဲ့တော့ သူဟာ ဘယ်သူ့ကို မှီနေသတုံးသာကြည့်၊ ကြည့်တော့ သူဟာ ခန္ဓာငါးပါး မှီနေတယ်ဆိုတာ လာရမယ်....(မှန်ပါ့) ခန္ဓာငါးပါးမှာ တဏှာနဲ့ ဒိဋ္ဌိတဲ့ပြီး မှီနေတယ်....(မှန်ပါ့)။

တဏှာဟာ ဘယ်မှာမှီနေသတုံး-(ခန္ဓာငါးပါးမှီနေပါတယ် ဘုရား) အေး....ခန္ဓာငါးပါးမှီနေတယ် တကာတကာမတို့ ဒီမှာ ငါးလုံးချထားတယ်၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောတဲ့အတိုင်း ဟောပါမယ် တကာတကာမတို့၊ တဏှာကို ဒီကနေ သတ်မှ ရမယ်၊ သူမှီနေတဲ့နေရာကို သတ်ရမှာဘဲ၊ ဒါမှ ခရီးပိုရောက်မယ်၊ သူပေါ်လာမှ သတ်လို့ရှိယင်တော့ သူက ဥပါဒါန်ကိုတောင် လှမ်းပြီး ကျေးဇူးပြုချင် ပြုလိုက်လိမ့်မယ်... (မှန်ပါ့)။

ဒီတော့ သူပေါ်လာမှ သူ့ကိုသတ်ခြင်းထက် သူမှီနေတဲ့ နေရာကိုသတ်ခြင်းက ပိုမိုခရီးရောက်နိုင်ပါတယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ့ကြောင့် သူမှီနေတဲ့နေရာကို ဖျက်ကြစို့....(မှန်ပါ့)ဘုရား သခင်ကိုယ်တော်မြတ်ကြီးက "မနောလောကေ ပီယရူပံသာ

တရှုပံ၊ ဝိညာဏကွန္ဓာ” ဟာ မနဘဲနော်၊ ဝိညာဏကွန္ဓာဆိုတဲ့ စိတ်တလုံးဘဲပြောပါမယ်....(မှန်ပါ့ဘုရား)။

လောကေ=လောကဌ်၊ မနော=စိတ်သည်၊ ပီယရူပံ = ချစ်အပ်တဲ့သဘောရှိတယ်၊ သာတရူပံ = သာယာအပ်တဲ့ သဘောရှိတယ်....(မှန်ပါ့) ကိုယ့်စိတ်ကလေးကို ကိုယ်သာယာနေတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ကိုယ့်စိတ်ကလေးကို ကိုယ်သာယာနေတယ်ဆိုသဖြင့် ကိုယ့်စိတ်မနောကံကနေပြီး တဏှာဟာ စိတ်ကိုအစဲ့ပြုပြီးတဏှာပေါ်ပါတယ်....(မှန်ပါ့) မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ပါဠိတော်က ဘာတဲ့“မနောလောကေ ပီယရူပံ သာတရူပံ” အဲဒါ သတိပဋ္ဌာန်းပါဠိတော်မှာ လာတာ၊သီလရင်တွေဘက်က ဆိုယင် ရတာမျှားပါလိမ့်မယ်....(မှန်ပါ့) အဲဒီ မနဆိုတဲ့စိတ်မှာ ပီယသာတဖြစ်နေတယ်၊ ပီယဆိုတာ ခင်တာ၊ သာတ ဆိုတာ သာယာတာ အဲဒီမှာ တဏှာရှိနေတယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

စိတ်ပေါ်မှာ ဘာရှိနေသတဲ့.... (တဏှာရှိပါတယ်ဘုရား) တဏှာရှိတယ်ဆိုတော့ ခင်ဗျားတို့ ကျုပ်တို့သည် စိတ်ပေါ်တိုင်းပေါ်တိုင်း၊ ပီယသာတ မဖြစ်အောင် ဇတ္ထေသာ တဏှာပဟိယမာနာ ပဟိယတိနိရုဇ္ဈမာနာ နိရုဇ္ဈတိတဲ့ သူ့ကိုဖြစ်ပျက်ရှုလိုက်လို့ရှိယင် တဏှာချုပ်သွားမယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ) ဖြစ်ပျက်မရှုယင် တဏှာလာမယ်....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်မရှုယင်(တဏှာလာပါမယ်ဘုရား)ပါဦးတော်ကြည့် ဘုရားဟောတော်မူတာ အင်မတန် မှန်ကန်ပါတယ်၊ မနော လောကေ ပီယရူပံ သာတရူပံတဲ့ ရူတဲ့ပုဂ္ဂိုလ်မှာ .... (မှန်ပါ့) "ဧတ္ထသာတဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ နိဝိသမာနာနိဝိသတိတဲ့ တဏှာဟာ တခါတည်းဖြစ်တာဘဲတဲ့....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ရူတဲ့ ပုဂ္ဂိုလ်ကျတော့၊ မနောလောကေ ပီယရူပံ သာတရူပံ ဧတ္ထသာတဏှာ ပဟိယမာနာပဟိယတိနိရုဇ္ဈမာနာ နိရုဇ္ဈတိ ဖြစ်ပျက်ရှုယင်တော့ ချုပ်သွားတယ်တဲ့.... (မှန်ပါ့)။

ဖြစ်ပျက်မရှုယင်တော့ စိတ်ကိုအမှီပြုပြီး ဘာလာသတဲ့ .... (တဏှာလာပါတယ်)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္ဓာန်မှာတဲ့စိတ် ကာမစိတ်တွေပေါ့ဗျာ အဲဒီခင်ဗျားတို့ သန္ဓာန်လာတဲ့ စိတ်ဟူသ၍ကို ဖြစ်ပျက်ရှုပါ.... (မှန်ပါ့)ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ သူမှီနေတဲ့တဏှာဟာ သူသည်ကားလို့ ဆိုယင် စိတ်ဆိုယင်သာယာတယ်(မှန်ပါ့)။

အနိစ္စမှန်းသိတော့....(မသာယာပါဘုရား) အဲ....အနိစ္စကို ကျုပ်တို့က ဖြစ်အောင်လုပ်နိုင်တဲ့ ဉာဏ်နဲ့ဆိုလို့ရှိယင် တကာ တကာမတို့ တဏှာဟာ မလာတော့ဘူး....(မှန်ပါ့ဘုရား) အနိစ္စ မဖြစ်ယင်တော့ဖြင့်....(လာမှာပါဘုရား)။

ဒါဖြင့် ဘယ်စိတ်လာလာ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) အဲ....ဖြစ်ပျက်ရှုလိုက်တော့ စိတ်ကလေးတလုံးဆိုကြပါစို့၊ လောဘစိတ်လာလဲ ဖြစ်ပျက်ရှု၊ ဒေါသစိတ်လာယင်.... (ဖြစ်ပျက်ရှုရပါမယ်) မောဟစိတ်လာယင် .... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

မရှုယင် တဏှာလာမယ်၊ မနောလောကေ ပီယရူပံ သာတ ရူပံကိုး....(မှန်ပါ့) မနဆိုတဲ့စိတ်ကြောင့် ပီယသာတလာမယ်တဲ့ (မှန်ပါ့)အဲဒီတော့ မလာချင်လို့ ရှိယင် ဧတ္ထောသာတဏှာ၊ပဟိယ မာနာ ပဟိယတိနိရုဇ္ဈမာနာ နိရုဇ္ဈတိလုပ်ပါ၊ ပယ်ပစ်ပါ၊ချုပ် အောင်လုပ်ပစ်ပါ....(မှန်ပါ့ဘုရား)။

စာကဆိုထား:တာကို ခင်ဗျားတို့က အလုပ် မလုပ်တတ်မှာ စိုးလို့ ခင်ဗျားတို့ဖြစ်ပျက်ရူပစ်လိုက်ကြပါ·(မှန်ပါ့)ဘယ်စိတ်က လာလာ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရူရပါမယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဘယ်စိတ်လာလာဖြစ် ပျက်ရှုလိုက်တော့ မနောကပ်နေတဲ့ တဏှာဟာ နေနိုင်သေး ရဲ့လား....(မနေနိုင်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် စိတ်ကဖြစ်ပျက်၊ ရူတာကမင်္ဂလာဖြစ်တယ်-(မှန်ပါ့) အဲဒီတော့ တကာတကာမတို့ဒီလို့ရှုလိုက်တဲ့အခါကျတော့မနော နောက်ကနေပြီးလာတဲ့ တဏှာလာနိုင်သေးရဲ့လား .... (မလာ နိုင်ပါဘုရား) တဏှာချုပ်တယ်....(မှန်ပါ့) တဏှာချုပ်တော့ ဥပါဒါန်ကကော....(ချုပ်ပါတယ်) ကံတွေကတော.... (ချုပ်ပါ တယ်ဘုရား)။

ဘယ်နှယ်ကြောင့် ကံတွေက ကာယကံ, ဝစီကံ,မနောကံတွေ ချုပ်ပါလိမ့်မလဲလို့ စဉ်းစားကြည့်စမ်း တကာတကာမတို့ .... (ဖြစ်ပျက်ရှုလို့ပါ) မနောကို ဖြစ်ပျက်ရှုလိုက်တော့ မနော နောက်ကလိုတ်မည့်တဏှာက ဘာဖြစ်သွားသတုံး (ချုပ်သွားပါ တယ်ဘုရား)တဏှာချုပ်တော့ဥပါဒါန်ကကော (ချုပ်ပါတယ်) ကံတွေက....(ချုပ်ပါတယ်) ဇာတိ,ဇရာ, မရဏတွေဟာ....(ချုပ် ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ပဋိသန္ဓေနေခြင်းဆိုတဲ့ ရောဂါတော့ဆိုတာ ယူစရာလိုသေးသလား.... (မလိုပါဘုရား) အိုခြင်းဆိုးနဲ့ အရှက်ခဲမှာကော....(ယူစရာမလိုပါဘုရား) မခဲရတော့ဘူး (မှန်ပါ့) တဏှာချုပ်လို့မခဲတာ....(မှန်ပါ့ဘုရား)။

နာခြင်းဆိုးနဲ့ အရှက်ခဲမှာကော....(မခဲတော့ပါ)သေခြင်းဆိုးနဲ့ အရှက်ခဲတော့ ဘာဖြစ်လို့မခဲတော့သတုံး မေးကြည့် .... (တဏှာချုပ်လို့ပါဘုရား)တဏှာမချုပ်ယင်.... (ခဲမှာပါဘုရား) ဒီတဏှာ ဘယ်မှာနေသတုံးဆိုတော့....(ခန္ဓာငါးမှာနေပါတယ်) ခန္ဓာငါးပါးမှာ နေတယ်ဆိုတော့ မနောမှာလဲမနေဘူးလား.... (နေပါတယ်ဘုရား)။

အဲဒီတော့ စိတ်ပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်ရမတုံး .... (ဖြစ်ပျက်ရှုရမှာပါ) စိတ်ပေါ်တိုင်း ပေါ်တိုင်းဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ မနောရယ်လို့ ဆိုရသေးသလား မနောဟာ ဘာဖြစ်သွားသတုံးမေးတော့ နဂိုရိုက်တော့မနဆိုတဲ့ စိတ်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲဒါ ခင်ဗျားတို့စိတ်ကို စိတ်အတိုင်းထားလို့ရှိယင် တဏှာဥပါဒါန်လာမယ်....(မှန်ပါ့)ခင်ဗျားတို့စိတ်ကို ဖြစ်ပျက်အဖြစ်နဲ့ အနိစ္စမြင်အောင်ကြည့်နိုင်လို့ရှိယင် မဂ်လာမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ စိတ်ကိုစိတ်အတိုင်းထားယင် တဏှာ, ဥပါဒါန်, ကံတွေ အကုန်လာမှာပေါ့ .... (မှန်ပါ့) စိတ်ကိုအနိစ္စရှုနိုင်မှ နောက်တဏှာ, ဥပါဒါန်တွေ ဘာတုံး....(ချုပ်မှာပါဘုရား)

ဒါဖြင့် စိတ်ကဖြစ်ပျက်၊ ရှုတာက .... (မဂ်ပါ)သေတာက.... (သမုဒယ) သေတာကသမုဒယနော်....(မှန်ပါ့) အကျိုးပေးတွေ့ တည်းဟူသော ဒုက္ခတွေ့လာသေးရဲ့လား....(မလာပါဘုရား) ဒီတော့ ချုပ်မှာကဘာတုံး....(ဒုက္ခတွေ့ချုပ်မှာပါဘုရား)ဒါဖြင့် ဒုက္ခနိရောဓော နိဗ္ဗာနံ၊မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်စိတ်ကိုဝိပဿနာရှုစမ်းပါ.... (မှန်ပါ့) စိတ်ရှုယင် ဝေဒနာပါတယ်- ရုပ်ပါတယ်၊အကုန်မပါနိုင်ဘူးလား....(ပါနိုင်ပါတယ်) ဟာ....တပည့်တော်တို့ကစိတ်ကို မနိုင်ဘူးဆိုယင် ဝေဒနာရှု၊ဟာ....ဝေဒနာမရှုချင်ဘူးဆိုတော့လဲ ရုပ်ရှု၊ ရှုချင်တာရှု၊ ဒီမှာပီယသာတဆိုတဲ့ တဏှာကပ်နေတာ ချည်းဘဲမှတ်ပါ....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ခန္ဓာငါးပါးမှာ အကုန်ကပ်နေတာဘဲ .... (မှန်ပါ့) မကပ်ဘူလား.... (ကပ်ပါတယ်ဘုရား)။

ဒါ့ကြောင့်ရုပ်လောကေ၊ပီယရုပ်သာတရုပ်၊ရုပ်လဲကပ်တာဘဲ စက္ခုသမ္ဖဿဇာ၊ဝေဒနာလောကပီယရုပ်သာတရုပ်ဝေဒနာလဲ ကပ်တာဘဲ.... (မှန်ပါ့) ရုပသညာလောကပီယရုပ်သာတရုပ် သညာလဲကပ်တာဘဲတဲ့....(မှန်ပါ့)ရုပသဉ္စေတနာလောကပီယ ရုပ် သာတရုပ်လို့ ဟောပြန်တော့ သခ်ါရက္ခန္ဓာလဲ သူကပ်နေတာဘဲ....(မှန်ပါ့)စက္ခုဝိညာဏံ လောကပီယရုပ် သာတရုပ် စိတ်လဲသူကပ်နေတာဘဲတဲ့....(မှန်ပါ့) မကပ်ဘူးလား....(ကပ်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာကပ်နေတာသည် ခန္ဓာငါးပါး.... (မှန်ပါ့) သဘောကျပလား (ကျပါပြီ)တပါးပါးကိုခင်ဗျားတို့မိအောင် ဖြစ်ပျက်ရှု....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဖြစ်ပျက်မိအောင်ရှုလိုက်လို့ ရှိယင်ဖြင့် ဝေဒနာဟာ ဝေဒနာလား- အနိစ္စလား....(အနိစ္စပါ) စိတ်ဟာ စိတ်လား- အနိစ္စလား (အနိစ္စပါ)အဲဒီစိတ်ကိုစိတ်အတိုင်းထားယင် တဏှာလာမယ်၊ ဝေဒနာကို ဝေဒနာအတိုင်းထားယင်....(တဏှာလာပါမယ်) သညာကို သညာအတိုင်းထားယင် (တဏှာလာပါမယ်ဘုရား)။

ရုပ်ကိုရုပ်အတိုင်းထားယင်(တဏှာလာပါမယ်)အဲဒါကြောင့် နာမရူပပရိစ္ဆေဒဉာဏ်လောက်နဲ့ ရပ်ထားယင် မဂ်-ဖိုလ်ထိအောင် မသွားသေးဘူးလားဆိုတာ မပေါ်သေးဘူးလား .... (ပေါ်ပါတယ်ဘုရား)။

နာမ်ရုပ်သိရုံနဲ့ မဂ်ဖိုလ်ထိအောင်မသွားသေးဘူး.... (မှန်ပါ့) လက္ခဏာရေးရောက်မှဒုက္ခသစ္စာဖြစ်မှအထက်ဝိပဿနာဉာဏ်တွေ့ရောက်ပြီး မဂ်ဖိုလ်ထိအောင်သွားမယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒုက္ခသစ္စာမဖြစ်သေးဘူးလား(ဖြစ်ပါပြီ)ဖြစ်ပျက် ဘာသစ္စာ (ဒုက္ခသစ္စာပါ) မြင်တာက....(မဂ္ဂသစ္စာ) သေတာက .... (သမုဒယသစ္စာ) နောက် ဇာတိ ဇရာ မရဏမလာတာက.... (နိရောဓသစ္စာပါဘုရား)။

အဲဒီမှာ ထင်ရှားနေတော့ သြော်....ဖြစ်ပျက်ဒုက္ခသစ္စာမမြင်သေးယင် တဏှာဘယ်တော့မှ မသေဘူး....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဖြစ်ပျက် ဒုက္ခသစ္စာမြင်ယင် ဘာသေမဘုံး .... (တဏှာသေပါမယ်ဘုရား)။

တဏှာသေလို့ ရှိယင် နိဒါနဋ္ဌော ဒုက္ခဝတ္ထု ဒုက္ခမူတို့ကိုတခု မကျန်တရုံမစဲ အမြဲပေးအပ်ဆိုတာ ပေးနိုင်သေးရဲ့လား....(မပေး

နှိုင်တော့ပါဘုရား) တဏှာရှိယင်ဖြင့် ဘာတုံး....(ပေးမှာပါ) ဘာတွေပေးမယ်ထင်သတုံး....(ဒုက္ခတွေပေးမှာပါ) အဲ....ပေးမည့်သူ မသေသေးဘူးလား....(သေပါတယ်ဘုရား)။

ပေးမည့်သူ သေကဏည်းကိုက တကာတကာမတို့ကျုပ်တို့မှာ ဘာပူစရာရှိသေးသတုံး .... (ဘာမှပူစရာမရှိပါဘုရား) ဒုက္ခတွေ အကုန်ပူစရာမရှိတော့ဘူး .... (မှန်ပါ့) သုခဘဲရှိတော့တယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်စိတ်ကိုဖြစ်ပျက်ရှု၊ဖြစ်ပျက်က ဘာသစ္စာ....(ဒုက္ခသစ္စာပါ) ရှုညာဏ်က....(မဂ္ဂသစ္စာ)သေတာက (သမုဒယသစ္စာ)ဇာတိ ဇရာ မရဏချုပ်တာက.... (နိရောဓသစ္စာပါဘုရား)။

အဲ .... ဒါဖြင့် ဒုက္ခသစ္စာကို ပရိညေယျနဲ့ တခါတည်း ဖြစ်ပျက်ဟာ ဒုက္ခမှတပါး ဘာမှမဟုတ်ဘူး၊ခန္ဓာကိုယ် တကိုယ်လုံးဟာ ဖြစ်ပျက်မှတပါး ဘာမှမဟုတ်ဘူး၊ဒုက္ခအစစ်ဘဲလို့သာ ဆုံးဖြတ်ချက်ချပြီး ရှုနေပါ.... (မှန်ပါ့) မရှုနိုင်ကြဘူးလား.... (ရှုနိုင်ပါတယ်ဘုရား)။

ရှုနိုင်လို့ရှိယင် တဏှာမသေဘူးလား....(သေပါတယ်ဘုရား) နဂိုရိကတဏှာက ဒါတွေဟာ ခန္ဓာရယ်လို့ဆိုပြီး ကပ်နေတာ.... (မှန်ပါ့) ကျုပ်တို့ ဒုက္ခသစ္စာလုပ်ပစ်တော့ သူကပ်နိုင်သေးရဲ့လား....(မကပ်နိုင်ပါဘုရား)။

အဲ....ဒုက္ခသစ္စာကိုလဲ ပရိညေယျနဲ့ပိုင်းခြားပါရော မဂ်ဉာဏ်ပေါ်လာလို့ သမုဒယသစ္စာလဲ ပဟာတဗ္ဗနဲ့သွားတော့ နိရောဓဆိုတာ သစ္ဆိကာတဗ္ဗနဲ့ ဒီဒုက္ခတွေချုပ်သွား နိဗ္ဗာန်ပေါ်လာ

တာဘဲ....(မှန်ပါ့) အဲဒီတော့ သစ္စာလေးချက်တပြိုင်နက် ပေါ်ရမယ်ဆိုတာ မှန်ပါတယ်....(မှန်ပါ့ဘုရား)။

ဒါဟာ ဒုက္ခတွေလို့ ပိုင်းခြားတာက ဒုက္ခပိုင်းခြားလိုက်သည်နဲ့ ဒုက္ခချုပ်သွားတော့ နိဗ္ဗာန်မြင်လာတယ်၊ ပေါ်မလာဘူးလား....(မှန်ပါ့) အဲ .... နိရောဓက နိရောဓသစ္စာ၊ မြင်တာက မဂ္ဂသစ္စာ၊ သေတာက .... (သမုဒယသေတာပါ) အဲဒီမှာတပြိုင်နက်ပေါ်တာဘဲ တကာကြွယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒုက္ခသစ္စာကိုဖြင့် အရေးတကြီးပွားများရလိမ့်မယ်....(မှန်ပါ့) ပွားများလိုက်လို့ ရှိယင်မဂ္ဂသစ္စာဖြစ်ပြီ....(မှန်ပါ့) မဂ္ဂသစ္စာဆိုတာ ဘာဝေတဇကိစ္စပွားများရမယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ခဏခဏပွားများ ကိုယ့်စိတ်ကို၊ ပွားများနေလို့ ရှိယင် ဖြစ်ပျက်မြင်လာမယ်....(မှန်ပါ့) နောက်ဘာဖြစ်လာမတုံး (မုန်းလာပါမယ်) နောက်ကျတော့ ဖြစ်ပျက်ဟာဒုက္ခသစ္စာဆိုပြီး မဆုံးပေဘူးလား....(ဆုံးပါတယ်) ဆုံးယင် ဘာပေါ်လာမယ်....(နိရောဓပေါ်လာပါမယ်ဘုရား)။

ဒါတွဲဟာ ရှင်းမနေသေးဘူးလား.... (ရှင်းပါတယ်ဘုရား) အဲ .... နိရောဓလဲဖြစ်လာရော တကာတကာမတို့ သမုဒယတွေ အမြစ်နဲ့တကွ မပြတ်သေးဘူးလား....(ပြတ်ပါတယ်) သူ့ အမြစ်နဲ့ ပြတ်တော့ သူပေးမည့်ဒုက္ခတွေ ကျုပ်တို့ယူစရာရှိသေးရဲ့လား.... (မရှိပါဘုရား) အဲဒါလဲ နိရောဓသစ္စာဘဲဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း....ယနေ့ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင်.. မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

ဝဋ်သုံးပါးမှ လွတ်မြောက်ရာနိဗ္ဗာန်

နွေ-အလုပ်ပေးတရားတော်

၃၀-၁၁-၅၈

တကာတကာမတို့ ဝဋ်သုံးပါးမှ လွတ်မြောက်ရာကိုနိဗ္ဗာန်လို့ ခေါ်တယ်၊ ကိုလေသာဝဋ် ရှိနေပြန်လို့ရှိယင်လဲ ကိလေသာဆိုတာ မီးလို့အားလုံး တကာတကာမတွေ သိကြပြီနော် .... (မှန်ပါ့) ကိလေသာရှိနေပြန်လို့ရှိယင်လဲ ကိလေသာမီးက ခန္ဓာကြီးကို လောင်နေတယ်၊ အဲဒီတော့ ဒါလဲ နိဗ္ဗာန်မဟုတ်နိုင်ဘူး (မှန်ပါ့ဘုရား)။

ကမ္မဝဋ်ဆိုတာက ကိလေသာရှိလို့ ကိလေသာကလုပ်ထားတဲ့ ကာယကံ, ဝစီကံ, မနောကံတွေ၊ အဲဒီကံတွေ ရှိနေသေးလို့ ရှိယင်လဲ အကျိုးပေးတွေလာဦးမှာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီကံတွေတည်းဟူသော အကြောင်းတရားလဲ နိဗ္ဗာန်မှာ မရှိတော့ဘူး၊ ကမ္မဝဋ်မှလွတ်သွဲ့းတယ်၊ ကံမရှိတဲ့အတွက် သူက

အကျိုးပေးတဲ့ လူခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာတွေ ဆိုတာတွေ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ ဆိုတာတွေလဲ မရှိတော့ဘူး၊ ရှိယင် ဒါတွေက အနိစ္စတရားတွေ ပျက်ဦးမှာဘဲ....(မှန်ပါ့)။

အဲဒီတော့ လူခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ၊ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတွေမရှိပါဘူး၊ အဲဒီလိုမရှိတော့ ဒါက ဝိပါကအကျိုးပေးခေါ်တယ်၊အဲဒီဝိပါကဝဋ်မှလဲလှတ်မြောက်ရာဟာ နိဗ္ဗာန်ဘဲ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝဋ်သုံးပါးလှတ်မြောက်ရာကို ဘာခေါ်ကြမယ် .... (နိဗ္ဗာန်ပါဘုရား) ကိလေသဝဋ်ဆိုတဲ့ အပူခာတ် အလောင်ခာတ်လဲ တကာကြွယ်တို့ တကာသုံက်တို့ မရှိဘူးပေါ့ဗျာ .... (မှန်ပါ့ဘုရား)။

ကမ္မဝဋ်ဆိုတဲ့အားထုတ်မှုတွေကော....(မရှိပါဘုရား) ဝိပါက ဝဋ်ဆိုတဲ့ ခန္ဓာကိုယ်ကြီးတွေ့ရတဲ့ သဘောတွေကော.... (မရှိပါ) ခန္ဓာကိုယ်ရယင် အို,နာ,သေကြီးက ပါနေဦးမှာကိုးဗျ (မှန်ပါ့) အဲဒီတော့ ဒီဝိပါကဝဋ်ဟာ တကာတကာမတွေ့ နိဗ္ဗာန်မှာရှိနေမယ်ဆိုယင် ဘယ့်နှယ်ချမ်းသာအစစ် ဖြစ်နိုင်တော့မတုံး .... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် နိရောဓဿ နိဿရဏဉ္စော၊ နိရောဓဿ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာ၏၊ နိဿရဏဉ္စော ဒုက္ခဝဋ်မှကျွတ်လှတ်ထွက်မြောက်ရာထွက်မြောက်ကြောင်းဖြစ်သော သဘောသည်လည်းကောင်း၊ဒုက္ခဝဋ်မှ ထွက်မြောက်သွားတာ .... (မှန်ပါ့) အဲဒါဘာခေါ်ကြမယ် ....(နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ဆိုတာ တကာတကာမတို့ ဘာပါလိမ့်မတုံး အောက်မေ့တယ် ဝဋ်ကျွတ်သွားတာဟာ နိဗ္ဗာန်....(မှန်ပါ့) ကိလေသာဝဋ်မှ ကျွတ်သွားယင်လဲ နိဗ္ဗာန်၊ ကမ္မဝဋ်မှ ကျွတ်သွားယင်....(နိဗ္ဗာန်) ဝိပါကဝဋ်မှ ကျွတ်သွားယင်.... (နိဗ္ဗာန်ပါ) အဲ.... ဝဋ်သုံးပါးမှ လုံးလုံးကျွတ်သွားယင်....(နိဗ္ဗာန်ပါဘုရား)။

ဩော်....နိဗ္ဗာန်ဆိုတာသည် တကာတကာမတို့ ဝဋ်ကျွတ်တဲ့ သဘောကို ဆိုတာပါလားလို့ တကာသိုက်- တကာကြွယ်တို့က မှတ်ရလိမ့်မယ်....(မှန်ပါ့)။

အားလုံး တကာတကာမတွေ နိဗ္ဗာန်ကိုရှင်းလင်းပြီးသကာလ ပြောရလိမ့်မယ်၊ နိဗ္ဗာန်ကို လေးရက်တိတိ ဆက်ပြောရမှာဘဲ တကာသိုက် တကာကြွယ်တို့ရဲ့ နော်....(မှန်ပါ့)ဘုရားက လေးမျိုးဟောတော့ကို လေးရက်ဘဲ ပြောရမယ်၊ သမ္ဗုဒယသစ္စာတုန်းကလဲ လေးရက်ဘဲ ပြောခဲ့တယ်၊ ဒုက္ခဝဋ်မှ ကျွတ်သွားတာဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား)။

တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် နားလည်မှ သူ့ကို ပိုမို ရှင်းတယ်လို့ မှတ်ထားပါ....(မှန်ပါ့) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကို လမ်းခင်းကြဦးပေါ့ဗျာ....(မှန်ပါ့)။

ဒီဝဋ်တွေမှ ကျွတ်တာကို နိဗ္ဗာန်လို့ ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ထဲမှာ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ပါနေတယ်ဆိုတာသိမှ ခင်ဗျားတို့ ဩော်....ဒီဝဋ်ကျွတ်မှနိဗ္ဗာန်ကိုးဆိုတာ အားလုံးတကာတကာမတွေ ပိုမိုရှင်းလာလိမ့်မယ်....(မှန်ပါ့)။

ကဲ... ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်လမ်းခင်းပြမယ်....(မှန်ပါ့) ထုံးစံပဋိစ္စသမုပ္ပါဒ်ကို ဖြန့်ပြီးကောက်ကြပါဦးစို့ တကာတကာမတို့ နော်....(မှန်ပါ့)။

ဒီဘက်က တလုံးတည်းချတာ ဘာတုံး....(အဝိဇ္ဇာပါဘုရား) ဒီဘက်က နှစ်လုံးချတာက....(သင်္ခါရပါဘုရား) အဝိဇ္ဇာပစ္စယာ သင်္ခါရာတော့ မမေ့စေနဲ့....(မှန်ပါ့)။

ဒါက ပုညာဘိ သင်္ခါရ၊ အပုညာဘိ သင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရလို့ သင်္ခါရကသုံးမျိုးပေါ့ဗျာနော်....(မှန်ပါ့) လိုရင်းတော့ ကာယကံ၊ ဝစီကံ၊ မနောကံပါဘဲ....(မှန်ပါ့)။

ကဲ....သင်္ခါရပစ္စယာ....(ဝိညာဏံပါဘုရား) ဝိညာဏံဆိုတာ တကာတကာမတွေ ပဋိသန္ဓေနေတာလို့ မှတ်ရမယ်.... (မှန်ပါ့ဘုရား)။

အဝိဇ္ဇာက မသိတာ၊ ဒီကံတွေက မသိလို့ အားထုတ်တာ၊ မသိခြင်းကြောင့် ဒီကံတွေပေါ်လာ၊ ပေါ်လာလို့ အားထုတ်ခြင်းကြောင့် ဒီအကျိုးပေး ပဋိသန္ဓေနေရတယ်.... (မှန်ပါ့) အဲဒီတော့ ပဋိသန္ဓေနေရာက ကြီးပွားလာရမယ်ဆိုတာ ဓမ္မတာထုံးစံပါဘဲ....(မှန်ပါ့)။

အဲဒီတော့ ဝိညာဏ်ရှိလာလို့ ရှိယင်ဖြင့် ဝိညာဏပစ္စယာ....(နာမရူပံ) နာမ်ရုပ်ဆိုတာ လာရမယ်၊ နာမ်နဲ့ ရုပ်နှစ်ပါးပေါ်လာတယ်၊ နာမ်နဲ့ရုပ် နှစ်ပါးပေါ်လာတော့ တကာတကာမတွေ ပဋိသန္ဓေကြီး ရင့်လာတာဆိုတာကော သဘောကျပလား(ကျပါပြီဘုရား)။

ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်ဟာ နောင် ကြီးရင့်လာတော့ နာမ်ရုပ် မလာဘူးလား....(လာပါတယ်ဘုရား) နာမရူပပစ္စယာ....(သဠာယတနံပါဘုရား) သဠာယတနဆိုတော့ အာယတနခြောက်ပါးပေါ့ဗျာ....(မှန်ပါ့)။

စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,မန ဘယ်နှစ်ခုပါလိမ့်.... (ခြောက်ခုပါဘုရား) အဲဒါလဲ ပဋိသန္ဓေက ကြီးပွါးလာတာလို့ ဆိုယင် လွဲသလား.... (မလွဲပါဘုရား) ဒါက ခြောက်ပါးလို့ တကာတကာမတွေ့ မှတ်ထားတာပေါ့နော်....(မှန်ပါ့)။

ဒီမှာ မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,စိတ်ပေါ်လာတာဘဲ (မှန်ပါ့) ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်သည် ကြီးပွါးလာတာ အခုနာမ်ရုပ်လဲ ပဋိသန္ဓေနေမိလို့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်,စိတ်ကော....(ပေါ်လာပါတယ်ဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

နာမရူပပစ္စယာ၊ သာဠာယတနံ၊ သဠာယတနပစ္စယာ ဘာတဲ့ (ဖဿောပါဘုရား) မျက်လုံးရှိတယ်ဆိုတော့ မျက်လုံးနဲ့တွေ့ချင် နားနဲ့တွေ့ချင်ဆိုတဲ့ ဖဿက လာမှာဘဲ၊ ဖဿခြောက်မျိုး လာမယ်....(မှန်ပါ့) ဖဿပစ္စယာ....(ဝေဒနာပါဘုရား) ဝေဒနာလဲ ခြောက်မျိုးလာမှာဘဲ၊ ခြောက်ပေါက်ရှိတယ်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဝေဒနာပစ္စယာ....(တဏှာပါဘုရား)ကိုင်း....ဝေဒနာပစ္စယာ တဏှာက ထုံးစံအတိုင်း ဒီမှာ ဝေဒနာရှိနေလို့ရှိယင်ဖြင့် ဝိပဿနာ မရှုတဲ့ပုဂ္ဂိုလ် တဏှာပေါ်ရမယ်....(မှန်ပါ့)။

တဏှာလာလို့ရှိယင်ဖြင့် ဖျက်ဆီးလို့မရတော့ပါဘူး တကာတကာမတို့ ဥပါဒါန်ဆိုတဲ့ တရားတွေ့ မလာပေဘူးလား.... (လာပါတယ်ဘုရား) လာလို့ရှိယင် ကာယကံ့,ဝစီကံ့,မနောကံကော.... (လာမှာပါဘုရား) လာလိမ့်မယ် ကာယကံ့, ဝစီကံ့ မနောကံနော်....(မှန်ပါ့)။

ကောင်းပြီ....တကာတကာမတို့ ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) ဟော....ဇာတိဆိုတာ တကာသိုက် မှတ်၊ ပဋိသန္ဓေဘဲပြန်လာတယ်....(မှန်ပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဇာတိပစ္စယာ .... (ဇရာမရဏပါဘုရား) ဇရာမရဏဆိုတာ လာဦးမှာဘဲ....တဲ့၊ ဒါ....ပဋိစ္စသမုပ္ပါဒ်မှာဖြင့် ရေတွက်ကြည့်မယ်ဆိုယင်....တဲ့ နှစ်ခုဘဲရှိမယ်ဆိုတာ သိကြမှာဘဲ.... (မှန်ပါဘုရား)။

အဲဒီတော့ ဒီအထဲမှာ တကာတကာမတွေ ဝင်္ဂသုံးပါးပါနေတယ်ဆိုတဲ့ဥစ္စာ မှတ်ရလိမ့်မယ်....(မှန်ပါ)။

ကဲ.... ဝင်္ဂသုံးပါးမပြောခင် အရင်ဟာကလေးဘဲ တကာတကာမတွေ ရှင်းလင်းအောင် ပြကြပါဦးစို့.... (မှန်ပါဘုရား) ဒီဘက်က အဝိဇ္ဇာနဲ့သင်္ခါရ၊ အတိတ်ဘဝ လှုန်ခဲ့တဲ့ဘဝပေါ့ဗျာ (မှန်ပါ) ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ ဥပါဒါန် ကံ၊ ဒါက ပစ္စုပ္ပန်ဘဝ....(မှန်ပါ)။

အခု တကာတကာမတွေဟာ ဒီအထဲမှာဘဲ ဒီကအစ ဒီအဆုံးမှာဘဲ ရှိတယ်....(မှန်ပါ) ဒီဘက်က ဇာတိဇရာ မရဏဆိုတာက နောက်မှ တွေ့ရမည့် အနာဂတ်ဘဝ....(မှန်ပါ)။

အတိတ်ဘဝက ဘယ်သူပါလိမ့်....(အဝိဇ္ဇာသင်္ခါရပါဘုရား) အဝိဇ္ဇာသင်္ခါရ၊ ဩ....အတိတ်ဘဝက ဒီနှစ်ခု ဖြစ်တယ်လို့ မှတ်ထားကြပါ၊ ပစ္စုပ္ပန်ဘဝကတော့ ဘယ်နှစ်ခုတဲ့....(ရှစ်ခုပါဘုရား) ဘယ်သူတွေပါလိမ့်....(ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ကံပါဘုရာ-)။

အနာဂတ်ဘဝက ဘယ်နှစ်ခုပါလိမ့်.... (နှစ်ခုပါဘုရား) ဘယ်သူပါလိမ့်.... (ဇာတိ, ဇရာ, မရဏပါဘုရား) ဇာတိရယ်၊ ဇရာမရဏရယ်.... (မှန်ပါ့) နှစ်ခုတည်းနော်၊ ဇာတိက တခု၊ ဇရာမရဏက တဲ့လျက်တခု....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခင်ဗျားတို့ ရ,ထားတာကို လျှောက်ရွတ်ရုံဘဲ ရွတ်တာဘဲ....၊ ဘယ်ဟာက အတိတ်ဘဝ၊ ဘယ်ဟာက ယခု ဒို့သန္တာန်မှာ ဖြစ်ပေါ်နေတာ၊ ဒါက နောက်က ပေါ်လာမှာမို့ ဝေဘန်ပြီး မသိကြပေဘူးပေါ့ဗျာ....(မှန်ပါ့)။

အခုတော့ တကာတကာမတွေ ရှင်းကြပြီ ဆိုကြပါစို့.... (မှန်ပါ့-ရှင်းပါပြီ) အတိတ်ဘဝက ဘယ်သူပါလိမ့်....(အဝိဇ္ဇာ သင်္ခါရပါဘုရား)။

ဒါ....လွန်ခဲ့တဲ့အတိတ်ဘဝ၊ ဒီဘဝမှာ သူတို့မဟုတ်ပါဘူး၊ ဒီဘဝမှာ ယခုလက်ရှိက ဘာတုံး.... (ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ကမ္မဘဝပါဘုရား) ဒါက ယခုဘဝမှာ ဖြစ်ပေါ်နေတဲ့တရားတွေ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ယံခု မဖြစ်သေးဘူး၊ နောက်မှ ပဋိစ္စသမုပ္ပါဒ် မပြတ်ယင် ဖြစ်ရမည့်တရားက ဘယ်သူပါလိမ့်.... (ဇာတိ, ဇရာမရဏပါဘုရား)။

ဒါဟာအရင်ဟာကိုပြန်ပြီး အစဖေါ်လာတာ၊ဝဋ်ဆုံးပါးမှ ကျွတ်လွတ်တာကိုနိဗ္ဗာန်ကိုးဗျ(မှန်ပါ့) ဝဋ်ဆုံးပါးမှ ကျွတ်လွတ်

တာ နိဗ္ဗာန်လို့ ဆိုသဖြင့် ဝဋ်သုံးပါးကို မသိလို့ရှိယင် ကျွတ်လွတ်ရာလဲ သိမယ်မဟုတ်ပါဘူး....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတို့ ဝဋ်ဆိုတာ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်လို့ ခုနင်က နှုတ်တိုက်ချပေးခဲ့တာ ဘာတဲ့တုံး....(ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ပါဘုရား)။

တကာတကာမတွေ့ ပဋိစ္စသမုပ္ပါဒ်ကို ချုံးလိုက်လို့ရှိယင်ဖြင့် ဘဝနဲ့ချုံးလဲ သုံးမျိုးဘဲ....(မှန်ပါ့) အတိတ်ဘဝ၊ အနာဂတ်ဘဝ၊ ပစ္စုပ္ပန်ဘဝနဲ့ချုံးလိုက်တော့လဲ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး....(မှန်ပါ့)။

အတိတ်ဘဝ၊ အနာဂတ်ဘဝ၊ ပစ္စုပ္ပန်ဘဝနဲ့ အတိုချုံးလိုက်တော့လဲ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးဘဲရတယ်.... (မှန်ပါ့) ဝဋ်သုံးပါးနဲ့ ချုံးလိုက်လို့ရှိယင်လဲ သုံးမျိုးဘဲရတယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ.... ဝဋ်သုံးပါး အသာထားပါဦး၊ တကာတကာမတွေ့သည် ယခု ဘယ်အထဲမှာတုံး....လို့ မေးလို့ရှိယင် ဖြေတတ်ကြပလား....(ဖြေတတ်ပါပြီဘုရား) ဘယ်အထဲမှာတုံး....(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ပါဘုရား)။

ကောင်းပြီ....ဒီရှစ်ခုထည်းမှာလဲ တကာကြွယ်တို့-တကာသိုက်တို့က ခေါင်းဆောင်လုပ်ပြီး မှတ်ကြစမ်းပါ၊ ဒီရှစ်ခုထည်းမှာလဲ တဏှာရယ်, ဥပါဒါန်ရယ်, ကံရယ် မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

တဏှာ,ဥပါဒါန်,ကံ သုံးခုဟာအနာဂတ်အကြောင်း သုံးခု၊ ပစ္စုပ္ပန်ဘဝကနေပြီး အနာဂတ်အတွက် လုပ်နေတဲ့ တရားသုံးခု (မှန်ပါ့) နေတော့ ပစ္စုပ္ပန်ဘဝမှာ နေတာဘဲ.... (မှန်ပါ့)။

ပစ္စုပ္ပန်ဘဝကနေပြီး အနာဂတ်အတွက် လုပ်နေတဲ့တရား သုံးခု....(မှန်ပါ့)နေတော့ ပစ္စုပ္ပန်ဘဝမှာနေတာဘဲ၊ သို့သော် အနာဂတ်အတွက် အားထုတ်နေတဲ့ တရားသုံးခု.... (မှန်ပါ့)။

ဘဝကတော့ ဘယ်ဘဝထည်းမှာတုံး .... (ပစ္စုပ္ပန်ဘဝထဲမှာ ပါဘုရား) သို့သော် သူဟာ ဘယ်သူ့အတွက်ကြိုးစားနေသတုံး- (အနာဂတ်အတွက် ကြိုးစားနေပါတယ်) ဘယ်သူပါလိမ့်ဗျာ.... (တဏှာ ဥပါဒါန် ကမ္မဘဝပါဘုရား) အေး....တဏှာ ဥပါဒါန် ကံပေါ့ဗျာ....(မှန်ပါ့ဘုရား)။

တကာကြွယ်တို့ ဒီဥစ္စာတွေသေသေချာချာမှတ်ရလိမ့်မယ်.... (မှန်ပါ့)အားလုံး တကာတကာမတွေ ဒီဥစ္စာကိုသတိထားပေး ပါနော်....(မှန်ပါ့) သတိထားပေးပါတဲ့၊ ဒီဥစ္စာနားမလည်လို့ ရှိယင်ဖြင့် ဝင့်ကျွတ်တာကိုမသိဘူး .... (မှန်ပါ့) ဝတ်ကျွတ်တာ နိဗ္ဗာန်ဆိုတော့ ဒါနားလည်မှ နိဗ္ဗာန်ကရှင်းမှာ ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဒီအနာဂတ်အကြောင်း သုံးခုဆိုတာ တဏှာ ဥပါဒါန် ကံ၊ အဲဒါ မပြတ်လို့ ရှိယင်ဖြင့် အနာဂတ်ဘဝဆိုတဲ့ အနာဂတ်အကျိုးဟာ လာမှာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် အခုတရားနာနေကြတဲ့ တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဘာတွေ့ လုပ်နေကြတာတုံး ဆိုလို့ ရှိယင်ဖြင့် အနာဂတ်အကြောင်း သတ်နေကြတာဘုရားလို့ ဖြေရလိမ့်မယ် (မှန်ပါ့ဘုရား)။

တရားနာ တရား အား ထုတ် နေ ကြ တာ ဘာပါလိမ့် .... (အနာဂတ်အကြောင်း သတ်နေကြတာပါဘုရား)အနာဂတ် အကြောင်းသတ်နေကြတာ ....(မှန်ပါ့)အနာဂတ်အကြောင်းက ဘယ်သူပါလိမ့်....(တဏှာ ဥပါဒါန် ကံပါဘုရား)။

အဲဒီအကြောင်းသုံးခု မပေါ်အောင်လို့ တကာတကာမတွေ တရားနာနေတယ်၊ တရား အား ထုတ် နေ ကြ တယ် ဆို တော့ အနာဂတ်အကြောင်းသုံးခုဟာ လာသေးရဲလား .... (မလာပါဘုရား) မလာတော့ အနာဂတ်ဘဝဆိုတဲ့ အကျိုးနှစ်ခုဟာ လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား)။

ဩော် .... ဒါဖြင့် တကာတကာမတို့ အနာဂတ်လာမည့် ဇာတိ, ဇရာ, မရဏတွေ ခင်ဗျားတို့ သတ်ကြတာဘဲ လို့ဆိုယင် အမှန်ဘဲ....(အမှန်ပါဘုရား)။

တကာတကာမတို့ တရားအားထုတ်တာသည် ဘာကိုသတ်ပါလိမ့်မလဲ ဆိုလို့ရှိယင်ဖြင့် အနာဂတ် အကြောင်း သုံးခုကို သတ်တာဘဲ....(မှန်ပါ့) ဘယ်သူပါလိမ့် အနာဂတ်အကြောင်း သုံးခုက....(တဏှာ,ဥပါဒါန်,ကံပါဘုရား)။

တဏှာ, ဥပါဒါန်, ကံတွေသတ်နေတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ကံကောင်းအောင်လို့ လုပ်နေတယ်လို့ အောက်မေ့မနေကြနဲ့နော်.... (မှန်ပါ့) ဘာလုပ်နေတာပါလိမ့် (ကံကိုသတ်နေတာပါ) တဏှာ, ဥပါဒါန် ကံသတ်နေတာ .... (မှန်ပါ့ဘုရား)။

ဒါကြောင့် အရင်တုံးက တကာတကာမတွေကိုပြောခဲ့တယ်၊ ဘုရားဘယ်နေရာမှာ ပွင့်သတုံး-ဘုရားဘယ်နေရာမှာဖြစ်သတုံးလို့

မေးဘို့လိုလာတယ်....(မှန်ပါ့) မှတ်မိကြသေးရဲ့လား .... (မှတ်မိပါတယ်ဘုရား)ဘယ်မှာဖြစ်ပါလိမ့်....(ဝေဒနာနဲ့တဏှာအကြားမှာပါဘုရား)။

အေး....ဟောဒီ ခပ်မြင့်မြင့်ကလေးဟာ ဝေဒနာနဲ့ တဏှာကြားမှာဘုရားဖြစ်တယ်*....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ခင်ဗျားတို့ သောတာပန်တည်ယင်လဲ ဒီနေရာမှာတည်ရမှာဘဲ....(မှန်ပါ့) အနာဂါမ် ရဟန္တာဖြစ်ကြယင်ကော .... (ဒီနေရာမှာဖြစ်ရမှာပါဘုရား) ဘုရားဖြစ်တာကော....(ဒီနေရာမှာဖြစ်ရမှာပါဘဲဘုရား)။

ဒါကြောင့် ဘုန်းကြီးက ခပ်ရှင်းရှင်းပြောပါတယ်၊ အမြင်အထင်တော့ ဗောဓိပင်နဲ့ ရွှေပလွင်ပေါ်မှာ ဘုရားဖြစ်တယ်လို့ သိနေကြပါတယ်၊ အဲဒါက ဘုရားဖြစ်တော်မူရာ ဌာနပါ ....(မှန်ပါ့)စင်စစ်ဝမ်းတွင်းမှာ ဘုရားဖြစ်တာကတော့ဖြင့်ဒီနေရာမှာ သဗ္ဗညုတညာဏ်တော်ရတယ်....(မှန်ပါ့ဘုရား)။

ဝေဒနာနဲ့ တဏှာအကြားမှာရသွားပါတယ်.... (မှန်ပါ့) ဝေဒနာကနေပြီး တဏှာမကူးတော့ဘူးဆိုလို့ပါတယ်....(မှန်ပါ့) ဝေဒနာနဲ့ တဏှာအကြားမှာ သဗ္ဗညုတညာဏ် မဂ်ဉာဏ်ရလို့ကိုးတော့ အနာဂတ်အကြောင်းတွေ လာသေးရဲ့လား....(မလာပါဘုရား) အနာဂတ်အကျိုးတွေကော....(မလာပါဘုရား)။

အဲဒီတော့ မြတ်စွာဘုရားက ဘုရားဖြစ်သည်နဲ့ တပြိုင်နက်တည်း တကာကြွယ်တို့ တကာသိုက်တို့ အနေကဇာတိသံသာရဲ၊ သန္ဓာဝိဿံ၊အနိဗ္ဗိသံဂဟကာရံ ဂဝေသန္တော၊ ဒုက္ခဇာတိ ပုနပ္ပုနံ

* ဝေဒနာပစ္စယာ တဏှာမလာတော့ဘဲ ဝေဒနာကြောင့် ပညာဖြစ်လာသည်ဟု ပြတော်မူလိုရင်းဖြစ်သည်။

လို့ဆိုတာ ကြားဘူးကြပါလိမ့်မယ်၊အနေကဇာတင်တဲ့ အခါမှာ လေ....(ကြားဘူးပါတယ်ဘုရား) တဏှာယောကျွဲး လက်သမား မင်းဟာ ခန္ဓာအိမ်ကို ဆောက်ရလိမ့်မယ် မဟုတ်တော့ဘူး ....(မှန်ပါ့ဘုရား)။

အဲဒါ ဘာပြောတာတုံး....(တဏှာယောကျွဲး လက်သမား မင်းခန္ဓာအိမ်ကို ဆောက်ရလိမ့်မယ် မဟုတ်ပါဘူး-တဲ့ ဘုရား) တဏှာလာသေးရဲ့လား....(မလာပါ) မလာယင် ဒီခန္ဓာအိမ် ဆောက်လို့....(မရပါဘုရား) အနာဂတ်ခန္ဓာ ဆောက်နိုင်သေးရဲ့လား....(မဆောက်နိုင်ပါ) အဲဒါကြောင့် တဏှာယောကျွဲး လက်သမားဆိုတာ သူဘဲ.... (မှန်ပါ့) သူလာသေးရဲ့လား....(မလာပါ)ကဲ....မင်းခန္ဓာအိမ် ဆောက်ရလိမ့်မယ်လို့မအောက်မေ့နဲ့၊ မင်းကိုငါနိုင်ပြီတဲ့....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ငါသည်ကားလို့ ဆိုယင်ဖြင့် မင်းတို့၏နယ်မှ ကျွတ်လွတ်ပြီလို့ မပြောဘူးလား....(ပြောပါတယ်ဘုရား) အဲဒါ ဗောဓိပင်နဲ့ ရှေပလွင်ပေါ်မှာ စိတ်ကပြောတာ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာနဲ့ တဏှာအကြားမှာ သဗ္ဗညုတဉာဏ် ပေါ်လာတယ်....(မှန်ပါ့) ပေါ်ပလား....(ပေါ်လာပါပြီ) အဲဒီတော့ တကာတကာမတွေ့က အမြင် အထင်ဖြစ်တဲ့ ဗောဓိပင်နဲ့ ရှေပလွင်ပေါ်မှာ ဘုရားဖြစ်တယ်လို့ပြောတာက ဘုရားသီတင်းသုံးတဲ့ နေရာဌာနကိုသာ ပြောခြင်းဖြစ်ပါတယ် စင်စစ်တော့ ပဋိစ္စသမုပ္ပါဒ်နဲ့ပြောယင် ဒီပဋိစ္စသမုပ္ပါဒ်ကြီးကိုဖြတ်တဲ့နေရာမှာ ဘုရားဖြစ်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်နေရာမှာဖြစ်လိုက်ပါလိမ့်....(ဝေဒနာနဲ့တဏှာအကြား မှာဖြစ်ပါတယ်) အဲ .... ဝေဒနာတွေ ဖြစ်ပျက်ရှုလိုက်တော့ တဏှာကလာသေးရဲ့လား.....(မလာပါဘုရား) အဲ .... ဝေဒနာ ဖြစ်ပျက်ဆုံးသွားတော့ ဒီမှာသဗ္ဗညုတဉာဏ်နဲ့ မဂ်ဉာဏ်ပေါ် လာတယ်....(မှန်ပါ့) မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) ပေါ်လာတော့ ဒီနေရာမှာဘုရားမဖြစ်ဘူးလား....(ဖြစ်ပါတယ်) အဲ....ဘုရားဖြစ်တဲ့နေရာ အစစ်ကဒီလိုမှတ်....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ မဂ်ဉာဏ်တည်ချင်ယင်လဲ ဒီနေရာမှာမဂ်ဉာဏ် ပေါ်ရမယ်....(မှန်ပါ့) သကဒါဂါမ် တည်ချင်ယင် .... (ဒီနေ ရာမှာ မဂ်ဉာဏ်ပေါ်ရပါတယ်ဘုရား)။

အဲဒီတော့ ရှေပိုင်းကဟာတွေ့ မရှုယင်တော့ ဘယ်နည်းနဲ့မှ ခင်ဗျားတို့ ဒီနေရာမှာ ဉာဏ်ပေါ်မှာမဟုတ်ဘူး.... (မှန်ပါ့) ဝေဒနာရှုချင်ရှု၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဖဿရှုချင်ရှု၊ စက္ခု သောတ ဃာန ဇိဝှာ ကာယတွေ့ရှု ချင်ရှု၊ မနဆိုတဲ့စိတ်ကိုရှုချင်ရှု၊ နာမ်ကလေးတွေ့ကွက်ပြီးရှုချင်ရှု ရုပ်ကိုရှုချင်ရှု၊ စိတ်ရှုချင်ရှု၊ ရှုချင်တာရှု၊ ရှေ့ပိုင်းငါးပါးဟာ ရှုစရာချည့်မှတ်ပါ....(မှန်ပါ့) ရှေပိုင်းငါးပါး ရှုလိုက်လို့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးလို့ရှိယင် တဏှာ နေရာမှာ ဉာဏ်ပေါ်မှာဘဲ၊ သဘောကျပလား .... (ကျပါပြီဘုရား)။

ခင်ဗျားတို့ အားထုတ်လို့ရှိယင် ဒီဘယ်နေရာများသောတာ ပန်တည်ပါ့မလဲလို့ အောက်မေ့မနေပါနဲ့၊ တဏှာမလာအောင်

လုပ်နိုင်တဲ့နေရာမှာ သောတာပန်တည်တာဘဲ....(မှန်ပါ့ဘုရား) နေရာက လိုရင်းမဟုတ်ပါဘူး တကာတကာမတို့ သဘောကျပလား....(ကျေပါပြီဘုရား)။

ဒီနေရာမှာ တခါတည်း ဖြစ်ပျက်ရှုလို့ မင်္ပေါ်လာတဲ့နေရာမှာ ဝေဒနာနောက်ကနေပြီး မင်္ပေါ်ရမယ်၊ ဝေဒနာနောက်ကနေပြီး မင်္စစ်ပေါ်လာယင် တဏှာပေါ်ခွင့်ရသေးရဲ့လား....(မရပါဘုရား)အဲ့....တဏှာပေါ်ခွင့် မရလို့ရှိယင် ဒီနေရာမှာ သောတာပန်တည်တယ်....(မှန်ပါ့)သဘောကျပလား....(ကျေပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ရှုတုန်းကလဲ ဒီနေရာကနေရှုတာဘဲ၊ ပဌမ ဝိပဿနာမင်္ပေါ်တော့လဲ ဒီနေရာမှာပေါ်တာဘဲ၊ နောက်တခါ မင်္အစစ်ပေါ်တော့ကော ....(ဒီနေရာမှာပေါ်ပါတယ်ဘုရား)။

ကဲ....ဝိပဿနာမင်္ဆိုတော့ ငါးခု၊ မင်္စစ်ဆိုတော့.... (ရှစ်ခုပါဘုရား) စာလိုသုံးတော့ ပဋ္ဌာဘာဂမင်္ငါးပါး၊ တကယ့်မင်္ဉာဏ်အစစ်ကရှစ်၊ ဒီလိုမနေဘူးလား.... (နေပါတယ်ဘုရား) အဲဒါ ဘယ်နေရာမှာ ပေါ်သတုံး.... (ဝေဒနာနောက်မှာပေါ်ပါတယ်ဘုရား)။

အဲ .... သောတာပန်တည်ယင် ဒီနေရာမှာ တည်မှာဘဲ .... (မှန်ပါ့) တကာကြွယ်တို့ ကျေနပ်ပလား.... (ကျေနပ်ပါပြီ) ဘုရားဖြစ်ယင်ကော....(ဒီနေရာမှာဖြစ်တာပါဘုရား)။

ဗောဓိပင်နဲ့ ရှေပလ္လင်ဆိုတာက ဒါနကုသိုလ်ကံတို့၏ အကျိုး တွေ့ ပေါ်လာပြီး ကိုယ်တော်မြတ်ကြီး သံတင်းသုံးရာဌာနပါ-(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ဖြတ်ပြီး ဉာဏ်တော်ဘုရား ဘယ်နေရာမှာ ဖြစ်သတုံးမေးလို့ရှိယင် ဝေဒနာနဲ့ တဏှာကြားမှာ တဏှာနေရာမှာ တဏှာမပေါ်ဘဲ ဉာဏ်တော်ပေါ်တာပါဘဲ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

သဏ္ဌာန်တော်ဘုရားက သဏ္ဌာနပညတ် ဘုရားကတော့ဖြင့် ဗောဓိပင်နဲ့ရှေပလ္လင်ပေါ်မှာ၊ဉာဏ်ဘုရားကတော့....(ဝေဒနာနဲ့ တဏှာအကြားမှာပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့လဲ ဒီဓမ္မာရုံပေါ်မှာ မဂ်ရအောင် လုပ်နိုင်ကြလို့ရှိယင် ဒါဟာ ခင်ဗျားတို့ ဗောဓိပင်ရှေပလ္လင်လို့ ဖြစ်ရာဋ္ဌာနဘဲ၊ မဂ်ရတာကတော့ ဝေဒနာနဲ့ တဏှာကြားမှာဘဲ (မှန်ပါ့) အဲဒါကြောင့် တကာတကာမတို့ ဩဝါဒ....ဒီနေရာမှာ မဂ်ပေါ်တဲ့နေရာပါကလားလို့ မှတ်ထားရမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘယ်နှယ်ကြောင့် ဒီမဂ်ဟာဘယ်လိုမျှား သတ္တိရှိပါလိမ့်မလဲလို့ မေးတော့မှ ခုနင်က တကာတကာမတွေ သင်ထားတဲ့စကားနဲ့ ဆက်ကြည့်၊ အနာဂတ် အကြောင်းကို ဖြတ်ချလိုက်တာ....(မှန်ပါ့ဘုရား)။

ဘာတွေဖြတ်ချသလဲ .... (အနာဂတ်အကြောင်းကို ဖြတ်ချပါတယ်) ဘယ်သူပါလိမ့် အနာဂတ်အကြောင်းက .... (တဏှာဥပါဒါန် ကံပါဘုရား) အဲ....တဏှာ ဥပါဒါန် ကံတွေကိုဖြတ်ချလိုက်တာ ခုနင်ကပြောခဲ့တဲ့ အနာဂတ်အကျိုးဖြစ်တဲ့၊ ဇာတိ, ဇရာ, မရဏာလာသေးရဲ့လား....(မလာပါဘုရား)။

ဩော်....ဒါကြောင့်လဲ သောတာပန် ဒီနေရာမှာ ဖြစ်တာဘဲ (မှန်ပါ့) သကဒါဂါမ် .... (ဒီနေရာမှာဖြစ်ပါတယ်ဘုရား) အနာဂါမ်....(ဒီနေရာမှာ ဖြစ်ပါတယ်) ရဟန္တာ ....(ဒီနေရာမှာ ဖြစ်ပါတယ်) ပစ္စေကဗုဒ္ဓါ .... (ဒီနေရာမှာ ဖြစ်ပါတယ်ဘုရား) ဒီနေရာမှာချည်းဘဲ ဖြစ်ကြရတာဘဲ....(မှန်ပါ့) အဲ....တကာကြွယ် ဒီနေရာမှာ ဒီမင်္ဂဿင်းယင် ပြီးတာဘဲ....(မှန်ပါ့ဘုရား)။

ဘာလုပ်ကြမယ်....(ဒီနေရာမှာ ဒီမင်္ဂဿင်းယင်ပြီးပါတယ်) ဒီနေရာမှာ ဒီမင်္ဂဿပေါ်အောင် လုပ်ဘို့ဘဲ တကာတကာမတို့.... (မှန်ပါ့) ဘာမှ နေရာတော့ရွေးမနေနဲ့၊ ခန္ဓာကိုယ်ထဲမှာ ဒီမင်္ဂဿပေါ်ဘို့ဘဲ....(မှန်ပါ့) ဒီမင်္ဂဿဟာ ဘာလုပ်ပါလိမ့်မတုံး မေးလို့ ရှိယင် ပဋိစ္စသမုပ္ပါဒ်ကြီးကို ပစ္စုပ္ပန်ဘဝမှာ ဖြတ်ချလိုက်တယ်.... (မှန်ပါ့ဘုရား)။

ပစ္စုပ္ပန်ဘဝမှာ ငါးခုနဲ့ သုံးခုကြားထဲ ဝင်လိုက်တယ် .... (မှန်ပါ့) ရှေ့ကဘယ်နှစ်ခုရှိသလဲ....(ငါးခုပါ) နောက်က.... (သုံးခုပါ) အဲ....ငါးခုနဲ့ သုံးခုကြားထဲမှာ မင်္ဂဿဝင်လိုက်တဲ့အခါကျတော့ သုံးခုကပြတ်တယ်၊ မပြတ်ဘူးလား .... (ပြတ်ပါတယ်ဘုရား)။

သုံးခုပြတ်တော့ကိုနောက်နှစ်ခုကတော့ဖြင့်တကာတကာမတို့ ပြတ်ပါစေဆုတောင်း ရတာမဟုတ်ဘူး၊ အလိုလိုပြတ်တယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီလိုဆိုကော့ ရှေ့ငါးခုကို ရှုလို့ရှိယင် နောက်ငါးခု ပြတ်မယ်....(မှန်ပါ့) ဒါဖြင့် ဒီနေရာမှာ သောတာပန်တည်

နိုင်တဲ့နေရာ၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ သမ္မာသမ္မဗုဒ္ဓဘုရားဖြစ်တဲ့ နေရာဘဲဆိုတာ တကာတကာ့မတွေ့ ယနေ့ အမြင်နဲ့ပြတာဘဲ.... (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သောတာပန်ဖြစ်ချင်ယင် ရှေ့ငါးခု ရှုရုံဘဲ....(မှန်ပါ့) ရှေ့ငါးခုက ဝိညာဏ်, နာမ်ရုပ်, သဠာယတန ဖဿ, ဝေဒနာ၊ ဒါကိုရှုပေးပါ....(မှန်ပါ့)ဒါ တခုခုရှုလို့ဖြစ် ပျက်မြင်- ဖြစ်ပျက်မုန်း၊ ဖြစ် ပျက် ဆုံး လို့ ရှိယင် ဒီနေရာမှာ သောတာပတ္တိမဂ်ပေါ်မှာဘဲ....(မှန်ပါ့) သကဒါမိမဂ်....(ပေါ်မှာပါဘုရား)။

အနာဂါမိမဂ်....(ပေါ်မှာပါ)အရဟတ္တမဂ်.... (ပေါ်မှာပါဘုရား) သဗ္ဗညုတဉာဏ်....(ပေါ်မှာပါဘုရား) ပစ္စေကဗောဓိဉာဏ်....(ပေါ်မှာပါဘုရား) ဒီနေရာချည့်ပေါ်တာဘဲ(မှန်ပါ့) တကာတကာမတွေ့ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒီနေရာမှာ ကျုပ်တို့ အလုပ်လုပ်တဲ့နေရာ ဒီကထိုင်လုပ်ရမှာဘဲဆိုတာတော့ဖြင့် မှတ်ကြပေတော့.... (မှန်ပါ့) ဒီနေရာကနေပြီးသကာလ ရှေဘယ်နှစ်ခုကိုရှုရမှာတုံး....(ငါးခုကို ရှုရမှာပါဘုရား)။

အဲဒါကြောင့် ရှေ့ငါးခုကို ပေါင်းလိုက်လို့ရှိယင် ဟောဒါက ဝေဒနာနုပဿနာ၊ သဘောကျပလား.... (မှန်ပါ့ဘုရား) ဒါတွေက ဓမ္မာနုပဿနာတွေ့၊ဒီဘက်ကဟာတွေက ဘာတွေတုံး ဆိုလို့ရှိယင် စိတ်တွေ့၊ သဠာယတနထဲကလဲ မနာယတနဆိုတာ

ကလဲ စိတ်ဆိုတော့ သူ့တို့က စိတ္တာနုပဿနာ ကျန်တဲ့ရုပ်တွေက ကာယာနုပဿနာသွားဖြစ်တယ်....(မှန်ပါ့) ဝေဒနာနဲ့စိတ်မှတပါးသော နာမ်ဓမ္မတွေကတော့ ဓမ္မာနုပဿနာထဲ သွင်းလိုက်ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရှေ့ပိုင်းမှာ သတိပဋ္ဌာန်ကို ဝေဘန်လိုက်ယင် ဘယ်နှစ်မျိုးရှိသလဲ.... (လေးပါးရှိပါတယ်ဘုရား) သတိပဋ္ဌာန်အလို လေးပါးဘဲရှိတယ်၊ ပဋိစ္စသမုပ္ပါဒ်အလိုတော့ ငါးပါး....(မှန်ပါ့ဘုရား)။

အဲ.... သတိပဋ္ဌာန်အလိုတော့ လေးပါးဘဲရှိတယ်၊ အဲဒီရှေ့ပိုင်းသတိပဋ္ဌာန်လေးခုထဲက၊ တခုရှု ကျန်တဲ့သုံးခု ပါတာဘဲ.... (မှန်ပါ့) မပါဘူးလား....(ပါ-ပါတယ်ဘုရား) အဲ....ဒါသေသေချာချာမှတ်ပါ၊ ခင်ဗျားတို့ တရားပြေးမနေပါနဲ့၊မရှုဘဲနဲ့တော့ မရဘူး....(မှန်ပါ့ဘုရား)။

ရှု ဆိုတာသည် အဖြစ်အပျက်ကို မြင်ဘို့ရာသည် အရေးကြီးဆုံးဘဲ....(မှန်ပါ့) ကိုင်း.... ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲလို့ မေးထားတယ်၊ ဒီနေ့ နိဗ္ဗာန်ကို ဟောရမှာကိုး နိဗ္ဗာန်ဟောမည့်ဥစ္စာ ပဋိစ္စသမုပ္ပါဒ် ပြရတာက ဒီထဲမှာ ဝင်္ဂတွေကပါနေလို့ ပြရတာ....(မှန်ပါ့)ကဲ.... ဒါဖြင့် ဒီဇာတ်ကိုသိမ်းလိုက်....(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ် အင်္ဂါက ဆဲ့နှစ်ခုရှိတာမှတ်ထားမှ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲ နိဂြောဓဿ နိဿရဏဋ္ဌေလို့ ဟောထားသောကြောင့်ဒုက္ခဝဋ်မှကျွတ်လွတ်တာနိဗ္ဗာန်ဘဲ....(မှန်ပါ့) ဒုက္ခဝဋ်က ဘယ်နှစ်မျိုး ဘယ်နှစ်ခုရှိသတုံး မေးတော့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဝဋ်ကျတ်တာ နိဗ္ဗာန်လို့ ဆိုထားတယ်နော်....(မှန်ပါ့ဘုရား) ဝေဒနာနဲ့ တဏှာကြားမှာ ခင်ဗျားတို့ ဖြစ်ပျက်ရှုတဲ့ မဂ်ဉာဏ်ဝင်လိုက်....(မှန်ပါ့) မဂ်ဉာဏ် ဝင်လိုက်ကရော မဟုတ်လား....(မှန်ပါ့)။

ဝင်လိုက်တဲ့အခါကျလို့ ရှိယင် ဒါကလဲ အဝိဇ္ဇာ၊ ဒီက တဏှာ၊ ဒီက ဥပါဒါန်ဆိုတော့ ကိလေသာ မနေဘူးလား....(နေပါတယ်ဘုရား) ဟောဒီ ကိလေသာဝဋ်က စ,ပြီး ကျတ်တယ် (မှန်ပါ့)။

ကိလေသဝဋ်ကျတ်သွားတော့ တဏှာ, နိရောဓာ,ဥပါဒါန နိရောဓော,ဥပါဒါန, နိရောဓာ,ကမ္မဘဝ နိရောဓော, ဆိုတော့ ဟော....ကမ္မဝဋ်ကျတ်ပြီ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

မဂ်ဝင်လိုက်တာ ကိလေသဝဋ်ကော မကျတ်ဘူးလား....(ကျတ်ပါတယ်ဘုရား) သူ့နောက်က ဘာကျတ်သတုံး....(ကမ္မဝဋ်ကျတ်ပါတယ်ဘုရား) သူ့နောက်က ဘာကျတ်ပြန်သတုံး....(ဝိပါကဝဋ် ကျတ်ပါတယ်ဘုရား) ဇာတိ, ဇရာ, မရဏဆိုတာ ဝိပါကဝဋ်၊ ဝဋ်သုံးပါးမှ ကျတ်တယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါ.... သေသေချာချာ လက်ထပ်ပြလို့မှ တကာကြွယ်တို့ မရှင်းသေးလို့ ရှိယင်ဖြင့် စာထဲနဲ့တော့ ဝေးပါသေးရဲ့.... (မှန်ပါ့) တဏှာ,ဥပါဒါန်လာသေးရဲ့လား....(မလာပါဘုရား) အဲဒါ ကိလေသဝဋ်ချုပ်တာ....(မှန်ပါ့)။

မင်္ဂလာတော့ တဏှာ,ဥပါဒါန် လာသေးရဲ့လား.... (မလာပါဘုရား) အဲဒါ ဘယ်ဝဋ်ချုပ်သွားတာတုံး.... (ကိလေသဝဋ်ချုပ်တာပါဘုရား)။

ကိလေသဝဋ်ချုပ်သွားတော့ ကိလေသဝဋ်,တဏှာ,ဥပါဒါန် နှစ်ခုမချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား) ဥပါဒါနနိရောဓါ၊ ကမ္မဘဝ နိရောဓောဆိုတော့ ဘာချုပ်သွားသတုံး.... (ကမ္မဝဋ်ချုပ်ပါတယ်ဘုရား)။

မင်္ဂလိုက်တာ ရှေးဦးစွာ ကိလေသဝဋ် ချုပ်တယ်၊ နောက် ဘာချုပ်သလဲ.... (ကမ္မဝဋ်ချုပ်ပါတယ်ဘုရား) ကဲ.... ကမ္မဘဝ နိရောဓာ....(ဇာတိနိရောဓော) ဇာတိ နိရောဓာ ....(ဇရာမရဏာနိရောဓော) ဇာတိ,ဇရာ,မရဏက ဝိပါကဝဋ်ကိုး....ဗျ၊ အကျိုးပေးတဲ့ ဝိပါကဝဋ် မကျတ်ဘူးလား.... (ကျတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ မင်္ဂလာလိုက်တာသည် ကိလေသဝဋ်လဲ ကျတ်တယ်....(မှန်ပါ့) ကမ္မဝဋ်ကော.... (ကျတ်ပါတယ်ဘုရား) ဝိပါကဝဋ်ကော....(ကျတ်ပါတယ်ဘုရား) ဝဋ်သုံးပါးမှ ကျတ်တယ်....(မှန်ပါ့)။

နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်.... (ဝဋ်သုံးပါးမှ ကျတ်တာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား) ဘယ်ဝဋ်- ဘယ်ဝဋ် ကျတ်ပါလိမ့်....(ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ကျတ်ပါတယ်ဘုရား)။

အခုတော့.... နိဗ္ဗာန်ကို ဘုန်းကြီးက မဟောသေးပါဘူး၊ မင်္ဂလာကြောင့် ကျတ်တယ်လို့ဘဲ မှတ်ထားပါဦး.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

မင်ကြောင့် ကျွတ်တယ်လို့ဘဲ မှတ်ထားပါဦး အခုဟာက၊ ပေါ်လာပါလိမ့်မယ်.... (မှန်ပါ့) နိဗ္ဗာန်ဆိုတာသည် ဝဋ်သုံးပါးမှ ကျွတ်ရာ နိဗ္ဗာန်ကိုဆိုတဲ့ဥစ္စာတော့ အစောကြီးက ပြောထားပါတယ်....(မှန်ပါ့)။

ကဲ.... အခုတော့ဖြင့် မင်္ဂလဲ ဝင်လိုက်ပါရော ဘယ်ဝဋ်က စ,ပြီး ကျွတ်သလဲ.... (ကိုလေသာဝဋ်က စ,ပြီး ကျွတ်ပါတယ် ဘုရား) နောက် ဘယ်သူကျွတ်သတုံး.... (ကမ္မဝဋ်ကျွတ်ပါတယ် ဘုရား) နောက် ဘယ်သူကျွတ်သလဲ....(ဝိပါကဝဋ်ကျွတ်ပါတယ် ဘုရား)။

စင်စစ်တော့ဖြင့် တပြိုင်နက် ကျွတ်တယ်လို့သာ မှတ်ပါ၊ ပဋိစ္စသမုပ္ပါဒ်တန်းပြလို့သာ.... (မှန်ပါ့ဘုရား) ကိုလေသဝဋ် ကျွတ်ကတည်းကိုကဟိုဟာတွေပေါ်သေးရဲ့လား (မပေါ်တော့ ပါဘုရား) မပေါ်ဘူးဆိုတာ ထင်ရှားမနေဘူးလား....(ထင်ရှား နေပါတယ်ဘုရား) တကာကြွယ်တို့ သဘောပါပလား.... (ပါ-ပါပြီဘုရား)။

တယ်ပြီးတော့ ဒို့-အားထုတ်နေတဲ့မင်္ဂဟာဖြင့် ဝဋ်ကျွတ်အောင် လုပ်နိုင်ပါပေတယ်ဆိုတာ ခင်ဗျားတို့ သူမျှားပြောလား၊ မျက်မြင်လား....(မျက်မြင်ပါဘုရား) ဉာဏ်မျက်မြင်ဘဲ ထင်ရှားပါတယ်....(မှန်ပါ့)။

ရှေးကတော့ ဝဋ်ဘဝတိုတိုနဲ့ဆိုတာ ဒါတွေ့ တိုပါရစေပြောတာ....(မှန်ပါ့) ကိုလေသာဝဋ်လဲ တိုပါရစေ၊ ကမ္မဝဋ်ကော....(တိုပါရစေ) ဝိပါကဝဋ်ကော....(တိုပါရစေ) ဝဋ်ဘဝတိုတိုနဲ့ မင်္ဂဖိုလ်ရ,ရပါလို့ဆိုတော့ သူတို့လဲ တိုမှ မင်္ဂဖိုလ်ရမှာ (မှန်ပါ့)။

ဘုန်းကြီးတို့က အဲဒါ ရှာမနေတော့ဘူး တကာကြွယ်.... (မှန်ပါ့) အခုလုပ်ပါ၊ အခုကို တိုတာတောင် မဟုတ်တော့ဘူး၊ ပျောက်သွားတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်နှယ်ဆိုမလဲ.... (တို့ရုံမဟုတ်ဘူး-ပျောက်သွားနိုင်ပါတယ်ဘုရား)ပျောက်သွားနိုင်တယ်ဆိုသဖြင့် ကိလေသာချုပ်လဲ နိဗ္ဗာန်၊ ကံချုပ်လဲ....(နိဗ္ဗာန်ပါဘုရား) အကျိုးပေးချုပ်လဲ.... (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါ့ကြောင့် ဝဋ်ကျတ်တယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား) ဘယ်သူ့ကြောင့် ကျတ်ပါလိမ့် အခုမြင် ပြောကြစမ်း....(မင်ကြောင့် ကျတ်တာပါဘုရား)။

တကာတကာမတို့ အခုဝဋ်ကျွတ်သွားတာဟာ မင်ဉာဏ်လိုက်လာလို့ ဒါတွေမလာတာ.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

မင်ဉာဏ်သာ မလာသေးယင် ဒါတွေက ဒီကြားထဲမှာ ဇဝဒနာ, ပစ္စယာ, တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာ,မရဏနဲ့ ခုနှင်က ပြခဲ့တဲ့အတိုင်း အကုန်မသွားပေဘူးလား.... (သွားပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မင်ဉာဏ်တံခိုးဟာဖြင့် တကာကြွယ်တို့-တကာသိုက်တို့ အလွန်ကျေးဇူးများတယ်.... (မှန်ပါ့) ဘဝများစွာ သံသရာက ဒီနေရာမှာ ခင်ဗျားတို့တခါမှ မလာဘူး-ဘူးဆိုတာ သာမှတ်ပေတော့....(မှန်ပါ့)။

ဒီနေရာမှာ ဘာမှ မလာဘူးဘူး၊ ဝေဒနာနဲ့ တဏှာကြား မှာ မဂ်နဲ့ တူတာတော့ဖြင့် မလာဘူး-ဘူး၊ ဒီနေရာမှာ ခင်ဗျား တို့လာလို့ရှိယင် ဘာလာမတုံးလို့ မေးလို့ရှိယင် ဒီနေရာမှာ ဒါနကုသိုလ်လဲ လုပ်တယ်၊ သီလကုသိုလ်လဲ လုပ်တယ်၊ သမထ ကုသိုလ်လဲ လုပ်ခဲ့တယ်၊ အဲဒါတွေက ဒါတွေကို မချုတ်နိုင်ဘူး (မှန်ပါ့) ချုတ်ကို မချုတ်နိုင်ဘူး....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ပြတ်အောင်လုပ်နိုင်ပါ့မလား....(မလုပ်နိုင်ပါဘုရား) မလုပ် နိုင်ဘူး၊ မဂ်မှ မဟုတ်ဘဲကိုးဗျ....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်းဒါဖြင့် တကာတကာမတို့ဩဝါဒီမဂ်ကလေးဒို့ သန္တာန် မှာ ပေါ်လိုက်လို့ရှိယင် ဝဋ်ကျတ်ဆိုတာကော ယနေ့ ဆုံးဖြတ်ချက်ချကြပါ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

အနာဂတ်အကြောင်းတွေ ကုန်ပေါ့ဗျာ၊ အနာဂတ်အကျိုး ဘယ်နှယ်နေမလဲ.... (ကုန်ပါတယ်ဘုရား) ကုန်တာဘဲဆိုတာ ကောင်းကောင်းကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်အမြင်နဲ့ ပြလိုက်သဖြင့် ဩဝါ.... ဝဋ်ကျတ်ဆိုတာ တဏှာ, ဥပါဒါန် ကျတ်တာကိုး၊ ဒီဘက်ဟာ ကံကျတ်တာကိုး.... (မှန်ပါ့) ဒီဘက်က ဇာတိ ဇရာ မရဏဆိုတဲ့ အကျိုးပေးကျတ်တာကိုးလို့ ဆိုတာမသိကြဘူးလား (သိကြပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) ကိလေ သာနဲ့ ကံက သမုဒယသစ္စာ၊ ဒီဘက်ဟာက ဒုက္ခသစ္စာ-(မှန်ပါ့) မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

ကိလေသာဝဋ်နဲ့ ကမ္မဝဋ်က ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား) ဝိပါကဝဋ်က.... (ဒုက္ခသစ္စာပါဘုရား) သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ချုပ်သွားတယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘာချုပ်သွားပါလိမ့်....(သမုဒယသစ္စာနဲ့ဒုက္ခသစ္စာချုပ်သွားပါတယ်ဘုရား) သစ္စာဖဲ့လိုက်တော့ သူတို့ ဒါဘဲ ရတယ်....(မှန်ပါ့)။

ကဲ ...တကာကြွယ်တို့ သေပျော်ပါပြီ၊ ဒီ-တရားမျိုးနာရတာ (မှန်ပါ့ဘုရား) ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ပေါင်းလိုက်တဲ့အခါ သူတို့က အကြောင်းနှစ်ခုဖြစ်သောကြောင့် အကြောင်းသမုဒယသစ္စာချည့်မှတ်....(မှန်ပါ့)။

သူတို့က အကျိုးပေးလို့ ဒီမှာ ဇာတိ ဇရာ မရဏ မလာပေဘူးလား....(လာပါတယ်ဘုရား) အဲဒါက အကျိုးဒုက္ခချည်းမှတ်....(မှန်ပါ့)။

ဒါဖြင့် ဒီဘက် နှစ်ခုက ဘာသစ္စာ .... (သမုဒယသစ္စာပါဘုရား) ဒီဘက်ကဟာက....(ဒုက္ခသစ္စာပါဘုရား) မဂ်ပေါ်ယင် လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် မဂ်သည် သမုဒယသစ္စာလဲဖြတ်တယ်၊ ဒုက္ခသစ္စာကိုလဲ နေရစ်တော့လို့ ပိုင်းခြားတယ်....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သမုဒယသစ္စာကိုလဲ....(ဖြတ်ပါတယ်) ဖြတ်တယ်၊ ပယ်တယ်၊ ဒုက္ခသစ္စာကိုလဲ မလိုက်နိုင်အောင် ပိုင်းခြားထားပစ်ခဲ့တယ် ....

(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဇာတိ, ဇရာ, မရဏတွေ့ လိုက်နိုင်သေးရဲ့လား....(မလိုက်နိုင်ပါဘုရား)။

တကာကြွယ် နေရာကျပြီ၊ ဒီနေရာ ခင်ဗျားတို့ကြိုးစားဖြစ်အောင် ကြိုးစားပါ၊ ကြိုးစားဖြစ်အောင် ကြိုးစားပါ တကာတကာမတို့၊ ဒီနေရာမှာ မကြိုးစားလို့ ရှိယင်ဖြင့်ဒီဘက်ကိုဆက်လို့ ဆုံးမှာမဟုတ်ဘူး....(မှန်ပါ့) ဆုံးပါ့မလား.... (မဆုံးပါဘုရား) မဆုံးတော့ဘူး၊ တကာတကာမတို့ ဒီနေ့တော့ နိဗ္ဗာန်ကိုပြောချင်လို့ ဒီဥစ္စာကို မူတည်ပေးတာရှိပါသေးတယ်....(မှန်ပ၊်)။

ကဲ .... ဒါဖြင့် မင်္ဂလာလိုက်ယင် သမုဒယနဲ့ ဒုက္ခချုပ်သွားတာကော သေချာပလား....(သေချာပါပြီဘုရား) ဝင်္ဂလိုပြောတော့ ကိလေသဝင်္ဂလဲချုပ်၊ ကမ္မဝင်္ဂလဲချုပ်၊ ဝိပါကဝင်္ဂကော မချုပ်ဘူးလား....(ချုပ်ပါတယ်) အဲ .... ဘယ်သူလာလို့ပါလိမ့် (မင်္ဂလာလို့ပါဘုရား)။

ဩော်....ဒါဖြင့် နေရာကျပြီ၊ တကာတကာမတို့မင်္ဂလာလို့ ချုပ်သွားတာ....(မှန်ပါ့) ကောင်းပြီ ဒါမင်္ဂသည်ကားလို့ဆိုလို့ ရှိယင် တကာတကာမတို့က စဉ်းစားရမယ်၊ မင်္ဂဆိုတဲ့ဥစ္စာသည် ဆရာသမား အကူအညီရမှ ဒီနေရာမှာရှုတတ်တယ်၊ ဒီနေရာမှာ မင်္ဂလာတယ်....(မှန်ပါ့) ဆရာသမား အကူအညီမရယင် မင်္ဂကို ဒီနေရာမှာဝင်ရမယ်လို့ မသိဘူး.... (မှန်ပါ့) သိပါ့မလား.... (မသိပါဘုရား)။

ကိုင်း....ဒါဖြင့် ဒီနေရာမှာမင်္ဂပေါ်လိုက်တာ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာချုပ်တယ်....(မှန်ပါ့) ဝင်္ဂတွေကော....(ချုပ်ပါတယ်)

ဝင်္ဂဒေါလဲ ချုပ်ပျောက်သွားတာဘဲ.... (မှန်ပါ့) သစ္စာအားဖြင့် နှစ်ပါး၊ ဝဋ်အားဖြင့်သုံးပါး....(မှန်ပါ့ဘုရား)။

သစ္စာအားဖြင့် နှစ်ပါးချုပ်မယ်၊ ဝဋ်အားဖြင့် သုံးပါးချုပ် တယ်ဆိုတာပေါင်းတာနဲ့မပေါင်းတာ ကွာတာပါဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဩော်.... ဒါဖြင့် မင်္ဂသတ္တိတယ်ပြီး တန်ခိုးကြီးပါလားလို့ တကာတကာမတွေ့ သိကြမှာဘဲ(မှန်ပါ့)ကိလေသေ မာရဏ္ဍော ဂစ္ဆတိတိမင္ဂေါ၊ ကိလေသေ= ကိလေသာတို့ကို၊ မာရေဏ္ဍော= သတ်လျက်၊ ဂစ္ဆတိ= သွားတတ်၏၊ ဣတိသ္မာ = ထို့ကြောင့်၊ မင္ဂေါ=မင်္ဂသည်၏ဆိုတဲ့ဥစ္စာနဲ့၊ နိဗ္ဗာနံ မဂ္ဂတိဂဝေသတိ မင္ဂေါ ဆိုတဲ့အတိုင်း နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့်လဲ မင်္ဂလို့ ဆိုတာ မှန်လိုက်တာ....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒီမင်္ဂဟာ တကာတကာမတို့ မြင်စရာမရှိဘဲနဲ့ မြင်တာတော့ မပေါ်ပါဘူး .... (မှန်ပါ့) မြင်စရာမရှိဘဲနဲ့.... (မြင်တာမပေါ်ပါဘုရား)မြင်စရာမှဘာမှမရှိဘဲနဲ့ကျုပ်မြင်တယ် ဆိုတဲ့ မြင်တတ်တဲ့သဘောကလေးတွေ့ ပေါ်ပါ့မလား(မပေါ်ပါ)ဒါဖြင့် မြင်စရာမရှိဘဲနဲ့ မြင်တာမပေါ်ဘူးလို့ မှတ်ထားပါ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မင်္ဂဆိုတာ မြင်တတ်တာ သမ္မာဒိဋ္ဌိမျက်လုံးဘဲ .... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီ) မြင်စရာရှိမှ သူမြင်တတ်တဲ့ သဘောပေါ်မှာဘဲ....(မှန်ပါ့)မြင်စရာမှမရှိဘဲနဲ့.... (မြင်တတ်တဲ့ သဘောမပေါ်ပါဘုရား)။

အဲဒါကြောင့် ဒီမဂ္ဂင်သည် ပဌမရှေးဦးစွာ ငါးပါးလို့ ဆရာဘုန်းကြီးကပြောတယ်....(မှန်ပါ့)ပုဗ္ဗဘာဂမဂ်ဟာ ငါးပါး ရှေးဦးစွာဖြစ်တဲ့ မဂ်ကငါးပါး၊ ဘုရားကစပြီး ဘုရားလဲ ဒီငါးပါးက ရှစ်ပါးတက်တာဘဲ....(မှန်ပါ့) ဒါကျော်လို့တော့ တကာကြွယ် မရဘူး .... (မှန်ပါ့) ရှေးဦးစွာဖြင့် ဘယ်လိုရှုရှု ငါးပါးထက် ဘယ်သူမှ ပိုပြီးမရဘူး....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ရှေ့ပိုင်းမှာ သတိပဋ္ဌာန်ဘယ်နှစ်ပါးရှိသလဲ (လေးပါးပါဘုရား) ပဋိစ္စသမုပ္ပါဒ်အလိုတော့.... (ငါးပါးပါ) အဲ....ပဋိစ္စသမုပ္ပါဒ်အလိုတော့ ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ....(မှန်ပါ့ဘုရား)။

သတိပဋ္ဌာန်အလိုတော့ ကာယနုပဿနာ၊ဝေဒနာနုပဿနာ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ လေးခုရှိတယ် .... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) သတိပဋ္ဌာန်က ပေါင်း လိုက်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကတော့ တန်းပြတယ်....(မှန်ပါ့)။

မယ္လုတ်တော့ ရှုပ်နေမှာဘဲ၊ ယူတတ်တော့ ဒါနဲ့ဒါဘဲ ဆိုတာ သိသွားတယ်....(မှန်ပါ့) ကျေနပ်ကြပလား....(ကျေနပ် ပါပြီဘုရား) အဲဒီတော့ ရှေ့ပိုင်းက ရှုစရာ ဘယ်နှစ်ခုတဲ့တုံး.... (ငါးခုပါဘုရား) အဲဒီ ငါးခုထဲက တခုခုကိုရှုပါလို့ ဘုန်းကြီးက သတိပေးလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ မဂ်ပေါ်ချင်ယင် တခုခုရှု .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) မဂ်ပေါ်ချင်ယင် သတိပဋ္ဌာန် လေးပါးထဲက တပါးပါးရှု ...(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ငါးခုထဲက တပါးပါးရှုယင် ဘာပေါ်မယ်ထင်သတုံး .... (မဂ်ပေါ်ပါမယ် ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီမင်္ဂသည်ကားလို့ ဆိုယင်ဖြင့် ရူစရာရှိလို့ပေါ်တာ....(မှန်ပါ့)ရူစရာမရှိလို့ရှိယင်....(မပေါ်ပါဘုရား) ရူစရာမရှိလို့ရှိယင် ရူတာဆိုတဲ့မင်္ဂဟာ ဘယ်နည်းနဲ့မှ မပေါ်နိုင်ဘူး....(မှန်ပါ့) ပေါ်နိုင်ပါ့မလား.... (မပေါ်နိုင်ပါဘုရား)။

အေး....ဒါ့ကြောင့် ဒီအထဲကဟာကို ရူပါလို့ပြောတော့ တကာတကာမတွေ့ ပေါင်းလိုက်တော့ သတိ ပဋ္ဌာန် အာ လို့ လေးပါး၊ ပဋိစ္စသမုပ္ပါဒ်အလို့ ငါးပါး၊ သဘောကျပလား .... (ကျပါပြီဘုရား)။

ကဲ....နာမ်ရုပ်ပေါင်းကြစို့ ဆိုတော့ နာမ်နဲ့ရုပ်ဘဲရှိတယ် .... (မှန်ပါ့) ဝိညာဏ်ဆိုတာလဲ တကာတကာမတို့ စိတ်မဟုတ်လား (မှန်ပါ့)ဒီအထဲကမနာယတနဆိုတာကော....(စိတ်ပါဘဲဘုရား) အဲ.... စိတ်-စိတ်ချင်းပေါင်းလိုက်တော့ တခုဘဲရှိတယ်....(မှန်ပါ့) သဘောကျပလား.....(ကျပါပြီဘုရား)။

အဲဒီတော့ ဒီအထည်းမှာ နာမ်ရုပ်ဆိုတာ ဒီဘက်ကရုပ် ပေါ့ဗျာ.... (မှန်ပါ့) စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ တွေ့လဲရုပ်၊ ရုပ်ဘဲရှိတယ် သဘောကျပလား .... (ကျပါပြီ) ဒီဘက်ကနေပြီး သကာလ သညာတို့ ဖဿတို့ ဝေဒနာတို့ကို နာမ်ထဲပေါင်းလိုက်၊ ပေါင်းလိုက်တော့ နာမ်နဲ့ ရုပ်ဘဲရှိတယ်.... (မှန်ပါ့ဘုရား)။

ရှေ့ပိုင်းက ပေါင်းလိုက်တော့ ဘာဘဲရှိသတုံး .... (ရုပ်ဘဲရှိပါတယ်)အဲ....ရုပ်ရှယင် နာမ်ပါမယ်၊ နာမ်ရှယင်ရုပ်ပါမယ်.... (မှန်ပါ့) ကျနပ်ပလား....(ကျနပ်ပါပြီဘုရား)။

အဲဒါတွေ နားလည်တော့မှ ဩဇာ .... ဘယ်သူကမှန်တယ်၊ ဘယ်သူကမှားတယ်လို့ ခင်ဗျားတို့တွက် မနေနဲ့နော်....(မှန်ပါ) မှားတယ်၊ မှန်တယ်တွက်မနေနဲ့၊ ပေါင်းတတ်လို့ ရှုတတ်လို့ သဘောမှာညီမျှသွားကြလို့ရှိယင် နေရာကျတာချည်းဘဲ ဆုံးဖြတ်ချက်ချ....(မှန်ပါဘုရား)။

ကိုင်း .... နာမ်ထဲကနေပြီး ဘုန်းကြီးတို့က ဟောနေတယ်၊ တကာတကာမတွေကိုနော် .... (မှန်ပါဘုရား) နာမ်ထဲကနေပြီး ဟောနေတော့ နာမ်ဆိုတာက ဒီမှာကြည့်လိုက်တော့ တကာတကာမတွေ လေးပါးဘဲရှိတယ်၊ အောက်ကနှစ်ပါး၊ အပေါ်ကနှစ်ပါး လေးပါး....(မှန်ပါ) ရုပ်ဆိုတာက နှစ်ဆဲ့ရှစ်ခု ရှိတယ်ဆိုတာ ရုပ်တမျိုးထည်းပါဘဲ....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ရုပ်နာမ်ဘဲရှိတယ်.... (မှန်ပါ) အဲဒီတော့ နာမ်ဆိုတာခဲ့လို့ ရတာမဟုတ်ဘူး နာမကွန္ဓာလေးပါး ဘယ်တော့မှ ခဲ့နေလို့ မရဘူး....(မှန်ပါ) သဟဇာတ ဖြစ်ဖေါ်ဖြစ်ဘက်ချည်းဘဲ .... (မှန်ပါ) အဲ .... တခုရှုလို့ တခုပျက်နေယင် ကျန်တာတွေလဲပျက်တာဘဲ....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီအထဲကနေပြီး သကာလ တကာတကာမတို့ ဝေဒနာကလေးတလုံးကိုရှုလိုက်၊ သဘောကျပလား....(ကျပါပြီဘုရား) ဝေဒနာရှုတော့ နာမ်ရှုတာလား- ရုပ်ရှုတာလား .... (နာမ်ရှုတာပါဘုရား)။

အဲ....နာမ်ရူတာဆိုတော့ ဝေဒနာကလေးကို တကာတကာမ တွေက ဘုရားဟောတော်မူတဲ့အတိုင်း သုခဝေဒနာ, ဒုက္ခဝေ ဒနာ, ဥပေက္ခာဝေဒနာကို ပေါ်ရာကို တကာကြွယ်တို့ကလိုက်ရှု (မှန်ပါ့ဘုရား)။

ရှုလိုက်တော့ ဘာတွေတွေ့မလဲ၊ ဝေဒနာတွေ့မလား၊ အနိစ္စ တွေ့မလား....(အနိစ္စတွေ့ပါမယ်) ရှင်းပြီနော်.... (ရှင်းပါပြီ) ဖြစ်ပြီး ပျက်သွားတာကလေးတွေ့ မတွေ့ပေဘူးလား .... (တွေ့ ပါတယ်ဘုရား) ဒါကလေးတွေ့ဟာ ဘာပါလိမ့် .... (အနိစ္စပါ ဘုရား)။

ဒါဖြင့် သူက အနိစ္စပြတော့မှ ဒီကအနိစ္စမြင်တဲ့ ငါးခုပေါ် လာတယ်....(မှန်ပါ့) ဒီငါးခုကလဲ တကာတကာမတို့ ဒီအနိစ္စ မရှိဘဲနဲ့ပေါ်တာလား အနိစ္စရှိလို့ပေါ်တာလား.... (အနိစ္စရှိလို့ ပေါ်လာတာပါ) အနိစ္စရှိလို့ အနိစ္စသိတာလို့ မှတ်ပါ....(မှန်ပါ့ ဘုရား)။

ဘယ်လိုမှတ်ကြမယ် .... (အနိစ္စရှိလို့ အနိစ္စသိတာပေါ်တာ ပါဘုရား) ဒါဖြင့် သိတာကနောက်ကျတာပေါ့ဗျာ....(မှန်ပါ့) အနိစ္စရှိလို့ အနိစ္စသိတော့ အနိစ္စသိတာက မဂ္ဂင်ငါးပါး ရှင်း ပလား....(ရှင်းပါပြီဘုရား)။

အနိစ္စကတော့ဖြင့် ရှိတာဘဲ၊ ရှိပင်ရှိငြားသော်လဲ ခင်ဗျားတို့ ဆရာကောင်း သမားကောင်း နည်းမရယင် မသိပါဘူး(မှန်ပါ့) မသိတော့ ဒီနေရာမှာ မဂ်မလာဘဲနဲ့ တဏှာ, ဥပါဒါန်ဘဲ လာ ပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

အနိစ္စရှိမှန်းမသိတော့ ခိုင်တယ်, မြဲတယ်လို့ ယူပြီး တဏှာနဲ့ ခင်လိုက်တယ်၊ ခင်လိုက်တော့ ဥပါဒါန်လာတာဘဲ၊ ဥပါဒါန်လာယင် ကံတွေလာဦးမှာဘဲ....(မှန်ပါဘုရား)။

ဒါဖြင့် အနိစ္စရှိလို့ အနိစ္စသိအောင်ကတော့ဖြင့် ဆရာဘုန်းကြီးက ကူပေးမယ် .... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ကူပေးလိုက်တဲ့အခါကျတော့ ခင်ဗျားတို့သန္တာန်မှာ ယားတဲ့ဝေဒနာကလေးကိုလဲ ဘာလုပ်ရမလဲ .... (ဖြစ်ပျက် ရှုရပါမယ်) နာတဲ့ဝေဒနာကလေးကော....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ကောင်းတဲ့ဝေဒနာ မကောင်းတဲ့ဝေဒနာကြားထဲကသွားတဲ့ မြင်ကာ မတွာ့ဆိုတဲ့ ဥပေက္ခာဝေဒနာကလေးကိုကော....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဖြစ်ပျက် ရှုပေးနေဆိုတော့ သူတို့က ဖြစ်ပျက်၊ ရှုပေးပါဆိုလို့ ရှုတာက....(မင်္ဂပါဘုရား) ဟော....မဂ္ဂင်ငါးပါး ပေါ်လာတယ်....(မှန်ပါ) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒီမဂ္ဂင်ဟာ တကာတကာမတို့ ဒီဘက်က အနိစ္စတည်းဟူသော အာရုံကြောင့် ပေါ်တာဘဲ....(မှန်ပါ့) ဒါ့ကြောင့် အာရမ္မဏပစ္စည်းအရ ပဋ္ဌာန်းနည်းနဲ့ ဟောလိုက်တော့ သူက အာရုံ၊ သူက အာရမ္မဏိက သွားပြီးဖြစ်တယ်....(မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ရှင်းသွားပြီ....(ရှင်းသွားပါပြီဘုရား)။

ဒါဖြင့် မင်ဟာ တကာကြွယ်တို့ တကာသိုက်တို့ အလိုလို ပေါ်တာလား၊ အနိစ္စကြောင့် ပေါ်လာတာလား .... (အနိစ္စကြောင့် ပေါ်လာတာပါဘုရား) မှတ်ထားပါ စောစောစီးစီးကရှင်းအောင်....(မှန်ပါ့)။

မဂ္ဂင်ငါးပါး ဘယ်သူ့ကြောင့်ပေါ်သတုံး....(အနိစ္စကြောင့် ပေါ်ပါတယ်ဘုရား) ရှင်းပြီနော်....(မှန်ပါ့)။

ကောင်းပြီ .... ဒါဖြင့် တကာ တကာမတို့.... အနိစ္စကြောင့် ပေါ်တယ်ဆိုတာတော့ သေချာသွားကြပြီ....(မှန်ပါ့) သေချာပြီ မဟုတ်လား....(သေချာပါပြီဘုရား)။

ကဲ....ရုပ်ကို အသာထားလိုက်ပါဦး၊ ဝေဒနာကလေးတလုံး ဒီအထဲက ထုတ်ထားတယ်နော်....(မှန်ပါ့) ဒီအနိစ္စကလေးကို ဆရာဘုန်းကြီး သင်ထားတာက ဖြစ်ပျက်မြင်ရုံနဲ့ မကျေနပ်နဲ့ဦးလို့ တကာတကာမတွေကို ဆုံးမထားတယ်....(မှန်ပါ့)။

ဖြစ်ပျက်မြင်ရုံနဲ့ မကျေနပ်နဲ့ဦး၊ အနိစ္စမြင်ရုံနဲ့ မကျေနပ်နဲ့ဦး ပြောတော့ အနိစ္စကို မုန်းအောင်ရူ-မပြောဘူးလား .... (ပြောပါတယ်ဘုရား)။

အနိစ္စကို မုန်းအောင် ရူရမယ်....(မှန်ပါ့) အနိစ္စ တွေ့တိုင်း တွေ့တိုင်း ထပ်ပြန်တလဲလဲသာရူ၊ ကြာယင် မုန်းလာတာဘဲ.... (မှန်ပါ့) မမုန်းပေဘူးလား....(မုန်းပါတယ်ဘုရား)။

အဲဒီတော့ ဒီအနိစ္စကလေး ဝေဒနာကလေးကို တကာကြွယ်တို့က ရူပါမျှားလာတော့ ဘာဖြစ်လာသတုံး-(မုန်းလာပါတယ်ဘုရား)။

ဒါဖြင့် မုန်းစရာကြောင့် မုန်းတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် မုန်းစရာနဲ့ မုန်းတာသည် ဘယ်သူကရှေ့၊ ဘယ်သူကနောက်တုံး....(မုန်းစရာက ရှေ့ပါဘုရား) မုန်းစရာကရှေ့၊ မုန်းတာက နောက်....(မှန်ပါ့)။

ဒါဖြင့် မုန်းစရာကြောင့် မုန်းတာပေါ်တယ် .... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူ့ကြောင့် ဘာပေါ်ပါလိမ့် .... (မုန်းစရာကြောင့် မုန်းတာပေါ်ပါတယ်) အဲ .... မုန်းစရာဖြစ်တဲ့သဘောကြောင့် မုန်းတဲ့ဉာဏ်ပေါ်လာတယ်....(မှန်ပါ့) မုန်းတဲ့ မဂ္ဂင်ငါးပါး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာ တကာမတို့ ဖြစ်ပျက်ကြောင့်လဲ ငါးပါးပေါ်တယ်၊ မုန်းစရာဖြစ်ပျက်ကြောင့် မုန်းတဲ့ငါးပါးပေါ်တယ်....(မှန်ပါ့)မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

သို့သော် .... ဆရာဘုန်းကြီးက သင်ထားတယ်၊ ဒီလို အခြေအနေထိလာယင် ခင်ဗျားတို့ နှစ်ဉာဏ်ဘဲရသေးတယ်၊ ဖြစ်ပျက်မြင်တာက ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်းတာက နိုဗ္ဗိန္ဒဉာဏ် ဖြစ်ပျက်အဆုံးကျအောင် လိုက်ရှာပါ....(မှန်ပါ့) သင်မထားဘူးလား....(သင်ထားပါတယ်ဘုရား)။

ဖြစ်ပျက်အဆုံးကျအောင် လုပ်ကြပါ....လို့ သင်ထားတော့ တကာ တကာမတွေကလဲ မုန်းတဲ့ဥစ္စာကိုဘဲ ဆက်လက်ပြီး ရှုရမှာဘဲ....(မှန်ပါ့) တကာကြွယ်-မရှုရပေဘူးလား....(ရှုရပါတယ်ဘုရား)။

အဲဒီကဲ့သို့ ရှုတဲ့အခါကျတော့ ဒီဟာဖြင့် မလိုချင်ပါဘူး၊ ဒီဟာကြီးဟာ သက်သက်ဖြစ်လိုက်, ပျက်လိုက်၊ ဖြစ်လိုက်, ပျက်လိုက်နဲ့ အကောင်းတခုမပါဘူး၊ ဆင်းရဲချည့် မြင်နေရတာဘဲ ဆိုပြီး ဒုက္ခပိုင်းခြားလိုက်တဲ့အခါကျလို့ ရှိယင် သူဆုံးသွားတယ်-(မှန်ပါ့) မဆုံးသွားဘူးလား....(ဆုံးသွားပါတယ်ဘုရား)။

ဆုံးသွားတော့ ရှေ့ကအာရုံလဲ ဆုံးပါရော တကာ တကာ မတို့ အဆုံးမြင်တဲ့ဉာဏ်ပေါ်လာတယ်-(မှန်ပါ့)အဆုံးမြင်တဲ့ဉာဏ် ဆိုတော့ မဂ္ဂင်ရှစ်ပါး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မဂ္ဂင်ရှစ်ပါးသည် ဘာ့ကြောင့် ပေါ်ပါလိမ့်မတုံး-ဆိုတော့ ဒုက္ခအဆုံးကြောင့် ပေါ်လာတယ်....(မှန်ပါ့) ဘယ်လိုဆိုကြမလဲ....(ဒုက္ခအဆုံးကြောင့် ပေါ်ပါတယ်ဘုရား)။

တကာသိုက်တို့ တကာကြွယ်တို့ မဂ္ဂင်ရှစ်ပါး အလိုလိုပေါ်တာလား....(မဟုတ်ပါဘုရား) ဒုက္ခအဆုံးက ကျေးဇူးပြုလို့ ပေါ်လာတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူက ကျေးဇူးပြုလို့ ပါလိမ့်.... (ဒုက္ခအဆုံးက ကျေးဇူးပြုလို့ပါဘုရား) ဒုက္ခဆုံးရာမြင်လိုက်တော့ ဘာပေါ်လာသတုံး....(မင်္ဂလာအစစ် ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခဆုံးတာက ဘာသစ္စာတုံး.... (နိရောဓသစ္စာပါ) မြင်တာက....(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် မဂ္ဂသစ္စာ အလိုလိုပေါ်သလား၊ ဒုက္ခအဆုံးကြောင့် ပေါ်သလား....(ဒုက္ခအဆုံးကြောင့် ပေါ်လာပါတယ်) ဒီတော့ မင်က တကာတကာမတို့ ဒုက္ခအဆုံး နိဗ္ဗာန်ကြောင့်ပေါ်တာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်သူ့ကြောင့်ပေါ်ပါလိမ့်-(နိဗ္ဗာန်ကြောင့် ပေါ်တာပါဘုရား) ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် အစတုန်းက ဘုန်းကြီးဟောထားခဲ့တယ်၊ တကာ တကာမတွေ့ ဝင်ရိုသုံးပါးမှ ကျွတ်လွတ်တာ ဘာတဲ့....(နိဗ္ဗာန်ပါဘုရား)။

အဲဒီတော့ လက်သည်ရှာ မင်္ဂဘယ်သူ့ကြောင့် ပေါ်သတုံး-(နိဗ္ဗာန်ကြောင့်ပေါ်ပါတယ်ဘုရား) ဒုက္ခအဆုံးမြင်လို့ ပေါ်တာ....(မှန်ပါ) ဒုက္ခအဆုံးမြင်လို့ ပေါ်လာတာဘဲဆိုတာ သေချာပလား.....(သေချာပါပြီဘုရား)။

ဒီကသာ အဆုံးနိဗ္ဗာန်ဟာ ဒုက္ခတွေ့ ချုပ်မပြေးပါဘူးဆိုလို့ရှိယင် ဒီမင်္ဂပေါ်ပါ့မလား-(မပေါ်ပါဘုရား)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် မင်္ဂသည် တကာတကာမတို့ ဘာကိုမြင်သတုံးမေးယင် အဆုံးကိုမြင်တယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲ.... အဆုံးကို မြင်လို့ သာလျှင် ဒါတွေ့က သေတာ.... (မှန်ပါ့) အဆုံးကိုမမြင်ယင် သူက မင်္ဂကိုမဟုတ်သေးလို့ မင်္ဂအစစ်မဟုတ်သေးဘူး၊ ဒါတွေ့ ကောင်းကောင်းကို မသေသေးဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အဆုံးကိုမြင်မှ ဘာဖြစ်သတုံး.... (ဝဋ်ကျွတ်ပါတယ်ဘုရား) အဆုံးမြင်မှ ဝဋ်ကျွတ်တယ်ဆိုတော့ အဆုံးကြောင့် ကျွတ်တာဘဲ.... (မှန်ပါ့) အဆုံးဆိုတာ ဘာသစ္စာပါလိမ့်....(နိရောဓသစ္စာပါဘုရား) အဲ.... နိဗ္ဗာန်ကြောင့် ဖြစ်တယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နိဗ္ဗာန်မြင်ရလို့ မင်္ဂပေါ်တယ်၊ ဒါ့ကြောင့် နိဗ္ဗာန်ကောင့် ဖြစ်တယ်....(မှန်ပါ့) နိဗ္ဗာန်မမြင်ရသေးယင် ဒီမင်္ဂကို မဖြစ်ဘူး၊ ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား) နိဗ္ဗာန်မမြင်ရသေးဘဲနဲ့ ဒီဝဋ်ကျွတ်ချင်လို့.....(မရပါဘုရား)။

ဒါဖြင့် ဒီမင်္ဂဟာ နိဗ္ဗာန် အကြောင်းရင်းခံပြီး ပေါ်လာကယ်၊ ဒါကြောင့် တကာတကာမတို့ နိဗ္ဗာန်မြင်မှ ဝဋ်ကျွတ်တယ်....(မှန်ပါ့)။

ဒါ့ကြောင့် နိရောဓသာနိသာရဏဒွေ၊ နိရောဓသ= နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာ၏၊ နိသာရဏဒွေ၊ ဝဋ်သုံးပါး ကျွတ်ခြင်းလက္ခဏာသဘောသည်လည်းကောင်း....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် နိရောဓသ နိသာရဏဒွေ ...(မှန်ပါ့)သူ့ကြောင့် မင်္ဂပေါ်တယ်၊ မင်္ဂပေါ်လို့ ဒါတွေ့ ဘာဖြစ်ရသလဲ....(ကျွတ်လွတ်ပါတယ်ဘုရား)ဒီဝဋ်တွေ့ ပေါ်သေးရဲ့လား (မပေါ်ပါ) ကိလေသဝဋ်ကော ပေါ်နိုင်သေးရဲ့လား(မပေါ်နိုင်ပါဘုရား) ကမ္မဝဋ်ကော .... (မပေါ်နိုင်ပါဘုရား) ဝိပါကဝဋ် .... (မပေါ်နိုင်ပါဘုရား) ဘယ့်နှယ်ကြောင့် မပေါ်နိုင်ပါလိမ့်.... နိဗ္ဗာန်ကြောင့် *(မှန်ပါ့) သဘောကျပလား(ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ နိဗ္ဗာန်ကိုလဲ မင်္ကာမြင်ပါရော ဝဋ်သုံးပါးကျွတ်သွားရော (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

---

* နိဗ္ဗာန်နှင့်မင်္ဂသည်နိဗ္ဗာန်ကအာရုံ၊ အာရုံအာရမ္မဏပစ္စည်း၊ မင်္ဂက အာရမ္မဏိက၊ အာရမ္မဏပစ္စယုပ္ပန်ဖြစ်၏၊ အာရုံကြောင့်အာရမ္မဏိကဖြစ်လာပုံကို ပဋ္ဌာန်းနည်းဖြင့် ပြသတော်မူခြင်းဖြစ်သည်

ဒါဖြင့် နိဗ္ဗာန်မြင်တဲ့အချိန်နဲ့ ဝဋ်ကျွတ်တဲ့အချိန်နဲ့ တကာ တကာမတို့ တပြိုင်နက်လို့မှတ်ပါ....(မှန်ပါ့) နိဗ္ဗာန်လဲ ပေါ်ရော ဝဋ်ဆွေလဲ မရှိဘူး....(မှန်ပါ့) ဒါဖြင့် ဝဋ်ကျွတ်ရာနိဗ္ဗာန်(မှန်ပါ့)။

နိဗ္ဗာန်မြင်လိုက်ယင် ဝဋ်ဆွေက.... (ကျွတ်ပါတယ်ဘုရား) ကိလေသာဝဋ်ကလဲကျွတ်၊ အဆုံးမဂ်နဲ့ မြင်တဲ့အချိန်မှာ ဝမ်းထဲမှာ အနုသယသဘောနဲ့ကို မရှိပါဘူး....(မှန်ပါ့)ကိလေသာကမှ အနုသယသဘောနဲ့ကို မရှိပါဘူး....(မှန်ပါ့)။

ကိလေသာမှ အနုသယ သဘောနဲ့ ဝမ်းထဲမှာ ကိန်းတဲ့အောင်းတဲ့သဘောမှ မရှိလို့ရှိယင် ကမ္မဝဋ်ကော.... (မရှိပါဘုရား) ဝိပါကဝဋ်ကော.... (ကျွတ်ပါတယ်ဘုရား) ဒါဖြင့် နိဗ္ဗာန်မြင်တဲ့အချိန်မှာ ဝဋ်ကျွတ်ပြီ....(မှန်လှပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ဝဋ်သုံးပါးကျွတ်ခြင်း သဘောသတ်မှတ်ရှိတယ်၊ သဘောကျပလာ....(ကျပါပြီဘုရား) နိဗ္ဗာန်ကိုလဲ 'ဖျပ်' ကနဲ မြင်လိုက်ပါကရော တကာတကာမတို့ ဒီဝဋ်တွေ ဘယ်နှယ်နေသတုံး....(ကျွတ်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်မြင်တဲ့အချိန်နဲ့ ဝဋ်ကျွတ်တဲ့အချိန်နဲ့ ဘယ်သူရှေး ဘယ်သူ နောက်ကျသတုံး.... (တချိန်တည်းပါဘုရား) ဒါကြောင့် နိဗ္ဗာန်ဟာ ဝဋ်ကျွတ်တယ်ဆိုတာ သဘောကျပလား (ကျပါပြီဘုရား) ဒါဖြင့် ဒုက္ခအဆုံးမြင်တဲ့ပုဂ္ဂိုလ်မှာ ဝဋ်ကျွတ်ပါတယ်....(မှန်ပါ့) ဒုက္ခအဆုံး မမြင်သေးယင်.... (ဝဋ်မကျွတ်သေးပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်အောင်ကြည့်လို့ ဆရာဘုန်းကြီးက ပြောလိုက်တယ်....(မှန်ပါ့)။

နောက်တခါ ဒုတိယအဆင့် ဖြစ်ပျက်မုန်းအောင်....(ကြည့်ရပါမယ်ဘုရား) နောက်တခါ တတိယအဆင့်.... (ဖြစ်ပျက် ဆုံးအောင် ကြည့်ရပါမယ်ဘုရား) ဖြစ်ပျက်ဆုံးအောင်ကြည့်ပါ.... (မှန်ပါ့ဘုရား) ဖြစ်ပျက်အဆုံးတော့ ဘာပါလိမ့်.... (နိဗ္ဗာန်ပါဘုရား)။

အဲဒါမြင်တော့ ဘာကျေးဇူးရှိသတုံး.... (ဝဋ်ကျွတ်ပါတယ်ဘုရား) ဝဋ်ကျွတ်ခြင်းကျေးဇူးရှိတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်မြင်ကာနဲ့ တကာတကာမတွေ့ ဘယ်သူရှေးဘယ်သူနောက်တုံး.... (တပြိုင်နက်တည်းပါဘုရား) နိဗ္ဗာန်မှာ ဝဋ်ကိုမရှိဘူးဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) တပြိုင်နက် ကျွတ်သွားတယ်ဆိုတော့ နိဗ္ဗာန်ကတော့ ရှိတယ်၊ ဝဋ်က ရှာတွေ့သေးရဲ့လား....(မတွေ့ပါဘုရား)။

"နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော" လို့ ပဋ္ဌာန်းပါဦးတော်မှာ ဟောတော်မူတယ်နော်....(မှန်ပါ့)။

အဲဒီတော့ နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်ဟာဖြင့် ဝဋ်ကျွတ်ရာကို မြင်တာဘဲ....(မှန်ပါ့) ဒါဖြင့် နိဗ္ဗာန် ဘယ်လက္ခဏာ ရှိသတုံး မေးယင် ဝဋ်မှ ငြိမ်းအေးခြင်းလက္ခဏာရှိတယ်....(မှန်ပါ့)။

နိဗ္ဗာန် ဘယ်လက္ခဏာ ရှိသတုံး.... (ဒုက္ခဝဋ် ငြိမ်းအေးခြင်းလက္ခဏာရှိပါတယ်ဘုရား) ဒုက္ခဝဋ်မှ ငြိမ်းအေးခြင်း လက္ခဏာရှိတယ်....(မှန်ပါ့)။

ဒါဖြင့် ဒုက္ခဝဋ်မှ ကျွတ်တာ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား) ဒုက္ခဝဋ်မှ ကျွတ်ရာကို မြင်တာက....(မဂ်ပါ) မဂ်ဉာဏ် (မှန်ပါ့)။

အဲ....ဒုက္ခဝဋ်မှကျွတ်ရာကိုမြင်တဲ့မဂ်ဉာဏ်လဲပေါ်ပါရောတကာတကာမတို့ ကိလေသဝဋ်တွေလဲ ကျွတ်သွားတယ်၊ ကမ္မဝဋ်တွေ (ကျွတ်ပါတယ်ဘုရား) ဝိပါကဝဋ်ကော-(ကျွတ်ပါတယ်ဘုရား) သူ့မဂ်အားလျော်စွာ အချို့ကျ ကျွတ်သွားတယ်.... (မှန်ပါ့) မကျွတ်ပေဘူးလား....(ကျွတ်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ဘယ်လက္ခဏာရှိပါလိမ့်.... (ဒုက္ခဝဋ်မှ ငြိမ်းအေးခြင်းလက္ခဏာရှိပါတယ်ဘုရား) ဝဋ်သုံးပါးမှ ကျွတ်ခြင်း,ငြိမ်းအေးခြင်းလက္ခဏာရှိတယ်ဆိုတာ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ယင် အခု ဆရာဘုန်းကြီးက လမ်းစဉ်ပေးလိုက်ပါပြီ....(မှန်ပါ့) ပဋ္ဌမစိတ်ရှုလဲ စိတ်ဖြစ်ပျက်မြင်အောင်ရှု၊ ဒုတိယဆင့် စိတ် ဖြစ်ပျက်မှုန်းအောင်ရှု .... (မှန်ပါ့ဘုရား) နောက် တတိယအဆင့်အနေနဲ့ စိတ်ဖြစ်ပျက်ဆုံးအောင် ရှုလိုက်လို့ရှိယင်ဖြင့် ဘာတွေ့သတုံး....(နိဗ္ဗာန်တွေ့ပါတယ်ဘုရား)။

နိဗ္ဗာန်တွေ့တာ့ နိဗ္ဗာန်လဲ တွေ့ပါရော ဝဋ်တွေကလဲ ကျွတ်ကုန်ပါရော....(မှန်ပါ့) ဒါဖြင့် နိဗ္ဗာန်မှာ ဘာမရှိသတုံးဆိုတော့ ဝဋ်မရှိဘူး....(မှန်ပါ့ဘုရား) ကိလေသာကော ရှိသေးရဲ့လား.... (မရှိပါဘုရား) ဒါဖြင့် ကိလေသာမရှိသောကြောင့် အေးမှာဘဲ (မှန်ပါ့ဘုရား) ဒါကြောင့် နိဗ္ဗာန်သည် သန္တိလက္ခဏာရှိတယ်.... (မှန်ပါ့)။

ကိုလေသာနဲ့ မဆက်သွယ်တဲ့ အတွက် မအေးဘူးလား.... (အေးပါတယ်ဘုရား) ဒါကြောင့် သန္ဓိလက္ခဏာ, ငြိမ်းအေးခြင်း လက္ခဏာရှိတယ်၊ ဝဋ်မှကျွတ်၍ ငြိမ်းအေးခြင်း လက္ခဏာရှိတယ် (မှန်ပါ့)။

နိဗ္ဗာန်မှာ ဘယ်လက္ခဏာရှိသတုံး....(သန္ဓိလက္ခဏာရှိပါတယ် ဘုရား) ရှိမှာပေါ့ဗျ....ကိုလေသဝဋ် ရှိသေးရဲ့လား.... (မရှိပါ ဘုရား) ကိုလေသာအပူမခတ်, အလောင်မတ်တဲ့ ရှိလေးရဲ့ လား.....(မရှိပါဘုရား) ကမ္မဝဋ်ဆိုတဲ့ ဗျာပါရတွေကော ရှိသေး ရဲ့လား(မရှိပါဘုရား) ဝိပါကဝဋ်ဆိုတဲ့ ဒုက္ခတွေကော....(မရှိပါ ဘုရား) အေး....ဒါကြောင့် နိဗ္ဗာန်သည် ငြိမ်းအေးတာ တခုတဲ့ ရှိတယ်....(မှန်ပါ့)။

ဒါဖြင့် ငြိမ်းအေးတာက ဘာသစ္စာတုံး....(နိရောဓသစ္စာပါ ဘုရား) ငြိမ်းအေးတာကို မြင်တာက.... (မဂ္ဂသစ္စာပါဘုရား) အပူတွေချုပ်တာက သမုဒယသေတာ.... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား) အပူတွေချုပ်တဲ့အတွက် အပူလောင် စာတွေပါ ငြိမ်းသွားတာက နိရောဓသစ္စာ.... (မှန်ပါ့) ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်.. မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

သံသရာရေယာဉ်ကြော မျော်ခဲ့ရပုံ

ခန္ဓာငါးပါး ကမ်းနားသစ်ပင်

နွေ-အလုပ်ပေးတရားတော်

၂၄-၁၂-၅၇

သင်္ခါရတရားဟာ ဘယ်နှယ်ကြောင့် အနိစ္စမှာ လမ်းဆုံးရပါလိမ့်မလဲဆိုတာ ယနေ့ စောဒကတက်ပါ.... (မှန်ပါ့) တကာတကာမတို့ ဒီသင်္ခါရတရားကလေးဟာ ဘယ်မှာလမ်းဆုံးသလဲ (အနိစ္စမှာလမ်းဆုံးပါတယ်ဘုရား)။

ဝေဒနာကလေးဟာ ပေါ်တယ်၊ ပေါ်တာ သင်္ခါရတရား၊ နောက်ပျက်သွားတာက....(အနိစ္စပါဘုရား) ဩော်....အနိစ္စမှာ လမ်းဆုံးတယ်၊ ဒါဖြင့် အနိစ္စာဝတာ သင်္ခါရာဘဲ....(မှန်ပါ့)။

သင်္ခါရာ- သင်္ခါရတရားတို့သည် ဝတာ=စင်စစ်၊ အနိစ္စာ= အနိစ္စဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဆုံးပါလိမ့်မတုံး....လို့ ဦးဘကြည်တို့က မေးမေး၊ ဦးခင်မောင်တို့ကမေးမေး သူ့မှာ ဥပဒါဒနဲ့ ဝယဘဲရှိတယ်။

ဦးဘကြည် ဘာရှိသလဲ....(ဥပဒါဒနဲ့ ဝယဘဲရှိပါတယ်ဘုရား) ဖြစ်ပျက်ဘဲရှိတယ်၊ ဥပဒါဒ ဝယ ဓမ္မံနော- သူ့ကိုက ဖြစ်ပြီး ပျက်တဲ့ သဘောမှတပါး နဂိုရှိကိုက ဘာမှ မရှိဘူး....(မှန်ပါ့) ဒါက အနိစ္စနဲ့ သင်္ခါရကို ထောက်ခံလိုက်တာ....(မှန်ပါ့)။

အနိစ္စနဲ့သင်္ခါရကို ဘာလုပ်လိုက်ပါလိမ့်-(ထောက်ခံပါတယ်ဘုရား) "ဥပဒါဒ ဝယ ဓမ္မံနော" ဓမ္မံနောက သူ့သဘော ဖြစ်ခြင်း,ပျက်ခြင်းသဘောရှိသောကြောင့် သင်္ခါရဟာ အနိစ္စမှာ လမ်းဆုံးတာဘဲတဲ့....(မှန်ပါ့)။

တကာတကာမတွေ့ သူ့သဘောဟာ ဘာရှိတယ်-(ဖြစ်ခြင်း ပျက်ခြင်းသဘောရှိပါတယ်) ဖြစ်ခြင်း ပျက်ခြင်းသဘောဟာ နဂိုရှိကရှိနေတော့ သြော်....ဖြစ်တာက သင်္ခါရ၊ ပျက်တာက အနိစ္စ၊ ဆုံးသင့်တယ်....(မှန်ပါ့)။

ဦးဘကြည် ဆုံးသင့်-မဆုံးသင့်....(ဆုံးသင့်ပါတယ်ဘုရား)။

ကောင်းပြီ....ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ မင်းတို့ မသိမှာစိုးသက္ခ....တဲ့၊ ဘယ်တရားမဆို မှတ်လိုက်၊ နိဗ္ဗာန်မှတပါး ဖြစ်ပြီး ပျက်တာချည့်လို့ မှတ်လိုက်....(မှန်ပါ့)။

ဘာတဲ့တုံး....(ဖြစ်ပြီး ပျက်တာချည့်ပါဘုရား) ဥပ္ပဇ္ဇိတ္ဝာ= ဖြစ်ကုန်ပြီး၍၊ နိရုဇ္ဈန္တိ=ချုပ်ကြကုန်၏....တဲ့၊ မင်းတို့ ကြိုက်နှစ်သက်တဲ့ အလုပ် ဟူသမျှဟာ ဖြစ်ပျက်ချည့်ဘဲကွ-တဲ့....(မှန်ပါ့ ဘုရား)။

ဦးဘကြည် ဘာဟောသတုံး.... (ဖြစ်ပျက်ချည့်ပါဘုရား) တကာတကာမတို့ ဘာဟောသတုံး....(ဖြစ်ပျက်ချည့်ပါဘုရား) ခင်ဗျားတို့ ခန္ဓာကိုယ်တကိုယ်လုံးထဲမှာ ဘာသာလျှင်ရှိတယ်လို့ ဆုံးဖြတ်ချက်ချလိုက်သလဲ....(ဖြစ်ပျက်ပါဘုရား) အဲဒါကြောင့် ဖြစ်ပျက်ရှု-ဖြစ်ပျက်ရှုဆိုတာ ပါဠိတော်တွေကလာတာ....(မှန်ပါ့ဘုရား)။

တေသံ=ထိုဖြစ်ပျက်တို့၏၊ဝူပသမော=မရှိခြင်းသည်၊သုခေါ်= နိဗ္ဗာန်ဘဲ....(မှန်ပါ့) ဖြစ်ပျက်ဆုံးသွားမှ နိဗ္ဗာန်တွေ့မယ်တဲ့.... (မှန်ပါ့)။

ဘာတဲ့တုံး တကာတကာမတွေ့....(ဖြစ်ပျက်ဆုံးသွားမှ နိဗ္ဗာန်တွေ့မှာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဘုန်းကြီး သင်ထားတဲ့ သုံးချက်မကိုက်ဘဲဘုံးလား....(ကိုက်ပါတယ်ဘုရား) ၁-နံပါတ်က ဖြစ်ပျက်မြင်အောင်ကြည့်၊ ၂-နံပါတ်က....(ဖြစ်ပျက် မုန်းအောင်ကြည့်ရပါမယ်) ၃-နံပါတ်က .. (ဖြစ်ပျက် ဆုံးအောင် ကြည့်ရပါမယ် ဘုရား)။

ဖြစ်ပျက် ဆုံးအောင်ကြည့်ဆိုတော့ ဖြစ်ပျက်ဟာ မဆုံးသေးဘူးလား.... (ဆုံးပါပြီဘုရား) ဆုံးတာ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား)။

ပါဠိတော်က ဘယ့်နှယ်ရှိသတုံး .... (တေသံ ဝူပသမော သုခေါပါဘုရား) တေသံ=ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော= မရှိခြင်းသည်၊ သုခေါ်=ချမ်းသာတဲ့နိဗ္ဗာန်ဘဲ....(မှန်ပါ့)။

သူမရှိတာ ဘာခေါ်ကြမယ်....(ချမ်းသာတဲ့နိဗ္ဗာန်ပါဘုရား) အဲဒါကြောင့် အိမ်ရောက်တဲ့အခါ ခင်ဗျားတို့ ဝေဒနာသုံးပါး တပါးပါးကို ဖြစ်ပျက်မြင်အောင်ကြည့်ရုံဘဲ....(မှန်ပါ့)။

နောက်ကျတော့ ကြည့်ရင်းမတွန့် ဖြစ်ပျက် မုန်းအောင် တခါတည်း ဂရုစိုက်ပေး....(မှန်ပါ့) အားစိုက်ယင် မုန်းမှာဘဲ.... (မှန်ပါ့)။

မုန်းလာတဲ့တနေ့ကျတော့ မလိုချင်ဆိုတာ ဦးဘကြည် လာ မလား၊ မလာဘူးလား....(လာပါမယ်ဘုရား) မလိုချင်တဲ့ ဒုနံပါတ် ပေါ်လာလို့ရှိယင် ဒီကဆုံးတာဘဲ၊ မလိုချင်လို့ဆုံးတာ (မှန်ပါ့)။

အလိုလိုဆုံးတာလား၊ မလိုချင်လို့ ဆုံးတာလား.... (မလို ချင်လို့ ဆုံးတာပါဘုရား) မလိုချင်တော့ ဆုံးသွားတော့ မဂ္ဂင် ရှစ်ပါး မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒီမဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပက ပညာမဂ္ဂင်၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိက သမာဓိမဂ္ဂင်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝက သီလမဂ္ဂင်....(မှန်ပါ့ ဘုရား)။

အဲဒီတော့ သုံးခုက နှစ်လို၊ နှစ်ခုက တလိုဆိုတော့ ဘယ် လောက်ရှိသတုံး....(ရှစ်ခုရှိပါတယ်ဘုရား)။

အဲဒီတော့ တကာ တကာမတွေ အခုဆောက်လုပ်ထားတဲ့ သီလ၊ အခုဆောက်တည်ထားတဲ့ သမာဓိ၊ အခု ဆောက်တည် ထားတဲ့ပညာ၊ ဦးဝင်းတို့ ဦးဒတို့ မှတ်စရာက မမြဲသေးဘူးလို့ မှတ်ပါ....(မှန်ပါ့)။

အခု ငါးပါးသီလ၊ ဆယ်ပါးသီလ၊ ဥပုသ်နေ့ ဆောက်တည်ကြတယ်၊ ဆောက်တည်တဲ့ အခိုက်အတန့်ဘဲ အကြောင်းတိုက်ဆိုင်လို့ ရှိယင် ဖျက်လိုက်ကြတာဘဲ....(မှန်ပါ့)။

အသက်နဲ့ လဲပြီးသကာလ.... ဒါဖြင့် မဖျောက်ပါဘူးဆိုတဲ့ စိတ္တုပ္ပါဒ် အခုအခါမှာ မပေါ်သေးဘူး၊ မပေါ်သေးဘူးဆိုတော့ ဒီသီလကို သာမညသီလလို့ ခေါ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ မဂ္ဂသစ္စာ ထိုက်လာတဲ့သီလကျတော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ....တဲ့၊ အဓိပိုလာတယ်နော်....(မှန်ပါ့)။

အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာလို့ ဆိုသဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ သြော်....မင်္ဂလာဆိုက်ယင် အဓိတိုးလာတယ်လို့ မှတ်ရမယ်....(မှန်ပါ့)။

အဓိဆိုတာ တကာ တကာမတွေ နားမလည်ဘဲနေမှာစိုးရတယ်၊ ပါဠိဘာသာဖြစ်နေလို့ အဓိဆိုတာ တခြားမဟုတ်ပါဘူး လွန်သောသီလ၊ လွန်သောသမာဓိ၊ လွန်သောပညာ၊ ဘယ်သူဖျက်လို့မှ မရ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဓိဆိုတာ ဘာပါလိမ့် .... (လွန်သောသီလ၊ လွန်သောသမာဓိ၊ လွန်သောပညာပါဘုရား)။

ခေါင်းပေါ်မှာ ဓားဂုတ်ဝဲပြီးသကာလ မင်း ဟောဇီသီလ ဖျက်ရမယ်၊ သမာဓိဖျက်ရမယ်၊ ပညာဖျက်ရမယ်လို့ တခုခု ဖျက်ခိုင်းငြားသော်လဲ မဖျက်တော့ဘူးဆိုတာ မှတ်ပါ-(မှန်ပါ့) အဲဒီကျမှ ဘုန်းကြီးတို့ တကာတကာမတွေ သီလမြဲတယ်ဆိုတာ မှတ်ရမယ်....(မှန်ပါ့)။

အခု ဆောက်တည်ထားတာကတော့ ဦးဝင်းတို့ အကြောင်း မည်ညွှတ်လို့ရှိယင် ဖျက်ကြတာဘဲ.... (မှန်ပါ့) အကြောင်း မည်ညွှတ်ယင် ဖျက်တော့ ဒီသီလကို သာမညသီလလို့မှတ်ပါ။ အဓိမပါဘူး....(မှန်ပါ့)။

ဒါဖြင့် မဂ္ဂင်ဆိုက်ပြီး ဒုက္ခအဆုံးကိုမြင်တဲ့ သီလကျမှ မြဲ၏.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သီလကျမှ မြဲမလဲ.... (အဓိသီလ, အဓိစိတ္တ, အဓိပညာ ကျမှ မြဲပါမယ်ဘုရား)။

ကောင်းပြီ.... ဒါဖြင့် တပည့်တော်တို့ ယခုဆောက်တည်တဲ့ သီလဟာ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် အကျိုးပေးနိုင်တယ် ဆိုတော့ နိဗ္ဗာန်ပါကြရဲ့လား....(မပါ·ပါဘုရား)။

သမာဓိကလဲ ထို့အတူဘဲ၊ ဗြဟ္မာ့ပြည်ဘဲဆိုတော့ တကာ တကာမတွေ စဉ်းစားရမှာက သြော်....ဒို့အားကိုး အားထား လုပ်ရမည့် သီလ သမာဓိ ပညာကလေးတွေဟာ မဂ်မဆိုက်သေး လို့ ရှိယင်ဖြင့် အဓိသဒ္ဓါ မပါသေးတဲ့အတွက် လွန်သောသီလ၊ လွန်သော သမာဓိ၊ လွန်သောပညာ ဆိုးတော့ လွန်လွန်ကဲကဲ ပေါ့ဗျာ....(မှန်ပါ့)။

အဲဒီလို သီလ, သမာဓိ, ပညာက လွန်လွန်ကဲကဲ၊ လွန်သော သီလဖြစ်လာမှ လွန်သောပညာဖြစ်လာမှ ဘုန်းကြီးတို့ တကာ တကာမတွေမှာ လားရာဂတိ နိဗ္ဗာန်ဘက်သို့ မြဲသွားတယ်.... (မှန်ပါ့)။

ဒါဖြင့် သီလ သမာဓိ ပညာအဓိ ဆိုတာချည်း ပြည့်စုံမှ မြဲတယ်လို့ ဦးကျော်မောင်တို့ ဦးဘတင်တို့ မှတ်ရမှာပေါ့ဗျာ....၊ အခုဆောက်တည်ထားတာကလေးတွေက မြဲပါ့မလား....(မမြဲပါဘုရား)။

တကာ တကာမတွေ ဩော်....ဒါဖြင့် တပည့်တော်တို့ မြဲမှ ကျေးဇူးများမှာ ဖြစ်နေသောကြောင့် မြဲတာ ဘယ်အချိန်ကျမှ မြဲမလဲလို့ မေးခွန်းတုတ်လို့ ရှိယင်ဖြင့် ဒုက္ခချုပ်တာကိုမြင်မှ မြဲမယ်၊ ဦးဘကြည်နော်....(မှန်ပါ့)။

အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတာ ဘယ်အချိန်ကျမှ ဖြစ်မလဲ ဆိုတာ မေးခွန်းထုတ်လို့ ရှိယင်ဖြင့် နိဗ္ဗာန်မြင်မှဘဲ တနည်း ဒုက္ခချုပ်တာမြင်မှဘဲ ဒီသီလ, သမာဓိ, ပညာ မြဲမယ်လို့ တကာသိုက်တို့ မှတ်ရလိမ့်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အခု ဆောက်တည်တဲ့ သီလအစရှိသည်တို့ဟာ တကာတကာမတွေ သာမညဘဲ အကျိုးပေးမယ်လို့ ဆုံးဖြတ်ချက်ချတာပေါ့....(မှန်ပါ့)။

အကျိုးမကြီးဘူးလား....(ကြီးပါတယ်ဘုရား) ခိုင်မြဲသလား ဆိုတော့ မခိုင်မြဲသေးဘူး....(မှန်ပါ့)ဒီ ဒုက္ခချုပ်တာ မြင်တဲ့သီလ သမာဓိ ပညာကတော့ မဆောက်တည်ဘဲနဲ့ မြဲတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့ အခုဘုရားရှေ့မှာယူတာ ဘုန်းကြီးဆီမှာယူတဲ့ သီလကျတော့ ဆောက်တည်မှမြဲတာ-(မှန်ပါ့) ဆောက်တည်ပြီး သကာလ မြဲတယ်သာဆိုရတယ် အာရုံကြမ်းနဲ့တွေ့ယင် ဘယ့်နှယ် ဆိုကြမလဲ....(ပျက်ပါတယ်ဘုရား)။

ပျက်သေးတယ် ဘာဖြစ်လို့တုံး....လို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် သီလကလဲ အင်မတန် အစိုးရတဲ့ သီလ, သမာဓိကလဲ အင်မတန် အစိုးရတဲ့ သမာဓိ၊ ပညာကလဲ အင်မတန် အစိုးရတဲ့ ပညာအဖြစ်သို့ မရောက်သေးလို့ပေါ့....(မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့သည် ဒီသုံးခုမြဲလာမှ လားရာဂတိ မြဲမယ်လို့ ဦးဘကြည်တို့မှတ်ရမယ်နော်....(မှန်ပါ့) ဒါ မမြဲသေးယင်တော့ လားရာဂတိလဲ မမြဲသေးဘူးဆိုသဖြင့် ဘုန်းကြီးတို့ တကာတကာ မတွေ့ စိတ်မချရသေးတဲ့အဓိပ္ပါယ် ရောက်မနေသေးဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲ ဒါကြောင့် စိတ်ချအောင်လို့ ဖြစ် ပျက် မြင် ၃အောင် ကြည့်ပါ၊ ဖြစ်ပျက် မုန်း အောင် ကြည့်ပါ၊ ဖြစ်ပျက်အဆုံးမှာ နိဗ္ဗာန်ရှိပါတယ်၊ အဲဒါ မြင်အောင်လုပ်ထားကြပါ၊ မြင်သည်နဲ့ တပြိုင်နက်တည်း ပညာကလဲ အဓိပညာဖြစ်သွားတာဘဲ၊ သီလ ကကော....(အဓိသီလ ဖြစ်ပါတယ်ဘုရား)။

သမာဓိကကော....(အဓိစိတ္တ၊ အဓိသမာဓိဖြစ်ပါတယ်) အဲဒီ ကျမှဘဲ ကျုပ်တို့သည် စိတ်ချရတော့တယ် ဆိုတဲ့ဥစ္စာ မှတ်ထားရမယ်....(မှန်ပါ့ဘုရား)။

ဩော်....ဒါဖြင့် ဒီဆောက်တည်နေတဲ့ သီလ သမာဓိ ပညာ ဒီလုပ်နေတဲ့ ပညာစခန်း၊ ဒီဆောက်တည်နေတဲ့ သီလစခန်း၊ ဒီရှုနေတဲ့ ဝိပဿနာပညာစခန်း၊ ဒါတော့ဟာ မမြဲသေးပါကလား မမြဲသေးပါကလား၊ ဒုက္ခချုပ်ဘဲ့နိဗ္ဗာန်မြင်မှ အဓိသဒ္ဓါတပ်ပြီး သကာလ ဘုရားက ဟောသောကြောင့် အဲဒီကျမှ မြဲတယ်ဆိုတာကို ယနေ့ ဆုံးဖြတ်ချက်ချထားပါနော်.... (မှန်ပါ့ဘုရား)။

ဒီမဂ္ဂင်ရှစ်ပါးသည် ဘယ်အခါကာလကျမှ အဓိသဒ္ဒါနဲ့တွဲပြီး သကာလ ပေါ်ပေါက် မလဲဆို ယင် ကော ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဘယ်အခါကျမှလဲ.... (ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မြင်မှပါ ဘုရား)။

အဲ....ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို အာရုံပြုတော့မှဘဲ ဘုန်းကြီးတို့ တကာတကာမတွေ့ မြဲမနေဘ်.... (မှန်ပါ့) ကောင်းပြီ ဒါဖြင့် နိဗ္ဗာန် အာရုံပြုမှဘဲ မဂ္ဂင်ရှစ်ပါးက ခိုင်မြဲတော့တယ် ဆိုတာ တကာသိုက်တို့သိထားပြီ.... (မှန်ပါ့) ထိုကဲ့သို့ သိထားတဲ့ အခါကျလို့ ရှိယင်ဖြင့်ဒီအလုပ်ကိုသိသည်နဲ့တပြိုင်နက်တည်း ခင်ဗျားတို့ စိတ်ချပါတော့၊ ဘာစိတ်ချသတုံး၊ အပါယ်လေးပါးနဲ့ လုံးဝ ဆက်သွယ်ရေးမရှိ၊ အနှူ အရဲ အဝဲတွေနဲ့လဲ လုံးဝ ဆက်သွယ် ရေးမရှိ၊ ချမ်းသာဟူသ၍ အထက်သာ တက် သွား တော့တယ် ဆိုတဲ့ဥစ္စာ သမ္မောဓိပရာယဏော ဆိုတဲ့အတိုင်း အထက်မဂ်သာ သူတက်တော့မယ်၊ အောက်ပြန်ဆင်းသေးရဲလား.... (မဆင်းပါဘုရား) မဆင်းတော့ ဦးဘကြည် မြဲမသွားသေးဘူးလား .... (မြဲပါမယ်ဘုရား)။

ဒါဖြင့်သူ့ကိုမြဲစေချင်လို့ရှိယင်ဖြင့်တကာတကာမတွေဘာနဲ့ လုပ်မှမြဲမယ်ဆိုတာကော ယနေ့ သတိထားရလိမ့်မယ်နော် .... (မှန်ပါ့) သတိထားတဲ့အခါကျတော့ အဖြစ်နဲ့အပျက် ခန္ဓာကိုယ်ထဲမှာရှိတယ် မနေ့ကပြောခဲ့တယ်၊ အဲဒီ ဖြစ်ပျက်ကိုမြင်အောင်ရှု၊ အဲဒီဖြစ်ပျက်ကိုရှုရင်း မတ္တာမုန်း၊ အဲဒီဖြစ်ပျက်ကို ဒုက္ခသစ္စာလို့ သိပြီးသကာလ မင်းဒုက္ခသစ္စာဘဲလို့ ဉာဏ်နဲ့ပိုင်းခြားပြီး ဆုံးအောင်လုပ်လိုက်....(မှန်ပါ့ဘုရား)။

လုပ်လိုက်လို့ ရှိယင်ဖြင့် ဒီမဂ္ဂင်ရှစ်ပါးသည် အဓိသီလဖြစ်ပြီ၊ အဓိစိတ္တကော....(ဖြစ်ပါပြီ)အဓိပညာကော....(ဖြစ်ပါပြီဘုရား) သြော်....ဒါဖြင့်အလုပ်စဉ်နဲ့တက်မှမြဲမှာကိုးဆိုတာဦးခင်မောင်တို့ မှတ်ရလိမ့်မယ်....(မှန်ပါ့) ဘာနဲ့တက်မှမြဲကြမယ်....(အလုပ်စဉ်နဲ့ တက်မှမြဲမှာပါဘုရား)။

သြော်....ကျုပ်တို့ သီလမြဲတယ်လို့ ယခုအခါကြားလုံးမထုတ် လိုက်ပါနဲ့၊ ဒီမဂ်သီလက မဆောက်တည်ဘဲနဲ့ မြဲတဲ့သီလနော်.... (မှန်ပါ့) ဟိုဟာက ဆောက်တည်နိုင်မှ မြဲတာတောင် မဟုတ်သေးဘူး တကာသိုက်ရေ-ဆောက်တည်တာတောင်မှအကြောင်း မညီညွတ်ယင်....(ပျက်ပါသေးတယ်ဘုရား)။

အဲဒီတော့ ဒို့မှာ စိတ်မချရတဲ့သီလ- စိတ်မချရတဲ့ဝိပဿနာ စိတ်မချရတဲ့ သမထတွေ ဖြစ်နေသေးတော့ အင်း....နေရာမကျသေးပါဘူး၊ စိတ်ချရအောင် လုပ် ထား ရ လိမ့် မယ် ဆို တာ ဦးဝင်းတို့ ပြောင်းရလိမ့်မယ်....(မှန်ပါ့) မပြောင်းသင့်ဘူးလား (ပြောင်းသင့်ပါတယ်ဘုရား)။

ဒါဖြင့် ရှေးကတော့ခင်ဗျားတို့အားကိုးကြတယ် ကျုပ်တို့ဖြင့် တလ,လေးသီတင်း ရှစ်သီတင်းဟာ မပြတ်ပါဘူး၊ ထိုက်တန်တဲ့ သမထအလုပ်ကလေးတွေ လုပ်ပါရဲ့၊ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ ဝိပဿနာကလေးလဲ နှလုံးသွင်းပါရဲ့၊ ကျုပ်တို့တော့ သေပင်သေသွားသော်လဲ ဘာမှကိစ္စမရှိဘူး၊ဒါတွေ အားကိုးအားထားရှိသားဘဲဆိုတော့ သူက မြဲတဲ့သဘောလား- မမြဲတဲ့သဘောလား....(မမြဲတဲ့သဲဘောပါဘုရား)။

မမြဲတဲ့သဘောရှိနေတာကို မမြဲတာကိုအားကိုးလို့ ရှိယင်ဖြင့် ကျုပ်တို့ ခင်ဗျားတို့ ဒုက္ခရောက်မယ်....(မှန်ပါ့ဘုရား) သဘော ကျပလား....(ကျပါပြီဘုရား) မမြဲတာအားကိုးယင် ဘာဖြစ်မယ် ထင်သတုံး....(ဒုက္ခရောက်ပါမယ်ဘုရား)။

အဲဒီတော့ ယနေ့တရားကို တကာတကာမတွေ့ နာရတော့ ဩဩ .... ဒို့သည် သီလကလေးတွေလဲ ထိုက် တန် သ လောက် အားကိုးအားထား ရှိကြတယ်၊ သမထ အာနာပါန တွေလဲ ဒို့ထိုက်တန်သလောက် လုပ်ကြတယ်၊ မရဏာ နုဿတိ ဆိုတဲ့ သမထတွေကိုလဲ ဒို့ လုပ်ကြတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တလဲ ဒို့ ပုတီးစိပ်ကြတယ်၊ စိပ်ကြပင် စိပ်ကြငြားသော်လဲ ဒို့မှာတော့ ဒါဟာ အားကိုးလောက်ပြီလို့ တထစ်ချဆုံးဖြတ်ချက် မချလို့က် ပါနဲ့လို့ ဦးဘကြည်တို့ကို ဘုန်းကြီးကမေတ္တာရပ်တယ်(မှန်ပါ့) ဘာ့ကြောင့်တုံး အဓိသဒ္ဓါပါပါလား....(မပါသေးပါဘုရား) အဓိဖြစ်ပလား.... (မဖြစ်သေးပါ) မဖြစ်သေးတော့ ယိမ်းတယ် ယိုင်တယ် ပျောက်တယ်ဆိုတဲ့ သီလ သမာဓိ ပညာ ဖြစ်ပါလိမ့်မယ်....(မှန်ပါ့) သဘောကျပလား....(မှန်ပါ့ဘုရား)။

ယိမ်းတယ်, ယိုင်တယ်, ပျောက်တယ်ဆိုတဲ့ သီလ, သမာဓိ, ပညာမဖြစ်ပေဘူးလား....(ဖြစ်ပါတယ်)ဖြစ်တော့ ကျုပ်တို့သည် ယိမ်းတာ ယိုင်တာ ပျောက်တာ ပျက်တာကို ကျုပ်တို့အားကိုး လို့ရှိယင် ကျုပ်တို့ ဒုက္ခရောက်မယ်....(မှန်ပါ့ဘုရား)။

မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ သီလမြဲ, သမာဓိမြဲ, ပညာမြဲဆိုတာကတော့ဖြင့် ဒုက္ခအဆုံးကိုမြင်မှ ခုနင်ကပြောခဲ့တဲ့

အာဓိပတေယျဌောဆိုတာ ဖြစ်လာတယ်....(မှန်ပါ့) ဒုက္ခအဆုံး မမြင်ယင် အာဓိပတေယျဌောဆိုတာ မဖြစ်သေးတော့ယိမ်းတယ် ယိုင်တယ်ဆိုတာ ခင်ဗျားတို့ရိပ်မိပလား....(မှန်ပါ့)။

ဒါဖြင့် ဒါအားကိုးထိုက်ပလား-အားမကိုးထိုက်သေးဘူးလား (အားမကိုးထိုက်သေးပါဘုရား) ယိမ်းတယ် ယိုင်တယ်ရဲ့တယ် စောင်းတယ်ဆိုတဲ့တရား အားကိုးယင် ခင်ဗျားတို့ ငါးပါး မှောက်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အခု ဆောက်တည်နေတဲ့သီလတွေ့ အားမကိုးထိုက် သေးဘူး....(မှန်ပါ့ဘုရား) အခုအားထုတ်နေတဲ့သမထဟာကော (အားမကိုးထိုက်သေးပါဘုရား) အခု ဝိပဿနာကလေး အား ထုတ်နေတာကလေးလဲ....(အားမကိုးထိုက်သေးပါဘုရား) ဘယ် ကျမှ အားကိုးထိုက်သတုံး.... (ဒုက္ခအဆုံးမြင်မှပါဘုရား) ဒုက္ခ အဆုံး နိဗ္ဗာန်မြင်တော့မှဘဲ ဒါတွေ့က မယိမ်းမယိုင်တဲ့ သဘော ဖြစ်လာတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မယိမ်းယိုင်တဲ့သဘောဖြစ်မှသာလျှင် ကျုပ်တို့သည် ဒုက္ခခပ်သိမ်း ငြိမ်းတယ်မဟုတ်လား....(မှန်ပါ့)။

ဒါဖြင့် ဦးဝင်း,ရေ....ကျုပ်တို့ ဘာလုပ်ထားဘို့ အရေးကြီး ပါလိမ့်ဗျာ....(ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ဆီမြင်ဘို့ လုပ်ထားရပါမယ် ဘုရား) ဒုက္ခခပ်သိမ်းငြိမ်းတဲ့ဆီ အာရုံပြုနိုင်တဲ့ သီလ,သမာဓိ, ပညာဖြစ်ဘို့ အရေးကြီးသည်....(မှန်လှပါဘုရား)။

ဦးဘကြည် ဘာအရေးကြီးသတုံး....(ဒုက္ခချုပ်ရာမြင်တဲ့ သီလ သမာဓိ, ပညာဖြစ်ဘို့ အရေးကြီးပါတယ် ဘုရား) ဒုက္ခချုပ်ရာ

မြင်နိုင်တဲ့ သီလ၊ ဒုက္ခချုပ်ရာမြင်နိုင်တဲ့ သမာဓိ၊ ဒုက္ခချုပ်ရာမြင်နိုင်တဲ့ ပညာ၊ ဒါတွေဖြစ်လာမှဘဲ စိတ်ချလက်ချနေကြဗျ... (မှန်ပါ့)။

ဒါဖြင့် အခုဆောက်တည်ထားတဲ့သီလ၊ အခု အားထုတ်ထားတဲ့သမာဓိ၊ အခုကြိုးစားထားတဲ့ပညာ၊ ဝိပဿနာလောက်နဲ့ သေပျော်ပေါ့ နေပျော်ပေါ့လို့ ဘုန်းကြီးတို့ တကာတကာမမတွေက ဘဝင်မမြင့်ပါနဲ့လို့ သတိပေးလိုက်တယ်-(မှန်ပါ့ဘုရား) ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ....ဒါ-အားကိုးယင် ဘာဖြစ်မတုံးလို့ မေးလို့ရှိယင် ဒါက အထိမခံ ရှေပန်းကန်ဖြစ်နေတယ်....(မှန်ပါ့) အဓိသီလ၊ အဓိစိတ္တာ၊ အဓိပညာဖြစ်ပလား ဦးဘကြည်.... (မဖြစ်သေးပါဘုရား) အခု လုပ်နေတဲ့ တကာတကာမတွေ သာမညလုပ်တဲ့အလုပ်ပေါ့ဗျာ....(မဖြစ်သေးပါဘုရား)။

အဲ....ဒုက္ခအဆုံးကိုမြင်လို့ရှိယင်ဖြင့် ဘုန်းကြီးက ကိုင်း-ခင်ဗျားတို့ အတွက် စိတ်ချရပြီလို့ ပြောလိုက်တယ်....(မှန်ပါ့)။

ဖြစ်ပျက်မြင်ကယ်၊ ဖြစ်ပျက်မုန်းတယ်၊ ဖြစ်ပျက်အဆုံးကိုဘဲ မြင်ပါပေါ့ဘုရား ဆိုလို့ရှိယင်ဖြင့် ကဲ....မင်းတို့ သီလဟာက္ခာအခုလဲ မဆောက်တည်ဘဲနဲ့ ပြည့်စုံတဲ့ သီလက္ခ၊ မင်းတို့သည် သေသည်၏ အခြားမဲ့ဥ်လည်း နတ်ပြည်ရောက်လဲ မပျက်တဲ့သီလ....(မှန်ပါ့) ငြဟ္မာပြည်ရောက်ကော....(မပျက်တဲ့သီလပါ) ပညာကော တကာတကာမတို့....(မပျက်ပါဘုရား)။

ဩော်....ဒါဖြင့် ဒါ-အားကိုးတော့.... (မှန်ပါ့) မပျက်တာကိုဖြင့် အားကိုးတော့၊ ပျက်တာကိုဖြင့် အားမကိုးပါနဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးဘကြည်တို့ ဘုန်းကြီးတို့က ပြောရတယ်၊ အားကိုးလဲမှာစိုးရတယ်နော်....(မှန်ပါ့) သို့သော်....အခု ဘုန်းကြီး ဖေါ်ပြောလို့ သာ.... (မှန်ပါ့) တခု့ို. ဒါလောက်ကိုဘဲ ကျေနပ်နေကြတယ်....(မှန်ပါ့) မကျေနပ်ကြဘူးလား.... (ကျေနပ်ပါတယ်ဘုရား)။

အင်း.... ကျုပ်တို့ကလဲ လေးသီတင်း, ရှစ်သီတင်း သီလလဲဖြည့်ပြီ....၊ ထိုက်တန်သလောက် သမထ- မရဏာနုဿတိတွေကျုပ်တို့ နေ့တိုင်းလိုလိုအောက်မေ့ပါရဲ့၊ အနိစ္စ, ဒုက္ခ, အနတ္တဆို့တာလဲ ကျုပ်တို့က တနေ့ပုတီးဘယ်နှစ်ပတ်မှန်း မသိဘူးရလို့က်တာဘဲဆိုပြီးသကာလ တကာ တကာမတွေ့ ကိုယ့်ဟာကိုယ် အားကိုးလုံးကလေးမရှိကြဘူးလား....(ရှိပါတယ်ဘုရား)သို့သော် သူက ခိုင်မြဲသလား....(မခိုင်မြဲပါဘုရား)။

ဘာ့ကြောင့် မခိုင်မြဲသတုံး....မေးတော့ နိဗ္ဗာန် အတ္တက်တဲ့ ဉာဏ်က မရသေးဘူး.... (မှန်ပါ့ဘုရား) နိဗ္ဗာန်က ဦးဘကြည် အာရမ္မဏာ အဓိပတိအဖြစ်နဲ့ ကျေးဇူးပြုပလား- မပြုသေးဘူး၊ သာမညလူမှာလေ....(မှန်ပါ့) ဒါဖြင့် နိဗ္ဗာန်က အာရမ္မဏာဓိပတိအဖြစ်နဲ့ ကျေးဇူးမပြုသေးတော့ သူ့ကို အဓိပတိပစ္စည်း၏ အကျိုးတရားလို့ ဆိုနိုင်ပလား....(မဆိုနိုင်ပါဘုရား)။

တနည်း ဒီအထဲမှာပါတဲ့ ဆန္ဒ, ဝီရိယ, ပညာတို့ကလဲ သူတို့အချင်းချင်း ကြီးစိုးပလား....လို့ မေးလို့ရှိယင် သဟဇာတာဒီပတိအဖြစ်နဲ့ မကြီးစိုးသေးဘူး-(မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် အာရမ္မဏာဓိပတိအဖြစ်နဲ့ အာရုံကလဲ မကြီးစိုးသေးသောကြောင့် မ၊မြဲဘူး....(မှန်ပါ့) သဟဇာတာ ဓိပတိအဖြစ်နဲ့ ဒီအထဲပါတဲ့ ဆန္ဒ, ဝီရိယ, ပညာတို့ကလဲ တကာတကာမတွေ့ မကြီးစိုးသေးလို့ မမြဲသေးဘူး.... (မှန်ပါ့) ဒါကလေးဟာ သဘောနှစ်ခုကို ပြောလိုက်တယ်....(မှန်ပါ့)။

အာရုံရော-သဟဇာတရော ဒီက အာရုံအဖြစ်နဲ့ ကြီးစိုးပြန်လဲ စိတ်ချတော့....(မှန်ပါ့) ဒီအတိုင်းသာသွားလို့ ဆန္ဒ,ဝီရိယတွေဟာ အဓိပတိထိုက်ယင်လဲ-စိတ်ချတော့လို့ တကာတကာမတွေ့ သတိပေးလိုက်တယ်နော်....(မှန်ပါ့)။

ကောင်းပြီ.... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ကို ဘုန်းကြီးက ယနေ့ ကယ်တင်တာက သြော်....ခင်ဗျားတို့ ပျက်တတ်တယ်၊ ပြိုတတ်တယ်၊ ပျောက်တတ်တာကြီး အားကိုးနေလို့ ရှိယင် ခင်ဗျားတို့က အားကိုးလဲပြီး ဒုက္ခရောက်မှာဘဲ့....(မှန်ပါ့) မပျောက်မပျက်တာအားကိုးယင်-(အားကိုးထိုက်ပါတယ်ဘုရား) အားကိုးထိုက်တယ်ဆိုတော့ သြော်....ဒါတော်တော်အရေးကြီးပါကလား....(မှန်ပါ့) ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား)။

နို့မဟုတ်လို့ ရှိယင် ခင်ဗျားတို့ မြို့သုံး,ရွာသုံးနဲ့ဆိုယင် ဒါ-အတော်ခက်နေတယ် ဦးဝင်းရဲ့....(မှန်ပါ့)။

မြို့သုံးရွာသုံးက အို....ကျုပ်တို့ ထိုက်တန်တဲ့သဲလ၊ ထိုက်တန်တဲ့ သမာဓိ၊ ထိုက်တန်တဲ့ပညာတွေ့ ကျုပ်တို့တော့ စုံလို့၊ အဲဒီတော့ ကျုပ်တို့တော့ သေပျော်ပေါ့-နေပျော်ပေါ့လို့ ဆိုပြီး သကာလ အဓိတလုံးမပါဘဲ ဦးဘကြည် သူတို့ အားကိုးနေလို့

ရှိယင် ဘယ့်နှယ်ဆိုကြမလဲ....(စိတ်မချရပါဘုရား) စိတ်မချရဘူး ပျက်စီးနိုင်တယ်....(မှန်ပါ့ဘုရား) သူတို့ အဓိပတိထိုက်ပလား.... (မထိုက်သေးပါဘုရား) မထိုက်သေးလို့ ရှိယင် အခိုဆိုတာလာ နိုင်ပလား....(မလာနိုင်ပါဘုရား) မလာနိုင်သေးလို့ ရှိယင် မခိုင် သေးဘူး- မမြဲသေးဘူး ဆိုတာ တခါတည်း မှတ်.... (မှန်ပါ့ဘုရား)။

ဘုရားလက်ထက်က ဒေဝဒတ်ကြီးဟာ အဓိမတက်ရသေးတဲ့ သမာဓိရလို့ ကောင်းကင်ပျံ-မြေလျှိုးနိုင်တယ်၊ ကောင်းကင်ပျံ မြေလျှိုးနိုင်ပြီး ယခု အဝီစိမှာ နေရတယ်၊ အခိုမပါလို့၊ ယုံကြည်ကြပလား....(ယုံကြည်ပါပြီဘုရား)။

ကောင်းကင်းပျံ-မြေလျှိုးနိုင်တဲ့ ဒေဝဒတ်ကြီး ရဟန်းဘဝမှာ တော်တောကို တန်းခိုးကြီးပါတယ်၊ ထိုသို့ တန်းခိုးကြီးငြား သော်လည်း ယခု ဘယ်ရောက်သလဲ အဝီစီရောက်နေတယ် ဆိုတော့အင်း....ဒီဥစ္စာ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး....လို့မေးယင် ဖြေတတ်ပလား....(ဖြေတတ်ပါပြီဘုရား) ဘယ့်နှယ်ကြောင့်ပါလိမ့်....(အဓိမပါလို့ပါဘုရား)။

အဓိပတိ စွမ်းရည်သတ္တိမပါဘူး၊ ကြီးစိုးနိုင်တဲ့ စွမ်းရည်သတ္တိ မပါဘူး... တဲ့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားလက်ထက်က သီလတွေ ဆောက်တည်ပါလျက်သားနဲ့ အပါယ်ရောက်သွားတာတွေလဲ မရှိဘူးလား .... (ရှိပါတယ် ဘုရား)။

အဲဒီသီလဟာလဲ အဓိသီလမဟုတ်လို့....(မှန်ပါ့) အဓိပညာမဟုတ်လို့ တိဿရဟန်းကြီးတို့ သန်းကြီး ဖြစ်ရတာနဲ့တူလဲ ဘယ်နှယ်ဆိုကြမလဲ....(အဓိပညာမဟုတ်လို့ပါဘုရား) အဓိပညာမဖြစ်ဘူး၊ အဓိမပါဘူး....(မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေ.... ဘုန်းကြီးက စတ္ထုသက်သေသာဓကတွေထောက်ပြီး ပြလို့ရှိယင်ဖြင့် သြော်.... ဒို့ဆရာဘုန်းကြီးက မခိုင်မြဲတာ အားမကိုးနဲ့ ခိုင်မြဲအောင် လုပ်ထားဆိုတာ တိုက်တွန်းချက်ပါလားလို့ဆိုတာ ယနေ့ ပြင်ပစ်ကြပါနော်....(မှန်ပါ့)။

ဒီဘဝက စုတေမနေ သေလွန်တဲ့အခါ မခိုင်တာ အားကိုးလို့ရှိယင် မခိုင်တာတွေကတော့ဖြင့် ကေန်ကယ်မယ် ယူမယ်လို့ စာကာသိုက်-စိတ်ချလို့ရပါ့မလား....(မရပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီကြားထဲမှာ အာသန္နကံဝင်ပြီး ထိုးနှိုင်တယ်လို့ ပြောတာပါဘဲ....(မှန်ပါ့) မထိုးနှိုင်ဘူးလား....(ထိုးနှိုင်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဘာအားကိုးကြမတုံး.... (အဓိသီလ, အဓိစိတ္တ, အဓိပညာ အားကိုးရပါမယ်) အဓိသီလ, အဓိစိတ္တ, အဓိပညာဖြစ်အောင် လုပ်ကြပါဆိုတာ တိုက်တွန်းရတယ်.... (မှန်ပါ့) သူတို့ ဘယ်အချိန်ဖြစ်မှာတုံးဆိုတော့ ဒုက္ခချုပ်တဲ့နိဗ္ဗာန် မြင်တဲ့အချိန် အကုန်ဖြစ်ပါတယ်....(မှန်ပါ့)။

ဦးလှ-ဒုက္ခချုပ်တဲ့နိဗ္ဗာန် မြင်တဲ့အခါကျတော့ အဓိသီလ၊ ဒါကကော....(အဓိစိတ္တပါ) အဓိပညာဆိုတာ အစုံးရပါပြီ၊

အဲဒီကျတော့မှ ဩော်....လက်ခမောင်းခတ်၊ ပြုံးချင်သလိုပြုံး၊ ပျော်ချင်သလိုပျော်၊ ပျော်ကြပါ၊ အပါယ်လေးပါး စိတ်ချရလို့နော်....(မှန်ပါ့)။

ယခုဆောက်တည်ထားတဲ့ သီလကလေးလောက် ယခု အားထုတ်နေတဲ့ သမထကလေးလောက် ယခု အားထုတ်နေတဲ့ ဝိပဿနာဉာဏ်ကလေးလောက်နဲ့ တကာတကာမတို့ သေပျော်ပေါ့-နေပျော်ပေါ့-ဆိုတဲ့ အလုပ်ဟာဖြင့် ဘဝင်မြင့်တဲ့အနာကြီးစဲကပ်မနေပါနဲ့ဆိုတာ ပြောရတယ်....(မှန်ပါ့)။

မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား) ခိုင်မြဲရဲလား.....(မခိုင်မြဲပါဘုရား) သဘောကျရဲလား.....(ကျပါတယ်ဘုရား)။

ဒါဖြင့် အဓိဟာ ဘယ်လောက်အရေးကြီးသတုံး.....(ကြီးပါတယ်ဘုရား)။

ကောင်းပြီ....ခင်ဗျားတို့ ဒါကိုမရသေးလို့ရှိယင်ဖြင့် အတော်ဆိုးဝါးပါတယ်....တဲ့၊ ခင်ဗျားတို့ မခိုင်မြဲတာ အားကိုးမှုကြောင့် ခင်ဗျားတို့ ဒုက္ခရောက်ပုံကို ဘုရားက ဟောတော်မူတယ်-(မှန်ပါ့ဘုရား)။

ကဲ....ဒါကို အသာထားလိုက်ပါဦး၊ ဒါကို နောက်မှဲ့ နိဂုံးအုပ်ပါမယ်....(မှန်ပါ့)။

ဒီအလုံးတွေကြည့်ပါ၊ တကာတကာမတို့ ငါးလုံးတန်းထားတယ်၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာက္ခန္ဓာနော်....(မှန်ပါ့)။

ဒီကြားထဲမှာ ဘာရှိသတုံး ဆိုလို့ရှိယင်ဖြင့် ဒါက ကမ်းနားသစ်ပင်တွေလို့ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့) ဒီကြားထဲမှာတော့ ချောင်းရှိတယ်လို့ မှတ်ထားလိုက်ပါ....(မှန်ပါ့)။

ဒီကြားထဲမှာ ဘာရှိသတုံး.... (ချောင်းရှိပါတယ်ဘုရား) ဒီသုံးခုကလဲ ဘာပါလိမ့်....(ကမ်းနားသစ်ပင်ပါ) ဒီဘက်နှစ်ခုကကော....(ကမ်းနားသစ်ပင်ပါဘဲဘုရား)။

အဲဒီတော့ တကာတကာမတွေ ကမ်းနားသစ်ပင်၊ ကမ်းနားသစ်ပင်ဆိုတာ ရေစားထားလို့ အမြစ်ဟာ ဘယ်အခါကာလမှ ခိုင်ခိုင်မြဲမြဲမရှိဘူး၊ ကမ်းနားသစ်ပင် ဟူသ၍ဟာလေ....(မှန်ပါ့) ဦးဘကြည်-ခိုင်မြဲရဲ့လား....(မခိုင်မြဲပါဘုရား)။

မခိုင်မြဲတော့ သူတို့သည်ကား....လို့ ဆိုယင် အကိုင်းတွေ အရွက်တွေသည် ကုန်းပေါ်မှာသာ ရှိသလားဆိုတော့ ရေထဲမှာလဲ အကိုင်းအရွက်တွေ အဖျားကလေး ကျကျနေတယ်....(မှန်ပါ့)။

ဒါဖြင့် ရောက်မှာလဲ ကိုင်းတာပေါ့....(မှန်ပါ့)မြေနဲ့တော့ တွယ်နေတာဘဲ၊ တွယ်ပင်တွယ်ငြားသော်လဲ ရေကစားတော့ အမြစ်က မခိုင်တော့ ယိုင်တော့ မြစ်ထဲယိုင်ကြတယ် .... (မှန်ပါ့ဘုရား)။

ဦးဘကြည်- ကုန်းပေါ်များ ယိုင်သေးသလား....(မယိုင်ပါဘုရား) ရေထဲဘဲ ကိုင်းကြ ရိုင်းကြရတယ်ဆိုတာ တကာတကာမတွေ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီကမ်းနားသစ်ပင်တွေဟာ ဘယ်ကိုကိုင်းကြရသလဲ-(ရေထဲကိုင်းကြရပါတယ်ဘုရား) အမြစ်ကလဲ ရေစားထားလို့ ခိုင်ခိုင်မြဲမြဲရှိပါ့မလား....(မရှိပါဘုရား)။

အဲဒီမှာ ခင်ဗျားတို့သည် ဘာနဲ့တူပါသလဲလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့က သံသရာခရီးသည် ရေမျောလာတာနဲ့တူတယ်လို့ ဘုရားကပြတယ်....(မှန်ပါ့)။

သံသရာခရီးသည် ရေမျောလာတယ်တဲ့ တကာတကာမတို့.... ခင်ဗျားတို့ဟာ ဒါဘဲ၊ ဒီဘက်က အလယ်ကတလုံးဟာ တရားနာနေတဲ့ တကာ တကာမတွေ့ တလုံးလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ဒါက ရေမျောလာတဲ့ပုဂ္ဂိုလ်ပေါ့ဗျာ....(မှန်ပါ့)။

ကောင်းပြီ....သူသည်ကားလို့ ဆိုယင် ရေကမျောလာခဲ့တာ အတော်ကြာခဲ့ပြီ၊ သံသရာခရီးမှာ တဏှာမျောတိုင်း မျောလာကြတာကိုးဗျ....(မှန်ပါ့)။

တဏှာက နှတ်ပြည်တောင့်တပြီး ကုသိုလ်လုပ်လဲ နှတ်ပြည်မျောသွားတာပါဘဲ....(မှန်ပါ့)တဏှာနဲ့ပတ်သက်ပြီး အကုသိုလ်တွေ့ လုပ်လိုက်ပြန်တော့ကော .... (အပါယ်မျောသွားပါတယ် ဘုရား)။

ဒါဖြင့် အပါယ်ရောက်သွားတော့ကို တဏှာရေယာဉ်ကြောထဲမှာ သံသရာ့ခရီးသည်ဆိုတဲ့ တကာတကာမတွေ့ မမျောရဘူးလား၊ မျောရမလား....(မျောရပါမယ်ဘုရား) ဒါသံသရာရေကြီးလို့ မှတ်လိုက်ပါ....(မှန်ပါ့)။

အလယ်က ဘာပါလိမ့်....(သံသရာ့ရေယာဉ်ကြီးပါ) ဒါက သံသရာ့ခရီးသည် မျောလာတာ....(မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိကြပါပြီဘုရား)။

ဘာလို့ မျောလာတာတုံး.... (ဆုတောင်းလို့ မျောလာတာပါဘုရား)။

အင်း....ခင်ဗျားတို့ဆုတောင်းက မြဲချင်လို့ကို တောင်းတဲ့ဆု-(မှန်ပါ့) ဒီဘဝ ဟိုဘဝ မျှောရပါလို့၏၊ ဦးဘုအုန်း- ဒီလိုဖြစ်နေတယ်....(ဖြစ်နေပါတယ်ဘုရား)။

တောင်းတာက ဘာတုံး .... (မျှောချင်လို့ တောင်းတာပါဘုရား)။

တကာ တကာမတွေ့ ဟိုဘဝ ဒီဘဝဆိုတာက တဏှာပို့မှ ရောက်မှာဘဲ၊ တဏှာရေယာဉ်ကြော မျှောမှာဘဲ၊ ရောက်မှာဘဲ ဆိုတာသိထားတဲ့အခါကျတော့ ခင်ဗျားတို့သည် ဟိုဘဝ-ဒီဘဝ ကူးတာသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် တဏှာရေထဲ မျောပြီး သကာလ လာကြတဲ့ပုဂ္ဂိုလ်ချည့်ဘဲလို့ ဆုံးဖြတ်ချက်ချတာပေါ့ (မှန်ပါ့)။

တဏှာဆုတောင်းမရှိဘဲနဲ့ ဦးဘကြည်-တဏှာရေက မျှောမပေးယင် တဘဝနဲ့တဘဝ ရောက်နိုင်ပါ့မလား-(မရောက်နိုင်ပါဘုရား)။

ဒါဖြင့် သံသရာ့ခရီးသည်မှန်သ၍ တဏှာရေထဲမှာ တဏှာက မျှောသလို မျှောရတဲ့အဓိပ္ပါယ် မရောက်ဘူးလား .... (ရောက်ပါတယ်) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ဘယ်ကမျှား မျှောလာပါလိမ့်မတုံးလို့ သံသယ မရှိပါနဲ့၊ တပည့်တော်တို့ ဆုတောင်းတိုင်း တပည့်တော်တို့ တဏှာရေမျှောသလို မျှောလာလို့ လူ့ပြည်ရောက်နေတယ်.... (မှန်ပါ့) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ကောင်းပြီ.... လူ့ပြည်ရောက်နေတော့ ဘုန်းကြီးတို့ တကာတကာမတွေ့မှာ မျှောလာတော့ဖြင့် သေချာတော့ လူ့ပြည်

ကျပြန်တော့ ဘာရပြန်သတုံး....ဆိုတော့ ခန္ဓာငါးပါးရတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာငါးပါး ကမ်းနားသစ်ပင်....တဲ့၊ တကာ တကာမတို့ ခန္ဓာငါးပါးကလဲ 'ဘာပါလိမ့်....(ကမ်းနားသစ်ပင်ပါဘုရား)။

ဩော်....အခုတရားနာနေကြတာ တကာတကာမတွေ့ ခန္ဓာဘယ်နှစ်ပါးနဲ့ နာနေကြသလဲ .... (ငါးပါးနဲ့ နာနေကြပါတယ်ဘုရား)။

ဒါကလဲ အခုသေသေချာချာပြတော့ ဘာတဲ့.... (ကမ်းနားသစ်ပင်ပါဘုရား)။

အဲဒါ မျောလာတဲ့ပုဂ္ဂိုလ်က ကိုယ့်ခန္ဓာငါးပါးကို ရူပက္ခန္ဓာကြီး ကြည့်လိုက်ပြန်လဲ ကိုယ်အားကိုးတာဘဲနော် .... (မှန်ပါ့ဘုရား)။

အဲဒီတော့ မျောလာတဲ့ပုဂ္ဂိုလ်က အားကိုးရာ ရှာလိမ့်မယ်.... (မှန်ပါ့) ဦးဘကြည်- မရှာပေဘူးလား....(ရှာပါတယ်ဘုရား)။

တကာ တကာမတွေ့ မျောလာတဲ့ပုဂ္ဂိုလ်က ဘာရှာမယ်.... (အားကိုးရာရှာပါမယ်) ရှာတဲ့အခါကျတော့ ဖြပ်ဆို ရူပက္ခန္ဓာတည်းဟူသော ကမ်းနားသစ်ပင် ဆွဲလိုက်တယ်၊ သံသရာ့ခရီးသည်က....(မှန်ပါ့) မဆွဲလိုက်ပေဘူးလား....(ဆွဲလိုက်ပါတယ်ဘုရား)။

ငါ့ကိုယ်, ငါ့ရုပ်ဆိုပြီး ဆွဲလိုက်တဲ့အခါကျတော့ ကမ်းနားသစ်ပင်ကိုးဗျ....(မှန်ပါ့) ရူပက္ခန္ဓာဆိုတော့ အနိစ္စ ကမ်းနားသစ်ပင် မဖြစ်သေးဘူးလား....(ဖြစ်ပါပြီဘုရား)။

ဆဲလိုက်တော့ နဂိုရိုက သူက အမြစ်တွေလဲ မခိုင်ဟုတ်လား- ဆဲတဲ့ပုဂ္ဂိုလ်ကလဲ တအား ကုန်းပေါ်တက်ချင်လို့ .... (မှန်ပါ့ ဘုရား)။

ဆဲတဲ့ပုဂ္ဂိုလ်က ဘယ်လိုဆဲပါလိမ့် .... (ကုန်းပေါ် တက်ချင် လို့ပါဘုရား)။

တအားဆဲလိုက်တော့ ဦးလှတို့ အမြစ်ကလဲမရှိဗျာ....(မှန်ပါ့) ရောဂါ ကိုင်းနေလို့သာ ဆဲလိုက်တာ သူကတော့ဖြင့် ရေမျောလာရတဲ့ အတွက် အားကိုးလဲပ်ပြီး တအား ဆဲလိုက်တဲ့အခါကျတော့ အမြစ်မရှိတဲ့သစ်ပင်ဆဲမိတော့ တကာ တကာမတွေ့ မှတ်လိုက်တာပေါ့၊ အမြစ်မြေဆိုင်ပါ သူ့အပေါ် ပိတယ်.... (မှန်ပါ့)။

သူက အားကုန် ဆဲလိုက်တာကိုး....၊ အားကုန် ဆဲလိုက်တော့ သစ်ပင်ရယ်, ဒီက မြေဆိုင်ရယ်, ဦးဘကြည်- ဆဲတဲ့ပုဂ္ဂိုလ်ပေါ် မကျဘူးလား....(ကျပါတယ်ဘုရား)။

ကျတော့ နဂိုရိုကတော့ ရေထဲမျောလာတယ်၊ အခု မိမိ ခန္ဓာတည်းဟူသော ရူပက္ခန္ဓာကို အားကိုး အားထားလုပ်ပြီး သကာလ ဆဲလိုက်တော့ သူက အနိစ္စခန္ဓာဖြစ်နေတော့ ပြုတ်ကျတဲ့သဘောကို ဘုရားဟောတယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ပြုတ်ကျတော့ အလိုလိုပြုတ်ကျတာလား၊အားကိုးအားထား ခြင်းကြောင့် ဆဲလို့ ပြုတ်ကျတာလား .... (အားကိုးအားထား လို့ပါဘုရား) ဘယ်သူ့အပေါ် ပြုတ်သတုံး-(ဆဲတဲ့ပုဂ္ဂိုလ်ပေါ် ပြုတ်ပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဆွဲတဲ့ပုဂ္ဂိုလ်ပေါ်မှာ....(ပြုတ်ပါတယ်) ပြုတ်ကျတဲ့ အခါကျတော့ နဂိုရိုက မျောသမား ဒီသစ်ပင်ကြီးတပင်လုံး ပိပြီးသကာလ မျက်လုံးထဲ ပါးစပ်ထဲမှာ သူမြေဆိုင်တွေပါဝင် သစ်ပင်ကလဲ ပိဆိုတော့ မြုပ်ဘိုဘဲ့....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ နဂိုရိုက အမျောသမားနော်.... (မှန်ပါ့) ဟိုဘဝက လာတာက မျောလာတာ ဒီဘဝကျတော့ ကမ်းနား သစ်ပင်နဲ့တူတဲ့ မိမိခန္ဓာကြီး ရူပက္ခန္ဓာကြီး အားကိုးလိုက်တယ်၊ ရူပက္ခန္ဓာဆိုတာက အနိစ္စ ကမ်းနားသစ်ပင်၊ ကမ်းနားသစ်ပင်ဟာ အဆွဲခံနိုင်ပါ့မလား....(မခံနိုင်ပါဘုရား) တဏှာ,ဥပါဒါန်တို့၏ အဆွဲကို ခံနိုင်ပါ့မလား....(မခံနိုင်ပါဘုရား) မခံနိုင်တော့ ဆွဲတဲ့ ပုဂ္ဂိုလ်အပေါ်မှာဘဲ မြေဆိုင်နဲ့တက္ခ ပြုတ်မကျပေဘူးလား.... (ပြုတ်ကျပါတယ်ဘုရား)။

ပြုတ်ကျတော့ နဂိုရိုက်လဲ ကိုယ်က ဆောက်တည်ရာ မရဘဲနဲ့ နေတဲ့ပုဂ္ဂိုလ်၊ မျောလာတာကလဲ ရှည်တော့ လက်ပန်း ခြေပန်း ကလဲကျ....(မှန်ပါ့)။

အားကိုးရမလားလို့ဆွဲလိုက်ပြန်တော့လဲ ကမ်းနားသစ်ပင် ဆွဲ မိလျက် ကြုံဆိုတော့ မျောလို့ မောလာတာက တမျိုး၊ အပေါ်က ပိလို့ မြုပ်ရမှာတမျိုး ဖြစ်လေသောကြောင့် ခင်ဗျားတို့သည်ဆွဲ ပြန်တာနဲ့ဘဲ ခန္ဓာပိပြီးသကာလ ခင်ဗျားတို့သည် အမြုပ်သမား သွားဖြစ်တယ်....(မှန်ပါ့)။

ပဌမလာတုန်းကတော့ ဘာသမားတုန်း.... (မျောသမားပါ ဘုရား) နောက်ကျတော့ ကမ်းနားသစ်ပင်နဲ့တူတဲ့ ခန္ဓာငါးပါး အားကိုးလိုက်ပြန်တော့ အနိစ္စ အားကိုးလို့ အနိစ္စဆိုတာမမြဲဘာ၊

မမြဲတော့ ပြုတ်မကျပေဘူးလား.... (ပြုတ်ကျပါတယ်ဘုရား) တခြားနေရာတော့ မပြုတ်လို့ အောက်မေ့တယ်.... (မှန်ပါ့) တဏှာ,ဥပါဒါန်နဲ့ အားကိုးလို့ ရမလားလို့ ဆွဲတဲ့ပုဂ္ဂိုလ်အပေါ် မှာတော့ မပြုတ်ပေဘူးလား၊ ပြုတ်မလား.... (ပြုတ်မှာပါဘုရား)။

ပြုတ်တဲ့အခါကျတော့ ဟိုပုဂ္ဂိုလ်ကလဲ ထောက်တည်ရာရယ်လို့ အောက်မှာ ရေထဲမှာ ရှိပါရဲ့လား....(မရှိပါဘုရား) မရှိတော့ အပေါ်က ကြီးလှစ်သော အမြစ်မရှိသော သစ်ပင်အဲဒါတွေက ဖိပြီးသကာလ လာပြန်တော့ တကာ တကာမတို့ အမျောသမားမှာ အမြုပ်သမာဖြစ်ရပြန်တယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုနေခဲ့ကြရသလဲ.... (အမြုပ်သမား- အမျောသမား အဖြစ်နဲ့ နေခဲ့ကြရပါတယ်ဘုရား)။

ဒါ့ကြောင့် အရင်ကတော့ အမျောသမား-အမြုပ်သမားကို စာထဲမှာ ဒီပါဠိတော်ကိုဘဲ ရေးတော့ ရေးခဲ့တာဘဲ၊ အခုတော့ ပုံစံပါ ချပြီးပြတဲ့အတွက် သြော်.... ဒို့လာတာက ဒီဘဝကူးလာတာက အမျောသမား၊ ဒီဘဝကျမှ မိမိခန္ဓာ အားကိုးလိုက်တဲ့အခါ အနိစ္စခန္ဓာ အားကိုးလိုက်တဲ့အခါကျတော့ မမြဲတဲ့အတွက် အားကိုးတဲ့ပုဂ္ဂိုလ်မှာဘဲ အဖိခံရတယ်၊ အဖိခံရတယ်၊ အဖိခံရတယ်ဆိုတာက တကာတကာမတွေ မထင်ရှားဘူးလား (ထင်ရှားပါဘုရား) ဒါဖြင့် ဘာသမားဖြစ်သတုံး....(မြုပ်သမားဖြစ်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဦးဘကြည်တို့ ကျုပ်တို့ သံသရာထဲ မိုက် တုန်းက ဘယ်လိုနေခဲ့ရပါလိမ့်မတုံးဆိုတာဖြင့် ယနေ့ ကောင်း ကောင်းဘဲ ဘုရားဟောတော်မူတာ ပေါ်ပါပြီ.... (ပေါ်ပါပြီ ဘုရား) ဘယ်လိုမျှားနေခဲ့ကြရသလဲ....(မြုပ်သမား-မျောသမား အဖြစ်နဲ့ နေခဲ့ကြရပါတယ်ဘုရား) ဘယ်တော့မှ နိဗ္ဗာန်သောင်း ကမ်းပေါ် မတက်ခဲ့ကြရဘူး....(မှန်ပါ့)။

နိဗ္ဗာန်သောင်းကမ်းဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကလဲ့ အပေမာဒဝဂ်တွေ့မှာ နိဗ္ဗာန်သောင်းကမ်းကို ဟောထား ပါတယ်၊ ဆရာတော်,သမားတော်တွေကလဲ့ ဟောပြောကြပါ တယ်....(မှန်ပါ့)။

ခင်ဗျားတို့က အဲဒီသောင်းကမ်းကို နောက်ကတက်ဘူးကြခဲ့ ရဲ့လားလို့ မေးယင်.... (မတက်ခဲ့ဘူးပါဘုရား) ဒါဖြင့် ဘယ် အဖြစ်နဲ့မျှား အချိန်ကုန်ခဲ့ရပါလိမ့် .... (အမြုပ်သမား-အမျော သမားအဖြစ်နဲ့ အချိန်ကုန်ခဲ့ရပါတယ်ဘုရား)။

ဒါဖြင့် မျောသမား- မြုပ်သမားဖြစ်ပြီး အချိန်ကုန်ခဲ့တယ် ဆိုတော့ ခုနင်က ပြောခဲ့တဲ့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတို့ ဘယ်အချိန်မှမရခဲ့လို့ ဒီလမ်းချည့်မျောတယ်၊ ဒီချောင်းထဲချည့် မြုပ်တယ်.... (မှန်ပါ့) ဒီလိုမနေပေဘူးလား.... (နေပါတယ် ဘုရား) ဦးဘအုန်း ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကျုပ်တို့ နောက်တုန်းက ဘယ်လိုနေရပါလိမ့်.... (အမြုပ် သမား-အမျောသမားအဖြစ်နဲ့ နေခဲ့ရပါတယ်ဘုရား)။

အဲဒါကြောင့် ပါးစပ်ကဖွင့်ပြီး ခင်ဗျားတို့က ဒီဘဝ စုတေ မနေ ဘယ်ကို ရောက်ရပါ့၏ဆိုတာ မျှော်ချင်လို့.... (မှန်ပါ့ ဘုရား)။

ရောက်တဲ့အခါကျတော့ မိမိခန္ဓာမိမိ အားမကိုးပေဘူးလား ကိုးမလား....(ကိုးပါတယ်ဘုရား) အားကိုးတော့ ခန္ဓာငါးပါးဟာ အနိစ္စတရားမဟုတ်လား....(မှန်ပါ့)။

အနိစ္စတရားဆိုတော့ အားကိုးခံနိုင်တဲ့ တရားလား- ကိုယ့် အပေါ် ဖိမည်တ့ဲတရားလား....(ဖိမည်တ့ဲတရားပါဘုရား) ကိုယ့်ပေါ် ဖိမည်တ့ဲတရားဖြစ်ပြီးသကာလ နေတော့ အဟုတ်ဆဲ့ယင် အဟုတ် ပီတာဘဲ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

သူကလဲ ရောဘက် ကိုင်းနေတယ်ဆိုတာကိုးဗျာ.... ဆဲ့မည့် ပဋိုလ်ဘက် ကိုင်းနေတယ်(မှန်ပါ့) အတင်း အားကုန် ဆဲ့လိုက်လေလေ ဒီအပေါ်မှာ မြုပ်ချက်က သန်လေလေဘဲ....(မှန်ပါ့ဘုရား)။

ဦးဝင်း-ဘယ်လိုနေပါလိမ့်- (အားကုန်ဆဲ့လေလေ မြုပ်ချက် သန်လေလေပါဘုရား)။

သြော်.... ဒီကိုဆိုလို့ ရှိယင်ဖြင့် ဘုန်းကြီး နောက်ကြောင်း ဖေါ်ပြီးတော့ ပြောရှာတယ်၊ ယခုဘဝ အဆဲ့မမှားအောင်ဟာ တယ်ပြီးအရေးကြီးပါလား.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ယခုဘဝ ဘာပါလိမ့်.... (အဆဲ့မမှားအောင် အရေးကြီးပါတယ်ဘုရား)အဆဲ့မမှားဘို့ သိပ်အရေးကြီးတယ်တဲ့၊ဆဲ့ရပါတယ်၊ အဆဲ့မမှားဘို့တော့ သိပ်အရေးကြီးတယ်....(မှန်ပါ့)ခန္ဓာငါးပါးကိုတော့ သွားပြီးမဆဲ့နဲ့ အနိစ္စချည့်ဖြစ်နေတယ်....(မှန်ပါ့) ဆဲ့တဲ့ပဋိုလ်အပေါ် အကုန်ပြုတ်ကျမှာဘဲ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခုနင်က နိဗ္ဗာန်တည်းဟူသော နေရာဋ္ဌာနဆဲ့မိလို့ ရှိယင်တော့ဖြင့် ပြုတ်နိုင်· ပျက်နိုင်တဲ့သဘောမရှိဘူး....(မရှိပါ) ခိုင်တဲ့ မြဲတဲ့သဘောသာရှိတယ်.... (မှန်ပါ့) အဲဒီတော့ အဆဲ့လဲ့သေးရဲ့လား....(မလဲ့ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘာအရေးကြီးဘာလိမ့်.... (အဆဲ့မှန်ဘို့အရေးကြီးပါတယ်) အဆဲ့မမှန်သေးလို့ ရှိယင် သံသရာတောက်လျှောက်မှာ ဒီထဲမှာဘဲကျတယ်နော်၊ မျှောသမား မြုပ်သမား....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သံသရာထဲ နောက်တုန်းက တပည့်တော်တို့ ဘာဖြစ်သတုံးဆိုတော့၊ ဘာဖြစ်တယ်လို့ တော့ ဘုန်းကြီး မပြောတတ်ဘူး၊ မျှောသမား မြုပ်သမားဖြစ်ခဲ့တာတော့ ပြောနိုင်တယ်(မှန်ပါ့) ဦးဘကြည် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်တယ်, ညာဖြစ်တယ် ပြောနေပေမဲ့လဲ မျှောသမား မြုပ်သမားမှာဇာတ်ဆုံးတာ....(မှန်ပါ့)မဆုံးဘူးလားဦးဘကြည် (ဆုံးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ နောက် တပည့်တော်တို့ဘာဖြစ်ခဲ့ပါလိမ့်မတုံးလို့ တွေးကြည့်ကြစမ်း....(မျှောသမား·မြုပ်သမား ဖြစ်ခဲ့ပါတယ်ဘုရား)ဒါဖြင့် ကမ်းပေါ်တက်နိုင်တဲ့ အချိုးအစား မရခဲ့ကြဘူးပေါ့....(မရခဲ့ကြပါဘုရား)။

မျှောသမားဆိုတာက ဒီဘဝမျှောတာ.... (မှန်ပါ့) မြုပ်သမားဆိုတာက အပါယ်လေးဘုံ ပြောင်းတာ၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

မျောသမားဆိုတာက ဘာပါလိမ့်.... (ဟိုဘဝဒီဘဝကူးတာပါဘုရား) ဟိုဘဝ၊ ဒီဘဝပြောင်းပြီးတော့ ကူးခတ်နေတာ၊ သဘောကျပလား....(မှန်ပါ့) မြုပ်သမားဆိုတာက မိမိခန္ဓာအားကိုးလို့ မိမိခန္ဓာနှိပ်စက်ပြီးသကာလ ဘာတုံး .... (အပါယ်လေးပါးရောက်သွားတာပါဘုရား)။

အပါယ်လေးပါး ရောက်သွားတော့ မြုပ်သမားမဖြစ်ဘူးလား....(ဖြစ်ပါတယ်) အဲ....မြုပ်သမားက တက်လာပြန်တော့ မျောသမားအဖြစ်နဲ့ လာပြန်တာဘဲ ... (မှန်ပါ့)အမျောသမားအဖြစ်နဲ့လာပြန်တော့ ရပ်ရွာအားကိုးပြန်တော့လဲ....(မြုပ်သမားဖြစ်ပါတယ်)ဒါဘဲရှိတယ် ကိုင်း- တကာတကာမတို့ဘယ်လောက်ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

သံယုတ်ပါဠိတော်မှာ ဒီအဓိပ္ပါယ်ဟောတယ် ဦးဘကြည်.... (မှန်ပါ့) တကာတကာမတွေ့ ဒါသံဝဂရစေချင်လို့ ဟောတာမဟုတ်ပါဘူး၊ ဖြစ်စဉ်ကိုက် ဟောတာလို့ မှတ်ပါ .... (မှန်ပါ့) သံဝဂရစေချင်လို့ ဘုန်းကြီးက ဟောတာဘဲလို့ မအောက်မေ့နဲ့၊ ခင်ဗျားတို့ ကျုပ်တို့နေခဲ့ရတာ ဒီအတိုင်းသာမှတ် .... (မှန်ပါ့ဘုရား)။

သံဝဂဆိုတော့ ခင်ဗျားတို့ကို တရားအားထုတ်ဖြစ်အောင် ဟောတယ်လို့ ဒီလိုထင်နေလိမ့်မယ် .... (မှန်ပါ့) မဟုတ်ဘူး တကယ့်ဖြစ်စဉ် ပြောနေတာ ဦးဝင်း၊ သံဝဂ ရဘို့လောက် ပြောတာမဟုတ်ဘူး....(မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ကိုယ့်အဖြစ် နောက်တုံးက ဘယ်လိုနေခဲ့ရတယ်ဆိုတာကိုထင်ရှားအောင်ပြတာ....(မှန်ပါ့ဘုရား)။

ကိုယ့်အဖြစ်က ဘယ်လိုနေခဲ့ရ သတုံး .... (အမြုပ်သမား အမျောသမားအဖြစ်နဲ့ နေခဲ့ရပါတယ်)ဟိုဘဝ,ဒီဘဝကူးတာက ဘာတုံး.... (မျောသမားပါ) ရောက်ရာမှာ ခန္ဓာငါးပါးကို ကိုယ့်ခန္ဓာကြီး ကိုယ်အားကိုးတယ်၊ အနိစ္စခန္ဓာကြီး အားကိုး လိုက်တဲ့အတွက်အနိစ္စဖြစ်ဖြစ်သွားလို့ ဒေါမနဿတွေနဲ့ သောကတွေနဲ့, ပရိဒေဝတွေနဲ့ မြုပ်သွားတဲ့ဘဝတွေ မရှိဘူးလား .... (ရှိပါတယ်ဘုရား)။

ဒါဖြင့် မြုပ်သွားပြန်တော့ အပါယ်လေးပါး၊ မျောပြန်တော့ သုံးဆဲ့တဘုံဟုတ်လား....(မှန်ပါ့)မျောပြန်တော့အထက်ဘုံတွေရှောက်မျောနေတယ်၊ မျောရာကနေပြီး အားကိုးလဲ့လို့ ပြုတ်ကျပြန်တော့ အပါယ်လေးပါးမြုပ်တယ်....(မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့သည် မြုပ်တာနဲ့ မျောတာ ဘယ်ဟာကြာလိမ့်မယ်ထင်သတုံး အကဲခတ်ကြစမ်း....(မြုပ်တာကကြာပါတယ် ဘုရား)ဒါဖြင့် အပါယ်လေးပါးမှာ ကြာတယ် ....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်မှာကြာပါလိမ့် .... (မြုပ်တာကြာပါတယ်ဘုရား) မြုပ်တာကြာတယ်ဆိုတော့ အပါယ်လေးပါးမှာ ကြာတယ်.... (မှန်ပါ့) အပါယ်လေးပါးက အောက်မှာရှိတာကိုးဗျ (မှန်ပါ့) မျော လာ တယ် ဆိုယင်ဖြင့် ပေါ်လို့မျော၊ မျောလို့ရှိယင် အားကိုးရှာတာဘဲ့....(မှန်ပါ့ဘုရား)။

ရှာတယ်ဆိုယင်ဖြင့် အနိစ္စတွေချည့် အားကိုးချလိုက်ဘာဘဲ့ (မှန်ပါ့) အားကိုးသည်နဲ့ တပြိုင်နက်တည်း အနိစ္စမို့ မခိုင်လို့ အားကိုးတဲ့လူအပေါ်မှာဘဲ့ ပြုတ်ကျတာဘဲ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ဖြင့် တကာတကာမတို့ဒါလောက်ဆရာဘုန်းကြီးက သယ်ယူပို့ဆောင်ပြီးသကာလ မျှော်သမားမှန်းလဲ သိပြီ၊ မြုပ်သမားလဲ ဖြစ်တော့မှာဘဲဆိုတာ ခင်ဗျားတို့သိနေတော့ သောင်းကမ်းဖြင့်ရှာမှာဘဲ၊ ကိုထွန်းဦး လာသင့်-မလာသင့်....(လာသင့်ပါတယ်ဘုရား)။

နိဗ္ဗာန်တည်းဟူသော သောင်းကမ်းကြီးကိုဗျာ ဒီကိုတက်ဖြစ်အောင် အလုပ်ကိုဖြင့် လုပ်ဖြစ်အောင် လုပ်ပါမှာဘဲဆိုတာကို ဆုံးဖြတ်ချက်ချကြ .... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အင်မတန်ကံထူးလို့ ခင်ဗျားတို့ ဒီဥစ္စာသိရတယ်.... (မှန်ပါ့) နောက်က ခင်ဗျားတို့ ဘယ်လိုနေခဲ့ရတယ်ဆိုတာ အခုသေသေချာချာပေါ်ပါပြီ.... (မှန်ပါ့) ဘုရားသေသေချာချာ ဟောတာဘဲ ဦးဘအုန်းရဲ့....(မှန်ပါ့) ဟုတ်ကော ဟုတ်ပုံရရဲ့လား‌လို့ သံသယမရှိနဲ့ ဒီအတိုင်းသာမှတ် .... (မှန်ပါ့) ရှင်းကြပလား တကာတကာမတို့....(ရှင်းပါပြီဘုရား)။

ဒါပဌမသစ်ပင်ကဖိလိုက်တာနဲ့ မြုပ်သွားတယ်.... (မှန်ပါ့) ဒုတိယသစ်ပင် ဝေဒနာအားကိုးပြန်တော့ ချမ်းသာတာကလေးအားကိုးပြန်တော့ ချမ်းသာတာကလေးဟာလဲ ဖြစ်ပျက်ဆိုပြုတ်သွားတာဘဲ....(မှန်ပါ့ဘုရား)။

ပြုတ်ထွက်သွားတော့ ချမ်းသာတာကလေးကို မရလိုက်တဲ့အတွက် တကာတကာမတို့ ဒုက္ခဒေါမနဿတွေနဲ့ မြုပ်မသွားရပေဘူးလား.... (မြုပ်သွားရပါတယ်)မြုပ်သွားတော့ ခုနင်က

ဒီအပင်ဆွဲလဲမြုပ်တာဘဲ၊ ဒီဘက်က သညာကွန္ဒာ ဆွဲပြန်တော့ကော....(မြုပ်ပါတယ်ဘုရား)။

ကိုယ့်အတတ်ပညာကလေး အားကိုးနေပြန်တော့ သညာကလေးကလဲ အနိစ္စရောက်သွားပြန်တော့ ကိုယ်ကျိုးနည်းပေါ့ဆိုတာ လာဦးမှာဘဲ၊ မြုပ်ဦးမှာဘဲ.... (မှန်ပါ့) သခ်ါရုအားကိုးပြန်တော့ကော....(မြုပ်ဦးမှာပါဘုရား)ဝိညာဏကွန္ဒာ အားကိုးပြန်တော့.... (မြုပ်ဦးမှာပါဘုရား) ကမ်းနားသစ်ပင်ချည်းဘဲ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ခန္ဓာငါးပါး ကမ်းနားသစ်ပင်ဆိုတာ ပေါ်ရောပေါ့....(ပေါ်ပါပြီဘုရား) ကျုပ်တို့သည် သုံးဆဲ့တဘုံလည်တာက မျောနေတာ....(မှန်ပါ့) ရောက်ရာဘုံမှာ အားကိုးတာကဖြင့် ဒီခန္ဓာငါးပါးမှတပါး ဘာမှအားမကိုးဘူး .... (မှန်ပါ့ဘုရား)။

ဒါဘဲ အားကိုးနေတယ် ကိုထွန်းဦး....(မှန်ပါ့) အားကိုးပေမဲ့ သူတို့ပိလို့ဘဲမြုပ်ရတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား) တခါမြုပ်လို့ရှိယင် ဘယ်လောက်မှ ပေါ်မတုံးဆိုလို့ရှိယင် ဟောဘို့မလွယ်ဘူး....(မှန်ပါ့ဘုရား)။

တခါမြုပ်သွားယင် ဦးဘအုန်း ဘယ်လောက်ခက်သတုံး.... (မှန်ပါ့) တကာတကာမတို့ တခါမြုပ်သွားလို့ရှိယင် ဘယ်တော့ပေါ်လိမ့်မယ်ဆိုတာ ဟောဘို့ကိုမလွယ်ဘူး၊ ဘယ်လောက်ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ကြောက်စရာ အင်မတန်ကောင်းတော့ကို သောင်ကမ်းကို ရှာကြပါတော့.... (မှန်ပါ့)ဒီက ရေထဲမှာတော့ မျောတယ်၊

သောင်ကမ်းပေါ် တက်မိအောင်တက်၊ ဘယ်လှိုင်း ဘယ်ရေ ဘက်ဂယက်မှ ဒီရေမနှိပ်စက်နိုင်တဲ့ နိဗ္ဗာန်သောင်ကမ်းပေါ် မတက်ဖြစ်သ၍ ကာလပတ်လုံးတော့ ဒီမျောလိုက် မြုပ်လိုက်ဘဲ နေမယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဦးဘကြည် အဓိပတေယျ ဟောသင့်သလား-မဟော သင့်ဘူးလား....(ဟောသင့်ပါတယ်ဘုရား) အဓိပတေယျ ရမှ သာလျှင် သောင်ကမ်းတွေ့တာကိုးဗျ.... (မှန်ပါ့) အဓိပတေယျ မရသေးသ၍ ကာလပတ်လုံး....(မတွေ့ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ သီလကလေးကြောင့် နတ်ပြည် ရောက်ပြန်တယ်၊ ဒါနကလေးကြောင့် နတ်ပြည်ရောက်ပြန်တယ် ဆိုလို့ရှိယင် ဒီခန္ဓာငါးပါးဘဲ ခင်ဗျားတို့ အားကိုးကြဦးမှာဘဲ (မှန်ပါ့) မကိုးပေဘူးလား....(ကိုးမှာပါဘုရား)။

ကိုးလိုက်တဲ့ အခါကျတော့ ဒါ အနိစ္စခန္ဓာတွေ့ မဟုတ်ဘူး လား....(ဟုတ်ပါတယ်ဘုရား) ပြုတ်ကျပြန်တော့ ဩဩ....ကိုယ် ဖြင့် ကိုယ်ကျိုးကြီးနည်းပေါ့ ဖြစ်မှဖြစ်ရလေခြင်း မလာပေဘူး လား....(လာပါတယ်ဘုရား)။

ကိုယ့်ခန္ဓာအားကိုးယင် အနိစ္စကြီးမြုပ်ပြန်ပြီ၊ ဒါ ဘာတုံး တဏှာ, ဥပါဒါန်နဲ့ဆဲလိုက်တာဗျ .... (မှန်ပါ့) ရေထဲကနေပြီး ဆဲလိုက်တာ ဘာနဲ့ဆဲလိုက်တာတုံး .... (တဏှာ, ဥပါဒါန်နဲ့ဆဲ တာပါဘုရား) တဏှာ, ဥပါဒါန်နဲ့ဆဲလိုက်တော့ အဲ့ကုန်ရှိ သလောက် ဆဲလိုက်တယ် ဆိုတာကော သေချာပလား .... (သေချာပါပြီဘုရား)။

နို့ ကမ်းနားသစ်ပင်က ခိုင်မှာလား- မခိုင်ဘူးလား.... (မခိုင်ပါဘုရား) မခိုင်တော့ ဘယ် သူ့ အ ပေါ် ပြုတ် ကျ မယ် .... (တပည့်တော်တို့အပေါ် ပြုတ်ကျမှာပါ)ရော.... မျောသမားက တော်သေးတယ်၊ မြုပ်သမားအဖြစ်က မြေဆိုင်နဲ့တကွအပင်ပါ ပြုတ်ကျတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

မြေဆိုင်နဲ့တကွ အပင်ပါပြုတ်ကျလာတော့ ဒီပုဂ္ဂိုလ်သည် မျောလို့ မောရတဲ့အထဲမှာမြုပ်လုံးနဲ့ကြုံပါတယ် ဆိုလို့ ရှိ်ယင်ဖြင့် ဒီပုဂ္ဂိုလ်လောက် အဖြစ်ဆိုးတာတော့ မရှိပါဘူး .... (မရှိပါဘုရား)။

နဂိုရ်က ဘာသမားတဲ့တုံး....(မျောသမားပါဘုရား)နောက် အားကိုးလိုက်တော့....(မြုပ်သမားပါဘုရား)။

အေး....ဒါ့ကြောင့် တကာတကာမတွေ ခင်ဗျားတို့ သြော်-တပည့်တော်တို့ နောက်တုန်းက ဘယ်လိုများ နေခဲ့ ထိုင်ခဲ့ကြရပါလိမ့်ဘုရား၊ တပည့်တော်တို့ ကောင်းတာကလေးများ မြင်ခဲ့ကြရပါရဲ့လားလို့ ဘုရားကို လျှောက်ထားယင် ကောင်းတာရယ်လို့ မမြင်ဘူး၊ မြုပ်တာနဲ့မျောတာကိုဘဲ မြင်တယ်လို့ ဟောတော်မူမှာဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့က လျှောက်ငြားသော်လဲ ဘုရား အမှန်ဖြေမှာကတော့ ဒါဘဲ....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ ဘာသမားတုံးပါလိမ့်.... (မြုပ်သမား- မျောသမားပါဘုရား) သြော်....နဂိုရ်က မသိဘူး....(မှန်ပါ့) နဂိုရ်က

တော့ မသိဘူး၊ နဂိုရိုက်တော့ ကံကောင်း အကြောင်းသင့်ပြီး လူ့ပြည်ရောက်လာတယ်ထင်တယ်၊ ဘယ်ဟုတ်မလဲဗျ၊ တဏှာ မျောလိုက်လို့....(မှန်ပါ့)။

တဏှာမျောလို့ ဒီရောက်လာတယ်၊ ဒီကျတော့လဲ မိမိ ခန္ဓာကြီးဟာ ငါးပါးမရှိဘူးလား.... (ရှိပါတယ်ဘုရား) ကိုယ်လုပ် ကိုယ်စားရတာပေါ့၊ ကိုယ်ကျန်းမာဘို့ အရေးကြီးတယ်၊ ကိုယ် ရှာမယ် ကိုယ်ဖွေမယ်ဆိုတော့ ဘာအားကိုးသတုံး....(ခန္ဓာအား ကိုးပါတယ်ဘုရား)။

ဒါတွေကလဲ အနိစ္စတွေဘဲ၊ ကမ်းနားသစ်ပင်တွေဘဲ တကာ တကာမတွေ၊ ရီးတီးယားတားလုပ်မနေပါနဲ့ ပြုတ်ကျမှာချည့်ဘဲ (မှန်ပါ့)။

ပြုတ်ကျလို့ ရှိယင် သူများပေါ် ပြုတ်ကျမှာလား၊ ဆွဲတဲ့လူပေါ်, အားကိုးတဲ့လူပေါ် ပြုတ်ကျမှာလားဆိုတာ တွေးလုံးထုတ်ပါ....(မှန်ပါ့-ဆွဲတဲ့လူပေါ် ပြုတ်ကျမှာပါဘုရား) ဒါဖြင့် မြုပ်မှ မြုပ်ပါ့မလား....(မြုပ်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ မြုပ်တယ်ဆိုတာ သေချာပြီး သကာလနေတော့ အားမကိုးကောင်းတာ အားကိုးတဲ့အတွက် မြုပ်လုံးနဲ့ဘဲ အချိန်ကုန်ကြတယ်ဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား)။

အဲဒါတွေ သိတော့မှ ခင်ဗျားတို့သည် ဩော်.... ဒီဇာတ်ကို သိမ်းမှ ကောင်းမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီဇာတ်သိမ်းမှ ကောင်းမယ်ဆိုတော့အမျှောသမားလဲ မဖြစ်ရအောင် တဏှာသတ်ရလိမ့်မယ်၊ မြုပ်သမားလဲ မမြုပ်ရအောင် ခန္ဓာ အားမကိုးပါနဲ့....(မှန်ပါ့) ဦးဘကြည် နှစ်ချက်လာပြီ.... (မှန်ပါ့)။

မျှောသမားမဖြစ်ရအောင် ဘာလုပ်ရမယ်.... (အမျှောသတ် ရပါမယ်ဘုရား) မြုပ်သမားမဖြစ်အောင်.... (ခန္ဓာ အားမကိုးရပါဘုရား)။

ခန္ဓာကို အားမကိုးရဘူး၊ ခန္ဓာကိုယ်အနတ္တကို အနတ္တအတိုင်း ထားရမယ်၊ သွားမဆွဲနဲ့....(မှန်ပါ့) ဆွဲယင် ပြုတ်ကျလိမ့်မယ် နော်....(မှန်ပါ့)။

အင်မတန်အဘိုးတန်တဲ့တရားပါကလား ကိုထွန်းဦး....(မှန်ပါ့ ဘုရား) အင်မတန် အဘိုးတန်တဲ့တရား တကာတကာမတွေ့.... (မှန်ပါ့)။

ခင်ဗျားတို့ အင်မတန် ကံကြီး အကြောင်းကြီးပြီးသကာလ ပုံစံနဲ့တက္ခ ပြပြီးဟောတော့မှ ကိုယ့်ဖြစ်ထွန့ဲ ကိုယ်နဲ့ ကိုယ်လာ ခဲ့တဲ့လမ်းကြီးကို တခါတည်း မျက်လုံးထဲ တန်းကြည့်လိုက်တဲ့ အခါကျတော့ သြော်.... နောက်က ဖြစ်စဉ် ကြည့်လိုက်ရလို့ ရှိယင်ဖြင့် အတော် အရုပ်ဆိုး အကြည်းတန်ပါကလား၊ ဆင်းရဲ မျိုးစုံကို ကုန်ရော တွေ့ခဲ့တာ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ် ဘုရား) တကာသိုက်,ရေ....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ နောက်က ကိုယ်နေခဲ့တဲ့ဖြစ်စဉ် ကြီး ကောင်းကောင်းပေါ်ပလား....(ပေါ်ပါပြီဘုရား) ဘယ်လို

များ နေခဲ့ကြသလဲ.... (မြုပ်သမား-မျောသမားအဖြစ်နဲ့ နေခဲ့ကြပါတယ်ဘုရား) မျောတာက ဘယ်သူ့ကြောင့်လဲ...., (တဏှာကြောင့်ပါဘုရား) မြုပ်တာက... (ခန္ဓာကြောင့်ပါဘုရား)အနိစ္စတရား အားကိုးမိလို့.....(မှန်ပါ့) တဏှာ,ဥပါဒါန်နဲ့ခင်မင်မိလို့၊ သဘောကျပလား.....(ကျပါပြီဘုရား)။

ဒါ.... ကိုယ့်ကိုယ်တောင် မဟုတ်ဘဲနဲ့ ကိုယ့် ခင်ပွန်းမတွေ့, သားသမီးတွေ့အားကိုးယင်ကော(ပြုတ်ကျမှာပါဘုရား)ပြုတ်ကျမှာချည့်ဘဲလို့ ဆုံးဖြတ်ချက်ချစမ်းပါ....(မှန်ပါ့) သဘောကျပလား.....(ကျပါပြီဘုရား)။

ရှိတဲ့ပစ္စည်းကလေး အားကိုးပြန်လဲ ခန္ဓာထဲက ရူပက္ခန္ဓာထဲကဘဲ.....(မှန်ပါဘုရား) သူလဲ ဘာဖြစ်မှာတုံး....(ပြုတ်ကျမှာပါဘုရား)။

ပြုတ်ကျမှာချည့်ဘဲဆိုတော့ ဦးဝင်း,ရေ.... သုံးဆယ့်တဘုံထဲမှာဖြင့် ပြုတ်ကျမှာသာရှိတယ်၊ အားကိုးရာမရှိဘူး.... (မှန်ပါ့) ဆိုထိုက်ပလား.....(ဆိုထိုက်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်အကြောင်း ကိုယ်သိပလား (သိပါပြီဘုရား) ကိုယ့်အကြောင်း ကိုယ်သိတော့ ပြင်ချင်ပြင်ဘုန်းကြီးက အခုပြောပြီ တကာတကာမတို့ မဂ္ဂင်ရှစ်ပါးကို အဓိပတိထိုက်အောင် လုပ်ပေါ့၊ အဓိပတိ ထိုက်အောင်မှ မလုပ်လို့ ရှိယင်ဖြင့်ခင်ဗျားတို့ နိဗ္ဗာန်သောင်ကမ်းပေါ်တင်မယ်မဟုတ်ဘူး (မှန်ပါ့)။

နိဗ္ဗာန်သောင်ကမ်း ဆိုတာက ဘယ်လိုရေ, ဘယ်လိုလှိုင်း, ဘယ်လိုဂယက်,ဘယ်လိုစဲတို့မှ သူ့ကိုလှုပ်ရှားနိုင်အောင် လုပ်နိုင်ရဲ့လား....(မလုပ်နိုင်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ မြုပ်စရာ-မျောစရာရှိသေးရဲ့လား (မရှိပါဘုရား)ဒါဖြင့် ဒို့သည်ကား....လို့ ဆိုယင်ဖြင့် လုပ်မှုကိုက်မယ်၊ မလုပ်လို့ရှိယင် ဒီနေရာ ရောက်မှာမဟုတ်ဘူး၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် မျောသမားး မြုပ်သမားအဖြစ်ကို ကိုယ့်ဖြစ်စဉ် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒီဘက်က ရူပကွန္ဓာ အားကိုးလဲ့ ဘာဖြစ်မှာတုံး.... (မြုပ်မှုပါဘုရား) အနိစ္စမို့ ပြုတ်ကျမှာဘဲ၊ ပြုတ်ကျတော့ သူ့ပေါ်မှာဘဲ့ဖို၊ ဖိလို့ သူ-ဘာဖြစ်ရသတုံး.... (မြုပ်မှုပါဘုရား) ဒီဘက်က ခန္ဓာ အားကိုးလိုက်ပြန်ပြီ သစ်ပင်ကို.... (မြုပ်မှုပါဘုရား) ပြုတ်ကျမှာဘဲ၊ ပြုတ်ကျယင် ဘာဖြစ်မယ် ထင်သတုံး.... (မြုပ်မှုပါဘုရား)။

ဒီဘက်က သညာကွန္ဓာ အားကိုးလိုက်ပြန်လဲ.... (ပြုတ်ကျမှုပါဘုရား) ပြုတ်ကျလို့ မြုပ်မှာဘဲ၊ ဒီဘက်က သင်္ခါရကွန္ဓာ အားကိုးလိုက်ပြန်လဲ.... (ပြုတ်ကျမှုပါဘဲဘုရား) ဒီဘက်က ဝိညာဏကွန္ဓာ အားကိုးယင်.... (ပြုတ်ကျမှုပါဘုရား)။

ကဲ....မြုပ်သွားပြီ....တဲ့ ဒီပုဂ္ဂိုလ်၊ ကမ္ဘာပေါင်း များစွာကို မြုပ်တော့မှာဘဲ့....(မှန်ပါ့) မမြုပ်ပေဘူးလား....(မြုပ်ပါတယ်ဘုရား)။

မြုပ်လို့ အပါယ်လေးပါးက တက်လာပြန်တော့လဲ လူ့ပြည် မျောလာပြန်ပြီ၊ အပါယ်လေးပါးက တက်လာပြန်တော့ တဏှာမျောလိုက်တာနဲ့ ဒီဘက်ရောက်လာပြန်ပြီ.... (မှန်ပါ့)

ရောက်ပြန်ယင် ဒီသစ်ပင်တွေဦးမှာဘဲ....(မှန်ပါ့) တွေ့ပြန်ယင် ဘာလုပ်ဦးမှာပါလိမ့်....(ဆွဲဦးမှာပါဘုရား) ဆွဲယင် ဘာဖြစ်ဦးမယ်....(မြုပ်ဦးမှာပါဘုရား)။

ဒါဖြင့် ပဌမကတည်းက မြုပ်နေပြီဗျ၊ ဒီဘက် သွားတာဟာ အပိုပြောတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ပဌမကတည်းက မြုပ်နေတော့ မြုပ်ပြီး နောက်တခါမျောရုံ ကျန်တော့တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဩော်....ဒါဖြင့် တပည့်တော်တို့၏ နေခဲ့ရတဲ့ ဖြစ်စဉ်ဟာဖြင့် ကိုယ် ကိုယ်ကြည့်လိုက်ပြန်လဲ အလွန်ဆိုးဝါးတဲ့ အခြေအနေပါကလား၊ သူတပါး ကြည့်လိုက်ပြန်လဲ ထို အတူဘဲ ဆိုတော့ ဦးဝင်းတို့ အခုအချိန် ဘာရှာဘို့ အရေးကြီးသလဲ.... (သောင်းကမ်းရှာဘို့ အရေးကြီးပါတယ်ဘုရား)။

အဲဒီတော့ သောင်းကမ်းရှာဘို့ အရေးကြီးတယ်ဆိုငြားသော်လဲ ခင်ဗျားတို့ သောင်းကမ်းကို ပြပေးနိုင်တဲ့ ဆရာတွေဘို့ကလဲ မလွယ်သေးဘူး....(မှန်ပါ့ဘုရား) လွယ်ပါ့မလား.... (မလွယ်ပါဘုရား)။

သောင်းကမ်း အားကိုးရာကို တကယ်မေးတော့မယ် ဆိုငြားသော်လဲ ခုနင်က နတ်ပြည်အရောက်ပို့ထားတဲ့ ဆရာနဲ့ဆိုတော့ နတ်ခန္ဓာငါးပါးမြုပ်ဦးမှာဘဲ.... (မှန်ပါ့) ဗြဟ္မာခန္ဓာကော.... (မြုပ်ဦးမှာပါဘုရား)။

အဲဒီလိုဆိုယင် ခင်ဗျားတို့ မြုပ်သမားဘဲ သွားရောက်ဦးမယ် (မှန်ပါ့) မရောက်ပေဘူးလား- ရောက်မလား.... (ရောက်မှာပါဘုရား)။

ခင်ဗျားတို့က တရားဆိုယင်ဖြင့် ကိုယ်က မသိတော့ ဘာ ဖြစ်ဖြစ် အဟုတ်ဘဲချည့်လို့ ထင်ချင် ထင်ပစ်လိုက်မယ်....(မှန်ပါ့ ဘုရား)။

အခု သေသေချာချာဟောတော့ နတ်ခန္ဓာလဲ ငါးပါးဘဲ (မှန်ပါ့) ဗြဟ္မာခန္ဓာကော....(ငါးပါးပါဘုရား) မျောလာတဲ့ ပုဂ္ဂိုလ် ဒီငါးပါး အားမကိုးပေဘူးလား....(ကိုးပါတယ်ဘုရား) ကိုးယင် အနိစ္စခန္ဓာတွေနဲ့ ဘာဖြစ်မယ်ထင်ကြသတုံး....(ပြုတ်ကျ မှာပါဘုရား)။

ပြုတ်ကျတော့ ဘယ်သူ့ပေါ်မှာ ဖိသတုံး.... (ဆွဲတဲ့လူပေါ် မှာ ဖိပါတယ်ဘုရား) နတ်ပေါ်မှာလဲ ပိတယ်၊ ဗြဟ္မာပေါ် မှာလဲ ဖိတယ်....(မှန်ပါ့ဘုရား)ပိုတော့သူလဲ အောက်ကျအောင် မြုပ်တာဘဲ....(မှန်ပါ့)။

အပါယ်လေးပါးကျအောင် မြုပ်ပြန်တော့ ဩော်.... ဒီနေ ရာ ဒီဌာနတွေဟာ မျောရာ,မြုပ်ရာ ဌာနတွေဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

လူ့ပြည်,နတ်ပြည်,ဗြဟ္မာပြည် ဘာဆိုကြမလဲ.... (မျောရာ မြုပ်ရာဌာနပါဘုရား) အားကိုးစရာရှိရဲ့လား.... (မရှိပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အေး....ဒီတခါကျမှ သောင်ကမ်းတက်မိယင်း တက်မိ၊မတက်မိ ယင်တော့ဖြင့် ကိုယ်ကျိုးကြီးနည်းပေါ့.... (မှန်ပါ့) ခင်ဗျားတို့ အတွက် ဦးဝင်း ပြောထိုက်-မပြောထိုက်....(ပြောထိုက်ပါတယ် ဘုရား)။

ပြီးတော့လဲ ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ သောင်ကမ်းပေါ် တက်နည်းကိုလဲ ဆရာကောင်း သမားကောင်းက ဒီလိုတက်ယင် ရောက်မယ်၊ ပြောပေးမည့်သူ ရှိသေးတယ်....(မှန်ပါ့)။

ခင်ဗျားတို့ နောက်က နေခဲ့ရတာဖြင့် မြုပ်လိုက်, မျောလိုက် ဆိုယင် ပြောမည့်လူကို မလာဘူး....(မှန်ပါ့) နည်းပေးတဲ့လူ ကော....(မလာပါဘုရား)။

ဘုရားတဆူတဆူ ပဉ္စင်္ဂတော်မူကြတယ်ဆိုပေမဲ့ မြုပ်တဲ့အထဲ တာရှည်တော့ ဘုရားကလဲ အဲဒီ ကျုပ်တို့မြုပ်တဲ့ဆီကို မရောက် ဘူးဗျ....(မှန်ပါ့) ဘယ်မှာနေကြသတုံး ကျုပ်တို့က.... (မြုပ်နေ ကြပါတယ်ဘုရား....(မြုပ်ဆိုတာအပါယ်လေးဘုံ)။

ဦးလှ ဘယ်မှာနေကြပါလိမ့်-(အပါယ်လေးဘုံမှာပါဘုရား) အဲဒီနေရာ ဘုရားရောက်ပါရဲ့လား....(မရောက်ပါဘုရား) ဘုရား ကိုတော့ မြင်တော့ မြင်မယ်၊ မြင်ပေမဲ့လဲ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် တွေ့ ဖြစ်နေတဲ့အတွက် ဘုရားက မကြွဘူး....(မှန်ပါ့)ကျွတ်တမ်း ဝင်စရာမရှိဘူးဆိုပြီး လာသေးရဲ့လား....(မလာပါဘုရား)။

ကျုပ်တို့ မြတ်စွာဘုရားက ၄၅-ဝါထည်းနေရတော့ ကဗျာ ကယာ ကျွတ်တမ်းဝင်မည့်ပုဂ္ဂိုလ်တွေ့ဆီ အမြဲလိုက်ပြီး ကယ်နေ ရတော့ နေ့မအိပ်ရ,ညမအိပ်ရ အလုပ်လုပ်တော်မူရတာကိုးဗျ.... (မှန်ပါ့)အပါယ်ငရဲ ကျွတ်တမ်းမဝင်မည့်ဆီသွားဘို့တောင် သိပ် အချိန်မရပါဘူး....(မရပါဘုရား)။

အဲဒီတော့ ကျုပ်တို့သည် ဘုရား အဲဆူဆူ ပဉ္စင်္ဂတော်မူတာ ကျွတ်တမ်းမဝင်ခဲ့တဲ့အဓိပ္ပါယ် အခုကိုယ်ပိုင်ဉာဏ်နဲ့ကြည့်တော့ ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဘာဖြစ်နေကြသတုံး....

(အာပါယ်လေးပါး နစ်နေပါတယ်ဘုရား) ဒီလိုဆိုပါ၊ မျှော သမား,မြုပ်သမားဖြစ်နေလို့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါ ပြီဘုရား)။

အခုတော့ဖြင့် တကာသိုက်,ရေ....ကိုယ်တိုင် နားလည်ရုံတဲ့ အတွက် ယုံပေါ့ဗျာ....(ယုံပါတယ်ဘုရား) တကာတက်ာမတွေ အားလုံး ယုံပလား....(ယုံပါပြီဘုရား)။

ဒါဖြင့် ယခုအချိန်မှာ တပည့်တော်တို့ ဆရာဘုန်းကြီးက ဟောလို့ ခန္ဓာငါးပါးကို အားမကိုးတော့ဘူး၊ အနိစ္စကို အနိစ္စ မှန်း သိမယ်၊ ဒုက္ခကို ဒုက္ခမှန်းသိမယ်၊ အနတ္တာမို့ ကိုးစားစရာ အားထားစရာမရှိဘူးလို့သိမယ်ဆိုယင်ဖြင့် ဆဲပါဦးမလား....(မဆဲ ပါဘုရား)။

မခင်လို့ မဆဲတယ်၊ မခင်လို့ မဆဲတော့ ဦးဘကြည်,ရေ.... ခင်တာက တဏှာကိုးဗျ....(မှန်ပါ့) မခင်တော့ ဆဲမိသေးရဲလား (မဆဲမိပါဘုရား)။

ဒါဖြင့် မခင်ခြင်းကြောင့်လဲ ဒီတဏှာရေကလဲ ခန်းသွား တယ်....(မှန်ပါ့) ဒီတဏှာက ရေဘဲ မဟုတ်ဘူးလား.... (မှန်ပါ့ ဘုရား)။

အဲဒီတော့ မခင်တဲ့ပုဂ္ဂိုလ်မှာ တဏှာရေ မခန်းဘူးလား.... (ခန်းပါတယ်ဘုရား)မဆဲတဲ့ပုဂ္ဂိုလ်မှာ ပြုတ်ကျစရာရှိသေးရဲလား (မရှိပါဘုရား)။

အဲဒီတော့ တဏှာရေခန်းပြီး ပြုတ်လို့ ပိလို့ မဖြစ်နိုင်တဲ့ အခြေအနေဟာဖြင့် အလုပ်,လုပ်မှဘဲ ရမယ်....(မှန်ပါ့)။

ဦးဘကြည် ဘာလုပ်ရမတုံး၊ ဒီနေ့တရားက တဏှာရေခန်း အောင် လုပ်ရမယ်၊ ဟိုဟာကို မဆဲမိအောင် ကြိုးစားရမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာရေခန်းအောင်ကော-(လုပ်ရပါမယ်ဘုရား) ကမ်းနား သစ်ပင် ငါးခုကော.... (မဆဲရပါဘုရား) မခိုင်ဘူးဆိုတာ သိရ မယ်၊ ဒါ့ကြောင့် မဆဲဖြစ်ဘူး.... (မှန်ပါ့) မဆဲဖြစ်ဘူးဆိုတာ သည် တဏှာ, ဥပါဒါန် မရှိအောင် နေပါလို့ ပြောတာဘဲ ဦးဘအုန်းရဲ့....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတွေ ဩဇာ....ဒီတရားဟာ ဘုရား သခင်ကိုယ်တော်မြတ်ကြီး ဟောတဲ့ဥစ္စာ တကယ် ကိုဘဲ တကယ့် ကို ကျေးဇူးများတဲ့ တရားပါကလား....၊ ကမ်းနား သစ်ပင် အကြောင်းနဲ့ပတ်သက်ပြီး ကိုယ်တော်မြတ်ကြီး ဟောတော်မူတာ သည် ဒို့၏ နောက်ဖြစ်စဉ်ကိုလဲ သေချာတယ်၊ ရှေ့ကိုလဲ ဆရာဘုန်းကြီး အကူအညီနဲ့ ဒို့-သောင်ကမ်း တွေ့မည့်ဥစ္စာ ဆိုတော့ ဒို့အ-ကြောင်းဆိုးတာလဲ ဒို့-သိရပြီ၊ ဒို့-အကြောင်း ကောင်းတာလဲ ဒို့သိရပြီ....(မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင် ပါတယ်ဘုရား)။

အကြောင်း ဆိုးတဲ့ဟာ နောက်က ပြန်ကြည့် လိုက်တော့ တကာတကာမတွေ့ မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား) ဒီက ရှေ့ဟောမည့်တရားကလဲ နိဗ္ဗာန်သောင်ကမ်းကြီးကို တက်မိ အောင် ဟောမည့်တရား....(မှန်ပါ့)။

ခင်ဗျားတို့ကလဲ အားထုတ်ပြီးတက်မယ်ဆိုလို့ရှိယင် မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား) ဩော်.... ဒို့-သံသရာစခန်းသတ်မည့်တရားပါလားဆိုတာ ပေါ်လာတယ်.... (မှန်ပါ့ဘုရား)။

သံသရာစခန်းသတ်ချင်တော့ကို တကာတကာမတွေ့ တဏှာရေခန်းအောင်လုပ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

တဏှာရေခန်းယင် မျှောစရာ လိုသေးသလား.... (မလိုပါဘုရား) ကမ်းနားသစ်ပင်ကို ကမ်းနားသစ်ပင်မှန်း သိအောင်လုပ် (မှန်ပါ့) ပျက်တတ်တယ်-ပျောက်တတ်တယ်-မခိုင်ဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တ ရှုပေါ့ဗျာ.... (မှန်ပါ့) ပျက်တယ်,ပျောက်တယ်,မခိုင်ဘူးဆိုတာ ဦးဘကြည် မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ရေခန်းအောင်လဲ လုပ်ရလိမ့်မယ်....(မှန်ပါ့) အားမကိုးထိုက်တာမို့ အားမကိုးတဲ့အလုပ်ကိုလဲ လုပ်ရလိမ့်မယ်....(မှန်ပါ့) မလုပ်ရပေဘူးလား.... (လုပ်ရပါမယ်ဘုရား)။

ဒီလိုဆိုလို့ရှိယင် တကာတကာမတို့ ရေခန်းရှု သစ်ပင်ပိစရာရှိသေးရဲ့လား.... (မရှိပါဘုရား) သစ်ပင်မဆွဲခြင်းကြောင့်လဲ သစ်ပင်ပိစရာ လိုသေးရဲ့လား... (မလိုပါဘုရား) မလိုသောကြောင့်လဲ မြုပ်သမားဖြစ်သေးရဲ့လား.... (မဖြစ်ပါဘုရား)။

ဒါဖြင့် ရေခမ်းချ သစ်ပင်မပို့အောင် ဘုန်းကြီးက ဟောရလိမ့်မယ်....(မှန်ပါ့) မဟောရပေဘူးလား.... (ဟောရပါတယ်ဘုရား) တကာသို့က် မလွယ်ဘူးနော်....(မှန်ပါ့)။

ရေခန်းအောင်လုပ်ဘို့လဲ မလွယ်ဘူး၊ မဆွဲမိအောင် သူတို့ပြောဘို့ရာကော.... (မလွယ်ပါဘုရား) မလွယ်ဘူး သူ့ဟာက အတင်းဆွဲနေတာ....(မှန်ပါ့) တကာတကာမတွေ့ အတင်းဆွဲနေကြတာ....(မှန်ပါ့)။

ရန်ဖြစ်မှု သာပြီး သိသာသေးတယ်၊ အကြင် လင်မယား မတည့်တဲ့အခါဖြစ်စေ၊ မောင်ချင်း နှစ်မချင်း မတည့်တဲ့အခါဖြစ်စေ ဘယ်သူ့အားကိုးရမလဲ၊ ကိုယ့်ကိုယ်ကို အားကိုးတယ်၊ အိမာ ခန္ဓာငါးပါးကို တခါတည်း အားကိုးလိုက်တယ် ဆဲယူလိုက်မယ် အစရှိသည်နဲ့ ကိုယ့်ကိုယ်ကို အားကိုးမယ်ဆိုတဲ့ အလုံးတွေ့ မလာကြဘူးလား....(လာပါတယ်ဘုရား)။

ဘယ်သူ့ အရေးစိုက်ရမှာတုံးတဲ့၊ မဟုတ်ဘူးလား....(မှန်ပါ့) သူများလိုဘဲ ခြေနှစ်ဘက်၊ပခုံးနှစ်ဘက်နဲ့ဘဲ၊ စိတ်နဲ့ဘဲဘယ်သူ့အောက်မှမကျဘူး အစရှိသည်နဲ့ ကိုယ့်ခန္ဓာငါးပါး ကမ်းနားသစ်ပင်ကို အတင်းဆွဲတာဘဲ .... (မှန်ပါ့) ပို့မှာ- မြုပ်မှာကော ကိုထွန်းဦး မြင်သေးရဲ့လား....(မမြင်ပါဘုရား) အဲဒါဘယ်အခါမမြင်တာတုံးဆိုတော့ အဝိဇ္ဇာအုပ်ချုပ်ပြီးဒေါသများကြီးလာတဲ့အခါကျတော့ ကမ်းနားသစ်ပင်ကို အတင်းဆွဲမယ်ဆိုတာပြောတာဘဲ....(မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်ဘုရား)။

မိန်းမတွေမှာလဲ ထို့အတူဘဲ၊ ယောကျ်ားတွေမှာလဲ ထို့အတူဘဲ၊ ဆိုင်ရာဆိုင်ရာ အားကိုးလုံးရှိကြတယ် .... (ရှိကြပါတယ်) မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီတော့ ပစ္စည်းအားကိုးလဲ ပစ္စည်းကရုပ်ဓမ္မ၊ ဘာသစ်ပင်တုံး(ကမ်းနားသစ်ပင်ပါဘုရား) မောင်နှစ်မတွေ့အားကိုးပြန်တော့ကော(ကမ်းနားသစ်ပင်ပါ) သားတွေ့သမီးတွေ့အားကိုးပြန်လဲ....(ကမ်းနားသစ်ပင်ပါ) ကမ်းနားသစ်ပင်ဆိုတာ အနိစ္စတရားကိုပြောတာ....(မှန်ပါဘုရား)။

ဒါဖြင့် အကုန်အနိစ္စဖြစ်မှ ခင်ဗျားတို့သည် မမြုပ်မယ်.... (မှန်ပါ) ဒါကြောင့်ဘုရားကသင်္ခဿခ်ါရာ အနိစ္စာလို့ဟော တာဟာ ဟောထိုက် မဟောထိုက် .... (ဟောထိုက်ပါတယ် ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အနိစ္စမှန်းသိနေတော့ သူတို့ အားမကိုးတော့ဘူး....(မှန်ပါ) အားမကိုးယင် မြုပ်စရာရှိသေးရဲလား (မရှိပါ) မြုပ်စရာမရှိယင်ဖြင့် တကာတကာမတွေ့ အားမကိုးတာသည် မခင်လို့ အားမကိုးတာ....(မှန်ပါဘုရား)။

မခင်ဘူးဆိုကတည်းက တဏှာရှိသေးရဲလား....(မရှိပါဘုရား) မခင်ဘူးဆိုကတည်းက တဏှာခန်းပြီ....(မှန်ပါ) အားမကိုးဘူးဆိုကတည်းကိုက ဒီခန္ဓာငါးပါး မခိုင်မှန်းသိပြီ....(မှန်ပါ)။

မခိုင်မှန်းသိတော့ မခင်တာရယ် မခိုင်မှန်းသိတာရယ် ဒီနှစ်ခု အရေးကြီးတယ်....(မှန်ပါ) မခင်လို့ရှိယင် တကာတကာမတွေ့ ဘာဖြစ်သလဲ....(တဏှာသေပါတယ်) မခိုင်မှန်းသိယင်ကော.... (အနိစ္စမြင်ပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

မခင်လို့ရှိယင် တဏှာရေခန်းတယ်၊ သဘောကျပလား.... (ကျပါပြီ) မခိုင်မှန်းသိယင် အနိစ္စ, ဒုက္ခ, အနတ္တအကုန်မြင်တာဘဲ....(မှန်ပါ) ဒုက္ခသစ္စာလို့ကော .... (မြင်ပါတယ်ဘုရား)မြင်

တာဘဲတဲ့ ဒီအပင်ဆဲလိုက်ယင် ကိုယ့်အပေါ်ပိမှာ၊ ကိုယ်ဒုက္ခ ရောက်မှာဆိုတော့ ဒုက္ခသစ္စာတွေကော မမြင်ဘူးလား....(မြင်ပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတွေ သား, လင် ခင်ပွန်းတွေကို အားကိုးဘိလိုသေးသလား....(မလိုပါဘုရား)ယောကျ်ားတွေကလဲ ကိုယ့်ကိုယ် ကိုယ်ယောကျ်ားဘဲကွလို့ မာန်တက်စရာရှိသေးသလား....(မရှိပါဘုရား)။

တက်ကြည့်စမ်းပါလား ခန္ဓာငါးပါးဟာ ဘာသစ်ပင်တဲ့ .... (ကမ်းနားသစ်ပင်ပါဘုရား) ကိုယ်က မျောသမားဖြစ်ရတဲ့အထဲ မြုပ်သမားဖြစ်ချင်လို့ ယောကျ်ားဘဲကွလို့ ခါးတောင်းကြိုက်တာဘဲ... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခါးတောင်းကြိုက်တဲ့ပုဂ္ဂိုလ်မျိုး ကြည့်လိုက်လို့ ရှိယင် မင်းမြုပ်ချင်လို့ ကြိုက်ပြန်ပြီ....(မှန်ပါ့) မဆိုထိုက်ဘူးလား- ဆိုထိုက်ပလား....(ဆိုထိုက်ပါပြီဘုရား)။

အဲဒီတော့ကို ဒါလောက်ထိအောင် ခင်ဗျားတို့ ခန္ဓာကိုယ် ခင်တဲ့ ပုဂ္ဂိုလ် အပေါင်း ဟာ ဖြင့် မမြင်လို့ အားကိုးတာဘဲ၊ ရေသောက်မြစ်လဲ မရှိဘူး၊ ရေစားလို့ကော ဦးဘကြည် ဒီသစ်ပင်ဟာ ဘယ်လိုဆဲဆဲ မြဲစရာရှိသေးသလား....(မရှိပါဘုရား)။

အဲဒီတော့ တကာတကာမတို့ဆဲတဲ့ ပုဂ္ဂိုလ်ဖြင့် အမှားတော်ပုံ အကြီးဆုံးမြုပ်ချင်လို့ဘဲ....(မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ဘယ်သူပြောပြော ငါ့အားကိုး နှင့်အားကိုးလို့ ပြောပြောမယုံနဲ့၊ တခါတည်း အကုန်ပိတ်လိုက်တယ်ခင်ဗျားတို့ (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူကပြောပြော၊ ပြောလို့ရှိယင်ဖြင့် ဘုန်းကြီးဟောတဲ့ တရားအတိုင်း ကမ်းနားသစ်ပင်က တော်ခအောင် ပြောနေပြီလို့ မှတ်ထား....(မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီ) ကမ်းနားသစ်ပင်က တော်အောင်ပြောနေတာ၊ မြုပ်တာကြည့်ချင်လို့ ထင်ရဲ့၊ ဒီလိုအဖြေထွက်ရတယ်.... (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဘာများအားကိုးကြသေးသတုံး .... (ကမ်းနားသစ်ပင်အားကိုးနေပါတယ်ဘုရား) သေသေချာချာစဉ်းစားနော် ဦးဝင်း.... (မှန်ပါ့) ကိုယ့်ဟာကိုယ် တိတ်တိတ်ပုန်း ဘယ်သူရှိနေလို့ ဘယ်သူ့အားကိုးနေရတယ်လို့ ဆိုလို့ရှိယင်ဖြင့် ဒါဟာ နိစ္စထင်တဲ့ ဝိပ္ပလ္လာသက အားကိုးနေတယ်၊ သဘောကျပလား .... (ကျပါပြီဘုရား)။

တဏှာရေက ခန်းပါဦးမလား....(မခန်းပါဘုရား)တဏှာရေမခန်းဆို ခင်လို့ အားကိုးတာကိုးဗျ....(မှန်ပါ့)မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ တဏှာရေကလဲမခန်း၊ အားကိုးလုံးကလဲခင်တယ် မြုပ်သွားတာကလဲ ခင်တယ်ဆိုတော့ အမြုပ်သမားဖြစ်ဦးမယ် (မှန်ပါ့ဘုရား)။

တကာတကာမတို့ ကျေနပ်ပဲလား....(ကျေနပ်ပါပြီ)ဘယ်လို ကျေနပ်သတုံး.... (အမြုပ်သမားမဖြစ်အောင် လုပ်ရပါမယ်) အမြုပ်သမား အမျောသမား မဖြစ်အောင်လုပ်ရမယ်၊ နိဗ္ဗာန်သောင်ကမ်းပေါ် တက်မိအောင်လုပ်ရမယ်....(မှန်ပါ့ဘုရား)။

မြုပ်သမား၊ မျောသမား အဖြစ်မှ လွတ်၍ နိဗ္ဗာန်သောင်ကမ်းတက်မိအောင် ကြိုးစားမှသာလျှင် ဦးဘကြည်ခိုင်လုံတော့မယ်....(မှန်ပါ့) ဒါဖြင့် အဓိပတိထိုက်အောင်လုပ် .... (မှန်ပါ့ဘုရား)။

ဦးဘကြည် ဘယ်လိုလုပ်ရမလဲ....(အဓိပတိထိုက်အောင်လုပ်ရပါမယ်)ဒါဖြင့် အဓိပတိမထိုက်သ၍ ကာလပတ်လုံး ကျုပ်တို့ ဘယ်လိုနေရမယ်ဆိုတာကော ပေါ်ပလား .... (ပေါ်ပါပြီ) ဘယ်လိုနေရမတုံး.... (အမျောသမား အမြုပ်သမားအဖြစ်နဲ့နေပါမယ်) အမျောသမား အမြုပ်သမားမှာလဲ ဘယ်ဟာတာရှည်သတုံး....(အမြုပ်သမားက တာရှည်ပါတယ်ဘုရား)။

ဒါ့ကြောင့် ဂင်္ဂါသဲမှုန့်နဲ့အမျှ ဘုရားမြတ်စွာတော့ ဆိုတော့ ဦးဘကြည် ဘုရားပေါင်း ဘယ်လောက်တုံး .... (မရေတွက်နိုင်ပါဘုရား) ဘယ့်နှယ်ကြောင့် ရှာမတွေ့ပါလိမ့်မတုံး ဆိုတော့.... (အမြုပ်သမားဖြစ်နေလို့ပါ) မပေါ်သေးဘူးလား .... (ပေါ်ပါပြီ) ဒီတခါမြုပ်ယင်ဖြင့် နောက်လဲတော်တော်နဲ့ တွေ့စရာမြင်သေးသလား....(မမြင်ပါဘုရား)။

အဲဒီတော့ အခုကိုယ်ကျိုးနည်းတာ ခင်ဗျားတို့အရေးမကြီးပါဘူး၊ နောင်ဒုက္ခပင်လယ်ဝေပြီး ငရဲထဲမှာ အချိန်ကုန်ပြီးသကာလနေကြယင် အဲဒါမှ ကိုယ်ကျိုးနည်းတာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)

ဒါဖြင့် ယနေ့ခင်ဗျားတို့ ဘယ်ရောက်အောင် ကြိုးစားရမယ် ဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီဘုရား)နိဗ္ဗာန်ရောက်

အောင် ကြိုးစားပါမယ်၊ အေး-နိဗ္ဗာန်သောင်ကမ်းပေါ် တက်မိ အောင်ဆိုတော့ အဓိပတေယျဖြစ်အောင် ဦးဘကြည်ကြိုးစား ရမယ်....(မှန်ပါ့ဘုရား)။

ဦးလှ နေရာကျပလား....(ကျပါပြီဘုရား)ကိုထွန်းဦးဘာဖြစ် မှာတုန်းဗျ....(နိဗ္ဗာန်သောင်ကမ်းသို့ ရောက်အောင်လုပ်ရပါမယ် ဘုရား) မလုပ်လို့ ခင်ဗျားတို့မတက်မိဘူးဆိုယင်ဖြင့်မျှသမား ဖြစ်မှာဘဲ့....(မှန်ပါ့ဘုရား)။

မျှသမားဖြစ်ပြီးယင် မြုပ်သမား သွားပြန်ဦးတော့မယ်၊ မသွားပေဘူးလား(သွားပါတယ်ဘုရား)မျှသမားဆိုတာက ခင်ဗျားတို့ ဝင်္ဂီတောင့်တပြီးလုပ်ထားတဲ့ ဝင်္ဂီကုသိုလ်၊ဒါန,သီလ ကလေးက မျှသပစ်လိုက်လိမ့်မယ်....(မှန်ပါ့)မျှသပြီး ရောက်ရာ ဘဝမှာကိုယ့်ကိုယ် ကိုယ်အားကိုးဆိုတဲ့ ခန္ဓာငါးပါးအားကိုး လုံးက လာမလား-မလာဘူးလား....(လာမှာပါဘုရား) လာယင် မြုပ်ဦးမယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ဗဘဝမျှသွားယင် နောက်ဘဝငါးဘာဖြစ် မှာတုံးဆိုယင် ဇာကာတကာမတွေ ဖြေတတ်ပလား....(ဖြေတတ် ပါပြီ) ဘာဖြစ်မယ်.... (မြုပ်သမားဖြစ်မှာပါ) နောက်တုန်းက တော့ ဘယ်လိုနေခဲ့ရသတုံး .... (မြုပ်သမား၊ မျှသမားပါ ဘုရား)။

ဒီဘဝ စုတေမနေ သေလွန်ရလို့ရှိယင် နတ်ပြဟ္မာဖြစ်မယ်၊ စကြဝတေမင်း၊ မန္ဓာတ်မင်း ဖြစ်လိမ့်မယ်လို့ မပြောလိုဘူး၊ ဘာဖြစ်လိမ့်မယ်လို့ ပြောလို့လဲမလွယ်ဘူး မြုပ်သမား မျှ သမားဖြစ်လိမ့်မယ်လို့ ပြောဘို့ကတော့ သေချာတယ်....(မှန်ပါ့) ဇာကာတကာမတွေ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ဘာအရေးကြီးသတုံး .... (နိဗ္ဗာန်သောင်ကမ်းရောက်ဘို့လုပ်ရန် အရေးကြီးပါတယ်ဘုရား) နိဗ္ဗာန်သောင်ကမ်းကို ဘယ်လိုဖြစ်မှ ရောက်နိုင်မကုံးဆိုတော့ ခုနင်က ဥစ္စာပြန်စနော်....(မှန်ပါ့) ခုနင်က ပညာမဂ္ဂင်ကဘယ်နှစ်ပါးပါလိမ့်.... (နှစ်ပါးပါ)သီလမဂ္ဂင်က....(သုံးပါး) သမာဓိမဂ္ဂင်ကကော.... (သုံးပါးပါ)အဲဒါကို ခင်ဗျားတို့ပြည့်စုံအောင်လုပ်ပါ(မှန်ပါ့) ဒါဟာ ဖေါင်ကြီးဖြစ်လာတယ် .... (မှန်ပါ့) ဒါကြောင့်မဂ္ဂင်ဖေါင်ကြီးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်လိုလို့ပြောရင်း၊ ဘယ်လိုဂရုက် ဘယ်လိုဒီရေမှ လှုပ်ရှားလို့ပျောက်ပျက်ပျက်စီးနိုင်တဲ့ စွမ်းရည်သတ္တိရှိရဲ့လား.... (မရှိပါ) ဒါဖြင့် မဂ္ဂင်ဖေါင်ကြီးဖြစ်ဘို့ အတော်အရေးကြီးပါတယ် .... (မှန်ပါ့) ဒီမဂ္ဂင်ဖေါင်ကြီးနဲ့မှ နိဗ္ဗာန်သောင်ကမ်းကိုရောက်မှာကိုးဗျ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မဂ္ဂင်ဖေါင်ကြီး မရှိဘဲနဲ့လဲ နိဗ္ဗာန်သောင်ကမ်းရောက်ဘို့ တကာတကာမတွေ့ လွယ်ကူပါ့မလား .... (မလွယ်ကူပါဘုရား) မလွယ်ကူဘူး၊ တဏှာရေကြောလဲ ဖြတ်ရဦးမှာကိုး.... (မှန်ပါ့) အခုတော့ တဏှာကမကုန်သေးဘဲကိုး .... (မှန်ပါ့)မကုန်သေးတော့ ကိုထွန်းဦး တဏှာရေကြောကို မဂ္ဂင်နဲ့ဖြတ်ရဦးမှာ .... (မှန်ပါ့) မဖြတ်လို့ရှိယင်လဲ ရောက်ပါ့မလား .... (မရောက်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ဘာမှအားမကိုးနဲ့ ဒီမဂ္ဂင်ဖေါင်ရအောင် ခင်ဗျားတို့ အရေးကြီးပြီ .... (မှန်ပါ့)

ဦးဘကြည် ဘယ့်နှယ်တုံး .... (မဂ္ဂင်ဖေါင်ရဘို့အရေးကြီးပါ တယ်ဘုရား) သူကတော့ ဘယ်လို တဏှာရေမျိုးမဆို ဖြတ် တောက်ပြီး ထုတ်သွားမှာဘဲ....(မှန်ပါ့) မထုတ်ပေဘူးလား .... (ထုတ်ပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် မဂ္ဂင်ဖေါင်စိုးမိအောင် စိုးဖြစ်အောင် တကာတကာမတို့ ကိုယ်တိုင်ကြိုးစားယင် စိုးဖြစ်ပါလိမ့်မယ်.... (မှန်ပါ့ဘုရား) ကိုယ်တိုင် မကြိုးစားယင်တော့ဖြင့်.... (မဖြစ်ပါ ဘုရား)။

ဒါဖြင့် ဦးဝင်း ဒီနေ့ည မဂ္ဂင်ဖေါင်တော့ မဖြစ်,ဖြစ်အောင် လုပ်ဗျာ....(မှန်ပါ့) ဦးဘအုန်း ဘယ်နှယ်လုပ်မလဲ....(မဖြစ်,ဖြစ် အောင်လုပ်ရပါမယ် ဘုရား) မဖြစ်လို့ ရှိယင် ခင်ဗျားတို့ ကိုယ်ကျိုး နည်းရချေရဲ့ ၊ ဒါမဖြစ်ဘဲနဲ့ သေသွားယင် မျော သမား,မြုပ်သမား....(မှန်ပါ့) နဂိုရိမူရင်းတိုင်း ပြန်မရောက်ပေ ဘူးလား....(ရောက်ပါတယ်ဘုရား)။

နဂိုရိက ဘယ်ကလာခဲ့တာတုံး .... (မျောသမား-မြုပ်သမား ဘဝက လာခဲ့တာပါဘုရား)။

မဂ္ဂင်ဖေါင်ကလဲ ဒီဘဝ မဆင်ဖြစ်ဘူး၊ ဆင်တတ်အောင် ပေးတတ်တဲ့ဆရာနဲ့လဲ မတွေ့ဘူးဆိုယင် ဦးဘကြည်တို့ကလဲ ဆင် ဖြစ်အောင် မလုပ်တတ်၊ ဆင်ဖြစ်အောင် ဝိရိယ မစိုက်ဘူး ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ နဂိုရိမူရင်းအတိုင်းဘဲ ပြန်လှည့်ရ မယ်....(မှန်ပါ့) မလှည့်ရပေဘူးလား.... (လှည့်ရပါတယ်ဘုရား) နဂိုရိမူရင်းဆိုဘာ ဘာပါလိမ့်.... (မျောသမား- မြုပ်သမားပါ ဘုရား)။

မျောသမား- မြုပ်သမားဆိုတော့ တကာ တကာမတွေ ကျောင်းတကာလဲ မျောသမား-မြုပ်သမားဖြစ်နိုင်တာဘဲ၊ ဘုရား တကာကော.... (ဖြစ်နိုင်သေးတာဘဲဘုရား) နောက်တုန်းက မျောမြုပ်လာတာ ဒီအဓိပတိမဖြစ်လို့ မဟုတ်ဘူးလား....(မှန်ပါ့ ဘုရား) ဒီအဓိပတိမဖြစ်သေးယင် ဒီကျောင်းတကာ, ဘုရား တကာတွေပင် ဘာဖြစ်ရဦးမှာပါလိမ့်.... (မျောသမား- မြုပ်သမားပါဘုရား)။

အဲဒီတော့ ဒီတရားကို သေသေချာချာမှတ်၊ မင်းတို့သည် နောက်ဘဝကျလို့ရှိယင် နတ်ပြည်မှာ ဘုံပေါက်ပြီးသကာလ ခံစားလို့ ဘယ်မှာ ဆုံးနိုင်တော့မတုံးဆိုတော့ နတ်ပြည် မျော သွားတာတော့ မထည့်ဘူး....(မှန်ပါ့)။

*နတ်ခန္ဓာအားကိုးပြီးသကာလ နတ်ခင်ပွန်းမတွေ,နတ်ခင်ပွန်း သည်တွေ အစရှိသည်ကို အားကိုးပြီး ခင်လျက်, မင်လျက်နဲ့ စုံတိစိတ်ကျသွားတော့ သူတို့ သတ်လိုက်တာဆိုယင်ကော လဲ့သလား.... (မလဲ့ပါဘုရား) အဲဒီတော့ နတ်ပြည်ရောက်လဲ နောက်မြုပ်ရဦးမှာဘဲ....(မြုပ်မှာပါဘဲ၊ အပါယ်လေးပါးကျဦး မှာပါဘုရား)။

ကဲ....ဒါဖြင့် နတ်ပြည်ရောက်တာက ကောင်းသလားဆိုတော့ အဓိပတိထိုက်ပြီးမှ ရောက်လို့ရှိယင် ဦးဘကြည်-သေချာတယ်.... (မှန်ပါ့) အဓိပတိမထိုက်ဘဲနဲ့ ရောက်ယင်တော့....(မသေချာပါ

---

* နတ်ပြည်သည် ဗြဟ္မစရိယဒေဝါသ တရားကျင့်သုံးလို့ ဖြစ်နိုင်သော နေရာမျိုးမဟုတ်၊ လူ့ပြည်က ကမ္မဋ္ဌာန်း အားထုတ်ခဲ့သည့် ဥပနိဿယ အားကြိုးသော ပုဂ္ဂိုလ်တို့သာ မဂ်ဖိုလ် ရနိုင်ကြသည်။

ဘုရား) စိတ်မချရဘူးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား) စိတ်မချရဘူးဆိုတာ ဦးဘကြည်,ရေ....လုံးလုံးမဖြစ်နိုင်သလောက် နေရာပါဘဲ့....(မှန်ပါ့)။

ဒီက အရှိန်မပါဃင်....(မဖြစ်နိုင်ပါဘုရား) လုံးလုံးကို နတ် ပြည်ကျမှ သောတာပန်တည်ဘို့အရေးဟာ ဒီက ပါမသွားလို့ ရှိယင် ဦးဘကြည် အတော် ခဲယဉ်းပါတယ်.... (မှန်ပါ့ဘုရား) အင်္ဂုတ္တိုရ်က ဒီကပါယင်တော့ ရတယ်ပြောတာ.... (မှန်ပါ့) ရှင်းကြပလား တကာတကာမတို့....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရှေ့ကို ခင်ဗျားတို့သည် ဘာမျှားဖြစ်ချင်သေးသတုံး (ဘာမှ မဖြစ်ချင်ပါဘုရား၊ နိဗ္ဗာန်သာရောက်ချင်ပါတယ်ဘုရား) ဘယ်နေရာမှ မဖြစ်ချင်ဘူးဆိုတဲ့ အဓိပ္ပါယ် အင်မတန် ရှင်းပါ ကယ်....တဲ့၊ မျှော်သမား-မြုပ်သမားမဖြစ်ချင်ဘူးလို့ ပြောတာ (မှန်ပါ့) ဖြစ်သေးတဲ့ပုဂ္ဂိုလ်ကတော့ မျှော်သမား-မြုပ်သမားဘဲ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်ချင်တဲ့ပုဂ္ဂိုလ်ဘာတုံး.... (မျှော်သမား- မြုပ်သမားပါ ဘုရား) ဒါဘဲတဲ့၊ နောက်တုန်းက မူရင်းအတိုင်းဘဲ ကိုထွန်းဦး ဖြစ်ရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီမဂ္ဂင်ဟာ ဘုန်းကြီး နေ့တိုင်း ပြောနေတယ် ဦးဘ ကြည်ရဲ့၊ ရှုတုန်းမှာ ငါးပါး ပြည့်စုံတော့....(ရှစ်ပါးပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ရှုတုန်းမှာတော့ ငါးပါးဘဲ ရှိမယ် ဆိုတော့ ဒီငါးပါးသည် အဓိမပါဘူး.... (မှန်ပါ့) ပါပါ့မလား (မပါ-ပါဘုရား) အဓိပ္ပာလို့ ရရဲ့လား.... (မရပါဘုရား)

အဓိစိတ္တာလို့ကော....(မရပါဘူးရှား) အဓိစိတ္တာဆိုတာ သမာဓိကို ဗျနော်....(မှန်ပါ့ဘုရား) မရသေးတဲ့အဓိကို တပ်လို့မရသေးဘူး (မှန်ပါ့)။

ဒါဖြင့် ဒါလောက်နဲ့ စိတ်ချရမလားလို့မေးယင်.... (မချရပါဘူးရှား) ဟောဒီ သီလမဂ္ဂင်သုံးပါး တိုးလာတော့မှ သူလဲ အဓိပတိဖြစ်တယ်....(မှန်ပါ့) သူကော.... (အဓိပတိဖြစ်ပါတယ်ဘုရား) ဒီဘက်ကကော....(အဓိပတိဖြစ်ပါတယ်ဘုရား) ဒါဖြင့် ဒီသုံးပါးဝင်လာမှ သေချာတာပါလား.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်ဆိုတဲ့ မဂ္ဂင်ရှစ်ပါးစုံမှဟာ ကျုပ်တို့၏ နိဗ္ဗာန်သောင်ကမ်းကူးခတ်ဘို့ရာ မဂ္ဂင်ရှစ်ပါး ယာဉ်ရထားသော်ငင်း၊ ဖေါင်ကြီးသော်ငင်း ကိုယ်ပိုင်ရတာဘဲ....(မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) မြုပ်စရာကော-မျောစရာကော တကာတကာမတို့ ရှိသေးသလား (မရှိပါဘုရား)။

ဒါဖြင့် ဖေါင်ကြီးဆင်တယ်ဆိုယင် ရှစ်လုံးတဲ့ဆင်လို့တော့ မဖြစ်ဘူး....(မှန်ပါ့)ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)ငါးလုံးကို အရင် မဆင်ရပေဘူးလား.... (ဆင်ရပါတယ်ဘုရား) နောက်မှ တခါ တဲ့တဲ့-တဲ့တဲ့ယူသွားလို့ရှိယင်ဘဲ ဦးဘကြည် ရှစ်လုံးမပြည့်ပေဘူးလား....(ပြည့်ပါတယ်ဘုရား)။

အဲဒီ ရှစ်လုံးပြည့်တဲ့အခါကျတော့မှ အင်း....ဖေါင် ကိုယ်ပိုင်ရှိပေါ့ဆိုပြီးသကာလ သူကျတော့ ဆန်ဖေါင်သက်သက်။ မျောဖေါင်မဟုတ်ဘူး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာဖေါင်ပါလိမ့်....(ဆန်ဖေါင်ပါဘုရား) ဆန်ဖေါင် သက်သက်ပါဘဲ....တဲ့၊ မျောဖေါင်မဟုတ်ပါဘူး....(မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့သည် ဒီဟာ မရှိသ၍ ကာလပတ်လုံးဖြင့် ကိုထွန်းဦး,ရေ....စိတ်ချလက်ချကို မနေနဲ့ဦး....(မှန်ပါ့) တော်ပါ့ မလား....(မတော်ပါဘုရား) စိတ်ချလက်ချမနေနဲ့နော် တကာတကာမတို့....(မှန်ပါ့) ရှေရှိယုင် စိန်ရှိယင် ကျုပ်တို့ ဒါ-ရှိသားဘဲ ဘာပူစရာရှိသတုံး-တဲ့၊ ဘာမှ ပူစရာမဟုတ်ဘူး၊ မြုပ်အောင်တော့ လုပ်လိမ့်မယ်....(မှန်ပါ့)။

ဘာပူစရာရယ်လို့ မဟုတ်ပါဘူး တကာတကာမတို့ ရှေတွေ့ခင်ယင် မြုပ်မှာဘဲ၊ သူက ကမ်းနားသစ်ပင်ကိုး.... (မှန်ပါ့ ဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့က ဘာအားကိုးကြမတုံး(မဂ္ဂင်ကို အားကိုးကြပါမယ်ဘုရား) နိဗ္ဗာန်သောင်ကမ်းကို ဘာနဲ့သွားမတုံး.... (မဂ္ဂင်နဲ့ သွားပါမယ်ဘုရား) မဂ္ဂင်နဲ့သွားမှ ရောက်မှာဖြစ်တော့ ကျုပ်တို့ ကိုယ်ပိုင်ရှိဘို့က ဘာပါလိမ့်....(မဂ္ဂင်ပါဘုရား) မဂ္ဂင်ကိုယ်ပိုင်ရှိဘို့ဘဲ....(မှန်ပါ့)။

ဒီမဂ္ဂင်ကလဲ သူတပါး ဆင်ပေးလို့ မရဘူးလား.... (မရပါဘုရား) ဦးဘကြည် ဘယ်နှယ်တုံး....(ကိုယ်.ဟာကိုယ် ဆင်ရပါမယ်ဘုရား) ကိုယ်.ဟာကိုယ် ဆင်ရမယ်နော် တကာတကာမတွေ့ (မှန်ပါ့)။

အကြင် လင်မယားနှစ်ယောက် ရှိတယ်၊ ဒီ-မဂ္ဂင်ဖေါင်ကို မင်းအတွက် ငါဆင်ပါမယ် ယောကျ်ားက ဆိုလို့ကော.... (မရပါဘုရား) ဟာ....ကျမဆင်ပေးမယ်ဆိုလို့ကော.... (မရပါဘုရား) ဒါ ကိုယ်လုပ်မှ ကိုယ်ရမှာပေါ့....(မှန်ပါ့)။

မဂ္ဂင်ရှစ်ပါးဆိုတာလဲ အလိုလိုပေါ်တဲ့တရားလားတဲ့ တကာ တကာမတို့ ဟုတ်လား....ဆရာကောင်း-သမားကောင်းဆီ နည်းရပြီးသကာလ ကိုယ်တိုင်ကြိုးစားမှ ပေါ်တဲ့တရားလို့ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ဆရာကောင်း, သမားကောင်းဆီက နည်းရလို့ ၁-နံပါတ် ကိုယ်တိုင်ကြိုးစားဘို့က....(၂-နံပါတ်ပါဘုရား) အဲဒီ ၁-၂-နဲ့ ပြည့်စုံမှ ရမည်....(မှန်ပါ့)။

ဆရာကောင်း,သမားကောင်းဆီက နည်းရဘို့က ဘာတုံး.... (နံပါတ် ၁-ပါဘုရား) ကိုယ်တိုင်ကြိုးစားတာက....(နံပါတ် ၂-ပါဘုရား)။

အဲဒီ ၁-နဲ့ ၂-သာ ခင်ဗျားတို့ လက်လှတ်ထားကြမယ်ဆိုယင် ဖြင့် ဘယ်နည်းနဲ့မှ ဒီဖေါင်မဖြစ်....(မှန်ပါ့) ဒီဖေါင်မဖြစ်လို့ ရှိယင် နိဗ္ဗာန်သောင်ကမ်း မကပ်နိုင်ဘူး....(မှန်ပါ့) ကပ်နိုင်ပါ့ မလား....(မကပ်နိုင်ပါဘုရား)။

မကပ်နိုင်လို့ရှိယင်ဖြင့် ဖေါင်ကလဲမရှိ၊ ကပ်လဲ မကပ်နိုင် ဖြစ်နေတော့ သြော်....ဒို့အကျိုးပေးက မျောသမား-မြုပ်သမား ဘဲ့ ဒီဘဲ့ ပြန်ရောက်မယ်....(မှန်ပါ့) တခြားရောက်စရာ ရှိသေး ရဲ့လား....(မရှိပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့.... မဂ္ဂင်လုပ်ရမည့် အလုပ်ဘဲ့ ဆိုတော့ လုပ်သာလုပ်ပေတော့၊ မဂ္ဂင်မလုပ်လို့ရှိယင် ဖြစ်ကို မဖြစ်ဘူးဆိုတာ ပေါ်ပလား....(ပေါ်လာပါပြီဘုရား)။

ပေါ်လာတော့ ခင်ဗျားတို့ စိတ်ကို ဟောလို့ ရှိယင်လဲ ဝေဒနာပါသည်၊ ဝေဒနာဟောလို့ ရှိယင်လဲ စိတ်ပါတယ် ဆိုတော့ ခင်ဗျားတို့သန္တာန်၌ လောဘစိတ်လဲ လာချင်လာမယ်၊

ဒေါသစိတ်ကော.... (လာပါမယ်ဘုရား) မောဟစိတ်ကော.... (လာပါမယ်ဘုရား) လာမှာဘဲ၊ လောဘဆိုတာက လိုချင်တာ၊ ဒေါသဆိုတာက သူတပါးမုန်းတာ၊ မောဟဆိုတာက စိတ်လွှင့်နေတာရယ်၊ သံသယရှိနေတာရယ်၊ ဒါမောဟာဘဲ၊ မောဟက နှစ်မျိုးရှိတယ်....(မှန်ပါ့)။

စိတ်လွှင့်နေတာလဲ ဘာလဲ.... (မောဟပါဘုရား) ဟုတ်မှ ဟုတ်ပါ့မလားလို့ သံသယရှိနေတာကော .... (မောဟပါဘုရား)။

အဲဒီတော့ လောဘပေါ်လဲ ခင်ဗျားတို့ ဖြစ်ပျက်ရှုပေးလို့ ဆရာဘုန်းကြီးက သတိပေးလိုက်တယ်.... (မှန်ပါ့) လောဘဟာဒယဝတ္ထုပေါ်မှာဘဲ ပေါ်တယ်၊ တခြားနေရာမှာမပေါ်ဘူး (မှန်ပါ့)။

ဘယ်နေရာမှာ ပေါ်သတုံး.... (ဟာဒယဝတ္ထုပေါ်မှာ ပေါ်ပါတယ်ဘုရား) သူ့ကို ဘာလုပ်ရမလဲ.... (ဖြစ်ပျက် ရှုပေးရပါမယ်ဘုရား) ဖြစ်ပျက်ရှုတော့ သူက အနိစ္စဖြစ်မယ်၊ သူက မဂ္ဂဆိုတော့ မဂ္ဂင်လာဖြစ်တယ်....(မှန်ပါ့)။

ငါးလုံးတဲ့ဖေါင်တော့ ဖြစ်လာတယ်၊ သို့သော် လှိုင်းတွေကယက်တွေကို မခံနိုင်သေးဘူး....(မှန်ပါ့)ခံနိုင်ပါ့မလား.... (မခံနိုင်ပါဘုရား) ဘာဖြစ်လို့ မခံနိုင်သလဲ ဆိုတော့ ရှစ်လုံးတဲ့လောက် မမြိုင်သေးလို့ပေါ့ဗျာ၊ သဘောကျပလာ....(ကျပါပြီဘုရား)။

---

(၁) ဥဒ္ဓစ္စမောဟ၊ (၂) ဓိဓိကိစ္ဆာမောဟကို ဆိုလိုသည်။

ကောင်းပြီ....ဒါဖြင့် ငါးလုံးတဲ့ကလေးနဲ့လဲ တကာတကာမ တွေ့က တော်လောက်ပြီလို့ လုပ်မနေနဲ့ဦး ဟုတ်လား၊ ရှစ်လုံး တဲ့မဖြစ်သေးဘူး၊ ခိုင်လောက်အောင် ကြိုးစားပါဦးဆိုတာကိုလဲ တိုက်တွန်းရပြန်တယ် တကာသိုက်ရဲ့....(မှန်ပါ့)။

ကဲ....သွားပါဦး၊ ဒေါသစိတ်ပေါ်လာယင် ဘာလုပ်မယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) သူလဲ အနိစ္စဘဲလို့ ရှုပစ်၊ ရှုပစ်တဲ့ အခါကျတော့ တကာတကာမတို့ ခုနင်က လောဘစိတ် ပေါ် တုန်းကတော့ ဘာလုပ်ခဲ့တယ်.... (ဖြစ်ပျက်ရှုပါတယ်ဘုရား) ဖြစ်ပျက်ရှုလိုက်တော့ သူက ဖြစ်ပျက်အနိစ္စဖြစ်သွားတယ်၊ သူက မဂ္ဂဖြစ်သွားတော့ လောဘဟာ တဏှာဘဲ မဟုတ်လား....(မှန်ပါ့ ဘုရား) ဥပါဒါန်လာသေးရဲ့လား....(မလာပါဘုရား)ဘဝတွေ ကော....(မလာပါဘုရား) ဟာ....ဘဝမှ မလာတော့ဘဲဆိုတော့ မျှောသမားလဲ ဖြစ်သေးရဲ့လား.... (မဖြစ်ပါဘုရား) ဒါတွေ့ အနိစ္စမို့ အားမကိုးတော့ သူက ပြုတ်ကျသေးရဲ့လား....(မပြုတ် ကျပါဘုရား)။

မကျတော့ တကာတကာမတွေ့ သူ့ကို အနိစ္စရှုလိုက်တဲ့ အတွက် တဏှာရေလဲမခန်းဘူးလား....(ခန်းပါတယ်ဘုရား)အား ကိုးကော ရှိသေးရဲ့လား.... (မရှိပါဘုရား) မရှိတဲ့အတွက် ပြုတ် ကျစရာကော... (မရှိပါဘုရား) မရှိတော့ တဏှာလဲခန်း၊ ပြုတ်လို့ ကျလို့ ပိုစရာလဲ မရှိ....(မှန်ပါ့) ဦးဝင်း ရှိသေးရဲ့လား....(မရှိပါ ဘုရား)။

အဲဒီကဲ့သို့ မရှိတဲ့အခါကျတော့ ဘာရှိသတုံး ဆိုတော့ သူက တဏှာရေကလဲမရှိ၊ အားမကိုးသောကြောင့် ပြုတ်ကျမည့်သစ်ပင်

ကော....(မရှိပါဘုရား) မရှိတော့ အခု ဘာရှိနေသတုံးဆိုတော့ ဖေါင်ဘဲရှိတယ်....(မှန်ပါ့) သစ်ပင်မရှိ ရေမရှိ၊ ဖေါင်ကိုယ်ပိုင် ရှိ၏....(မှန်ပါ့)။

တကာတကာမတွေ သစ်ပင်လဲမရှိစူး၊ တဏှာရေလဲ မရှိဘူး ဆိုတော့ ဘာရှိနေသတုံး....(ဖေါင်ရှိပါတယ်ဘုရား) ဖေါင်ဘဲ ရှိတယ်ဆိုတော့ ခင်ဗျားတို့ ကုန်းပေါ် အခုကိုစပြီးရောက်မယ်....(မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဦးဘကြည်-အခုကို မရောက်သေးဘူးလား....(ရောက်ပါတယ်ဘုရား) ရေကော မခန်းသေးဘူးလားဗျာ .... (ခန်းပါတယ်ဘုရား)။

သစ်ပင်ကော ပိသေးရဲ့လား.... (မပိပါဘုရား) မပိတော့ အခု ဘာရ,ထားသတုံး.... (ဖေါင်ဘဲ ရ,ထားပါတယ်ဘုရား) ဖေါင်ကြီးလား-ဖေါင်သေးလား....(ဖေါင်သေးပါဘုရား)။

အဲ....ဖေါင်သေးဆိုတော့ လှိုင်းလေမခံနိုင်သေးဘူးပေါ့ဗျာ-(မှန်ပါ့) ဘာဖြစ်လို့တုံး....(ဖေါင်သေးမို့ပါ) မဂ္ဂင်စုံပလား.... (မစုံသေးပါဘုရား)။

မစုံသေးတော့ တကာတကာမတွေ မှတ်လိုက်ပါဦး၊ ဒီဥစ္စာသည် လှိုင်းလေတွေ့ မခံနိုင်သေးဘူး၊လောဘလှိုင်း၊ဒေါသလှိုင်း, မောဟလှိုင်းတွေ့ တကယ်တိုက်လိုက်မယ်ဆိုယင် ခံနိုင်ပါ့မလား.... (မခံနိုင်ပါဘုရား)။

ဒါဖြင့် ဖေါင်ကြီးဖြစ်အောင် ခင်ဗျားတို့ ကြိုးစားပါဦး.... (မှန်ပါ့) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ကဲ....ဒေါသ ခင်ဗျားတို့သန္တာန်ဖြစ်လဲ ဘာလုပ်ကြမယ်.... (ဖြစ်ပျက် ရှုရပါမယ်) ဖြစ်ပျက် အနိစ္စရှုလိုက်ပြန်လဲ ဒေါသ နောက်က သောက ပရိဒေဝဆိုတဲ့ဟာတွေ လာသေးရဲ့လား.... (မလာပါဘုရား)။

မလာတော့ တကာတကာမတွေ့ သစ်ပင်မပီသောကြောင့်လဲ သောကပရိဒေဝ မလာဘူး....(မှန်ပါ့) အဲဒီတော့ ရေလဲခန်း သစ်ပင်လဲမရှိဆိုတာ သဘောကျပလား....(ကျပါပြီဘုရား) ဘာကိုလဲ ကိုယ်ပိုင်ရသလဲ....(ဖေါင်လဲ ကိုယ်ပိုင်ရပါတယ်ဘုရား)။

တခါ မောဟ ဝိစိကိစ္ဆာလာတယ်၊ ဥဒ္ဓစ္စလာပြန်လဲ ဘာလုပ်ကြမယ်....(ဖြစ်ပျက် ရှုရပါမယ်ဘုရား) ရှုလိုက်တဲ့အခါကျတော့ တဏှာရော မသေဘူးလား....(သေပါတယ်ဘုရား)။

တဏှာမာနဒိဋ္ဌိတွေ့ အကုန်မသေဘူးလား....(သေပါတယ်) အဲဒီတော့ ရေခန်းတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

သူ့ကို အနိစ္စရှုသောကြောင့် သူ့ကို အားကိုးလုံးမလာတဲ့အတွက်ကော ပိစရာလိုသေးသလား....(မလိုပါဘုရား) သူ့ကို ကျုပ်တို့က မဆဲဘူးဗျ....(မှန်ပါ) ဆဲသေးရဲ့လား....(မဆဲပါဘုရား)။

မဆဲတော့ ပိစရာကော တကာတကာမတို့....(မရှိပါဘုရား) မရှိတဲ့အတွက် ရေလဲခန်း သစ်ပင်လဲမပီရဘူး....(မှန်ပါ့) ဘာကို ကိုယ်ပိုင်ရသလဲ....(ဖေါင်-ကိုယ်ပိုင်ရပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖေါင်သည်ကား-လို့ ဆိုယင် တကာတကာမတွေ့က လုံလောက်ပလား၊ မလုံလောက်သေးဘူးလား ဆိုယင်ဖြင့် မလုံလောက်သေးဘူး....(မှန်ပါ့)။

ဦးဘကြည်-ဘာတုံး....(မလုံလောက်သေးပါဘုရား) မလုံလောက်သေးယင် ထပ်ပြီးဆင်ပေါ့ဗျ....(မှန်ပါ့)။

တကာ တကာမတွေ့ မလုံလောက်ယင် ဘာလုပ်ရမတုံး.... (ထပ်ဆင်ရပါမယ်ဘုရား)။

ထပ်ဆင်ရလိမ့်မယ်ဆိုတော့ နေ့တိုင်း ဟောနေတဲ့တရားကို တကာတကာမတွေ့ အသိသားဘဲ၊ ဖြစ်ပျက် ခုနင်က ပြီးခဲ့ပြီနော်....(မှန်ပါ့)။

ခင်ဗျားတို့ လုပ်ထားတဲ့ ကုသိုလ်ကလေး လာတောင် ဒီကုသိုလ်ကလေး ဘာလုပ်ရမတုံး....(ဖြစ်ပျက်ရှုရပါမယ်) ဒီလိုမဟုတ်ဘဲ သာမညကုသိုလ်ကလေး အားကိုးလိုက်လို့ရှိယင်လဲ ဂွကျနေဦးမှာ....(မှန်ပါ့)။

ခင်ဗျားတို့ ဒါန လုပ်ထားတဲ့ ကုသိုလ်တွေ့ ငါ့မှာ ဒါန ရှိသားဘဲဆိုပြီး ဒါနကလေးနဲ့သေတော့ သုဂတိကတော့ မြဲဦးမှာပေါ့ဗျာ....(မှန်ပါ့)။

တော်တော်ကြာ သုဂတိကတော့ ခန္ဓာငါးပါး အားကိုးဦးမှာဘဲ....(မှန်ပါ့) ကိုးတော့ ဦးဘကြည်-ဘာဖြစ်မယ်ထင်သတုံး (ပြုတ်ကျမှာပါဘုရား)။

အဲ....ဒါ့ကြောင့် ခင်ဗျားတို့ကုသိုလ်လဲ ဘာလုပ်ရမတုံး.... (ဖြစ်ပျက်ရှုရပါမယ်) အဲဒီတော့ ကုသိုလ်ခင်ဗျယ်တဲ့ တဏှာက လာသေးရဲ့လား....(မလာပါဘုရား)။

အဲဒီတော့ တဏှာရေလဲ မခန်းလား....(ခန်းပါတယ်ဘုရား) ခင်ဗျားတို့ ဘာကိုယ်ပိုင်ရသလဲ....(ဖေါင်ကိုယ်ပိုင်ရပါတယ်) စုံပလား-တဲ့ ဒီဖေါင်....(မစုံသေးပါဘုရား)။

မစုံသေးတော့ ဒီဖြစ်ပျက်တွေကို တကာတကာမတွေ နိဗ္ဗိန္ဒ ဉာဏ်ရအောင် မုန်းအောင်ရှုပါ....(မှန်ပါ့) ကုသိုလ်လဲရှု၊ အိပ်ချင်တဲ့စိတ်တွေကော....(ရှုရပါမယ်) နိုးတဲ့စိတ်တွေကော....(ရှုရပါမယ်) ပေါ်တဲ့စိတ်တွေ အကုန်ရှုချ....(မှန်ပါ့) မုန်းအောင်ရှု (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မုန်းအောင်ရှုတဲ့အခါကျတော့ ခုနင်ကလို ဖြစ်ပျက်မြင်တာ မဟုတ်ဘူး၊ မုန်းလာပြီ....(မှန်ပါ့) မုန်းလာလို့ရှိယင် မဂ္ဂင်ငါးပါး မရဘူးလား....(ရပါတယ်ဘုရား)။

သို့သော်....ဖေါင်ရှစ်လုံး စုံပလား....(မစုံသေးပါဘုရား) မစုံသေးယင် ကုန်အောင်လုပ်(မှန်ပါ့) ဦးဘကြည်· တော်တော်နဲ့ စုံနိုင်ပါ့မလား....(မစုံနိုင်ပါဘုရား)။

တရားဟောနေသလောက် လွယ်တာမဟုတ်ဘူးဗျ၊ တကယ် လုပ်တော့လေ....(မှန်ပါ့) တကယ်လုပ်တော့ မဂ္ဂင်ရှစ်ပါးစုံဘို့ အားလုံး တကာတကာမတွေ လွယ်တယ်များ အောက်မေ့မနေနဲ့နော်....(မှန်ပါ့) ဖြစ်ပျက်ကနေပြီး ဖြစ်ပျက်မုန်းဘို့ကို အတော် လုပ်ယူရတယ်....(မှန်ပါ့)။

သို့သော်.... ပါရမီထက်တဲ့ ပုဂ္ဂိုလ်ကျတော့ ဖြစ်ပျက်ဆိုပြီး ခဏနဲ့ဘဲ မုန်းချင်မုန်းလာတာ....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ မုန်းပြီးသကာလ .... ဒီဖြစ်ပျက်တွေကို ခင်ဗျားတို့ ဆုံးအောင်ကြည့်လို့ ဆရာဘုန်းကြီးက မသင်ဘူးလား....(သင်ပါတယ်ဘုရား)။

အို....သင်ပေမဲ့ ခင်ဗျားတို့ အလိုလို ဆုံးလိမ့်မယ်များ ထင်သလား....(မထင်ပါဘုရား) အလိုလိုဆုံးတာ မဟုတ်ဘူး....တဲ့

တကာတကာမတို့ ဖြစ်ပျက်ဟာ ဩဩ....ဒီရုပ်နာမ်တွေဘဲ၊ ခန္ဓာတွေဘဲ၊ ဒါတွေဟာ ဒုက္ခအစစ်တွေဘဲ၊ သုံးဆယ့်တဘုံမှာဖြင့် ရုပ်နာမ်ဟာ ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခမှန်းသိပြီးသကာလ ဒီဥစ္စာတွေသည်ကား-လို့ ဆိုယင်ဖြင့် အိုဘေး, နာဘေး, သေဘေးတွေနဲ့ ရောထွေးနေတာဘဲ၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဦးဘကြည်-ဒါဘာနဲ့ရောထွေးနေသတုံး(အိုသေနဲ့ ရောထွေးနေပါတယ်) ဒါဖြင့် ခန္ဓာငါးပါးသည် အိုဘေး,နာဘေး,သေဘေးနဲ့ ရောထွေးနေတယ်ဆိုတာ တကာ တကာမတွေ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သောကပရိဒေဝ ဒုက္ခဒေါမနဿမီးတွေကော-(ပါ-ပါတယ် ဘုရား)။

ခန္ဓာရတဲ့ပုဂ္ဂိုလ်ဖြင့် လောင်နေတာဘဲလို့ ခင်ဗျားတို့ မဂ္ဂင်ရှစ်ပါးနဲ့ မမြင်ပေဘူးလား....(မြင်ပါတယ်ဘုရား) မြင်တဲ့အချိန်ကျလာတော့ တကာတကာမတွေ ဩဩ....ဒုက္ခအစစ်ဆိုတာက ဒါကိုး.... ခန္ဓာကိုး....လို့ ခင်ဗျားတို့ ပိုင်းခြားနိုင်လိမ့်မယ်....(မှန်ပါ့)။

ခန္ဓာကိုး....လို့ ပိုင်းခြားလိုက်တဲ့အခါကျတော့ ဒီခန္ဓာဖြင့် မရချင်တော့ပါဘူးဆိုတဲ့ ဒုတိယစိတ် ပေါ်မလား- မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ပေါ်တဲ့အခါကျတော့ ဒီငါးပါးချုပ်တယ် .... (မှန်ပါ့) ငါးပါးချုပ်တော့ ဒုက္ခချုပ်သွားတယ်....(မှန်ပါ့) ဒုက္ခချုပ်သွားယင် ဒီနေရာမှာ ဘာကျန်ရစ်မလဲ....(သုခကျန်ရစ်ပါတယ်ဘုရား)။

သုခ ကျန်ရစ်တယ်လို့ ဆိုချင်လဲ ဆိုပါ....တဲ့၊ ဒုက္ခမရှိဘူးလို့ ဆိုချင်လဲ ဆိုပါ....(မှန်ပါ့)။

ဦးဘကြည်- ဘာဆိုမလဲ....(ဒုက္ခမရှိပါဘုရား) ဒါဖြင့် ဒုက္ခမရှိတာကို ခင်ဗျားတို့ တွေ့လိုက်ရတယ်လို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဒုက္ခမရှိတာ နိဗ္ဗာန်၊ မရှိတာကိုသိတာက မဂ်ဉာဏ်....(မှန်ပါ့) ဒါဖြင့် မဂ္ဂင်ရှစ်ပါး ဒီကျမှစုံတယ် .... (မှန်ပါ့) ဒါနဂိုရိုက ငါးပါးနဲ့ချည့် လာခဲ့တယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် မဂ္ဂင်ရှစ်ပါး မတွေ့ရသေးဘူးလား .... (တွေ့ရပါတယ်ဘုရား) ဒါဖြင့် သောင်ကမ်းကြီးလဲ မမြင်ရသေးဘူးလား....(မြင်ရပါပြီဘုရား)။

မြင်ရတာသည် တကာတကာမတို့ သူပို့လို့ မြင်တာ.... (မှန်ပါ့) သူမပို့ယင် မမြင်ဘူး....(မှန်ပါ့)။

အဲဒီကျမှ ခင်ဗျားတို့ စိတ်အေး လက်အေး ဘဝင်အေးပြီး သကာလ နေကြပေတော့၊ ဒီကြားမှာဖြင့် ပြာပြာသလဲလုပ်ပါ- (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အသေကဦးသွားယင်လဲ ဒီဖေါင်ဖြစ်ပါဦးမလား....(မဖြစ်ပါဘုရား) မဖြစ်ယင် ရွှေကို ဘာဖြစ်မယ်ထင်ကြသလဲ....(မြုပ်ဦးမျောဦးမှာပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီရွှစ်ပါးဖြစ်အောင်လုပ်ပါ... (မှန်ပါ့)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်.. မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

ဒုန်းစက္ကားနေရာနဲ့ တူလှသော

သုံးဆဲ့တရွာ

နွေ-အလုပ်ပေးတရားတော်

၂၅ - ၁၂ - ၅၇

မနွေကပြောခဲ့တယ်၊ အဓိပတေယျဌော-ဆိုတော့ မဂ္ဂင်ဟာ အဓိပါလာမှ စိတ်ချရတယ်လို့ ပြောထားတယ်၊ သီလမှာလဲ အဓိပါမှ၊ သမာဓိမှာလဲ အဓိပါမှ၊ ပညာမှာလဲ အဓိပါမှ.... (မှန်ပါ့)။

ဒီက ပညာမဂ္ဂင်၊ ဒီက သမာဓိမဂ္ဂင်၊ ဒီက သီလမဂ္ဂင်၊ ရိုးရိုးသီလကလဲ တကာတကာမတွေသန္တာန်မှာ ရှိကြတာဘဲ၊ သီလလဲ ရှိကြတာဘဲ၊ ပညာလဲ ထိုက်တန်သလောက် ရှိကြတာဘဲ။

တရားနာနေတဲ့ပုဂ္ဂိုလ်၊ အားထုတ်တဲ့ ပုဂ္ဂိုလ်များ ရှိကြပါတယ်၊ ရှိပေမဲ့ ဒါလုံလောက်ပလားလို့ မေးတဲ့အခါကျလို့ ရှိယင် မခိုင်မြဲသေးဘူးလို့ မှတ်ရမယ်....(မှန်ပါ့)။

ဘာပါမှ ခိုင်မြဲမလဲလို့ သေသေချာချာမှတ်လို့ရှိယင်ဖြင့် သီလမှာလဲ လွန်သောသီလ, အကြီးအကဲဖြစ်တဲ့သီလဖြစ်မှ.... (မှန်ပါ့)။

သမာဓိမှာကော .... (အကြီးအကဲဖြစ်မှုပါဘုရား) ပညာမှာကော....(အကြီးအကဲဖြစ်မှုပါဘုရား)။

သြော်.... ဒါဖြင့် သီလ, သမာဓိ, ပညာလို့ ဆိုတားတော့ ဖြုန်းကနဲကြည့်လိုက်တဲ့အခါ တကာသိုက်တို့ ဦးဝတို့က တမျိုးတည်း တစားတည်း ထင်ကြတယ်နော်....(မှန်ပါ့)။

တမျိုးတည်း မထင်ကြပါနဲ့လို့ သတိပေးလိုက်ပါတယ်.... (မှန်ပါ့) ပညာမှာလဲ ပညာရိုးရိုးတမျိုး၊ အဓိပညာတမျိုး၊ သမာဓိမှာလဲ ဒီအတိုင်းဘဲ သမာဓိအလုပ်-လုပ်နေတယ်။

အာနပါန ထွက်သက် စသည်ကိုလုပ်၊ အဲဒါ လုပ်ရိုး လုပ်စဉ်က တမျိုး၊ ဟခါတည်း မဂ်ဆိုက်- ဖိုလ်ဆိုက်- ဆိုက်အောင် နိဗ္ဗာန်ကိုမြင်အောင်လုပ်၊ နိဗ္ဗာန်ကိုမြင်တဲ့ အဓိပါတဲ့ သမာဓိက တမျိုး၊ သီလမှာလဲ ဒီဘဝမှာ ခံယူလဲ သီလသည် ရိုးရိုးသီလ, အလှုပ်အရှားမခံတဲ့ သီလရိုးရိုးတမျိုး၊ ဘယ်လို လှုပ်ရှားငြားသော်လဲ ပျက်စီးမှုမရှိတဲ့သီလ, ခိုင်မြဲတဲ့သီလပေါ့ဗျာ....(မှန်ပါ့ဘုရား)။

စုတေအောင် ခိုင်မြဲတဲ့သီလ၊ စုကေပြီးတောင် ဒီသီလက မပျက်ဘူး၊ အဲဒါမှ အဓိသီလလို့ဆိုတယ်....(မှန်ပါ့)။

ကောင်းပြီ .... ဒါဖြင့် တကာတကာမတို့ ပညာမှာလဲ အဓိပညာပေါ့နော်....သမာဓိမှာကော.... (အဓိသမာဓိပါဘုရား) အဲဒါ အဓိစိတ္တလို့ခေါ်တယ်၊ သီလမှာကော....(အဓိသီလပါဘုရား)။

သြော်....ဒီလိုဖြစ်မှသာလျှင် တကာတကာမတို့ ဒို့သိလ, ဒို့သမာဓိ, ဒို့ပညာသည် ခိုင်လုံပြီလို့ မှတ်ပါနော် .... (မှန်ပါ့ဘုရား)။

ဒီကြားမှာ ဘုရားအဆူဆူနဲ့တွေ့ခဲ့လို့ ဒီသိလမျိုး၊ ဒီသမာဓိမျိုး၊ ဒီပညာမျိုးနဲ့ နေခဲ့တဲ့ အတွက် ကျုပ်တို့ ခင်ဗျားတို့မှာ ယခုတိုင်ဘဲ အိုဘေး, နာဘေး, သေဘေးတွေ အမြဲကြုံပြီးသကာလ နေရတာ ထောက်ကြည့်လိုက်လို့ ရှိယင် သြော်....အဓိပါတဲ့ သမာဓိ၊ အဓိပါတဲ့ ပညာ၊ အဓိပါတဲ့သီလကို ဒို့-မရခဲ့-မကြုံခဲ့လို့ ဤကဲ့သို့ အိုဘေး, နာဘေး, သေဘေး, အစရှိသောဘေးအတန်တန် ရန်အထပ်ထပ်တွေနဲ့ အကြာကြီး တွေ့နေတာဘဲလို့ ဦးဝင်း-မှတ်ရမယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတွေ့ သီလမှာလဲ ဘာပါဘို့ အရေးကြီးပါလိမ့်....(အဓိပါဘို့ အရေးကြီးပါတယ်ဘုရား) သမာဓိမှာကော....(အဓိပါဘို့အရေးကြီးပါတယ်) ပညာမှာကော....(အဓိပါဘို့ အရေးကြီးပါတယ်ဘုရား)။

ဘုန်းကြီး မနေ့ကလဲ ရှင်းလင်းပြောခဲ့ပါတယ်၊ ဒီနေ့ သူ့အဆက်က မကုန်လို့ ဆက်ပြီးသကာလ ပြောရခြင်းဖြစ်ပါတယ်၊ အဲဒီတော့ သြော်....ဒို့သိလ, သမာဓိ, ပညာတော့ စုံလို့ပေါ့....ကိုယ့်ဟာကိုယ် တင်းတိမ်ပြီးသကာလ မနေလိုက်ပါနဲ့လို့ ဦးဘကြည်တို့ ဦးဝင်းတို့ကို ဘုန်းကြီးက အကြောင်းတခု ပြောပြတယ်နော်....(မှန်ပါ့)။

ဦးခင်မောင်-မပြောထိုက်ဘူးလား .... (ပြောထိုက်ပါတယ်ဘုရား) ကျန်တာတွေက ပျက်စီးတယ် ကိုထွန်းဦး....(မှန်ပါ့) ပညာကော ပျက်စီးနိုင်ပါတယ်၊ အဓိမပါလို့ ပျက်စီးတာ။

အဲဒီတော့ တိုတိုပြောကြပါစို့ တကာ တကာမတို့.... မနေ့ကလဲ ဒီအဓိပ္ပါယ် ရှင်းပြီးသားဖြစ်သောကြောင့် ရှေ့ဆက်တဲ့ စကားကိုသာ သုံးကြပါစို့ ဆိုတော့ ကပဏ ဇနသဒိသ ဒုက္ခ ဒဿ နေန ဥဋ္ဌာယ ကုလသဒိသော-လို့ ပဋိသမ္ဘိဒါအဋ္ဌကထာ မဂ်မှာလာတယ်။

ဒါနားလည်မှာမဟုတ်ပါဘူး၊ ပါဠိလိုဖြစ်နေလို့ မြန်မာလို ပြောတဲ့အခါကျတော့ အထီးကျန် လူဆင်းရဲ အမဲနဲ့တူတဲ့ ဒုက္ခ သစ္စာကိုမြင်မှသာလျှင် ပြန့်ပြောသော အမျိုးနဲ့တူသော ဆွေကြီး မျိုးကြီးနဲ့တူသော မဂ္ဂသစ္စာ ထင်ရှားလာတယ်....တဲ့။

ဒါဖြင့် တကာတကာမတို့ ဒုက္ခသစ္စာမြင်မှ မဂ္ဂတို့ နိရောဓ တို့ဟာ ပိုမိုပြီးသကာလ ထင်ရှားမယ်....(မှန်ပါ့)။

ဆင်းရဲတာမြင်မှ ချမ်းသာတာသည် တကာတကာမတို့ ထင် ရှားမယ်မဟုတ်လား....(မှန်ပါ့) ဆင်းရဲတာမမြင်ဘူးတဲ့ ပုဂ္ဂိုလ် သည် ချမ်းသာ ထင်ရှားတယ်, ထူးခြားတယ်လို့ ဆိုလို့ ရရဲ့လား (မရပါဘုရား)။

အဲဒီတော့ ဒီလိုလုပ်ကြပါ....တဲ့၊ အဓိသီလ, အဓိစိတ္တ, အဓိ ပညာဖြစ်ချင်လို့ ရှိယင် တကာတကာမတို့ ဒုက္ခသစ္စာနဲ့ နိရောဓ သစ္စာကို အပြိုင်မြင်အောင်လုပ်ပါ....(မှန်ပါ့)။

ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာ ဘာလုပ်ရမတုံး....(ပြိုင်မြင်အောင် လုပ်ရပါမယ်) ပြိုင်မြင်အောင် လုပ်ရမယ်ဆိုတော့ ဒီဘက်က ရုပ်နာမ် ဒုက္ခသစ္စာ၊ ဒီဘက်က နိရောဓသစ္စာထားပါ၊ ဒါက မဂ္ဂသစ္စာဘဲ ထားပါတော့....(မှန်ပါ့)။

ကပဏ ဇနသဒိသ ဒုက္ခဒဿ နေနဥ္စာယ ကုလသ ဒိသော အာဓိပတေယျဌော-ဆိုတဲ့အတွက် ဥပမာပြောကြပါစို့ တကာ တကာမတို့ ဒီဘက်က ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒီဘက်က....(နိရောဓသစ္စာပါဘုရား)။

ကောင်းပြီ....တဲ့၊ အားထုတ်တဲ့ပုဂ္ဂိုလ်ကျလာတော့ အဓိသီလ, အဓိစိတ္တ, အဓိပညာဖြစ်တဲ့အခါကျတော့ မြင်ပုံ- ထူးခြားပုံ ဦးဝင်းတို့ကို ပြပေးမယ်နော်....(မှန်ပါ့)။

ဘယ်လိုမြင်လာမှ သြော် .... အဓိဆိုတာ ဖြစ်လာတာပါကလား၊ ဒို့ဖြင့် အဓိသီလဖြစ်ပြီ၊ အဓိစိတ္တဖြစ်ပြီ၊ အဓိပညာဖြစ်ပြီဆိုတာ အမြင်ဘယ်လိုရမှ ဒို့သည်ကား....လို့ ဆိုယင် စိတ်ချရတဲ့ သီလ, စိတ်ချရတဲ့သမာဓိ, စိတ်ချရတဲ့ပညာဖြစ်မယ်ဆိုတာ ဒီနေ့တော့ဖြင့် ထူးထူးခြားခြားဘဲ သိရမယ်လို့ ဦးခင်မောင်တို့ မှတ်ထားရမယ်နော်....(မှန်ပါ့)။

ကဲ....ဒါကို ဥပမာနဲ့ ပြောမှဘဲ သိမယ်....(မှန်ပါ့) ကိုင်း.... ကျုပ်တို့ မန္တလေးမှာ ရဟိုင်းသုသာန်ဆိုတာ ရှိတယ်၊ ဆင်ဖြူကန်သုသာန်ဆိုတာ ရှိတယ်၊ အဲဒီ သုသာန်တွေမှာ သုဘရာဇာတွေ ထိုက်တန်သလောက် မရှိဘူးလား....(ရှိပါတယ်ဘုရား)။

သတိမာတော ဒီအထဲမှာမေး သတိ အမေ အဖေကလဲ ဒီနေရာတွင်ဘဲမွေးတယ်ဆိုတော့ သူတို့မှာ အထူးကြောက်တယ်, လန့်တယ်မျှား ရှိသေးသလား....(မရှိပါဘုရား)။

ဘယ်နှယ်ကြောင့်ပါလိမ့်မတုံးဆိုတော့ ဒီမှာမွေး, ဒီမှာနေလို့ပေါ့....(မှန်ပါ့) မဆိုထိုက်ဘူးလား .... (ဆိုထိုက်ပါတယ်ဘုရား)။

သို့သော်....သူတို့မှာ အသုဘလာတဲ့အခါကျလို့ရှိယင် ကျေနပ်ကြတယ်၊ မြို့ထဲရွာထဲက တကာတကာမတွေ့ကတော့ အသုဘကိုယ့်လမ်း ကိုယ့်အိမ်ရှေ့ကချလာယင် သိပ်မကျေနပ်ကြဘူး....(မှန်ပါ့)။

သူတို့ကတော့ အသုဘလာလေ ဝမ်းသာလေဘဲ၊ ဒီလိုမနေဘူးလား....(နေပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် အသုဘလာတာ ဝမ်းသာပါလိမ့်မလဲလို့ ဒီသုဘရာဇာတွေ့ မေးကြည့်တော့ သူတို့မှာ ဒါလာယင် လာဘ်ကြီးတခုလို့ ဆိုရမှာဘဲ....(မှန်ပါ့) မဆိုပေဘူးလား....(ဆိုပါတယ်ဘုရား)။

သူများကတော့ ကြောက်လန့်ကြတယ်၊ သူတို့ကျတော့ ဘယ့်နှယ်....(လာဘ်ကြီးပါဘုရား)။

လာဘ်ကြီးတခုထင်တော့ အမြင်တမျိုးစီ ဖြစ်နေတယ်....(မှန်ပါ့) မြို့ထဲကလူတွေ့က အမြင်တမျိုး၊ သူတို့အမြင်က....(တမျိုးပါဘုရား)။

မြို့ဆဲကအမြင်ကတော့ အသုဘဆိုလို့ရှိယင် မဂ်လာမရှိ၊ ကြောက်ဘို့ လန့်ဘို့ ပစ္စည်းတခုရယ်လို့ အထိမ်းအမှတ်ထားကြတယ်....(မှန်ပါ့)။

သူတို့မှာတော့ ဒီဟာလာလေလေ သူတို့မှာတော့ တွင်းတူးလို့ လာကာ်ကြွင်း- လာကာ်ကျန်တို့ ဆေးလိပ်ကြွင်း- ဆေးလိပ်ကျန်တို့ရလို့ သူတို့မှာတော့ လာဘ်ရှင်တဲ့နေ့....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

သူတို့ကတော့ လာဘ်ရှင်တဲ့နေ့၊ ခင်ဗျားတို့က အမှန်လာနေ့၊ ဘာမျှးထူးခြားသတုံး-မေးတော့ အမေ့ထူးခြားတယ်....(မှန်ပါ့)။

ဘာမျှးထူးခြားနေသတုံး.... (အမေ့ထူးခြားနေပါတယ်) အမေ့ထူးခြားနေပါတယ်၊ သူတို့ကတော့ ဒီထဲမှာမေ့, ဒီထဲမှာနေ, ဒီမြေပုံပေါ်မှာဘဲ သူတို့ကစားကြတာဘဲ....(မှန်ပါ့)။

သူတို့မှာတော့ ဒီအထဲမှာ ပစ္စည်းတွေပါသွားပြန်လဲ ယူကြတာဘဲ၊ အိမ်ဆောက်ဘို့ဟာ- ကာဘို့ ရံဘို့ဟာ-နဲ့ သူတို့မှာတော့ ဒီဥစ္စာ ရလေ ဝမ်းသာလေ....(မှန်ပါ့)။

ခင်ဗျားတို့ကတော့ အိမ်ရှေ့ လာမဖြတ်ပါနဲ့၊ ဒီဥစ္စာတွေ ဖြတ်သွားလို့ရှိယင် မတတ်သာလို့သာ ဖြတ်ရတယ်၊ ပြင်ဘက် လှည့်ပစ်ပေးပါဦး တဲ့....(မှန်ပါ့)။

အံမာ....ခင်ဗျားတို့ကတော့ သွေးကြီး မေ့းကြီးဖြစ်နေလိုက်တာ၊ သူတို့ကလဲ လာဘ်ကြီးဖြစ်နေတယ်.... (မှန်ပါ့) သူတို့ကတော့ လာဘ်ကြီးဖြစ်မနေဘူးလား-(ဖြစ်နေပါတယ်ဘုရား)။

အဲဒီတော့ ဘယ်နှယ်ကြောင့် လာဘ်ကြီး ဖြစ်နေရသတုံး-လို့ မေးတော့ သူတို့က နန့်းတော်, အိမ်တော်နဲ့တူတဲ့ ရွှေပြောင်ပြောင် အင်မတန်ခမ်းနားပြီး ကြီးကျယ်တဲ့ နေရာဌာန မရောက်ဘူးတော့ သူတို့နေရာကလေးနဲ့သူတို့တော့ သူတို့ဆောက်ထားတဲ့ တလားပျက်တို့ မြင်းပေါင်တို့ အစရှိသည်နဲ့ နေရ- ထိုင်ရတော့ သူတို့အချင်းချင်းလဲ အိမ်ချင်းပြိုင်ပေါ့ဗျာ....(မှန်ပါ့)။

ငါက တလားပျက်မျှးတယ်၊ သူက တလားပျက်မျှးတယ် မဟုတ်ဘူး၊ ငါ့အိမ်ကကောင်းတယ်၊ သူ့အိမ်ကကောင်းတယ်လို့ မပြိုင်ကြပေဘူးလား....(ပြိုင်ပါတယ်ဘုရား)။

ပြိုင်တဲ့အခါကျလို့ရှိယင် ငါ့အိမ်က လုံလုံခြုံခြုံရှိတယ်၊ ငါ့အိမ်က ရွှေတွေ, ငွေတွေ ကပ်လို့ အစရှိသည်နဲ့ ကုလားရွှေတွေပေါ့ဗျာ....(မှန်ပါ့)။

သူတို့ဟာချင်းချင်း သူတို့ အတင်းတိမ်ကြီး တင်းတိမ်နေကြတယ်ဆိုတာတော့ ခင်ဗျားတို့ ငြင်းဘို့မလိုပါဘူး....(မှန်ပါ့)။

ဘာဖြစ်လို့တုံး.... ဒီအထဲမေ့ပြီး ဒီအထဲကြီးလို့....(မှန်ပါ့) ဒီ့ပြင် နန်းတော်,အိမ်တော်ရောက်ဘူးရဲ့လား....(မရောက်ဘူးပါဘုရား) မရောက်ဘူးတော့ ကိုယ့်ဟာကိုယ် ဘယ့်နှယ်နေသတုံး....(ကျေနပ်နေပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် သူ့မှာအထီးကျန် လူဆင်းရဲအမဲကိုးဗျ....(မှန်ပါ့)အထီးကျန်ဆိုတာ ဆေးဖေါ်မြီးဖေါ်ကလဲဒါလောက်မရှိဘူး၊ လူဆင်းရဲကလဲဖြစ်ပြန် အမဲကလဲဖြစ်ပြန်ဆိုတော့ သူတို့ဟာနဲ့ သူတို့တော့ဖြင့် ပျော်သာနေရတာဘဲ၊ ကိုယ်မဲ့တယ်လို့မသိဘူး....(မှန်ပါ့ဘုရား)။

ရေစက်ချတဲ့အခါငါကရေခွက်ထဲမှာပါတဲ့ ပိုက်ဆံများများရတယ်၊ ငါကလဲ ဆေးလိပ်တို့ ဆေးလိပ်အကြွင်းကျန်တွေငါကများများရတယ်နဲ့ သူတို့ဟာသူတို့ကို ဂုဏ်ယူနေတာပေါ့ဗျာ ....(မှန်ပါ့)မယူကြပေဘူးလား....(ယူပါတယ်ဘုရား)။

အဲဒီတော့ သူတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်သူတို့အမျိုးနဲ့ သူတို့ရိုးနဲ့ သူတို့ဖြစ်လာတဲ့ အခါကျလို့ရှိယင် မင်္ဂလာနဲ့ အမင်္ဂလာဟာ သူတို့မင်္ဂလာက တမျိုးဗျ(မှန်ပါ့)တကာသို့က်တို့မင်္ဂလာယူတာက....(တမျိုးပါဘုရား)။

သူတို့မင်္ဂလာက မြို့ထဲက လူမျှားမျှား သေလေလေ သူတို့မှာ လာဘ်ရှင်လေလေ မင်္ဂလာရှိလေ၊လေဟုတ်လား၊သူတို့မှာအကျိုး ပေးသန်လေလေဘဲ၊ ဒီလို မနေပေဘူးလား .... (နေပါတယ် ဘုရား)။

ကောင်းပြီတဲ့ မြို့ထဲကလူကလဲ ဒါတွေမြင်ရတယ်လို့ ပရိတ် ရွတ်ကြဦးစို့ က္ခ၊ ဟုတ်လား အန္တရာယ်ကင်းကလေး ဘာကလေး ကြိုးစားကြဦးစို့ က္ခ၊ ဒီလိုနေလို့ မဖြစ်ဘူးကွတဲ့၊ သူတို့မှာတော့ အ,မင်္ဂလာဖြစ်ပြီးသကာလ နေကြတယ်၊ သုဘရာဇာတွေကတော့ ဒီလိုနေ့မှာ အကျိုးပေးတဲ့နေ့လို့ ဆိုမှာဘဲ....(မှန်ပါ့)။

တွင်းတူးတဲ့လူကလဲ မျှားမျှားတူးရလို့ တတွင်း ၂-ကျပ်၊ ၄-ကျပ် အစရှိသည်နဲ့ရမယ်ဆိုယင် သူ့မှာဝင်ငွေမျှားတာပေါ့ ဗျ....(မှန်ပါ့) မမျှားပေဘူးလား....(မျှားပါတယ်)အဲဒီတော့ သူဟာ ဒီနေရာမှာ ကြောက်တယ် လန့်တယ်လို့ ရှိသေးသလား သူ့ဟာနဲ့သူ ပျော်မွေ့နေသလားလို့ မေးကြည့်.... (ပျော်မွေ့ နေပါတယ်ဘုရား)။

သူတို့ကတော့ ခင်ဗျားတို့က နှာခေါင်းရှုပ်လေလေ သူတို့မှာ မင်္ဂလာရှိလေလေဘဲ....(မှန်ပါ့) ဒီလိုမနေပေဘူးလား....(နေပါ တယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ အနေနဲ့တော့ နိဗ္ဗာန်ဆိုတဲ့ နိရောဓ သစ္စာကြီးကိုလဲ မမြင်၊ ကိုယ့်ခန္ဓာကိုယ်လဲ အသုဘရယ်လို့ ယူလေ့မရှိကြဘူး၊ ဒုက္ခသစ္စာရယ်လို့ ယူလေ့မရှိဘူး၊ ခုနင်က ဒုန်းစက္ကားတွေ သူတို့ရဲ့အသုဘပစ္စည်း အိမ်ကြီးကို မင်္ဂလာရှိတဲ့

အိမ်လို့ယူသလို ခင်ဗျားတို့လဲ နိဗ္ဗာန် မမြင် ဘူး သေးတော့ ဒုန်းစက္ကားစိတ်ပေါက်နေတယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သဘောကျပလား တကာတကာမတို့၊စင်စစ်တော့ဒီအထဲမှာ ဘာသစ္စာတုံးမေးယင် ဘယ်နှယ်ပြောကြမလဲ .... (ဒုက္ခသစ္စာပါဘုရား)ခဏခဏ ဖြစ်ပျက်နေတာဘဲ့ မဟုတ်လားဗျာ.... (မှန်ပါ့) စားတာ သောက်တာတွေကကော....(ဒုက္ခသစ္စာပါဘုရား)။

ကျင်ငယ်အိမ် ကဋ္ဌိအိမ်တွေကလဲ အသုဘတွေမဟုတ်လား.... (မှန်ပါ့) နေကြ-ထိုင်ကြတဲ့ သားတွေ,သမီးတွေ ကိုယ်ခန္ဓာတွေကကော.... (ဒုက္ခသစ္စာတွေပါ) ဒုက္ခသစ္စာအသုဘတွေ မဟုတ်လားဗျာ....(မှန်ပါ့ဘုရား)။

သို့သော်လဲ နိဗ္ဗာန်မမြင်သေးတော့ ကိုယ့် အသုဘကလေးတွေနဲ့ ကိုယ့်သားသမီးကလေးတွေနဲ့ ကိုယ့်ခန္ဓာကိုယ်ကလေးကို ကြည့်ပြီးသကာလ အတော်ဟုတ်နေတာ.... (မှန်ပါ့)ကျုပ်တို့ ငယ်ပါသေးတယ်၊ ဖီးနိုင်ပါသေးတယ်၊ လိမ်းနိုင်ပါသေးတယ် အစရှိသည်နဲ့ ကိုယ့်ဟာကိုယ်တော့ဖြင့် ဟုတ်နေသေးတာဘဲ့ .... (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ပျော်မွေ့တာတုံးလို့ ဆိုတော့ ချမ်းသာတဲ့ နိဗ္ဗာန်ကို မမြင်သေးတော့ ဒုက္ခသစ္စာဆိုတဲ့ ဒုန်းစက္ကားရှာ၊ ဒုန်းစက္ကားအိမ်၊ ဒုန်းစက္ကားတို့၏ လုပ်စဉ်ကိုပင်လျှင် ဘယ်နှယ်နေကြသတုံး....(ပျော်မွေ့နေပါတယ်)အို့....ဘယ်နှယ်ပျော်မွေ့ပါလိမ့် ဦးခင်မောင်ရေ- ဟင် ...ဒီထက်ကောင်းတာ မမြင်ဘူးသေးဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာမမြင်သေးတာတုံး....(ဒီထက်ကောင်းတာ မမြင်သေးပါဘုရား) ဒီထက်ကောင်းတာက ဘယ်သူတုံး....(နိဗ္ဗာန်သစ္စာပါ) အဲဒါ မမြင်ဘူးသေးတော့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်ဆိုတဲ့အဓိပ္ပါယ်မသက်ရောက်ဘူးလား- ရောက်သလား (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နေကြထိုင်ကြတာသည် အိမ်တိုင်းမှာကြည့်ပါ၊ ဘယ်အိမ်မှာ အသုဘကင်းသတုံးလို့ မေးကြည့် .... (မကင်းပါဘုရား) ဘယ်အိမ်မှာ နှပ်မရှိတဲ့အိမ်၊ သလိပ်မရှိတဲ့အိမ်၊ ကျင်ကြီး ကျင်ငယ်မရှိတဲ့အိမ် ပြစမ်း.... (မရှိပါဘုရား) ဒါဖြင့် အသုဘတွေဘဲ....(မှန်ပါဘုရား)။

ဘေးက ကာရံထားတာတွေလဲ ဘာကိုကာထားတာတုံးလို့ ဆိုလို့ရှိယင် ၎င်းအသုဘကိုဘဲ ကာထားတာ....(မှန်ပါ) ဒီ့ပြင် ဘာများရှိသေးသတုံး....(မရှိပါဘုရား) အဝတ်တွေ ဘာတွေလဲ ဘယ်လိုဘဲ အဘိုးထိုက်တန်တာတွေ ဝယ်ထားတာ ဘာဖုံးဘိုတုံးလို့ မေးပါ...(အသုဘဖုံးဘိုပါဘုရား)။

သို့သော်.... ကိုယ့်ဟာကိုယ်တော့ နိဗ္ဗာန်မမြင်ဘူးသေးတော့ အံ့မာ....ငါနဲ့ဒီဟာတွေ တော်တော် ထယ်ထယ်ဝါဝါဟေ့ .... (မှန်ပါ) ဘယ်သူချင်းပြိုင်နေတာတုံးဗျ....(အသုဘချင်း ပြိုင်နေတာပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာချင်းပြိုင်နေတာတုံးဗျ....(အသုဘချင်းပြိုင်နေတာပါ) သေသေချာချာ စဉ်းစားပါ၊ နိဗ္ဗာန်မမြင်ယင် ဖြစ်နေတဲ့အဖြစ်ပြောပါတယ်.... (မှန်ပါ့) နိဗ္ဗာန်ကိုမမြင်သေးခင် ခင်ဗျားတို့ကိုယ့်ဟာနဲ့ကိုယ် ဟုတ်ပြီးသကာလ နေလိုက်တာဦးခင်မောင်တို့လူစုကလဲ မပြောပါနဲ့တော့-ဟင်....(မှန်ပါ့) ဒါဘာမမြင်သေးခင်တုန်းဗျ....(နိဗ္ဗာန်မမြင်သေးခင်ပါဘုရား)။

ဒါဖြင့် ချမ်းသာအစစ်ကိုမမြင်သေးတော့ ခုနင်က ဒုန်းစက္ကား ခလေးတွေလိုဘဲ သူတို့အိမ်နဲ့ သူတို့ရွာဘဲ အတော်မင်္ဂလာရှိနေသလို ဖြစ်မနေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ခင်ဗျားတို့ကလဲ သေသေချာချာ စဉ်းစားကြည့်တော့ အိမ်မှာဘဲကြည့်ကြည့်- ထွေးခံရှိပါရဲ့လား၊ နောက်ဖေးရှိပါရဲ့လား မေးလိုက်ယင် အဆင်သင့်ရှိတယ်၊ ဟာ....ဒါတွေဘာလုပ်ဘို့တုံး၊ အသုဘဖြစ်တဲ့ ပစ္စည်းတွေစုန့်ဘို့၊ ဒီ.ပြင် ဘာပြောစရာရှိသေးသတုံး....(မရှိပါဘုရား)။

လက်သုတ်ပုဝါမျှား ရှိကြရဲ့လား၊ မျက်နှာသုတ်ပုဝါမျှား ရှိကြရဲ့လား၊ လက်ကိုင်ပုဝါမျှား ရှိကြရဲ့လားလို့မေးယင် တကာသိုက်က ဘယ်နှယ်ဖြေမလဲ....(ရှိပါတယ်ဘုရား)။

ရှိတယ်လို့ ဖြေရမှာဘဲ၊ ဘာလုပ်ဘို့တုံး-မေးမှ ခင်ဗျားတို့က ဂုဏ်ဖေါ်ရမှာမဟုတ်ဘူးလား....(မှန်ပါ့)ဘာလုပ်ဘို့တုံးဆိုတော့ အသုဘတွေရှိတာ အကုန် ပြင်ဘို့-ဆင်ဘို့ဆိုတဲ့အဓိပ္ပါယ်မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

သို့သော်လဲ ကိုယ့်အိမ်ကိုယ့်ယာကလေးနဲ့နေရတော့ ချော်-တော်သေးရဲ့၊ ဒါလောက်အကျိုးပေးယင် တော်သေးရဲ့တဲ့၊ ဘာဝမ်းသာမျိုး ဝမ်းသာနေတာတုံး.... (ဒုန်းစက္ကား ဝမ်းသာတာမျိုး ဝမ်းသာနေတာပါ) အသုဘမျှားလေလေ ဘာတုံးဗျ.... (ဒုန်းစက္ကားက ဝမ်းသာလေလေပါ)ခင်ဗျားတို့ကလဲဘာတုံးဗျ-(ဝမ်းသာလေလေပါဘုရား) ဦးဝင်း ရိပ်မိပလား....(မှန်ပါ့)။

ဘာ့ကြောင့် ဝမ်းသာတုံးလို့ဆိုလို့ရှိယင်ဖြင့် သားကလေးမွေးလာတာလဲ အသုဘ၊ သမီးကလေးမွေးလာလဲ အသုဘ၊

ခင်တဲ့ မင်တဲ့ပုဂ္ဂိုလ်တွေ ဝိုင်းလာပြန်တော့ကော.... (အသုဘပါဘုရား) အဲဒါတွေမျှားလေလေ ဒီအိမ့်ရှင် ဘာဖြစ်သတုံး .... (ဝမ်းသာလေလေပါဘုရား)။

သြော်....ခက်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ ဘာတွေမျှားတာတုံး မေးရမှာလဲအခက်သား ဖြစ်နေတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ ဘာကိုမမြင်ခင် ဘဝင်မြင့်နေတာကုံး....(နိဗ္ဗာန်မမြင်ခင်ပါဘုရား) ဒီထက်ချမ်းသာတာ မမြင်ဘူးသေးတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတယ်ဆိုတဲ့အဓိပ္ပါယ် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ဒီအမြင် မပြောင်းသရွေ့ကာလပတ်လုံး ဦးဘကြည်- အမြင်မှန် ရပြီလို့ ဆိုလို့ ရပါ့မလား .... (မရပါဘုရား)။

အဲဒီ အမြင်မှန်မရသေးယင်လဲ ဒီက အဓိမဖြစ်သေးဘူး.... ကိုထွန်းဦးရဲ့....(မှန်ပါ့)အဓိသီလဖြစ်နိုင်ပါ့မလား... (မဖြစ်နိုင်ပါဘုရား) အဓိစိတ္တကော .... (မဖြစ်နိုင်ပါ) အဓိပညာကော.... (မဖြစ်နိုင်ပါဘုရား)။

သြော်....ဒါဖြင့် ဒို့အမြင်ဟာ ဘယ်အချိန် အဓိတပ်ရမှာတုံး ဆိုတာ ယနေ့ မနေ့ကထက်ပိုရှင်းအောင်လို့ ပြောပြန်တယ် .... (မှန်ပါ့) မနေ့ကထက် ပိုရှင်းတယ်မဟုတ်လား.... (ရှင်းပါတယ်ဘုရား) အမြင်ကိုပြောင်းရမှာကိုးဗျ....(မှန်ပါ့)။

အခုတော့ ဘာလိုဖြစ်နေသတုံးလို့ မေးတဲ့အခါကျတော့ ကိုယ့်ဟာကလေးနဲ့ကိုယ်ဘဲ အသုဘတွေနဲ့ နေရလဲကျနပ်နေ

တာဘဲ၊ မဟုတ်ဘူးလား....(မှန်ပါ့)ဆေးရုံပေါ်တက်နေရလဲ.... (ကျေနပ်ပါတယ်) လဲတော့ ၁၂-ကျပ်တန်း တတ်နိုင်လို့ ၁၃-ကျပ်တန်း တတ်နိုင်လို့ဆိုပြီး ဘဝင်ကတော့မြင့်လိုက်သေးတာဘဲ မဟုတ်လား....(မှန်ပါ့ဘုရား)။

ဒီအသုဘ ထားရာဌာနကြီးတွေကိုပင်လျှင် ဘဝင်မြင့်ပြီးနေသေးတော့ တကာတကာမတွေ့ အတော်ခက်မနေဘူးလား .... (ခက်ပါတယ်) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဆေးရုံတက်တယ်ဆိုကတည်းက သုဘမို့တက်တာလား-အသုဘမို့ တက်တာလား....(အသုဘမို့တက်တာပါ) မတင့်တယ်လို့ အနာတွေ့ ဘာတွေ့ပေါက်လို့ ဟုတ်လားဗျာ....(မှန်ပါ့) မတင့်တယ်တဲ့ အနာ အဆာတွေ့ရှလို့ တကရတော့ ၁၂-ကျပ်တန်း၊ ၁၃-ကျပ်တန်း တက်ရလို့ ခင်ဗျားတို့က အင်း .... မမာရပေမဲ့ တော်သေးရဲ့ဗျာ....လာချင် လာသေးတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါဘာဘဝင်မြင့်တာတုံးဆိုတော့ လူရိုးရိုးဘဝင်မြင့်တာလား၊ ဒွန်းစက္ကားက ဘဝင်မြင့်တာလားသာ ခင်ဗျားတို့ ချိန်ဆပါ....(ဒွန်းစက္ကားဘဝင်မြင့်တာပါဘုရား) အင်း....နိဗ္ဗာန်မမြင်သေးယင် ဒွန်းစက္ကားချည့်မှတ်....(မှန်ပါ့) ရိပ်မိပလား.... ဦးဘကြည်....(မှန်ပါ့ဘုရား)။

ဒါကြောင့် ပဋိသန္ဓေဒါမက် အဋ္ဌကထာမှာ ဖွင့်တဲ့အတိုင်း ကပဏေန သဒိသ ဒုက္ခဒဿနေန အထိုးကျန်သောလူနဲ့တူသော ဒုက္ခကိုမြင်သဖြင့်၊ ဥဋ္ဌာရကုလသဒိသော = ပြန့်ပြောသော အမျိုးနဲ့တူသော၊ အဓိပတေယျဋ္ဌော= အစိုးရခြင်းအနက်ရှိသော

နိဗ္ဗာန်ကိုမြင်တဲ့ မဂ္ဂသစ္စာသည်၊ ပါတုဘဝတိ = ထင်ရှားဖြစ်လာ၏....တဲ့၊ သူ့ကိုမြင်မှ သူသည်ကားလို့ဆိုယင် ဒုန်းစက္ကားသဘောနဲ့ သိမြင်တဲ့စိတ် ကိုယ့်နေရာမဟုတ်ပါလားဆိုမှ ဒီနေရာသို့ ပြောင်းချင်တာ....(မှန်ပါ့)။

ဟိုနေရာသိမြင်တဲ့စိတ် ကိုယ့်နေရာ မဟုတ်ပါလားဆိုမှ ဒီနေရာသို့ ပြောင်းချင်တာ....(မှန်ပါ့) ဟိုနေရာက ဟုတ်နေသေးဘို့ရှိယင် ဒီဘက်ပြောင်းချင်ပါ့မလား....(မပြောင်းချင်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ နိဗ္ဗာန်မရတာ ဘာဖြစ်လို့တုံးဆိုတော့ ကိုယ့်ဒုန်းစက္ကားရှာကိုလွန်းနေတာကိုး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာလွမ်းနေတာတုံး-(ဒုန်းစက္ကားရှာ လွမ်းနေတာပါဘုရား) ဖြစ်မှ ဖြစ်ရလေဗျာ.... ကိုယ့်အိမ်မှာကြည့်၊ သားကလဲ ကျင်ကြီးကျင်ငယ်နဲ့၊ သမီးကလဲ ကျင်ကြီးကျင်ငယ်နဲ့၊ ကိုယ်ကလဲ ကျင်ကြီးကျင်ငယ်နဲ့ တော်တော် ခြုံဘို့ ရုံဘို့ဆိုလဲ ညစ်ပတ်ပေလို့၊ ဒိုဘီပေးရတာနဲ့ ကိုယ်တိုင်ဖွတ်ရတာနဲ့ တမျိုးဆိုတော့ အသုဘရှာကြီးသက်သက်ဆိုတာ မဟုတ်ဘူးလား- ဟုတ်သလားလို့ စဉ်းစားကြည့်....(ဟုတ်ပါတယ်ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သုဘရှာလား၊ အသုဘရှာလား.... (အသုဘရှာပါဘုရား) အသုဘရှာမှ ဘယ်သူတွေနေကြပါလိမ့်မတုံး- မေးတော့....(ဒုန်းစက္ကားတွေနေပါတယ်ဘုရား)။

အဓိဖြစ်ပုံ- မဖြစ်ပုံကို ပဋိသမ္ဘိဒါ မဂ်ကလာတယ်နော် .... (မှန်ပါ့)ကိုယ့်ရုပ်နဲ့ကိုယ့်နာမ် ကိုယ့်အသုံးအဆောင်တွေ အကုန်

ဒုက္ခသစ္စာတွေဖြစ်မှ ဒီဘက်သုခသစ္စာကိုခင်ဗျားတို့ ကျုပ်တို့သည် ဒုက္ခသစ္စာကို ပရိညေယျနဲ့ ပိုင်းခြားပြီး သုခသစ္စာဘက် မကူးပေဘူးလား....(ကူးပါတယ်ဘုရား)။

ဒါကလေး သုဘ ထင်နေသေးလို့ ရှိယင်ဖြင့် ကိုယ့်ကိုယ် ကိုယ်လဲ သုခထင်နေသေးယင်တော့ ဘယ်တော့ကူးမတုံး .... (မကူးပါဘုရား) တဏှာကုန်ပါ့မလား .... (မကုန်ပါဘုရား) မကုန်တော့ သူငါးချင်း သူချင်းပြီးသကာလ သူ မရေမရာနဲ့ ဟုတ်လှုပ်ထင်နေကြတာဘဲ(မှန်ပါ့) ဟုတ်လှုပ်သာထင်ကြတယ် တော်တော်ကြာကျတော့ ဘာသစ္စာကြီး မဲမဲကြီးပေါ်ပေါ် လာသတုံး- ခင်ဗျားတို့ဘဲ စဉ်းစားကြည့်ပါ.... (ဒုက္ခသစ္စာကြီး ပေါ်ပေါ်လာပါတယ်) ဒုက္ခသစ္စာ- အသုဘတွေကော မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

တယောက်သေကြည့်ပါ။ ဘယ်သူမျှား ဒီဥစ္စာကို ပူဇော်ထိုက်တယ်လို့ ခင်ဗျားတို့ ထားချင်သတုံးလို့ မေးယင် ဘယ်နှယ်ပြောမလဲ....(မထားပါဘုရား) ဘာဖြစ်လို့တုံး မေးတော့.... (အသုဘမို့ပါဘုရား)။

မြန်မြန်လား၊ နှေးနှေးလား သုသာန်ပို့ချင်တာ....(မြန်မြန်ပို့ချင်တာပါဘုရား) မြန်မြန်ဘဲ၊ ပြောမကောင်းလို့သာ ကျုပ်တို့က ပြောချင်တာတော့ ရက်တိုတာဘဲ ကြိုက်တယ်....(မှန်ပါ့ဘုရား)။

ပြောမကောင်းတာကတော့ ထည့်လိုက်ရသေးတယ်၊ ငဲ့ရသေးတာကိုး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ လူတွေဟာ အသုဘပို့ အသုဘပျက်ကြိုက်တာဘဲ ဆိုတာ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

အိမ်သာတွေ, နောက်ဖေးတွေ အမျိုးမျိုး အဖုံဖုံ ထားတာ တွေဟာလဲ ဒီအိမ်ပေါ်မှာ အတော်ဟန်ရတဲ့လူတွေ ရှိနေလို့ ဒါတွေ အစွယ်အပွားတွေ ထားရတာလား....လို့ မေးယင် ဦးဘအုန်း-ဘယ့်နှယ်ပြောမလဲ....(အသုဘမို့ပါဘုရား)။

ဒါ့ကြောင့် အပြည့်အစုံ ထားရတယ်ဆိုတာကော သဘော ကျပလား....(ကျပါပြီဘုရား)။

ခြုံဘို့ ရုံဘို့ အဝတ်အထည်တွေဟာလဲ တကာ တကာမတွေ သုဘဖြစ်လို့ရှိယင် မသေရတဲ့ အထည်ကြီး ဘာကြီး ဘာဆင် မြန်းစရာ အစားထိုးစရာ ကိုထွန်းဦး- လိုသေးသလား....(မလိုပါဘုရား)။

အခုတော့ အစားထိုးနေရတာနဲ့ အချိန်ကုန်နေတာဘဲ၊ အဝတ်လဲရတာနဲ့ ရေမိုးချိုးရတာနဲ့ ဆေးဝါးတွေ အမျိုးမျိုး ကာကွယ်ရတာနဲ့ ပြုပြင်ရတာနဲ့ဆိုတော့ အစားချည့် ထိုးနေရ ကတည်းက သုဘမို့လား- အသုဘမို့လား တွေးပါ....(အသုဘမို့ပါဘုရား)။

အသုဘဖြစ်ယင် ဦးဘကြည်-ဘာသစ္စာဖွဲ့မတုံး....(ဒုက္ခသစ္စာပါဘုရား)ဆြေ....ကိုယ့်အဖြစ်ကဒုက္ခသစ္စာဖြစ်မှခင်ဗျားတို့သည် နေရာကျမယ်....(မှန်ပါ့) ကိုယ့်အဖြစ် ဘာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲ....ကိုယ့်အဖြစ်ဟာ ဒုက္ခသစ္စာဖြစ်ပါမှ ခင်ဗျားတို့သည် နိဗ္ဗာနသစ္စာကို အားကြီးအလိုရှိလာလိမ့်မယ်....(မှန်ပါ့)။

ကိုယ့်အဖြစ်ကလေးကို ကိုယ် ကျေနပ်နေမယ်ဆိုယင် တကာသိုက်တို့ ဘယ်တော့ နိဗ္ဗာန်သစ္စာကို ပွားတဲ့စိတ်ကူး ပေါ်ပါ့မလား....(မပေါ်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ပဋိသန္ဓေါဒါမင် အဋ္ဌကထာပြောတာ ဦးဘကြည်-ကျေနပ်ရောပေါ့.... (ကျေနပ်ပါတယ်ဘုရား) အထီးကျန် လူဆင်းရဲ ဒုက္ခသစ္စာမြင်မှတဲ့....(မှန်ပါ့)။

ပြန့်ပြောသောအမျိုးနဲ့တူသော သစ္စာဖြစ်မှာ....တဲ့၊ ဒုက္ခကို မမြင်သေးယင် မဖြစ်သေးဘူးတဲ့....(မှန်ပါ့)။

ဒါဖြင့် ဒုက္ခပိုင်းခြားရ မရသေးသရွေ့ကာလပတ်လုံး နိဗ္ဗာန်ကို မျက်မှောက်ပြုပါ့မလား....(မပြုပါဘုရား)။

မပြုသေးလို့ရှိယင် ဒီဟာတွေသည် အဓိတပ်လို့မရသေးဘူး၊ ဒုက္ခကို သုခထင်နေသေးတဲ့ သီလ, သမာဓိ, ပညာဖြစ်နေသေးတယ်....(မှန်ပါ့)။

ဘယ်လောက်ဆိုးသွားသတုံး....(ဆိုးပါတယ်ဘုရား) အားရှိတဲ့ သီလ,သမာဓိ,ပညာလို့ ဦးဘအုန်းတို့က ဆိုလို့ရရဲ့လား....(မရပါဘုရား) ဒီဘက်ကိုမြင်တော့မှ အဓိတပ်တော့....(မှန်ပါ့ဘုရား)။

တကာတကာမတို့ သဘောကျပလား.... (ကျပါပြီဘုရား) အဓိ တပ်ထိုက်- မတပ်ထိုက်ကို ယနေ့ ပိုမိုရှင်းအောင်ပြောနေတယ်၊ ဦးဘကြည်- အဓိတပ်ထိုက်ပလား....(မတပ်ထိုက်ပါဘုရား) နောက်က တကာတကာမတွေ ဘယ်ဘက်မြင်မှ အဓိတပ်ထိုက်သလဲ....(နိဗ္ဗာန်ဖောန်မြင်မှပါဘုရား)။

နိရောဓမြင်တော့ အလိုလိုမြင်သလား၊ဆိုတော့ ကိုယ့်အခြေအနေ အသုဘဒုက္ခသစ္စာကို အမှန်သိမှ ဟိုဘက်သို့တက်မယ်....(မှန်ပါ့)။

နို့မဟုတ်ယင် တက်ပါ့မလား....(မတက်ပါဘုရား) ဘယ်နည်းနဲ့မှ မတက်ဘူးဆိုတော့ တကာတကာမတို့ ဟိုဘက်ကြိုက်မှ အဓိတပ်မယ်၊ ဒီဘက်ကြိုက်နေယင် အဓိမဟုတ်ဘူးဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ပေါ်လာကတည်းကိုက ဒီသိလ, ဒီသမာဓိ, အဓိ မတည့်နိုင်သေးဘူး၊ ဒီဘက်ငဲ့လို့ ရှိယင်....(ထည့်ရပါတယ်ဘုရား) ဒါဖြင့် အဓိ ထည့်နိုင်-မထည့်နိုင် ယနေ့ ပိုမိုမရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ခန္ဓာကိုယ်နဲ့ ခင်ဗျားတို့အသုံးအဆောင်သည် ဒါတွေဟာ ဘာတွေမျှားထားကြပါလိမ့်မတုံး၊ သြော်....အသုဘကို ဖုံးဘို့ ရုံဘို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အိမ်တွေ ဘာတွေ ဆောက်ထားတာလဲ မမာတဲ့ ခန္ဓာကိုယ်ကြီး၊ ဒုက္ခခန္ဓာကိုယ်ကြီးမှာ ဒုက္ခပိုမိုပြီးရောက်အောင်လို့ ကာကွယ်ထားတဲ့ ဆေးရုံကြီးသဘော မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ခန္ဓာကိုယ်နဲ့ ခင်ဗျားတို့အသုံးအဆောင်သည် ဒါတွေဟာ ဘာတွေမျှားထားကြပါလိမ့်မတုံး၊ သြော်....အသုဘကို ဖုံးဘို့ ရုံဘို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အိမ်တွေ ဘာတွေ ဆောက်ထားတာလဲ မမာတဲ့ ခန္ဓာကိုယ်ကြီး၊ ဒုက္ခခန္ဓာကိုယ်ကြီးမှာ ဒုက္ခပိုမိုပြီးရောက်အောင်လို့ ကာကွယ်ထားတဲ့ ဆေးရုံကြီးသဘော မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် အဝတ်အထည်အလိပ်တွေကလဲ တနေ့ကပြောသလို ပတ်တီးတို့ ဘာတို့သဘော မရောက်သေးဘူးလား .... (ရောက်ပါပြီဘုရား)။

ထမင်းစားစရာ ဘောဇဉ်တွေကလဲ ဆေးသဖွယ်တွေ-(မှန်ပါ့ဘုရား) အနာပေါက်လို့ ဒီပုဂ္ဂိုလ်မှာ အနာ တနေ့ အကြိမ်များစွာ အနာပေါက်လို့ ဆေးမျိုးစုံ ထားရတယ်ဆိုတာကော ဦးခင်မောင်-ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးခင်မောင်တို့အိမ် ဆေးများ ဘယ်လောက်များသတုံး.... မေးယင် ဘယ်နှယ်ပြောပါ့မလဲ .... (အများကြီးပါဘုရား) ဆေးချည့်ဘဲ....(မှန်ပါ့)။

စားစရာ သောက်စရာ ဟူသ၍ ဘာခေါ်ကြမယ် တကာ တကာမတို့....(ဆေးတွေပါဘုရား) ဆေးဆိုတာ လူကောင်း ထားရတာလား၊ လူမမာမို့ ထားရတာလား .... (လူမမာမို့ ထားရတာပါဘုရား)။

ကဲ....ခင်ဗျားတို့ခန္ဓာကိုယ်ထဲ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘယ်နှယ်ကြောင့် ထားကြရသတုံး.... (လူမမာမို့ ထားကြရပါတယ်ဘုရား) အပိုအမိုများ ဆောင်ထားရသေးသလား....လို့ မေးချင်တယ်....(ဆောင်ရပါတယ်ဘုရား)။

ဆောင်ရသေးတယ်၊ အံမာ....အတော်ကြီးတဲ့ လူမမာမို့.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) သာမညကြီးလို့ ရှိယင် ပိုမို့ဆောင်ဘို့လိုသေးသလား....(မလိုပါဘုရား)။

အေး....ဒါ့ကြောင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင် တကယ့် အထီးကျန်လူဆင်းရဲ အမဲရောဂါသည် နာတာရှည်၊ ဒီလိုမနေဘူးလား....(နေပါတယ်ဘုရား)။

အထီးကျန် လူဆင်းရဲ အမဲရောဂါသည် နာတာရှည်ဆိုတာ ခင်ဗျားတို့ဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

နာတာ ဘယ်လောက်ရှည်မလဲ ဆိုတော့ ဦးဝ မေးကြည့်ခြောက်ဆယ်ကျော်လာပြီဘုရာ့....(မှန်ပါ့) မကုရတဲ့နေ့ပါသေးရဲ့လား....(မပါ-ပါဘုရား)။

ဒါဖြင့် အနာရှည်လှချည့်လားလို့ မေးယင် ဦးဝင်း ဘယ့်နှယ်ဖြေမလဲ....(ရှည်ပါတယ်ဘုရား) တကာသိုက်,ရော....(ရှည်ပါတယ်ဘုရား) နောက်က တကာတကာမတွေကော နာတာရှည်မှ ဟုတ်ကြရဲ့လား....(ဟုတ်ပါတယ်ဘုရား) ဘယ်တုံးကစပြီး ကုခဲ့ရသတုံး....(မွေးကတည်းက ကုခဲ့ရပါတယ်ဘုရား) ထမင်းနဲ့ကု၊ ရေနဲ့ကု၊ အဝတ်နဲ့ကု၊ တကာတကာမတို့က နေ့များ မကုရတဲ့နေ့ရှိယင်ဖြင့် ခင်ဗျားတို့ အတော်ထူးတဲ့ပုဂ္ဂိုလ်ဘဲ....(မှန်ပါ့ဘုရား) ဟုတ်ပလား....(မှန်ပါ့)။

ကိုယ့်.ကိုယ် ကိုယ်မကုရခင်တုန်းက အမေနဲ့တက္ခ ဆွေမျိုးက ဝိုင်းကုရတယ်....(မှန်ပါ့) ဒါနဲ့ဘဲ သူပေး,လူပေး သူထု လူထုနဲ့ တော်တော်ကလေး လူလား မြောက်လာတယ် ဟုတ်လား....(မှန်ပါ့)။

နောက် ကိုယ့်.ကိုယ်ကို ကုနိုင်တဲ့ အခြေအနေ ကျတော့ဖြင့် အားကိုးအားသေးရဲ့လား.... (မအားပါဘုရား) ဘယ်သူက ကုရသလဲ...(ကိုယ့်.ကိုယ်ကို ကုရပါတယ်ဘုရား)။

ကိုယ်တိုင်ကြိုးစားပြီးသကာလ မင်းလဲ ကိုယ့်.လက်နဲ့ကိုယ်ယူစားလို့.၊ ဆာနာပေါက်လို့.ဟင်....(မှန်ပါ့) နှုပ်ထုတ်လာလဲ ကိုယ့်.လက်နဲ့ကိုယ် ညှစ်ပေါ့ဗျာ....(မှန်ပါ့) ကျင်ကြီးတွဲလဲ ကိုယ့်.ဟာကိုယ် စွန့်ပေါ့ဗျာ၊ ကျင်ငယ်ကော....(ကိုယ့်.ဟာကိုယ် စွန့်ရပါတယ်ဘုရား)။

ပြီးတော့ ကာဘို့, ရံဘို့, ခြင်ထောင်တွေနဲ့ ခြင်တွေကိုက်မှာ စိုးလို့ အမျိုးမျိုးအဖုံဖုံ ပူမှာ, အိုက်မှာစိုးလို့၊ ပူမှာ, အိုက်မှာ တွေကလဲ ဝမ်းထဲမှာ အမျိုးမျိုးအေးမှာတွေကလဲ အမျိုးမျိုး ဖြစ်နေတော့ ထိုက်တန်တဲ့အကူအညီတွေကိုလဲ ကိုယ်ကိုယ်တိုင် ကူညီရတာ အားကိုမအားဘူး.... (မအားပါဘုရား) ဦးလှ ဘယ်တော့ အားသလဲ....(ဘယ်တော့မှ မအားပါဘုရား)။

ဘာဖြစ်လို့ ခင်ဗျားတို့ ဒါလောက်မအားရတာတုံးဆိုတော့ ရိပ်မိပလား၊ အထီးကျန်လူဆင်းရဲအမဲ့ သဘောကျပလား.... (ကျပါပြီဘုရား) ရောဂါသည် နာတာရှည်....(မှန်ပါ့) ရောဂါသည် နာတာရှည်ဆိုတာ တကာတကာမတွေ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

အဲဒါမျိုး ခင်ဗျားတို့က ဘာသစ္စာဖဲ့ချင်ကြသတုံး.... (ဒုက္ခသစ္စာပါဘုရား) အဲဒီ ဒုက္ခသစ္စာကို ခင်ဗျားတို့ကဘဲ တော်ပြီ-တန်ပြီ၊ အခု ဆရာဘုန်းကြီးပြောလို့ ကောင်းကောင်း သိပြီ၊ ဒို့ပျော်နေတာ ဒုန်းစက္လားပျော်....(မှန်ပါ့)။

ဘာပျော်တုံးဗျ.... (ဒုန်းစက္လားပျော်ပါဘုရား) နာသေးသလား ဦးဝင်း,က....(မနာပါဘုရား) မနာနဲ့-မနာနဲ့ ဒီထက်ဆိုးတာ ပြောရလိမ့်ဦးမယ်(မှန်ပါ့) ဒါကို မနာနဲ့တော့တကယ့်ကို ဖြစ်နေတာ....(မှန်ပါ့)။

သူ့နေရာနဲ့ နိဗ္ဗာန်မမြင်သေးခင်တော့ ကိုယ့်ဟာကလေးနဲ့ ကိုယ့်ဟာ ဟုတ်နေတာဘဲ၊ ၎င်း ဒုန်းစက္လားသည် နန်းတော်-အိမ်တော်ရောက်သွားမယ်ဆိုတော့ ဦးဝင်း-ဘယ်နှယ် ဆိုမတုံး၊ အကုန် ကန်ချပစ်ချင်မှာဘဲ သူ့အိမ်ကိုလဲ(ကန်ချပစ်မှာပါဘုရား)

အဲဒီကျမှ ဦးဘကြည်-မပြန်ချင်တဲ့သီလ၊ မပြန်ချင်တဲ့ သမာဓိ၊ မပြန်ချင်တဲ့ပညာတွေကျမှ အမှန်ရောက်မှာကိုးဗျ.... (မှန်ပါ့) ဒီအတိုင်းဆိုယင်တော့ ခင်ဗျားတို့က ကိုယ်.ငါးချဉ် ကိုယ်ချဉ် လိုက်တာဘဲ....(မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့ ဝင်္ဂီတရားကို တောင်းတပြီး ဘုရားရှေ့မှာ ဆုမ်းတော်ပဲ့, ကုမ်းတော်ပဲ့ ဖယောင်းတိုင်နဲ့ ဒီဘဝ စုတေမနေ သေလွန်လို.ရှိယင် နတ်ပြည်တက်ပြီး ကုပါရစေ ဆုတောင်းသေးတယ်....(မှန်ပါ့)။

ဖြစ်ပါရစေ ဆုတောင်းတာလား၊ ကုပါရစေ တောင်းတာလား.... (ကုပါရစေတောင်းတဲ့အဓိပ္ပါယ်ပါဘုရား) သြော်.... ဒါဖြင့် ဆေးရုံပြောင်းပါရစေပေါ့လေ....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

နတ်ပြည် ဘာလုပ်ချင်ကြတာတုံး.... (ဆေးရုံပြောင်းတာပါဘုရား) ဟိုက ဘပ်န္ဒစ်ကျပ်ဘန်မို. ပါလိမ့်၊ ပိုပြီးသကာလ ငွေကုန်ခံချင်တဲ့အဓိပ္ပါယ် မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) သဘောပါကြရဲ့လား....(ပါ-ပါပြီဘုရား)။

အဲဒါ.... ဒုက္ခသစ္စာကို ဟောနေတာ၊ အဲဒီ ဒုက္ခသစ္စာဒါလောက် အရုပ်ဆိုးမှန်း မသိသေးလို.ရှိယင် နိဗ္ဗာန်သစ္စာမျက်မှောက်ပြုဘို. ဦးဘကြည် ဘယ်အချိန် မျော်လင့်ချက်ရှိသတုံး....(မရှိပါဘုရား) ဒီအတိုင်း သွားမှာဘဲ မဟုတ်လား.... (မှန်ပါ့)။

ကဲ....ဒါဖြင့် ပဋိသန္ဓေဒါမက်အဋ္ဌကထာက်-ကပဏ္ဍန သဒိသ ဒုက္ခ ဒဿနေန အထိီးကျန် လူဆင်းရဲ အမဲနဲ့တူသော ဒုက္ခသစ္စာ

ကိုမြင်၊ ဒုန်းစက္ကွားနဲ့တူတဲ့ ဒုက္ခသစ္စာကိုမြင်သဖြင့် (၀၇) မြင်မှု ဉဒ္ဒာရ ကုလသဒိသော အာဓိပတေယျဒ္ဒော- ပြန့်ပြောသော အမျိုးနဲ့တူသော အစိုးရခြင်းလက္ခဏာရှိတဲ့သစ္စာသည်၊ ပါတူ ဘ၀တိ=ဖြစ်ပေါ်လာ၏၊ ထင်ရှားလာ၏....တဲ့၊ ဒါက အမျိုး ဖြစ်နေရာကောင်းပေါ့ဗျာ....၊ သဘောကျပလား.... (ကျပါပြီ ဘုရား)။

အဲဒီတော့ ဒါကိုမြင်မှ ဒါကို ကောင်းကောင်း စွန့်ပစ်တယ်၊ ဒါကို မမြင်သေးယင်....(မစွန့်ပါဘုရား)။

ဒါတွေ့ ကောင်းကောင်းမြင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီဘက်ကို ဘယ်တော့ပြန်သေးသတုံး....(မပြန့်ပါဘုရား) မပြန်တော့ သူတို့ သည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် အဓိပညာ, အဓိသီလ, အဓိ စိတ္တ မဖြစ်သေးဘူးလားဗျာ... (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် သီလကလဲ အဓိသီလဘဲ၊ သမာဓိကော....(အဓိစိတ္တ ပါဘုရား) ပညာကောဗျာ .... (အဓိပညာပါဘုရား) အဲဒီ မပြန်တဲ့နေရာကို ဘုန်းကြီးက တကာ တကာမတွေ့ကို ရောက် အောင်လို့ ဒုက္ခသစ္စာကို ပို့မိုပ့ားများပါ။ ဦးဝင်းတို့ ဟော ရတယ်....(မှန်ပါ့) ဦးခင်မောင်-မဟောထိုက်ဘူးလား....(ဟော ထိုက်ပါတယ်ဘုရား)။

ဒါက ဘုန်းကြီးက ဟောတယ်လို့လဲ ဦးဘကြည်တို့ မယူနဲ့၊ ဒုက္ခသစ္စာ မပိုင်းမခြားဘဲနဲ့ နိရောဓသစ္စာကို မျက်မှောက်ပြုဘို့ အရေး ရှိကို ရှိရဲ့လား....(မရှိပါဘုရား)။

ကိုယ့်ကိုယ်ကို သုခသစ္စာဖြစ်နေတယ်၊ နိစ္စဖြစ်နေမယ်၊ အတ္တ ဖြစ်နေမယ်ဆိုယင် ခင်ဗျားတို့ ဘယ်နည်းနဲ့ ဒီဟာကိုကြိုက်မလဲ-(မကြိုက်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဟာကို မကြိုက်နိုင်သေးတော့လဲ ဒီသီလတွေ ခိုင်မြဲတဲ့ သီလ,သမာဓိ,ပညာလို့ ဆိုလို့ ရရဲ့လား.... (မရပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် ဒီသည်ကား....လို့ ဆိုလို့ရှိယင် အတော် အရေးကြီးနေပါလား၊ ဒို့သည် အမြင်ကိုပြောင်းဦးမှဘဲ၊ အခု ဒုန်းစက္ကားမျက်လုံးနဲ့ ဒုန်းစက္ကားစိတ် ဖြစ်နေသေးတယ်....(မှန်ပါ့ဘုရား)။

မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား) ဒုန်းစက္ကား မျက်လုံးနဲ့ ဒုန်းစက္ကားစိတ် ဖြစ်နေတယ် ဦးခင်မောင်ရ....(မှန်ပါ့ဘုရား)။

ကိုယ်-နေပုံ, ထိုင်ပုံ, စားပုံကို ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ စားရတဲ့ အစာ အဟာရ၊ ဝတ်ရတဲ့ အဝတ်တွေ ဟုတ်လား၊ ဟာ....ဘယ်နှယ်ကြောင့်တုံးလို့ မေးလို့ရှိယင် မသက်သာလို့ ကိုင်ရတဲ့ပစ္စည်းတွေ....(မှန်ပါ့)။

စားရတဲ့ အစာကလဲ သက်သက်သာသာနဲ့ ချောင်ချောင် ချိချိနဲ့မစားဘဲနဲ့ ကျန်းမာနေမယ်၊ ဆာလောင်မှတ်သိပ်တဲ့အနာ မပေါက်ပါဘူး၊ အနာကို တပည့်တော် မရှိပါဘူး၊ ရှင်ပါကူ ဖြစ်နေပါတယ်လို့ ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဒီအစားတွေကို စားဖြစ်ဦးမလား....(မစားဖြစ်ပါဘုရား)။

ဘယ်လိုဘဲနေနေ နေပုံ, လေပူထဲ တပည့်တော်တို့က ပြီးနေ တာဘဲဘုရဲ့....သူတို့က ဘာမှမတတ်နိုင်ဘူးဆိုယင်လဲ ခင်ဗျားတို့ ဝတ်ဖြစ်ပါ့မလား....(ဝတ်မဖြစ်ပါဘုရား)။

အခုတော့ဖြင့် နေပူယင်လဲ နေပူနာ ပေါက်မယ်ဆိုတာ ခင်ဗျားတို့ သိပြီ၊ လေပူယင်လဲ လေပူနာပေါက်မယ်ဆိုတာ မသိဘူးလား.... (သိပါတယ်ဘုရား) အေးယင်ကော....(အေးနာပေါက်ပါတယ်ဘုရား)။

အေးနာပေါက်မယ်ဆိုတာ ခင်ဗျားတို့ကသိနေတော့ ကိုယ့်အနာအတွက်နဲ့ ကိုယ့်ခြုံထည်-ရုံထည် တည်းဟူသော အခြံအရံတွေကို ဘယ်ကရ-ရ ခြုံကြ ရုံကြရမှာဘဲ့....(မှန်ပါ့) မရုံရပေဘူးလား....(ရုံရပါတယ်ဘုရား)။

အဲဒီတော့ ဒါတွေသည်ကား....လို့ ဆိုလို့ရှိယင် ကိုယ့်အသုံးအဆောင် ကိုယ်ကြည့်စမ်းပါ....တဲ့၊ အသုဘ ပြင်မှုချည့်ဘဲ့....(မှန်ပါ့)။

ဦးဝင်း-ဘယ့်နှယ်ဆိုကြမလဲ.... (အသုဘပြင်မှုချည့်ပါဘုရား) နောက်က တကာတကာမတွေ့ ဘာပြင်ဘို့တုံး .... (အသုဘပြင်ဘို့ပါဘုရား)။

စားသောက်တာတွေ့ကော.... အသုဘ အနာတွေ့ ကုဘို့ဘဲ့ မဟုတ်ဘူးလား....(မှန်ပါ့)။

သို့သော် .... ကုရင်းမတ္တန့်လဲ ပျောက်ပါရဲ့လား ဒီနာတာရှည်က....(မပျောက်ပါဘုရား) အင်း....နိဗ္ဗာန်ကျမှ ပျောက်မယ် ခင်ဗျားတို့ နာတာရှည်....(မှန်ပါ့)။

ဦးဘကြည်- ဘယ်ကျမှပျောက်မယ်....(နိဗ္ဗာန်ကျမှ ပျောက်ပါ့မယ်ဘုရား) နိဗ္ဗာန်ကျမှ ပျောက်မယ် တကာတကာမတို့.... ဒီကြားမှာဖြင့် သူလဲ ဝေဒနာသည်၊ ငါလဲ ဝေဒနာသည်၊ အမေအားကိုး အမေလဲ ဝေဒနာသည်၊ သားကော....(ဝေဒနာသည်ပါဘုရား)။

ဘယ်သူက ဘယ်သူ့ကို ကယ်တင်နိုင်ကြသတုံး....(ဘယ်သူမှ မကယ်တင်နိုင်ပါဘုရား) အမိလဲ နာတာရှည်၊ ကိုယ်လဲ နာတာရှည်၊ သူလဲ ဒုန်းစင်္ကား၊ ကိုယ်လဲ ဒုန်းစင်္ကား-ဆိုတော့ ခွက်ချင်းခုတ်နေဘို့ မလိုဘူးဆိုသလိုပေါ့ဗျာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါဘုရား)။

အခုတော့ အမေကလဲ သားကိုချစ်ပါတယ်ဆိုပေမဲ့ ကယ်နိုင်ကြရဲလား....(မကယ်နိုင်ပါဘုရား) သားက အမေကိုချစ်ပါတယ်ဆိုတော့ကော....(မကယ်နိုင်ပါဘုရား)။

မကယ်နိုင်ဘူး၊ လောကွတ်တော့ ပြောကြမှာပေါ့ဗျာ....(မှန်ပါ့) လောကွတ်ပြောငြားသော်လဲ အဟုတ်တန်းကျတော့ သားနဲ့အမေ ကဲ့ကြတာဘဲ....(မှန်ပါ့)။

သေကဲ့သော်ငင်း၊ ရှင်ကဲ့သော်ငင်း၊ တကာ တကာမတွေ့ မကဲ့ရဘူးလား....(ကဲ့ရပါတယ်ဘုရား) အဲဒီတော့ သူက ဘာသစ္စာဝဲုး.... ကိုယ်က ဘာသစ္စာတုံးသာ တွေးကြပေတော့....(ဒုက္ခသစ္စာပါဘုရား)။

သူကလဲ အနှိပ်စက်ခံနေရတဲ့ ဒုက္ခသစ္စာ....(မှန်ပါ့) အမေကကော....(ဒုက္ခသစ္စာပါဘုရား) အဲဒီတော့ ဘယ်သူက ဘယ်သူကယ်လို့ကော....(မရပါဘုရား)။

ဘယ်သူ့ ဘယ်သူကယ်လို့ မရတာကို ထောက်ကြည့်တော့မှ ဩော်.... ဒီအထဲသာနေလို့ရှိယင်ဖြင့် နှုတ်ခမ်းပဲ့ချင်း မီးမှုတ်နေရမှာဘဲသာ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ဘယ်သူ့ ဘယ်သူ ကယ်နိုင်တယ်ဆိုတာ .... (မကယ်နိုင်ပါဘုရား)။

သားကလေး ချစ်ပါတယ်ဆိုလို့လဲ တော်တော်ကြာ ထော်လော်ကန့်လန့်ဖြစ်တာကတမျိုး၊ သေပဲနဲ့ ဝင်သွားတာကတမျိုး၊ ရောဂါတွေ စဲကပ်လာတာကတမျိုး၊ အမေမိဘ ဘာတတ်နိုင်သေးသတုံး....(မတတ်နိုင်ပါဘုရား)။

အမေမိဘဖြစ်တာကိုလည်း သားသမီးများက ကျွန်တော်တို့ မေတ္တာပို့ စောင့်ရှောက်ပါမယ်ဆိုရင်းမတ္တာနဲ့ ဟိုက ပေ့ဖေါက်လာတာကော တတ်နိုင်ကြရဲလား....(မတတ်နိုင်ပါဘုရား) ဘာသစ္စာတွေမို့လဲ....(ဒုက္ခသစ္စာတွေမို့ပါဘုရား)။

အဲဒါ ခင်ဗျားတို့ကလဲ လောက္ခပ် အဟုတ်ယုံနေတော့ ဒုက္ခသစ္စာကွယ်တယ်၊ ခင်ဗျားတို့ဖြစ်စဉ် ဖြစ်စဉ်ပြောပါတယ်....(မှန်ပါ့)။

သစ္စာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) အဲဒါ....အမေက သားသမီးတွေကိုပြောလဲ သားသမီးများက ယုံတာဘဲ၊ သားသမီးတွေက အမေ အဖေကို ကဏ္ဍသုခနဲ့ ပြောလိုက်ပြန်တော့ကော....(ယုံပါတယ်ဘုရား) ဒါဟာ သစ္စာမမြင်လို့ ယုံတာ(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ သစ္စာကို စာထဲတော့ ဖတ်တတ်တာပေါ့ မဟုတ်ဘူးလား....(မှန်ပါ့) ခန္ဓာထဲမှာ မငြိဘူးဆိုတဲ့ အဓိပ္ပါယ်ကော မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာမမြင်ဘူးဆိုတဲ့ အဓိပ္ပါယ် ရောက်နေတော့ ခင်ဗျားတို့ သစ္စာကော်လဲမရ၊ ကိုစ္စာကော်လဲ မရဘူးဆိုလို့ အခု ဒါတွေကို ပြောနေရပြန်တာပေါ့ဦးဘကြည်ရ....(မှန်ပါ့) မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့၏ အခြေအနေသည် ဒုက္ခသစ္စာတွေကို လဲလို့မရ၊ ကိုယ်-ကိုယ်တိုင် ခံပြီးသကာလ .... နေရတဲ့အတွက် တကာတကာမတို့ ကိုယ့်အထင်တွေဟူသ၍ အကုန်ဖြုတ်တခုမှ အကောင်းမရှိဘူး ဟုတ်လား....(မှန်ပါ့)။

ဒုန်းစင်္ကြား အစားမျိုးချည့်စားနေတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ သေသေချာချာဟုတ်တယ်.... (ဟုတ်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာဖြစ်လို့တုံး.....၊ နိဗ္ဗာန်ကျတော့ ခင်ဗျားတို့ ဒီလို အနာတွေကော ရှိသေးရဲ့လား....(မရှိပါဘုရား) ဒီလို အသုဘ အစာတွေကော....(မရှိပါဘုရား)။

အဝတ် အထည်တွေကော ခြုံဘို့၊ ရုံဘို့ လိုသေးသလား.... (မလိုပါဘုရား)။

ဘာဖြစ်လို့ မလိုသတုံး-ဆိုတော့ သဘာဝကောင်းမို့ မပြုမပြင်ဘဲနဲ့ ကောင်းပေါ့-အသစ်တကိုး၊ အသစ်တဆိုတာ မပြုပြင်ဘဲနဲ့ ကောင်းတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပြုပြင်နေရတာကိုထောက်သဖြင့် သြဇာ-သန်ဓါရဒုက္ခပါကလား....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဘာဒုက္ခတုံး.... (သန်ဓါရ ဒုက္ခပါဘုရား) သန်ဓါရ ဒုက္ခကို ခင်ဗျားတို့က မသိသေးတော့ နည်းနည်းတော့ ခဲ့ပေးရဦးမယ်.... (မှန်ပါ့)။

ကဲ....ဝက်သားဟင်းတခု စားချင်တယ်၊ ကြက်သားဟင်းတခု စားချင်တယ်ထားတော့ ဈေးသွားပြီး အဝယ်ခိုင်းရတာနဲ့ ဆီ,

ဆား, နန္ဒင်းတွေနဲ့ လုပ်ရ ကိုင်ရတာနဲ့ ချက်ပြုတ်ရတာနဲ့ သခ်ၤါရတွေဘဲ့....(မှန်ပါ့) သခ်ၤါရချည့်ဘဲ့ မနေဘူးလား....(နေပါ့တယ်ဘုရား)။

တော်တော်ကြာကျတော့ သခ်ၤါရတွေက ပြုပြင်လိုက်ရတာနဲ့ တကာတကာမတွေစားတော့ လျှာပေါ်မှာ သုခကလေး ဝမ်းထဲမှာလဲ သုခကလေး မပေါ်ဘူးလားဗျာ .... (ပေါ်ပါတယ်ဘုရား)။

ဒီသုခကလေးက ကြာရဲ့လား....(မကြာပါဘုရား) သူကလဲ ဒုက္ခလမ်းဆုံးသွားတယ်....(မှန်ပါ့) သုခကလေးပျက်တော့ ဒုက္ခပေါ့ဗျာ....(မှန်ပါ့)။

အင်း....ဒါဖြင့် သခ်ၤါရရယ်, ဒုက္ခရယ်, ဒါဘဲရှိတယ်....(မှန်ပါ့ဘုရား)။

ဦးဘကြည်-ဘာရှိသတုံး-(သခ်ၤါရရယ်, ဒုက္ခရုယ်ဘဲရှိပါတယ်ဘုရား) ဒါကို ခင်ဗျားတို့ကလဲ ကြိုးစားလို့ လက်စကို မသတ်ဘူး....(မှန်ပါ့)။

ရှိတာက သခ်ၤါရဆိုတာက ပြုပြင်နေရတာဘဲ၊ သူလဲ ဒုက္ခတမျိုးဘဲ....(မှန်ပါ့) ပြုပြင်လို့ပေါ်လာပြန်တော့လဲ ဘယ်မှာလမ်းဆုံးပြန်သလဲ....(ဒုက္ခလမ်းဆုံးပါတယ်ဘုရား)။

ဒါဖြင့် ပြုပြင်တုန်းကလဲ သခ်ၤါရဟုတ်လား .... (မှန်ပါ့) နောက်ကျတော့ ပေါ်လာတဲ့ဝေဒနာကလေးဟာလဲ ဒုက္ခ လမ်းဆုံးတော့ သခ်ၤါရနဲ့ ဒုက္ခနဲ့ပေါင်း .... (မှန်ပါ့-သခ်ၤါရ ဒုက္ခပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အခု နေလာခဲ့ကြတာ နှစ်ပေါင်းလဲ များကြပါပြီ၊ လ,ပေါင်းလဲ များကြပါပြီ၊ ဘာနဲ့ အချိန်ကုန်ကြသတုံး....(သခ်ၤါရဒုက္ခနဲ့ အချိန်ကုန်ကြပါတယ်ဘုရား)။

သုခကိုမပါဘူး....(မှန်ပါ့) ဦးဘကြည်- ပါရဲ့လား....(မပါ-ပါဘုရား)။

သခ်ၤါရနဲ့ ဘယ်မှာလမ်းဆုံးသလဲ.... (ဒုက္ခလမ်းဆုံးပါတယ်) ဒါဖြင့် ပြုပြင်နေရတာက သခ်ၤါရ.... (မှန်ပါ့) ခဏကလေး သုခယောင်ကလေး ပေါ်လာပြီး သုခဝေဒနာကလေးကလဲ ဖျပ်-ဆို ပျက်သွားတာဘဲ....(မှန်ပါ့)။

ပျက်သွားတော့ ဒုက္ခလမ်းမဆုံးဘူးလား .... (ဆုံးပါတယ် ဘုရား)။

ဒါဖြင့် တသက်လုံးရှာနေတာက သခ်ၤါရ၊ ချမ်းသာယောင်ကလေးပေါ်လာပြီး ပျက်စီးသွားတော့ ဒုက္ခ လမ်းဆုံးတယ်၊ မဆုံးဘူးလား.....(ဆုံးပါတယ်ဘုရား)။

ဒါဖြင့်ခင်ဗျားတို့ကျုပ်တို့ခန္ဓာကိုယ်ထဲမှာသုခဆိုလို့အပ်ဖျားနဲ့ ထောက်ဘို့မရှိဘူး.... (မှန်ပါ့) ဘာတွေ့ရှိသတုံး....(ဒုက္ခတွေ့သာ ရှိပါတယ်) ဘာဒုက္ခပါလိမ့်....(သခ်ၤါရဒုက္ခပါဘုရား)။

ဩော်....သခ်ၤါရဆိုတာ ခင်ဗျားတို့က အမြဲပြုပြင်နေရတာ နော်.... (မှန်ပါ့) ပြီးတော့လဲ ဒုက္ခလမ်းဆုံးပါရော ဆိုတော့ ပြုပြင်လို့ကောင်းရတာလဲ ဟင်းတအိုးချက်ဘို့ ပြုပြင်ရတာက နာရီ တော်တော်ကြာတယ်....(မှန်ပါ့) လျှာပေါ်မှာ ခဏကလေး စားပြီးသကာလ အရသာရှိသလိုလို့နဲ့ ပြီးတော့ မျိုချတဲ့အခါ

ကျတော့ သုခဝေဒနာကလေးဟာ ဆုံးသွားတယ်.... (မှန်၊) ပျက်စီးမသွားဘူးလား....(ပျက်စီးသွားပါတယ်) ပျက်စီးသွားတာက ပျက်စီးတာ ဘာခေါ်ကြမယ်....(ဒုက္ခပါဘုရား)။

အဲဒီတော့ ပြုပြင်ရတာက သခ်ၤါရ၊ ဆုံးသွားတော့.... (ဒုက္ခပါဘုရား)ဒါဖြင့် ခင်ဗျားတို့မှာဘယ်အချိန် သုခတုံးလို့ မေးယင် ဘယ်နှယ်ပြောမတုံး....(ဘယ်အချိန်မှ သုခမရှိပါ) ဘယ်အချိန်မှ သုခမရှိဘူးနော်....(မှန်ပါ့ဘုရား)။

ဒါဖြင့် သခ်ၤါရဒုက္ခနဲ့ နေခဲ့ရတာချည့်ဘဲဆိုတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးမှာ ဟိုဘက်စောင်းလိုက် ဒီဘက်စောင်းလိုက်က သခ်ၤါရ၊ စောင်းလို့ နည်းနည်းကလေး နေသားကလေးကျမယ် ကြံခါရှိသေးတယ် သုခဝေဒနာကလေးကလဲ ဖျပ်ဆိုပျက်သွားတာဘဲ။

အဲဒီတော့ပြောင်းနေရတာက ကိုယ့်ကိုယ်ကိုယ့်ခန္ဓာကိုယ်ကြီးကြီးသလောက်ပေါ့ဗျာ သေးယင် သေးသလောက်ပေါ့၊သခ်ၤါရတွေက မနည်း မမရဘူးလား.... (မ,ရပါတယ်)မ,ရတဲ့အထဲ နောက်ဆုံးပိတ် ဒုက္ခဝင်လာတာဘဲ....(မှန်ပါ့) သက်သာတာမျှား ပါသေးသလား.... (မပါ-ပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ဘာနဲ့အချိန်ကုန်နေကြသတုံး....(သခ်ၤါရဒုက္ခနဲ့အချိန်ကုန်ပါတယ် ဘုရား)။

အဲဒီတော့ပြောင်းနေရတာက ကိုယ့်ကိုယ်ကိုယ့်ခန္ဓာကိုယ်ကြီးကြီးသလောက်ပေါ့ဗျာ သေးယင် သေးသလောက်ပေါ့၊သခ်ၤါရတွေက မနည်း မမရဘူးလား.... (မ,ရပါတယ်)မ,ရတဲ့အထဲ နောက်ဆုံးပိတ် ဒုက္ခဝင်လာတာဘဲ....(မှန်ပါ့) သက်သာတာမျှား ပါသေးသလား.... (မပါ-ပါဘုရား) ဒါဖြင့် ခင်ဗျားတို့ဘာနဲ့အချိန်ကုန်နေကြသတုံး....(သခ်ၤါရဒုက္ခနဲ့အချိန်ကုန်ပါတယ် ဘုရား)။

သခ်ၤါရဒုက္ခနဲ့ အချိန်ကုန်ပြီးသကာလနေတော့ ခက်တယ်တဲ့၊ တကာတ့ကာမတို့ သခ်ၤါရဒုက္ခကို ခင်ဗျားတို့ သည် ကား လို့ ဆိုယင် ဒါကြီးကို သုခထင်နေကတည်းကိုက ကိုယ့်နေရာကလေး

အတော်ဟုတ်နေသေးတဲ့ အဓိပ္ပါယ်ရောက်တယ်.... (မှန်ပါ့) တလား, လောင်တိုက်ပျက်တွေနဲ့ အိမ်လုပ်ထားတာ ဟုတ်လား- (မှန်ပါ့ဘုရား)။

ခုနင်ကပြောခဲ့တဲ့ ကူးတို့ခတွေ့ ထမင်းစားနေရတာ၊ ကျင်းတူးခတွေနဲ့ စားနေရတာကို အို....ကံကောင်းတယ် အကြောင်းသင့်တယ်၊ ဒီလိုဖြစ်နေတဲ့ အဓိပ္ပါယ်မရောက်ဘူးလား - ရောက်သလား....(ရောက်ပါတယ်ဘုရား)။

အဲဒီကော့ ဘာမဖြစ်ခင် ဒီအဓိပ္ပါယ်ရောက်နေသတုံး .... (နိရောဓမဖြစ်ခင်ပါ)ဒါကြောင့်နိရောဓသစ္စာမမြင်ခင် ကိုယ့်ဟာကိုယ်ဖြစ်စဉ်ကဖြင့် အခု ဆရာဘုန်းကြီးက သေသေချာချာဖေါ်ပြောတော့ သခ်ါရဒုက္ခတွေနဲ့ အချိန်ကုန်နေတဲ့ပုဂ္ဂိုလ်တွေဘဲလို့ ဆိုထိုက်-မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား) ချမ်းသာပါရဲ့လား (မပါ-ပါဘုရား)။

ချမ်းသာမပါလို့ ရှိယင်ဖြင့် တသံသရာလုံး ဘာနဲ့နေကြရသတုံး....(သခ်ါရဒုက္ခနဲ့ နေကြရပါတယ်ဘုရား) သခ်ါရဒုက္ခကို သစ္စာဖွဲ့တော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)အဲဒီဒုက္ခသစ္စာကြီးကို ခင်ဗျားတို့က ရှင်းရှင်းလင်းလင်း ပိုင်ပိုင်နိုင်နိုမမြင်သေး၊ သူ့အပေါ်၌လည်း အကျိုးအပြစ်တွေ့ မသိသေးတော့ ခင်ဗျားတို့ သခ်ါရဒုက္ခကိုကြိုက်နေတယ်....(မှန်ပါ့ဘုရား)။

ကြိုက်နေတော့ အသခ်ါတသုခကို ဘယ်တော့မှမရဘူး .... (မှန်ပါ့)ရပါ့မလား....(မရပါ)ဘာကြိုက်နေလို့တုံး.... (သခ်ါရဒုက္ခကိုကြိုက်နေလို့ပါ) သြော်....ဒါဖြင့် ဒုန်းစက္ကားကြိုက်ကြိုက်နေတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးဘအုန်း ဘာကြိုက်-ကြိုက်နေတာတုံး ....(ဒုန်းစက္ကားကြိုက် ကြိုက်နေတာပါ) ဒီသခ်ၤါရဒုက္ခကြိုက်နေတာကိုး.... (မှန်ပါ့) သူ့အိမ်ကတော့ ဘာအိမ်တဲ့ဗျာ၊ ဒုန်းစက္ကားအိမ်ကလဲ တလားပျက်၊ လောင်တိုက်ပျက် .... (မှန်ပါ့) စားရတာကလဲ သူများပေးတဲ့ အကြွင်းအကျန်(မှန်ပါ့ဘုရား)။

သူဟာ ဘယ်မှာသာယာစရာ ပါသတုံး.... (မပါ-ပါဘုရား) သို့သော် သူ့ဟာနဲ့သူတော့ ဘာဖြစ်နေသတုံး....(သာယာနေပါတယ်ဘုရား) ဒို့ရွာမှာ ငါလူချမ်းသာဖြစ်နေတယ်....(မှန်ပါ့) မဖြစ်သေးဘူးလား- ဖြစ်သလား....(ဖြစ်ပါတယ်ဘုရား)။

ဒီမှာလဲ ကိုယ့်ဟာကလေးနဲ့ကိုယ် ပျော်နိုင်ကြတယ်၊ ကိုယ့် အိမ် ကိုယ့်ရာ ကိုယ့်သား ကိုယ့်သမီးလေးနဲ့ ပျော်နိုင်ကြတယ် ဆိုတာ ဒါဘဲဗျ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သုခသစ္စာကို မမြင်လို့ပျော်တာ....(မှန်ပါ့) ဒုက္ခသစ္စာကို သုခထင်နေလို့ .... (ပျော်နိုင်စရာရှိဘားပါ) ပျော်နိုင်စရာရှိတာနော်....(မှန်ပါ့) နို့မဟုတ်ယင် ပျော်စရာအကွက်ကိုပါရဲ့လား.... (မပါ-ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ နိဗ္ဗာန်မရောက်တဲ့ဥစ္စာ ယနေ့ပေါ်လောကြီးပေါ်လာတယ်....(မှန်ပါ့) ဦးဘကြည် ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဘယ်လိုပေါ်လာကြသတုံး၊ ကဲ .... ရှင်းကြပါဦး၊ ခင်ဗျားတို့ဘဲရှင်းပါဦး....(ဒုက္ခသစ္စာကိုသုခထင်နေလို့ပါဘုရား) ဒီလိုဆိုလိုက်တော့ ဒုန်းစက္ကားပျော်- ပျော်နေကြလို့ပါဘုရား....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာပျော်-ပျော်နေကြသတုံး.... (ဒုန်းစက္လားပျော်-ပျော်ကြလို့ပါ)အဲဒါကြောင့် ခင်ဗျားတို့ နန်းတော်, အိမ်တော်နဲ့တူတဲ့ နိဗ္ဗာန်မရောက်တာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဟိုဟာတွေ ဒီဟာတွေဆိုတော့ စာသံပေသံ ဖြစ်နေတယ် ဦးဘကြည်၊ ဘာပျော်ပျော်နေတယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ကောင်းပြီဒါဖြင့်တကာတကာမတို့ ဒုန်းစက္လားစိတ်မပျောက်ဘဲနဲ့နေသရွေ့ကာလပတ်လုံး အဓိပတိပေါ်ဘို့တော့ ဦးဘကြည် အတော်ခဲယဉ်းမှာဘဲ....(ခဲယဉ်းပါတယ်ဘုရား)။

အဲဒီတော့ အရင်တုန်းက ဝိပဿနာစိတ်တွေနဲ့၊ သီလသာမညတွေသာ ဒုန်းစက္လားသဘောကိုး....(မှန်ပါ့) သူတို့ ကမ်းနားမကျော်နိုင်ဘူး.... (မှန်ပါ့) သီလရော- သမာဓိရော- ပညာရော ဒုန်းစက္လားအထည်ကြီးကို လုံးလုံးစုန့်ပါတော့မယ် ဆိုတဲ့အခြေအနေရောက်အောင် ဦးဘကြည်ရောက်ပလား- မရောက်ဘူးလား၊ ရိုးရိုး သီလ, သမာဓိ, ပညာတွေဟာလေ....(မှန်ပါ့- မရောက်သေးပါဘုရား)။

ဒါ့ကြောင့် သူတို့က သုံးဆဲ့တဘုံတည်းဟူသော ဒုန်းစက္လားရွာဘဲ ပြန်ပြီး ပစ်ချတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ရှေးက ဆောက်တည်ခဲ့တဲ့ သီလ, သမာဓိ, ပညာတွေ့ မရှိဘူးလို့ မဆိုလိုဘူး၊ ရှိတော့ ရှိပါရဲ့....တဲ့၊ ခုနင်က နိဗ္ဗာနမမျက်မှောက်ပြုရတဲ့သဘော မရောက်သေးတော့ တကာ တကာမတွေ့ သူတို့က ပစ်ချတော့ ဘယ်ကို ပစ်ချမယ်ထင်သတုံး.... (ဒုန်းစက္လားရွာပါဘုရား)။

အဲ .... သုံးဆဲးတဘုံထဲက ရှာကြီး ရှာကလေးတွေတော့ ပြောင်းချင်ပြောင်းမပေါ့ဗျာ၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ် ဘုရား)။

နတ်ပြည်ခြောက်ထပ်တို့၊ ဗြဟ္မာပြည်တို့က ရှာကြီးတွေပေါ့၊ လူ့ပြည်လဲ ရှာကြီးတယ်၊ အပါယ်လေးပါးက ရှာငယ်တယ် ဆိုပြီး အဲဒီရှာသာ ပြောင်းပေးစရာ ရှိတယ်....တဲ့၊ တကာတကာ မတို့ ဒီဥစ္စာသည် နိဗ္ဗာန်တော့ ဝေးနေသေးတယ်....(မှန်ပါ့ ဘုရား)။

ဦးဘကြည်- ဘာကြောင့်တုံး-ဆိုတော့ ရိပ်မိပလား....(ရိပ်မိ ပါပြီဘုရား) ဒုန်းစက္ကားစိတ် မပျောက်သ၍ စိတ်ကြီးဝင်စိတ် ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာကို ဒုက္ခသစ္စာအစစ် မသိသ၍ ကာလ ပတ်လုံး နိရောဓသစ္စာအစစ်ဘဲဆိုတာ လာဘို့အရေး တော်တော် ဝေးသေးတယ်....(မှန်ပါ့)မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ် ဘုရား) ပေါ်ကြပလား....(ပေါ်ကြပါပြီဘုရား)။

အင်း....ဒါဖြင့် ဒီကရှေ့လဲ ဘာစိတ်ပျောက်အောင် အရေး ကြီးနေပါလိမ့်....(ဒုန်းစက္ကားစိတ်ပျောက်ဘို့အရေးကြီးပါတယ် ဘုရား)။

ခင်ဗျားတို့ကလဲ ရိုးရာစွန့်ဘို့ တယ်ပြီး လွယ်မယ် မထင်ဘူး.... (မှန်ပါ့) လွယ်ပါ့မလား....(မလွယ်ပါဘုရား)။

ရိုးရာစွန့်ဘို့ တယ်မလွယ်ဘူးဆိုတာ တနေ့က ပုဂံသွားပြီး လုပ်သလို ဖြစ်နေမှာဘဲ စိုးရသေးတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဒါက အဘိဓမ္မာနေရာမှာ ဦးဘကြည်တို့ ဒီစိတ် မပါယင် ရပါ့မလား....(မရပါဘုရား) မိမိတို့အဖြစ်ဟာ အဖြစ် ဆိုးကြီးကို သေချာမှ သဘောကျပလား.... (ကျပါပြီဘုရား) အဖြစ်ဆိုးကြီးကိုသေချာမှ ဒီဟာကို မကြိုက်ပေဘူးလား- ကြိုက် မလား....(မကြိုက်ပါဘုရား)။

ဒီအဖြစ်ဆိုးကြီးကိုပင် အင်း....ကိုယ့်တဲနဲ့ ကိုယ့်ကိုယ် အကျိုး ပေးနဲ့ တော်ရုံဘဲလူတာဘဲ၊ လူသလောက်နဲ့ ကျေနပ်ရုံဘဲဆိုယင် တော့ ကိုယ့်ဥာဏ်ကိုယ်ပျော်တုန်းဘဲ.... (ကျေနပ်ယင် ပျော်နေဦး မှာပါဘုရား)။

ပျော်နေသချိုလဲ ထူးပေါက်ရာတွေ့ရဲ့လား .... (မတွေ့ပါ ဘုရား) မတွေ့တော့ ဦးဘတင်တို့ အတော်ဆိုးနေပြီ .... (မှန်ပါ ဘုရား)။

ကိုင်း....ဒို့-နောက်တုန်းက ဘာပျော်မျှား ပျော်ခဲ့လို့ နိဗ္ဗာန် မရောက်ပါလိမ့်မတုံး .... (ဒုန်းစင်္ကြားပျော်-ပျော်လို့ပါ) ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား) ဒါမှားသေးသလား....(မမှားပါ ဘုရား)။

မယုံယင် ကိုယ့်အိမ်ကိုပြန်ကြည့်ပါ၊ ပျော်-မပျော်၊ သူမျှား အိမ် နေရတာနဲ့ ကိုယ့်အိမ်နေရတာနဲ့ ဘယ်အိမ်ပျော်သတုံး.... (ကိုယ့်အိမ်နေရတာက ပျော်ပါတယ်ဘုရား)။

ရော....ခက်ပြီ ခင်ဗျားတို့၊ ကိုယ့်အိမ်နေရတာက ပျော်တယ်၊ ကိုယ့်အိမ်ကလဲ ခုနင်က ပါသွားတာကလဲ ဘယ်လိုပစ္စည်းတွေ တုံး....လို့ မေးလို့ရှိယင် အသုဘခန္ဓာနေဘို့ ကာထားတာ....

(မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား) အသုဘ အတွက် ကာထားတဲ့ပစ္စည်း မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ် ဘုရား)။

ဒီနားမှာရှိတဲ့ ဆန်တွေ, ဆီတွေ, ငါးပိ-ငါးခြောက်- စသည် တို့ကလဲ ဒါဟာ အသုဘခန္ဓာကိုယ်ကြီး ကုဘို-သဘိုဘဲ၊ ဘယ် တော့မဆို ခန္ဓာနဲ့ အနာနဲ့ဟာ မကင်းတာနဲ့ ဆေးကို အပြတ် ခံလို့ မရတဲ့ အဓိပ္ပါယ် ဟုတ်လား....၊ လေနာသမား ဆိုဒါကို ခါးပိုက်ထဲထည့်ထားရသလို....(မှန်ပါ့)။

ဒီမှာလဲ ခင်ဗျားတို့ ဘာတွေဆောင်ထားရသတုံး .... (ကုဘို့ ပစ္စည်းတွေ ဆောင်ထားရပါတယ်ဘုရား)။

ဆေးတွေဆောင်ထားပြီးတော့ ဘယ်လောက်ကြာကြာနေရ မတုံး၊ ဒီဆေးနဲ့ ဘယ်တော့ဖြတ်ရမတုံး၊ ငါဖြင့် သေများ သေ ချင်ပါပေါ့လို့များ လာရဲ့လား....(မလာပါဘုရား)။

ကိုယ့်ဆေးနဲ့ကိုယ် တယ်ပြီးကျေနပ်နေတယ် .... (မှန်ပါ့) ဆေးကုလိုက် အနာပေါက်လိုက်၊ ပြန်ကုလိုက်၊ ဦးခင်မောင်-အနာကပေါက်တော့ ဘာလုပ်ပြန်သတုံး .... (ကုပြန်ပါတယ် ဘုရား)။

ကုပြန်ပြီးသကာလ ဟိုအနာပေါက်ပြီး ဒီအနာပေါက်လာ ပြန်တော့ကော....(ကုရပါတယ်ဘုရား)။

ဆေးတွေနဲ့ ကုရပြန်တော့ ရောဂါကင်းသွားသလား.... (မကင်းပါဘုရား) မကင်းတော့ ဘာလုပ်ရပြန်သတုံး.... (ကုရ ပြန်ပါတယ်ဘုရား)။

ဒါဖြင့် ကုလိုက်၊ အနည်းငယ်ပျောက်လိုက်၊ တမျိုး အနာပေါက်လိုက်၊ တမျိုးပြန်ကုလိုက်၊ တသံသရာလုံးမှာ ဒီလိုဘဲနေခဲ့ကြရတယ်....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်လိုမျှားနေခဲ့ကြရသတုံး .... (တသံသရာလုံးမှာ ဒီလိုဘဲနေခဲ့ကြရပါတယ်ဘုရား) ဒီလိုဘဲ-ဒီလိုဘဲ၊ ရောဂါနဲ့ကို မပြတ်ခဲ့ဘူး....(မှန်ပါ့ မပြတ်ခဲ့ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရောဂါနဲ့လဲ မပြတ်ခဲ့ဘူး၊ ဆေးနဲ့လဲ မလပ်ခဲ့ဘူးဆိုကြပါစို့ဗျာ....(မှန်ပါ့) ကြပ်စီးတာကြီးကော လျှော့လိုက်ပလား.... (မလျှော့ပါဘုရား)။

တိရစ္ဆာန် ဖြစ်တုန်းကတော့ လျှော့ခဲ့ရပါတယ် ဘုရား.... (မှန်ပါ့)*အဲဒီလိုဘဲ ပြောကြပါတော့ဗျာ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တိရစ္ဆာန်ကတော့ ဘယ်သူမှ ကြပ်စီးပေးမည့်သူ မရှိတာနဲ့ ဦးခင်မောင်....(ဒါတောင်မှ မြင်းတွေ ဘာတွေကျွေးတော့ ဝတ်ပေးလိုက်ကြသေးတယ်ဘုရား)။

အဲ....မြင်းတွေ ဘာတွေတော့ ဝတ်ရမှာဘဲ၊ ကိုယ်က သူ့ကို သုဘာထင်တာနဲ့ ဝတ်ပေးနေကြတာ....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ ဘယ်အခါကာလမဆို ကျုပ်တို့ သည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် အနာကင်းတယ်, ရောဂါ

---

* ခန္ဓာကိုယ်၌ အဝတ် ဖုံးလွှမ်းထားရမှုကိုဆိုလိုသည်။

ကင်းတယ်, ဒုက္ခကင်းတယ်ဆိုတာ ဖေါ်ပြောပါ .... (မရှိပါဘုရား)။

ဘယ်အခါမှ မရှိခဲ့ဘူးမဟုတ်လား....(မှန်ပါ့) ဘယ်လောက်ကြာခဲ့ပြီတုန်းမေးတော့....(ကြာလှပါပြီ) ဒါဖြင့် ဝဋ်ကောင်မှ ဟုတ်ကဲ့လား....(ဟုတ်ပါတယ်ဘုရား) အခုကော ကျတ်ပလား-(မကျတ်သေးပါဘုရား)။

မယုံ-အိမ်ကိုပြန်ကြည့် တခုခုနဲ့တွေ့ရမယ်၊ ခင်ဗျားတို့ စိတ်သာချ....(မှန်ပါ့) အခု ဆေးလက်မလှတ်ရသေးဘူး၊ အိမ်ပြန်တော့ကော....(တွေ့ရပါတယ်ဘုရား)။

အဲဒါလောက်ဆိုးနေတဲ့ဥစ္စာ ကိုယ့်ဟာကလေးနဲ့ကိုယ် တင်းတိမ်နေတော့ ခင်ဗျားတို့ ခုနင်က နှိုးတော့,အိမ်တော့မရောက်ဘူးလို့ တင်းတိမ်ထာ....(မှန်ပါ့) နို့မဟုတ်ယင် တင်းတိမ်တဲ့စိတ်လာပါ့မလား....(မလာပါဘုရား)။

ဒါ့ကြောင့် ဒုန်းစက္ကားစိတ်ပေါက်နေလို့ တင်းတိမ်တာဗျ....(မှန်ပါ့) နို့မဟုတ်လို့ရှိယင် တင်းတိမ်စရာအကြောင်း မြင်ကြရဲ့လား....(မမြင်ပါဘုရား)။

အဲဒါကြောင့် ဒုန်းစက္ကားစိတ် မပျောက်သ၍ကာလပတ်လုံး ဒါတွေ့ အဓိမထည့်နဲ့နော်....(မှန်ပါ့) ထည့်လို့တော်ပါ့မလား (မတော်ပါဘုရား)။

ဒါဖြင့် အဓိထည့်တာ မထည့်တာ ရှိတာသည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် ဒုက္ခသစ္စာကို နာတာရှည်ဆင်းရဲသား- ဒုန်းစက္ကားရှာ တခါတည်း လုံးဝဖြင့် မင်းကိုဖြင့်ကွာ....မပြန်တော့

ပါဘူး၊ မသိခင်တုန်းကတော့ ဟုတ်သလိုလိုနဲ့ အခုတော့ဖြင့် ကြက်သရေမင်္ဂလာ လုံးဝမရှိတဲ့နေရာဘဲလို့ ခင်ဗျားတို့က ဒုက္ခ သစ္စာဘဲလို့ ပိုင်းခြားချ....(မှန်ပါ့)။

အဲဒီ ပိုင်းခြားတဲ့အချိန်ကျတော့ အဓိပညာ, အဓိသီလ, အဓိစိတ္တ, မလာပေဘူးလား...(လာပါတယ်ဘုရား) အခုမပိုင်းခြားနိုင်သ၍ ကာလပတ်လုံးဖြင့် ကိုယ့်ရွာနဲ့ကိုယ် ပျော်ကြဦးပေါ့ဗျာ....(မှန်ပါ့) ဘယ်မှာကစားကြသတုံးဆိုတော့ မြေပုံပေါ်မှာ ကစားကြတာ....(မှန်ပါ့)။

ဒုန်းစင်္ကြားခလေးတွေ ဘယ်မှာ ကစားကြသတုံး.... (မြေပုံပေါ်မှာ ကစားပါတယ်ဘုရား) ညတိုင်ကျလာတဲ့အခါ သူတို့ဒီအထဲဘဲ လျှောက်ပြီးသကာလ မလည်ကြဘူးလား....(လည်ပါတယ်ဘုရား) ဒီဇရပ်တွေအပေါ်ဘဲတက်ပြီးသကာလ ကျားထိုးခြင်း ကစားရင်းဆိုသလို မနေကြပေဘူးလား.... (နေပါတယ်ဘုရား)။

သို့သော်.... သူတို့ရွာဟာ သူတို့စိတ်ထဲမှာဖြင့် အပျော်ဆုံးထားတာ....(မှန်ပါ့) သူတို့ရွာဟာ သူတို့ ကြက်သရေအရှိဆုံးလို့ကော.... (ထားပါတယ်ဘုရား) ငွေဝင် အမှန်ဆုံးလို့ကော.... (ထားပါတယ်ဘုရား) မသေတဲ့လူမှ မရှိဘဲ အဲဒီနေပြီး ထိုင်စောင့်နေတာဘဲ၊ အဲဒီတော့ ဝင်ငွေကလဲ သိပ်မှန်တာပေါ့.... (မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဘယ်မှ မရောက်ဘူးခင်က သူတို့ရွာသူတို့ အပျော်ဆုံးဖြစ်လိမ့်မယ်ဆိုတာကော.... (ယုံပါတယ်ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဩော်....ခင်ဗျားတို့ကလဲ နိဗ္ဗာန်မရောက်သေးယင် ကိုယ့်ရာကိုယ် ပျော်ဦးမယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နတ်ပြည်ရောက်ကော.... (ပျော်ပါတယ်ဘုရား) သို့သော်.... နတ်ပြည်ရောက်လဲ ဒီ-အသုဘခန္ဓာဘဲ ရမှာဘဲ၊ ပျော်ရမှာဘဲ၊ လူ့ပြည်ရောက်ပြန်တော့ကော အသုဘအဖြစ်နဲ့ ရောက်တာဘဲ.... (မှန်ပါ့ဘုရား) ပျော်နေတာဘဲ၊ ဘာဖြစ်လို့တုံး... ဆိုလို့ရှိယင် ဒုက္ခသစ္စာကို မပိုင်းခြားနိုင်သေးလို့.... (မှန်ပါ့) နိဗ္ဗာနကို မျက်မှောက် မပြုနိုင်သေးတဲ့အတွက် ဦးဘကြည် - ဘာဖြစ်နေရတုံး....(ဒုန်းစက္ကားပျော်,ပျော်နေရတာပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ပြောင်းပစ်ပါ.... (မှန်ပါ့) ကိုယ့်အဖြစ်ဆိုး သိပလား.... (သိပါပြီဘုရား) ဘယ်လို သိသတုံး.... (ဒုန်းစက္ကားပျော်ပါဘုရား) စားရတာကလဲ ဟုတ်ကြရဲ့လား (မဟုတ်ပါဘုရား) ဝတ်ရတာကလဲ....(မဟုတ်ပါဘုရား) ကျန်းမာခြင်းကော ရှိကြရဲ့လား.... (မရှိပါဘုရား) ကျန်းမာခြင်းလဲ မရှိဘူး၊ ချမ်းသာပလားလို့ မေးတော့လဲ မချမ်းသာဘူး၊ဆန်ကလုံလောက်ပြန်ယင် ဆီက လိုသေးတယ်၊ ဆီကလုံလောက်ပြန်လဲ ဆားက လိုသေးတယ်၊ အဝတ်အထည်က လုံလောက်ပြန်လဲ ရွှေက လိုတတ်၊ ရွှေက ရပြန်လဲ စိန်က လိုပြန်တယ် ဆိုတော့သူ အမဲချည့်လုပ်နေတာဘဲ....(မှန်ပါ့) ဘယ်တော့မျှး ဘော်ပြီတန်ပြီလို့ လာကြသတုံး....(မလာပါဘုရား)။

ဒါဖြင့် တကာတကာမတို့စဉ်းစားကြည့်၊ မဲ့တဲ့ပုဂ္ဂိုလ်မို့ လို့ ချင်တာကိုး....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဒါလောက် အလိုလက်စမသတ်ပါလိမ့်.... (မဲ့တဲ့ပုဂ္ဂိုလ်မို့ပါဘုရား) ဆင်းရဲလွန်းလို့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဩော်....သူ-ဆင်းရဲဘယ်တော့များ ပျောက်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ ရှိယင် ဒီရွာကထွက်မှ ပျောက်မှာဘဲ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဒီအချိန် အားထုတ်ယင်တော့ဖြင့်....(ပျောက်ပါတယ်ဘုရား)ဆင်းရဲလက်စ သတ်မယ်ဆိုတာ ပေါ်ပလား..(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပဋိသမ္ဓိဒါမက် အဋ္ဌကထာမှာ လာတဲ့ အကြောင်း ဦးဘကြည်တို့ ကောင်းကောင်းရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ဒါဖြင့် ဘာအရေးကြီးသတုံး၊ ဒုက္ခသစ္စာကို များများကြီး ထင်အောင်ရှုနိုင်ဘို့ အရေးကြီးတယ်နော်.... (မှန်ပါ့) ထင်အောင်ရှုနိုင်လို့ ဒုက္ခအကြောင်း ကောင်းကောင်း သိတဲ့အခါကျလို့ ရှိယင်ဖြင့် ဒီရွာမနေချင်တော့ပါဘူးဆိုပြီး သွားရုံဘဲ.... (မှန်ပါ့) မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

သွားလို့ ရှိယင် သူ့ရွာဟာ နဂိုရိုက မကောင်းတဲ့ရွာ ဖြစ်နေတော့ကို သူဟာ နှန်းတော်,အိမ်တော်နဲ့တူတဲ့နိဗ္ဗာန် မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခမပိုင်းခြားနိုင်ဘဲနဲ့ နိဗ္ဗာန်တော့ မရောက်ဘူး.... (မှန်ပါ့) ဦးဘကြည် သဘောကျပလား.... (ကျပါပြီဘုရား) တကာတကာမတွေ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒုက္ခပိုင်းခြားမှုဟာ ဆုတောင်းနေရုံ အလုပ်လား-ဒုက္ခပိုင်းခြားမှ ရောက်မှာလား.... (ဒုက္ခပိုင်းခြားမှ ရောက်မှာပါဘုရား)။

အဲ.... သေချာသွားပြီ၊ ဒုက္ခ ပိုင်းခြားနိုင်လို့ နိဗ္ဗာန်မြင်တော့မှ ခင်ဗျားတို့ မဂ္ဂင်ရှစ်ပါးကလဲ အရင်မဂ္ဂင်မျိုးဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား) အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ.... (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ ရှေးက လုပ်ထားတာတွေဟာဖြင့် ကိုးစားရာ အားထားရာအစစ်မဟုတ်သေးဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပြန်ပြီးဒုန်းစတ္တားရှာ ဖြစ်နိုင်သေးတယ်....(မှန်ပါ့) သူတို့က ဒုန်းစတ္တားရှာအကျိုးပေးဦးမှာကိုးဗျ....(မှန်ပါ့)။

ဒါဖြင့် အခု ဆရာဘုန်းကြီးပြောလို့ သိပြီမဟုတ်လားဗျာ.... (မှန်ပါ့) သုံးဆယ့်တဘုံဟာ ဒုန်းစတ္တားရှာမှတပါး ဘာရှိသတုံး (မရှိပါဘုရား) သူပေး လူပေးနဲ့ စားရတာဘဲ မဟုတ်လား.... (မှန်ပါ့)။

အဲဒါ ဒီဟာတွေ မဖြစ်ချင်တော့ပါဘူး ဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့သည် ဒီရွာ၏ အကြောင်းကို စေ့စေ့စပ်စပ်သာကြည့်ပေတော့....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဦးဘကြည် ဘာကြည့်ခိုင်းသတုံး.... (ဒီရွာ၏ အကြောင်းကိုကြည့်ခိုင်းပါတယ်ဘုရား) ဒီရွာ၏ အသုံးအနှုန်းကိုလဲ ကြည့်....

(မှန်ပါ့) အသုံးအနှုန်းတွေကလဲ ဘာပစ္စည်းတွေ စားသောက်နေကြသတုံး၊ ဒီခလေးတွေကလဲ ဘယ်အထဲ မွေးလာသတုံး ကြည့်ပေါ့ဗျာ....(မှန်ပါ့)။

သူတို့အိမ်ဆောက်နေတာလဲ ဘာဆောက်နေတာတုံး ကြည့်လို့ကတဲ့အခါကျတော့ အိမ်ကလဲ ဘာမှ အဘိုးမတန်တဲ့အသုဘအကျန်အကြွင်း.... (မှန်ပါ့) စားတာကလဲ အသုဘ အကျန်အကြွင်း၊ နေရာကလဲ မြေပုံ ပေါ်မှာဆို တော့ ဘယ်ဟာအကောင်းပါသေးသတုံး.....(မပါ-ပါဘုရား) အဲဒီလို ခန္ဓာကိုယ်ကြီးမှာ တကိုယ်လုံး ဒုက္ခသစ္စာဖြစ်သွားရမယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကိုယ်လုံး ဒုက္ခသစ္စာဖြစ်သွားတဲ့အခါကျတော့မှ ဒီဘက်က တဏှာက ကိုထွန်းဦးတို့ဦးဘကြည်တို့ လာပါဆိုလို့ ကိုယ့်ရှာကြီး ကြက်သရေမဂ််လာမရှိမှန်းသိတော့ ခင်သေးသလား....(မခင်ပါဘုရား)။

ရှာခင်, လူခင်, ဆွေမျိုးခင်ကော ရှိသေးသလား....(မရှိပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား) အဲဒီတော့ သမုဒယသစ္စာက မသေဘူးလား....(သေပါပြီဘုရား)။

အဲဒီ....သေတော့ သူလဲသေပါရော ဒီရှာကိုလဲ ကြည့်ချင်တဲ့စိတ် လာသေးရဲ့လား....(မလာပါဘုရား) မလာတော့ သမ္မာဒိဋ္ဌိတို့က ဒီဘက်လှည့်လာတယ်....(မှန်ပါ့) မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဒီရှာမကြည့်ချင်မှ ဒီဟာလှည့်တာ....(မှန်ပါ့) အဲဒီကျတော့မှ အဓိပညာ, အဓိစိတ္တ, အဓိသီလ, သီလ, သမာဓိ,

ပညာ ဖြစ်သွားတာပေါ့ဗျာ....(မှန်ပါ့) ကိုင်း....ကျေနပ်ပလား-(ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကို ယနေ့ ဆုံးမချင်တာက ဘယ်လိုလဲလို့ မေးစရာရှိတယ်၊ သြော်....ဒါဖြင့် ဘုရား- ဒီသီလ, သမာဓိ, ပညာ-ဆိုတာက တပည့်တော်တို့ ဒုက္ခသစ္စာ ပိုင်းခြားသိမှဘဲ တပည့်တော်တို့ လိုရာခရီးကိုရောက်မှာဘဲ၊ အဓိကလဲ အဲဒီကျမှ လာတော့တာကိုး-ဆိုတာကိုသာ ခင်ဗျားတို့ ယနေ့ဆုံးဖြတ်ချက်ချပြီး အမှတ်ကြီး မှတ်ရမှာဘဲ....(မှန်ပါ့)။

ရှေးက နေခဲ့တာဖြင့် အဓိကို မကပ်ခဲ့ဘူးဆိုတာလဲ ဘုန်းကြီးဖေါ်ပြောဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဒါ့ကြောင့် သုံးဆဲ့တဘုံ-ဒုန်းစက္ကားရှာမှာဘဲ ကွုံ-ကွုံနေကြရတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်လာပါပြီ) ဘာမဖြစ်ခဲ့လို့ပါလိမ့်....(အဓိမဖြစ်ခဲ့လို့ပါ) အဓိမဖြစ်ခဲ့ဘူး၊ အဓိမဖြစ်တော့ ဒုန်းစက္ကားရှာထဲ ပြန်ပြန်အကျိုးမပေးဘူးလား .... (ပေးပါတယ်ဘုရား)။

သူက ဒုက္ခသစ္စာကို မပိုင်းခြားနိုင်တဲ့အတွက် ခင်ဗျားတို့ ဒီရှာမှာဘဲ ပျော်မွေ့နေတဲ့သဘောတွေ့ မရှိဘူးလား-(ရှိပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဒီပညာရယ်, ဒီသမာဓိရယ်, ဒီသီလရယ် ဆောက်တည်လို့ ခိုင်မြဲတဲ့ဥစ္စာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဆောက်တည်ရပါတယ် ဆိုတော့ သမထကလေး သွားပျိုးထောင်ပြန်လဲ ဆောက်တည်ရတယ်၊ သီလကလေး ဘုရားဆီ

သွားပြီး ဆောက်တည်ရတယ်၊ ဘာဖြစ်လို့တုံး.... မရှိလို့ပေါ့-ဘုရား-မဟုတ်ဘူးလား....(မှန်ပါ့) မရှိလို့သွားပြီးယူတာ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

နက်ဖြန်ကျတော့ ဘာလုပ်ရပြန်ပလဲ မေးပြန်တော့ကော.... (သီလသွားယူရပါတယ်) ဘာဖြစ်လို့တုံး-မေးပြန်တော့....(မရှိလို့ပါဘုရား)။

သြော်.... ဒါဖြင့် သူမမြဲဘူးပေါ့ဗျာ....(မှန်ပါ့) မမြဲဘူး၊ အဲဒါ အဓိမပါသ၍ဖြင့် ဒီလိုချည့်နေမှာဘဲ.... (မှန်ပါ့ဘုရား) ဦးဘကြည်-ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဓိမပါသ၍ ဘာတုံး....(မမြဲသေးပါဘုရား) ဘယ်တော့မှ မမြဲသေးဘူးဆိုတော့ ဒါဖြင့် တကာတကာမတို့ အဓိသီလ, အဓိစိတ္တ, အဓိပညာအကြောင်းကိုဖြင့် ဒုက္ခကို ဒုန်းစက္ကားရှာကဲ့သို့ ဒုန်းစက္ကားအစား၊ ဒုန်းစက္ကားခန္ဓာကိုယ်၊ လုံးဝ ကိုယ့်ကိုယ်ကို မနှစ်သက်၊ ကိုယ့်အစာ မနှစ်သက်၊ ကိုယ့်အိမ်ယာကိုမနှစ်သက်၊ အဲဒီကျတော့မှ ခင်ဗျားကို သြော်....မပြန်တော့ပါဘူး ဆိုတာပါတယ်....(မှန်ပါ့)။

မနှစ်သက်တာက ဘာတုံး....ဆိုတော့ ဟောဒီဘက်လဲမြင်၊ ဒီဘက်လဲမြင်၊ ဒီဘဲက်လဲပိုင်းခြား ဒီဘက်လဲမြင်တော့မှ နှိုင်းချိန်လိုက်တာကိုးဗျ-ဒီမိတာက....(မှန်ပါ့)။

ဦးဘကြည်-ဘာတုံး .... (နှိုင်းချိန်ပါတယ်) ကောင်းတာမကောင်းတာကို နှိုင်းချိန်ပါတယ်၊ ဒါကြောင့် တပြိုင်နက် မြင်တယ်လို့ ပြောတာ....(မှန်ပါ့) ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ဒါနဲ့ဒါကို....ဘယ်သူ့ရှေ့ ဘယ်သူနောက်လို့ မေးလို့ရှိယင် ဖြင့် အဓိကပ်လာတဲ့အခါ တပြိုင်နက် မြင်တယ်မှတ်....(မှန်ပါ့ ဘုရား)။

တပြိုင်နက်မြင်တဲ့ပုဂ္ဂိုလ်တဦးတယောက်ဆိုတော့ အကောင်းနဲ့ အဆိုး အကောင်းဘက် လဲတော့မယ်ဆိုတာ ခင်ဗျားတို့ အမှန် သိတော့မှာဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တပြိုင်နက်မြင်ယင် ဘယ်ဘက် လဲမယ်ထင်သတုံး.... (အကောင်းဘက် လဲမှာပါ)အင်း- နေရာကျပြီ၊ အကောင်းဘက် လဲတော့ကို.... ဘယ့်နှယ်ကြောင့် သူ့လဲသွားသတုံး- မေးတဲ့အခါ သေသေချာချာ ဒဿနိုးစဉ်းအဖြစ်ကို သိဘယ်၊ ကိုယ့်အဖြစ်ကို မသိဘူးလား....(သိပါတယ်ဘုရား)။

သိတဲ့အတွက် ပြန်ဦးမလား- မပြန်တော့ဘူးလား.... (မပြန် တော့ပါဘုရား) အဲဒါကြောင့် သောတာပန်မှာ နိယတ ဂတိ ကော-ဆိုတာ မပြန်လို့မြဲတာ....(မှန်ပါ့) ပြန်ယင်....(မမြဲပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ ခင်ဗျားတို့ကို ပြောချင်တာက မဆောက်တည်ဘဲနဲ့ရတဲ့သီလ၊ မဆောက်တည်ဘဲနဲ့ အားထုတ် ရတဲ့ သမာဓိ၊ ပညာတွေသည်ကား....လို့ ဆိုယင် တကာတကာ မတို့ အဘိုးတန်ဆုံး၊ အခိုင်မြဲဆုံးဘဲလို့ ဦးဘအုန်းတို့ မှတ်ရမယ် (မှန်ပါ့)။

ဒါဖြင့် အလုပ်-လုပ်ပါလို့ ပြောတာ....(မှန်ပါ့) အလုပ် မပါဘဲနဲ့ဟာကတော့ ခဏခဏ အဝတ်လျှော်နေရသလို ဦးခင် မောင်ရေ....မြဲပါ့မလား....(မမြဲပါဘုရား)။

အေး....ဒါကြောင့် အားလုံးဘဲ အလုပ်-လုပ်ကြပါ၊ အလုပ်နားမလည်ယင် လာပြီး မေးလေ....၊ နေ့တိုင်းလဲ အလုပ်ကိုဘဲပြောနေတယ် မဟုတ်ဘူးလား....(မှန်လှပါ)။

ဒီအလုပ်မပါသ၍ကာလပတ်လုံး ခင်ဗျားတို့လုပ်နေတာတွေ့ အဓိမတတ်နိုင်ဘူး.... (မှန်ပါ့) အဓိမတတ်နိုင်သေးယင် ဒုန်းစတ္တားရှာပြန်ပြီး အကျိုးပေးမယ်....(မှန်ပါ့) ဒီ.ပြင် ဘယ်မှာအကျိုးပေးမလဲ....(ဘယ်မှ မပေးပါဘုရား)။

ဒါဖြင့် ဒီရှာပြန်ချင်သေးသလား.... (မပြန်ချင်ပါဘုရား) ဟုတ်ကဲ့လား....ခင်ဗျားတို့၊ ဒီရှာကို မပြန်ချင်မှဗျ၊ ဒီရှာပြန်ချင်နေသေးလို့ရှိယင်ဖြင့် အမျိုးမျိုးလှမ်းနေသေးယင်တော့ ခက်တယ်....(မှန်ပါ့) မခက်ဘူးလား.... (ခက်ပါတယ်ဘုရား) ကဲ....ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ကို သီလ,သမာဓိ,ပညာဆိုတာဘုန်းကြီး ရှင်းမယ်၊ ဟောဒါကိုလဲ ခင်ဗျားတို့ မလုပ်ပါနဲ့၊ ဒီဘက်သီလကိုလဲ မဆောက်တည်ချင်နေပါဦး၊ ဟောဒီနှစ်ခုလုံးတာနဲ့ဘဲ ဒါတွေ့ အကုန်ပါအောင် ပြောမယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဝတ္ထုကလေး ထုတ်ရလိမ့်မယ်၊ ဒီဥစ္စာပြောချင်ယင် ဝတ္ထုမထုတ်ယင် ရှင်းမှာ မဟုတ်ဘူး(မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ရာဇဂြိုဟ် ပြည်မှာသီတင်းသုံးနေတယ်၊ ထိုသို့ သီတင်းသုံးနေတဲ့ အခါကျတော့ ဘုရားမပွင့်ခင်က ဘုရားလုပ်နေတဲ့ မိစ္ဆာဒိဋ္ဌိတွေက တပုံကြီးဘဲဆိုတာ ခင်ဗျားတို့ သိပြီးသား....(မှန်ပါ့)။

ဘုရားပွင့်တော်မူလာတော့ ဘုရားက တရားဓမ္မတွေ့ဟော၊ ဟုတ်တိုင်းမှန်စွာ ဟော၊ အားလုံး ဟုတ်တိုင်း မှန်စွာ သိကြ၊ သော်တာပန်, သကဒါဂါမ်, အနာဂါမ်တည်ကြ၊ အဲဒီပုဂ္ဂိုလ်တွေကလဲ တခါ ဆက်ပြီးသကာလ တယောက်နဲ့ တယောက် ပြောကြလို့ ဘုရားဆီမှာဘဲ ကိုးကွယ် ဆည်းကပ်ကြ၊ လူကြ, တန်းကြဖြစ်ပြီးသကာလ နေကြတယ်၊ ခုနင်က ပြောခဲ့တဲ့ မိစ္ဆာဒိဋ္ဌိ ဘုရား အမည်ခံတွေမှာ လာဘ်လာဘ ယုတ်လျော့မှုကြီး ဖြစ်တယ်....(မှန်ပါ့)။

ကြုံတဲ့အခါကျတော့ တိတ္ထိတွေ့ အစည်းအဝေး ဖွင့်တယ်၊ ဂေါတမပွင့်လာကတည်းက ဒို့မှာ စားရမဲ့, သောက်ရမဲ့, နေရမဲ့, သောက်ရမဲ့ ဖြစ်ပြီးသကာလ လာတာဟာ သူ့မှာ အမျိုးရိုးကြီးလို့ ချည့်လဲမဟုတ်ဘူး၊ ပင်ကိုယ်က ချမ်းသာလို့လဲ မဟုတ်ဘူး၊ သူ့အကြောင်းကို ဒို့တွေးလိုက်တဲ့ အခါကျလို့ ရှိယင် သူဟာ တရားဓမ္မ အပြောအဟောကောင်းလို့သာလျှင် ကြီးပွါးတာ....တဲ့....(မှန်ပါ့) သူတို့ တွေးချင်ရာ တွေးတာပေါ့ဗျာ.... (မှန်ပါ့)။

တရားဓမ္မ အပြောအဟောကောင်းလို့သာ ကြီးပွားတာ ဖြစ်ပါတယ်၊ ဘာမှ ဒီပြင်ဟာ မဟုတ်-တဲ့၊ သူတို့ တွေးချင်ရာ တွေးတာပေါ့ဗျာ....(မှန်ပါ့)။

တရားဓမ္မ အပြောအဟော ကောင်းလို့သာ ကြီးပွါးတာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒို့အထဲကလဲ ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ်တဦးကို ဘရားခိုးယူဘို့ သူလျှိုအဖြစ်နဲ့ လွှတ်ရအောင်၊ ရှင်ဂေါတမဆီကိုတဲ့....(မှန်ပါ့)။

အဲဒီ သူလျှိုအဖြစ်နဲ့ လွှတ်တဲ့ပုဂ္ဂိုလ်က ဟိုက တရားတွေ ရလာမယ်၊ ရလာလို့ရှိယင် ဒို့ကို ပြန်ပြီးသင်၊ ဒို့ဟောနေကျ တရားနဲ့ ရှင်ဂေါတမဆီက တရားနဲ့ တွဲစပ်ပြီး ဟောမယ်....တဲ့၊ အံမာ....အကြံအစည်ကတော့ သေးတဲ့ အကြံအစည်မဟုတ်ဘူး.... (မှန်ပါ့)။

အဲဒီကဲ့သို့ ကြံစည်ပြီးသကာလ သုသိမဆိုတဲ့ ပရဗိုဇ်ရဟန်းကို ဦးဘကြည် လွှတ်လိုက်တယ်၊ အစည်းအဝေးဖွင့်ပြီးတော့ သုသိမ၊ ဒို့တိတ္ထိတွေအားလုံးဘဲ လာဘ်လာဘနည်းပါးပြီး ငတ်ပဲ့နဲ့ ကြုံနေရပြီ၊ ဒို့အထဲမှာလဲ မင်း-ဉာဏ်အကောင်းဆုံး၊ အဲဒီတော့ ဂေါတမဘုရားဆီသွားပြီး ဟောနည်း ပြောနည်းတွေ ယူခဲ့ပါ၊ မင်း-ပြန်လာတော့ ဒို့ကို တဆင့် သင်ပေးပါ၊ ဒီတော့ ဒို့က ဒို့တရားလည်းထည့်၊ ဂေါတမဘုရားထံက ရလာတဲ့ တရားလဲ ထည့်ပြီး ပြီးတော့မှ တရားချင်းဘာထူးသေးသလဲဆိုပြီး ဒို့ဟော လို့ရှိယင် တရားတွင်ကျယ်လာပြီး လာဘ်သပ်ပကာ ပေါဘို့ရာ အကြောင်းဖြစ်နိုင်တယ်။

သုသိမကလဲ သူကလဲ မိစ္ဆာဒိဋ္ဌကိုး၊ အားလုံး ဆင်းရဲဒုက္ခ ရောက်နေတယ်ဆိုယင်ဖြင့် အားလုံး သဘောတူပါက သွားပြီး သင်ယူမယ်ဆိုပြီးသကာလ စိတ်ကူးပေါ်လာတယ်၊

အဲဒီတော့ သွားသင်မလို့ ဆုံးဖြတ်လိုက်တာနဲ့ သွားဘို့ သူ-စိတ်ကူးတော့ ဘုရားဆီတော့ တိုက်ရိုက်ဝင်လို့ မရဘူး၊ ပရိသတ်တွေက သိပ်ပေါနေတယ်၊ ဒီတော့ ရှင်သာရိပုတ္တရာဆီကို အရင်ကပ်ရမလား၊ ရှင်မောဂ္ဂလ္လာန်ဆီကို အရင်ကပ်ရမလား၊ အမျိုးမျိုးစိတ်ကူးတော့ကို ဒါတွေ့ မဟုတ်သေးပါဘူး၊ ရှင်

အာနန္ဒာက ဘုရားနဲ့ အနီးကပ်ဆုံး၊ သူ့ဆီဝင်လိုက်ရယင် နေရာကျမယ်ဆိုပြီးသကာလ သူ့ဆီဝင်ပြီး ရှင်အာနန္ဒာ....အရှင်ဘုရားတို့ သာသနာကြည်ညိုလွန်းလို့ တပည့်တော် သင်္ကန်းဝတ်ပါရစေ....တဲ့....(မှန်ပါ့)။

ဒီတော့ အာနန္ဒာကလဲ ဂုဏ်ရှိယပရော ပရိယတ်တိုက်ကလဲမရ၊ အာသယာ နုသယဉာဏ်ကလဲ မရတော့ အင်း....သူက နဂိုရိုက်တိတ်ဆိတ်မှာ ခေါင်းဆောင်၊ ဒို့ သာသနာတော် ကြည်ညိုလို့ သင်္ကန်းဝတ်ပါရစေလို့လာပြောတော့ ငါကလဲ သူ့အကြောင်းကောင်းကောင်းသိတာမဟုတ်ဘူး၊ ဒီတော့ သူ့ကို ဒီလိုထားလို့တော့ မရဘူး၊ ဘုရားဆီ ခေါ်သွားမှဘဲ၊ ဘုရားက ဝတ်ပေးလိုက်ပါဆိုယင် သင်္ကန်းဝတ်ပေးမယ်၊ မဝတ်နဲ့ဆိုယင် မဝတ်ပေးဘူးဆိုပြီး ရှင်အာနန္ဒာက တကာ တကာမတို့ သုသိမကို ဘုရားဆီ ခေါ်သွားတယ်....(မှန်ပါ့)။

ဘုရားဆီရောက်သွားတော့ ဘုရားက ဉာဏ်တော်နဲ့ ဆင်ခြင်ကြည့်လိုက်တယ်၊ ကြည့်လိုက်တဲ့အခါကျတော့ ဘုရားကို ကြည်ညိုတာလဲ မဟုတ်ဘူး၊ ဘုရား၏ တပည့်သာဝကတွေ့ ကြည်ညိုတာလားဆိုတော့လဲ ဒါလဲ မဟုတ်ဘူး၊ ဆက်ကြည့်ပြန်တော့ သြော်....သူတို့ အစည်းအဝေးဖွင့်ပြီးသကာလ တရားခိုးမလို့လာတာ....(မှန်ပါ့-ပဋ္ဌမံ တပ်သားပေါ့)။

အဲ....ပဋ္ဌမံ တပ်သားလိုပေါ့၊ တရားခိုးမလို့ လာတာဆိုတာ မြတ်စွာဘုရားက မြင်ရော....(မှန်ပါ့) ပြီးတော့ ဆက်တွေးပြန်တယ်၊ တရားတော့ ခိုးမှာဘဲ၊ တရားခိုးရင်းမတွေနဲ့ ရဟန္တာ ဖြစ်လိမ့်မယ်၊ ဒီလို ဆက်တွေးလိုက်တော့ နောက်ဆုံးပိတ် သုသိမ အကျိုးရှိမှာကို မြင်တော်မူတယ်....(မှန်ပါ့)။

ဒါနဲ့ အာနန္ဒာ သုသိမကို သက်ဒ်းဝတ်ပေးလိုက်လို့ ခွင့်ပြုလိုက်တယ်၊ သုသိမကတော့ သူ့စိတ်နဲ့သူ ကျေနပ်နေတာပေါ့၊ ငါတော့ နေရာကျပြီ၊ တရားခိုးယူရတော့မှာဘဲ....တဲ့....(မှန်ပါ့ဘုရား)။

ဒါနဲ့ သူ့ကို ရှင်အာနန္ဒာက သက်ဒ်း ဝတ်ပေးလိုက်တယ်၊ သူကတော့ သာသနာရောက်တဲ့အချိန်ကစ,ပြီး စုံစမ်းရေးဘဲ လုပ်နေတာဘဲ၊ ဒါဘဲ သူ့အလုပ်ကတော့၊ ဒီ့ပြင် ဘာမှ မရှိဘူး....(မှန်ပါ့)။

ဒါနဲ့ တနေ့သဘ္ဂကျတော့ တောထဲမှာ သီတင်းသုံးတဲ့ ရဟန်းတွေက ဘုရားဆီ လာကြတယ်၊ ဒီပုဂ္ဂိုလ်တွေကတော့ တောကပြန်လာတဲ့ပုဂ္ဂိုလ်တွေဘဲ၊ စကားထူးတော့ လျှောက်ထားမှာဘဲ၊ အဲဒီတော့ သူတို့လျှောက်ထားတဲ့ စကားထူးတော့ ငါ-ချောင်းပြီးနားထောင်မှာဘဲဆိုပြီး ဒီကိုယ်တော်တွေနောက်က လိုက်သွားတာဘဲ၊ ကိုယ်တော်တွေကတော့ တောထဲသွားပြီး တရား အားထုတ်ရာက ပြန်လာတော့ ဘုရားကို လျှောက်ကြတယ်၊ "ခိဏာဇာတိ ဝုသိတံ၊ ဗြဟ္မစရိယံ၊ ကတံကရဏီယံ နာပရံဣတ္ထတ္တာယာတိ ပဇာနာတိ" လို့ လျှောက်ကြတယ်၊ တပည့်တော်တို့ဘုရား.... ပဋိသန္ဓေကုန်ပါပြီ၊ နောက်ပဋိသန္ဓေ မရှိတော့ပါဘူး၊ ရဟန္တာဖြစ်ပြီလို့ ပြောလိုရင်းပေါ့....(မှန်ပါ့)။

ဝုသိတံဗြဟ္မစရိယံ = မဂ်ကိစ္စ တဆယ့် ခြောက်ချက်လည်း တပည့်တော်တို့ နောက်ထပ် ကျင့်ဘို့ရာမရှိတော့ဘူးဘုရား....တဲ့ (မှန်ပါ့) အခု ခင်ဗျားတို့ကတော့ ကျင့်ရသေးတာပေါ့....(မှန်ပါ့)။

နာပရံဂ္ဂတ္ထတ္ထာယတိပဇာနာတိ = နောက်ထပ် ကမ္မဋ္ဌာန်းကျင့်စရာမရှိတော့ဘူးဆိုတော့ သုသိမက ကြားတယ်၊ "ခိဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ့ ကတံကရဏီယံ" ဆိုတဲ့ဥစ္စာကို ဘုရားက ဒီကိုယ်တော်တွေ့ကျတော့ သာဓု....သာဓု....လို့ ခေါ်တယ်၊ အင်း....အတော် အရေးကြီးတဲ့ တရားဘဲ၊ ဒါဟာ သူ့တို့ လက်ဆုပ်ဘဲ၊ လက်ကိုင်ဘဲ၊ အိပ်ဆောင်ဘဲ၊ ဒါကို မှတ်မှဘဲလို့ စိတ်ကူးတယ်၊ သူက တရားခိုးဘို့ စောင့်နေတာကိုးဗျ.... (မှန်ပါ့ ဘုရား)။

တရားခိုးဘို့စောင့်နေတော့ ခိဏာဇာတိ-စသည်နဲ့ ရဟန်းတွေက လျှောက်ကြတော့ ဒါဟာ ဂေါတမဘုရား၏ လက်ဆုပ်လက်ကိုင်အစစ်ဘဲ၊ဒါ-အကောင်းဆုံးဘဲ၊သို့သော်လဲ သူအဓိပ္ပါယ်ကို မသိဘူး....(မှန်ပါ့)။

အဓိပ္ပါယ် တိုက်ရိုက်မေးရမှာကလဲ ခက်တော့ ကိုယ်တော်တွေက ဘုရားဆီကပြန်ပြီး ကိုယ့်နေရာကိုယ် သွားကြတယ်ပေါ့ဗျာ၊ ဇေတဝန်ကျောင်းမှာ နားကြသေးတာပေါ့.... (မှန်ပါ့ ဘုရား)။

အဲဒီမှာလဲ ကိုယ်တော်တွေနောက်က သူက လိုက်သွားတယ်၊ အရှင်ဘုရားတို့.... ခ ိဏာဇာတိဝုသိတံ ဗြဟ္မစရိယံဆိုတာ ရဟန္တာဖြစ်ပြီလို့ ပြောတာမဟုတ်လား၊ အေး.... ဟုတ်တယ်လို့ ဟိုကဖြေလိုက်တာပေါ့လေ....(မှန်ပါ့)။

နို့....ရဟန္တာဖြစ်ယင် အရှင်ဘုရားတို့ ကောင်းကင်ပျံမြှေလျှိုးနိုင်ရဲ့လား မေးပြန်တာဘဲ သူက.... (မှန်ပါ့) ကောင်းကင်ပျံမြှေလျှိုးနိုင်ရဲ့လား....၊ သူတပါးပြောတာတွေ သိရဲ့လား....၊

မြောက်ကျန်းကပြောတဲ့စကားကို အရှင်ဘုရားတို့ တောင်ကျန်းကနားတောင်နိုင်ရဲလား၊ ဒီပုဂ္ဂိုလ်ဟာ ဘယ်ဘဝက လာတယ်လို့ကော သိရဲ့လား-စသည်နဲ့ အကုန်ပေါ့ဗျာ၊ အကုန်ပေါ့ဗျာ၊ အဘိညာဏ်စခန်းတွေချည့် လျှောက်မေးနေတယ်.... (မှန်ပါ့)။

အဘိညာဏ်စခန်းတွေ လျှောက်မေးတော့ ရဟန်းတွေက "ပညာဝိမုတ္တာခေါ မယံ သုသိမ" လို့ဖြေကြတယ်....(မှန်ပါ့) သုသိမ-ငါတို့က ဝိပဿနာပညာနဲ့ ရဟန္တာဖြစ်လာတာ၊ ဗျာန်လမ်းစဉ်က မဟုတ်ဘူးကွ-တဲ့၊ ဗျာန်သမာဓိလမ်းက မဟုတ်ဘူးတဲ့ တကာတကာမတို့....(မှန်ပါ့)။

ဦးဘကြည်-ဒါကို အဓိကထားပြီး ဖြေတယ်နော်....(မှန်ပါ့) သုသိမ = သုသိမရဟန်း၊ မယံ= ငါတို့သည်၊ ပညာဝိမုတ္တာ၊ ပညာနဲ့ကိလေသာမှ လွတ်လာကြကုန်၏....တဲ့၊ ပညာနဲ့ လွတ်လာကြကုန်၏....တဲ့၊ သမာဓိနဲ့ လွတ်လာကြတာ မဟုတ်ဘူးတဲ့-(မှန်ပါ့)။

သမာဓိလမ်းက လွတ်မှ ဗျာန်အဘိညာဏ် ရမှာကိုးဗျ....(မှန်ပါ့) သူတို့က ဝိပဿနာပညာလမ်းက ကိလေသာမှလွတ်လာကြတာ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီကဲ့သို့ ဖြေလိုက်တော့ သူက နဂိုရိုက်လဲ ဝါသနာထုံဘူးတာမဟုတ်၊ ဒီအသံတွေလဲ ကြားဘူးတာ မဟုတ်တော့ ကိုထွန်းဦး-သူနားလည်နိုင်ပါ့မလား....(မလည်ပါဘုရား)။

မလည်ဘူး-ခက်နေတယ်၊ ဒီတော့ သူက နေစမ်းပါဦး အရှင်ဘုရားတို့- ကောင်းကင်လဲ မပျံနိုင်ဘူး၊ သူတပါးပြောသံတွေလဲ

မကြားနိုင်ဘူး....တဲ့၊ ရဟန္တာတော့ ဖြစ်တယ်ဆိုတော့ ရှင်းစမ်း ပါဦး....(မှန်ပါ့-ကျေနပ်ပုံမပေါ်ပါ) မကျေနပ်လို့ ပြန်ရှင်း စမ်းပါဦး....တဲ့။

ကိုယ်တော်တို့က သိတယ်၊ ဒို့-ဖြေပေမဲ့ သူနားလည်မှာ မဟုတ်ဘူး....(မှန်ပါ့) မင်း-နားလည်ချင်နေ-မလည်ချင်နေ၊ ဒို့ ပညာနဲ့ ကိလေသာက လွတ်လာတာတဲ့....(မှန်ပါ့)။

တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီ) အဲဒီတော့.... ခင်ဗျားတို့ ဝိပဿနာရှုတဲ့ပညာဟာ အရေးကြီးဆုံးဘဲ၊ ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဝိပဿနာရှုတဲ့ပညာဟာ ရွှေပိုင်းမှာအရေးကြီးတယ်၊သဘော ကျကြပလား....(ကျပါပြီ) ပညာနဲ့ကိလေသာမှ လွတ်လာတာ ဖြေလိုက်ဘယ်....(မှန်ပါ့) ရှည်ရှည်ဖြေနေလို့လဲ နားလည်မှာ မဟုတ်ဘူး၊ ဒီဥဘက်က ကူးလာတာကိုးဗျ....(မှန်ပါ့) အခြေ ခံက ဘာမှ မပါဘူး ဆိုကြပါစို့ဗျာ....(မှန်ပါ့)။

ဒါနဲ့ မကျေနပ်ဘူး၊ သူကလဲ တရားခိုးဘို့ စိတ်ကူးနေတာကိုး ဗျ....(မှန်ပါ့) ခိုးဘို့စိတ်ကူးနေတာ အဓိပ္ပါယ်ကလဲမပေါ်လာ အဲဒီလိုဖြစ်ပြီးသကာလနေတော့ မဖြစ်ပါဘူး ဒီကိုယ်တော်တို့ နဲ့တော့၊ ဘုရားဆီသွားပြီး မေးတာ အေးပါတယ်၊ ဘုရားဆီ သွားပြန်ပါရော။

ဘုရားဆီရောက်ပြန်တော့ အရှင်ဘုရား.... အရှင်းဘုရား ဟို-ကိုယ်တော်တို့ တပည့်တော် သွားမေးတယ်၊ သူတို့က ရဟန္တာ ဖြစ်ပြီ၊ ခဏာဇာတိလို့လဲ ပြောကြတယ်၊ ပဋိသန္ဓေနေမှု ကုန်

ပြီလို့လဲ ပြောကြတယ်၊ ဒါဖြင့် ကိုယ်တော်တို့ ကောင်းကင်ပျံ မြေလျှိုး-သူတပါးပြောတာတွေ ကြားနိုင်ရဲလား၊ ရှေ့အကြောင်း နောက်အကြောင်းတွေ သိရဲလားလို့ မေးတော့ ဒို့-ကိုလေသာမှ လွတ်လာတာလို့ ဖြေတယ်၊ ဒို့-မသိဘူးလို့လဲဖြေတယ်၊ ပညာနဲ့ ဒို့-ကိုလေသာမှ လွတ်လာတာလို့ဖြေတယ်....(မှန်ပါ့)။

သုက္ခဝိပဿက*လို့ ကျုပ်တို့ အခုသိနေကြတဲ့ အဓိပ္ပါယ် ရောက်တာပေါ့ဗျာ....(မှန်ပါ့) ပညာနဲ့ကိုလေသာမှ လွတ်လာတာလို့ပြောတော့ သူတို့ပြောတာ တပည့်တော် မရှင်းသေးဘူးတဲ့....(မှန်ပါ့)။

ဟိုကပြောတော့ ရှင်းနေတာဘဲ၊ သူက နားမလည်လို့ ခက်နေတာ....(မှန်ပါ့) သဘောကျပလား တကာဘကာမတို့.... (ကျပါပြီဘုရား)။

ဝိပဿနာပညာတခုတည်း လုပ်တာနဲ့ ကိစ္စပြီးတယ်လို့ ပြောတာ၊ ခင်ဗျားတို့ အားတက်ဘို့ပြောပါတယ်....(မှန်ပါ့)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြေလိုက်တယ်။

ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ၊ ပစ္ဆာနိဗ္ဗာနေ ဉာဏံ။

ဒါကလေး ဘုရားက ဖြေလိုက်တယ်၊ သုသိမ=သုသိမရဟန်း၊ ပုဗ္ဗေ=ရှေ့အဘို့ ရှေကာလ၌၊ ဓမ္မဋ္ဌိတဉာဏံ=ဝိပဿနာဉာဏ်သည်၊ ဟောတိ=ဖြစ်၏၊ ပစ္ဆာ=နောက်ကာလ၌၊ နိဗ္ဗာနေဉာဏံ=နိဗ္ဗာန်သိတဲ့ဉာဏ်သည်၊ ဟောတိ=ဖြစ်၏။

---

* သုက္ခဝိပဿက ပုဂ္ဂိုလ်၊ ဈာန် ခန်းခြောက်သော ပုဂ္ဂိုလ်။ ဈာန်မပါဘဲ ရဟန္တာဖြစ်လာသောပုဂ္ဂိုလ်ကို ဆိုလိုသည်၊

ရှေ့က ဝိပဿနာဉာဏ်၊ နောက်က နိဗ္ဗာန်သိတဲ့ဉာဏ်၊ နှစ်ဉာဏ်နဲ့ ရောက်တာဘဲ....(မုန်လှုပါ) ဒါကို ဖြေလိုက်တယ်၊ အင်မတန် အရေးကြီးတဲ့တရားဗျာ....(မှန်ပါ့)။

အင်မတန်အရေးကြီးတဲ့တရား တကာ တကာမတို့၊ ရှေ့က ဘာဉာဏ်တဲ့တုန်း....(ဓမ္မဋ္ဌိတိဉာဏ်ပါဘုရား) ဓမ္မဋ္ဌိတိဉာဏ်ဆိုတာ မြန်မာလိုပြန်လိုက်တော့ ခင်ဗျားတို့ရှုနေတဲ့ ဝိပဿနာဉာဏ်ဘဲ....(မှန်ပါ့)။

နောက်ကျတော့ ဘာဉာဏ်တဲ့....(မဂ်ဉာဏ်ပါ) နိဗ္ဗာန်မြင်တဲ့ဉာဏ်(၀ါ) မဂ်ဉာဏ်ပေါ့ဗျာ....(မှန်ပါ့)နှစ်ဉာဏ်ဘဲဟောတယ်၊ တချို့နေရာတွေမှာ ဘုန်းကြီးဟောနေကျဖြစ်တဲ့ သုံးဉာဏ်နဲ့ ဟောတယ်၊ ယခု သုသိမကျတော့ နှစ်ဉာဏ်နဲ့ဟောတော်မူလိုက်တယ်....(မှန်ပါ့)။

ရှေ့က ဘာဉာဏ်ပါလိမ့်....(ဓမ္မဋ္ဌိတိဉာဏ်ပါဘုရား) ဝိပဿနာဉာဏ် ဆိုလိုက်ပါတော့ ကိုထွန်းဦး....(မှန်ပါ့) ဓမ္မဋ္ဌိတိဉာဏ်ဆိုတော့ လူတိုင်း မကြားဘူး-ဘူး....(မှန်ပါ့) ဓမ္မဋ္ဌိတိ ဉာဏ်ဟို ဝိပဿနာဉာဏ်လို့ အဋ္ဌကထာမှာဖွင့်တယ်....(မှန်ပါ့)။

ရှေ့ပိုင်းက ဘာပါလိမ့်.... တကာ တကာမတို့....(ဝိပဿနာဉာဏ်ပါ) အဲ....ခင်ဗျားတို့ရှုနေတဲ့ ဖြစ်ပျက်မြင်တဲ့ဉာဏ်,ဖြစ်ပျက်မှုန်းတဲ့ဉာဏ်ကို ဆိုတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နောက်က နိဗ္ဗာန်မြင်တဲ့ဉာဏ်ဆိုတဲ့ မဂ်ဉာဏ်ပေါ့....(မှန်ပါ့) အဲ....နှစ်ဉာဏ်နဲ့ သူတို့ကိလေသာမှ လွတ်လာတာ၊ ဒါ့ကြောင့် ဉာဏ်သမားသက်သက်ဘဲ၊ စျာန်သမားမဟုတ်ဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

စျာန်သမာဓိလမ်းက မဟုတ်ဘူး၊ ဉာဏ်သက်သက်နဲ့ နိဗ္ဗာန်ဝင်သွားတာလို့ဟောလိုက်တယ်၊ ဒါလဲသူ့နားမလည်ဘူး-(မှန်ပါ့ဘုရား)။

ရှေ့က ဝိပဿနာဉာဏ်၊ နောက်-ဝိပဿနာ ရင့်ကျက်လာတော့ မဂ်ဉာဏ်ဖြစ်တယ်-ကွ၊ ဘုရားက ဒါကိုပြောလိုက်တာဘဲ-(မှန်ပါ့)။

တကာတကာမတွေ့ ခင်ဗျားတို့အလုပ်စဉ် သဘောကျပလား (ကျပါပြီဘုရား) ရှေ့က ဘာရင့်ကျက်အောင်လုပ်ရမလဲ.... (ဝိပဿနာဉာဏ်ရင့်ကျက်အောင် လုပ်ရပါမယ်) ဝိပဿနာဉာဏ်ရင့်ကျက်ယင် ဘာဖြစ်မယ်ထင်သတုံး .... (မဂ်ဉာဏ် ဖြစ်ပါတယ်ဘုရား)။

အဲ.... ဒါပါဦးတော်က ပုဗ္ဗဓါ သုသိမ ဓမ္မဋ္ဌိတိဉာဏ်၊ ပစ္စဝ နိဗ္ဗာနေဉာဏ်၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ၊ နိဗ္ဗာန်ရလိုတဲ့ပုဂ္ဂိုလ်မှာ ရှေးဦးစွာ ဝိပဿနာဉာဏ် ရှေ့ထားက္ခ....၊ နောက်ကျတော့ နိဗ္ဗာန်သိတဲ့ မဂ်ဉာဏ်လာတာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ် ဒါဘဲရှိတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ရှေ့ပိုင်းက ဘာဉာဏ်....(ဝိပဿနာဉာဏ်ပါ) နောက်ပိုင်းက....(မဂ်ဉာဏ်ပါ) ဒါဘဲရှိတယ်ဆိုတော့ သူ့နားမလည်ဘူး၊ တရားခိုးမလို့ ပုဂ္ဂိုလ်ကိုက နားမလည်အောင် ဖြစ်နေတယ်....(မှန်ပါ့)။

ဒီလိုဖြစ်ပြီး အင်္ဂါမတန် အကြပ်အတည်းတွေ့နေတော့ ဒါ.... တော်တော်ခက်နေတာပေါ့.... (မှန်ပါ့) ဒီပုဂ္ဂိုလ်ဟာ သူတို့

အထဲက ဉာဏ်ကောင်း လွှတ်လိုက်တာဘဲ၊ ကျန်တဲ့ပုဂ္ဂိုလ်တွေထဲကတော့ သူ့ထက် ဉာဏ်ကောင်းမရှိတော့ဘူး....(မှန်ပါ့)။

ကဲ ....မင်းနားလည်ချင်လဲ လည်ကွာ.... မလည်ချင်နေလဲ၊ အဓိပ္ပါယ်တမျိုးနဲ့ ဘုရားကလဲ အမိန့်ရှိတာဘဲ....(မှန်ပါ့) ရှေးဦးစွာ ဝိပဿနာအားထုတ်ရတယ်ကွ၊ ဝိပဿနာ ရင့်ကျက်လာယင် မဂ်ဉာဏ်ဖြစ်တာဘဲ၊ ဒါဘဲရှိတယ်ဆိုပြီး ပြောလိုက်တော့ သူဒါကို မှတ်သာထားရတယ် ဦးခင်မောင်ရဲ့၊ ကျေနပ်တယ် မဟုတ်ဘူး....(မှန်ပါ့)။

ဒါနဲ့ သုသိမကို ပြောလို့တော့ မရဘူး....ဆိုပြီး သူ့ကို ဝိပဿနာ အရှုခိုင်းမှဘဲ တော်တော့မယ် ဆိုပြီး သုသိမ ခန္ဓာငါးပါး ရှိတယ်ကွ၊ ခန္ဓာငါးပါးဆိုတာကတော့ ဘုရားဆိုကြားလို့ သူသိနေပြီ....(မှန်ပါ့)။

ဘုရားက ရုပ်ဟာ အနိစ္စလား, နိစ္စလားလို့ စပြီး မေးလိုက်တယ်၊ သူက အနိစ္စပါဘဲဘုရား-လို့ ဖြေတယ်....(မှန်ပါ့) အနိစ္စဖြစ်တဲ့တရားဟာ ဒုက္ခလား, သုခလားလို့ မေးလိုက်တယ်....(ဒုက္ခလို့ ဖြေလိုက်ပါတယ်ဘုရား)။

အနိစ္စ- ဒုက္ခဖြစ်တဲ့တရားသည် အတ္တလား, အနတ္တလားလို့ မေးလိုက်ပြန်တယ်....(အနတ္တပါဘုရား) အဲဒီလို အနတ္တဖြစ်တဲ့တရားကို ငါကိုယ်, ငါဥစ္စာလို့ ဆိုနိုင်ရဲ့လား....လို့ မေးလိုက်တယ်၊ ငါကိုယ်, ငါဥစ္စာလို့ မဆိုနိုင်ပါဘူးလို့ ဖြေတယ်၊ ခန္ဓာငါးပါးကို လှည့်မေးတယ်... (မှန်ပါ့)။

ခန္ဓာငါးပါးလှည့်မေးရင်းနဲ့ သူက ခန္ဓာကို ဉာဏ်စိုက်သွားတယ်၊ ကျတ်တမ်းဝင်မည့်ပုဂ္ဂိုလ်ကိုး....(မှန်ပါ့) ခန္ဓာလဲ ဉာဏ်

စိုက်၊ ဘုရားကလဲမေး၊ သူက ခန္ဓာဉာဏ်စိုက်တော့ နောက်ဆုံး ပိတ် ဆဲ့နှစ်ခု ကုန်ပါရော....ဆိုကြပါစို့၊ သူဟာ မဂ်လေးတန် ရသွားပြီး ရဟန္တာဖြစ်တယ်....(မှန်ပါ့)။

ဒီဉာဏ်နှစ်ဉာဏ် ရသွားတယ်၊ ပဌမတော့ ဒီဉာဏ်ပေါ့ဗျာ.... နောက်တော့ ဒီဉာဏ် မရဘူးလား.... (ရပါတယ်) မဂ်ဉာဏ် ရသွားတော့ သူ ရဟန္တာဖြစ်တယ်....(မှန်ပါ့)။

သူသိမဟာ ဒီနှစ်ဉာဏ်နဲ့ ရဟန္တာဖြစ်သွားတော့ စိတ်က ပြောင်းသွားတယ်၊ တရား ခိုးယူလိုစိတ်တွေ ဘာတွေ ဆိုတာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒီတော့မှ ဘုရားက သုသိမ-မင်းဟာ အခုဘယ့်နှယ်နေသတုံး ဆိုတော့ "ခင်ဗျာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ" ဆိုတာတွေ အဖြေရလာပြီပေါ့၊ ပဋိသန္ဓေနေမှလဲ ကုန်ပါပြီ၊မဂ်ကိစ္စ တဆဲ့ ခြောက်ချက်ဆိုတာလဲ လုပ်စရာ မရှိတော့ပါဘူး၊ ဒီတော့.... ဘုရားက သူ့ကို ပြန်မေးတယ်၊ အခုကောင်းကင်ပျံနိုင်ရဲ့လားလို့ မေးတာဘဲ ဘုရားက....(မှန်ပါ့)။

မေးစရာဘဲနော်....(မှန်ပါ့) ကဲကွာ.... မင်း-ကောင်းကင် ပျံနိုင်ရဲ့လား၊ မြေလျှိုးနိုင်ရဲ့လား၊ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ ရရဲ့လား၊ ဒီ့ပြင် ဓာန်ခိုးဣဒ္ဓိပါဒ်တွေကော ဖန်ဆင်းနိုင်ရဲ့လား စသည်တွေ မေးတာပေါ့....(မှန်ပါ့)။

မပျံနိုင်ပါဘူး ဖြေတာဘဲ၊ မပျံနိုင်တာ မင်း-သိပလား မေးတော့ သိပါပြီဘုရား....လို့ ဖြေတယ်၊ ရှေက ဝိပဿနာဉာဏ် အားထုတ်၊ နောက်-မဂ်ဉာဏ် တပည့်တော် ကူးခဲ့တယ်၊ ဒါ့ကြောင့် ကိစ္စပြီးသွားတယ်။

ပြီးတော့ ဆက်ပြီးတော့မေးတယ်၊ ဇရာ မရဏဆိုတာ ဘယ်သူ့ကြောင့် ဖြစ်တာတုံး....စသည်နဲ့ ပဋိစ္စသမုပ္ပါဒ် နောက်ဆုတ်မေးတယ်....(မှန်ပါ့)။

သခ်ၤါရ ဘယ်သူ့ကြောင့် ဖြစ်သတုံး- အဝိဇ္ဇာကြောင့် ဖြစ်ပါတယ်၊ အဝိဇ္ဇာ ဘယ်သူ့ကြောင့် ဖြစ်သတုံး.... စသည်နဲ့ မေးတော့ သူပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးသဘောကို သူ နားမလည်သေးဘူးလား....(လည်ပါပြီဘုရား)။

ကောင်းကောင်းနားလည်သွားတော့ သုသိမသည်ကား....လို့ဆိုယင် သင်တတ်တာလား, ဒီဉာဏ်တွေဝင်လာလို့ တတ်တာလား....(ဒီဉာဏ်တွေဝင်လာလို့ တတ်တာပါဘုရား)။

အဲဒါကြောင့် တကာ တကာမတို့.... ရဟန္တာဟာ ကိုယ်-သိထိုက်တဲ့ဥစ္စာတော့ သိသွားပြီ၊ သို့သော်.... စာမသင်ယူသေးယင် တခြားဗဟုသုတတွေ မတတ်သေးဘူးလို့ မှတ်ထားရမယ်....(မှန်ပါ့)။

ကိုယ်ဖြစ်တဲ့လမ်းကတော့ ကိုယ်သိတယ်၊ သဘောကျပလား-(ကျပါပြီဘုရား) ရဟန္တာဖြစ်သွားလို့ ပိဋကတ်သုံးပုံ ဆောင်တော့ ဖြစ်လိမ့်မယ်လို့ အောက်မေ့မနေနဲ့၊ အဲဒီက တခြား၊ သူ့ပါရမီနဲ့ သူ ကိုထွန်းဦး- လာတာနော်....(မှန်ပါ့) စင်စစ်ကတော့ဖြင့် သူထွက်လာတဲ့လမ်း သူဘဲ အကုန်သိတယ်.... (မှန်ပါ့ဘုရား)။

သို့သော်....အာသဝေါကုန်တဲ့နည်းလမ်းတွေ သူတို့မှာ အသိဉာဏ်ရှိတယ်၊ မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သုသိမကိုပြောသဖြင့် ခင်ဗျားတို့ မှတ်စရာကော ဒီအထဲမှာ ပါပလား....(ပါ-ပါပြီဘုရား) ရှေး ဦးစွာ ဘာလုပ်ရမလဲ-(ဝိပဿနာလုပ်ရပါမယ်)နောက်-ဘာတုံး-(မင်္ဂလာလာပါတယ်ဘုရား)။

ဝိပဿနာဉာဏ်တုန်းကတော့ ဖြစ်ပျက်ရူပေါ့ဗျာ၊ မင်္ဂလာဏ်ကျတော့ ဒုက္ခပိုင်းခြားပေါ့ဗျာ....(မှန်ပါ့) ဒါဘဲ မနေဘူးလား....(နေပါတယ်ဘုရား) အဲဒီဉာဏ်နှစ်ဉာဏ်ထဲနဲ့ ရတယ်....(မှန်ပါ့)။

ဒါ့ကြောင့် သုသိမ-ငါရှင်းပြမယ်-တဲ့၊မင်း-အခု အဘိညာဏ်စခန်းတွေ မေးတော့လဲ မင်းမသိဘူး....(မှန်ပါ့) သုသိမက သမာဓိစခန်းမေးတယ်....(မှန်ပါ့)။

ဦးဘကြည်-ဘာစခန်း မေးသတုံး.... (သမာဓိစခန်း မေးပါတယ်ဘုရား)။

သမာဓိစခန်းမေးတော့ ဘုရားပဉ္စင်္လာတာကိုက သမာဓိဘို့ ပဉ္စင်္လာတာမဟုတ်ဘူး....(မှန်ပါ့) ပညာအတွက် ပဉ္စင်္လာတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့ သမာဓိနဲ့ ပညာရည်ရွယ်ချက်မသိဘဲ မှားနေမှာစိုးလို့ပြောတာ....(မှန်ပါ့) တော်တော်ကြာကျတော့ အာနာပါနလုပ်ငန်းမှာ သမာဓိစခန်းလောက်နဲ့လဲ အချိန်ကုန်ချင် ကုန်သွားကြမယ်....(မှန်ပါ့) သာသနာတွင်းမှာ ဒီသမာဓိလောက်မလိုပါဘူး၊ ဝိပဿနာ အလုပ်ထိအောင် သွားပါ.... (မှန်ပါ့ ဘုရား) *။

---

* ထွက်သက်ဝင်သက်မျှ မှတ်ရုံသည် သမာဓိ၊ ထွက်သက် ဝင်သက်၏ ဖြစ်ပျက်ထိအောင် သွားယင် ဝိပဿနာတက်သည်။

ဘုရားပဉ္ဇင့်လာတာဟာ သမာဓိကို အဓိကထားပြီး ပဉ္ဇင့်လာတာ မဟုတ်ဘူး၊ နိဗ္ဗာန်ရတာလဲ သမာဓိ၏အကျိုးမဟုတ်သေးဘူး၊ ဝိပဿနာအကျိုးကြောင့်သာ နိဗ္ဗာန်ရတယ်.... (မှန်ပါ့) သမာဓိ သမထသက်သက်ကြောင့် မရဘူး၊ သို့သော်....သမာဓိက ဝိပဿနာကို အကူအညီတော့ ပြုပါတယ်။

သမထသက်သက်ကြောင့် မရဘူး၊ ဝိပဿနာကြောင့်ရတယ် (မှန်ပါ့ဘုရား) သမာဓိ၏အကျိုးမဟုတ်ပါဘူး....တဲ့၊ နိဗ္ဗာန်ကရှင်းပလား....(ရှင်းပါပြီဘုရား)။

ရှင်းသွား တာပေါ့၊ ခင်ဗျားတို့ ထင်ရှား သွားတာပေါ့၊ သမာဓိက နောက်လိုက် အကူအပံ့ မဖြစ်ဘူးလား-ဖြစ်မလား.... (ဖြစ်ပါတယ်ဘုရား)သီလကကော....(နောက်လိုက်ပါဘဲဘုရား) ဟိုနှစ်ခု လုံလောက်တဲ့အခါ သူတို့က အလိုလို ပါနေတယ်.... (မှန်ပါ့)။

အလိုလိုပါတော့ သူတို့ကြောင့် နိဗ္ဗာန်မြင်တယ်ဆိုမလား-ဝိပဿနာနဲ့မက်ကြောင့် နိဗ္ဗာန်မြင်တယ်ဆိုမလား....(ဝိပဿနာနဲ့မက်ကြောင့် နိဗ္ဗာန်မြင်ပါတယ်ဘုရား) ဝိပဿနာနဲ့ မက်ကြောင့် နိဗ္ဗာန်မြင်တာမို့ ဘုရားပယ်ချတာကော ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

နိဗ္ဗာန်ဟာ သမာဓိအကျိုး မဟုတ်ဘူး....တဲ့၊ ဘယ်သူ၏အကျိုးတုံး၊ ဝိပဿနာ၏အကျိုးဆက်၊ ဝိပဿနာကြောင့် နိဗ္ဗာန်ရောက်နိုင်တာ၊ သမထ သက်သက်နဲ့ဖြင့်.... (မရောက်နိုင်ပါဘုရား)။

မရောက်နိုင်တော့ကို စျာန်သမထနဲ့ မဆက်သွယ်ဘူး၊ သူက သွားမေးတာက ဟိုရဟန္တာတွေကို သမထလမ်းသွားပြီး မေးနေတယ်....(မှန်ပါ့) ရဟန္တာတွေက ပညာဝိမုတ္တာတဲ့ ပညာနဲ့ နိဗ္ဗာန်ရောက်တာတဲ့....(မှန်ပါ့)။

ပညာသက်သက်နဲ့ နိဗ္ဗာန်ရောက်တာကို သူက သမထနဲ့ နိဗ္ဗာန်ရောက်သလားဆိုတဲ့အဓိပ္ပါယ် သွားမေးတော့ ဘယ်နှယ် လုပ်ပြီး ဦးခင်မောင် ဖြေမတုံး.... (မှန်ပါ့) ကျေနပ်ကြပလား တကာတကာမတို့....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ဘာလုပ်သင့်ပါသလဲဆိုတာ ခင်ဗျားတို့ဘဲ ကြည့်....(ဝိပဿနာလုပ်သင့်ပါတယ်ဘုရား)။

ကဲ....ဝိပဿနာလုပ်ရာ၌ ဒီနေရာမှာ နှစ်မျိုးဘဲ ဟောတယ်၊ ရှေ့ပိုင်းက ဝိပဿနာ၊ နောက်ပိုင်းက.... (မဂ်ဉာဏ်ပါဘုရား) မဂ်ဉာဏ်ဆိုတော့ ဒီနှစ်မျိုးနဲ့လဲ ကိုစ္စမပြီးဘူးလား....(ပြီးပါတယ်ဘုရား)။

အဲဒီနှစ်မျိုးပြီးလို့ ရှိယင် ဒီသမာဓိကလဲ သူ့နောက်လိုက်ဖြစ်သောကြောင့် ဦးဘကြည်တို့ အလိုလိုဝင်လာတယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား) မင်းတို့လာခဲ့လို့ဆိုရသေးသလား....(မဆိုရပါဘုရား)။

ဒါဖြင့် ဒါတွေကတော့ သူဝင်လာတာဖြစ်လေသောကြောင့် တမင်တကာ ဆောက်တည်တာမဟုတ်သောကြောင့်လဲ ပျက်စရာရှိသေးရဲ့လား....(မရှိပါဘုရား) မရှိလို့ ဒါမှဘဲ ဒီကိုစ္စပြီးမယ်ဆိုတာကော ယုံကြည်ပလား....(ယုံကြည်ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

သုသိမသုတ် မှတ်ချက်

(က) သုသိမ၏ မူလအထင်၌ ဈာန်သမာဓိ လုပ်ငန်းကြောင့် အရဟာတ္တဖိုလ်ရသည်၊ နိဗ္ဗာန်ရသည်ဟု ထင်မြင်ယူဆခဲ့၏၊ ထို့ကြောင့် ရဟန္တာဖြစ်တယ် အသံကြားလျှင် ရဟန္တာ ဖြစ်ပါက မြေလျှိုးမိုးပျံနိုင်ခြင်း စသော အဘိညာဏ် တန်ခိုးတွေ ဖြစ်ပေါ်လာရမည်ဟု ယူဆပြီး အရှင်ဘုရားတို့ကောင်းကင်ပျံနိုင်ရဲ့လား-စသော မေးခွန်းကို မေးခဲ့သည်။

(ခ) အရဟာတ္တမဂ် ရခြင်းမှာ ဝိပဿနာကြောင့်သာ ရခြင်းဖြစ်၏၊ သို့သော်....ဝိပဿနာသက်သက်နဲ့ ရတဲ့လမ်းလည်း ရှိ၏။ ဈာန် သမာဓိလမ်းကို ခြေကုတ်ယူပြီးမှ ထို့ဈာန်သမာဓိလမ်း စခန်းကို ဖြစ်စေ၊ သင်္ခါရတရားကိုဖြစ်စေ ဝိပဿနာရှု၍ ရတဲ့လမ်းလည်း ရှိ၏။ ယခု ရဟန္တာ တွေ့မှာ ဝိပဿနာ သက်သက်ဖြင့် ရဟန္တာ ဖြစ်လာကြသော ပညာဝိမုတ္တရဟန္တာတွေဖြစ်၏။

(ဂ) သို့ဖြစ်၍ ဘုရားက သုသိမအထင်ကို ပယ်ရှားရန် ပုဗ္ဗေခေါ် သုသိမ၊ ဓမ္မဋ္ဌိတိဉာဏ်၊ ပစ္ဆာနိဗ္ဗာနေ ဉာဏ်ဟု လမ်းစဉ်ကို အကျဉ်းချုပ် ဟောကြား တော်မူခြင်းဖြစ်၏။ ရဟန္တာ ဖြစ်ရတယ်ဆိုတာ

ရှေးဦးစွာ ဝိပဿနာအားထုတ်တဲ့ ဝိပဿနာဉာဏ် ဖြစ်ရသည်။ ထို့နောက် မဂ်ဉာဏ်ပေါ်သည်ဟု ဖြေကြားလိုရင်း အဓိပ္ပါယ်ကို အတိုချုပ် ပြောလျှင် ဝိပဿနာရှုလို့ မဂ်ရတာဟု ဟောလိုရင်း ဖြစ်၏။

ကျေးဇူးတော်ရှင်... မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး ဟောကြားဆိုးမတော်မူသော ငါစဲ့သူစဲ့ နှစ်ပါးလုံး ပြုတ်တဲ့တရား ရှင်အာနန္ဒာ သောတာပန်တည်ပုံ မှန်ကြည့်သူနှင့် အရိပ်ဥပမာ

နေ့-အလုပ်ပေးတရားတော်

၂၆-၁၂-၅၇

ယနေ့ ရှင်အာနန္ဒာ သစ္စာလေးပါးမြင်ပုံကို ဟောမယ်၊ သူ့ဆရာက ဟောလို့ ရှင်အာနန္ဒာက သစ္စာလေးပါးမြင်၊ သစ္စာလေးပါးမြင်ပြီး ရှင်အာနန္ဒာ သောတာပန်တည်ပုံကို ဘယ်လို့ရှုဘယ်လိုမြင်တယ်၊ ဘယ်လို ဟောတယ်ဆိုတဲ့ဥစ္စာ ဟောမယ်.... (မှန်ပါ့) သစ္စာလေးပါးလဲ ပါအောင် ရှင်အာနန္ဒာ၏ သောတာပန်တည်ပုံ သိရအောင် ယနေ့ ရှင်းပြမယ်....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတွေ့ မှတ်စရာက လောကီဥပမာကို သူ့ဆရာက အရင်သင်ပြလိုက်တယ်၊ ဒီဘက်က မှန်လို့ မှတ်ထားတာပေါ့နော်....(မှန်ပါ့)။

ဒီဘက်ငါးခုက ဘာပါလိမ့်....(မှန်ပါ့) ဒီဘက်သုံးခုက.... (အရိပ်ပါဘုရား) ဒီဘက်က....(ကြည့်တာပါဘုရား)။

တကာတကာမတို့က စဉ်းစားရမယ်၊ ဒီမှန်ကို ကြည့်တဲ့လူက ကြည့်တဲ့အခါကျလို့ရှိယင်ဖြင့် ဒီဘက်ကမှန်၊ ဒီဘက်က မှန်ရှေက

ရပ်ပြီးကြည့်တဲ့လူ၊ ထိုကြည့်တဲ့လူအတွက် မှန်ကြည့်ပြီဆိုမှဖြင့် ကြည့်ကြတဲ့လူနဲ့ ပေါင်းသင်းဆက်ဆံမိပြီ- တည့်နေပြီ ဆိုမှဖြင့် အရိပ်ဟာ မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတွေ့ မှတ်ထားရမှာကော်....မှန်နဲ့လူနဲ့တည့်ယင် အရိပ်ပေါ်တယ်၊ တကာတကာမတွေကော မှန်ကြည့်ဘူးတဲ့ပုဂ္ဂိုလ်တွေဖြစ်နေတော့ အထူးငြင်းစရာမရှိပါဘူး....တဲ့၊ ကော်....မှန်နဲ့လူနဲ့တည့်ယင် အရိပ်ပေါ်တာဘဲ (မှန်ပါ့)။

အဲဒီတော့ ဒီတကာ တကာမတွေ့ အထူး စဉ်းစားဘို့ရာက ဘာကို စဉ်းစားရမတုံးဆိုလို့ရှိယင်ဖြင့် ဒီအရိပ်ဟာ အရိပ်ဆိုတဲ့ သဘောသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ တူရမယ်ဆိုတာကလဲ အထင်အရှားဘဲ၊ ဦးဝင်း မတူဘူးလား.... (တူပါတယ်ဘုရား)။

ကြည့်တဲ့ပုဂ္ဂိုလ်နဲ့တူရမယ်ဆိုတာ တကာတကာမတွေ့ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား) ဒီကမှန်၊ ဒီက ကြည့်တဲ့လူ ဒီမှာ အရိပ်ပေါ်တယ်....(မှန်ပါ့)။

တူတော့ တကာတကာမတွေ့က ဘယ်လိုစဉ်းစားသင့်သတုံးဆိုလို့ရှိယင်ဖြင့် ဒီအရိပ်ဟာ ငါဘဲလို့ဆိုမလားလို့ မေးယင်ဖြင့် ဦးဝင်းတို့ အားလုံး တကာတကာမတွေ့က ဒီအရိပ်ဟာ ငါဘဲလို့ ပြောကြ-ဆိုကြမယ်ဆိုယင် ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်ဘူးတဲ့ ဒီဥစ္စာ အရိပ်ကိုအရိပ်ဘဲလို့ မှတ်ထားရမှာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒီအရိပ်ဟာ ငါလားဆိုတော့ ငါမဟုတ်ဘူးဆိုတာ ခင်ဗျားတို့သိတယ်၊ ဘာဖြစ်လို့တုံး- အရိပ်ဖြစ်လို့.... (မှန်ပါ့) နို့အရိပ်

ဖြစ်တာတော့ ရှိပါစေတော့ ကြည့်တဲ့ပုဂ္ဂိုလ်နဲ့တူ- မတူဝေဘန်ပါဦး....(တူပါတယ်ဘုရား)။

ဒါဖြင့် ကြည့်တဲ့ပုဂ္ဂိုလ်နဲ့တော့ တူတယ်ဆိုတာ ထင်ရှားပြီးသကာလနေတော့ ကြည့်တဲ့ပုဂ္ဂိုလ်လား ဆိုတော့လဲ မဟုတ်ဘူး၊ ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ မတူဘူးလား ဆိုတော့လဲ ဘယ်နှယ်ပြောမလဲ....(တူပါတယ်ဘုရား)။

အဲဒီတော့ ကြည့်တဲ့ပုဂ္ဂိုလ်နဲ့လဲ တူတယ်၊ ကြည့်တဲ့ပုဂ္ဂိုလ် ဟုတ်ပါရဲ့လား ဆိုတော့ လဲ, ကြည့်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူးဆိုတာကလဲ ထင်ရှားနေတယ်၊ထင်ရှားနေထော့ တကာတကာမတွေ့ကမသိတဲ့ပုဂ္ဂိုလ်မှာ ဒီအရိပ်ကို ငါဘဲလို့ ထင်တတ်တယ်....(မှန်ပါ့) ငါချောသားဘဲ၊ ငါလှသားဘဲ၊ ငါနေရာကျသားဘဲလို့ ဒါကို ကြည့်ပြီး ပြောကြတာမဟုတ်လား....(မှန်ပါ့ဘုရား)။

ဒီမှာပြောကြတော့ ဒီဟာ ငါဟုတ်ကဲ့လားလို့ မေးလို့ရှိယင် (မဟုတ်ပါဘုရား) ငါမဟုတ်ဘူး ဆိုလို့ရှိယင် ငါနဲ့ဘယ်နှယ်နေသတုံးလို့ ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ ဘယ်နှယ်နေသတုံးလို့ မေးယင် ဘယ်နှယ်ပြောမတုံး....(တူပါတယ်ဘုရား)ကြည့်တဲ့ပုဂ္ဂိုလ်နဲ့တော့ တူတယ်။

အဲဒီတော့ တူသာတူတယ် ငါဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား) တူသာတူတယ် ငါမဟုတ်ဘူးဆိုတာ မှတ်ထားတော့ ဒီအလယ်ကဟာကလေးကို စဉ်းစားလိုက်တော့ ငါလဲမဟုတ်ဘူး ဆိုနိုင်ကြပလား....(ဆိုနိုင်ပါတယ်) သူတပါးလားလို့ မေးပြန်တော့....(မဟုတ်ပါဘုရား)။

သူတပါးမဟုတ်ယင် ငါဖြစ်နေမှာလဲ စိုးရသေးတယ်နော်- (မှန်ပါ့) ငါလား- သူတပါးလားလို့ အလယ်ကဟာကလေး မေးယင်....(အရိပ်) တကာတကာမတို့ ဘယ့်နှယ်ဖြေကြမလဲ .... (ငါသူတပါး မဟုတ်ပါဘူးရှား) ငါလဲမဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ဘူး။

ဘယ့်နှယ်ကြောင့် ငါမဟုတ်သတုံးလို့ မေးတဲ့အခါကျတော့ အရိပ်မှန်းသိလို့ သဘောကျပလား....(မှန်ပါ့) အရိပ်မှန်းသိတော့ ငါလဲမဟုတ်ဘူးဆိုတာ မသေချာဘူးလား .... (သေချာပါတယ်ဘုရား)။

သူတပါးလားလို့ မေးပြန်တော့လဲ ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ တူနေလို့ သူတပါးလဲမဟုတ်ဘူး.... (မှန်ပါ့)ဒီတော့ သူတပါးလားလို့ မေးပြန်တော့ ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ တူပါတယ် ဆိုတာ အဖြေထွက်လာတယ် တကာသို့က်တို့က.... (မှန်ပါ့)မထွက်ဘူးလား....(ထွက်ပါတယ်ဘုရား)။

အဲဒီတော့ သူတပါးလားဆိုတော့လဲ သူတပါးမဟုတ်ဘူး၊ ခင်ဗျားဝို့က အဖြေထွက်တော့ကို သူတပါးတော့ မဟုတ်ဘူး၊ ငါတော့ဟုတ်သလိုလို အဓိပ္ပါယ်ရောက်နေတယ်.... (မှန်ပါ့) ငါတော့မဟုတ်ဘူး၊ သူတပါး ဟုတ်တယ် ဆိုပြန်လို့ ရှိယင်လဲ ဒီဥစ္စာ နေရာမကျသေးဘူး ဦးဘအုန်း နေရာမကျသေးလို့ မှတ်ရမယ်....(မှန်ပါ့) ငါရော-သူတပါးရောကို မဟုတ်မှကိုက်မယ်.... (မှန်ပါ့ဘုရား)။

ဒါတွေ့ တွေးကြည့်ရမယ် တကာတကာမတို့ ဒီဥစ္စာ ရှင်ပုဏ္ဏ မထေရ်က ရှင်အာနန္ဒာတို့ကို ပုံစံပြ၍ဟောတာလို့ ဦးဘကြည့်တို့မှတ်ရလိမ့်မယ်နော်....(မှန်ပါ့ဘုရား)။

ပုံစံပြဟောတာကိုး-လို့ မှတ်တော့ ဒီအလယ်က အရိပ်ဟာ တကာတကာမတို့ ငါလားလို့ မေးပြန်တော့ ဘယ့်နှယ်ဆိုမလဲ.... (မဟုတ်ပါ) သူတပါးလားလို့ မေးပြန်ယင် .... (မဟုတ်ပါဘုရား)အဲဒီတော့ ငါ, သူတပါးမဟုတ်တဲ့အဓိပ္ပါယ်ဟာသေသေချာချာရောက်မနေဘူးလား.... (ရောက်နေပါတယ်ဘုရား)။

ငါ,သူတပါး မဟုတ်ဘူး၊ ဒီဥစ္စာဟာ ဒါနဲ့ဒါပေါင်းမိလို့ ဖြစ်တဲ့သဘောကလေး၊ မှန်ကြည့်တဲ့ ပုဂ္ဂိုလ်နဲ့ ပေါင်းမိလို့ ဖြစ်တဲ့သဘောဘဲဆိုတော့ ငါလို့ကောဆိုကြမလား.... (မဆိုနိုင်ပါဘုရား) သူတပါးလို့ကော....(မဆိုနိုင်ပါဘုရား)။

ငါလို့ဆိုရမှာလဲ တကာတကာမတို့ ငါ ဆိုလို့ရှိယင်ဖြင့် ဒီအရိပ်ဟာ ငါဘဲဆိုယင် ကြည့်တဲ့ပုဂ္ဂိုလ်ဟာ သူတပါးဖြစ်လိမ့်မယ်....(မှန်ပါ့) မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်) အရိပ်ကို ငါထင်ကြည့်တဲ့ပုဂ္ဂိုလ် ဘာဖြစ်မတုံး....(သူတပါးပါဘုရား)။

ဒီအရိပ်ကို သူတပါးဆိုလို့ရှိယင်လဲ တကာတကာမတို့ စဉ်းစားကြည့်လေ- ကြည့်တဲ့ပုဂ္ဂိုလ်နဲ့တူနေပြန်တယ်....(မှန်ပါ့) အရိပ်ကို သူတပါးယူလိုက် ပြန် တော့ ဘာနဲ့တူနေသလဲ .... (ကြည့်တဲ့ပုဂ္ဂိုလ်နဲ့တူနေပါတယ်ဘုရား) ကြည့်တဲ့ပုဂ္ဂိုလ်နဲ့တူနေတယ်....(မှန်ပါ့)မတူဘူးလား-တူသလားလား.... (တူပါတယ်ဘုရား)။

ကဲ....မှန်ကြည့်ပြီး ခင်ဗျားတို့ဘဲ ကိုယ့်ဟာကိုယ်အိမ်ကျတော့ အကဲခတ်ကြဦး....(မှန်ပါ့) အကဲခတ်ကြည့်တော့ ဒီအယူဟာ အတော်တော့ခက်နေတယ် တကာသိုက်ရ....(မှန်ပါ့ဘုရား)။

အားလုံး တကာတကာမတော့ ဒီဥစ္စာဒီဘက်ကမှန်နော် .... (မှန်ပါ့) ဒီဘက်ကကြည့်တဲ့ပုဂ္ဂိုလ်၊ အလည်မှာအရိပ်မထင်ဘူး

လား....(ထင်ပါတယ်ဘုရား) အဲဒါ ငါလားလို့ မေးယင် ဘယ့်နှယ်ပြောကြမလဲ....(မဟုတ်ပါဘုရား)။

ငါမဟုတ်ယင် သူတပါးလားလို့ မေးယင် .... (သူတပါးလဲ မဟုတ်ပါဘုရား) သူတပါးမဟုတ်တာ ဘယ်သူက သက်သေခံသတုံးဆိုလို့ ရှိယင် ကြည့်တဲ့ပုဂ္ဂိုလ်နဲ့သွားတူတယ်၊ မတူဘူးလား (တူပါတယ်ဘုရား)ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ သွားတူတယ်၊ မှန်ထဲကြည့်လိုက်တဲ့အခါ ကြည့် တဲ့ ပုဂ္ဂိုလ် နဲ့ အရိပ်နဲ့ဟာ ဘယ့် နှယ်နေကြသတုံး....(တူပါတယ်ဘုရား)။

ဒါဖြင့် ဒီဟာငါလားလို့ မေးတယ် .... (မဟုတ်ပါဘုရား) သူတပါးလားလို့ မေးတယ်....(မဟုတ်ပါဘုရား)ဒါဖြင့် ဒီဥစ္စာငါ, သူတပါးမဟုတ်တဲ့သဘောဘဲ၊ အရင်တုန်းကဟောတဲ့တရားအခု ရှင်ပုဏ္ဏမထေရ်က ရှင်အာနန္ဒာကို ဟောတဲ့တရားတွေနဲ့ ဦးဝင်း ဒါကပို့ရှင်းလိမ့်မယ်....(မှန်ပါဘုရား)။

ဒါ.... နားမလည်သေးလို့ ရှိယင် သုံးခေါက်ထပ် ပြောမယ် တကာတကာမတို့ သတိထားပြီး နားထောင်စမ်း.... (မှန်ပါဘုရား)။

ဒီဟာက မှန်နော်၊ ဒီဘက်က ကြည့်တဲ့လူ၊ မှန်နဲ့ကြည့်တဲ့လူနဲ့ ပေါင်းလို့ ရှိယင် မှန်ကြည်လင်ယင် အရိပ်ပေါ်ရမယ်....(မှန်ပါဘုရား) မပေါ်ရပေဘူးလား....(ပေါ်ရပါတယ်ဘုရား) အဲဒီလို အရိပ်ပေါ်လာတော့ ဒီအရိပ်ကို ငါလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမတုံး .... (မဟုတ်ပါဘုရား) ဒါ.... ငါမဟုတ်ယင် သူတပါးလားလို့ မေးယင်....(မဟုတ်ပါဘုရား)။

သူတပါးလဲ မဟုတ်ဘူး၊ ငါမဟုတ်တာကတော့ အရိပ်မှန်းသိလို့... (မှန်ပါ့) သူတပါး မဟုတ်တာသိတော့ ခင်ဗျားတို့ဒီမျက်နှာအရိပ်နဲ့ ဒီမျက်နှာနဲ့သွားတူတယ်....(မှန်ပါ့)။

ဒီကကြည့်တဲ့လူမျက်နှာနဲ့ ဒါနဲ့မတူဘူးလား.... (တူပါတယ် ဘုရား) ဒါဖြင့် ဒါကလေးကို ဘယ်နှယ်ဆိုကြမယ်.... (ငါလဲ မဟုတ်၊ သူတပါးလဲ မဟုတ်ပါဘုရား)။

ငါလဲမဟုတ်ဘူး၊ သူတပါးလဲမဟုတ်ဘူး၊ ဒီလိုတင် ယူထား လိုက်နော်....(မှန်ပါ့) ငါလဲမဟုတ်ဘူး၊ သူတပါးလဲမဟုတ်ဘူး ဆိုတာ ဦးဘကြည် ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား) ရှင်းကြပလား တကာတကာမတို့....(ရှင်းပါပြီဘုရား)။

ဒီအရိပ်ကို ငါ....လို့ စွဲလိုက်လို့ရှိယင် ကြည့်တဲ့လူသူတပါး ဖြစ်တော့မှာဘဲ....(မှန်ပါ့)။

ဒါဟာ ငါမဟုတ်တာတော့ သေချာပြီ၊ သူတပါး မဟုတ်တာတော့လဲ ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ သွားတူတယ်.... (မှန်ပါ့) မတူဘူးလား....(တူပါတယ်ဘုရား)။

ဒါဖြင့် သူ့ကို ဆုံးဖြတ်ချက်ချ၊ ခင်ဗျားတို့ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(အရိပ်ပါဘုရား) မဟုတ်ဘူး၊ ဒီလိုမချနဲ့၊ ငါလဲ မဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ဘူး....(မှန်ပါ့) နှစ်ဘက်ယူရမှာ (မှန်ပါ့)။

အံမာလေး....ဒီဥစ္စာ သေသေချာချာ ရေရေလည်လည် နားထောင် တကာတကာမတို့....(မှန်ပါ့) ဒီတရားကို သေသေချာချာ နားထောင် သောတာပန် တည်နိုင်တဲ့တရားဖြစ်နေတယ်.... (မှန်ပါ့)။

ကိုင်း....ဒါက မှန်လို့မှတ်ထားလိုက်စမ်းပါ၊ တခေါက်ပြော ပါဦးမယ်.... (မှန်ပါ့) ဒါက ကြည့်တဲ့လူ၊ မှန်နဲ့ကြည့်တဲ့လူနဲ့ ပေါင်းလို့ရှိယင် အရိပ် ဒီမှာမပေါ်ဘူးလား....(ပေါ်ပါတယ် ဘုရား) ပေါ်ရမယ်ဆိုတာ မထင်ရှားဘူးလား.... (ထင်ရှားပါ တယ်ဘုရား)။

ပေါ်တဲ့အရိပ်ကို တကာတကာမတို့ ငါ....လို့ ဆိုမလား.... (မဆိုရပါဘုရား) ဘာဖြစ်လို့ ငါ-မဆိုနိုင်တာတုံး.... (အရိပ်မို့ ပါဘုရား) အရိပ်မှန်းသိလို့နော်....(မှန်ပါ့)။

ဒါဖြင့် ဒီအထဲ ပေါ်နေတဲ့အရိပ်ဟာ သူတပါးလားလို့ မေးလိုက်တယ်....(မဟုတ်ပါဘုရား) ဘယ့်နှယ်ကြောင့် သူတပါး မဟုတ်သတုံး....(ကြည့်တဲ့လူနဲ့တူနေလို့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလယ်ဟာ....(အရိပ်) ကို ဘယ်လို ဆုံး ဖြတ်ချက်ချကြမတုံး....(ငါလဲ မဟုတ်၊ သူတပါးလဲ မဟုတ်ပါ ဘုရား) ငါလဲမဟုတ်-သူတပါးလဲမဟုတ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား) နောက်က တကာတကာမတွေကော ရှင်းရဲ့ လား....(ရှင်းပါတယ်ဘုရား)။

အရိပ်ဟာ ငါလဲမဟုတ်ဘူး-သူတပါးလဲမဟုတ်ဘူး၊ ဘယ်သူ့ ကို မှီဖြစ်တာတုံးဆိုတော့ မှန်နဲ့လူကို မှီဖြစ်တာ.... (မှန်ပါ့) သဘောတရား သုံးခုလို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင် ပါတယ် ဘုရား)။

ဒါဖြင့် ဒီဥစ္စာကို ငါလို့ဘဲဆိုကြမလား....(မဆိုနိုင်ပါဘုရား) သူတပါးလို့ကော....(မဆိုနိုင်ပါဘုရား)။

ဒါက စောစောစီးစီး ရှင်းထားတာပါ။ တကာတကာမတို့ ငါလဲ မဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ဘူး ဆိုတာ ပေါ်လာ ကြပလား.... (ပေါ်လာပါပြီဘုရား) ဒါက ဥပမာကို ရှင်းပြ လိုက်ပါတယ်။

တကာသိုက် ဒါက ဘာကိုရှင်းတာတုံး....(ဥပမာကိုရှင်းတာ ပါဘုရား) ဥပမာရှင်းစေတယ်....တဲ့၊ ငါမဟုတ်တာလဲ အရိပ်မို့ ထင်ရှားတယ်....(မှန်ပါ့)သူတပါးမဟုတ်တာလဲကြည့်တဲ့ပုဂ္ဂိုလ်နဲ့ တူနေလို့ သူတပါးရော ဟုတ်ရဲ့လား.... (မဟုတ်ပါဘုရား) ဒါဖြင့် ငါ-သူတပါးမဟုတ်တဲ့ သဘောသုံးခု ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ငါလဲမဟုတ်၊ သူ တပါးလဲ မဟုတ်ဆိုတာ ဒီ့ပြင်တရားနဲ့ ရှင်ပုဏ္ဏဟောတဲ့တရားနဲ့ ဥပမာပေးချင်း မတူဘူး....(မှန်ပါ့)။

အရင်တုန်းက ဘုန်းကြီးတို့ တကာတကာမတွေ့ ဆုံးမခဲ့ပါ တယ်၊ ဒီရုပ်ကရားဟာလဲ ငါလဲမဟုတ်ဘူး၊ သူတပါးလဲ မဟုတ် ဘူး၊ ငါ-ငါ့ဥစ္စာမဟုတ်ဘူးလို့သာ ဟောခဲ့တယ်၊ ငါ-သူတပါး ကို ဝေဘန်ပြီးသကာလ ဤမျှလောက် မဟောခဲ့သေးဘူး.... (မှန်ပါ့)။

ဒါ့ကြောင့် အခု အလယ်က ပြထားတဲ့ဟာကို.... (အရိပ်) ဘယ်လိုဆိုကြမယ်.... (ငါလဲမဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ပါ ဘုရား) ငါဟုတ်တယ်ဆိုလို့ရှိယင် ဘယ်အဓိပ္ပါယ် ရောက်မလဲ၊ ဒီအရိပ်ကို ငါဘဲလို့ယူလိုက်ယင် ဒီဘက်က ကြည့်တဲ့လူမှာ သူ တပါးသွားဖြစ်နေမယ်....(မှန်ပါ့)။

ကြည့်တဲ့လူ ဘာဖြစ်သတုံး.... (သူတပါး ဖြစ်သွားပါတယ် ဘုရား) သူတပါး သွားဖြစ်တယ်နော်၊ ဒါက တခြားလူဖြစ်သွားတယ်....(မှန်ပါ့) ဒါကို ငါယူယင် ဒါ-သူတပါးဖြစ်ရတော့မှာကိုးဗျ....(မှန်ပါ့) သေချာပလား....(သေချာပါပြီဘုရား)။

သူတပါးကို ယူရအောင်ကလဲ ဒီအရိပ်က ဘာနဲ့တူနေသလဲ (ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ တူနေပါတယ်ဘုရား) ဒါဖြင့် သူတပါးကော်ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့် ထင်လာတဲ့ အရိပ်တရားကို ဘယ်လို ဆိုကြမလဲ.... (ငါမဟုတ်၊ သူတပါးမဟုတ်တဲ့တရားပါဘုရား) ဩော်....ငါလဲ မဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ဘူး....(မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ငါမဟုတ်၊ သူတပါးမဟုတ်ဆိုတဲ့ဥစ္စာ နားလည် ပါးလည် ရှိဘို့ ဦးဇံရင်တို့ မလွယ်ဘူးနော်.... (မလွယ်ပါဘုရား) အခု ထောက်ပြီး ပြောတော့မှ ခင်ဗျားတို့ သေချာတယ်....(မှန်ပါ့ဘုရား)။

ငါ-မဟုတ်တာက ဘယ်နှယ်ကြောင့် ငါမဟုတ်တာတုံးမေးတဲ့ အခါကျတော့ မှန်ကကြည်လို့၊ လွန်တည့်လို့ ပေါ်တဲ့အရိပ် ဖြစ်လေသောကြောင့် ငါ-မဟုတ်ဘူး.... (မှန်ပါ့) ဆိုနိုင်ပလား (ဆိုနိုင်ပါတယ်ဘုရား) သူတပါးမဟုတ်တာက ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ တူနေသောကြောင့် အရိပ်ကို သူတပါးလို့ သွားမဆိုနဲ့.... (မှန်ပါ့) ကြည့်ယင် မျက်နှာချင်းက တထပ်တည်း.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အရိပ်ကို ဘယ့်နှယ် ဆိုကြမလဲ.... (ငါမဟုတ်- သူမဟုတ်တဲ့တရားပါဘုရား) ငါလဲမဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ဘူး၊ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) မှန်ကြည်လို့ ဖြစ်နေတဲ့သဘော ရှင်းပလား....(ရှင်းပါပြီဘုရား)။

မှန်ကြည့်လို့ဖြစ်နေတဲ့သဘောဆိုသဖြင့် တကာတကာမတို့ ငါလဲ မဟုတ်ဘူး၊ သူတပါးလဲ မဟုတ်ဘူးဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ကောင်းပြီ....ဒါက ဥပမာကို ရှင်ပုဏ္ဏက ရှင်အာနန္ဒာကို ဟောလိုက်တယ်၊ သံယုတ်ပါဠိတော်မှာ လာတယ်၊ ငါ-သူတပါး မဟုတ်တာတော့ဖြင့် အားလုံး တကာတကာမတွေ သုံးလေးခေါက် ပြောလို့ ဩော်....ဒါဟာ အရိပ်ကို ငါလို့လဲ ဆိုလို့ မရဘူး၊ သူတပါးလို့ ဆိုလိုက်ပြန်လဲ ကောင်းကောင်း လဲတော့မယ်၊ ငါနဲ့တူနေတာက သေချာတယ်....(မှန်ပါ့)။

ကဲ....ဦးဘအုန်း ဘယ့်နှယ်ဆိုကြမလဲ.... (ကြည့်တဲ့လူနဲ့ တူနေပါတယ်ဘုရား) ကြည့်တဲ့လူနဲ့ တူနေတော့ အရိပ်ကို ဘာခေါ်ကြမယ်....(ငါလဲမဟုတ်၊ သူတပါးလဲ မဟုတ်ပါဘုရား)။

ကောင်းပြီ....ဒါဖြင့် ဘယ့်နှယ်ကြောင့် ငါ, သူတပါး မဟုတ်တာ သေချာရသတုံးလို့ မေးတဲ့အခါကျတော့ ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ မှန်နဲ့တည့်လို့၊ မှန်ကြည်သောကြောင့် အရိပ်ဖြစ်ပြီး သကာလနေသောကြောင့် ငါမဟုတ်ဘူးနော်.... (မှန်ပါ့ဘုရား) သူတပါးမဟုတ်တာက ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ တူနေသောကြောင့် သူတပါးလဲ မဟုတ်ဘူး....(မှန်ပါ့)။

သူတပါးဖြစ်နေလို့ရှိယင်လဲ ခင်ဗျားတို့ အစွန်းက ထွက်နေတယ်၊ သူတပါးဖြစ်လို့ရှိယင်ဖြင့် ငါရှိလို့ သူတပါး၊ သဘောကျပလား....(ကျပါပြီဘုရား)။

သူတပါးဆိုတာ ဘာကိုထောက်ပြီးခေါ်တာတုံး(ငါထောက်ပြီး ခေါ်တယ်) ငါထောက်ပြီးတော့ သူတပါး လာတာ ငါရှိလို့ သူတပါး- သူတပါးရှိလို့ ငါ·ဆိုတော့ ဒီနှစ်ခုစလုံး စင်ရမယ်....(မှန်ပါ့)။

ဒီနှစ်ခုစလုံး မစင်လို့ရှိယင် ခင်ဗျားတို့ တရားမှာ အတော်ခက်သွားလိမ့်မယ်-တဲ့....(မှန်ပါ့) မြတ်စွာဘုရားနဲ့ ဆန့်ကျင်ဘက်ကြီး ဖြစ်သွားလိမ့်မယ်....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့.... အခု ငါ သူတပါးမဟုတ်တာ သေချာပလား....(သေချာပါပြီ) ဘာထောက်ပြီး ပြောကြတာတုံး၊ ဒီမှန်နဲ့ လူနဲ့ တည့်ပြန်တော့ ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ တည့်ပြန်တော့လဲ အရိပ်သဖွယ် မှန်ကြည်သလောက် မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

အဲဒါကြောင့် ငါကော ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား) ငါမဟုတ်တာ ခင်ဗျားတို့ အရိပ်မှန်းသိတယ်....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့.... အခု ငါ သူတပါးမဟုတ်တာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ငါမဟုတ်တာတော့ သေချာပြီ၊ သူတပါးများ ဖြစ်နေသေးသလားလို့ တခါ မေးခွန်းထုတ်ဦး.... ထုတ်လိုက်တော့ သူတပါးရော ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

ဘယ်နှယ်ကြောင့် သူတပါးမဟုတ်သတုံး-(ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ တူနေလို့ပါဘုရား) ကြည့်တဲ့ပုဂ္ဂိုလ်နဲ့ ဒီအရိပ်နဲ့ဟာ သေသေ ချာချာ တထပ်တည်း....(မှန်ပါ!) ဒါကြောင့် သူတပါးကော.... (မဟုတ်ပါဘုရား)။

ဒါဖြင့် အရိပ်တရားကို ဘာခေါ်ကြမယ်.... (ငါ- သူတပါး မဟုတ်တဲ့တရားပါဘုရား) သူတပါးလဲ မဟုတ်ဆိုတော့ ခင်ဗျားတို့ ရှေးကယူထားတဲ့ ငါ-သူတပါးနဲ့ အတော်ကွာတယ်-(မှန်ပါ! ဘုရား)။

ဒါနဲ့ ပြန်ဆက်ရတယ်၊ သူတပါး မဟုတ်ကြောင်းကိုတော့ မျက်နှာရိပ်က ကြည့်တဲ့လူနဲ့တူတာနဲ့ ပြန်ဆက်ရတယ်.... (မှန်ပါ! ဘုရား)။

အရင်တုန်းက ပြောခဲ့တဲ့ ငါ-သူတပါးကတော့ ဒီလိုယူနည်း မျိုးမဟုတ်ဘူး၊ အခု ယူတာကတော့ ငါဆိုလို့ရှိယင်လဲ ဒါဟာ သူတပါးဖြစ်ရတော့မယ်၊ ဒါကို ငါယူယင် ဒါသူတပါး-(မှန်ပါ! ဘုရား)။

ဒါကို သူတပါးယူလိုက်ပြန်လို့ရှိယင်လဲ တကာ တကာမတို့ ဒါဟာ ငါဖြစ်ရတော့မယ်....(မှန်ပါ!) မဖြစ်ပေဘူးလား....(ဖြစ် ပါတယ်ဘုရား) ဒီနှစ်ခု လွှတ်သွားအောင် ရှင်ပုဏ္ဏက ဟောနေ တာ....(မှန်ပါ!)။

အတ္တပြုတ်ရေး၊ အနတ္တ ထင်မြင်လာရေးဌ္ဌ တော်တော် ကြံ စည်ပြီး ဥပမာနဲ့ဟောတာဗျ၊ ဒီတရားဟာ.... (မှန်ပါ!ဘုရား) ဦးဘတင်-သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ဘယ်လိုမျှား သဘောကျကြပါလိမ့် ခင်ဗျားတို့၊ အလယ်မှာ ပေါ်လာတဲ့ အရိပ်ကို အရိပ်မှန်းသိသောကြောင့် ဘာစင်သွားသတုံး....(ငါစင်သွားပါတယ်ဘုရား)။

ကြည့်တဲ့ပုဂ္ဂိုလ်နဲ့တူသောကြောင့် ဘာစင်သွားသတုံး....(သူတပါး စင်သွားပါတယ်) ငါရော, သူတပါးရော စင်ရမယ်....(မှန်ပါ့) ငါရော, သူတပါးရော စင်မှသာလျှင် သက္ကာယဒိဋ္ဌိပြုတ်ရမည့်အဓိပ္ပါယ် သေသေချာချာရောက်တယ်၊ ငါ့သူတပါးမစင်ယင် သက္ကာယဒိဋ္ဌိ ပြုတ်နိုင်ပါ့မလား .... (မပြုတ်နိုင်ပါဘုရား)။

အဲဒါကြောင့် .... ငါနဲ့ သူတပါး လွတ်အောင် ယူနည်းကို ဦးဘကြည်တို့ ဒီဥစ္စာ အတော်မဆန်းပြားဘူးလား....(ဆန်းပြားပါတယ်ဘုရား)။

ဥာဏ်ထဲမှာရော ရှင်းရဲ့မဟုတ်လား.... (ရှင်းပါတယ်ဘုရား) ငါ, သူတပါး လွတ်တယ်မဟုတ်လား....(လွတ်ပါတယ်ဘုရား)။

ကောင်းပြီ .... ဒါဖြင့် တကာတကာမတို့ သူ့သဘောဟာ စဉ်းစားကြည့်ပါ....တဲ့၊ အရိပ်သဘော ပေါ်နေတာ ငါ, သူတပါး လွတ်တဲ့တရား၊ ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အရိပ်ဟာ ငါ, သူတပါးလွတ်တဲ့တရား မဟုတ်ဘူးလား.... (လွတ်ပါတယ်) ငါ, သူတပါး ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

ကဲ....တကာသိုက်တို့ ဦးခင်မောင်တို့ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကိုင်း....မှန်ကြည့်ကြတဲ့၊ တကာ တကာမတွေ နားလည်ကြရဲ့လား....(နားလည်ပါတယ်ဘုရား) မှန်တော့ ကြည့်တော့ ကြည့်တာဘဲ၊ ငါထင်ချင်လဲ ထင်နေလိမ့်မယ်၊ သူတပါးထင်တဲ့ ခလေးတွေကျတော့လဲ လန့်ချင်လန့်မယ်....(မှန်ပါ့)။

ခလေးကျတော့ သူတပါးထင်ပြီး လန့်တယ်၊ လူကြီးကျတော့ ငါထင်ပြီးသကာလ မာန်တက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါတယ်ဘုရား)။

လူကြီးကျတော့ အခုပြောတဲ့အကြောင်းကို နားမလည်တော့ဘူးဆိုယင် လူကြီးမှာ မှန်ကြည့်လိုက်သည်နဲ့ တပြိုင်နက်တည်း ငါတော်တော်နုပျိုပါသေးတယ်၊ လုပ်နိုင်- ကိုင်နိုင်ပါသေးတယ်ဆိုပြီး သကာလ.... ငါထင်ပြီးတော့ မာန်တက်တယ်....(မှန်ပါ့) မတက်ကြဘူးလား....(တက်ပါတယ်ဘုရား)။

တချို့ခလေးတွေကျတော့ မှန်ထဲမှာ သူကလုပ်ယင် ဟိုကလုပ်တဲ့အတွက် ခလေးများ လန့်ပြီး ငိုကြတယ်၊ သူတပါးထင်လို့....(မှန်ပါ့) ကိုထွန်းဦး-သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီနှစ်ခု လွတ်အောင် ရှင်ပုဏ္ဏာသည်ဟာ ရတယ်ဆိုတော့ အားလုံး တကာတကာမတွေ လွယ်ပါ့မလား.... (မလွယ်ပါဘုရား)။

အခု ခင်ဗျားတို့ကော ရှင်းပလား .... (ရှင်းပါပြီဘုရား) အလည်ဟာ ဘာပါလိမ့်....(ငါလဲမဟုတ်- သူလဲမဟုတ်တဲ့တရားပါဘုရား)။

သြော် .... ငါလဲမဟုတ်, သူလဲမဟုတ်မှန်းကို.... အမှီပြုပြီး သကာလ ဖြစ်တဲ့သဘော ပေါ်လာတယ်....(မှန်ပါ့) သဘော ကလေးဘဲ ရှိတယ်မဟုတ်လား....(မှန်ပါ့)။

ဒါ....ဥပမာကို ဟောနေတယ် တကာတကာမတို့၊ ဥပမာကို ဟောတယ်၊ ကဲ....ဥပမေယျကို ဆရာဘုန်းကြီးက တကာတကာမ တွေကို ဟောတော့မယ်၊ ဒါ.... သက္ကာယပြတ်ဘို့ ဟောတာ.... (မှန်ပါ့)။

ကောင်းပြီ.... ဒါဖြင့် ဒီအရိပ်သည်ကား....လို့ ဆိုလို့ ရှိယင် ဖြင့် ရှင်အနန္ဒာက ရဟန်းတွေကိုပြောတယ်၊ ရှင်ပုဏ္ဏက ငါတို့ သီတင်းငယ်တွေဘို့ အင်မတန် ကျေးဇူးများတယ်၊ ရှင်ပုဏ္ဏ ဟောလိုက်တာ ရဟန်းငယ်, ရဟန်းသစ် များစွာ သောတာပန် တည်ကြတယ်....(မှန်ပါ့)။

ဒီရဟန်းသစ်တွေအပေါ်ဖြင့် ရှင်ပုဏ္ဏဟာ အလွန် ကျေးဇူး များတယ်-တဲ့....(မှန်ပါ့) ရှင်အာနန္ဒာက ဒီ့ပြင် ရဟန်းငယ်တွေ ပြောတာပေါ့ဗျာ....(မှန်ပါ့)။

ဘယ်လိုကျေးဇူးများတယ်ဆိုတာ သူက ရှင်းပြတယ်၊ သူက သောတာပန်တည်ပြီးပြီ....(မှန်ပါ့) ဒီတရားနဲ့ သောတာပန် တည်တယ်၊ "ဥပါဒါယ အသ္မီ ဟောတိ၊ နောအနုပါဒါယ" ဥပါဒါယ=စုံမှီး၍၊ အသ္မီ=ငါဟူသော တဏှာ မာန ဒိဋ္ဌိသည်၊ ဟောတိ=ဖြစ်၏၊ နောအနုပါဒါယ = မစုံလမ်းလို့ ရှိယင် ငါ ဟူသော တဏှာ မာန ဒိဋ္ဌိ မဖြစ်ဘူး-တဲ့....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့.... ဒီခန္ဓာငါးပါးကို ဒါက ခန္ဓာ ငါးပါးယူလိုက်တယ်၊ သဘောကျပလား.... (ကျပါပြီဘုရား)

ခန္ဓာငါးပါးကို မှီပြီးသကာလ .... ဒါက ပုထုဇဉ်၊ ဒါက ခန္ဓာငါးပါး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီဘက်က ဘာတုံး....(ပုထုဇဉ်ပါဘုရား) ဒီဘက်က....(ခန္ဓာငါးပါးပါ) ပုထုဇဉ်က ကိုယ့်ခန္ဓာငါးပါး ကိုယ်ကြည့်လိုက်ပြီးသကာလ.... ငါဘယ်သူမှ လူမထင်ဘူး၊ ငါ့ကိုယ်, ငါခင်တယ် ဆိုတာတွေ့ မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒီဟာတွေ့ဟာ ငါချည့်ဘဲလို့ကော မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဒီတဏှာ မာန ဒိဋ္ဌိ-ဆိုတဲ့ အယူတ်သုံးခုဟာ တကာတကာမတို့ "ဥပါဒါယ အသ္မိ ဟောတိ" ဥပါဒါယ = ခန္ဓာငါးပါးကိုစွဲ၍၊ အသ္မိ = တဏှာ မာန ဒိဋ္ဌိသည်၊ ဟောတိ= ဖြစ်၏၊ ပုထုဇဉ်သည် ခန္ဓာငါးပါးကိုကြည့်ပြီး ဒီတဏှာ မာန ဒိဋ္ဌိအရိပ် ထွက်လာတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ပုထုဇဉ်ဟာ ဘယ်သူ့ကို အကြောင်းရင်းခံပြီး တဏှာ မာန ဒိဋ္ဌိ ထွက်လာသတုံး .... (ခန္ဓာငါးပါးကို အကြောင်းရင်းခံပြီး ထွက်ပါတယ်) အင်း.... ခန္ဓာငါးပါးကိုကြည့်ပြီးတော့ ထွက်တတတယ်။

တကာသိုက် ရိပ်မိပလား....(ရိပ်မိပါပြီ) ပုတုဇဉ်များတဏှာဖြင့် ကိုယ့်ကိုယ်ကိုယ်ကြည့်လိုက်လို့ ရှိယင်ဖြင့် အင်း .... တော်ပါသေးရဲ့၊ ပျိုပါသေးရဲ့၊ နေနိုင်ပါသေးရဲ့၊ ကိုယ့်ကိုယ်ကိုယ် အခင်ဆုံးဆိုတာလဲ သိပြီးသားပေါ့ဗျာ....(မှန်ပါ့)။

ကိုယ့်ကိုယ်နဲ့ အကြောင်းရင်းခံပြီး သွားနိုင်- လာနိုင်- ပြောနိုင်-ဆိုနိုင်သေးရင်လဲ မာန်တက်တယ်ဆိုတာ ကိုယ့်ကိုယ်ကြည့်ပြီး မာန်တက်တာ....(မှန်ပါ!) ဟော....သူများလို့ပါဘဲကွ ပခုံးနှစ်ခုကြားက ခေါင်းပေါက်တာပါဘဲကွ၊ အောက်ကျ နောက်ကျအဖြစ်တော့ မခံပါဘူးဆိုတဲ့ဥစ္စာလဲ ဒီခန္ဓာကြည့်ပြောတာ ....(မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒို့တော့ ကိုယ်သွားနိုင်- ကိုယ်လာနိုင်လို့ရှိယင်တော့ ဘယ်သူမှ အောက်ကျ နောက်ကျမခံဘူး၊ ကိုယ့်ကိုယ် အားကိုးတယ်၊ လာမလား- မလာဘူးလား....(လာပါတယ်) ဒါ ဘယ်မှန်ကြည့်ပြီး ဘာဖြစ်လာကြတာတုံ-ဆိုတာ ခင်ဗျားတို့ စဉ်းစားကြပါတော့ .... (ခန္ဓာငါးပါးမှန်ကြည့်ပြီး ဖြစ်လာတာပါ)ခန္ဓာငါးပါး မှန်ကြည့်ပြီးသကာလ တဏှာ, မာန, ဒိဋ္ဌိ ဖြစ်လာတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဦးဘကြည် ဘာတဲ့တုံး .... (ခန္ဓာငါးပါး မှန်ကြည့်ပြီးတော့ တဏှာ,မာန,ဒိဋ္ဌိဖြစ်လာပါတယ်)ခနောက်က တကာတကာမတွေ့ရှင်းကြရဲလား....(ရှင်းပါတယ်ဘုရား)။

ဩော် .. ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ တဏှာ, မာန, ဒိဋ္ဌိ, ဆိုတဲ့ သံသရာခဲ့ဖြတ်ထွင်တတ်တဲ့ တရားဟာ ဘယ်ကလာပါလိမ့် မတုံးလို့ ဆိုလို့ရှိယင်ဖြင့် ပုထုဇဉ်သည် ကိုယ့်ခန္ဓာတည်းဟူသော မှန်ကို ကိုယ်ကိုယ်တိုင်ကြည့်တဲ့အတွက် တဏှာ, မာန, ဒိဋ္ဌိ အရိပ်ပေါ်တယ်....(မှန်ပါ!)နဂိုရိုက မရှိဘူး....(မှန်ပါ!)နဂိုရိုကရှိရဲလား (မရှိပါ)ပုထုဇဉ်နဲ့ခန္ဓာငါးပါးနဲ့ ပေါင်းမိလို့ဖြစ်တာ....(မှန်ပါ! ဘုရား)။

ဒီပုထုဇဉ်ဆိုတဲ့ နာမည်ဆိုင်းဘုတ်ကလဲ ရှိနေတော့ မသိတဲ့ အန္ဓဗာလပုထုဇဉ်မျိုးကပေါ့ဗျာ....(မှန်ပါ့) ကိလေသာပေါ်များတဲ့ ပုထုဇဉ်လို့ မခေါ်ဘူးလား.... (ခေါ်ပါတယ်)အဲဒီ ပုထုဇဉ်နဲ့ ခန္ဓာငါးပါးနဲ့ပေါင်းမိတော့ အားလုံးတကာတကာမ တွေက ဘာပေါ်သတုံး .... (တဏှာ, မာန, ဒိဋ္ဌိ ပေါ်ပါတယ် ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတွေ တဏှာ, မာန, ဒိဋ္ဌိရဲ့ လက်သည်ဟာ ယနေ့ ကောင်းကောင်းဖမ်းမိပြီ .... (မှန်ပါ့) ကြည့်တဲ့လူက ဘာတုံး .... (ပုထုဇဉ်ပါ) အကြည့်ခံတာက.... (ခန္ဓာငါးပါးပါ) ဩော်.... ခန္ဓာငါးပါးကို ပုထုဇဉ်မျက်လုံး တပ်ကြည့်လို့ ဟော့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ခန္ဓာငါးပါးကို ဘာမျက်လုံးတပ်ကြည့်သလဲ .... (ပုထုဇဉ် မျက်လုံးတတ်ကြည့်ပါတယ်) ပုထုဇဉ်မျက်လုံး တပ်ကြည့်လိုက်တော့ ငါ-ဟုတ်လား .... (မှန်ပါ့) ကိုယ့်ကိုခင်တဲ့တဏှာကောမလာဘူးလား....(လာပါတယ်) မာနဆိုတဲ့ ထောင်လွှားမှု .... (လာပါတယ်ဘုရား)။

ဒိဋ္ဌိဆိုတဲ့ ခိုင်မြဲလိမ့်မယ်ထင်တာတွေ....(လာပါတယ်ဘုရား) လာတော့ ဩော်....ဒါဟာ ပုထုဇဉ်နဲ့ ခန္ဓာငါးပါးနဲ့ ပုထုဇဉ်က ခန္ဓာငါးပါးကို ကြည့်လိုက်တာနဲ့ တဏှာ,မာန, ဒိဋ္ဌိလာတာကိုး ဆိုတော့ တကာတကာမတွေ ပုထုဇဉ်ဟာ တဏှာ, မာန, ဒိဋ္ဌိ မပယ်နိုင်ဘူးဆိုတာလဲ သေချာသွားပြီ....(မှန်ပါ့) မသေချာဘူးလား....(သေချာပါပြီဘုရား)။

ပုတုဇဉ် တဏှာ, မာန, ဒိဋ္ဌိပယ်နိုင်ကြရဲ့လား.... (မပယ်နိုင်ပါဘုရား) ဘာ့ကြောင့်တုံးဆိုတော့ ပုထုဇဉ်ဆိုယင် ကိုယ့်ခန္ဓာကိုယ်ကြည့်ပြီးသကာလ အမြဲတမ်း တခါတည်းခင်တဲ့ တဏှာလာတာဘဲ၊ တက်တဲ့မာနကော....(လာပါတယ်ဘုရား)။

ဒီအလုပ်-ငါလုပ်စမ်းပါမယ်၊ငါကိုင်စမ်းပါမယ်ဆိုတဲ့မာနတွေကော....(လာပါတယ်) ဒိဋ္ဌိဆိုတဲ့ဥစ္စာကလဲ ငါလုပ်မှာဘဲ ဘာဖြစ်ဖြစ်နဲ့ လေးလေးနက်နက် ကိုယ့်ဥစ္စာအဖြစ်နဲ့ ဖြစ်နိုင်တယ်ဆိုတဲ့ ဒိဋ္ဌိတွေကော....(လာပါတယ်ဘုရား)။

ဩဿဒီတော့ ပုထုဇဉ်သည် တကာတကာမတို့ ပုထုဇဉ်မျက်လုံးနဲ့ ခန္ဓာသာကြည့်မိယင်တော့ ပပဉ္စထုက်ရမယ်(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပုထုဇဉ်မျက်လုံးနဲ့ ခန္ဓာကြည့်ယင်....(ပပဉ္စထုက်ရပါမယ်) ဒါမှတ်ထားပါ၊ ဒီတလုံးအတော်ပိုင်သွားပြီ....(မှန်ပါ့)ဦးခင်မောင် မပိုင်သေးဘူးလား....(ပိုင်ပါပြီဘုရား)။

အဲဒီတော့ ပုထုဇဉ်မျက်လုံးနဲ့ကိုယ့်ခန္ဓာကြည့်လိုက်ပြီဆိုမှဖြင့် ဘာတွေလာတတ်ကြသတုံး .... (ပပဉ္စတွေလာပါတယ်ဘုရား) ပပဉ္စတရားဟာ တရားကိုယ်ကောက်လိုက်တော့ ဘာတဲ့-(တဏှာ မာန, ဒိဋ္ဌိပါဘုရား)။

တဏှာ, မာန, ဒိဋ္ဌိလာတယ်ဆိုတော့ လုံးပိုင်တုန်းလုပ်ပါရစေဦး၊ မလုပ်နိုင်တော့ ထိုင်တာပေါ့- ဟုတ်လား.... (မှန်ပါ့) လုပ်နိုင်တုန်း လုပ်ပရစေဦး၊ မလုပ်နိုင်တော့ထိုင်တာပေါ့ဆိုတော့ တဏှာ, မာန,ကလဲ လုပ်နိုင်တုန်း လုပ်ချင်သေးတယ်ဆိုတဲ့ ဥစ္စာမာနကလဲ မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အင်း....သူ ဘယ်သူ့ကိုကြည့်ပြီး ပြောနေတာပါလိမ့် (ခန္ဓာငါးပါးကိုကြည့်ပြီး ပြောနေတာပါဘုရား) ကိုယ့်ခန္ဓာ ငါးပါးကို ဘယ်ဟာ ဖြစ်ဖြစ် ခန္ဓာငါးပါး ကြည့်တဲ့ပြီးသကာလ သူ့အကြောင်းရင်းခံပြီး လုပ်နိုင်သေးတယ်ဆိုတဲ့မာနဟာ တက်လာတာဘဲ....(မှန်ပါ့) ခိုင်မြဲပါတယ်ဆိုတဲ့ဒိဋ္ဌိကော....(တက်လာပါတယ်ဘုရား) ကိုယ့်ကိုယ်ခင်တဲ့ သဘောကလေးဟာကော.... (တက်လာပါတယ်ဘုရား)။

တက်လာတော့ ဩော်.... ဘာမျက်လုံးနဲ့ တပ်ပြီးသကာလ ဘာကိုကြည့်လို့ ဒီဟာ လာပါလိမ့်မလဲဆိုတာ ယနေ့ တွေးကြည့်.... (ပုထုဇဉ်မျက်လုံးနဲ့ ခန္ဓာငါးပါး ကြည့်မိလို့ပါဘုရား) အဲ့....ခန္ဓာငါးပါးကြည့်လိုက်တော့ ဘာတွေ ထွက်လာသတုံး.... (တဏှာ,မာန,ဒိဋ္ဌိ ထွက်လာပါတယ်ဘုရား) ပပဉ္စဆိုတဲ့ တဏှာ, မာန,ဒိဋ္ဌိ ထွက်လာတယ် ဦးဘကြည်တို့ ဟင်.... (မှန်ပါ့ဘုရား) ဘယ်လောက်ဆိုးသတုံး....(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဒီတရားဟာ အင်မတန်ကောင်းပြီး သူဟာ အရိပ်ဘဲတဲ့ မဟုတ်ဘူးလား.... (မှန်ပါ့- အရိပ်ပါဘုရား) နဂိုရိုက ခုနင်က ငါလား‌လို့ မေးတော့ ငါမဟုတ်ဘူး၊ သူတပါးလား‌လို့ မေးတော့လဲ.... (မဟုတ်ပါဘုရား) ဒါနှစ်ခုပေါင်းလို့ဖြစ်တာ....(မှန်ပါ့) ငါလဲမဟုတ်ဘူး၊ သူတပါးလဲမဟုတ်ဘူး၊ သက်သက် သူတို့က အပါယ်ချမလို့ ပေါ်လာတာ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ဒါဖြင့် အရိပ်နှိပ်စက်နေတယ်လို့ ဆရာဘုန်းကြီးက စဲချက်တင်လိုက်တယ်....(မှန်ပါ့) ခင်ဗျားတို့ တသံသရာလုံး

မှာ အထည်ကမနှိပ်စက်ဘူး၊ ဘယ်သူက နှိပ်စက် နေသတုံး....
(အရိပ်က နှိပ်စက်နေပါတယ်ဘုရား)။

ဩော်....အရိပ်က နှိပ်စက်နေလို့ သုံးဆယ့်တဘုံထဲမှာ တခါ
တည်း အိုဘေး,နာဘေး,သေဘေး,မဲ့ဘေး,ကဲ့ဘေးတွေနဲ့ ကြုံဆုံ
ပြီးသကာလ နေရတယ်လို့ တကာသိုက် ဆိုထိုက်ပလား.... (ဆို
ထိုက်ပါတယ်ဘုရား) အထည်ကြောင့်လား- အရိပ်ကြောင့်လား
(အရိပ်ကြောင့်ပါဘုရား)။

ခက်တယ်.... ဒါဖြင့် အရိပ်ကြောင့် ဆိုလို့ရှိယင်ဖြင့် အရိပ်
နှိပ်စက်လို့ တပည့်တော်တို့ ခက်ရတယ် ဆိုတဲ့ အဓိပ္ပါယ်ဟာ
အထည် နှိပ်စက်လို့ ဒုတ်နဲ့ ရိုက်တာလား၊ ဒုတ်နဲ့ ရိုက်တာက
သေသေချာချာ နာတယ်ဆိုတာ ဟုတ်တယ်....(မှန်ပါ့)။

အရိပ်နဲ့ရိုက်ဘယ်ဆိုတာက အရိပ်ရိုက်လို့ နာတယ်ဆိုတော့
လောကစကားလဲ နားထောင်လို့ မကောင်းဘူး.... (မှန်ပါ့)
ကောင်းပါ့မလား....(မကောင်းပါဘုရား)။

ဒုတ်နဲ့ရိုက်လို့တော့ နာတယ်၊ ဒုတ်၏အရိပ်ကြောင့် နာတာ
တော့ ရှိကြရဲ့လား....(မရှိပါဘုရား) ဒုတ်စစ်စစ်နဲ့ ရိုက်တော့....
(နာပါတယ်ဘုရား)။

ခလေးတွေ ရှယ်တဲ့အခါကျတော့ လူကြီးတွေက အရိပ်နဲ့
ရှယ်တာ.... (မှန်ပါ့) ဒုတ်က ပြရုံဘဲ၊ အရိပ်ကတော့ သူ့ဆီ
မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီလိုဘဲ....တဲ့၊ ခင်ဗျားတို့လဲ အရိပ်နဲ့ နှိပ်စက်ပြီးသကာလ
နေတာ တသံသရာလုံးမှာ ဒီအရိပ်သုံးခု နှိပ်စက်နေတာ(မှန်ပါ့)
ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်သူနှိပ်စက်သတုံး....(တဏှာ မာန ဒိဋ္ဌိ နှိပ်စက်ပါတယ်) ဇာတ်ကောင်ကတော့ တဏှာ မာန ဒိဋ္ဌိ-ဆိုတဲ့ အရိပ်သုံးခုနော်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတွေ့ အထည်နှိပ်စက်လို့ သံသရာထဲ အိုရ၊ နာရ၊ သေရယင် ကိစ္စမရှိပါဘူး ဦးခင်မောင်ရဲ့၊ အထည်နဲ့ ရိုက်တာကိုး....(မှန်ပါ့)။

အခုတော့ ခင်ဗျားတို့မှာ ဘာနဲ့ရိုက်တာနဲ့ဘာကို အမှားကြီးမှားနေတာနဲ့ အရိပ်-ဆိုတဲ့ အမှားတော်ပုံကြီး- ကြီးတာနဲ့ ခင်ဗျားတို့ ကျုပ်တို့သည် ဘုရားအဆူဆူလဲ့၊ အပါယ်လေးပုံထဲမှာ အမြဲနဲ့ပြီးသကာလ နေရတာ သြော်.... အထည်ကြောင့်လား၊ အရိပ်ကြောင့်လားသာ စဉ်းစားကြပေတော့.... (အရိပ်ကြောင့် ပါဘုရား)။

ခင်ဗျားတို့ ကြီးလဲကြီးကြပြီ၊ အရိပ်မကဲ့သေးတာ ခက်တယ်၊ မဟုတ်ဘူးလား....(မှန်ပါ့) ကြီးလဲ ကြီးကြပြီကော.... တကာတကာမတွေ့ အသက် ဘယ်လောက်ရှိကြပလဲဆိုယင် ထိုက်တန်သလောက် အသက်တွေ့ကဖြင့် တော်တော်ပါးနပ်ဘို့ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

အထည်နှိပ်စက်လို့ ရှိယင် ဒို့နာတယ်, ကျင်တယ်, ကိုက်တယ်, ခဲတယ်, ခံလိုက်တယ်....(မှန်ပါ့) အရိပ် နှိပ်စက်တာက နာတာ ကျင်တာ ကိုက်တာ ခဲတာက ဖြစ်နိုင်ကြရဲ့လား....(မဖြစ်နိုင်ပါဘုရား)။

မဖြစ်နိုင်ပေမဲ့ ခင်ဗျားတို့ တသံသရာလုံး ဒီတဏှာ မာန ဒိဋ္ဌိကြောင့် ခင်ဗျားတို့သည် ဘုံဘဝတွေမှာ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခတွေနဲ့ မနေရဘူးလား၊ နေရသလား....(နေရပါတယ်ဘုရား)။

နေရတာ ဘုန်းကြီး ရှင်းပြတော့ တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏဟာ တဏှာရှိယင် လာမယ် တကာ တကာ မတို့....(မှန်ပါ့)။

မာနဟာလဲ တဏှာနဲ့ အတူတူဘဲ....တဲ့၊ ယှဉ်ဖေါ် ယှဉ်ဖက် သမွယ်တူ ဓမ္မဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ မာန, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ, လာထိုက်-မလာထိုက်....(လာထိုက်ပါတယ်ဘုရား) ဒိဋ္ဌိကလဲ တဏှာနဲ့၊ သဟဇာတဘဲ၊ ဒိဋ္ဌိ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏကျအောင် မသွားဘူးလား....(သွားပါတယ်ဘုရား)။

ဒါဖြင့် သူတို့သည် သံသရာ့ရေသောက်မြစ်သုံးခု ပေါ်လာတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ) သံသရာဆက် ပေးတဲ့ ရေသောက်မြစ်သုံးခု မဟုတ်ဘူးလား၊ ဟုတ်သလား.... (ဟုတ်ပါတယ်ဘုရား)။

သံသရာရေသောက်မြစ်သည် ဘယ်သူပါလိမ့် တကာ တကာ မတို့....(တဏှာ,မာန,ဒိဋ္ဌိပါဘုရား) အထည်လား၊အရိပ်လား.... (အရိပ်ပါဘုရား)။

ခက်လိုက်တာ၊ တပည့်တော်တို့ အရိပ်ကြောင့် သံသရာ လည် ရတယ် ဘုရာ့၊ အရိပ်ကြောင့် ဘုရားအဆူဆူနဲ့ လွဲရတယ်၊ အရိပ် ကြောင့် အပါယ်လေးပါးမှာ အမြဲနေရတယ်ဘုရာ့-လို့ တကာ တကာမတွေ ယနေ့ လျှောက်နိုင်ပလား .... (လျှောက်နိုင်ပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အရိပ်နဲ့ အထည်ကို မကွဲခဲ့ပါဘူး၊ တသံ သရာလုံး မကွဲခဲ့ဘူး....(မှန်ပါ့) နောက်က တကာတကာမတွေ သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ဘာများမက္ခဲ့ခဲ့သတုံး နောက်က....(အရိပ်နဲ့အထည် မက္ခဲ့ခဲ့ပါဘုရား) အရိပ်နဲ့ အထည်နဲ့ မက္ခဲ့ခဲ့တော့ များသောအားဖြင့် နှိပ်စက်တာက ဘယ်သူနှိပ်စက်သတုံး-(အရိပ်က နှိပ်စက်ပါတယ် ဘုရား)။

ဒါဖြင့် ဘုရားအဆူဆူနဲ့လဲတာနဲ့ အရိပ်နှိပ်စက်လို့ မျက်ရည်ကြီးငယ် ကျကြရတာကော....(အရိပ်နှိပ်စက်လို့ပါ) ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

ဒီခန္ဓာကြီးက နှိပ်စက်တယ် ဆိုတာတော့ ဟုတ်ပါတယ်၊ သို့သော်....သူတည်းဟူသော အကြောင်းခံပြီးသကာလ သူတည်းဟူသော မှန်ပေါ်မှာတည်တဲ့ အရိပ်ဖြစ်တဲ့ တဏှာ, မာန, ဒိဋ္ဌိရှိလို့ သံသရာရှည်တာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သံသရာရှည်တဲ့ ပပဉ္စတရားသုံးခုကို တကာတကာမတွေ့ တွေ့ပလား.... (တွေ့ပါပြီ) ဘယ်သူတွေ့ပါလိမ့်ဗျာ....(တဏှာ,မာန,ဒိဋ္ဌပါဘုရား)။

ခုနင်က.... ရှင်ပုဏ္ဏကာ စပြီး တရားဥပမာ ချီလိုက်ကတည်းက အထည်လား၊ အရိပ်လား....(အရိပ်ပါဘုရား)။

ဒါဖြင့် တကာတကာမတွေ့ သံသရာထဲမှာ အိုကြ, နာကြ, သေကြတာတွေ့ တဏှာ,ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏာ၊ ဒီကလဲ ဒိဋ္ဌိ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏာ-ဆိုပြီး တောက်လျှောက် ဆက်ပေးနေတာဘဲ....(မှန်ပါ့) ဘဝပေါင်း ဘယ်လောက်ဆက်သတုံး....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် သူ့ကို ပပဉ္စလို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်) ပပဉ္စဆိုတာ ဘဝတွေကျယ်အောင် ပွားအောင်လုပ်တာကို ဘာခေါ်ကြမယ်....(ပပဉ္စပါဘုရား)။

ဒါဖြင့် ပပဉ္စတရားသုံးခုသည် တကာ တကာမတို့ သတ္တဝါတွေကို ဘာလုပ်တတ်ပါသတုံး....မေးတော့ သံသရာမှာ ကျယ်အောင်, ပွားအောင် လုပ်တတ်တယ်နော်....(မှန်ပါ့)။

အိုမှ ကျယ်အောင် ပွားအောင်.... (မှန်ပါ့) နာမှကော.... (ကျယ်အောင်- ပွားအောင် လုပ်တတ်ပါတယ်ဘုရား) သေမှ-ကျယ်အောင်-ပွားအောင်....(လုပ်တတ်ပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုံဘဝတွေမှာ မရောက်ဘူး- မရှိအောင် လုပ်တာကော.... (ပပဉ္စတရားပါ) ပပဉ္စတရားဘဲဆိုတော့ သူရှောက်ခဲ့နေတာနဲ့ ကျုပ်တို့မှာ သံသရာထဲမှာ တဝဲလယ်လယ် တရစ်ပတ်ပတ်နဲ့ မနေရလား....(နေရပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ နဂိုရိတုန်းက အရိပ်နဲ့ အထည်နဲ့ မကဲ့မိတဲ့ အတွက် ခင်ဗျားတို့၏ အဖြစ်ဆိုးကြီး ကြုံရတယ်လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ဦးဘကြည်-သဘောကျပလား....(ကျပါပြီ) ဘာမကဲ့မှုတုံး.... (အရိပ်နဲ့ အထည်နဲ့ မကဲ့မှုပါဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဘုရားအဆူဆူနဲ့လဲ၊ ကမ္ဘာပျက်ထွဋ် အမျိုးမျိုးနဲ့ကြုံ၊ ဘယ့်နှယ်ကြောင့် ကြုံပါလိမ့်မတုံး.... ဆိုတော့ ပုထုဇဉ်မျက်လုံးနဲ့. ကိုယ့်ခန္ဓာတည်းဟူသော မှန်ကို ကိုယ်ကြည့်

လိုက်ပြီဆိုမှဖြင့် တဏှာ, မာန, ဒိဋ္ဌိ အရိပ်က ထုတ်လာ၊ ထုတ်လာတော့ ဒီက ကြည့်တိုင်း ကြည့်တိုင်း ဒီသုံးခုက ထုတ်လာတာဘဲ၊ ပုတုဇဉ်သာကြည့်....(မှန်ပါ့)။

ဆရာကောင်း သမားကောင်းဆီမှာ နည်းနာ နိဿယ မရဘဲနဲ့ ရှိယင်ဖြင့် ဒီသုံးခုဟာ ပြောင်ဝင်လာတယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒီသုံးခုသည် တခါတည်း တဏှာပါလာတယ်ဆိုလို့ရှိယင်ဖြင့် တဏှာဆိုတာ လောဘမူစိတ် ရှစ်ခုမှာရှိတဲ့၊ သူနဲ့ သဟဇာတဖြစ်တဲ့ လောဘ စေတသိက်ကိုခေါ်တာဆိုတော့ လောဘမူစိတ် ရှစ်ခုဟာ မာနကလဲ ယှဉ်တာဘဲ၊ ဒိဋ္ဌိကော ယှဉ်ပါတယ်....(မှန်ပါ့)။

ဒိဋ္ဌိယှဉ်ပြီးသကာလနေတော့ ဒီသုံးခု ပြောင်ဝင်လာတာဘဲဆိုတာ တကာတကာမတို့ ဘာမျက်လုံးတပ်ပြီး ဘာကြည့်လို့ပါလိမ့် .... (ပုထုဇဉ်မျက်လုံးတပ်ပြီး ခန္ဓာငါးပါး ကြည့်လို့ပါဘုရား) ပုတုဇဉ်မျက်လုံးတပ်ပြီးတော့ ခန္ဓာငါးပါးမှန်ကို ကြည့်တယ်။

ခန္ဓာငါးပါးဆိုတာ ဘုန်းကြီးက ထည့်ပြောတာ ခင်ဗျားတို့ နားလည်အောင်လို့....(မှန်ပါ့) ပုထုဇဉ်မျက်လုံးတပ်ပြီးတော့ ကိုယ့်ကိုယ်ကြည့်တာ ခင်ဗျားတို့အလိုကျတော့....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျေပါပြီဘုရား)။

ခန္ဓာငါးပါးရယ်လို့ မပေါ်လာတော့ဘူး၊ ပုထုဇဉ်မျက်လုံးတပ်ပြီး ကိုယ့်ကိုယ်ကြည့်လိုက်တာနဲ့ ဘာတွေပေါ်လာသတုံး.... (တဏှာ မာန ဒိဋ္ဌိတွေ ပေါ်လာပါတယ်ဘုရား)။

အဲ....ပုထုဇဉ်မျက်လုံးတပ်၊ ကိုယ့်ကိုယ်ကြည့်တော့ တကာသိုက်- ဘာတွေတဲ့ .... (တဏှာ မာန ဒိဋ္ဌိတွေ ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာ မာန ဒိဋ္ဌိဟာ အထည်လား- အရိပ်လားလို့ တခါ ဆက်လက်ပြီးတော့ မေးပြန်တော့....(အရိပ်ပါဘုရား)။

ဒါဖြင့် သတ္တဝါနှိပ်စက်တာ အထည်က နှိပ်စက်တာလား- အရိပ်က နှိပ်စက်တာလား....(အရိပ်က နှိပ်စက်တာပါဘုရား) ဒါဟာ.... အခံရအခက်ဆုံးဘဲ၊ ဘယ့်နှယ်တုံး - ဦးခင်မောင်.... (မှန်ပါ-ရှက်ဘို့ကောင်းပါတယ်ဘုရား)။

အရိပ်နှိပ်စက်တယ်ဆိုတာ တကာတကာမတွေ သိပ်ရှက်ဘို့ကောင်းတယ်....(မှန်ပါ) အရိပ်နှိပ်စက်တယ်ဆိုတော့ ခင်ဗျားတို့ဟာ လူကြီးစိတ် မရှိဘူးဆိုတဲ့အဓိပ္ပါယ် ရောက်သွားတယ်....(မှန်ပါ) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ခလေး ကလေးတွေ၊ မွေးစပေါက် ခလေးကလေးတွေ၊ လေးဘက်သွား ခလေးတွေ မှန်နား သွားကပ်လို့ရှိယင်ဖြင့် မှန်ထဲမှာ သူ့အရိပ်ကလဲပြေးနေ၊ သူကလဲပြေးနေတော့ ချက်ချင်း အမေမီဘဆီ ပြေးလာတာဘဲ၊ မကြောက်ဘူးလား- ကြောက်သလား....(ကြောက်ပါတယ်ဘုရား)။

တခါတည်း ငိုယိုပြီး ပြေးလာတာဘဲ၊ သူ့ကို ဘယ်သူ နှိပ်စက်တာတုံး-မေးယင် ဘယ့်နှယ်ပြောမတုံး .... (အရိပ်နှိပ်စက်တာပါဘုရား)။

ဒါဖြင့် ဒီတရားပဲလူကြီးတွေပါသလားဆိုယင် ဘယ့်နှယ်ဆိုမလဲ.... (တပည့်တော်တို့ ခလေးတွေလိုဖြစ်နေပါတယ်ဘုရား)

ကဲ.... တကာ တကာမတွေ အင်မတန် ဆိုးဝါးနေတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ နေ့တိုင်း ဘာလုပ်ချင်တယ်, ဘာကိုင်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတိုင်း ငါသွားမယ်၊ ငါပြောမယ်၊ ငါကိုင်မယ်လို့ ဆိုတိုင်း-ဆိုတိုင်း ခင်ဗျားတို့ ဒီခန္ဓာကြီးမာလို့ ပြောတဲ့စကား....(မှန်ပါ့)ဒီခန္ဓာကြီးမာလို့ ပြောတဲ့စကား ဦးလှဒီ့ပြင် ဘာပါသေးသတုံး....(မပါ-ပါ) မထနိုင်လို့လဲနေယင် ပြောကို့မပြောဘူး....(မှန်ပါ့) ငါလုပ်မယ်- ငါကိုင်မယ်- ငါရှာမယ် လာသေးရဲ့လား....(မလာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဘာကြည့်ကြည့် ပြောနေတာတုံး၊ ဒီတက္ကာ,မာန ဒိဋ္ဌပေါ်လာတာက.... (ခန္ဓာငါးပါးကြည့်ကြည့် ပြောတာပါ) ခန္ဓာကြည့်ပြီးသကာလ တက္ကာ,မာန,ဒိဋ္ဌအရိပ်က ထွက်ထွက်မနေဘူးလား....(ထွက်ပါတယ်ဘုရား)။

ထွက်နေတော့ ဒီအလုပ် သိမ်းပါတော့ဆိုယင် နည်းနည်း အရှယ်ကလေး ကျန်သေးတယ်၊ မသိမ်းနိုင်ဘူး၊ သိမ်းနိုင်ကြရဲ့လား.... (မသိမ်းနိုင်ပါဘုရား) ဘာဖြစ်လို့ မသိမ်းနိုင်တာလဲ ဒီခန္ဓာကြည့်နေတယ်၊ သဘောကျပလား....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ မသိမ်းနိုင်,မဆည်းနိုင် အမောအပန်းခံနိုင်တာလဲ ရိပ်မိကြရောပေါ့ .... (ရိပ်မိပါပြီ) ပုထုဇဉ်မျက်လုံးနဲ့ ဘာကိုကြည့်သလဲ .... (မိမိခန္ဓာကိုကြည့်ပါတယ်ဘုရား)အဲ....မိမိခန္ဓာဆိုလို့ ခန္ဓာငါးပါးသာ အမှန်မြင်ယင် ခင်ဗျားတို့ နိဗ္ဗာန်ရောက်ခဲ့ပြီ....(မှန်ပါ့) ဟုတ်ပလား.... (မှန်ပါ့ဘုရား)။

ပုထုဇဉ်မျက်လုံး ဘာကိုကြည့်ပါလိမ့် .... (မိမိကိုယ်ကိုကြည့်ပါတယ်) အဲ.... ပုထုဇဉ်မျက်လုံး မိမိကိုယ်ကို ကြည့်လိုက်တော့ လုပ်နိုင်သေးတယ်၊ ကိုင်နိုင်သေးတယ်၊ သူများအောက်မကျဘူး၊ မလာသေးဘူးလား- လာမလား....(လာပါတယ်ဘုရား)။

အင်း....ဒါဖြင့် တကာတကာမတို့ အကြည့်ကဖြင့် ငံကောင်းကောင်းကြီး လွဲနေပေါ့....(မှန်ပါ့) မလွဲသေးဘူးလား .... (လွဲပါတယ်ဘုရား)။

ဒါဖြင့် ဒီဥစ္စာကို စဉ်းစားကြည့်တဲ့၊ ဒီဥစ္စာနဂိုရ်ကအရိပ်ဆိုတော့ ငါကောဟုတ်ကဲ့လား....(မဟုတ်ပါ) သူတပါးကော.... (မဟုတ်ပါ) သက်သက် ငါသူတပါး မဟုတ်တာကြီးခင်ဗျား တို့ကို နှိပ်စက်နေတာ....(မှန်ပါ့)ရှင်းပလား....(မှန်ပါ့)။

ငါနှိပ်စက်တာလို့ကော ဆိုမလား....(မဟုတ်ပါ) သူတပါး နှိပ်စက်တာလို့ကော....(မဆိုနိုင်ပါ) ဘယ်သူနှိပ်စက်နေတာတုံး (အရိပ်ကနှိပ်စက်နေတာပါ) ငါ သူတပါးမဟုတ်တဲ့ တရားက နှိပ်စက်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ငါလဲမဟုတ်တဲ့တရား၊ သူတပါးလဲ မဟုတ်တဲ့တရားဆိုတော့ လောကကြီးထဲမှာ ဒီအနှိပ်စက် ခံရတာလောက် ခင်ဗျားတို့ ရှက်စရာကောင်းတာတော့ ရှိကို- မရှိတော့ဘူးဗျ .... (မရှိပါဘုရား)။

ဦးဝင်း အခု ဘယ်သူနှိပ်စက်နေသလဲ ခင်ဗျားကို .... (ငါ-သူတပါးမဟုတ်တဲ့ တရားက နှိပ်စက်နေပါတယ်) ဦးဘကြည် ငါ-သူတပါးမဟုတ်တာနော်၊ မဟုတ်တာထည့်ပါဦး....(မှန်ပါ့)

ငါ-သူတပါးဟုတ်ကဲ့လား....(မဟုတ်ပါ) ငါ- သူတပါးမဟုတ် တာက ဘယ်နှယ်တုံး....(နှိပ်စက်နေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ငါကနှိပ်စက်တာမဟုတ်ဘူး၊ သူတပါးကလဲ နှိပ်စက်တာမဟုတ်ဘူး၊ ငါ- သူတပါးမဟုတ်တဲ့တရားက.... (နှိပ် စက်နေပါတယ်ဘုရား)။

ဒါဘယ်နှယ်လုပ်ပြီး ဦးကံမင်း နှိပ်စက်မတုံး၊ မင်းကိုဘယ်သူ နှိပ်စက်သတုံးဆိုတော့ ဒါဖမ်းလို့လဲ မိမှာမဟုတ်ဘူးဗျ(မှန်ပါ့) အတော့ကိုခက်နေတာ၊ မခက်ဘူးလား.... (ခက်ပါတယ်ဘုရား) သူတပါးက နှိပ်စက်တယ်ဆိုလို့ ရမလား....(မရပါဘုရား)။

သူ့ဟာသူ သေကြောင်းကြံတယ်ဆိုလို့ကော ရမလား .... (မရပါဘုရား) ငါလဲမဟုတ်ဘူး၊ သူတပါးလဲမဟုတ်ဘူး၊အဲဒါ ဘာကနှိပ်စက်နေသတဲ့....(မှန်ပါ့ဘုရား)။

ပုထုဇဉ်မျက်စိလည်နေတာ ပြောပါတယ်(မှန်ပါ့) ပုထုဇဉ် မျက်စိလည်နေတာ ဦးခင်မောင် နည်းနည်းဘဲလား....(အမျှားကြီးပါဘုရား) ဘာပုဒ်မတပ်ပြီး ခင်ဗျားတို့ ဖမ်းမတုံး၊ ဘာမှ မဖမ်းနိုင်ဘူး၊ ဒီလိုမေးရမှာကိုး- ရိပ်မိပလား .... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ နှိပ်စက်နေတဲ့ လက်သည်ဟာ သေသေချာချာ အထည်မရှိဘဲနဲ့ နှိပ်စက်နေတာ.... (မှန်ပါ့) ဦးဘကြည် ကောင်းကောင်းသဘောကျပလား .... (မှန်ပါ့) နောက်က တကာတကာမတွေ ဘယ်နှယ်နေကြသတုံး (အထည် မရှိဘဲနဲ့ နှိပ်စက်နေပါတယ်) ငါ- သူတပါးမဟုတ်တဲ့တရားက နှိပ်စက်နေတယ်....(မှန်ပါ့ဘုရား)။

ကိုထွန်းဦး ရှင်ပုဏ္ဏဟောပုံ ဒေသနာဟာ ဘယ်လောက်ရှင်းသတုံး....(မှန်ပါ့) အင်မတန်ရှင်းတယ်၊ နဂိုရိကရှင်းထားလို့ ခင်ဗျားတို့ ဒီဥစ္စာ ပရမတ်မှာသွားပြီးရှင်းတာ(မှန်ပါ့)နဂိုရိကပညတ်နဲ့ဥပမာရှင်းထားလို့ ပရမတ်မှာ ရှင်းသွားတာ (မှန်ပါ့) နို့မဟုတ်ယင် ဥပမာကမရှင်းခဲ့လို့ ရှိယင် ဥပမေယျကျတော့.... (ရှုပ်နေမှာပါဘုရား) မရှင်းနိုင်တော့ဘူး။

တကာတကာမတွေ့ ဒီနေ့တရား ကောင်းကောင်းကျေနပ်ကဲ့လား....(ကျေနပ်ပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ငါကလဲ နှိပ်စက်တာမဟုတ်ဘူး၊ သူတပါးကလဲ နှိပ်စက်တာမဟုတ်ဘူး အရိပ်နှိပ်စက်တဲ့သဘောဘဲ.... (မှန်ပါ့) အထည်မရှိတဲ့အရိပ်က နှိပ်စက်နေတဲ့သဘောဘဲ....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အရိပ်နှိပ်စက်တဲ့ သဘောသည်ကားလို့ ဆိုယင် အရိပ်သည် သတ္တဝါကို ဘာလုပ်တတ်သတုံးလို့ မေးတဲ့အခါ အရိပ်ချည်းသက်သက်ဖြင့် သတ္တဝါကို ဦးဘကြည် ဘာလုပ်တတ်သတုံး .... (ဘာမှမလုပ်တတ်ပါ) ဘာမှမလုပ်တတ်ဘူး၊ ဘာမှမလုပ်တဲ့ ဇာရုံးကလုပ်တတ်အောင် ဘာမှမဟုတ်တဲ့ တရားက ခင်ဗျားတို့ကိုယ့်အဟုတ်နဲ့ကိုယ် တခါတည်း ဒုက္ခ ရောက် ကုန်တာဘဲ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာနဲ့ ဒုက္ခရောက်ကြသတုံး (ကိုယ့်အထင်နဲ့ကိုယ် ဒုက္ခရောက်ပါတယ်ဘုရား) ဖြစ်မှဖြစ်ရလေဗျာ- သစ်ပင်ကြီးကို သရဲထင်ပြီး လန့်များသေတဲ့ဥစ္စာကို ကိုယ့်အထင်နဲ့ ကိုယ်သေတာဘဲ(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ညမှောင်နေတဲ့အခါကျတော့ ကိုယ်ကလဲ မရောက်ဘူးတော့ ဒီဥစ္စာ သရဲသဘက်ထင်ပြီးသကာလ ဘီလူးတွေ ထင်တယ်ဆိုပြီး သကာလ လန့်ဖြန့်သေတာတွေဟာလဲ သစ်ပင်က သတ်တာလဲ မဟုတ်ဘူး၊ မဟုတ်ဘူးလားဗျာ....(မှန်ပါ့)။

သူ့ဟာသူ အထင်မှားတဲ့မျက်လုံးနဲ့ တပ်ပြီးကြည့်ပြီးသကာလ သူ့ဟာသူ လုပ်တဲ့သဘောက သူ့ကိုသတ်တာ....(မှန်လှပါ) သူ့ဟာသူ သရဲလုပ်ပစ်လိုက်တာကိုး၊ အဲဒီ သရဲလုပ်ပစ်လိုက်တာက သူ့ကို သတ်တာ....(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သရဲသတ်တာကော ဟုတ်ပါ့ရဲလား.... (မဟုတ်ပါဘုရား) သစ်ပင်က သတ်တာကော....(မဟုတ်ပါဘုရား)သူ့လုပ်ချက်နဲ့သူ သေရတာ၊ သူ့အထင်မှားနဲ့ သူသေတယ် မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ခင်ဗျားတို့ သုံးဆယ့်တဘုံ ကျင်လည်ရတာကော.... (ကိုယ့်အထင်နဲ့ကိုယ် လည်ရတာပါဘုရား)ကိုယ့်အထင်မှား ထည့်လိုက်ပါဦး၊ ဘယ်လိုဆိုကြမလဲ....(ကိုယ့်အထင်မှားက ကိုယ်သတ်တာပါဘုရား) ကိုယ့်အထင်မှားနဲ့ကိုယ် ဒုက္ခရောက်ကြတာဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်အထင်မှားနဲ့ကိုယ် ဒုက္ခရောက်တာသည် ခင်ဗျားတို့ အခုအချိန်မှာ ဆရာကောင်း, သမားကောင်း တွေ့တုန်းမှ မပြင်တော့ပါဘူးဆိုယင် ဒါ....ပြင်နည်း ဟောရဦးမှာကိုး....(မှန်ပါ့) ပြင်နည်းကို သေသေချာချာ ဟောရမယ်။

အခုဟာက အမှားပုံ သေချာအောင်လို့ပြောတာ....(မှန်ပါ့ဘုရား) မှားပုံသေချာတော့ ပြင်လိုက်တော့ လွယ်တယ်ပေါ့ဗျာ (မှန်ပါ့)။

မှားတာမှ မှားမှန်း မသိသေးတော့ မှားပုံကိုဘဲ အရေးအကြီးအကျယ် နာရီဝက်လောက် ပြောရမယ်....(မှန်ပါ့)မပြောရပေဘူးလား....(ပြောရပါတယ်ဘုရား) ခင်ဗျားတို့အမှားတော် ပုံကြီးတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဘယ်လို့ပေါ်သတုံး.... (ကိုယ့်အထင်မှားနဲ့ကိုယ် ဒုက္ခရောက်တာပါဘုရား) ကိုယ့်အထင်မှားနဲ့ ကိုယ် ဘယ်သွားရသတုံး၊ သံသရာထဲသွားရတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူ လာပြုတာကော ဟုတ်ပါရဲ့လား.... (မဟုတ်ပါဘုရား) ဘယ်သူ့ကြောင့်ဆိုတဲ့ လက်သည် ပေါ်ရောပေါ့ဗျာ.... (ပေါ်ပါပြီဘုရား) ဘာပါလိမ့်.... (ကိုယ့်အထင်မှား ကိုယ်ပြုလုပ်ပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ပုထုဇန်မျက်လုံးတပ်ပြီးသကာလ မိမိကိုယ်ကို ကြည့်လိုက်မိတာနဲ့ တဏှာ,မာန,ဒိဋ္ဌိတည်းဟူသော အရိပ်ဟာ ပေါ်လာသောကြောင့် အဲဒါကိုဘဲ ငါ-သူတပါး လုပ်တဲ့ပြီးသကာလ ခင်ဗျားတို့က ထင်ပြီးသကာလ နေသောကြောင့် အပါယ်လေးပါးတို့ သံသရာသုံးဆယ့်တတုံထဲသို့ လှည့်ပြေးပြီးသကာလ လည်ကြရတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင်လို့ရှိယင် ကိုယ့်အထင်မှားပျောက်ဘို့ဘဲ အရေးကြီးတယ်....(မှန်ပါ့)။

ကောက်နှုတ်ချက်ချပြီ နိဗ္ဗာန် ရောက်ချင်ယင် ဘာလုပ်ရ မတုံး....(ကိုယ် အထင်မှားကို သတ်ရမှာပါဘုရား) ကိုယ် အထင်မှား ပျောက်ဘို့ ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကိုယ် အထင်မှားဖျောက်ဘို့ ဆိုတော့လဲ ခုနင်က ဥပမာပေးတုန်းက ပြခဲ့တာက အတော် ရှင်းသွားပြီ၊ ဒီဘက်က ဘာတဲ့ မှန်၊ ဒီဘက်က ကြည့်တဲ့လူ၊ ဒါက ဘာတုံး....(အရိပ်ပါဘုရား) ဒီအရိပ်ဟာ ငါလားလို့ မေးပြန်တော့.... (မဟုတ်ပါဘုရား) သူတပါးလားလို့ မေးပြန်တော့.... (မဟုတ်ပါဘုရား) ဒါဖြင့် ငါလဲမဟုတ်၊ သူတပါးလဲ မဟုတ်ဆိုတဲ့ သဘောကလေး ဟာ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ....ဒီဥစ္စာကလေး ငါ-သူတပါးမဟုတ်တာ ဆိုတာကလေး ခင်ဗျားတို့ ရှင်းပြီးသကာလ.... သွားတော့ ဒါကလေး မပေါ်အောင် ခင်ဗျားတို့ ဒါကလေးဟာ အမှားသုံးချက်ကိုးဗျနော်....(မှန်ပါ့)။

အမှားသုံးချက်မပေါ်အောင် ဘယ်ကနေပြီးသကာလ ဖြုတ်ရမလဲလို့ မေးခွန်းထုတ်ဘို့ လိုလာတယ်.... (လိုလာပါတယ်ဘုရား)။

အမှားသုံးချက်ကတော့ဖြင့် ပုထုဇန်မျက်လုံးနဲ့ မိမိကိုယ်သာ ကြည့်ယင်....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် လူ့ချည့်သက်သက် တကာတကာမတို့ ပုထုဇန်ချည့်သက်သက်သည် မှန်မရှိလို့ ရှိယင်လဲ ဒီအရိပ် ထုတ်ပါ့မလား.... (မထုတ်ပါဘုရား) ဒီက မှန်မရှိလို့ ရှိယင်လဲ ဒီအရိပ်ကော.... (မထုတ်ပါဘုရား) မထုတ်နိုင်ဘူးနော်....(မှန်ပါ့)။

ဒါဖြင့် ဒီကလဲပြောင်း ဟုတ်လား၊ ဒီကလဲ ပြောင်းရမယ် (မှန်ပါ့) မပြောင်းယင် မဖြစ်ဘူး....(မှန်ပါ့)။

ဒီက ပုထုဇန်အဖြစ်က "သုတဝါ အရိယသာဝကော" ဖြစ်ရလိမ့်မယ်၊ တရားနာပြောင်းရမယ်....(မှန်ပါ့) ဒီကလဲ ပြောင်းမှ ရမယ်.... (မှန်ပါ့) ဦးဘကြည် ဒီက မပြောင်းယင်ကော.... (မရပါဘုရား)။

ဒီကလဲပုထုဇန်တော့ ပုထုဇန်ဘဲ၊ ပုထုဇန်ပေမဲ့ အသုတဝါနဲ့ သုတဝါပြောင်း....(အကြားအမြင်များတဲ့ ဆရာကောင်း,သမား ကောင်းနဲ့ ပေါင်းသင်းတဲ့ပုဂ္ဂိုလ်အဖြစ် ပြောင်းလိုက်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီကလဲ ပြောင်းရလိမ့်မယ် တကာ တကာမတို့၊ ဒီကလဲ မပြောင်းလို့ရှိယင် ရကိုမရပါဘူး....(မှန်ပါ့) ဒီက မပြောင်းလို့ ရှိယင် ဒီက ငါဖြစ်နေလို့ရှိယင်ဖြင့် ငါ့ကိုယ် ဖြစ်နေလို့ရှိယင် နေရာမကျသေးတော့ ဒီကလဲ အနိစ္စပြောင်းရမယ်.... (မှန်ပါ့) ဒီက အနိစ္စပြောင်း၊ ဒီက သုတဝါနှစ်ခုပြောင်း၊ ဒါမှကိုက်တယ် (မှန်ပါ့ဘုရား) ဦးဘကြည် ပြောင်းနည်း သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီက ဘာလုပ်ရမတုံး.... (သုတဝါ ပြောင်းရပါမယ်ဘုရား) ဒီက သုတဝါဖြစ်တော့ ဒီက အနိစ္စသဘောပြောင်း၊ ဒီက အနိစ္စ၊ ဒီက သုတဝါ၊ သဘောကျပလား.... (ကျပါပြီဘုရား) အနိစ္စနဲ့သုတဝါတွဲပါမှ ဒါ-ပြောင်း....(မှန်ပါ့)။

အနိစ္စနဲ့ သုတဝါနဲ့ တွဲယင် ဘာတုံး၊ ဒီက သုတဝါ ရကတည်းက အကြားအမြင်များတဲ့ပုဂ္ဂိုလ် ရကတည်းက တကာ

တကာမတို့ ဒီဥစ္စာ အနိစ္စဖြစ်ရတော့မယ်....(မှန်ပါ့) မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဖြစ်တော့ ဒီဟာသည် အနိစ္စဖြစ်သွားတော့ ငါအဖြစ်မှ ငါ့ကိုယ်အဖြစ်မှ သူတို့ မပျောက်ပေဘူးလား-ပျောက်မလား.... (ပျောက်ပါတယ်ဘုရား)။

ပျောက်တော့ ဒါကမရှိ ဒါကလဲ ပြောင်းပြီးသား ဒါကလဲ မှုန်အဖြစ်နဲ့ မရှိတော့ဘူး၊ ငါအဖြစ်နဲ့ကော.... (မရှိပါဘုရား) ငါ့ကိုယ်အဖြစ်နဲ့ကော....(မရှိပါဘုရား)။

မရှိတဲ့အခါကျလို့ရှိယင်ဖြင့် ဒီမှုန်ကနေပြီးသကာလ ဦးကြိုင်ဖျက်လိုက်နော်၊ ဒီကတော့ တရားနာရုံနဲ့ကိစ္စပြီးတယ်....(မှန်ပါ့ဘုရား)။

သုတဝါဖြစ်တာ သုတဝါ=အကြားအမြင်မျှားသောပုဂ္ဂိုလ် ဆိုလို့ရှိယင်ဖြင့် ဒါ...အကြားအမြင်မျှားအောင် တရားနာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီက ဘာဖြစ်အောင်လုပ်ရမလဲ....(သုတဝါဖြစ်အောင် လုပ်ရပါမယ်ဘုရား) အကြားအမြင်မျှားအောင်လုပ်ရမယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒီဘက်က ဘာသင်ပေးရမတုံး-(အကြားအမြင်မျှားအောင် သင်ပေးရပါမယ်ဘုရား)။

ဒါဖြင့် အကြားအမြင်မမျှားတဲ့ပုဂ္ဂိုလ်မျှား ဦးဘကြည်တို့, ဦးစံရီတို့က စဉ်းစား၊ ဦးလှတို့က စဉ်းစား၊ ဘယ်တော့မှ နိဗ္ဗာန်မရောက်တော့ဘူး....(မှန်ပါ့) ဘယ်တော့ တို့ဟာ ပြင်ဖြစ် ဦးမှာတုံး....(မပြင်ဖြစ်ပါဘုရား) ပြင်နိုင်သေးရဲ့လား.... (မပြင်နိုင်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဘယ်လိုလုပ် နေကြ ငြားသော်လဲ ဒီမှန်က အနိစ္စအဖြစ်သို့မရောက်၊ ဒီကလဲ သုတဝါမဖြစ်သေးလို့ ရှိယင်ဖြင့် ဒါဟာ ဘယ်သူပယ်-ပယ် မရဘူး.... (မှန်ပါ့) ရပါ့မလား....(မရပါဘုရား) အရိပ်သုံးခု ပယ်နိုင်ကြပါ့မလား.... (မပယ်နိုင်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် တဏှာ, မာန, ဒိဋ္ဌိ သုံးခုတည်းဟူသော အရိပ်မထွက်ပါမှဘဲ သံသရာပြတ်မယ်....(မှန်ပါ့)တဏှာ, မာန,ဒိဋ္ဌိ အရိပ်သာထွက်နေဦးမယ်ဆိုယင်ဖြင့်....(သံသရာ မပြတ်ပါဘုရား) သံသရာပြတ်နိုင်တဲ့ အခြေအနေ ရှိကြပါ့မလား.... (မရှိပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ သံသရာ ပြတ်ချင်လို့ ရှိယင် သုတဝါဖြစ်အောင် တရားနာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အကြားအမြင် များအောင် တရားနာပါ၊ တရားနာတဲ့ အခါကျလို့ ရှိယင် တရားနာတဲ့ပုဂ္ဂိုလ်သည် ယောနိသော မနသိကာရနဲ့ နှလုံးသွင်းလိုက်ပြီဆိုမှဖြင့် ဒါတွေဟာ အနိစ္စသဘောတွေ ပေါ်လာလိမ့်မယ်....(မှန်ပါ့) အနိစ္စသဘော ပျက်စီးသွားတယ်....(မှန်ပါ့) ပျက်စီးသွားတော့ မှန်ကြည်သေးသလား၊ အရိပ်ထွက်စရာ ထွက်နိုင်သေးရဲ့လား....(မရှိပါဘုရား) မှန်ကို ချလိုက်တာကိုးဗျ၊ မှန်ကို ရှိသေးရဲ့လား.... (မရှိပါဘုရား)။

မရှိတော့.... ဒီကလဲ သုတဝါဖြစ်သွားတော့ ဟိုကလဲ မှန်ကျတော့ ဒီမှာ အရိပ်ထွက်စရာ လာသေးရဲ့လား.... (မလာပါ

အာဟုရား) မလာတော့ ဒီတဏှာ,မာန,ဒိဋ္ဌိ ပေါ်ခွင့်ရသေးရဲ့လား-(မရပါဘုရား)။

ဒီကလဲ သုတဝါဖြစ်သွားတော့ကို.... ခုနင်က အသုတဝါ ပုတုဇ္ဇနော၊ ဒီက သုတဝါ အရိယသာဝကော....(မှန်ပါ့) ရှင်းပလား.....(ရှင်းပါပြီဘုရား)။

ဒီဘက်က မြင်တာက နှစ်ခုနော် ....(မှန်ပါ့) အသုတဝါ ပုဇ္ဇနောတုန်းကတော့ ဒီကလဲ သုတဝါ အရိယသာဝကော ဖြစ်ရမယ် ဒီက....(မှန်ပါ့) ရိပ်မိပလား.....(ရိပ်မိပါပြီဘုရား)။

သုတဝါ အရိယ သာဝကော ဖြစ်မှသာလျှင် ဒီက ငါလဲ အနိစ္စ·ဆိုတဲ့ဥစ္စာ မှန်သဘောမှ ပျောက်ပြီးသကာလ ပျက်စီးခြင်း သဘောသို့ မရောက်ပေဘူးလား.... (ရောက်ပါတယ်) ဦးဝင်း-ကျေနပ်ပလား .... (ကျေနပ်ပါပြီ) ဦးစံရီတို့ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်နှစ်ခု ပြင်ရမှာတုံး....(နှစ်ခုပြင်ရမှာပါ) နှစ်ခုပြင်နော်....(မှန်ပါ့) ဒီက အသုတဝါ ပုထုဇ္ဇနောကို ဘာလုပ်ကြမယ်(သုတဝါ အရိယ သာဝကဖြစ်အောင် လုပ်ရပါမယ်)။

အသုတဝါ ပုထုဇ္ဇနောဆိုတဲ့ အကြားအမြင်မရှိတဲ့ ပုထုဇဉ် ဆိုယင် ဒီအရိပ်ထွက်မယ်၊ မထွက်ပေဘူးလား .... (ထွက်မှာပါဘုရား) သုတဝါ အရိယ သာဝကော ဆိုလို့ ရှိယင် ဒီအရိပ်ထွက်ပါဦးမလား....(မထွက်ပါဘုရား)။

ဘာ့ကြောင့်မထွက်သတုံး၊ ဒီဥစ္စာကို အထည်အဖြစ်နဲ့ မထားတော့ဘူး....(မှန်ပါ့) တကာတကာမတို့ အနိစ္စ, ဒုက္ခ, အနတ္တ အဖြစ်နဲ့ မထားပေဘူးလား....(ထားပါတယ်ဘုရား)။

ထားတော့ကို သုတဝါ ပုထုဇဉ်နောက အနိစ္စ,ဒုက္ခ,အနတ္တကို ရှုလိုက်ပါတယ်....(မှန်ပါ့)ဒီအရိပ်တွေ ထွက်ဦးမလား....(မထွက်ပါဘုရား)။

ဒီကမှန်လဲကဲ့သွားပြီ၊ ဒီကလဲ ပုထုဇဉ်အဖြစ်မှ လွှန်မြောက်သွားပြီ .... (မှန်ပါ့ဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ .... ဒါဟာ ကလျာဏပုထုဇဉ် ဖြစ်ယင်ဘဲ ဒါ.... တော်တော်ပြုတ်ပါတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....တကာတကာမတို့ ဒီနေ့တရားသည် ကောင်းကောင်းပေါ်ရဲ့လား....(ပေါ်ပါတယ်ဘုရား) ခင်ဗျားတို့ ဒါ-တသက်တကိုယ် တခါ တွေ့ရတာဘဲ ဒီတရား....(မှန်ပါ့)။

ခင်ဗျားတို့ ဒီလိုထင်ထင်ရှားရှားတွေ့ဘို့ ဦးဘအုန်း-အတော်ခက်ပါတယ်....(ခက်ပါတယ်ဘုရား)ပေါ်လာတာလဲမသိပါဘူး၊ ဘာမျက်လုံးတပ်ပြီးသကာလ ဘယ်လိုကြည့်လို့ ဒါပေါ်တယ်ဆိုတာကိုဘဲ အို....တဏှာ, မာန, ဒိဋ္ဌကြောင့် ခက်တယ် ဆိုတာတော့ဖြင့် ကြားဘူးကြမှာပေါ့ဗျာ....(မှန်ပါ့)။

သို့သော်....ဒီ တဏှာ,မာန,ဒိဋ္ဌက ဘယ်လိုကြောင့် ပေါ်လာပါလိမ့်မတုံး....လို့ ဆိုတာ ရှင်ပုဏ္ဏက အကြောင်းနှစ်ခုပြတယ်....(မှန်ပါ့) အင်မတန် မပေါ်လွှင်ဘူးလား....(ပေါ်လွှင်ပါတယ်ဘုရား)။

အဲဒီတော့ မိမို, သူတပါး, နှစ်ဦးသား မဟုတ်တာကိုလဲ သူရှင်းပြတာ တယ်ကောင်းတယ်....(မှန်ပါ့) ဒါ မိမို-သူတပါးရော ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

မဟုတ်ပါဘူး....တဲ့၊ ဒါနဲ့ ဒါအကြောင်းအရင်းခံပြီး ဒီက အကြားအမြင်မရှိတဲ့ ပုထုဇဉ်က ဒီဟာကို ငါထင်ပြီး ဖြစ်ရတာ ပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အကြား အမြင် မရှိတဲ့ ပုဂ္ဂိုလ်က ဒီဟာကို ငါမထင်သော ကြောင့် ငါပြုတ်တယ်....(မှန်ပါ့) သူဟာ ရှင်းနေတာဘဲ.... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ အနိစ္စ, ဒုက္ခ, အနတ္တ မပါဘဲနဲ့ (ဝါ) ဒုက္ခသစ္စာကျအောင် မရှုနိုင်ဘဲနဲ့ဖြင့် ဒီတဏှာ, မာန, ဒိဋ္ဌိ သေလိမ့်မယ်-ပြုတ်လိမ့်မယ်ဆိုတာ ဘယ်သူဟောဟော မယုံနဲ့.... (မှန်ပါ့)။

ယုံစရာကော ရှိသေးရဲ့လား....(မရှိပါဘုရား) ယုံစရာ မရှိပါ ဘူး-တဲ့၊ မှန်လဲဖျက်မရ၊ ဒီကြည့်မည့် ပုတုဇဉ်ကလဲ မပြောင်း ဘူးဆိုယင် ဘယ့်နှယ်လုပ်ပြီး တဏှာ, မာန, ဒိဋ္ဌိ သေမတုံး.... (မသေပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သြော်....တဏှာ, မာန, ဒိဋ္ဌိ သေစေချင်လို့ ရှိယင်ဖြင့် တရား နာမှုဆိုတဲ့ သုတဝါအရိယသာဝကောဖြစ်အောင် တရားနာကြ ဟုတ်လား....(မှန်ပါ့)။

တရားနာတော့လဲ ဒီတရားမျိုး၊ ဒီလို တဏှာ, မာန ဒိဋ္ဌိကို သတ်တဲ့တရားမျိုးကိုနာမှ....(မှန်ပါ့) တဏှာ, မာန, ဒိဋ္ဌိ ပဲ့တဲ့ တရားမျိုး ဆိုလို့ ရှိယင်လဲ ခင်ဗျားတို့ ဒုက္ခရောက်ဦးမယ်.... (မှန်ပါ့) မရောက်ပေဘူးလား-ရောက်မှာလား....(ရောက်မှာပါ ဘုရား)။

အဲဒီတော့ သာမညဟောတဲ့ ဆရာသမားမျိုး ဆိုလို့ရှိယင်ဖြင့် ဦးဝင်း-တဏှာ, မာန, ဒိဋ္ဌိ ပွားတာကိုဘဲ ပြောချင် ပြောမိမယ်၊ မဟုတ်ဘူးလား....(မှန်ပါ့)။

ဒီဘဝထက် ဟိုဘဝ ကောင်းတယ်ဆိုလို့ရှိယင်ဖြင့် ပုထုဇဉ်ကလဲ ကြိုက်နေမှာဘဲ၊ အဲဒီတော့ တဏှာ, မာန, ဒိဋ္ဌိ မပွားမေဘူးလား....(ပွားပါတယ်) ပွားလို့ရှိယင်ဖြင့် သြော် .... ဒါပပဉ္စအားကိုးတရားဘဲလို့ မဆိုထိုက်ဘူးလား- ဆိုထိုက်သလား.... (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ တဏှာသာယာမှုကို မျော်လင့်ချက်ပေးပြီး နောင်ဘဝ ကောင်းစားရေးလောက်ကိုသာ ဦးစားပေးတဲ့ နားထောင်ကောင်းတဲ့တရားဆိုလို့ရှိယင် ပပဉ္စများတယ် (မှန်ပါ့)။

သံဝေဂရတဲ့တရား ဆိုလို့ ရှိယင် ခင်ဗျားတို့ ပပဉ္စ ချုပ်ပါတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နားထောင်ကောင်းတဲ့ တရားမျိုးဆိုယင် များသောအားဖြင့် ဘာဆိုကြမယ် .... (ပပဉ္စပွားပါတယ်ဘုရား) ပပဉ္စပွားတယ်၊ ကိုယ့်ဟာကိုယ်လဲ ပြုံးကာ ရှင်ကာ လာတော့တာဘဲ....(မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် တကာတကာမတို့ ဒီကြားမှာ ခင်ဗျားတို့ နည်းနည်းကလေး ဗဟုသုတရှိအောင် ထိုးပြမယ်နော်....(မှန်ပါ့) တရားဟောတဲ့ပုဂ္ဂိုလ်၊ တရားနာတဲ့ တကာတကာမ၊ တရားကိစ္စပြီးတဲ့အဖြစ် ဘယ်နှစ်မျိုးရှိပါလိမ့်....(သုံးမျိုးပါဘုရား)။

ဒါက တရားဟောတဲ့ ပုဂ္ဂိုလ်၊ ဒါက တရားနာတဲ့ ပုဂ္ဂိုလ်၊ ကျင့်ပုဂ္ဂိုလ်နော်....(မှန်ပါ့) ဒါ တရားဆုံးတဲ့ပုဂ္ဂိုလ်၊ ဘုရားက ဓမ္မကထိကဝင်ဆိုပြီး သံယုတ်ပါဠိတော်မှာ ဟောထားတယ်.... (မှန်ပါ့) ဦးဘကြည်-ဒီဥစ္စာ သေသေချာချာမှတ်ရလိမ့်မယ်.... (မှန်ပါ့)။

တရားဟောတဲ့ပုဂ္ဂိုလ်သည် ဘယ်လိုဟောရမှာတုံး....မေးလို့ ရှိယင် ဥပမာ-ဒီဘက်က ခန္ဓာငါးပါး ရှိတယ်နော်....(မှန်ပါ့) အဲဒီခန္ဓာငါးပါးကို ဝိရာဂါယ၊ နိဗ္ဗိဒါယ၊ နိရောဓာယ....တဲ့၊ ချုပ်အောင် ဟောနိုင်ကြလို့ ရှိယင် အဲဒါ ဓမ္မကထိကလို့ ဆုံး ဖြတ်ချက်ချ....(မှန်ပါ့)။

ဒီဟာတွေကို နိဗ္ဗိန္ဒဖြစ်အောင် ဟောနိုင်လို့ ရှိယင် ဘာတုံး-(ဓမ္မကထိကပါဘုရား) တရားနာတဲ့ပုဂ္ဂိုလ်ကလဲ အဲဒါတွေနာပြီး ဒါတွေ နိဗ္ဗိန္ဒဖြစ်အောင်ကျင့်မှ ဓမ္မာနု ဓမ္မပဋိ ပတ္တိ - ဆိုတဲ့ တရားနာပုဂ္ဂိုလ်ဖြစ်မယ် .... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

တရားနာတဲ့ပုဂ္ဂိုလ်ကလဲ နိဗ္ဗိန္ဒအစစ် ဖြစ်အောင် နာနိုင်မှ တရားနာပုဂ္ဂိုလ်အစစ် ဖြစ်မယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

တရားဟောတဲ့ပုဂ္ဂိုလ်က ဘယ်လိုဟောရမယ် .... (နိဗ္ဗိန္ဒဖြစ်အောင် ဟောရမယ်) တရားနာတဲ့ပုဂ္ဂိုလ်ကလဲ နာတဲ့အတိုင်း ခန္ဓာပေါ်မှာဖြစ်ရမယ်၊ နိဗ္ဗိန္ဒဖြစ်အောင် ကျင့်ပြီး နာနေရတယ် (မှန်ပါ့)။

အဲဒီလိုနာတော့မှ ပုဂ္ဂိုလ်က ဘယ်လိုဟောရမယ် .... (နိဗ္ဗိန္ဒ ဖြစ်အောင် ဟောရမယ်) တရားနာတဲ့ပုဂ္ဂိုလ်ကလဲ နာတဲ့အတိုင်း ခန္ဓာအပေါ်မှာဖြစ်ရမယ်၊ နိဗ္ဗိန္ဒဖြစ်အောင်ကျင့်ပြီး နာနေရမယ် (မှန်ပါ့)။

အဲဒီလိုနာတော့မှ ဒီပုဂ္ဂိုလ်နဲ့ ဒီလို တကာ တကာမတွေနဲ့ တွေ့လို့ ရှိယင် ဘုရားက ထောက်ခံချက် ပေးမယ်ဆိုပြီး တတိယ ထောက်ခံချက်ပေးတယ်....(မှန်ပါ့)။

တတိယ ဘယ်လို ထောက်ခံချက်ပေးသလဲ၊ ဒီဘဝ နိဗ္ဗာန် ရအောင်လို့ ထောက်ခံချက်ပေးတယ်၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာတဲ့တုံး .... (ဒီဘဝ နိဗ္ဗာန်ရနိုင်ပါတယ်ဘုရား) ဒီဘဝ တွင်တောင် နိဗ္ဗာန်ရနိုင်တယ် တကာတကာမတို့ .... (မှန်ပါ့) တရားဟောတဲ့ ပုဂ္ဂိုလ်က ခန္ဓာငါးပါး တပါးပါး နိဗ္ဗိန္ဒဖြစ် အောင် ဟောပေးရမယ်....(မှန်ပါ့)။

ခင်ဗျားတို့ကလဲ နိဗ္ဗိန္ဒဖြစ်အောင် ကျင့်ရမယ်.... (မှန်ပါ့) ဘုရားက အဲဒီတော့မှ ဘယ်လို ထောက်ခံသတုံး .... (ဒီဘဝတွင် တောင် နိဗ္ဗာန်ရနိုင်ပါ့ကယ်)။

အဲဒါ ဓမ္မကထိကဂင်မှာ ဒီသုံးခု ပါတယ်.... (မှန်ပါ့) ဓမ္မ ကထိက ဆိုတာ ဒါမှ ဓမ္မကထိကဆိုပြီး ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ဒီအင်္ဂါနဲ့ ပြည့်စုံရမယ်တဲ့နော်....(မှန်ပါ့) တရား နာတဲ့ပုဂ္ဂိုလ်က ဒီအင်္ဂါနဲ့ ပြည့်စုံရမယ်.... (မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ .... သူနဲ့ သူ အင်္ဂါပြည့်စုံလို့ ရှိယင် သုံးခုမြောက် ထောက်ခံချက်ပေးတယ်၊ ဘယ်လိုပေးသတုံး....(နိဗ္ဗာန်ကို ဒီဘဝနှင့် ရနိုင်ပါတယ်ဘုရား)။

ဒီဘဝမှာပင် နိဗ္ဗာန်ရနိုင်တယ်လို့ ပေးလိုက်တယ်၊ ဆုကြိုးပန်မဟုတ်လို့ ရှိယင် ဒီဘဝ ရနိုင်တယ်....(မှန်ပါ့) ဦးဘကြည်-ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဟောတဲ့ပုဂ္ဂိုလ်ကလဲ နိဗ္ဗာန္ဒဖြစ်အောင်ဟော၊ နာတဲ့ပုဂ္ဂိုလ်ကလဲ နိဗ္ဗာန္ဒဖြစ်အောင်ကျင့်၊ အဲဒီကျတော့ ဘာတုံး.... (ဒီဘဝ နိဗ္ဗာန်ရနိုင်ပါတယ်ဘုရား)။

နိဗ္ဗာန်ရနိုင်တယ်ဆိုတာ နိဗ္ဗာန္ဒဉာဏ်ဖြစ်လို့ ရှိယင် မင်္ဂကျန်တော့တာကိုး....ဗျ၊ နိဗ္ဗာန်မင်္ဂဖိုလ် ရနိုင်တာပေါ့ .... (မှန်ပါ့ ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ တရားဟောပုဂ္ဂိုလ်၏ အင်္ဂါကော သိပလား....(သိပါပြီ) ခန္ဓာငါးပါးကို ငြီးငွေ့အောင် ဟောရမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နာတဲ့ပုဂ္ဂိုလ်က ဘယ်လိုကျင့်ရမလဲ....(ခန္ဓာငါးပါး ငြီးငွေ့အောင် ကျင့်ရပါမယ်) အဲဒီတော့ ဘုရားက ဘယ်လို တာဝန်ယူသတုံး....(ဒီဘဝမှာပင် နိဗ္ဗာန်ရနိုင်ပါတယ်ဘုရား)။

ဒါ....သံယုတ်ပါဠိတော်မှာ ဒီအတိုင်း လာပါတယ် တကာတကာမတို့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....တရားနာတတ်ပလား ခင်ဗျားတို့.... (နာတတ်ပါပြီ) ဘယ်လိုဖြစ်အောင် နာမယ်.... (ခန္ဓာငါးပါးကို ငြီးငွေ့အောင်

နာရပါမယ်) နိဗ္ဗာန်ဖြစ်အောင် ဟောတဲ့တရားဆိုယင် နာပေတော့....(မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

နာပြီးတော့ ခင်ဗျားတို့ အိပ်နေလို့မဖြစ်သေးဘူး၊ ဘာလုပ်ရမလဲ....(ငြိုးငဲ့အောင်ကျင့်ရပါမယ်) ကျင့်ပေးတဲ့အခါကျလို့ ရှိယင်ဖြင့် ဘုရားက ဘယ်လိုထောက်ခံသတုံး .... (ဒီဘဝတွင် နိဗ္ဗာန်ရနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ဘုရားတော့ ပရိနိဗ္ဗာန်စံတော်မူသွားပြီ၊ သို့သော် ဓမ္မက္ခန္ဓာတွေထားပြီး ထောက်ခံထားခဲ့တယ်....(မှန်ပါ!) ဒီတော့ ခင်ဗျားတို့သည် နှစ်လုပ်ဘဲရှိတယ်ဆိုတော့ ဦးစံရီရေ.... တနေ့က ဟောခဲ့တဲ့ ပေဠကော ပဒသေနဲ့ သွားကိုက်တယ် .... (မှန်လှပါဘုရား)။

သစ္စာတရားနာမှု၊ သစ္စာနှလုံးသွင်းမှုရှိယင် ပြီးတာဘဲဆိုတဲ့ ဦးဘကြည်- တထပ်တည်း မနေဘူးလား .... (တထပ်တည်းပါဘုရား)။

ဘုရားထောက်ခံချက်ဆိုတာကတော့ ဒဋ္ဌိဖြစ်အောင်လုပ်တာ စကားမြဲမြန်အောင်ပြောတာ....(မှန်ပါ!)။

က....တကာတကာမတွေ့ နောက်ကို ခင်ဗျားတို့ တရားနာတတ်ပလား....(နာတတ်ပါပြီဘုရား) ဘယ်လိုနာရမယ်....(ခန္ဓာငါးပါး ငြိုးငဲ့အောင် နာရပါမယ်ဘုရား)။

အဲ .... နိဗ္ဗာန်ဖြစ်အောင် ဟောတဲ့တရားကို ခင်ဗျားတို့ နာရမယ်....(မှန်ပါ!) နောက်ကျတော့ ခင်ဗျားတို့ နာပြီး ဘာလုပ်ရမလဲ....(ကျင့်ရပါမယ်ဘုရား)။

ကျင့်လို့ရှိယင်ဖြင့် ခင်ဗျားတို့အတွက် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်လိုအကူအညီပေးသတုံး .... (ဒီဘဝတွင် နိဗ္ဗန်ရနိုင်ပါသတဲ့) ယခုဘဝတွင် နိဗ္ဗာန်ရနိုင်တယ်လို့ ထောက်ခံချက်မပေးဘူးလား....(ပေးပါတယ်ဘုရား)။

အဲဒါ ဘုရားဟောတော်မူသော စကားတော်သည်ကား.... လို့ဆိုယင် သုဂတောလို့လာတယ်၊ သုဂတောဆိုတာ ကောင်းသောစကားကို ဆိုဘော်မူတတ်သော ဘုရား....(မှန်ပါ့)။

မကောင်းတာ တလုံးမှ မဟောဘူးဗျ....(မှန်ပါ့) ကောင်းသော စကားမှာလဲ....တဲ့၊ နှစ်ခွန်းမပြောဘူး၊ တခွန်းနဲ့ အမှန်ကို ပြောလေ့ရှိတယ်....(မှန်ပါ့)။

ပြောတော့ ဘာစကားပြောသတုံး....(ကောင်းသောစကား ပြောပါတယ်ဘုရား) ကောင်းသောစကားမှာလဲ နှစ်ခွန်းလား၊ တခွန်းလား....(တခွန်းသာ ပြောပါတယ်) တခွန်းပြောတာလဲ အမှားလား-အမှန်လား....(အမှန်ပြောပါတယ်ဘုရား)။

ဒါဖြင့် သူဟာ အင်္ဂါစုံနေပေါ့။ ဒီဘဝ နိဗ္ဗာန်ရနိုင်တယ်ဆိုတာ ဘာမျှား ကျုပ်တို့က ဘုရားစကားတော်ထဲ စောဒကတက်နေစရာ ရှိသေးသလဲ....(မရှိပါဘုရား)။

နှစ်ခွန်းပြောသလား-တခွန်းလား....(တခွန်းပါဘုရား)တခွန်း အမှားလား-အမှန်လား .... (အမှန်ပါဘုရား) ပြောတဲ့စကားကလဲ အကောင်းလား-အဆိုးလား....(အကောင်းပါဘုရား)။

ဒါဖြင့် သုဂတောဂုဏ်တော်ကြီးကို ခင်ဗျားတို့ဘဲ စဉ်းစားကြည့်လိုက်ပါတော့၊ ဘုရားက ရနိုင်တယ်ဆိုယင် ခင်ဗျားတို့က သံသယရှိမနေနဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ငါရမ့ရနိုင်ပါ့မလား၊ ဒုဿိတ်လား၊ တိဟိတ်လား စသည်ဖြင့် တွေးတောမှုတွေ ဘာတွေ ထားမနေကြပါနဲ့၊ အားထုတ်မိတယ်ဆိုယင် ထားမနေကြပါနဲ့၊ အားထုတ်မိတာ ဆိုယင်ဘဲ မနည်းလှပါဘူး....(မှန်ပါ့)။

အားထုတ်တဲ့အခါလဲ နိုဗ္ဗာန်ဉာဏ်ရောက်အောင်သာ အားထုတ်၊ ဘုရားဟောခဲ့တဲ့စကားဟာ ဘယ်တော့လဲဘူးသတုံး....(မလဲပါဘုရား)။

နောက်- ခုနစ်ရက်ရှိယင် မြေမျိုလိမ့်မယ်ဆိုပြီး သုပ္ပဗုဒ္ဓကို ဟောလိုက်တယ် ဦးစံရီ၊ ခုနစ်ရက်ရှိယင် မျိုတာဘဲ....(မှန်ပါ့)။

ဒေဝဒတ်ဟာ ငါ့ကိုမဖူးမျော်ထိုက်ဘူး၊ မင်းတို့ထမ်းလာကြပေမဲ့ မဖူးထိုက်ဘူး၊ ငါ့ကျောင်းတော်ထဲထိအောင် မလာနိုင်ဘူးဆိုတာ မယုံကြဘူး တချို့က၊ နောက်ကျတော့ ကျောင်းတော်အနီး ရောက်မှာ ရောချိုးတော့ မြေမျိုသွားတာဘဲ၊ ကျောင်းထဲကို ဝင်လို့မရဘူး....(မှန်ပါ့)။

ကဲ....ဘုရားဟောတာ အလွဲပါကြရဲ့လား....(မပါ-ပါဘုရား) ဒီပုဂ္ဂိုလ် ဘယ်နားကျ ယင် နွားရွေ သေလိမ့်မယ် ဆိုယင်လဲ ကိုထွန်းဦး-သေတာဘဲဗျ....(မှန်ပါ့)။

အဲဒီတော့ မြတ်စွာဘုရားဟာ တခွန်းနဲ့ အမှန်ပြောတယ်၊ ကောင်းသောစကားကိုလဲပြောတယ်ဆိုတာ ခင်ဗျားတို့ယုံကြည်ကြပလား....(ယုံကြည်ပါပြီဘုရား)။

ယုံကြည်တော့ ခင်ဗျားတို့ ဘယ်လိုတရားနာရမလဲ.... (နိုဗ္ဗိန္ဒြာဏ်ဖြစ်အောင် နာရပါမယ်) အဲ....ခန္ဓာငါးပါးကို နိုဗ္ဗာန်ဉာဏ်

ဖြစ်အောင် ဆရာသမားဆီမှာ ဘရားနာရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တရားနာပြီး ခင်ဗျားတို့က ဘာလုပ်ရမလဲ....(ကျင့်ရပါမယ် ဘုရား) ဒီခန္ဓာငါးပါးကို နိဗ္ဗာန်ဖြစ်အောင် ကျင့်ပါ၊ ငြီးငွေ့လာအောင် ရှုပေးပါ....(မှန်ပါ့)။

အဲဒီတော့မှ ကိုယ်တော်မြတ်ကြီးဟောတဲ့စကားသည် လွဲစရာတခုမှ မရှိလို့ ကျုပ်တို့ ဆုတောင်းနေစရာတောင် အထူးမလိုပါဘူး....(မှန်ပါ့) ကိုထွန်းဦးက တောင်းချင်သေးသလား.... (မတောင်းချင်ပါဘုရား)။

ဘာဖြစ်လို့တုံး ဒီနှစ်ခုလုံးလို့ရှိယင်ဖြင့် ဒီဘဝနိဗ္ဗာန်ရနိုင်တယ်လို့ ဘုရားကဘဲ ထောက်ခံဟောကြားတာဘဲ၊ ဆုတောင်းနေစရာကော လိုသေးသလား .... (မလိုပါဘုရား) ဒီနှစ်ခုညီအောင်သာလုပ်ပါ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီကရှေ့ကို ဘယ်လိုကြိုးစားကြမယ် ဆိုတာကော ဝေဘန်တတ်ပလား....(ဝေဘန်တတ်ပါပြီ) ကောင်းပြီ ဒါက တရားနာနည်း၊ တရားဟောတဲ့ ပုဂ္ဂိုလ်ကို ရွေးချယ်နည်း .... (မှန်ပါ့)ဒီက ထောက်ခံချက်လုံလောက်ခြင်းကြောင့် တရားနာနည်းကို ပြင်းပြင်းထန်ထန် ကြိုးစားပါ၊ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

အေး .... ဒါကို ကြပ်ကြပ်သတိထားကြပါ၊ ပေါ့ပျက်ပျက်လုပ်နေလို့ရှိယင်ဖြင့် ခင်ဗျားတို့ တရားနာယင်လဲ လွဲလိမ့်မယ်၊ သို့မဟုတ် ကိုယ်ကလဲ နိဗ္ဗာန်ဖြစ်အောင် မလုပ်ထားယင်လဲ

ပြောညံ့မှုတခုရှိလိမ့်မယ် ဟုတ်လား၊ ဘုရားဟောတာကတော့ မလွဲတာချည်းဘဲ အမှန်ဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဘဝမက်မရတဲ့ ပုဂ္ဂိုလ်ဆိုလို့ ရှိယင်၊တရားနာယင်လဲ လွဲရမယ်၊ အားထုတ်မှုယင်လဲ....(လွဲရမယ်ဘုရား) ဘုရားကိုတော့ လွဲတယ်လို့ သွားပြီးမဆိုနဲ့နော်၊ ဘုရားကတော့မလွဲဘူး....(မှန်ပါ့ဘုရား)။

ဘုရားက ဘယ်တော့မှ မလွဲဘူး၊ နှစ်ခွန်းသော စကားကို ဘုရားဟာ ဘယ်တော့မှမပြောဘူး၊ တခွန်းဘဲမှန်မှန်ပြောတယ်-(မှန်ပါ့) ဦးဝင်း ရိပ်မိပလား....(မှန်ပါ့)အဲ....ကိုယ်မရတာ ဘာကြောင့်တုံး....(လွဲလို့ပါဘုရား) နာမှလွဲ၊ ကျင့်မှကော .... (လွဲပါတယ်)အဲဒါကြောင့် မရတာ....(မှန်ပါ့ဘုရား)။

ဒီနှစ်ခုကို မှတ်ထားပါ၊ ဒါသံယုတ်ပါဦးတော်မှာလာတာ....(မှန်ပါ့) တကာတကာမတို့ သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်သူ့အပြစ်ဆိုကြမတုံး ခင်ဗျားတို့.... (မိမိအပြစ်ပါဘုရား) မိမိ၊ မိမိတရားနာထားတာကလဲမဟန်လို့သော်၎င်း၊ ဦးဘအုန်း ဒါဘဲရှိတယ်....(မှန်ပါ့) ဒါကျနပ်ပြီနော်....(ကျနပ်ပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာကို ပြန်ကောက်ကြစို့၊ အခုပြောခဲ့တာကကြားထိုးပြီး ခင်ဗျားတို့နောင်ကို နေတတ် ထိုင်တတ်ရှိအောင်လို့ ဦးစံရီ ကြားသွင်းတာနော်....(မှန်ပါ့)။

ကောင်းပြီ တကာတကာမတို့ ဒီကဘာကြောင့်ရမတဲ့ (သုတဝါကြောင့်ရပါမယ်)သုတဝါ အရိယသာဝကော၊အရိယာများ

ဟောဆိုတဲ့တရားကို ဟောဆိုနိုင်တဲ့ သုတဝါဆိုမှာ ခင်ဗျားတို့ တရားနာပါတဲ့.... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးကဟောနေတာ ရှင်ပုဏ္ဏဟောတာကို ဟောပြနေတာ၊ ရှင်ပုဏ္ဏအရိယာပုဂ္ဂိုလ်ကြီး-(မှန်ပါ့)သူဟောတဲ့ တရားကို တဆင့်ပြန်ဟောပြနေတာ....(မှန်လှပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ) ရှင်ပုဏ္ဏဟောတာကို ရှင်အာနန္ဒာကတဆင့် ဟောတယ်၊ ရှင်အာနန္ဒာဟောတာကို ဘုန်းကြီးကတဆင့် တကာတကာမတွေ ဟောတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် သုတဝါ အရိယ သာဝကောဆိုတာ သဘောကျပလား .... (ကျပါပြီ) အရိယာ၏ သာဝကဖြစ်တဲ့ပုဂ္ဂိုလ်က အရိယာ၏တပည့်က ဟောနေတယ် .... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သုတဝါအရိယ သာဝကောဖြစ်အောင်ပြောင်းပါ၊ မပြောင်းယင် မဖြစ်ဘူး၊ အနုပုထုဇဉ်အဖြစ်နဲ့ သူ့းမကြည့်နဲ့၊ ဝိပဿနာ ရှုတော့မယ်ဆိုယင် ပြောင်းဖြစ်အောင်ပြောင်းပါ.... (မှန်ပါ့) ကြည့်ယင်ရပါ့မလား....(မရပါဘုရား)။

မရဘူးဆိုတော့ သြော်....အလုပ်လုပ်ပါ- အလုပ်လုပ်ပါလို့ သာမည်ပြောတော့ ဘာပြောင်းပြီး ဘယ်လိုလုပ်ရမှာတုံး ဆိုတာလဲ ဦးဘကြည်တို့ မသိပြန်လို့ ရှိယင်လဲ မခက်ဘူးလားဗျာ.... (ခက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီကဘာပြောင်းရမယ် .... (သုတဝါ အရိယ သာဝကောဖြစ်အောင် ပြောင်းရပါမယ်) သုတဝါ အရိယ ဝကောဖြစ်အောင် ကိုယ့်ကိုယ်ကို လုပ်ပါနော်....(မှန်ပါ့ဘုရား)။

ဒီကလဲ ပြုတ်ပြီးသကာလ အနိစ္စပါ ဟုတ်တယ်ဆိုတာကို ခင်ဗျားတို့၊ ဒုက္ခသာဟုတ်တယ် အနတ္တသာဟုတ်တယ်ဆိုတာကို ခင်ဗျားတို့ကြည့်ဖြစ်အောင်ကြည့်ပါ၊ မကြည့်သင့်ဘူးလား .... (ကြည့်သင့်ပါတယ်ဘုရား)။

အဲဒီတော့ ဒီဟာကိုလဲပြင်ပေါ့ဗျာ....(မုန်ပါ့ဘုရား) ဒီနှစ်ခု ပြင်လိုက်ယင် ဟောဒီ ပပဉ္စတရားဟာ နင်သွားတော့လို့မဆို ရဘူး၊ သဘောကျပလား.... (ကျပါပြီ) ဆိုရဲသေးရဲ့လား.... (မဆိုရပါဘုရား)။

မဆိုရတော့ဘူး၊ ဒီကလဲ သုတဝါအရိယသာဝကော၊ဒီကလဲ အနိစ္စတရားတွေ တွေ့လို့သာ ခင်ဗျားတို့က ပြင်ပေးလိုက်လို့ ရှိယင် တကာသိုက် အလည်ဟာဟုတ်သွားတော့ ဆိုရမှာလား- မဆိုရဘူးလား....(မဆိုရပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဘယ်သူဟောဘုံး၊ ရှင်အာနန္ဒာက သူကိုယ်တိုင် သောတာပန်တည်ခဲ့ပါတယ်၊ရှင်ပုဏ္ဏက မှန်ညပမာပြ တရားကို ဟောတဲ့အတွက်၊ ဒါမှန်ညပမာထားဟောတဲ့ တရားဘဲနော်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ငါတည်ပုံ မင်းတို့ကိုဘဲ ပြောပြပါဦးမယ်၊ ငါ ဘယ်လိုနဲ့ သောတာပန်တည်လာတယ်ဆိုတဲ့ဥစ္စာ ဒါဆုံးတဲ့အခါ ကျလို့ရှိယင်ဖြင့် ရှင်ပုဏ္ဏက ဘယ်လိုအရှုခိုင်းလို့ ငါဘယ်လိုကိစ္စ ပြီးလာတယ်ဆိုတာ ပြောပြတဲ့အဓိပ္ပါယ်မျိုးတွေ-(မှန်ပါ့ဘုရား) သောတာပန်တည်တာဟာ ရှင်အာနန္ဒာဟာ ရှင်ပုဏ္ဏဆီမှာတည် ရတာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကဲ .... ဒါဖြင့် သူတည်ပုံ သူဟောတယ်ဆိုတော့ အားလုံး တကာတကာမတွေ့ သြော်.... မရသေးတဲ့ပုဂ္ဂိုလ်က ဟောတာ မဟုတ်ပါလား၊ ရပြီးသားပုဂ္ဂိုလ်ကဟောတာ.... (မှန်ပါ့ဘုရား) ရပြီးသားပုဂ္ဂိုလ်ကလဲ သူ့လမ်းသူသိပြီးသားပုဂ္ဂိုလ်လား- မသိသေးဘဲနဲ့ ရမ်းတက်တာလား....(သိပြီးသားပုဂ္ဂိုလ်ပါဘုရား)။

သိပြီးသားပုဂ္ဂိုလ် တက်လာတဲ့ပုဂ္ဂိုက်က ဟောပါတယ်ဆိုသဖြင့် ဒီလဲဒီအတိုင်းလုပ်ယင် ဖြစ်နိုင်ပါတယ်.... (မှန်ပါ့ဘုရား) ဒီဒီအတိုင်းလိုက်ယင် တဏှာ,မာန,ဒိဋ္ဌပြေးမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

သေချာတော့ ဘုရားအဆူဆူဟောတော်မူတာလဲ ဒီတရားဘဲ ရှင်ပုဏ္ဏဆီက ငါသောတာပန်တည်ပြန်လဲ ဒီတရားဘဲလို့ ဟောပြန်တာက ရှင်အာနန္ဒာ.... (မှန်ပါ့) ရှင်အာနန္ဒာမရှိတော့ ဘုန်းကြီးက "သုတဝါ အရိယသာဝကော"အနေဖြင့် ဟောဒီတရားဘဲလို့ စတုတ္ထအဆင့်ပြောတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီအတိုင်းအားထုတ်ရလိမ့်မယ်- (မှန်ပါ့) အားထုတ်ပုံပြောတော့မယ် တကာတကာမတို့ ခင်ဗျားတို့အားထုတ်တဲ့ အခါကျလို့ ရှိယင်ဖြင့် ဥပမာ ဝေဒနာ တက်ချင်တဲ့ပုဂ္ဂိုလ်ကတက်တယ်၊ ရုပ်တက်ချင်တဲ့ ပုဂ္ဂိုလ်က ရုပ်ပေါ့ဗျာ၊ ဒါကတော့ မထူးလှဘူးနော်....(မှန်ပါ့ဘုရား)။

ကြိုက်တာကို တက်ပေးပါ၊ ကြိုက်တာကိုရှုပေးပါ၊ သို့သော်ဘုန်းကြီးကတော့ တကာတကာမတွေ့ကို အမြန်ဆုံးနည်းနဲ့

ရောက်စေချင်လို့ ဝေဒနာကိုဘဲ မူတည်ထားတယ်လို့ဆိုကြပါ တော့နော်....(မှန်ပါ့ဘုရား)။

ဝေဒနာမူတည်ကတည်းက ခန္ဓာကိုယ်ထဲမှာ ဝေဒနာဘယ် နှစ်မျိုးရှိသတုံး....(သုံးမျိုးရှိပါဟယ်)အဲဒီတော့ ဝေဒနာသုံးမျိုး ခင်ဗျားတို့ ဝေဒနာသုံးမျိုးဟာ ခန္ဓာကိုယ်ထဲမှာ ဘယ်တော့မှ ပြိုင်တူမပေါ်ဘူး၊ တခုသာပေါ်မှာဘဲ....(မှန်ပါ့) တခုသာပေါ် မှာဘဲ....(မှန်ပါ့) တခုသာပေါ်မှာဘဲဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ကောင်းပြီ.... တခုသာပေါ်နိုင်တော့ အဲဒီ ဝေဒနာကလေး ပေါ်လာလို့ရှိယင် "သုတဝါ အရိယ သာဝကော" ဘယ်လို လုပ်ရသတုံးလို့ မေးတဲ့အခါကျလို့ရှိယင် ပဋ္ဌမရှေးဦးစွာ သုတ ရှိနေတဲ့ပုဂ္ဂိုလ်မို့ ပေါ်လာတာဟာ ဝေဒနာတော့ ဝေဒနာဘဲ ပေါ်လာတာ ဝေဒနာဆိုတာက သုတဝါမို့ဝေဒနာလို့ပြော တာ....(မှန်ပါ့) သုတဝါမဟုတ်လို့ရှိယင် ငါဘာဖြစ်ပါလိမ့် မတုံး လာလိမ့်မယ်.... (မှန်ပါ့) မလာပေဘူးလား .... (လာပါ တယ်ဘုရား)။

သုတဝါဖြင့် ဒါဘာတုံး....(ဝေဒနာပါဘုရား) ဝေဒနာ လေးဘဲ အခုမှပေါ်လာတဲ့ ဝေဒနာကလေးဘဲလို့ မဆိုပေဘူး လား....(ဆိုပါတယ်ဘုရား)။

အသုတဝါ ဖြစ်ခဲ့လို့ရှိယင် ဘယ်လို ဆိုမယ်ထင်သတုံး .... (ငါဘာဖြစ်ပါလိမ့်မလဲလို့ ဆိုမှာပါ) ငါယားတယ်၊ငါနာတယ် လာမလား- မလာဘူးလား....(လာပါတယ်ဘုရား) အဲ....သုတနဲ့ အသုတခဲ့လိုက်တာပါ....(မှန်ပါ့ဘုရား)။

တော်တော့ကိုဘဲ အခုရှင်းပြီမဟုတ်လား .... (ရှင်းပါပြီ) သုတဝါ အရိယ သာဝကောနဲ့ အသုတဝါ ပုထုဇ္ဇနော ဟာက အတော်ကလေးကို ထူးခြားတယ် .... (ထူးခြားပါတယ် ဘုရား)။

အကြားအမြင်ရှိတဲ့ ပုဂ္ဂိုလ်ကဖြင့် ဒါဟာ ပရမတ်ဝေဒနာ ကလေး ပေါ်လာတာဘဲ၊ တခါတည်းပေါ်လာယင် သိတာဘဲ နော်....(မှန်ပါ့) အသုတဝါပုဂ္ဂိုလ်ကျတော့ ငါဘာဖြစ်ပါလိမ့် ငါယားလိုက်တာ၊ ငါနာလိုက်တာ၊ ငါတော့ ဒီဥစ္စာကမ္မဿကာ ဘဲထားမှဘဲ အစရှိသည်နဲ့ ငါနဲ့ဘဲသွားနေတယ်၊ ဝေဒနာကို ငါထင်နေတယ်....(မှန်ပါ့) မထင်ဘူးလား....(ထင်ပါတယ် ဘုရား)။

ဦးဘကြည်-ဘယ်နှယ်နေသလဲ-(ဝေဒနာ ငါထင်နေပါတယ် ဘုရား) အဲဒါ ဘာပုဂ္ဂိုလ်လဲ.... (အသုတဝါ ပုဂ္ဂိုလ်ပါဘုရား) အသုတဝါ ပုထုဇ္ဇနော- သဘောကျပလား....(ကျပါပြီဘုရား)။

သုတဝါကျတော့ ပုထုဇ္ဇနောလို့ တောင် မဆိုဘူး၊ အရိယ သာဝကော....တဲ့၊ အင်မတန် ကွာသွားတယ် .... (ကွာပါတယ် ဘုရား)။

အသုတဝါကျတော့ ဘယ်နှယ် .... (ပုထုဇ္ဇနောပါဘုရား) ပုထုဇ္ဇနော-ဆိုယင် မှန်ကြည့်ဦးမှာဘဲ သူ....(မှန်ပါ့) မှန်ကြည့်ယင် တဏှာ,မာန,ဒိဋ္ဌိ လာဦးမှာဘဲ....(မှန်ပါ့) မလာပေဘူးလား....(လာပါတယ်ဘုရား)။

နောက်ကျတော့ ဘုရားက ဒီလိုပုဂ္ဂိုလ်ကျတော့ ဒါပြင်ပေးဆိုတော့ ဘုရားက ဘယ်လိုပြင်ပေးလိုက်သတုံး .... (သုတဝါ အရိယ သာဝကောပါဘုရား)။

အဲဒီတော့ ဒီက သုတဝါ အရိယ သာဝကောဖြစ်တော့ကို.... ဒါဟာ ဝေဒနာဘဲ၊ ငါလဲမဟုတ်ဘူး၊ သူလဲမဟုတ်ဘူးဆိုတာ သူက သေချာသွားပြီ....(မှန်ပါ့)။

ငါလဲမဟုတ်ဘူး၊ သူလဲမဟုတ်ဘူးလို့ ခင်ဗျားတို့ ရှုမြင်တဲ့ သဘောတွေ့ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အေး .... အဲဒီလိုလာတော့ ဒါဘာဖြစ်လို့ ပါလိမ့်မတုံး.... ဆိုတော့ ဒါကလေးကို ဝေဒနာ၊ ဝေဒနာပေါ်မှန်းသိယင် သုတဝါ အရိယ သာဝကော-လို့ မှတ်ပေတော့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဦးဘကြည်ကော ဘယ့်နှယ်မှတ်မလဲ.... (ဝေဒနာ, ဝေဒနာပေါ်မှန်းသိယင် သုတဝါ အရိယ သာဝကောပါဘုရား) ဝေဒနာပေါ်မှန်း သိပစေတကာတကာမတို့၊ ယူးတာလဲ ဝေဒနာဘဲနော်၊ ခံသာတာလဲ ဝေဒနာဘဲနော်....(မှန်ပါ့)။

ကောင်းတာလဲ ဝေဒနာဘဲ၊ အဲဒီတော့ ပေါ်လာတဲ့ဥစ္စာ ဝေဒနာဘဲ၊ အဲဒီတော့ ပေါ်လာတဲ့ဥစ္စာ ဝေဒနာဘဲလို့ သာတကာတကာမတွေက ပြောနိုင်လို့ ရှိယင် သူ့ကို ဘာဆိုကြမယ် (သုတဝါ အရိယ သာဝကောပါဘုရား)။

သုတဝါ=အကြားအမြင်ရှိတာ၊ အရိယက=အရိယာ၊ သာဝက=က တပည့်၊ အဲဒီတော့ ပေါင်းလိုက်တော့ အကြားအမြင်ရှိတဲ့ အရိယာ၏တပည့် .... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....အကြားအမြင်ရှိတဲ့ အရိယာပုဂ္ဂိုလ်၏ တပည့် ဆိုတော့ ကိုယ့်ကိုယ်ကိုယ်ဘဲ ဩဇော်.... ငါဘယ်သူ့တပည့်ပါလိမ့်မတုံး....

လို့ စဉ်းစားကြည့်တော့ ဝေဒနာတွေလို့ရှိယင် အရိယာတပည့် ဖြစ်နေပြီဗျ....(မှန်ပါ့) သေချာနေပြီ....(မှန်လှပါ)။

ဝေဒနာတွေယင် ဘယ့်နှယ်တုံး.... (အရိယာတပည့် ဖြစ်နေပါပြီ) အရိယာတပည့် ဖြစ်နေပြီဆိုတော့ တကာတကာမတို့ အရိယာတပည့် ဖြစ်ဘို့ကိုဘဲ မလွယ်လှပါဘူး .... (မလွယ်ပါဘုရား)။

ငါဘုရားဖြစ်ပါလိမ့်မတုံးဆိုတာတွေ ရှုပ်နေတာဘဲ... (မှန်ပါ့) မခါင်းကိုက်တယ်ဆိုယင် ငါခေါင်းကိုက်တယ်၊ ဒုက္ခဝေဒနာလို့ လာသေးရဲ့လား....(မလာပါဘုရား)။

ပျောက်သွားပြန်တော့လဲ ငါပျောက်ပြီဆိုတာသာ ဆိုလိုက်တယ်၊ သုခဝေဒနာပေါ်တယ်လို့ သိသေးရဲ့လား .... (မသိပါဘုရား)။

ဒါဖြင့် အရိယ သာဝကဟုတ်ကဲ့လား....(မဟုတ်ပါဘုရား) ဒါကျတော့ ဘယ့်နှယ်ဆိုကြမယ်....(အသုတဝါ ပုတ္ထဇ္ဇနောပါ) အသုတဝါ ပုထုဇ္ဇနော-ဆိုတော့ အကြားအမြင်မရှိဘူး၊ ကိုလေသာပေါတဲ့ ပုဂ္ဂိုလ်ဘဲ သူ့အဓိပ္ပါယ်က....(မှန်လှပါ)။

ခင်ဗျားတို့ အင်မတန်ရှက်စရာကောင်းတယ်၊ သူ့ဆိုင်းဘုတ်ဟာ ဖတ်လို့ကောင်းတာမဟုတ်ဘူး-(မှန်ပါ့) အကြားအမြင်လဲ မရှိဘူး၊ ကိုလေသာတောထဲနေတယ်လို့ ဆိုလိုတာ....(မှန်ပါ့) ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

မကောင်းတော့ .... ခင်ဗျားတို့ နာမည်ကောင်းကလေးတွေတော့ ခင်ဗျားတို့ သားတွေ, သမီးတွေ ရွှေးရွှေးမှည့်နေတယ်၊ ကိုယ့်ကိုယ်တော့ ပြင်ကြတာမဟုတ်ဘူး....(မှန်ပါ့)။

သားတွေ့, သမီးတွေ့ကျတော့ ဆန်းလိုက်တဲ့ နာမည်ကလေးတွေ့မှ ရှုပ်နေတာဘဲ....(မှန်ပါ့) ကိုယ့်ကိုယ်လဲ ပြင်ပါဦး၊ သားသမီးချည့် ပြင်မနေပါနဲ့ ဆိုတာကိုလဲ သတိထားပါ....(မှန်ပါ့) မထားသင့်ဘူးလား....(ထားသင့်ပါတယ်ဘုရား)။

ဒီကရှေ့ ဘယ့်နှယ်လုပ်ကြမလဲ....(ဆိုင်းဘုတ် ပြင်ပေးရမှာပါဘုရား)ဆိုင်းဘုတ်အသစ်ရေးမှာဘဲ ဖြစ်မှာဘဲဗျ၊ သုတဝါ အရိယသာဝကောကိုဖြစ်မှ ဒါမှ ကိုက်မယ်ဆိုတာ တကာစကားမတွေ့ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဝေဒနာတွေ့ယင် ဘာပဋိုလ်တဲ့တုံး....(သုတဝါ အရိယ သာဝကောပါ) ဟုတ်ပြီ.... ဒါက....(မဟုတ်ပါဘုရား) ဒီကလဲ ပုထုဇဉ်ရိုးရိုး ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

အရိယ သာဝက ပုထုဇဉ် ဖြစ်သွားတယ် .... (မှန်ပါ့) ဒီကတည်းကိုက တည့်နေပြီ၊ ရလုနေပြီ....(မှန်ပါ့) အချိုးဟာအင်မတန်ကျနေပြီ တကာ တကာမတို့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ.... နောက်ကျတော့ ဘုန်းကြီးတို့ တကာ တကာမတွေ့ နိဗ္ဗာန်ရောက်ရအောင်ပို့ရမှာကိုးဗျ....(မှန်ပါ့ဘုရား)နိဗ္ဗာန်ရောက်ရအောင် မပို့နိုင်လို့ရှိယင်လဲ ဘုန်းကြီးက ခုနင်က ပြောခဲ့တဲ့သုတ်တောင်အရ ဓမ္မကထိကမဟုတ်သေးဘူး....(မှန်ပါ့) မဟုတ်သေးဘူးတဲ့ သူ့ဟာက....(မှန်ပါ့)။

ခင်ဗျားတို့လဲ နိဗ္ဗာန်ထိအောင် မကျင့်ယင်....(မှန်ပါ့ဘုရား) ခင်ဗျားတို့လဲ နိဗ္ဗာန်ထိအောင် မကျင့်ယင် လွဲဦးမှာဘဲ.... (လွဲဦး

မှာပါဘုရား) အဲဒီတော့ ယနေ့တော့ အကုန်ဘဲ ဘုရားဟော တော်မူတဲ့နည်းကို အကုန်လိုက်ပေါ့ဗျာ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ကြည့်နေတော့ ဝေဒနာ ကလေး ပေါ်လာတယ် ဆိုလို့ ရှိယင်ဖြင့် ဝေဒနာပေါ်မှန်းလဲ သိရမယ်၊ ပျောက်မှန်းကော....(သိရမှာပါဘုရား)။

ဩော်....ပေါ်ပြီးပျောက်သွားတာဘဲလို့ သိတဲ့အခါကျလို့ ရှိယင်ဖြင့် ဒါဟာ အနိစ္စကို မမြင်ပေဘူးလား.... (မြင်ပါတယ် ဘုရား) ဖြစ်ပြီးပျက်လို့ အနိစ္စမဟုတ်ဘူးလား....(မှန်ပါ့)ဇာတိ ဇရာ မရဏ နှိပ်စက်လို့ ဒုက္ခ၊ တားလို့ - ဆည်းလို့ မရလို့.... (အနတ္တပါဘုရား)။

ဒီလိုမြင်သွားတဲ့အခါကျလို့ ရှိယင်ဖြင့် သူက တကာတကာ မတို့ အနိစ္စ,ဒုက္ခ,အနတ္တ၊ ဒီအရိယာသာဝကသန္တာန်မှာ တခါ တည်း မဂ္ဂင်ငါးပါးပေါ်တော့တယ်ဆိုတာ ငြင်းနေဘို့ လိုသေး သလား....(မလိုပါဘုရား)။

မလိုတော့ဘူး၊ ဒါကလေး သာဝကလို့ သူပေါ်တာ.... (မှန်ပါ့) အရိယာသာဝကမဟုတ်လို့ ရှိယင် ဒီငါးပါး မလာ ဘူး မဟုတ်လား....(မှန်ပါ့)။

မိစ္ဆာဒိဋ္ဌိ,မိစ္ဆာသင်္ကပ္ပ,မိစ္ဆာသမာဓိသာ လာတယ်....(မှန်ပါ့) အကုသိုလ်မဂ္ဂင်ငါးပါး လာပါတယ်၊ အကုသိုလ်မဂ္ဂင်ငါးပါး မလာပေဘူးလား....(လာပါတယ်ဘုရား)။

သုတဝါ အရိယသာဝကော-ဆိုတော့ ကုသိုလ် မဂ္ဂင်ငါးပါး (မှန်ပါ့) အသုတဝါ ပုထုဇ္ဇနော ဆိုတော့.... (အကုသိုလ် မဂ္ဂင် ငါးပါးပါဘုရား) အကုသိုလ်မဂ္ဂင်ငါးပါး မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ကဲ.... ဒါကိုဘဲ အတော် ကွာခြားတယ်၊ အမဲနဲ့ အဖြူ ကွာတယ်.... (မှန်ပါ့) ဒီဟာက အမဲ၊ သုတဝါ အရိယသာကောကျတော့ အဖြူငါးပါးလာတယ်၊ သုက္ကာဓမ္မာလာတယ်၊ ဒီကကဏ္ဍ ဓမ္မာလာတယ်....(မှန်ပါ့) ရှင်းပလား တကာတကာမတို့ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကို မြင်တိုင်း, မြင်တိုင်း သုတဝါ အရိယသဒ္ဓဝကောမှာ မဂ္ဂင်ဘယ်နှစ်ပါးရသတုံး....(ငါးပါး ရပါတယ် ဘုရား)။

ငါးပါးရတယ်ဆိုတော့ ဒီဝေဒနာတွေဟာလဲ တကာတကာမတို့ တော်တော်ကြာအနိစ္စ, တော်တော်ကြာဒုက္ခ, တော်တော်ကြာ အနတ္တဆိုတော့ သူဟာ ရှင်အာနန္ဒာကတော့ သူ့ သော တာပန်တည်လာတာ ဒလုတည်တယ်....တဲ့၊ ဒ ဝေဒနာကလေးဟာ အနိစ္စလား-လို့ ရှင်ပုဏ္ဏကမေးတယ်....တဲ့၊ သူက အနိစ္စလို့ ဖြေတယ်၊ သုတဝါနဲ့ ဖြေတာကိုးဗျ....(မှန်ပါ့)။

အဲဒီ အနိစ္စဖြစ်တဲ့တရားဟာ သုခလား- ဒုက္ခလား မေးပြန်တယ်၊ ဒုက္ခလို့ ဖြေလိုက်ပါတယ်....တဲ့.... (မှန်ပါ့) သူ့ဟာသူ ရှုဖြေနော်....(မှန်ပါ့)။

အဲဒီ အနိစ္စ, ဒုက္ခဖြစ်တဲ့ တရားသည်ပင်လျှင် အတ္တလား၊ အနတ္တလားလို့ မေးပြန်တယ်....တဲ့၊ မေးတော့ မပို့မဆိုင်လို့ အနတ္တဘဲလို့ ကိုယ့်သန္တာန်ရှိတဲ့ဝေဒနာ ကိုယ်ဖြေလိုက်တာဘဲ.... တဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကို ဆက်ပြီး မေးပြန်တယ်....တဲ့၊ ရှင်ပုဏ္ဏကက အဲဒီလို အနိစ္စ,ဒုက္ခ,အနတ္တဖြစ်တဲ့တရားကို ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာလို့

ဆိုနိုင်ရဲလားလို့ မေးတယ်၊ ဆက်မေးတော့ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာမဟုတ်ပါဘူးလို့ ဖြေလိုက်တယ်... တဲ့....(မှန်ပါ့)။

ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဆိုယင်တော့ တဏှာ၊ မာန၊ ဒိဋ္ဌိလာမှာကိုး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သူက ဘယ်လိုဖြေသတုံး .... (ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာမဟုတ်ဘူးလို့ ဖြေလိုက်ပါတယ်ဘုရား)ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာမဟုတ်ဘူးလို့ ဖြေလိုက်သဖြင့် သူတို့သုံးခုကို နှင်သွားတော့လို့ ဆိုရသလား-ဖြေတာနဲ့ဘဲ ပြီးသွားသလား.... (ဖြေတာနဲ့ဘဲ ပြီးသွားပါတယ်ဘုရား) ဖြေတာနဲ့ ဒီသုံးခု ချုပ်သွားတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဖြေတာနဲ့ ချုပ်တာဘဲ....တဲ့၊ မြင်-ဖြေ ဆိုယင် ချုပ်တာဘဲ (မှန်ပါ့) ဒီမဂ္ဂင်ငါးပါးနဲ့ မြင်လျက်ကိုးဗျ....(မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတို့ ဒီအမြင်နဲ့ ဖြေလို့ရှိယင် ဒါ....လာကို မလာဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီအမြင်ငါးခုနဲ့ဆိုယင် ဒါကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာမဟုတ်ဘူးလို့ သိမယ်ဆိုလို့ ရှိယင်ဖြင့် တကာ တကာမတွေ့ ဒါ....အနိစ္စ,ဒုက္ခ,အနတ္တသာဖြစ်တယ်၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟုတ်ကြရဲလား....(မဟုတ်ပါဘုရား)။

မဟုတ်တော့ အဲဒီအမြင်မျိုးနဲ့ ဒီက မြင်နေမယ် ဆိုတော့ တကာတကာမတွေ့က စဉ်းစားကြည့်တာပေါ့၊ ဘယ်ကနေပြီး သကာလ အရိပ်သဖွယ် တဏှာ,မာန,ဒိဋ္ဌိ လာဦးမလဲ.... (မလာပါဘုရား)။

မလာတော့ တဏှာ,မာန,ဒိဋ္ဌိဟာ ပဋ္ဌမဉာဏ်မှာဘဲ အတော်ပြုတ်ပြီ၊ ဒိဋ္ဌိဆိုယင် လုံးဝပြုတ်ပြီ၊ တဏှာ,မာနက တကာတကာမတို့ မှတ်ပါတော့ ဝိတိဏ္ဏမတို့လောက် ပြုတ်သွားပြီ....(မှန်ပါ့) မပြုတ်သေးဘူးလား....(ပြုတ်ပါပြီဘုရား)။

အဲဒီကဲ့သို့ ရှုပြီးသကာလ ဒါကလေးကို ငြီးငွေ့အောင် လုပ်ပါလို့ ဟောပြန်တာဘဲ....(မှန်ပါ့) ဘယ်သူ ဟောတာတုံး....(ရှင်ပဏ္ဍိကာ ဟောတာပါဘုရား) ရှင်ပဏ္ဍိကာဟောတော့ ရှင်အာနန္ဒာက ဒါကို ငြီးငွေ့အောင်ဘဲ ကြည့်တာဘဲ.... (မှန်ပါ့) ကြည့်လိုက်တော့ ဒါတွေဟာ ငြီးငွေ့စရာ, နှစ်သက်စရာ, ခင်တွယ်စရာ ဘာမှမရှိဘူး၊ မုန်းစရာတွေဘဲလို့ သူ မဂ္ဂင်ငါးပါးနဲ့ဘဲ သာဝကအဖြစ်နဲ့ဘဲ မကြည့်လိုက်ဘူးလား....(ကြည့်လိုက်ပါတယ်ဘုရား)။

အဲဒီတော့ အရိယာသာဝကမှ အရိယာအဖြစ်သို့တက်ရမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အရိယာသာဝကမှ မဟုတ်လို့ရှိယင် အရိယာ ဘယ့်နှယ်လုပ်တက်မလဲ....(မတက်ရပါဘုရား)။

ဘယ်နည်းနဲ့မှ မတတ်နိုင်ဘူးဆိုတော့ ဒါကို နိဗ္ဗန္ဓဖြစ်အောင်ကြိုးစားပါတယ်တဲ့၊ ကြိုးစားတဲ့အခါကျလို့ ရှိယင်ဖြင့် နောက်ကြတော့ နိဗ္ဗဝန္ဓဖြစ်လာတဲ့ အခါကျတော့ နိဗ္ဗဝန္ဓဖြစ်လာတဲ့အခါ သန်လာတဲ့အတွက် နိဗ္ဗဝန္ဓန္တေဝဝိရဇ္ဇတိ၊ နိဗ္ဗဝန္ဓန္တေ= ငြီးငွေ့ပြီးသည်ရှိသော်၊ ဝိရဇ္ဇတိ=တပ်ခြင်းကင်း၏(ဝါ)တဏှာမာန ချုပ်သွား၏၊ သဘော်ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ရှင်အာနန္ဒာ ဒီလိုတည်သွားတော့ ပပဉ္စ ချုပ်တယ်ဆိုတော့ အပါယ်သွားနိုင်တဲ့ ပပဉ္စတွေ ရှိသေးရဲ့လား....(မရှိပါဘုရား)မရှိတော့ကို တဏှာ,မာန,ဒိဋ္ဌိ ချုပ်သည်နဲ့ တပြိုင်နက်တည်း ဒီကလဲ ချုပ်ချင် ချုပ်သည်နဲ့တပြိုင်နက်တည်း ဒီကလဲ ချုပ်ချင်လို့ ချုပ်ရတာမဟုတ်ဘူး၊ အရင်အတိုင်းမှတ် သစ္စာမြင်လာလို့....(မှန်ပါ့)။

တဏှာ,မာန,ဒိဋ္ဌိ ခုနင်က ပြောခဲ့တဲ့ ချုပ်သွားပြီးသည်၏ အခြားမဲ့ဌ် ဖြစ်ပျက်သည်ကားလို့ ဆိုယင် ဒုက္ခသစ္စာအစစ်ဘဲလို့ ပိုင်းခြားလာတယ်....(မှန်ပါ့) နိဗ္ဗာန်ပြီးယင် ပိုင်းခြားတာဘဲ....(မှန်ပါ့)။

နိဗ္ဗာန်ပြီးယင် ဒီဖြစ်ပျက်တွေ ဒုက္ခသစ္စာ အစစ်ဘဲလို့ ပိုင်းခြားတယ်၊ အဲဒီ ပိုင်းခြားတဲ့အချိန်မှာ ဒီတဏှာ,မာန,ဒိဋ္ဌိ ချုပ်တာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) သောတာပန်နဲ့ ထိုက်တန်သလောတ် အသိးသိးချုပ်တာပေါ့ဗျာ....(မှန်ပါ့)။

တဏှာ,မာန,ဒိဋ္ဌိ ချုပ်ပါပြီ၊ ဘယ်အချိန်ချုပ်သတုံး....လို့ မေးလို့ရှိယင် အားလုံး တကာတကာမတွေ ဖြေတတ်ပလား....(ဖြေတတ်ပါပြီဘုရား) ဒုက္ခကို ပိုင်းခြားတဲ့အချိန်ကျမှ ချုပ်တယ်....(မှန်ပါ့ဘုရား) မပိုင်းခြားသေးယင်.... (မချုပ်သေးပါဘုရား)။

အဲဒီတော့ ဒီဟာကို နိဗ္ဗာန် ဖြစ်နေတုန်းက သူတို့သည် တကာတကာမတို့ ချုပ်တယ်လို့ မဆိုရသေးဘူး....လို့ မှတ်....(မှန်ပါ့)။

သူတို့သည် ဒုက္ခသစ္စာဘဲ၊ ဒို့ကြည့်နေတဲ့ အာရုံဟူသ၍သည် ဒုက္ခသစ္စာဘဲ၊ ဖြစ်ဒုက္ခ, ပျက်ဒုက္ခဘဲလို့ ရှုသည်နဲ့ တပြိုင်နက်တည်း ဒါ....ဒုက္ခမှတပါး ဘာမှ မဟုတ်ဘူး၊ ဒုက္ခအစစ်သာ ဟုတ်တယ်လို့ တကာ တကာမတို့သည် ကိစ္စဉာဏ်နဲ့ ဆုံးဖြတ်ချက်ချလိုက်....(မှန်ပါ့ဘုရား) ဒါ....ဒုက္ခသစ္စာဘဲလို့ သိတာဘဲ ဦးဘကြည်....(မှန်ပါ့)။

သို့သော်....ကိစ္စဉာဏ်က ဆုံးဖြတ်ချက်ချလိုက်တယ်၊ ဒုက္ခမှ တပါး ဘာမှ မဟုတ်ဘူး၊ ဒုက္ခသာ ဟုတ်တယ်၊ ဖြစ်တာလဲ ဒုက္ခဘဲ၊ ပျက်တာလဲ ဒုက္ခဘဲဆိုတော့ ဘာဉာဏ်ဖြစ်သွားသတုံး (ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်နဲ့လဲ ဆုံးဖြတ်ချက်ချပါရော တကာတကာမတို့ ချုပ်သွားတာဘဲ....(မှန်ပါ့) ကိစ္စဉာဏ်နဲ့ သူ့ကိုလဲ ပိုင်းခြားလို့ ချုပ်ပါရော သူချုပ်တဲ့အခါ သူတို့လဲ ချုပ်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တဏှာ,မာန,ဒိဋ္ဌိလဲချုပ်၊ ဒီကလဲ မှန်လဲ ပြုတ်ပေါ့ဗျာ....(မှန်ပါ့)။

ချုပ်တဲ့အခါကျလို့ ရှိယင် သြော် .... ဒုက္ခလဲ ချုပ်သွားပြီ၊ တဏှာ, မာန, ဒိဋ္ဌိလဲ ချုပ်သွားပြီ၊ ဒုက္ခလဲချုပ်၊ တဏှာ, မာန, ဒိဋ္ဌိလဲ ချုပ်-ဆိုသဖြင့် တကာ တကာမတို့ [illegible]ခင်ဗျားတို့ကတော့ တဏှာနိရောဓောလဲ နိဗ္ဗာနံဘဲ....(မှန်ပါ့) ဒီက ဒုက္ခနိရောဓော-(နိဗ္ဗာနံပါဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဦးဘကြည်-ဘာတဲ့တုံး....(ဒုက္ခနိရောဓော နိဗ္ဗာနံပါ)။

အင်း .... ဒီဘက်ကလဲ ဒုက္ခမရှိတာ၊ ဝမ်းထဲမှာလဲ တဏှာမရှိတာ၊ ဝမ်းထဲက တဏှာမရှိတော့ မဂ္ဂင်ရှစ်ပါး ရှိတယ်လို့ ဆုံးဖြတ်ချက်ချ၊ ရှုနေတဲ့အာရုံ ဖြစ်ပျက်ဒုက္ခမရှိလို့ နိဗ္ဗာန်ရှိတယ်လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ဝမ်းထဲမှာ ဘယ်သူရှိလို့ တဏှာချုပ်သတုံး.... (မဂ္ဂင်ရှစ်ပါး ရှိလို့ပါ) တဏှာ,မာန,ဒိဋ္ဌိတို့သည် နဂိုရိတုန်းက ဟဒယဝတ္ထုပေါ်မှာ တွယ်ပြီး ဖြစ်တယ်၊ ဒီ့ပြင်နေရာ တွယ်နိုင်ရဲလား.... (မတွယ်နိုင်ပါဘုရား)။

အဲဒီမှာ ဒုက္ခလဲ ပိုင်းခြားသိပါရော မဂ္ဂင်ရှစ်ပါးလဲ ရောက်ပါရော၊ သူတို့အမြစ်တွယ်မည့်နေရာမှာ မင်က အမြစ်တွယ်တယ် (မှန်ပါ့)။

တွယ်တဲ့အခါကျတော့ သူတို့ ဘာဖြစ်သွားသတုံး .... (ချုပ်သွားပါတယ်) ချုပ်တော့မှ မလာဘဲနဲ့ချုပ်(အနုပ္ပါဒ နိရောဓ)လို့ မှတ်လိုက်ပါတော့၊ သဘောကျပလား....(ကျပါပြီဘုရား)။

သူဖြစ်တဲ့အချိန်နဲ့ ဒီက ဒုက္ခချုပ်တဲ့အချိန်နဲ့ကလဲ တကာတကာမတွေက တပြိုင်နက် မှတ်ပေါ့... (မှန်ပါ့) ဘာ့ကြောင့် မှတ်ရမလဲ ဆိုတော့ ဒီမှာက ဖျပ်....ဆို ပျောက်သွားတဲ့အခါ အလင်းသည်ကား....လို့ ဆိုယင် ဖြေးဖြေးထိုးသလားလို့ မေးလို့ ရှိယင် အလင်းလာယင် အမှောင်က ပျောက်ရမှာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အလင်း နိရောဓကြီးဟာ တကာတကာမတွေ ဘယ်သူနဲ့ တွေ့ရ-ကြုံရပါလိမ့်မတုံး-ဆိုယင် ကြည့်နေတဲ့ပုဂ္ဂိုလ်နဲ့ ကြုံမှာဘဲ....(မှန်ပါ့) မကြုံဘူးလား....(ကြုံပါတယ်ဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်သည် မှောင်တာလဲသိတယ်၊ လင်းတာကော (သိပါတယ်ဘုရား) အင်း.... ကိလေသာမှောင်နေတာကိုလဲ ကိလေသာမရှိလို့ ချုပ်တယ်လို့ သူမသိဘူးလား....(သိပါတယ် ဘုရား)။

ဒုက္ခမရှိလို့ နိရောဓ ပေါ်လာတယ်လို့ကော....(သိပါတယ် ဘုရား) ဒါဒြင့် တပြိုင်နက်ဟောတာ....(မှန်ပါ့)။

ကိလေသာမရှိတော့ အမှောင်ဘယ်နှယ်နေသတုံး.... (လင်း ပါတယ်ဘုရား) ဒီအမှောင် ဘာဖြစ်လို့ မရှိရသတုံး....ဆိုတော့ ဒီက နိရောဓအရောင်ကြောင့်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် နိရောဓအရောင်ကြောင့် ကိလေသာမှောင် ပျောက် မယ် ဆိုလို့ရှိယင် ဒုက္ခသည် တကာတကာမတို့ ချုပ်ပြီးကော မကျဘူးလား....(ကျပါတယ်ဘုရား)။

ဒါဖြင့် သမုဒယနဲ့ ဒုက္ခသည် ဘယ်သူ့ရှေ့- ဘယ်သူနောက် ချုပ်လေ့ရှိသလဲ....(တပြိုင်နက်ပါဘုရား) တပြိုင်နက်ချုပ်တယ်၊ သူတို့နှစ်ခုကို အမှောင်ထားလိုက်ဗျာ....(မှန်ပါ့) မဂ္ဂနဲ့ နိရောဓ သည် တကာ တကာမတို့ မဂ်ပေါ်တာနဲ့ ဒီကမြင်တာနဲ့ဟာ ဘယ်သူ့ရှေ့ ဘယ်သူနောက်တုံး-လို့ မေးယင် ဘယ်နှယ်ဖြကြ မလဲ....(တပြိုင်နက်ပါဘုရား)။

ဒါဖြင့် သူက အာရမ္မဏ ပစ္စယောကော....(ဟုတ်ပါတယ်) သို့သော်လဲ ပုရေဇာတကိုမယူနဲ့၊ ပုရေဇာတဆိုယင် နိဗ္ဗာန်ဟာ ရှေ့က ဖြစ်နှင့်နေတဲ့အဓိပ္ပါယ် ရောက်သွားမယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အာရမ္မဏပစ္စယောနဲ့ အဓိပတိပစ္စယောယူ....(မှန်ပါ့)။
သူသည် အာရုံအဖြစ်နဲ့ သူ့ကို ကျေးဇူးမပြုဘူးလား....(ပြုပါတယ်ဘုရား) အဓိပတိအဖြစ်နဲ့ကော ကျေးဇူးမပြုဘူးလား....(ပြုပါတယ်ဘုရား)။

ဒါ့ကြောင့် အာရုံအဓိပတိ... (မှန်ပါ့) ဒီတော့ ဘာတုံး.... သဟဇာတ အဓိပတိ....(မှန်ပါ့)။

ဒါ့ကြောင့် မနေ့က ဦးဘကြည်တို့ကို ဆုံးမခဲ့တယ်၊ ဒီက အဓိပတိ ဖြစ်ပါမှ အာရမ္မဏ အဓိပတိ အဖြစ်နဲ့ သူ့ကိုလဲ ကျေးဇူးပြုတယ်....(မှန်ပါ့)။

ဒီကလဲ သမ္မယုတ္တ ဓမ္မတွေဆိုတဲ့ ယှဉ်ဖေါ် ယှဉ်ဖက်တွေကို ဆန္ဒစိတ္တ ဝိရိယတို့က ကြီးစိုးပါဦးမှ....(မှန်ပါ့) ဒီက သဟဇာတ အဖြစ်နဲ့ သူ့ ယှဉ်ဖေါ် ယှဉ်ဖက်တွေကို ကြီးစိုးပေါ့ဗျာ....(မှန်ပါ့ဘုရား)။

သူက ဒီအပေါ် ကြီးစိုး၊ ကြီးစိုးမှုနှစ်ခုကြုံမှ ခင်ဗျားတို့သည် အာဓိပတေယျဒွော-ဆိုတဲ့အဓိပ္ပါယ် ရောက်တယ်-(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အာဓိပတေယျဒွော- ရောက်မှသာလျှင်လဲ ခင်ဗျားတို့ ပညာမဂ္ဂင်မြဲတော့တယ်၊ သမာဓိမဂ္ဂင်ကော .... (မြဲပါတယ်ဘုရား) သီလမဂ္ဂင်ကော....(မြဲပါတယ်)အာဓိပတေယျဒွော မရှိသေးယင် (မမြဲသေးပါဘုရား)။

ဒီအထဲမှာ အဓိပတိသုံးခုမရှိသေးယင်လဲ ဦးစံရီတို့ ဦးထွန်းဦးတို့က မှတ်လိုက်၊ ဒါဟာ မင်္ဂလာမဟုတ်သေးဘူး.... (မှန်ပါ့)

၂၀၀ မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၂၀

ဒီကအာရုံက ဒီအပေါ် မကြိုးစိုးသေးလို့ ရှိယင်လဲ ဒါဟာ နိဗ္ဗာန် မဟုတ်သေးဘူး....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် သူက အာရမ္မဏာ ဓိပတိအဖြစ်နဲ့ကျေးဇူးပြုမှု၊ ဒီကလဲ သဟဇာတ အဓိပတိအဖြစ်နဲ့ ဒီသုံးခုကလဲ မဂ္ဂင်ပေါ်မှာ ကြိုးစိုးမှ ဒါမှသာလျှင် အာဓိပတေယျဌေဝဖြစ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ အာဓိပတေယျဌေဝ ဖြစ်သွားတော့ကို့ ရှင်အနန္ဒာဟာ ရှင်ပုဏ္ဏ မှန်-ဥပမာပြောနဲ့ဘဲ သောတာပန် တည်တယ်.... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား) ရှုတတ်ပလား.... (ရှုတတ်ပါပြီဘုရား)ဉာဏ်စဉ်ကော ရပလား....(ရပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်.. မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး

ဟောကြားဆိုးမတော်မူသော

ဒိဋ္ဌပြုတ်

နွေ-အလုပ်ပေးတရားတော်

၁၃၂၂-ခု၊ နယုန်လဆန်း ၃-ရက်

မင်္ဂလေးပါးမှာ သောတာပတ္တိမဂ်က ရွေးဦးစွာမဂ်ဘဲ၊ ဖျေး ဦးစွာမဂ်က နည်းနည်းကလေး သတ္တိညံ့တာနဲ့ တကာတကာမ တွေ့ မှတ်ထားကြပါတဲ့၊ အပါယ်လားစေတတ်တဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ လောဘ, ဒေါသ, မောဟ, ခြောက်ခုလို့ မှတ်ပါနော်....(မှန်ပါ့) အပါယ်ကို လားစေတတ်တဲ့ ဒိဋ္ဌိဝိစိ ကိစ္ဆာ....(မှန်ပါ့)။

သီလဗ္ဗတ ပရာမာသ- ဆိုတာက တကာတကာမတွေမှာ မရှိ ပါဘူး၊ ဗုဒ္ဓဘာသာဖြစ်နေတော့ မရှိတော့ဘူး၊ ပြီးတော့.... အပါယ်ကိုသွားစေတတ်တဲ့လောဘ၊ အပါယ်ကိုသွားစေတတ်တဲ့ ဒေါသ၊ အပါယ်သို့ သွားစေတတ်တဲ့ မောဟ....လို့ ဆိုတော့ ခြော်.... ဒီခြောက်ခုကို တကာတကာမတို့ သောတာပတ္တိမဂ်က ပယ်လိုက်တယ်။

ဒါ့ကြောင့် "စတူဟာပါယေဟိစ၊ ဝိပ္ပမုတ္တော" စတူဟာပါယေဟိစ=အပါယ်လေးပါးတို့မှလည်း၊ဝိပ္ပမုတ္တော=လွတ်တယ်ကွ-တဲ့၊ ဒီခြောက်ခုပယ်လိုက်တာ....(မှန်ပါ့)။

ဒီခြောက်ခုကို သောတာပတ္တိမဂ်ရတော့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို မြင်တဲ့ဉာဏ်က ပယ်လိုက်တယ်....(မှန်ပါ့) ဒီဉာဏ်လဲ ဝမ်းထဲရောက်ပါရော အနုသယသဘောနဲ့ အမြစ်တွယ်ပြီး သကာလ....နေတဲ့ ပြင်ဘက်လဲ သတ္တိ ထုတ်မလာဘဲနေတဲ့ ခြောက်ခုဟာ မောင်နှိုင်းပြုတ်သွားတယ်....(မှန်ပါ့)။

တကာတကာမတွေ့ ဘယ်နှစ်ခုပြုတ်သွားသတုံး....(ခြောက်ခုပြုတ်သွားပါတယ်) ဒါဖြင့် အပါယ်လေးပါးသွားစေတတ်တာ ဘယ်နှစ်ခုပါလိမ့်....(ခြောက်ခုပါဘုရား)။

ခြောက်ခုလို့မှတ်ထားလိုက်တော့ သြော်....အပါယ်လေးပါး ကြောက်လို့ ရှိယင်ဖြင့် အပါယ်လေးပါးရောက်တဲ့တရားကို ဝမ်းထဲမှာ မင်္ဂနဲ့ဖယ်ထုတ်မှသာလျှင် ကိုစောမောင်-လွတ်သွားတယ်-(မှန်ပါ့)။

ဒီအတိုင်း အပါယ်ကြောက်ပါတယ်လို့ ငရဲလဲ မသွားချင်ပါဘူး၊ တိရစ္ဆာန်လဲ မသွားချင်ပါဘူး၊ ပြိတ္တာလဲ မသွားချင်ပါဘူး၊ အသူရကာယ်လဲ မဖြစ်ချင်ပါဘူး ဆိုတဲ့ အပါယ်လေးပါးကို မဖြစ်ချင်ရုံနဲ့လဲ ကိုစံလှ-မှပြီးသေးပါဘူး....(မှန်ပါ့)။

ဖြစ်ကြောင်းတရားကို ဝမ်းထဲမှာ ပယ်ပစ်လိုက်လို့ရှိယင်တော့ ဖြစ်စရာ မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဒါဖြင့် အပါယ်သွားစေတတ်တဲ့တရား ဘယ်နှစ်ပါးပါလိမ့်-(ခြောက်ပါးပါဘုရား) ဒီဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ၊

ဒီဘက်က သုံးခု၊ အပါယ်သွားစေတတ်တဲ့ လောဘ, ဒေါသ, မောဟ, ဘယ်နှစ်ခုပါလိမ့်....(ခြောက်ခုပါဘုရား)။

ဒါ.... မင်္ဂလာရမ္မဏ ပြောင်စင်သွားမယ်ဆိုတာ တကာတကာမတို့ အကဲခတ်ကြည့်စမ်း....(သောတာပတ္တိမဂ် ရမ္မဏပါဘုရား) မင်္ဂလာ သေးလို့ ရှိယင် သူတို့သည် တကာတကာမတို့ တခု ကိုစော မောင်တို့ မြင်ပါတယ်၊ မောင်နှိုင်တို့ မြင်ပါတယ်၊ မျိုးစေ့ ကလေးတွေဟာ မြေထဲမှာ မြုပ်နေတာ ရှိတာဘဲ....(မှန်ပါ့)။

မိုးကလေးနဲ့တွေ့ယင်တော့ အညွှန့်ကလေးတွေ အညှောင့် ကလေးတွေ ထွက်လာကြတာဟာ နဂိုရိုက မမြင်ရပါဘူး.... (မှန်ပါ့) မြင်ရရဲ့လား....(မမြင်ရပါဘုရား)။

မိုးကလေးတွေကျလာတော့ တကာတကာမတို့ ဟိုနေရာက အရွက်ကလေးနှစ်ခုနဲ့၊ ဟိုနေရာက အရွက်ကလေးသုံးခုနဲ့ မြေထဲက ထွက်ထွက်လာကြတယ်....(မှန်ပါ့) ဒါဖြင့် သူမြေထဲငုတ်နေလို့ပေါ့ဗျာ....(မှန်ပါ့)။

ဒီမှာလဲ တကာတကာမတို့ ခင်ဗျားတို့ ကျောင်းတကာ-ဘုရားတကာ ဖြစ်ပြီးတော့ နေလို့၊ ဘုရားရှိခိုးနေလို့ တကာတကာမတို့ ဘုရားရှိခိုးပြီး ဆွမ်းကလေး ကွမ်းကလေး ကျွေးနေလို့ သူတို့ခြောက်ခုက မောင်နှိုင်ရဲ့ ငုတ်နေတယ်....(မှန်ပါ့) ငုတ်ပြီးသကာလ-နေတဲ့ တရား ဘယ်နှစ်ပါးပါလိမ့်....(ခြောက်ပါးပါဘုရား)။

ခုနင်ကပြောခဲ့တဲ့ သူ့အာရုံနဲ့တိုက်ဆိုင်ပြီ- ဆိုမှဖြင့် ဒီဒိဋ္ဌတို့ ဝိစိကိစ္ဆာ- သီလဗ္ဗတ ပရာမာသတို့၊ အပါယ်သွားစေတတ်တဲ့

လောဘ, ဒေါသ, မောဟတွေဟာ တခါတည်း သူ့အာရုံနဲ့ တွယ်ငင် ဒီခြောက်ခုဟာ ဝုန်းကနဲ ပေါ်လာတာဘဲ....(မှန်ပါ့) ပေါ်လာသည်နဲ့ တပြိုင်နက်တည်း တကာတကာမတွေ သူတို့က ပဋိစ္စသမုပ္ပါဒ် စ,လာတာဘဲ....(မှန်ပါ့)။

ကိုစံလှ- ဘာလုပ်သလဲ .... (ပဋိစ္စသမုပ္ပါဒ် စ,လာပါတယ် ဘုရား)။

ကြပ်ကြပ်သတိထား နားထောင်ပါ တကာ တကာမတွေ.... အပါယ်သို့ သွားစေတတ်တဲ့ လောဘကို မပယ်သေးလို့ ရှိယင်လဲ သူ့ သားအာရုံနဲ့ တိုက်ဆိုင်၊ သမီးအာရုံနဲ့ တိုက်ဆိုင်လာယင် ဒီ လောဘဟာ အပါယ်ကျလောက်အောင် သွားရတဲ့ လောဘလဲ ရှိတယ်နော်....(မှန်ပါ့)။

အပါယ်မကျလောက်အောင် သွားတဲ့လောဘလဲ ရှိတယ်.... (မှန်ပါ့) သောတာပတ္တိမဂ် မရသေးလို့ ရှိယင်ဖြင့် အပါယ် ကျစေတတ်တဲ့ လောဘလဲ သူက ခေါင်းဆောင်လုပ်ပြီး ထွက်လာတာဘဲ....(မှန်ပါ့) ကိုစံလှ-ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝမ်းထဲမှာ ဒီဥစ္စာ အနုသယ သဘောနဲ့ကိန်းအောင်းနေတယ်၊ အပါယ်ချဘို့ရာအလုပ်ကို သူတို့ အခွင့်ကြုံလာယင် ချလိမ့်မယ်၊ ဒါဖြင့် သူတို့ကို မောင်နှိုင်တို့-ကိုစောမောင်တို့-ကိုစံလှတို့က အမြစ်ပြတ်အောင်လုပ်ဘို့ အရေးကြီးတယ်....(မှန်ပါ့) မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

ဘာလုပ်ဘို့ အရေးကြီးပါလိမ့်.... (အမြစ်ပြတ်အောင်လုပ်ဘို့ အရေးကြီးပါတယ်) အမြစ်ပြတ်အောင်လုပ်ဘို့ အရေးကြီးတယ် ဆိုတော့ သူတို့၏အမြစ်ကို ရှာကြစို့....(မှန်ပါ့)။

ဒီခြေက်ခုသည် ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ အဲဒီတော့ ဒီခြေက်ခုမျာလဲ....တဲ့၊ တကာတကာမတွေက ခြေက်ခုဆိုတာ ဘုရားဟောတော်မူတဲ့ အတိုင်း မှန်လဲ မှန်ပါသည်၊ ခြေက်ခုကို ကျုပ်တို့က အထူး ဂရုစိုက်နေတာ လေးခုနော်.... (မှန်ပါ့)။

ဒီနှစ်ခုပယ်ယင် ပြီးတာဘဲ၊ ဒီနှစ်ခုပယ်ယင် ကျန်လေးခု ပါသွားတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာ ပယ်လိုက်ယင် .... (လေးခု ပါသွားပါတယ်) လေးခု ပါသွားတယ်ဆိုတော့ တကာတကာမတို့ ဒီနှစ်ခု ပယ်ဘို့ရာ အရေးကြီးတယ်၊ ရှင်းပလား(ရှင်းပါပြီဘုရား)။

ဘာပယ်ရမလဲ.... (ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာ ပယ်ရပါမယ်)။

ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာ ပယ်ရမယ်၊ ဒါမပယ်သေးလို့ ရှိယင်ဖြင့် ဥပရိ မိဖုရားကြီးသေတော့ တိရစ္ဆာန်ဘုံသွားပြီး နောက်ခြေးပိုးထိုးဖြစ်တယ်၊ ဒါမပယ်ယင်.... (မှန်ပါ့) ဒါပယ်တဲ့အလုပ် မလုပ်ယင်....(မှန်ပါ့)။

ဒါဖြင့် စိတ်ချလက်ချ တကာတကာမတွေက နေချင်ကြလို့ ရှိယင် ဆရာဘုန်းကြီးက အကူအညီပေးပြီး နေကြတော့ဟော့.... လို့ ပြောမှာဘဲ....(မှန်ပု့ါ)။

အခုတော့ဖြင့် တကာတကာမတို့ ဒိဋ္ဌိကလဲမပြုတ်သေး၊ ဝမ်းမြောက်စရာတွေကလဲ မကုန်သေးတော့ စိတ်ချ လက်ချ မနေကြနဲ့၊ ယနေ့ ယောကျ်ားကောင်းစင်စစ်၊ နက်ဖြန် ခွေးဖြစ်နိုင်တယ် သေလို့ ရှိယင်....(မှန်ပါ့)။

ကိုစောမောင်-ယနေ့ ယောကျ်ားကြီး တဖျဖျနဲ့ နက်ဖြန် စုတေမနေ သေလွန်တော့ ခွေးဝမ်းထဲသွားပြီး ခွေးဖြစ်နိုင်တယ် (မှန်ပါ့)။

ဘာမပယ်လို့ပါလိမ့်.... (ဒီဌိ ဝိစိကိစ္ဆာ မပယ်လို့ပါဘုရား) ကိုစံလှ-ဒါအရေးကြီးလို့ ပြောတာနော်....(မှန်ပါ့)။

နောက်က တကာတကာမတွေ့ ဒါမပယ်သ၍ ကာလပတ်လုံး ကျောင်းဆောက်နေဦး၊ ဘုရားတည်နေကြပါတကာတကာမတို့ ဒါကတော့ ဝမ်းထဲမှာရှိနေသေးလို့ရှိယင်ဖြင့် ကျောင်းဆောက်တာလဲ တခြား၊ ဘုရားတည်တာက တခြား သုဂတိသွားမှာဘဲ၊ သုဂတိကနေ ပြန်ပြီး သူတို့နှစ်ခုက အပါယ်လေးပါး ဆွဲချမှာဘဲ....(မှန်ပါ့ဘုရား) ကိုစံလှ-စိတ်ချရရဲ့လား....(စိတ်မချရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သူ့ကို အယင်ပယ်ဘို့အရေးဟာ ကျုပ်တို့ အရေးအကြီးဆုံး အရေးဘဲလို့ သွင်းလိုက်ပါဆိုတာကို့ ယနေ့ တကာ တကာမတွေ့အား လေးစားစ့ာနဲ့ဘဲ သတိပေးလိုက်တယ်....(မှန်ပါ့) တကာကြီးလို့င်- သတိပေးလိုက်တယ်နော် (မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် ဒီအရေးသည် တကာတကာမတို့ ထမင်းမစားနိုင်- ကားမဝယ်နိုင်တဲ့အရေးဟာ ဒါလောက်မကြီးပါဘူး ကိုစောမောင်....(မှန်ပါ့) ဒီနှစ်ခုမပယ်နိုင်တဲ့အရေးဟာ အကြီးဆုံးထားပါ....(မှန်ပါ့)။

ဘာ့ကြောင့်တုံး....လို့ ဆိုတော့ ငရဲမျိုးစေ့နှစ်ခု ဝမ်းထဲမှာရှိနေတော့ ငရဲကောင် ဖြစ်လိမ့်ဦးမယ်လို့ မောင်နိုင်- မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အပါယ်လေးပါးမျိုးစေ့ ရှိနေသေးတော့ အပါယ်လေးပါးရောက်နိုင်သေးတယ်ဆိုတာက မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ ထမင်းမစားရလို့ အပါယ်မရောက်ပါဘူး၊ ကားမစီးရလို့ အပါယ်မရောက်ပါဘူး၊ သဘောကျပလား.... (ကျပါပြီဘုရား) ဒါနှစ်ခု မပယ်နိုင်ယင်တော့ဖြင့် ရောက်ကြရလိမ့်မယ်....(မှန်ပါ့) ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပယ်မှ ကိစ္စပြီးမယ်နော့....(မှန်ပါ့ဘုရား)။

သူတို့နှစ်ခုလဲ ပယ်လိုက်ပါရော ကိုစောမောင်- အပါယ် ကျစေတတ်တဲ့ လောဘ, ဒေါသ, မောဟ ကုန်ပြန်တာဘဲ၊ သူတို့နှစ်ခု ခေါင်းဆောင်ဖြုတ်လိုက်တာကိုး .... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒီအထဲကမှ တကာတကာမတို့ အင်္ဂုတ္တိရ်ပါဠိတော်ကာလာပြန်လို့ အို....ဒိဋ္ဌိဖြုတ်ပါက့၊ ဝိစိကိစ္ဆာ အလိုလို ပါသွားပါတယ်....တဲ့၊ ဟောဒီတခုဘဲ ဖြုတ်ရမယ်....(မှန်ပါ့)။

အင်္ဂုတ္တိရ်ပါဠိတော်က ဒိဋ္ဌိဖြုတ်လိုက်ယင် ဘာတဲ့တုံး....(ဝိစိကိစ္ဆာပါသွားပါတယ်) သြော်....ဒါဖြင့် ဒီတလုံးကလေးဖြုတ်ဘို့အရေးဟာ ဒို့အရေးဘဲ၊ သူ့ဖြုတ်လိုက်ယင် အပါယ်လေးပါး လွတ်သွားပြီ၊ အထက်သံသရာကနေပြီး နိဗ္ဗာန်သွားရုံဘဲဆိုတာ အထူးသေချာပါတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ကောဓမ္မောဆိုတဲ့ တလုံးကိုဖြင့် ဒါကလေး ပယ်နိုင်တဲ့နည်းကိုလဲ ဆရာဘုန်း

ကြီးကလဲ ရေရေလည်လည်ပြောပါမယ်၊ တကာ တကာမတွေ့ကလဲ တရားနာရင်း ခန္ဓာကိုယ် ဥာဏ်စိုက်လိုက်ပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နည်းကတော့ ဘုန်းကြီးပြောတဲ့စကား နားထောင်တာပေါ့ဗျာ....ဥာဏ်ကတော့ ဘယ်စိုက်ရမလဲ....(ခန္ဓာကိုယ် စိုက်ရပါမယ် ဘုရား)။

အဲ....ဒီလိုကျတော့ကို.... ဘုရားလက်ထက်က တရားနာရင်း သောတာပန်တည်တဲ့ ပုဂ္ဂိုလ်များက ဘုရား- တရားဟောတာကိုတော့ သူနားကစိုက်တယ်၊ နားကစိုက်လို့ နားကကြားတယ်၊ သူ့ဥာဏ်က ခန္ဓာထဲမှာ ဒိဋ္ဌိသတ်တယ်၊ ဒါ့ကြောင့် သောတာပန်တည်သွားတာ....(မှန်ပါ့)။

ဒါဖြင့် သောတာပန်တည်မှသာလျှင် မောင်နိုင်ရေ-အပါယ်လေးပါး လွတ်မယ်ဆိုတော့ သောတာပန်တို့ရတဲ့နိဗ္ဗာန် ဘာနိဗ္ဗာန်ပါလိမ့်မတုံး- ဆိုတော့ ဒိဋ္ဌိပြုတ်တဲ့နိဗ္ဗာန်လို့ မှတ်လိုက်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သောတာပန်တို့ ရောက်တဲ့နိဗ္ဗာန်ဟာ ဘာနိဗ္ဗာန်ပါလိမ့်....(ဒိဋ္ဌိပြုတ်တဲ့နိဗ္ဗာန်ပါ) အဲ.... ဒိဋ္ဌိပြုတ်တဲ့ နိဗ္ဗာန်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒိဋ္ဌိပြုတ်တဲ့နိဗ္ဗာန်ကို ရတယ်ကိုစောမောင်.... (မှန်ပါ့ဘုရား) သေသေချာချာမှတ်ကြစမ်းပါ....(မှန်ပါ့)။

တကာ တကာမတို့ .... နဂိုရှိတုန်းက အပါယ်သွားတဲ့တရားဘုန်းကြီး-ဘယ်နှစ်ပါးရှင်းပြခဲ့သလဲ .... (ခြောက်ပါးပါဘုရား)

ခြောက်ပါးထဲကမှ တခါ အရေးမကြီးတာတွေ ဖြုတ်လိုက်ပြန်တော့ အရေးကြီးတာက ဒီဌိဝိစိကိစ္ဆာ ကျန်နေတယ်....(မှန်ပါ့ဘုရား)။

အဲဒါတောင်မှလဲ ဝိစိကိစ္ဆာ မပြုတ်ချင်နေပါ၊ ဒီဌိပြုတ်ယင် ဝိစိကိစ္ဆာ အတွဲလိုက် ပါသွားပါတယ် ဆိုသဖြင့် တလုံးတည်း ဖြုတ်ရမယ်....(မှန်ပါ့) တလုံးတည်း ဖြုတ်လိုက်တာနဲ့ အပါယ်လေးပါးတံခါးပိတ်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဒီတလုံးတည်း ဖြုတ်လိုက်တာနဲ့ ဘာဖြစ်သတုံး....(အပါယ်တံခါး ပိတ်ပါတယ်)။

ဒါဖြင့် ဒီတလုံးတည်းဖြင့် ဘုရား.... နည်းသာပေးပါတော့၊ ဖြုတ်တဲ့နည်းကို တပည့်တော်တို့ကို ပေးသာပေးပါတော့၊ ကိုယ့်ငရဲမီးကို ကိုယ်ငြိမ်းပါတော့မယ်၊ ကိုယ့်ဝမ်းထဲမှာရှိတဲ့ ငရဲမီးကို ငြိမ်းပါတော့မယ်၊ တခါတည်း တပည့်တော်တို့ ဖြုန်းတီးပစ်လိုက်ပါတော့မယ်ဆိုလို့ ရှိယင် ဒီဌိတချက်ပယ်လိုက်ယင် မျိုးစေ့ကုန်သွားမှာဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီဌိကိုပယ်လိုက်ယင်....(မျိုးစေ့ကုန်သွားပါမယ်) ဘာမျိုးစေ့ပါလိမ့် တကာတကာမတို့ .... (အပါယ်မျိုးစေ့ပါဘုရား) အပါယ်မျိုးစေ့ကို ဘုန်းကြီးတို့တကာတကာမတွေက မှတ်လိုက်ကြစမ်းပါနော်....(မှန်ပါ့ဘုရား) အပါယ်မျိုးစေ့ဆိုတာကော သဘောကျပလား....(ကျပါပြီဘုရား)။

အဲ....ဒါဖြင့် ဒီမျိုးစေ့ရှိလျက်နဲ့ တကာတကာမတွေက လှူနေတယ်, တန်းနေတယ်ဆိုတော့ လှူတန်းတာဟာ အကျိုးရှိပါတယ် ကိုစောမောင်ရဲ့....(မှန်ပါ့)။

ကျောင်းဆောက်, ဘုရားတည်တာတွေဟာလဲ အင်မတန် ကျေးဇူးရှိပါတယ်၊ လူ့ပြည်, နတ်ပြည် သွားမှာတွေပါဘဲ၊ သုဂတိ သွားနိုင်တယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

သို့သော်....ဒိဋ္ဌိဝင်းထဲက မဖြုတ်ခဲ့လို့ ရှိယင် ဟိုအကျိုးပေးတွေ ခံစား-စံစားပြီး သူ ဆဲခဲ့မယ်....(မှန်ပါ့) သူက ဆဲခဲ့လိမ့်မယ်နော်....(မှန်ပါ့)။

အဲဒီတော့.... စိတ်ချ လက်ချ ကျုပ်တို့ ဒီဟာဖြုတ်ပြီးမှ လုပ်လိုက်လို့ရှိယင်အထက်ကတော့အောက်ပြန်မဆင်း၊အထက်သို့သာတက်ပြီး နိဗ္ဗာန်ဝင်ရုံဘဲ ရှိတယ်ဆိုတော့ ကိုပေါ်-ဒါဖြုတ်ရလိမ့်မယ်....(မှန်ပါ့)။

အားလုံး တရားတပဲလုံး သတိပေးလိုက်ပါတယ်၊ အရေး အကြီးဆုံး ဘာဖြုတ်ရမှာပါလိမ့် .... (ဒိဋ္ဌိဖြုတ်ရမှာပါဘုရား) ဒိဋ္ဌိဖြုတ်လိုက်ယင် ကျန်ငါးခု ပါသွားပြန်ပြီ....(မှန်ပါ့ဘုရား) ခေါင်းဆောင် ဘယ်သူပါလိမ့်....(ဒိဋ္ဌိပါဘုရား)။

ဒါဖြင့် သောတာပန်တည်တဲ့ ပုဂ္ဂိုလ်မျိုးဟာ အပါယ်လေးပါးတံခါးပိတ်ပြီး မဖြစ်ကောင်းတဲ့ ခြောက်ဌာနကို မဖြစ်လိုက်တာသည် ဘယ်ဟာဖြုတ်လိုက်လို့ပါလိမ့်....(ဒိဋ္ဌိဖြုတ်လိုက်လို့ပါဘုရား)။

တကာတကာမတို့ ဘာဖြုတ်သတုံး .... (ဒိဋ္ဌိ ဖြုတ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒိဋ္ဌိဖြုတ်တဲ့အရေးလောက် ကြီးတဲ့ အရေးဟာဖြင့် မရှိဘူးဆိုတဲ့ဥစ္စာကို စောစောစီးစီး သိထားဘို့ အရေးကြီးတယ်....(မှန်ပါ့)။

ဒါဖြင့် အားလုံး တကာ တကာမတွေ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား) သောတာပန်တည်ချင်ယင် ဘာဖြုတ်ရမတုံး....(ဒိဋ္ဌိဖြုတ်ရပါမယ်) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒီဒိဋ္ဌိသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် ခန္ဓာထဲသူရောက်ပြီးသကာလနေတာဟာ ဘယ့်နှယ်ကြောင့် ဒီဒိဋ္ဌိဆိုတဲ့ အမှားတရား ခန္ဓာထဲမှာ ရောက်နေပါလိမ့်မလဲလို့ မေးဘို့ မလိုဘူးလား....(လိုပါတယ်ဘုရား)။

သူဟာ ခန္ဓာထဲမှာ မျိုးစေ့အဖြစ်နဲ့နေတဲ့ဥစ္စာ သူသည်ကား လို့ ဆိုယင် ခန္ဓာထဲမှာ မျိုးစေ့အဖြစ်နဲ့ ရောက်ရောက်-ရောက်ရောက်နေပါလိမ့်မလဲ၊ ဘဝပေါင်းများစွာ ခန္ဓာရယ်လို့ဖြစ်ယင် သူပါလာတာဘဲ....(မှန်ပါ့)။

သူက ပါပါ့ပါပါပြီးလာတာ ဘယ့်နှယ်ကြောင့်ပြောင်းပါလိမ့်မတုံး၊ ဒီဒိဋ္ဌိ ပါပါ့-ပါပါလိမ့်မတုံး-လို့ မေးဘို့ မလိုဘူးလား....(လိုပါတယ်ဘုရား)။

လိုတဲ့အခါကျတော့ တကာတကာမတွေ....တဲ့၊ ခင်ဗျားတို့ ခန္ဓာငါးပါးကို မသိရကလာတယ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကိုစောမောင့်-ဘယ်ကလာသတုံး....(ခန္ဓာငါးပါး မသိရကလာပါတယ်) ခန္ဓာငါးပါးက ခန္ဓာငါးပါး၊ မသိတာက ဒိဋ္ဌိတဲ့နေတဲ့ မောဟ....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ခန္ဓာငါးပါးက ဘာပါလိမ့်....(ခန္ဓာငါးပါးပါဘုရား) အဲဒီခန္ဓာငါးပါးဘဲလို့ မသိတာက .... (ဒိဋ္ဌိနဲ့ တဲ့နေတဲ့ မောဟပါဘုရား)။

အဲ....ဒါဖြင့် တကာတကာမတို့ ခန္ဓာမသိခြင်းကြောင့် ဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ ဒိဋ္ဌိဘယ်ကလာပါသတုံး (ခန္ဓာငါးပါးက လာပါတယ်) ခန္ဓာငါးပါးကို ခန္ဓာငါးပါးရယ်လို့ မသိမှုကလာသည်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဩော်.... ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ယနေ့ ခန္ဓာငါးပါးက လာတယ်ဆိုတော့ ခန္ဓာငါးပါးကို သိတဲ့ပုဂ္ဂိုလ်မှာလာတာလား၊ မသိတဲ့ပုဂ္ဂိုလ်မှာ လာတာလား....(မသိတဲ့ပုဂ္ဂိုလ်မှာ လာတာပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ သိအောင်ပြောပေးမည့် ကလျာဏမိတ္တ၊ ကလျာဏ=ကောင်းတာ၊ မိတ္တ=အဆွေခင်ပွန်း၊ ကောင်းသော ဆရာသမား၊ ကောင်းသောအဆွေခင်ပွန်းနဲ့ တွေ့လို့ကြပြီဆိုမှဖြင့် ခန္ဓာရယ်လို့ ခင်ဗျားတို့ဉာဏ်ထဲမှာသိ၊ မခိုင်တာမမြဲတာ သိလို့ရှိယင် ဒီဒိဋ္ဌိဟာ ရှိကိုမရှိဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဘယ်ကလာပါလိမ့် တကာတကာမတို့.... (ခန္ဓာမသိမှုက လာပါတယ်ဘုရား)။

ခန္ဓာကို မသိမှုက လာတယ်ဆိုတော့ ဩော်....ဒါဖြင့် တကာတကာမတို့ ဒီခန္ဓာသိအောင် ပြောပေးမည့်ဆရာမျှား ခင်ဗျားတို့ ရှာကြစမ်းပါ....(မှန်ပါ့)။

ဒီဆရာနဲ့တွေ့ယင် ဒီဒိဋ္ဌိပြုတ်တယ်၊ ဒီဒိဋ္ဌိပြုတ်ယင် သူနဲ့တဲ့တာငါးခုပြုတ်တယ်....(မှန်ပါ့ဘုရား) ပြုတ်သည်နဲ့ တပြိုင်နက်တည်း

အပါယ်လေးပါးနဲ့ ကျုပ်တို့နဲ့ အိုးစားကဲ့တယ်....(မှန်ပါဘုရား) ဘယ်တော့မှ မဖြစ်တော့ဘူးဆိုတာ ဆုံးဖြတ်ချက်ချ.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဌီ ဘယ်ကလာသလဲ.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား) ဪ....ခန္ဓာငါးပါး မသိမှုက လာတယ်။

ဒါဖြင့် တကာ တကာမတို့ ခန္ဓာငါးပါးမသိသ၍ ကာလပတ်လုံး ကျုပ်တို့ ဒီဌီမပြုတ်ဘူး....(မှန်ပါ) မပြုတ်သ၍ ကာလပတ်လုံးလဲ ကျုပ်တို့မှာ အပါယ်ရောက်စေတတ်တဲ့မျိုးစေ့ ဝမ်းထဲမှာ မရှိဘူးလို့ ဘယ်တော့မှ မဆိုနိုင်ဘူး....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဪ....ဒါဖြင့် ဒီအရေးဟာဖြင့် အင်မတန် အရေးဘဲလို့ တရားတပဲ့လုံး မှတ်နိုင်ကြပလား.... (မှတ်နိုင်ပါပြီဘုရား) ဒီဌီပြုတ်ဘို့အရေးဟာလေ....(အကြီးဆုံးအရေးပါဘုရား)အကြီးဆုံးအရေးဆိုတာ နောက်က ကာကာတကာမတွေ ဆုံးဖြတ်ချက်ချပါ (ချပါတယ်ဘုရား)။

ဘာဖြုတ်ဘို့အရေးတုံး....(ဒီဌီဖြုတ်ဘို့အရေးပါဘုရား) ဒီဌီဟာ ဘာမသိလို့ လာပါလိမ့်....(ခန္ဓာငါးပါးမသိလို့ပါဘုရား) ဒါဖြင့် ခန္ဓာငါးပါး၏အကြောင်း ကောင်းကောင်း မသိလို့ လာတာဘဲဆိုတဲ့ အဓိပ္ပါယ်ဟာ ရှင်းသွားပြီ.... (ရှင်းသွားပါပြီဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်ပြီး သကာလနေတော့ သဗ္ဗညုတဉာဏ်နဲ့ ကြည့်လိုက်တယ်၊ သဗ္ဗညု

တဉာဏ်နဲ့ ကြည့်လိုက်တော့ တသိန်းလောက် လူတွေ သေလို့ ရှိယင် တယောက်လောက် သုဂတိရောက်တယ်၊ အပါယ်ချည်း သွားကြတာဘဲ ကိုစောမောင်....(မှန်ပါ့)။

အို....ကိုစောမောင် သဗ္ဗညုတဉာဏ်တော်နဲ့ လူတွေသေတာကို ရှောက်ကြည့်တယ်နော်....(မှန်ပါ့ဘုရား) လူသေတာတောင် တသိန်းမှာ တယောက်လောက်သာ နတ်ရွာ သုဂတိ ရောက်တယ်....တဲ့၊ ကျန်တဲ့ တသိန်းမှာ တယောက်လျှော့တွေကဖြင့် တကာတကာမတို့ အကုန် အပါယ်သွားကြတာဘဲ.... (မှန်ပါ့) ဘယ်သူပါလိမ့်မလဲလို့ သဗ္ဗညုတဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ဩဿ်....ဒိဋ္ဌိဘဲ....တဲ့၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူက ပို့လိုက်တာပါလိမ့်.... (ဒိဋ္ဌိက ပို့တာပါဘုရား) ဒိဋ္ဌိက ပို့လိုက်တယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် ကိုစံလှ,ရေ.... ဘာအရေးကြီးတယ် ဆိုမလဲ.... (ဒိဋ္ဌိအရေးကြီးပါတယ်ဘုရား) ဒိဋ္ဌိအရေးကြီးတယ်ဆိုတာ ပေါ်လာပြီနော်....(မှန်ပါ့)။

အားလုံး တကာတကာမတွေ သေသေချာချာပြောမလို့၊ သူဟာ ဒါလောက်အပြစ်ကြီးတယ်လို့ တကာတကာမတို့ သိစေချင်လွန်းလို့ အေးအေးဆေးဆေး နားလည်ပါးလည် ရှိအောင် ပြောနေတယ်ဆိုတာ မှတ်မိကြစမ်းပါ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒိဋ္ဌိမဖြုတ်ရသေးလို့ ရှိယင်ဖြင့် ခင်ဗျားတို့မှာ အပင်းမကျတဲ့ ဝေဒနာသည်လို့သာမှတ်ပေတော့ (မှန်ပါ့)။

အပင်းမကျသေးတဲ့ဝေဒနာသည်ဟာ ကိုစောမောင် သူ့မှာဖြင့် ရောဂါပျောက်ပြီလို့ ဆိုလို့ရပါ့မလား.... (မရပါဘုရား) ဘာ့ကြောင့်တုံး....(အပင်းမကျသေးလို့ပါဘုရား) အပင်းမကျသေးလို့။

ဒီမှာလဲ ခင်ဗျားတို့ အပင်းမကျသေးဘဲနဲ့ ကျောင်းတကာဘုရားတကာ အမျိုးမျိုးအဖုံဖုံတွေ ခင်ဗျားတို့ ဂုဏ်ယူပြီးနေငြားသော်လဲ ဒီအပင်းကြလာယင် အပါယ်ရောက်မှာဘဲ.... (မှန်ပါ့) အပင်းမှ မကျဘဲကိုး၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတုံင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက စဉ်းစားတယ်၊ သြော်....လူတသိန်းသေယင် တယောက်သာ သုဂတိရောက်ပြီး ကျန်တဲ့တသိန်း တယောက်လျော့တွေ့ဟာသည် အကုန်အပါယ်လေးပါးသွားကြတယ်၊ လက်သည် ဘာပါလိမ့်မလဲလို့ ကြည့်လိုက်တော့ ဘုရားက ဘာမြင်သတုံး....(ဒိဋ္ဌိမြင်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဒိဋ္ဌိကို အယင်ဖြုတ်လိုက်၊ မဖြုတ်လိုက်လို့ ရှိယင်ဖြင့် ခင်ဗျားတို့ ကျုပ်တို့သည် ကျောက်ခဲရေကျည်နှံဖုံးစရာသာရှိ၍ ပြန်ဘက်တော့မှာ မဟုတ်ပါဘူး၊ ဒီ-ဒိဋ္ဌိရှိ၍....(မှန်ပါ့) ကိုစောမောင် ဘယ်လောက်ဆိုးသလဲ....(ဆိုးပါတယ်ဘုရား)။

ကဲ....တကာတကာမတို့ အဆိုးတကာ့ အဆိုးဆုံးထဲမှာ ဘယ်တရားအဆိုးဆုံးလဲဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)

ဘယ်သူပါလိမ့်.... (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိကို တကာ တကာမတို့ ဘယ်မှာ ပယ်နိုင်သတုံး....(သောတာပတ္တိမဂ်ကပါဘုရား)။

ကောင်းပြီ....ဒါဖြင့် သောတာပတ္တိမဂ်မရသေးသ၍ ကာလ ပတ်လုံး ဒိဋ္ဌိအပင်း ဝမ်းထဲက ဘယ်တော့မှ မကျဘူး....(မှန်ပါ ဘုရား) ဒါကြောင့် ဒိဋ္ဌာနုသယလို့ ဘုရားက ဟောလိုက်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘာလို့ ဟောသလဲ....(ဒိဋ္ဌာနုသယလို့ ဟောပါတယ်ဘုရား) ဒိဋ္ဌိ,က=ဒိဋ္ဌိ၊ အနုသယ,က=ကိန်းနေတယ်လို့ ပြောတာ-(မှန်ပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒိဋ္ဌိက ဘာတုံး....(ဒိဋ္ဌိပါဘုရား) အနုသယက ဘာတုံး.... (ကိန်းနေတယ်ပြောတာပါဘုရား)။

အဲဒါကြောင့် ဒိဋ္ဌာနုသယလို့ နာမည်ပေးလိုက်တယ်၊ အနု သယ ကိန်းနေတယ်၊ မင်းတို့က ဘုရားရှိခိုးနေတယ်၊ သူ့ဝမ်းထဲ မှာ သတ္တိရှိနေကယ်၊ သဘောကျပလား.... (ကျပါပြီဘုရား) မင်းတို့က ကျောင်းဆောက်နေတယ် သူက ဝမ်းထဲကရှေ့ရဲလား (မရှေ့ပါဘုရား)။

မရှေ့ဘူး.... တကာတကာမတို့ ခင်ဗျားတို့ကို ဘုရားရှိခိုး နေလို့ ဗုဒ္ဓဘာသာ စင်စင်ကြယ်ကြယ် ဖြစ်ပြီလို့ သွားမယူနဲ့ဦး ဒိဋ္ဌိအပင်း မကျသေးဘူး၊ သူက မဂ်လာမှု ပယ်မှာ ကိုးဗျ.... (မှန်ပါ) မဂ်မှတပါး သူ့ကို နိုင်တဲ့တရားက.... (မရှိတော့ပါ ဘုရား)။

ကိုစံလှ-ကျေကျေနပ်နပ် သဘောကျပလား .... (ကျပါပြီ) ဒါဖြင့် ဘုရားရှိခိုးနေတော့ ဒီအပင်း ဝမ်းထဲက ကျပလား.... (မကျပါဘုရား) တကာကြီးလှိုင်- ကျပါ့မလား....(မကျပါဘုရား)။

မကျဘူး၊ သံယုတ်ပါဦးတော်မှာ ဘုရားကိုယ်တော်တိုင်ဟောထားတာရှိဘယ်၊ ပဇဟန ဝါရ-ဆိုတာ ရှိတယ်၊ သူ့ကို မပယ်နိုင်ဘူးကွ-တဲ့၊ ပုထုဇဉ်ဟာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ပုဆုဇဉ်က ပယ်နိုင်ရဲလား....(မပယ်နိုင်ပါဘုရား) မပယ်နိုင်တော့ သောတာပတ္တိမဂ် ရအောင် လုပ်ရလိမ့်မယ် .... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာရအောင်လုပ်ရမလဲ .... (သောတာပတ္တိမဂ်ရအောင် လုပ်ရပါမယ်) ဒါကတော့ ဆရာအရင်း သမားအရင်းမို့ ချောက်ဟောနေတဲ့တရားလဲမဟုတ်ဘူး၊ မြောက်ဟောနေတဲ့တရားလဲမဟုတ်ဘူး၊ အရေးကြီးလို့ ပြောနေတယ်လို့သာ မှတ်ပေတော့....(မှန်ပါ့)။

ချောက်တာလဲမဟုတ်ဘူး၊ မြောက်ဟောတာကော-(မဟုတ်ပါဘုရား) ဘယ့်နှယ်ပြောတာတုံး.... (အရေးကြီးလို့ ပြောနေတာပါဘုရား) အရေးကြီးလို့ ပြောတယ်လို့ဘဲ ခင်ဗျားတို့လေးစားစွာ မှတ်ရုံဘဲရှိတယ်....(မှန်ပါ့)။

အခု ဘုရားရှိခိုးနေတော့ မောင်နိုင်-သူက ဘယ့်နှယ်တုံး.... (ဒီဌိမက္ခဝပါဘုရား) ဟင်း အပင်းကျရဲလား....(မကျပါဘုရား)

မကျလို့ရှိယင် ဘုရားရှိခိုးတာက တခြား၊ သူက အပါယ်သွားမည့် အပင်းမကျတာက တခြား....(မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါ သိနေတော့ သြော်....ဘုရားရှိခိုးတာလဲ ဘုရားရှိခိုးတဲ့ကုသိုလ်က အကျိုးပေးတာကတမျိုး၊ သူ့မပယ်သေးသ၍ကာလပတ်လုံး၊ အပါယ်ငရဲမျိုးစေ့တွေကလဲ သူ့ မပယ်သေးသမျှကာလပတ်လုံး မင်း-ဘာလုပ်နေနေကွာ .... ငါတန့်နေဆဲချမယ်ဆိုတာက သူကလဲ ကြိမ်းမောင်းလျက်က တခြား....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့.... အရေးကြီးလို့ ကြီးတယ်လို့ ဟောတဲ့တရားကိုဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ သေသေချာချာ ရှင်းလင်းပေးပါပြီ၊ လူတသိန်းသေတာ တယောက်သာ သုဂတိသွားတာကို ဝမ်းမြောက်တယ်ဆိုတာက အရမ်းပြောနေတဲ့စကား ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား) တကယ်မြင်လို့ တကယ်ပြောနေတယ်ဆိုတာကော ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

အဲဒီတွင်မှ နတ်တွေကော လူတွေကော ဘယ်လို ဟောလိုက်သတုံးဆိုတော့ ငါအရေးကြီးတဲ့တရားကို အရေးကြီးသလို မြင်ပဟေ-ဆိုပြီး သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ဟောတော်မူတယ်၊ ကိုစောမောင်- နတ်တွေကော လူတွေကော ဒီကုန်ဟောတော့တာဘဲ....(မှန်ပါ့) ဒီ့ပြင်ဟာ မဟောဘဲနဲ့ ဒီဋ္ဌဖြတ်ဘို့ရာဟောလိုက်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဘာဟောပါလိမ့်....(ဒီဌိဖြုတ်ဘို့ရာဟောပါတယ်) ဘယ်လိုမျှားဟောလိုက်သတုံးလို့ မေးတော့မှ သံယုတ်ပါဠိတော်မှာ သူကိုယ်တိုင် ဟောလိုက်တာက....

သတ္တိယာ ဝိယဩမဋ္ဌော၊ ဒယ္ဟ မာနော၀ မတ္တကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခုပရိဗ္ဗဇေ။

လူတသိန်းသေလို့ တယောက်လောက်သာ သုဂတိရောက်ပြီး ကျန်တာတွေ အကုန် အပါယ်သွားဆိုတော့ ဟာ....ဒုဂ္ဂတိပို့တဲ့လက်သည် မိုပြီ၊ သူ့သတ္တိဘဲ၊ ငါ၏ ချစ်သားတွေ, ငါ၏ သားသမီးတွေ ငါကျင့်ခဲ့တာက ဉာတတ္ထစရိယ = လောကတ္ထစရိယ ဆိုတဲ့ အတိုင်း ဆွေမျိုးတွေလဲ အပါယ်မကျအောင် နိဗ္ဗာန်ရောက်အောင် ငါကျင့်လာခဲ့တယ်၊ လောကတ္ထစရိယ= လောကလူဘွေကိုလဲ အပါယ်မကျအောင် နိဗ္ဗာန်ရောက်အောင် ကျင့်လာခဲ့တဲ့ဥစ္စာကို အခုငါသည်ကား....လို့ ဆိုယင်ဖြင့် သိလာတဲ့တနေ့ သူတို့ကိုဖြင့် ကာကွယ်ရတော့မှာဘဲ ဆိုပြီး၊ သတ္တိယာဝိယဩမဋ္ဌော-ဆိုတဲ့ ပါဠိဂါထာကို ဟောတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီပါဠိအဓိပ္ပါယ်က ဘာပါလိမ့်မတုံး ဆိုလို့ ရှိယင် မောင်နှိုင်ကို တယောက်သောပုဂ္ဂိုလ်က မုန်းတာနဲ့ လှ ချွန်နဲ့ အဝေးကနေပြီး ပစ်ထိုးလိုက်တယ်၊ ရင်ဝ လှ စူးနေတယ်၊ မောင်နှိုင်နဲ့ တည့်နေတယ် ဆိုယင်ဖြင့် ဝေးကလဲ ဝေးသေးတယ်၊ တည့်အောင်လဲ လှ ချွန်ကြီးက လာနေတယ်ဆိုယင်ဖြင့် မောင်နှိုင်-အတင်းရှောင်လိမ့်မယ်ဆိုကာတော့ အထူး မပြောရဘူး၊ အမြန်

ဆုံး ရှောင်မလား· အနှေးဆုံး ရှောင်မလားဆိုတာ ပြောစမ်း....
(အမြန်ဆုံးရှောင်မှာပါဘုရား)။

အဲဒါ ရှောင်တာထက် ပိုမိုပြီး သူ့ကို အယင် နှင်ပစ်ရမယ်
ကွ-တဲ့....(မှန်ပါ့) အဲဒီထက် မြန်မြန်လုပ်ပါ....တဲ့၊ လှံထိုးမိလို့
သေတာက တာဝဇသေတာ၊ သူမဖြုတ်ယင် သူက အပါယ်လေး
ပါးကို အကြိမ်ပေါင်းများစွာ ချမည့်ဘရား.....(မှန်ပါ့) ဒီတော့
လှံထိုးမိတာကို ပိုမိုပြီး ရှောင်သည်ထက် သူ့ကို အမြန်ဆုံးရှောင်
ရမယ်.....(မှန်ပါ့) သဘောကျပလား.....(ကျပါပြီဘုရား)။

လှံထိုးမိတာရှောင်တာထက်.....(အမြန်ဆုံး ရှောင်ရပါမယ်)
ပိုမိုပြီး မြန်အောင်ရှောင်ရမယ်.....(မှန်ပါ့) သဘောကျပလား.....
(ကျပါပြီဘုရား)။

ဦးခေါင်းမှာ တကာတကာမတို့ တကာတကာမတွေက ဆီ
ကလေး ဘာကလေး လိမ်းထားတော့ ဘေးက မီးကလေး လှုံ့
လာတော့ မီးနဲ့ဆီနဲ့တွေ့တော့ မီးထတောက်တယ်၊ ဦးခေါင်း
မီးလောင်ယင် တကာတကာမတို့ အမြန်ငြိမ်းပါလိမ့်မယ်ဆိုတာ
ဖြင့် လူတိုင်း အလုပ်ပါဘဲ.....(မှန်ပါ့)။

အဲဒါထက် မြန်မြန်ဒိဋ္ဌဖြုတ်ပါတဲ့ .... (မှန်ပါ့) တသိန်း
သေလို့ တယောက် သုဂတိ သွားတာမှတပါး ကျန်တာတွေ
အပါယ်ရောက်တာ သူ့သတ္တိဘဲဆိုတာ သိလို့ အဖြုတ်ခိုင်းတာ
(မှန်ပါ့) ပေါ်ကြပလား.....(ပေါ်ပါပြီဘုရား)။

ဩော်.....ဒါဖြင့် ဘုရားတောင်မှ ရေငုံမထားနိုင်အောင် ဖွင့်
ပြောခဲ့တဲ့ စကားဖြစ်နေပြီ.....(မှန်ပါ့) သဘောကျပလား.....
(ကျပါပြီဘုရား)။

ရေငုံထားတာလား- ဖွင့်ပြောတာလား.... (ဖွင့်ပြောတာပါ ဘုရား) ရင်ဝ လှုံစူး, ဦးခေါင်း မီးလောင်တာထက် အမြန်ဆုံး နှင်ပစ်ပါကွ-တဲ့ ကိုစံလှ....(မှန်ပါ့)။

အမြန်ဆုံး ဘာလုပ်ရမတုံး .... (နှင်ပစ်ရပါမယ်) အမြန်ဆုံး နှင်ပစ်ရမယ်ဆိုတော့ ကိုစောမောင်- ဒီထက်မြန်တဲ့နည်းတော့ မရှိဘူး....(မရှိပါဘုရား)။

ရင်ဝ-လှုံစူးတာကို နှေးနှေး ဖြုတ်ချင်ဖြုတ်၊ ရင်ဝ-လှုံစူး တာလဲ ခပ်နှေးနှေး ပယ်ချင်ပယ်ဦးကွ၊ ဒီဦလောက် အရေး မကြီးဘူးပြောတာ....(မှန်ပါ့)။

ဦးခေါင်းမီးလောင်တာ ဖြေးဖြေးမှုပ်မှုပ်ချင်ပုပ်မှုပ် ဒီဦလောက် အရေးမကြီးဘူးကွ၊ သဘောကျပလား....(ကျပါပြီဘုရား) ဒီက တဘဝ တခါသေမှာ၊ သူက အကြိမ်ပေါင်းများစွာ အပါယ် ကျမှာ....(မှန်ပါ့)။

ကိုစောမောင်- ဘာကြောက်စရာကောင်းသတုံး .... (ဒီဦး ကြောက်စရာကောင်းပါတယ်) ဒီဦကြောက်စရာကောင်းတယ် ဆိုတာ တကာတကာမတွေ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတွေ.... ယနေ့ဘုရားမှာဖြင့် အရေးကြီး-ကြီးသလိုဘဲ၊ ချောက်လဲ မချောက်ဘူး၊ မြောက်လဲ မပြောပါဘူး၊ အရေးကြီးလို့ ကြီးတယ်လို့ ပြောနေတဲ့တရားလို့ သာလျှင် လေးလေးစားစားမှတ်ဘို့ဘဲ....(မှန်ပါ့)သဘောပါကြ ပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ....ဒီဒီဦဟာ မောင်နှိုင်-ဘာမသိလို့ လာပါလိမ့်.... (ခန္ဓာငါးပါးမသိလို့ လာပါတယ်) ဒါ့ကြောင့်....

ခန္ဓာ အဝိဇ္ဇာ ဖဿောစ၊ သညာတက္ကော အယောနိသော။
ဒုမ္မ ံတ္တာ ပရတော ဃောသော၊ ဒိဋ္ဌဋ္ဌာနာနိ အဋ္ဌဓာ။

ဆိုပြီး ဒိဋ္ဌဖြစ်ခြင်းအကြောင်း ရှစ်ပါးတောင် ရှိသဟ့-တဲ့.... (မှန်ပါ့) သို့သော်.... လို့ရင်းကတော့ ခန္ဓာမသိလို့ လာတာ ချည့်ဘဲ...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်ကလာပါလိမ့်....(ခန္ဓာမသိလို့ လာပါတယ်ဘုရား)။

ဘယ်မှာတုံး တကာတကာမတို့.... ခန္ဓာသိတဲ့ပုဂ္ဂိုလ်က အင်မတန် ရှားတာဘဲ....(မှန်ပါ့) ရှားတာပေါ့ မောင်နိုင်ရေ.... ငါမှတ်ထားတယ်ဆိုလို့ ရှိယင်ဖြင့် သညာက္ခန္ဓာကို ငါလို့ သာ စွဲနေတာဘဲ၊ သညာက္ခန္ဓာကို သညာက္ခန္ဓာလို့ သိသေးရဲလား.... (မသိပါဘုရား)။

ငါစားကောင်းလိုက်တာလို့ဆိုပြန်တော့လဲ ဝေဒနာက္ခန္ဓာက ကောင်းတာကိုပင်လျှင် ငါဘဲထင်နေပြန်တော့ ဝေဒနာက္ခန္ဓာ သိသေးရဲလား.... (မသိပါဘုရား)။

ငါတွန်းလှတ်လိုက်တာက္ခ-ဆိုတော့ တကာ တကာမတို့.... စေတနာက တွန်းတာကို စေတနာကိုဘဲ ငါထင်နေပြန်တော့ သင်္ခါရက္ခန္ဓာမှန်း သိသေးရဲလား....(မသိပါဘုရား)။

ငါဒေါသဖြစ်လာလို့ ရှိယင်တော့ကွာ- မရဘူးဟော့.... အစ ရှိသည်နဲ့ ပြောကြတာဟာ တကာတကာမတို့စိတ်ကို ငါထင်နေ တာတွေကော မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ငါလဲကွာ .... လေးလုံးခြောက်ဖက် တော်တော်နဲ့ မသေနိုင် သေးပါဘူးဆိုတော့ ရုပ်ကို ငါထင်နေတယ်....(မှန်ပါ့) တော် တော်နဲ့ မသေနိုင်သေးပါဘူး....တဲ့၊ လေးလုံးခြောက်ဖက် ဝဖြိုး

နေတာဘဲ....တဲ့၊ မသေသေးပါဘူး၊ ငါတော်တော်နဲ့ မသေဘူး....တဲ့၊ ရုပ်ကို ငါထင်နေတာဘဲ....(မှန်ပါ့)။

အဲဒီတော့ ခန္ဓာသိတာလား၊ ခန္ဓာကို ငါလုပ်နေကြတာလား....(ခန္ဓာကို ငါလုပ်နေကြတာပါ) ဒါဖြင့် ခန္ဓာက ခန္ဓာဟုတ်လား-(မှန်ပါ့) သိတဲ့သဘောက ငါဆိုတော့ ခန္ဓာကြောင့် ဘာဖြစ်သတုံး....(ဒိဋ္ဌိဖြစ်ပါတယ်) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် ခန္ဓာမသိလို့ ဘာဖြစ်ပါလိမ့် .... (ဒိဋ္ဌိဖြစ်ပါတယ်) ဒါဖြင့် ဒါတွေကို အကုန် ငါထင်နေလို့ ရှိယင်ဖြင့် တကာတကာမတို့ ခန္ဓာရယ်လို့ မသိတော့ ငါဟူသော ဒိဋ္ဌိက ဝင်ပူးပြီး သကာလနေတော့ တကာတကာမတို့ ခန္ဓာမသိလို့ ဒိဋ္ဌိဖြစ်တယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ခန္ဓာမသိလို့ ဒိဋ္ဌိဖြစ်ပါတယ်ဘုရား) ခန္ဓာမသိလို့ ဒိဋ္ဌိဖြစ်ရတယ်ဆိုတော့ တကာတကာမတို့ မနာလားဗျာ....(နာပါတယ်ဘုရား)။

အဲဒီတော့ ဒီခန္ဓာငါးပါးကို တကာတကာမတွေက မသိကြတော့ဘူး၊ ခန္ဓာငါးပါးကို အနိစ္စတရားရယ်လို့ မသိတော့ ဘာလာဖြစ်သတုံး....(ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

ဒိဋ္ဌိဖြစ်တော့ ဒိဋ္ဌိဆိုတာ တကာတကာမတို့ ဒိဋ္ဌိတဏှာဘဲ.... (မှန်ပါ့) ကိုစောမောင်-ဘာတဲ့....(ဒိဋ္ဌိတဏှာပါဘုရား) ဒိဋ္ဌိတဏှာလို့ တခါဘယ်က ဟောလိုက်ပြန်သတုံးဆိုတော့....

ဒိဋ္ဌိ ဗန္ဓန ဗန္ဓောသေ၊ တဏှာ သော တေန ဝုယ္ဘရေ။
တဏှာ သော တေန ဝုယ္ဘန္တော၊ နတေ ဒုက္ခာပ မုစ္စန္တိ။

ဆိုပြီး သကာလ ဟောပြန်တော့ ဩဝါ .... ဒီဌိကသာ ဖဲ့ချည်နှောင် တုပ်ထားလို့ ရှိယင် တဏှာရေထဲမှာ မျောပြီးသကာလ အာပါယ်လေးပါးမှာ မြုပ်ရတော့မယ်ဆိုတာ ဘုရားက ဟောပြန်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် ဒီဒိဌိဟာ တဏှာဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တဏှာလာလို့ ရှိယင် မောင်နှိုင်တို့ ပဋိစ္စသမုပ္ပါဒ် ဘုရားမပွင့်လဲရှိတဲ့တရားသူ့ နောက်ကဘာလိုက်မလဲ....(ဥပါဒါန်လိုက်ပါမယ်) ဥပါဒါန်နောက်က ဘာလိုက်မလဲ....(ဇာတိပါ) ဇာတိဆိုတော့ ဘာဇာတိလို့ မောင်နှိုင်တို့ ထင်ကြသတုံး.... ကဲ....ဆိုကြပါစို့ အာပါယ်လေးပါးဇာတိ....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ....(အာပါယ်လေးပါးဇာတိပါဘုရား) မောင်နှိုင်-ရှု့.ကကြည့်စမ်း၊သူ့.ရှု့.ကအကောင်းတခုမှပါပါရဲ့.လား....(မပါ-ပါဘုရား) တဏှာ ,ဥပါဒါန်, ကံ, ဒီကံပေါ်မှာလဲ ဥပါဒါန်က အုပ်ချုပ်တယ်....(မှန်ပါ့) ဥပါဒါန်ပေါ်မှာ ဒီဌိ တဏှာက အုပ်ချုပ်တယ်....(မှန်ပါ့)။

ကိုစံလှ-ဓိပ်မိပလား....(ဓိပ်မိပါပြီဘုရား) ကံပေါ်မှာ ဘယ်သူ့အုပ်ချုပ်သတုံး....(ဥပါဒါန် အုပ်ချုပ်ပါတယ်) ဥပါဒါန်ပေါ်ဘယ်သူက အုပ်ချုပ်သတုံး....(ဒီဌိအုပ်ချုပ်ပါတယ်ဘုရား)။

ဒီတဏှာတဲ့အုပ်ချုပ်နေတော့ သူက အကုသိုလ် အုပ်ချုပ်ခံနေရတဲ့တရားက အကုသိုလ်၏ သဏ္ဌာခံဖြစ်နေတယ်....(မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အကုသိုလ်၏ ဩဇာခံဖြစ်နေတော့ အပါယ်လေးဘုံဘဲ သူ့ပေးရမယ်....(မှန်ပါ့)။

ကဲ ...ဘယ်ကလာတာတုံး၊ အပါယ်လေးဘုံ ပဋိသန္ဓေအဖြစ်သို့ သွားနေပြီ၊ အပါယ်ကျသွားပြီဆိုတော့ လက်သည်အရင်းသာရှာပေတော့ မောင်နိုင်....(တဏှာ ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိတဏှာဘဲ၊ ကိုစံလှ-သဘောကျပလား....(ကျပါပြီဘုရား)။

ဒီဒိဋ္ဌိတဏှာကလဲ ဘယ်ကလာပါလိမ့်မတုံးလို့ တခါ မေးပါဦး....(ခန္ဓာငါးပါးက လာပါတယ်) ဟော....ခန္ဓာငါးပါးမသိတာက....(မှန်ပါ့)။

တကာတကာမတို့ ဘယ်ကလာသတုံး.... (ခန္ဓာငါးပါး မသိတာက လာပါတယ်) ခန္ဓာမသိတာက လာတယ်ဆိုတော့ ရှင်းမနေသေးဘူးလား....(ရှင်းနေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် လူတသိန်း သေလို့ရှိယင် ဒီချည့် သွားကြတယ်ဆိုတာ ၁-၂-၃-သူတို့သုံးခု စီမံချလိုက်တာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ့်ခန္ဓာကို ခန္ဓာရယ်လို့လဲမသိ၊ အနိစ္စ, ဒုက္ခ, အနတ္တရယ်လို့ကော....(မသိပါဘုရား)။

မသိတာက ဘယ်သူတုံး....ဆိုတော့ ဒဋ္ဌတ္ဌနေတဲ့ မောဟ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ငါ့ကိုယ်, ငါ့ဟာ, ထင်နေတာ ဘယ်သူပါလိမ့်.... (ဒိဋ္ဌိပါ) မသိလို့ ငါ့ကိုယ်, ငါ့ဟာ, ထင်နေတာတဲ့....(မှန်ပါ့) ကိုစောမောင် - ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ရှင်းရှင်းလင်းလင်းနဲ့ ဖြစ်စဉ်ကိုက် ပြောကြပါစို့၊ ဟောဒီခန္ဓာငါးပါးသမားက ခန္ဓာငါးပါးလို့ မသိတော့ မမာလာတယ်၊ ငါတော့ဖြင့် ခက်တော့မှာဘဲ မလာဘူးလား....(လာပါတယ်ဘုရား)။

ငါတော့ ခက်တော့မှာဘဲဆိုတော့ ဘာလဲသတုံး....၊ ဒီဌိ တဏှာလာတယ်....(မှန်ပါ့) ဒီဌိတဏှာ ဘာဖြစ်လို့ လာပါလိမ့် မတုံး....လို့ မေးလို့ရှိယင် ကိုယ့်ကိုယ်နဲ့ကိုယ် မခွဲချင်တဲ့ ဥပါဒါန်ကြောင့်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) မခွဲချင်တဲ့ ဥပါဒါန်ကြောင့် ဥပါဒါန် နောက်က မလိုက်ဘူးလား....(လိုက်လာပါတယ်ဘုရား)။

ဥပါဒါန်က လိုက်လာတဲ့အခါကျလို့ရှိယင်ဖြင့် ကာယကံ, ဝစီကံတွေက မကောင်းတာတွေက မလာပေဘူးလား.... (လာပါတယ်ဘုရား) မကောင်းတဲ့ကံ လာမလား- ကောင်းတဲ့ကံလာမလား....(မကောင်းတဲ့ကံ လာမှာပါဘုရား)။

ဒါဖြင့် ကမ္မဘာဝပစ္စယာ....(ဇာတိပါဘုရား) ဘာဇာတိပါလိမ့်....(အပါယ်ဇာတိပါဘုရား)အပါယ်လေးပါးဇာတိဆိုတော့ ကိုစောမောင်-လူတသိန်းသေလို့ တယောက်မရောက်ဘူးဆိုတာ သေသေချာချာပြပြီ....(မှန်ပါ့)။

တကာတကာမတို့ .... လူတသန်း သေလို့ နတ်ရွာသုဂတ် တယောက် မရောက်ပါဘူး....(မှန်ပါ့ဘုရား) ဘယ့်နှယ်ကြောင့် မရောက်ပါလိမ့်မတုံး-ဆိုတဲ့ အကြောင်းကိုလဲ တကာတကာမတို့ ရှင်းလင်းပြီးပါပြီ....(မှန်ပါ့) ခန္ဓာငါးပါးကို ငါထင်နေတဲ့ ဒီဌိကြောင့်....(မှန်ပါ့) ကျေနပ်ကြရဲ့လား....(ကျေနပ်ပါပြီဘုရား)။

ငါ့ မကယ်နိုင်တော့ဘူးလား၊ ဒီအတိုင်း ပြောကြတာဘဲ၊ ငါ့ကို ပစ်ထားကြတော့မလား....တဲ့....(မှန်ပါ့) ခန္ဓာငါးပါးကို ဘာလုပ်လိုက်သလဲ....(ငါလုပ်ပစ်လိုက်ပါတယ်ဘုရား) အဲဒီတော့ ဒီဌီ တဏှာ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ သေတဲ့လူအပေါင်းဟာ ခင်ဗျားတို့ လူမမာတွေ နားမှာလဲ ဒီလူတွေ မကပ်ဘူးတဲ့လူ မရှိဘူး၊ ကိုယ့်မျိုးကိုယ့်ဆွေ ဖြစ်လာကြယင် ကပ်ကြတာဘဲ၊ မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား)။

ဟိုမှာလဲ လူမမာက ဘယ်အသံမျိုး ထွက်လာသတုံးဆိုတော့ ငါတော့ ဒီတောင်က တက်မှာမဟုတ်ဘူး....တဲ့....(မှန်ပါ့)မလာဘူးလား.... (လာပါတယ်ဘုရား) ငါ....ဒီတောင်က မတက်တဲ့အပြင် ငါ့ရှိဘဲ့အမွေကလေးယခုက ဝေမှ ထင်ပါရဲ့၊ မလာဘူးလား....(လာပါတယ်ဘုရား) ဒီဌီချည့်လာနေတာဘဲ....(မှန်ပါ့ဘုရား)။

မောင်နိုင် ဘာတွေချည့်လာနေသတုံး....(ဒီဌီချည့်လာနေပါတယ်ဘုရား) ဒီ.ပြင့် စကားကို ပါသေးရဲ့လား.... (မပါ.ပါဘုရား)။

ပြီးတော့ တခါ ငါ့-သဂ်ိုဟ်ဘို့ ဘယ်လောက်ထား၊ ငါ့သား ငါ့သမီးဘို့ဘယ်လောက်ထား၊ ဘာပြောနေတာတုံး....(ဒီဌီပြောပြောနေပါတယ်ဘုရား) ဒီဌီ့ပြောပြောနေတယ်ဆိုတာမသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါကိုစောမောင်ကြီးတို့က လူလယ်လုပ်ပြီး သတိရရှာတယ် ကြွားချင်ကြွားနေတာ၊ ဘာသတိတုံး သူ့ဟာက.... (ဒီဌီပါဘုရား) မိစ္ဆာသတိဗျ....(မှန်ပါ့)။

မောင်နိုင် ဘာပါလိမ့်....(မိစ္ဆာသတိပါဘုရား) မိစ္ဆာသတိဖြစ်နေတာကြီးကို ခင်ဗျားတို့က ဩဇာ.... ဒီ.ပြင်လှုန်စာယင်တော်သေးရဲ့ပေါ့ဘုရား၊ နောက်တော့ လျှောချတယ်၊ ဒီ.ပြင်လှုန်စာယင် တောသေးရ.ဆုံတော့ တကာတကာမတို့ အင်မတန်မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် အဲဒီ မသာ ဘယ်သွားမတုံး မေးကြစမ်း....(အပါယ်သွားမှာပါဘုရား) ဒီလို မသာပေါင်း ဘယ်လောက်မျှားသတုံးမေးတော့....(မရေမတွက်နိုင်ပါဘုရား)။

ဒါဖြင့် တသိန်းတယောက်ဆိုတာမျှ၊ ရာခိုင်နှုန်းတသိန်းမှာ ၁-ရတယ်ဆိုတော့ ကိုစောမောင် ယုံတော့....(ယုံပါတယ်ဘုရား) ဘယ်သူ.သတ္တိပါလိမ့်....(ဒီဋ္ဌသတ္တိပါဘုရား) ဒီဋ္ဌက ဘာမသိလို့ ဒီဒိဋ္ဌဖြစ်ပါလိမ့်....(ခန္ဓာမသိလို့.ပါဘုရား)။

ခန္ဓာငါးပါးကို အနိစ္စ,ဒုက္ခ ခန္ဓာငါးပါးလို့.လဲမသိ၊ အနိစ္စ, ဒုက္ခလို့.ကော....(မသိပါဘုရား) ဒုက္ခသစ္စာလို့.ကော....(မသိပါဘုရား) အဲဒီလိုမသိလို့. ဒီဒိဋ္ဌဝင်တာ....(မှန်ပါ့ဘုရား) ဝင်လာတော့ ဒီပဋိစ္စသမုပ္ပါဒ်ကလဲ ကိုစောမောင် ဘုရားမရှိခင်ကရှိနေတဲ့တရားဗျ၊ တဏှာ, ဥပါဒါန်, ကံ, ဇာတိ၊ ဒါ....ဘယ်နည်းနဲ့မှ တကာတကာမတို့ ရှောင်လွဲလို့. တကာတကာမတို့ ရပါ့မလား....(မရပါဘုရား) ကောင်းကောင်းသဘောပါပလား (ပါ့-ပါပြီဘုရား)။

ဒါဖြင့် ဒါ....အပြစ်ဖြစ်နေတယ်လို့.ဆိုတာ တကာတကာမတွေ့ လေးစားစ့ဝမှတ်လိုက်.... (မှန်ပါ့) ဩဇာ.... တယ်ထူးတဲ့တရားပါလား....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားက ရင်ဝ,လှံစူးတာ ဖြေးဖြေးမှ နှုတ်ချင် နှုတ်ကွာ၊ ရင်ဝ လှံကြီး လာနေတာ ဖြေးဖြေးမှ ရှောင်ချင် ရှောင်ကွာ၊ ဦးခေါင်းမီးလောင်နေတာ ဖြေးဖြေးမှ ငြိမ်ချင်ငြိမ်း၊ ဒီဋ္ဌိအယင်ဖြုတ်လို့ မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ကဲ....ဒါဖြင့် သာမညအရေးမို့ ပြောတာလား၊ အလှန့်အလှန် ကြီးတဲ့အရေးမို့ ပြောတာလား....(အလှန့်အလှန် ကြီးတဲ့အရေးမို့ ပြောတာပါဘုရား) သဘော ပါကြပလား.... (ပါ-ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒီနေ့တရားမှာဖြင့် တကာတကာမတို့ မြောက်လဲမဟောဘူး၊ ချောက်လဲမဟောဘူး၊ အရေးကြီးတာ ကြီးသလိုပြောတယ်ဆိုတဲ့စကားဟာ မှန်သွားပြီ....(မှန်ပါဘုရား) ကိုစောမောင် မမှန်သေးဘူးလား....(မှန်ပါပြီဘုရား)။

နောက်က တကာတကာမတွေ့ အရေးကြီးတာ ကြီးသလို ပြောနေတယ်၊ ခင်ဗျားတို့က မကြီးရမှာကြီးနေလို့.... (မှန်ပါဘုရား)။

ခင်ဗျားတို့က သားလူလားမြောက်တာ အရေးကြီးတယ်ဆိုတော့ ဒီဋ္ဌိပြောတာ ယုံနေတာဘဲ....(မှန်ပါ) ဒီဋ္ဌိက သားလုပ်ထားတော့ကို တကာတကာမတို့ သားအတွက် ခက်တယ် ပြောနေတာဘဲ....(မှန်ပါဘုရား) ဒီဋ္ဌိက သမီးလုပ်ထားတော့....(သမီးအတွက် ခက်တယ်ပြောပါတယ်ဘုရား)။

အဲဒါကြောင့် ကျုပ်တော့ သူတော်ကောင်းအလုပ်-မလုပ် နိုင်သေးဘူး၊ အပါယ် သွားတော့မယ်လို့ ပြောလိုက်တာ.... (မှန်ပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အားလုံး တကာတကာမတွေ ကောင်းကောင်း ရိပ်မိပလား (ရိပ်မိပါ့ဘုရား)။

အဲဒီတော့ တကာ တကာမတွေ အ ရေး ကြီး နေတာ က အရေးကြီးမည့်နေရာ ကြီးတာလား၊ အပါယ်သွားမှာ နောက် ကျတာကြောင့် ကြီးတာလား....လို့ မေးဘို့ ကောင်းတယ်.... (အပါယ်သွားဘို့ အရေးကြီးနေတာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အံမာလေး....ဆိုးဝါးလွန်းလို့ ပြောပါတယ် တကာတကာ မတို့ ဆိုးဝါးလွန်းလို့ ပြောပါတယ်....(မှန်ပါ့) သဘောပါကြ ပလား....(ပါ-ပါပြီဘုရား)။

သဘောပါလို့ ရှိယင်ဖြင့် လူတသိန်းမှာ တယောက်သာလျှင် သုဂတိသွားတယ်၊ ကျန်လူတွေ အပါယ်သွားတယ်၊ ဘယ်သူ့ ကြောင့်တုံး....(ဒိဋ္ဌိကြောင့်ပါဘုရား) ဒိဋ္ဌိ ဘယ်က လာသတုံး.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား) ခန္ဓာငါးပါး မသိတာက လာတယ်၊ သိနေယင်တော့ မလာဘူး....(မှန်ပါ့)။

ဒါဖြင့် ဒီ-မသိမှုကို ဘယ်လောက်အရေးတကြီးဖြုတ်ရမှာတုံး ဆိုတော့ ရင်ဝလှုပ်စူး၊ ဦးခေါင်းမီးလောင်တာကို ရှောင်လွဲ တာ သည်ထက် သူ့အရေးတကြီးလုပ်ပါ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ရင်ဝလှုပ်စူး၊ ဦးခေါင်း မီးလောင်တာထက် သူ့ကို ပိုပြီး မြန်ပါ....(မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ် ဘုရား) ဒါ ဘုန်းကြီးက ပြောတာလား- ဘုရားက ဟောတာ လား....(ဘုရားက ဟောတာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က သားလူလားမြောက်၊ သမီး အိမ်ထောင်ချထားဘို့အရေးက ကျန်နေတယ်ဆိုပြီး ကိုယ့်အရေးကို ဂရုမစိုက်နဲ့....(မှန်ပါ့)။

ကိုစောမောင် ဘယ်လောက် ဆိုးဝါးနေသတုံး.... (ဆိုးဝါးပါတယ်ဘုရား) ငါ-အပါယ်သွားခံမယ်၊ သူတို့ လူလားမြောက်တာ အရေးကြီးမယ်ဆိုတဲ့ အဓိပ္ပါယ်ကော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ငါတော့ဖြင့် အပါယ်လေးပါးက မတက်ချင်နေပါစေတော့ သူတို့ လူလားမြောက်ရစ်ပြီးသကာလ သူတို့ စားဘို့သောက်ဘို့ ပြည့်စုံယင် တော်ရောပေါ့။ သူတို့လိမ်မာယင် တော်ရောပေါ့ အစရှိသည်နဲ့ဆိုတော့ သြော်.... အပါယ်ကျခံမိုက်တာ ဘယ်သူပါလိမ့်မတုံးလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား) အမေအဖေတွေဘဲလို့ ဖြစ်ရမယ်....(မှန်ပါ့ဘုရာ) မဖြတ်ထိုက်ဘူးလား (ဖြတ်ထိုက်ပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့က ဘာဘဲလုပ်လုပ် ဘုရားကတန်ခိုးကပြောတဲ့ ခလေးသူငယ်လူမမယ်လိုဘဲ တွေ့တဲ့ဒုတ်ချောင်းကို ကောက်မျိုတာဘဲ....(မှန်ပါ့)။

လေးဘက်သွားခလေးသည် ဘာလုပ်လေ့ရှိပါလိမ့်.... (ဒုတ်ချောင်း ကောက်မျိုလေ့ရှိပါတယ်ဘုရား)။

ဒါဖြင့် လေးဘက်သွား-သွားလို့ရှိယင် တွေ့ရာကို ကောက်ပြီး ကိုစောမောင် မျိုလိုက်တာဘဲ၊ ပါးစပ်ထဲ ထည့်လိုက်တာဘဲ၊ အဲဒါ အမေမိဘက ဖယ်ပေးချင်ပေး မပေးယင် သူကတော့

ဖြင့် ထုတ်သက် ဝင်သက်ပိတ်ပြီး သေချင်သေ သူ့ဝတ္တရားက တော့ဖြင့် တွေ့ရာကို ကောက်စားလိုက်တဲ့ခလေးထုံးစံက ရှိတယ် (မှန်ပါ့) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါ အမေမိဘလုပ်တဲ့ပုဂ္ဂိုလ်က ကြည့်နေရမှာလား၊ သူ ငို ချင်ငို သွေးထုတ်ချင်ထုတ် ပစ်စပ်ထဲက ဆဲထုတ်လို့ အပြင်ဘက် ရောက်အောင်တော့ လုပ်ရလိမ့်မယ်....(မှန်ပါ့) သဘောကျ ပလား....(ကျေပါပြီဘုရား)။

ဒီမှာလဲ ဆရာသမား၊က ခင်ဗျားတို့က ဆွမ်းတွေ့ ကွမ်းတွေ့ ကျေးပြီး ကိုးစားထားတဲ့ပုဂ္ဂိုလ်ကျတော့ ခင်ဗျားတို့က သား ရေး, သမီးရေး ကြည့်ကြည့်-မကြည့်ကြည့် ဒီဒိဋ္ဌိတော့ ခင်ဗျား တို့က မျိုထားတယ်၊ ငါ့သား, ငါ့သမီး, ငါ့မြေး, ငါ့မြစ် ဆိုပြီး တကယ် မျိုထားတယ်၊ ဒါ... သွေးပင်ထုတ်ထုတ် မကြိုက်ချင်နေ ကြိုက်ချင်ကြိုက် ဒီဒိဋ္ဌိဖြုတ်ပေးရမယ်....(မှန်ပါ့) သဘောကျ ပလား....(ကျေပါပြီဘုရား)။

ခုနင်က ခလေးတွေ့ သနားလို့ရှိယင်ဖြင့် ဩော်.... ဒီ....ဒုတ် ချောင်းကလေး ပါးစပ်ထဲဝင်နေတာ ယူလိုက်ယင် ဒီကျောက်ခဲ ကလေး ယူလိုက်ယင် သူငို့မှာစိုးနေလို့ရှိယင် ဒီအမေအဖေ မိုက် တယ်....(မှန်ပါ့ဘုရား) မမိုက်ပေဘူးလား....(မိုက်ပါတယ်ဘုရား) သေတာကြိုက်လို့ အဓိပ္ပါယ်က ရောက်တယ်....(မှန်ပါ့) မရောက် ဘူးလား....(ရောက်ပါတယ်ဘုရား)။

သေတာကြိုက်လို့ ဆိုတဲ့ အဓိပ္ပါယ်က ရောက်ပြီးသကာလ-နေတော့ ဩော်....သေတာကို သဘောကျတယ်ဆိုတဲ့အဓိပ္ပါယ်က မောင်နှိုင်-မရောက်ပေဘူးလဲ့း....(ရောက်ပါတယ်) အဲဒီတော့

မျိုတာကိုကြိုက်တာနဲ့ အသေကိုကြိုက်တဲ့အဓိပ္ပါယ်ရောက်တယ်....(မှန်ပါ့) မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ ဒီဒိဋ္ဌိ ဆဲထုတ်မယ် ဒီနေ့....(မှန်ပါ့) ကိုစံလှ-ကြိုက်ကြိုက်-မကြိုက်ကြိုက် ဘာဖြစ်ရမတုံး....(ဆဲထုတ်ရပါမယ်ဘုရား) ခင်ဗျားတို့က အပုပ်ယိုရောက်အောင် သေခြင်းဆိုးဖြစ်မှာကိုး....(မှန်ပါ့ဘုရား) အဲဒီတော့ ဒီဒိဋ္ဌိ ဆဲထုတ်သင့်-မထုတ်သင့် .... (ထုတ်သင့်ပါတယ်ဘုရား)။

မိမိဆရာသမားက အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်နဲ့တူတယ်၊ ခင်ဗျားတို့က တွေ့ရာမျိုနေတာဘဲ....(မှန်ပါ့) ငါ့သားဆိုပြီး မျိုလိုက်၊ ငါ့သမီးဆိုပြီးမျိုလိုက်၊ ငါ့မြေး-ငါ့ကျောက်ဆိုပြီး မျိုလိုက်၊ မျိုတာတွေက တွေ့ရာကောက်မျိုနေတာဗျ-(မှန်ပါ့)ကိုစောမောင်လေးဘက်သွား ခလေးနဲ့ တူနေပြီ....(မှန်ပါ့)။

အဲဒီတော့.... သူမျိုတာတွေ ကြည့်လိုက်ပြန်လို့ရှိယင် သူ့အတွက် ဝင်သက်က ပိတ်ပြီး သူသေဘို့ရှိတော့တယ်....(မှန်ပါ့) အပါယ်လေးပါးရောက်ဘို့ချည့်ဘဲလို့ တိုးတိုးပြောတော့ မပြော ထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား)။

ဒါ့ကြောင့်ဒီဒိဋ္ဌိကို အရေးတကြီး ဖြုတ်ပါဆိုတာ ဘုရားက ခလေးငိုတာ ကြည့်မနေနဲ့ ဆဲသာထုတ်....(မှန်ပါ့) ဒီအဓိပ္ပါယ်တွေ့ပြောတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒိဋ္ဌိဖြုတ်ကြစို့ ဆိုတော့....(မှန်ပါ့ဘုရား) ဒိဋ္ဌိဖြုတ်ကြစို့ ဆိုတော့ .... (မှန်ပါ့) မဖြုတ်ယင်

မဖြစ်တဲ့ အလုပ်ထဲမှာဖြင့် အပါအဝင်ဖြင့် အကြီးဆုံး အရေးကြီးတာဘဲ....(မှန်ပါ့) ဆိုထိုက်ပလား.... (ဆိုထိုက်ပါတယ် ဘုရား)။

ကိုင်း....ဒါဖြင့် ဘုရားကလဲ ဘယ်လောက် မြန်မြန်ထုတ်ရမယ် ဆိုတာ သူကိုယ်တော်တိုင် နှုတ်က ဖွင့်ဟပြီးသကာလ နှစ်ခွန်း မပြောဘဲနဲ့ တခွန်းနဲ့ အမှန်ပြောတဲ့ပုဂ္ဂိုလ်ကြီးဖြစ်တော့ အမြန်ထုတ်မှာဘဲ ကျုပ်တို့အရေး ပြီးတော့မယ်....(မှန်ပါ့) ကိုစံလှ-သေချာပလား....(သေချာပါပြီဘုရား)။

ကဲ.... ခင်ဗျားတို့ ဒီ.ပြင်ဟာတွေ အကုန်ချိပ်ထား၊ ဟုတ်ပလား....(မှန်ပါ့) ဒီ.ပြင် လှူချင်တာ၊ ပေးချင်တာ၊ ကမ်းချင်တာ၊ တန်းချင်တာ မပြည့်စုံဘူး၊ မပြည့်စုံယင် အသာထား.... သားတွေ သမီးတွေက မလိမ်မာဘူး....(အသာထား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အိမ်တွေ တိုက်တွေ ဘာတွေ မတည်ရသေးဘူး၊ ကားတွေ ဘာတွေ မဝယ်ရသေးဘူး၊ အသာထားပါ။ သဘောကျပလား (ကျပါပြီ) ဘာလုပ်ရမလဲ....(ဒီဌိဖြုတ်ရပါ့မယ်) ဒီဌိဖြုတ်ရမယ် ဆိုတာကော ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ တကြောင်းတည်း ပြောနေတယ်လို့ မအောက်မေ့နဲ့၊ အရေးကြီးတာကို ဘုရားက ကြီးတယ်ပြောလို့ ကြီးတာ-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကြောင်းတည်း စကားရယ်လို့ ခင်ဗျားတို့က ဆင်ခြေလဲပြီးသကာလ.... မနေပါနဲ့ဆိုတာကိုလဲ ခင်ဗျားတို့အတွက် သတိပေးပါတယ်....(မှန်ပါ့)။

ကိုစံလှ-အရေးအကြီးဆုံး ဘာလုပ်ရမတုံး .... (ဒီဌီ ဖြုတ်ရုပါ့မယ်) ဒီဌီမဖြုတ်ယင် ဘာမျိုးစေ့ ဝမ်းထဲရှိမယ်.... (ငရဲမျိုးစေ့ ဝမ်းထဲရှိပါမယ်ဘုရား)။

ဘာလှုလှု ဘာတန်းတန်းနေ ဒီမျိုးစေ့ ပျောက်မပျောက်-(မပျောက်ပါဘုရား) ကိုစောမောင်- ပျောက်ပါ့မလား.... (မပျောက်ပါဘုရား) ဒီဌီက မင်္ဂနဲ့ပယ်မှပျောက်တယ်....(မှန်ပါ့ဘုရား)။

မပုတ္တိ ဘာနဲ့ပယ်မှပျောက်သတုံး.....(မင်္ဂနဲ့ပယ်မှ ပျောက်ပါတယ်ဘုရား) ဒီအတိုင်း ပျောက်ပါစေသတည်း ဆိုလို့.... (မပျောက်ပါဘုရား)။

ခင်ဗျားတို့ကလဲ ဘုရားရှေ့သွားပြီး အပါယ်လေးပါးမှ လွတ်ရပါလို့၏....တဲ့၊ အင်း.....ဒီဌီတော့မဖြုတ်ဘူး။

ဤဆုမ်း, ဤကွမ်း, ဤကံတွေကြောင့် အပါယ်လေးပါးမလားရဘဲနဲ့ နိဗ္ဗာန်ရောက်ရပါလို့၏၊ဒီမျိုးစေ့ကဝမ်းထဲက ပြုံးတယ်၊ မပြုံးဘူးလား....(ပြုံးပါတယ်ဘုရား)။

သူက ဒီဆုတောင်းသမားကြောင့် ပြုတ်ရမှာလား...တဲ့၊ သူ့နိုင်တဲ့မင်္ဂလာမှ ပြုတ်ရမှာလား.....(သူ့နိုင်တဲ့မင်္ဂလာမှပြုတ်မှာပါဘုရား) ဒီတော့ သူက ပြုံးတာပေါ့....(မှန်ပါ့)။

မင်းကောင်းတာလဲ မင်းကောင်းတာ တခြားပေါ့ကွာ.... ငါပြုံးတာလဲ တခြားထဲကပါဘဲ၊ ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

အဲ.... ဒါဖြင့် ဒါလောက် ရေရေလည်လည် အကွက်ကျကျ

ပြောလို့ရှိယင် ဘာအရေးကြီးတယ်ဆိုတာဖြင့် ကောင်းကောင်း ပေါ်ပြီ....(ပေါ်ပါပြီ) ဘာအရေးကြီးသတုံး.... (ဒီဋ္ဌိဖြုတ်ဘို့ အရေးကြီးပါတယ်ဘုရား)။

ထမင်းမစားရသေးတာ အသာထားပါ၊ သားတွေ ရှင်မပြုရသေးတာ....(အသာထားပါ) သမီးကလေး နေရာမချရသေးတာ....(အသာထားပါ) တိုက်မတည် ကားမဝယ်ရသေးတာက ကော....(အသာထားပါ) ဘာအရေးကြီးပါလိမ့်....(ဒီဋ္ဌိဖြုတ်ဘို့ အရေးကြီးပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ ဘုန်းကြီး ပြောတာလား၊ ဘုရားက ဟောတာလား.... (ဘုရားက ဟောတာပါ) ရင်ဝ လှုံ့စူးတာက ဖြေးဖြေးနှုတ်ချင် နှုတ်၊ ဦးခေါင်းမီးလောင်တာ ဖြေးဖြေး ငြိမ်းချင်ငြိမ်း၊ သူ့ကို မြန်မြန်ဖြုတ်တဲ့....(မှန်ပါ့) ဆိုတော့ သူ့ကို အရေးတကြီး လုပ်ရမယ်ဆိုတဲ့ အဓိပ္ပါယ်က သံယုတ်ပါဋ္ဌိတော်မှာ နတ်တွေကိုလဲ ဟောထားတယ်၊ လူတွေကိုလဲ ဟောတဲ့တရား....(မှန်ပါ့ဘုရား) သဘောပါကြပလား....(ပါ့-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဋ္ဌိဖြုတ်နည်း နိဿယည်းကိုသာ အရေးတကြီးရှာတော့....(မှန်ပါ့) ဒီဋ္ဌိချုပ်သွားယင် ဒီဋ္ဌိနိရောဓ နိဗ္ဗာန်ဘဲ....(မှန်ပါ့)။

ဒီဋ္ဌိချုပ်သွားယင်....(ဒီဋ္ဌိ နိရောဓနိဗ္ဗာန်ပါ) ဒီဋ္ဌိ နိရောဓ နိဗ္ဗာန်၊ ကဲ... တကာတကာမတို့ အကုန်ကိုကျလို့ .... (မှန်ပါ့ဘုရား)။

ကိုစောမောင်-ဘယ့်နှယ်ဆိုပါ့မလဲ....(ဒီဋ္ဌိနိရောဓနိဗ္ဗာန်ပါ) ဒါဖြင့် ဒီဋ္ဌိဖြုတ်ချင်လို့ရှိယင် ပဌမ နိဗ္ဗာန်ကို ရပြီ....တဲ့၊ ဒါ ပြောနေတာ....(မှန်ပါ့)။

နိဗ္ဗာန်လေးမျိုးရှိတယ်၊ သောတာပန်ရတဲ့နိဗ္ဗာန် ကိုစောမောင်....(မှန်ပါ့) သကဒါဂါမ် ရတဲ့....(နိဗ္ဗာန်ပါ) အနာဂါမ် ရတဲ့....(နိဗ္ဗာန်ပါ) ဘုရားရဟန္တာရတဲ့....(နိဗ္ဗာန်ပါ) နိဗ္ဗာန်ဘယ်နှစ်မျိုးရှိသလဲ....(လေးမျိုးရှိပါတယ်) ဒီဌိဖြုတ်ယင် ပဌမနိဗ္ဗာန်ရောက်တယ်....(မှန်ပါ့) တကာတကာမတွေ့ သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီ.ပြင်ဟာ အသာချိပ်ထားပြီး ဒီအရေးကို အကြီးဆုံးထား....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာလုပ်ကြမယ်....(ဒီဌိဖြုတ်ဘို့ အရေးတကြီး ထားရပါမယ် ဘုရား) ဒီဌိက ဘယ်ကလာပါလိမ့်....(ခန္ဓာငါးပါးကိုမသိတာက လာပါတယ်)မသိရာက လာတယ်ဆိုတော့ ဘုန်းကြီးက သိအောင် လုပ်ပေးမှာပေါ့ .... (မှန်ပါ့) သဘောကျပလာ....(ကျပါပြီဘုရား)။

ခန္ဓာငါးပါးကို မသိတာက လာတယ်ဆိုတော့ သိအောင် လုပ်ပေးရုံဘဲ....(မှန်ပါ့) တကာတကာမတို့ ခန္ဓာငါးပါးကို မသိတာက လာတယ်ဆိုတော့ စာသိနဲ့ သိလို့လဲ ဒီဌိက မချုပ်ဘူး.... (မှန်ပါ့) စာဆိုတာ ရေးဖတ်တာကိုး.... ကိုစောမောင်- ကိုရင် ကလေးတွေ စာပြန်နေတာ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

သွားမေးတော့ ဘာသိတုံး....(စာသိပါ) အဲဒါနဲ့ မပြုတ်ဘူးတဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

စာသိနဲ့ မပြုတ်လို့ရှိယင်ဖြင့် ပိဋကတ်နဲ့သိရုံလောက် အသိ

မျိုးနဲ့ မရဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာနဲ့သိမှ ပြုတ်ရမှာတုံး....ဆိုတော့ ပစ္စက္ခသိရောက်မှ ပြုတ်မယ်....(မှန်ပါ့ ဘုရား)။

ဘာသိ ရောက်မှတုံး....(ပစ္စက္ခသိရောက်မှပါ) ကျုပ်မျက်လုံး အောက်မှာကို ဖြစ်သွားရှာတာလို့ ဒီအခြေအနေ ရောက်ရမယ်-(မှန်ပါ့) ပစ္စက္ခသိကို ကိုစောမောင်-ကိုစံလှ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ကျုပ်မျက်စေ့အောက်မှာကို.... ဝိညာဏ် ချုပ်သွားတာလို့ သိရသလို ကျုပ်မျက်စေ့အောက်မှာ ဗိုင်းကနဲ လဲတာလို့ သိရသလို တကာတကာမတို့ အဲဒီဉာဏ်မျက်စိအောက်မှာ သိရမယ်.... (မှန်ပါ့)။

ခန္ဓာကိုသိ, ခန္ဓာကိုသိဆိုပေမဲ့ ဘယ်အသိပါလိမ့်မတုံးဆိုတော့ ဉာဏ်မျက်စိအောက်မှာ သိရမှာ....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

မျက်လုံးနဲ့မြင်လို့ မသိပါဘူး၊ နားနဲ့ကြားလို့ .... (မသိပါဘုရား) ဉာဏ်နဲ့သိမှ....(အသိပါဘုရား) အဲ....ဉာဏ်နဲ့ သိလိုက်သည်နဲ့ တပြိုင်နက်တည်း သူက နဂိုရိုက မိစ္ဆာဒိဋ္ဌိနဲ့ ဉာဏ်နဲ့ သိလိုက်တော့မှ ဒီနေရာမှာ သမ္မာဒိဋ္ဌိသွားဖြစ်တယ်.... (မှန်ပါ့) တကာတကာမတို့ ခုနင်က အနိန္နေရာမှာ အစိမ်းသွားဖြစ်တယ်.... (မှန်ပါ့)။

ကဲ....ဉာဏ်နဲ့ သိလိုက်တော့ကို.... တကာတကာမတို့ ခုနင်က မိစ္ဆာဒိဋ္ဌိနေရာမှာ ဘာလာဖြစ်သတုံး.... (သမ္မာဒိဋ္ဌိ လာဖြစ်ပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိဖြစ်တော့ တကာတကာမတို့ သိတဲ့အတိုင်း သူက သမ္မာဒိဋ္ဌိဆိုတော့ မိစ္ဆာဒိဋ္ဌိသတ်ပစ်လိုက်တယ်....(မှန်ပါ့ဘုရား) ဒါဖြင့် တဏှာနိရောဓော ဥပါဒါန နိရောဓော မဖြစ်ဘူးလား.... (ဖြစ်ပါတယ်) ဥပါဒါန နိရောဓော....(ကမ္မနိရောဓော) ကမ္မ နိရောဓော....(ဇာတိ နိရောဓော) လွတ်ပြီ၊ မလွတ်သေးဘူးလား- (လွတ်ပါပြီဘုရား)။

အပါယ်လေးပါး သေသေချာချာလွတ်နေပြီ တကာတကာ့ မတို့....(မှန်ပါ့) မလွတ်သေးဘူးလား....(လွတ်ပါပြီ) သဘော့ ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ပစ္စက္ခသိကလေးရအောင် ကျုပ်တို့ အရေးတကြီး လုပ်ရတော့မယ်ဆိုတဲ့ဥစ္စာကိုဖြင့် ကိုစောမောင်- အထူး ဂရုစိုက် ရလိမ့်မယ်....(မှန်ပါ့)။

ဒီဘက်က တကာတကာမတွေ ဘယ်လိုအောက်မေ့ကြမလဲ- (အထူးဂရုစိုက်ရပါမယ်) အထူးဂရုစိုက်ရလိမ့်မယ်ဆိုတဲ့ဥစ္စာ တကာတကာမတို့ သေသေချာချာ ပြောနေလို့ရှိယင် သေသေ ချာချာနားထောင်ပြီး သေသေချာချာကျင့်လို့ သေသေချာချာ ပစ္စက္ခမျက်မှောင်အောက်ကို ဒီခန္ဓာရောက်ဘို့ရာ မောင်နှိုင်-သိပ် အရေးကြီးတာဘဲ့....(ကြီးပါတယ်ဘုရား) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကိုမြင့် ဒီအရေးဟာ သိပ်အရေးကြီးတယ်.... (မှန်ပါ့ဘုရား) နောက်တ တကာ တကာမတွေ ကိုယ် အရေးကြီးကြောင်း ကောင်းကောင်း သိ၊လား....(သိပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် မိစ္ဆာဒိဋ္ဌိ ငါ့သား, ငါ့သမီး, ငါ့ခွေးဆိုတာ မိစ္ဆာဒိဋ္ဌိ....(မှန်ပါ့) မိစ္ဆာဒိဋ္ဌိက သမ္မာဒိဋ္ဌိ ဖြစ်ထားလို့ ရှိယင် အပါယ်လေးပါး လွတ်ပါတယ်လို့ ဘုရားက မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ကြည့်လေ....ခုနင်က ဒီနေရာမှာ နဂိုရှိက တန်းပြတာက ဒိဋ္ဌိတဏှာလို့ မပြောခဲ့ဘူးလား.... (ပြောခဲ့ပါတယ်ဘုရား) အဲဒါ မိစ္ဆာဒိဋ္ဌိ၊ သဘောကျပလား.... (ကျပါပြီဘုရား) ဒီတဏှာလာယင် ဒီ-ဥပါဒါန်က နေပါ့မလား....(မနေပါဘုရား) ဒီကံကောဖြုတ်လို့ ရပါ့မလား....(မရပါဘုရား)။

ကဲ....ဒါဖြင့် မိစ္ဆာဒိဋ္ဌိဟာ ဒီခန္ဓာမသိလို့ ဖြစ်တာ၊ ဒီခန္ဓာကို ကျုပ်တို့က ခန္ဓာလဲသိ ဖြစ်ပျက်လဲသိလို့ ရှိယင် သမ္မာဒိဋ္ဌိဖြစ်-မဖြစ်.... (ဖြစ်ပါတယ်ဘုရား) ဒီသမ္မာဒိဋ္ဌိဖြစ်တော့ သမ္မာဒိဋ္ဌိဆိုကတည်းက မိစ္ဆာဒိဋ္ဌိသေပြီ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဒိဋ္ဌိ,တဏှာချုပ်သွားသောကြောင့် ဥပါဒါန်က....(ချုပ်ပါတယ်ဘုရား) ကံကကော....(ချုပ်ပါတယ်ဘုရား) ကံချုပ်ယင် အပါယ်ဇာတိတွေ့ ကိုစောမောင်....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အပါယ်လွတ်မလွတ်ဆိုတာ အပြောလား- အမြင်လားဆိုတာသာ အကဲခတ်(အမြင်ပါဘုရား) ရှင်းပလား(ရှင်းပါပြီဘုရား) ဒါဖြင့် လုံပ်ထိုက်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(လုပ်ထိုက်ပါတယ်ဘုရား)။

လုပ်ထိုက်တယ် ဆိုတာ ဒီအလုပ်က ရွေထားရမှာလား.... နောက်ထားရမှာလား....(ရွေထားရမှာပါဘုရား)။

ခေါင်းကိုက်တာ တောင်မှ နက်ဖြန်မှ ဆေးသောက်ချင် သောက်ပါ ကိုစောမောင်၊ ဉာကျမှ သောက်ချင်သောက်ပါ။ ငါ့ခေါင်းကိုက်တယ် ဆိုတာကလေးတော့ အယင် ဖြုတ်ပေး၊ ဝေဒနာကို ဖြစ်ပျက်ရှုပေး....(မှန်ပါ့) အဲဒါ အယင်ဖြုတ်ပစ်ရမယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ခေါင်းကိုက်တဲ့ဝေဒနာကလေး ဘာလုပ်ရမလဲ.... (အယင်ဖြုတ်ရပါမယ်ဘုရား) နောက်မှ ခင်ဗျားတို့ ခေါင်းကိုက်ဆေးတွေကို စားချင်စားပါ၊ သဘောကျပလား....(ကျပါပြီဘုရား)။

သူ့ကို ဖြစ်ပျက်ရှု၊ ဒါ-ဝေဒနာကွန်ခွာ၊ ဖြစ်ပြီးပျက်တဲ့ ဓမ္မဘဲဆိုတာ မြန်မြန်ရှုယင် သူ ဘာဒိဋ္ဌိဖြစ်မလဲ.... (သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား) သမ္မာဒိဋ္ဌိဖြစ်တော့ ခုနင်က ဥပါဒါန်ကကော.... (ချုပ်ပါတယ်ဘုရား) ကံက.... (ချုပ်သွားပါတယ်ဘုရား) အပါယ်လေးပါးတံခါး....(ပိတ်ပါတယ်ဘုရား)။

အပါယ်လေးပါး အကုန်ပိတ်တယ် ကိုစောမောင်၊ ဒါ.... ပစ္စက္ခဖြစ်သွားလို့နော်....(မှန်ပါ့)။

ပစ္စက္ခဖြစ်ဆိုတဲ့ ဥစ္စာကတော့ ဝေဒနာဘဲ၊ ဝေဒနာပေမဲ့ ပေါ်တုန်း ဝေဒနာ ပျက်တော့ အနိစ္စ၊ ဒီလိုနှစ်ချက်သိပေးရမယ် (မှန်ပါ့)။

ပေါ်တာကာက....(ဝေဒနာပါဘုရား) ပျက်တာကာက....(အနိစ္စပါဘုရား) ဟာ....ဒါဖြင့် ဖြစ်ပျက်ဘဲ။

ပေါ်တာက....(ဝေဒနာပါဘုရား) ပျက်တာက....(အနိစ္စပါဘုရား) ဘယ်သူ အနိစ္စတုံး ဆိုလို့ ရှိယင် ဝေဒနာကလေးဟာ ဖြစ်လဲဖြစ်တယ် ပျက်လဲပျက်တယ်၊ ဒီလိုရှုပေးလိုက်တဲ့ အခါကျ တော့ သူ ဘာဒိဋ္ဌဖြစ်သွားသလဲ.... (သမ္မာဒိဋ္ဌိ ဖြစ်သွားပါတယ် ဘုရား)။

သမ္မာဒိဋ္ဌိဖြစ်သွားကတည်းကိုက ခုနင်က မိစ္ဆာဒိဋ္ဌိတဏှာ ကြောင့် မိစ္ဆာဒိဋ္ဌိ,ဥပါဒါန်ဖြစ်ရတယ်....(မှန်ပါ့) ကိုစောမောင် ဓမ္မနိယာမက ဒီအတိုင်း မလာဘူးလား....(လာပါတယ်ဘုရား)။

အခုတော့ သမ္မာဒိဋ္ဌိဖြစ်သွားတော့ သူက သမ္မာဒိဋ္ဌိပါ ဆိုတော့ ဥပါဒါန်ဖြစ်မှာလား-ချုပ်မှာလား....(ချုပ်မှာပါဘုရား) ဥပါဒါန်ချုပ်ယင် ဥပါဒါန်ကြောင့် ဖြစ်တဲ့ကံကကော....(ချုပ် ရပါမယ်ဘုရား)။

ချုပ်ရတော့ ကံချုပ်နေတော့ အကျိုးပေးက ကျုပ်ချည့် ဖြစ်ဦးမယ်ဆိုလို့ ရပါ့မလား....(မရပါဘုရား)။

မရနိုင်ဘူးဆိုတော့ တကာတကာမတို့ ဒီဥစ္စာခန္ဓာကို ပစ္စက္ခ သိချလိုက်တယ်....(မှန်ပါ့) ဩော်.... ဖြစ်လဲ ဖြစ်တယ်-ပျက်လဲ ပျက်တယ်လို့ သိချလိုက်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဖြစ်လဲဖြစ်တယ်- ပျက်လဲပျက်တယ်လို့ ဝေဒနာပေါ်တိုင်း, ပေါ်တိုင်း ငါ....မဟုတ်ပါဘူး၊ ဒီဥစ္စာဖြစ်ပျက်သဘော, အနိစ္စ သဘောပါလို့ ခင်ဗျားတို့က သိတိုင်း,သိတိုင်း သမ္မာဒိဋ္ဌိဝင်ဝင် ဖြစ်နေတယ်....(မှန်ပါ့ဘုရား) မဖြစ်ဘူးလား.... (ဖြစ်ပါတယ် ဘုရား)။

အဲဒီတော့ တကာတကာမတို့ ဒါ.... ခင်ဗျားတို့ အလှူ အတန်းပေးနေလို့လဲ ပစ္စက္ခသိ ရောက်ပါ့မလား....(မရောက်ပါဘုရား) ပစ္စက္ခသိဆိုတာ ကိုယ့်ဉာဏ်ထဲက သမ္မာဒိဋ္ဌိဖြစ်ပြီး ဒါ.... သိရမှာကိုးဗျ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီအရေးသည် တကာ တကာမတို့ ရင်ဝလှုံးဦးဦးခေါင်း မီးလောင်တာထက် အရေးကြီးပေးပါ ဆိုတဲ့ ဥစ္စာမတော် မိစ္ဆာဒိဋ္ဌိဖြစ်ယင် ပဋိစ္စသမုပ္ပါဒ် ဆက်သွားယင် ဒီရောက်ချေရဲ့ဆိုတာ မြတ်စွာဘုရား သိပ်စိုးရိမ်တယ်....(မှန်ပါ့) တန္ဆေဘယ်နှစ်ကြိမ်ရောက်မှန်းလဲ မသိဘူး....(မသိပါဘုရား) သဘော ကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ကျုပ်တို့မှာ တကာတကာမတို့ ကံတွေက စုထားတာ မနည်းဘဲ ဖြစ်ပြီးသကာလ.... နေတော့ သမ္မာဒိဋ္ဌိဖြစ်မှဘဲ ဒီကံတွေ့ အလကားဖြစ်မယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာသုံးပါးကို ပေါ်တိုင်း ပေါ်တိုင်း ခင်ဗျားတို့ သုခ ချမ်းသာကလေး ပေါ်ယင်လဲ အင်း....ချမ်းသာတာမဟုတ်ပါဘူး၊ ဒါ.... အနိစ္စပါ၊ ပစ္စက္ခသိ (မှန်ပါ့) သာမညသိတော့ ချမ်းသာတယ်ထင်နေတယ်၊ ပစ္စက္ခသိကျတော့ ချမ်းသာတာလဲ မဟုတ်ဘူး၊ ပေါ်တိုင်း ပျက်တာဘဲ ရှိတယ်....(မှန်ပါ့)။

ပစ္စက္ခသိကျတော့ ဘယ်လိုသိပါလိမ့်....(ပေါ်တာနဲ့ပျက်တာဘဲ ရှိပါတယ်ဘုရား) ဒုက္ခဝေဒနာကလေးကော နာကျင်တာ

လား- ပေါ်တာပျက်တာလား....(ပေါ်တာပျက်တာပါဘုရား) ဥပေက္ခာ ဝေဒနာလဲ မျက်လုံး, နား, နှာခေါင်း, လျှာထဲမှာ ကြည့်လိုက်တဲ့အခါ ဥပေက္ခာလား- ပေါ်တာပျက်တာလား.... (ပေါ်တာပျက်တာပါဘုရား) အပျက်သာ ရှိတယ်လို့ သိတဲ့ သမ္မာဒိဋ္ဌိမဝင်ဘူးလား-ဝင်သလား....(ဝင်ပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိလာကတည်းကိုက ခုနင်က မိစ္ဆာဒိဋ္ဌိကြောင့် ဥပါဒါန်ကံလိုက်....(မှန်ပါ့) သမ္မာဒိဋ္ဌိလာကတည်းကိုက မိစ္ဆာဒိဋ္ဌိကို ဖြုတ်ချလိုက်တယ်....(မှန်ပါ့)။

ဘာဖြုတ်ချသလဲ....(မိစ္ဆာဒိဋ္ဌိ ဖြုတ်ချပါတယ်ဘုရား) မိစ္ဆာဒိဋ္ဌိ ဖြုတ်ကတည်းက မိစ္ဆာဒိဋ္ဌိ,တဏှာ မချုပ်သေးဘူးလား.... (ချုပ်ပါတယ်ဘုရား) သမ္မာဒိဋ္ဌိ,အလောဘ မလာသေးဘူးလား (လာပါတယ်ဘုရား)။

အဲ....မိစ္ဆာဒိဋ္ဌိ, တဏှာချုပ်တော့ ဒိဋ္ဌိ,အလောဘ လာတဲ့အတွက် အလောဘဆိုကတည်းက ဥပါဒါန်ကျေးဇူး ပြုသေးရဲ့လား....(မပြုပါဘုရား)ဥပါဒါန်မှ မလာဘဲနဲ့ ကံလာသေးရဲ့လား (မလာပါဘုရား) ကံမှ မလာဘဲနဲ့ အပါယ်လေးပါး ဇာတိတွေ လာချင်ပါတယ်ဆိုလို့....(မရပါဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီဝေဒနာသုံးပါးလှည့်ရှု၊ စိတ်ပေါ်ယင် စိတ်ကို ပေါ်ရာရှု ဆိုလို့ရှိယင် ဒိဋ္ဌိမပြုတ်ဘူးလား.... (ဖြုတ်ပါတယ်ဘုရား) အပါယ်လေး တံခါးပိတ်တယ် ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

အခုတော့ ဝတ္ထုမပါသေးဘူး၊ ဒါ....လုပ်နည်းကိုသာပြနေ ဘာနော်....(မှန်ပါ့) နက်ဖြန် ဒီဒီဌိဆက်ပုံကို ဒီထက် ရှင်းရှင်း ခြောပေးမယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်- မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး
ဟောကြားဆုံးမတော်မူသော
အပါယ်လေးပါးသည် အမြဲနေအိမ်
နွေ-အလုပ်ပေးတရားတော်

၁၃၂၂-ခု၊ နယုန်လဆန်း (၄) ရက်

"စတ္တာရော အပါယာသက ဂေဟသဒိသာ" လို့ ဓမ္မပဒ အဋ္ဌကထာက ဆိုထားတယ်....(မှန်ပါ့)။

ပမတ္တာသနာမ စတ္တာရော အပါယာသက ဂေဟသဒိသာ၊ ပမတ္တာသနာမ=ရုပ်နာမ်ဖြစ်ပျက်တို့ကို မေ့လျော့သော ပုဂ္ဂိုလ်အား၊ စတ္တာရော အပါယာ= အပါယ်လေးဘုံတို့သည်၊ သက ဂေဟသဒိသာ=အမြဲနေရာ မိမိတို့အိမ်ဂေဟာကြီးနဲ့ တူပါပေကုန်၏....တဲ့၊ ရုပ်နာမ် ဖြစ်ပျက် မေ့နေတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်လေးဘုံ ကိုယ့်နေရာလို့ မှတ်ထားတဲ့... (မှန်ပါ့)။

ရုပ်နာမ် ဖြစ်ပျက် မေ့နေတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်လေးဘုံ ဘာတဲ့....(အမြဲအိမ်ပါဘုရား)။

သြော် .... ဒါဖြင့် ပမတ္တာသနာမ-(ပ) အမြဲနေရာ မိမိ အိမ် ဂေဟာကြီး ဖြစ်ပါပေကုန်၏....လို့၊ သြော် .... ရုပ်နာမ်မသိ ဖြစ်ပျက်မသိလို့ရှိယင်ဖြင့် ဒီအပေါ်မှာ မေ့လျော့ပြီးသကာလ

နေကြမယ်ဆိုယင်ဖြင့် တကာတကာမတို့ အပါယ်လေးဘုံဟာ ကိုယ်အမြဲနေတဲ့အိမ်လို့ မှတ်လိုက်ပါ....(မှန်ပါ့)။

အပါယ်လေးဘုံဟာ ဘာတဲ့.... (ကိုယ်အမြဲနေတဲ့အိမ်ပါ) ကိုယ်အမြဲနေတဲ့အိမ်လို့ ဘုန်းကြီးတို့ တကာတကာမတွေ့ မှတ်ထားရမယ်....(မှန်ပါ့)။

ရုပ်နာမ်လဲမသိ၊ ၎င်းရုပ်နာမ်မှ မသိတော့ ဖြစ်ပျက်ဆိုတာကလဲ အနိစ္စဆိုတဲ့တရားလို့ မသိဘဲဖြစ်နေတော့ ဘယ်သူကနေပြီး သကာလ.... ဒီအထဲမှာ အပါယ်ပို့ပါလိမ့်မလဲဆိုတာ မေးစရာရှိတော့ ကိုစံလှရေ- ဒီဌီက ပို့နေတာ....(မှန်ပါ့)။

ဘယ်သူက ပို့နေတာလဲ....(ဒီဌီကပို့နေတာပါ)။

ဩော်....ငါ့သား, ငါ့သမီး, ငါ့ကိုယ်, ငါ့ဟာ, ထင်နေတဲ့ဒီဌီ၊ ရုပ်နာမ်လဲမသိတော့ ဒါတွေဟာ ငါဘဲ, ငါ့ဥစ္စာဘဲ, ငါသား တွေဘဲ, ငါ့သမီးတွေဘဲဆိုတော့ ဒီဌီက ဦးစီးမလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒါ မေ့တဲ့ပုဂ္ဂိုလ်မှာ တခါ ငါ့သားဘဲ, ငါ့သမီးဘဲ, ငါ့ဟာဘဲ, ငါ့ဥစ္စာဘဲလို့ မလာပေဘူးလား၊ လာကြသလား.... (လာပါတယ်ဘုရား)။

ထိုကဲ့သို့ လာခဲ့သည်ရှိသော် ဒီဒီဌီသည် တကာတကာမတို့ အပါယ်ကို အကြောင်းပြုရတော့မယ် ဆိုတာ မနေ့က ပဋိစ္စသမုပ္ပါဒ် တန်းပြလိုက်တယ်နော်....(မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတို့ ရုပ်နာမ်ဖြစ်ပျက်ကို မေ့လို့ ရှိယင် အပါယ်လေးဘုံဟာ မိမိတို့အိမ်ရာကြီး အစစ်ဖြစ်တယ်လို့ ဆိုတာ မှတ်လိုက်ပါတော့....(မှန်ပါ့)။

ရုပ်နာမ်မေ့လို့ရှိယင် အပါယ်လေးဘုံဟာ မိမိတို့အိမ်နေရာလို့ အမြဲမှတ်ပါ...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သိပ်ကြောက်စရာကောင်းပါလား တကာ တကာမတို့.... (မှန်ပါ့) သင်ကြားညွှန်ပြတဲ့ ဆရာသမားကလဲမတွေ့၊ ခင်ဗျားတို့ကလဲ လိုက်မရှာ၊ ရှာလို့ တွေ့ပြန်တော့လဲ ရှုတဲ့အလုပ်ကို ရုပ်ကို ဖြစ်ပျက်ရှုလို့၊ နာမ်ကို ဖြစ်ပျက်ရှုလို့ တခုခုရှုယင် တခုပြီးတယ်ဆိုတာ ဆရာသမားက ဟောထားတာ သိလျက်သားနဲ့ သားရေး၊ သမီးရေး၊ စီးပွားရေးတွေကြောင့် မရှုအား, မမှတ်အားနေခဲ့သော် ဩဿ်....ဒို့သည်ကား....လို့ ဆိုယင်ဖြင့် အပါယ်လေးဘုံဟာ ဒို့အမြဲနေတဲ့ အိမ်ဘဲဆိုတဲ့ဥစ္စာကို ဓမ္မပဒမှာလာတဲ့အတိုင်း ဘုန်းကြီးတို့ တကာ တကာမတွေ့ မှတ်ရလိမ့်မယ်.... (မှန်ပါ့)။

ဒါ့ကြောင့် တသံသရာလုံးဟာ တကာတကာမတို့လူ့ပြည်ကို ဘုရားဉာဏ်နဲ့ချိန်တဲ့နေရာမှာ မောင်နှိုင်-စဉ်းစားကြည့်စမ်းပါ၊ ကျောက်ခဲကလေးတခု မောင်နှိုင်က ကောင်းကင်မြောက်လိုက်တာပေါ့နော်....(မှန်ပါ့)။

မြေကြီးပေါ်ရှိတဲ့ ကျောက်ခဲကလေး ကောင်းကင်မြောက်လိုက်၊ မင်း-လက်အရှိန်ကောင်းသလောက်သာ ကောင်းကင်မှာ တည်တယ်ဆိုရုံကလေး တည်မှာဘဲ....(မှန်ပါ့) ပြီးတော့ အောက်ပြန်ကျတာဘဲ.....(မှန်ပါ့)။

နဂိုရိကလဲ အောက်မှာနေတာကိုး၊ နဂိုရိကလဲ အောက်မှာနေတော့ လက်ရှိန်ရှိသလောက် အပေါ်တက်သွားပြီး နောက် ဒီနေရာပြန်ကျတယ်....(မှန်ပါ့)။

ဒါဖြင့် ကျောက်ခဲ၏ အမြဲနေရာဟာ နဂိုရိုက်လဲ အောက်၊ အားထုတ်ပြီး မြောက်လိုက်ပြန်ကော့လဲ အပေါ်မှာ ခဏသာ နေသလိုလိုရှိပြီး အောက်ဘဲ ပြန်ကျတယ်....(မှန်ပါ့)။

ဒါဖြင့် ကျောက်ခဲတို့၏ နေရာသည် နဂိုရိုက အောက်၊ကို့ ကောင်းအကြောင်းသင့်ပြီးသကာလမြောက်တဲ့ ပုဂ္ဂိုလ်နဲ့လာပြန်တော့လဲ ခဏတည်သလိုလိုနဲ့ အောက်ဘဲ ပြန်ကျတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သူ့နေရာဟာ အောက်နေရာသာ မြဲတော့တယ်ဆိုတာ တကာတကာမတွေ ရှင်းပြီပေါ့....(မှန်ပါ့)။

ဒီမှာလဲ ခင်ဗျားတို့ ပြုထားတဲ့ ဒါနကလေး ခင်ဗျားတို့ ဆောက်တည်ထားတဲ့သီလကလေးဟာ ဒီခန္ဓာကိုယ်ကြီး အပါယ်မှာ နေတဲ့ခန္ဓာကိုယ်ကြီးကို သူတို့က မြောက်ပြီးတင်လိုက်တဲ့အခါ ဒါနသီလကလေးက မြောက်ဘင်လိုက်တဲ့ အခါ အပေါ်မှာခဲအရှိန်သတ်သလောက်သာ ကြာတယ်.... (မှန်ပါ့) နောက် ဒီခဲကြီး အောက်ပြန်ကျတော့ အချိန်များစွာဘဲ မြေပေါ်မှာ မနေရပေဘူးလား....(နေရပါတယ်ဘုရား)။

အဲဒီလိုဘဲ ဘုန်းကြီးတို့ တကာတကာမတွေ အပါယ်မှာဘဲ အမြဲပင်နေရမယ်၊ နဂိုရိုက်လဲ အပါယ်က တက်လာတယ်....(မှန်ပါ့)အခုလူ့ပြည်လာတာအပါယ်သက်နဲ့နှိုင်းချိန်လိုက်တော့ တကာတကာမတို့ ခဲကောင်းကင်မှာ အရှိန်သတ်သလောက်ရှိပါတယ်(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဘဝကြောင့် တပည့်တော်တို့ အောက်အချိန်က များပြီး အထက်အချိန်က နည်းလွန်းလှတယ်၊ ကောင်းကင်မြောက်ပြီး

ကောင်းကင်မှာ တည်တံ့သလိုလိုကလေးက အရှိန်ကလေး ရသလောက်သာ တက်လို့ ရတယ်လို့ တွက်ယူတဲ့ အယူသည် ဘယ့်နှယ်ကြောင့် ပါလိမ့်မတုံးဆိုတော့ တနေ့လုံး ဖြစ်တာ စဉ်းစားကြည့်ပါ။ ငါ့သမီးနဲ့ ငါ့ကိုယ်နဲ့ ငါ့သားနဲ့ ငါ့ဟာနဲ့ ဒီဋ္ဌိသာ လွှမ်းမိုးနေတော့တယ်....(မှန်ပါ့)။

ဘာတွေလွှမ်းမိုးနေကြသလဲ....(ဒိဋ္ဌိလွှမ်းမိုးနေပါတယ်) ဒိဋ္ဌိတဏှာ လွှမ်းမိုးပြီးသကာလ နေလိုက်တဲ့အတွက် သြော်....တနေ့လုံးမှာ မျက်လုံးမဖွင့်လေနဲ့၊ ဖွင့်လို့ရှိယင် ဟိုဟာ ငါ့သားဆိုတာ ဒိဋ္ဌိက အယင်လာတော့တာဘဲ....(မှန်ပါ့)။

နားကြားလို့ရှိယင် ငါ့သား, ငါ့သမီး အသံပါလားဆိုတာ ဒိဋ္ဌိချည့် အယင်ပြေးပြေးလာတယ်....(မှန်ပါ့) ဒါကလေးဟာ အသံရုပ်ပါလား၊ အဆင်းရုပ်ပါလား၊ ဖြစ်ပျက်ပါလား-ကတယ်ပြီးလာခဲတယ်....(မှန်ပါ့)မလာခဲဘူးလား....(လာခဲပါတယ်ဘုရား)။

အဲဒါကို သေသေချာချာ တကာတကာမတွေက ကျကျနန ဝေဘန်တော့မှ သြော်....ကိုယ့်စိတ်ဖြစ်စဉ်နဲ့လဲ ကိုယ့်ပဋိစ္စသမုပ္ပါဒ်နဲ့လဲ အပါယ်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်၊ ဒိဋ္ဌိ ပဋိစ္စသမုပ္ပါဒ်ကသာ မျှား၍ ဉာဏ်နဲ့ရှုတဲ့အလုပ်က အင်မတန် မနည်းဘူးလား.... (နည်းပါတယ်ဘုရား)။

အဲဒီတော့ ဒုါရခြောက်ပေါက်မှာ ဘယ်သူကချည့် အယင် ဦးစီးပြီး သကာလ....လာနေပါလိမ့်မလဲဆိုတာ မျက်လုံးပေါက်ကြည့်လိုက်ပြန်လဲ ဟိုဟာ ဘယ်သူတုံး....လို့ မေးလိုက်ပြန်လဲ

ကျွန်တော့်သားဘဲ၊ ကျွန်တော့်သမီးဘဲ၊ ဟုတ်မှ ဟုတ်ပါရဲ့လား-ဟုတ်ပါတယ်၊ ဘယ်နေ့-ဘယ်ရက်-ဘယ်သင်္ကြာင်က မွေးဖွားတာဆိုပြီး တခါတည်း ဒီဋ္ဌိကသာ ဦးစီးလာတော့တာဘဲ၊ မြင်တာ ဖြစ်ပျက်၊ ကြားတာဖြစ်ပျက်ဆိုတဲ့ မြင်တဲ့အဆင်းရုပ်ကို ဖြစ်ပျက်၊ ကြားတဲ့အသံရုပ်ကို ဖြစ်ပြီး ပျက်တဲ့ အနိစ္စပါလားဆိုတာ မလာသလောက် ဖြစ်နေတယ်.... (မှန်ပါ့)။

ကိုစောမောင်-ဘယ့်နှယ်ဆိုမလဲ....(မလာသလောက် ဖြစ်နေပါတယ်ဘုရား)။

မလာသလောက် ဖြစ်ပြီးသကာလနေတော့ ခင်ဗျားတို့မှာ မျက်လုံးပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်-ဆိုတဲ့ ဒွါရ ခြောက်ပေါက် ရှိတဲ့ အနက်က ခြောက်ပါးစလုံးက သားဘဲဆိုပြီး သကာလ တခါတည်း ဒီဋ္ဌိက မလာဘူးလား....(လာပါတယ်ဘုရား)။

သားဖြစ်ယင် ခင်မှာဘဲဆိုတာကလေးကလဲ လာတော့တာဘဲ-(မှန်ပါ့) ခင်လို့ ရှိယင်ဖြင့် တကာတကာမတို့ စဲ့လမ်းမှာဘဲဆိုတဲ့ ဥပါဒါန်လာတယ်....(လာပါတယ်) ကံကလဲ တခါတည်း သူ့တော့ ပြောဦးမှာဘဲ၊ သူ့တော့ ဆိုဦးမှာဘဲဆိုတဲ့ ကာယကံ, ဝစီကံ တွေကကော....(လာပါတယ်ဘုရား)။

ဒါဖြင့် ဒီကံတွေက မျက်လုံးပေါက်ကဖွင့်လို့ ဒီကံလာတော့ နားပေါက်က ဖွင့်လို့ သူအသံကြားလိုက်ပြန်တော့ကော.... (ဒီကံတွေ လာတာပါဘဲဘုရား)။

ဒီအတိုင်းဘဲ, ဒီအတိုင်းဘဲ, သားဘဲ-ဆိုတဲ့ ဒိဋ္ဌိက အယင်လာပြီး သကာလ.... သားဖြင့် ခင်မှာဘဲ၊ စဲ့လမ်းမှာဘဲ၊ သူ့ကိုဖြင့် ပြောဦး-ဆိုဦးမှာဘဲဆိုတဲ့ ကံဘဲ လာတာဘဲ....(မှန်ပါ့)။

နားပေါက်က ကြားလဲကံ၊ နှာခေါင်းပေါက်ကနေပြီး သကာလ.... ရှူလိုက် ရှိုက်လိုက်ပြန်လို့ ရှိုပြန်လို့ ရှိယင်လဲ သားလွှမ်းတဲ့စိတ်၊ သားဆွေးတဲ့စိတ်၊ သားကို စိုးရိမ်တဲ့စိတ်လို့ ရှူရှိုက်နေကြသေးတာကိုးဗျ....(မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

လျှာပေါက်က စားတာတောင်မှ ဟင်းကောင်းကလေးများ စားမိလို့ကိုယ့်သားကလေးက ဒီအထဲမပါ၊ ကိုယ့်သမီးကလေးက ဒီအထဲမပါ၊ စားစေချင်လိုက်တာ သားကလေး သမီးကလေး ဆိုတာက လျှာပေါက် သူကဘဲလာတယ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)လျှာပေါက်ကလဲ ဒီဌီကဘဲ အယင်ဦးစီးလာတယ်၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုယ်ပေါက်ကနေပြီး ကြည့်လိုက်ပြန်တော့ ကိုယ် ကျန်းမာသလို သူတို့ ကျန်းမာစေချင်တယ်ဆိုတော့ သူတို့ ကျန်းမာစေချင်တယ်ခိုတဲ့ဥစ္စာကလဲ လာသေးတာဘဲ....(မှန်ပါ့)။

ကိုယ်ကဖြင့် ကျန်းမာပါတယ်၊ သူတို့ ကျန်းမာစေချင်သေးတယ် ဆိုတာကဘဲ သူတို့ ဆိုကတည်းကိုက တကာတကာမတို့က စဉ်းစားသာကြည့်-တဲ့ အဘိုး....တဲ့၊ ငါ့သား, ငါ့သမီးကို စကား လဲသုံးလိုက်တာလဲ ရှိတာဘဲ....(မှန်ပါ့) ဒီဌီဘဲမလာဘူးလား.... (လာပါတယ်ဘုရား)။

မနောပေါက်ကနေပြီး သကာလ.... သူတို့ကျေးရေး ဘယ်လို ကျေးရပါ့မလဲ မလာဘူးလား မောင်နိုင်....(လာပါတယ်ဘုရား) သူတို့ လူလားမြောက်ပြီး လိမ်မာရေးခြားရှိအောင် လူပုံအလည်

မှာ တင့်တင့်တယ်တယ်ကလေး နေရစ်·ကျန်ရစ်အောင် ဘယ်လို မျှား စိတ်ကူးရပါ့မတုံး၊ သားတွေ့, သမီးတွေကိုနော်....(မှန်ပါ့ ဘုရား)။

စိတ်ကူးဘက်က ကြည့်လိုက်ပြန်လဲ သားသမီးဘဲ စိတ်ကူးမိ တယ်.... (မှန်ပါ့) တခါတည်း သားမဟုတ်တာသား၊ သမီး မဟုတ်တာ သမီးဖြစ်ပြီး တကယ်ထင်လို့ တကယ်ကူးတာဖြစ်နေ သောကြောင့် ဒီဌီဘဲလာပြန်တယ်....(မှန်ပါ့)။

ဒါဖြင့် ဒုါရခြောက်ပေါက်မှာ တကာတကာမတို့.... ကံ မြောက်အောင် မသွားဘူးလား .... (သွားပါတယ်ဘုရား) ဒီဌီ, တဏှာ, ဥပါဒါန်, ကံ....(မှန်ပါ့) သဘောကျပလား....(ကျပါ ပြီဘုရား)။

ကိုစောမောင်-ဘာတဲ့ .... (ဒီဌီ, တဏှာ, ဥပါဒါန်, ကံပါ) မျက်လုံးပေါက်ကလဲ ဒီဌီ, တဏှာ, ဥပါဒါန်, ကံ၊ နားပေါက် ကလဲ ဒီဌီ,တဏှာ, ဥပါဒါန်, ကံ, သဘောကျပလား .... (ကျ ပါပြီဘုရား)။

ဘယ်ပေါက်ကလာလာ ဒီကံတွေချည့်ဖြစ်နေတော့ ဘယ်သူ ဦးစီးတဲ့ ကံကုံး....ဆိုတော့ သူ့ခေါင်းဆောင် ကြည့်လိုက်တော့ ဒီဌီ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီကံတွေက တကာတကာမတွေ့တနေ့ ဘယ်နှစ်ကြိမ်လောက် ဖြစ်ပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့် မပြောပါနဲ့တော့ဘုရား-သူတို့စိတ်နဲ့ သေရမလိုလိုဖြစ်နေတာ၊ အံမာလေး.... ဒီကျအောင် ဘဲ့ အသုံးအနှုန်းကလာတာ....(မှန်ပါ့)။

ဒီသားတွေ, ဒီသမီးတွေ, ဒီစိတ်နဲ့ဘဲ တပည့်တော်တို့ဖြင့် သေတောင် ဖြောင့်ပုံမရဘူး....တဲ့၊ မဖြောင့်ဘူး စိတ်သာချ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သေတောင် ဖြောင့်ပုံမရဘူးဆိုတဲ့ဥစ္စာ သူ့ဟာသူ ဗျာဒိတ် ပေးနေတာ....(မှန်ပါ့)ဖြောင့်ဘို့ရာကော ပါရဲ့လား....(မပါ-ပါဘုရား) နဂိုရိုက စုထားတဲ့ကံပေါင်းကလဲ ဘယ်လောက်ပါလိမ့် (အများကြီးပါ)။

များနေတဲ့ကံတွေကိုက အကျိုးပေးစရာ အများကြီး ကျန် သေးတာ သေတောင် ဖြောင့်ပုံမရဘူးဆိုတာ သေခါနီး ဒီကံ လုပ်ဦးမယ်ပြောတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

သေခါနီး ဘာတဲ့....(ဒီကံလုပ်ဦးမယ်ဘုရား) ဒီကံလုပ်ဦးမယ်၊ အပါယ်ရောက်တဲ့ကံ လုပ်ဦးမယ်ပြောတော့ အသစ်ကလေးများ တောင် ထည့်လိုက်ချင်သေးတယ်ဆိုတဲ့အဓိပ္ပါယ် ရောက်နေတယ် (မှန်ပါ့) မောင်နိုင်-ဘယ်လောက်ဆိုးဝါးသတုံး .... (ဆိုးဝါးပါတယ်ဘုရား)။

ဩော်.... သားနဲ့ သမီးနဲ့ဟာ တယ်ခက်ပါလား လို့ ဆိုလို့ ရှိယင် ဒီဌိကဦးစီးလာပြီ....(မှန်ပါ့) သားတွေ, သမီးတွေက သိပ်ခက်ပါလား၊ အခုကာလ သားသမီးတွေဟာ အစားလွယ် လွယ်၊ အဝတ်လွယ်လွယ်၊ အနေလွယ်လွယ် ကျုပ်ဖြင့် ခက်ပါ သေးတယ်....တဲ့၊ အဲဒါ....ဒီဌိက လာတာသာ မှတ်ပေတော့.... (မှန်ပါ့) ခက်ပါသေးတယ်ဆိုတဲ့ ညည်းလုံးသည်ကား.. လို့ဆိုယင် ဒေါမနဿကံ လာတာဘဲ .... (မှန်ပါ့) မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ.... အပါယ်ရောက်ကြောင်း ကံတွေ တနေ့ အကြိမ်ပေါင်း ဘယ်လောက် စုမိပါလိမ့်....(မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်အောင်ဘဲ မမျှားကြဘူးလား....(မျှားပါတယ်ဘုရား)။

မျက်လုံးနှစ်စုံ မှိတ်သွားဘို့ကို မလွယ်ဘူး....တဲ့၊ ကိုစောမောင် ဒီလိုမျှား လာလိုက်သေးတယ်၊ မျက်လုံး မှိတ်သွားဘို့ရာကို မောင်နိုင်-မလွယ်လို့ မျှား ပြောကြသေးတယ်.... (မှန်ပါဘုရား) မပြောဘူးလား....(ပြောပါတယ်ဘုရား)။

မျက်လုံးမှိတ်သွားဘို့ရာကို စိတ်မချ လက်မချနဲ့ သွားရတယ်၊ ဘယ်သူတုံးဆိုတော့ သားနဲ့သမီးနဲ့....(မှန်ပါ့) ဆွမျိုးညာတကာ သားချင်း....တဲ့၊ တခါတည်း ဒီဌိကချည့်ဘဲ ခေါင်းဆောင်သွားတယ်....(မှန်ပါ့)။

ကိုပေါ်-နေရာကျပလား....(ကျပါပြီဘုရား) ဒါဘယ်သူက ခေါင်းဆောင်တာပါလိမ့် .... (ဒီဌိက ခေါင်းဆောင်ပါတယ် ဘုရား)။

ကဲ....ဒါဖြင့် ဒီဒီဌိကိုလဲ ရုပ်နာမ်တွေကလဲ မပေါ်လာ၊ ဖြစ်ပျက်တွေကလဲ မပေါ်လာဆိုတော့ ဉာဏ်စခန်းကို ပါသေးရဲ့လား....(မပါ-ပါဘုရား) ဒါဖြင့် ဉာဏ်စခန်းကို မပါတော့ ချေဘဲ .... ဒီပုဂ္ဂိုလ်တွေ ဘယ်မျှား သွားကြမှာပါလိမ့်မတုံး.... (အပါယ်ပါဘုရား)။

တကာ တကာမတွေ လေပြေ့နေဘို့ မလိုပါဘူး၊ ဘယ်မှာ သွားကြမှာတုံးသာ ပြောကြစမ်းပါ....(အပါယ်ပါ) အပါယ်

သွားကြမယ်ဆိုတာ မသေချာဘူးလား .... (သေချာပါတယ် ဘုရား)။

နဲ့ဂိုရိုက ဘယ်ကလာခဲ့တာတုံး....(အပါယ်က လာခဲ့တာပါ) အခု စုထားတာလဲ ဘယ်သွားဘို့ စုထားတာလဲ :.... (အပါယ် သွားဘို့ စုတာပါ) အခု စုမိထားတာတွေက ရေတွက်လို့ ရကြရဲ့လား....(မရပါဘုရား)။

မရတော့ တကံမှာ အပါယ်မှာတဘဝ၊ နောက်တကံကျတော့ တဘဝဆိုတော့ တနေ့ ကံပေါင်းက အနန္တများတယ်....(မှန်ပါ့ ဘုရား) ဒီတော့ တက်ရေးရှိသေးရဲ့လား....(မရှိပါဘုရား)။

တက်ဘို့ရာအရေးမရှိတော့ ဘုန်းကြီးတို့ တကာတကာမတွေ ပမတ္တာဿနာမ = ရုပ်နာမ်ဖြစ်ပျက်ကို မေ့လျော့သော ပုဂ္ဂိုလ် သည်ကား၊ စတ္တာရော အပါယာ = အပါယ်လေးဘုံတို့သည်၊ သက ဂေဟာသဒိသာ=မိမိတို့ အမြဲနေတဲ့အိမ်နဲ့ တူကုန်၏-ဆိုတော့ လူ့ပြည်,နတ်ပြည်ဆိုတာ ဖျမ်းမျကြေးတွက်ကြည့်တော့ အလည် လာတာဘဲရှိတယ်....(မှန်ပါ့)။

အမြဲနေတာက ဘယ်မှာပါလိမ့်....(အပါယ်ပါဘုရား) ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးပါးဘဲဆိုတာ ကောင်းကောင်းသဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ခဏခဏ သတိပေးရတယ်၊ ဆရာ ဘုန်းကြီးက သားနဲ့ပြုံး၊ သမီးနဲ့ပြုံး၊ ပစ္စည်းနဲ့ ပြုံးနေတာ ပြုံး သလောက် မဲ့ရလိမ့်မယ်နော်- ဆိုတာ သတိပေးလိုက်ပါတယ်.... (မှန်ပါ့ဘုရား)။

ပြုံးသလောက်....(မဲ့ရမှာပါ) ကိစ္စများသလောက်ကော.... (မဲ့ရမှာပါ) အရောင်းအဝယ်ရှုပ်သလောက်ကော....(မဲ့ရမှာပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ယုတ်စွအဆုံး ဒီဒိဋ္ဌိက မောင်နှိုင့်နှယ်- ဒါနလုပ်တာတောင်မှ ငါနောက်ဘဝကောင်းစားရေးအတွက်ဆိုတော့ ဒိဋ္ဌိ ဘယ်မှာပြုတ်သလဲ၊ ငါ-နောက်ဘဝ ကောင်းစားရေးက မပါဘူးလား-(ပါ-ပါတယ်) ရှုပ်နာမ်ကို ငါမထင်ဘူးလား.... (ထင်ပါတယ်ဘုရား)။

အဲ....ဒါနများလောက်နဲ့ ဒိဋ္ဌိ မပယ်ပါဘူးဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့) သိလကလဲ အသက်ရှည်ဘို့ ဆောက်တည်တာ၊ ငါမပါဘူးလား-ပါသလား....(ပါ-ပါတယ်ဘုရား) တကယ်တမ်းလဲ မစွဲဘူးလား....(စွဲပါတယ်ဘုရား)။

ဒီဘဝ အသက်တိုတာတွေ့မြင်ရတော့ အသက်ရှည်အောင်တော့ ကြိုးစားဦးမှာဘဲ၊ ယခုဘဝ ငါလဲ အသက်ရှည်ဘို့ဆိုတော့ ဒီငါက ခေါင်းချည့်ဆောင်နေတယ်....(မှန်ပါ့)။

ကိုစောမောင်- ဘယ့်နှယ်ဆိုပါ့မလဲ....(ငါက ခေါင်းဆောင်နေပါတယ်) တကာတကာမတွေ့ ငါက ဘာတဲ့(ခေါင်းဆောင်နေပါတယ်ဘုရား)။

ဒါဖြင့် ငါက မျက်လုံးဖွင့်လိုက်ယင်လဲ ငါဘဲ နားက ကြားလိုက်ယင်လဲ....(ငါပါဘဲဘုရား)။

ဒါဖြင့် ဘနဲ့မှာ ဒုါရခြောက်ပေါက်က မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနော- ဆိုတဲ့ ဒုါရခြောက်ပေါက်

ရှိတဲ့အနက်က ဘယ်အပေါက်ကမှ ဉာဏ်ဦးစီးမလာဘူး၊ မိစ္ဆာဒိဋ္ဌိ ကချည့် ဦးစီးလာတယ်....(မှန်ပါ့)။

ကိုစောမောင်ရေ-သမ္မာဒိဋ္ဌိက....(ဦးစီးမလာပါဘုရား) မိစ္ဆာဒိဋ္ဌိက....(ဦးစီးလာပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ဒီဒိဋ္ဌိမဖြုတ်ယင် မဖြစ်ပါဘူးဆိုတာ ဒီနေ့ သေသေချာချာ ပြောပါတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒီဒိဋ္ဌိမှ တကာတကာမတွေ့ ကိုယ်တိုင်ဖြစ်စေ၊ ဆရာသမားက ရေရေလည်လည် ဖြုတ်လို့ မပေးလို့ ရှိယင် တပည့်တော်တို့လူ့ပြည် အလည်လာတာဘုရဲ့၊ အမျှမဝေနဲ့ဘုရား-အလကားဘဲ စရိတ်ကုန်နေပါလိမ့်မယ်၊ ငရဲရောက်နေယင် အမျှဝေလို့မရဘူး-(မှန်ပါ့) ကိုစောမောင်-ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အားလုံးဟာတကာတကာမတို့ ခုနင်က ဓမ္မပဒမှာလာတဲ့ ပမတ္တာဿနာမ= ရုပ်နာမ်ဖြစ်ပျက်ကို မေ့လျော့နေသည့် ပုဂ္ဂိုလ်သည်ကား၊ စတ္တာရောအပါယာ=အပါယ်လေးဘုံတို့သည်၊ သကဂေဟသဒိသာ = မိမိအမြဲနေရာအိမ်ကြီး ဖြစ်ပါပေသတည်း....လို့ ဆိုတဲ့ စကားဟာ ဒုဂ္ဂရခြောက်ပေါက်က ဖြစ်နေပုံတွေကို ဝေဘန်ကြည့်တော့မှ မောင်နှိုင်-မလဲဘူး .... (မလဲပါဘုရား) တကာတကာမတွေ့ အားလုံး ဘယ်နှယ်တုံး....(မလဲပါဘုရား)။

ဩော်....ဒါဖြင့် ဒီကဖြင့် နေတော့ နေတာဘဲ၊ ကျန်းမာပါရဲ့လား၊ ကျန်းမာပါတယ်၊ ကျန်းမာယင် ဘာလုပ်နေသတုံး....၊ အပါယ်သွားဘို့ ရိက္ခာစုနေတယ်....(မှန်ပါ့)။

ကိုစောမောင်-ဆယ့်နှယ်ဆိုပါ့မလဲ....(အပါယ်သွားဘို့ရိကွာ စုနေပါတယ်ဘုရား)။

နေကောင်းရဲ့လား၊ ကောင်းပါတယ်၊ ကောင်းလို့ ဘဲလုပ်နိုင်-ကိုင်နိုင်သေးတယ်၊ ကျုပ်မှာ ဒီစားအိုးကြီးကို ကျုပ်ဘဲရက်ဆောင်ပြီးနေတယ်ဆိုတော့ ကျန်းမာတာဟာ သူ့ဒိဋ္ဌိ စုနေတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကျန်းမာတာ ဘာလုပ်နေသတုံး....(ဒိဋ္ဌိစုနေပါတယ်)။

ကျုပ်ဖြင့် မကျန်းမာလေ-ကျုပ်စိတ်ထဲမှာ နေရာမကျလေဘဲ သူ့ကိုယ်သူ မကျန်းမာတာကိုလဲ ငါဖြင့် ခက်ချေရဲ့၊ ဒီသား, ဒီသမီးတွေနဲ့ ငါခေါင်းဆောင်နေတာ၊ မကျန်းမာပြန်တော့လဲ ငါမကျန်းမာလို့ ခက်တယ်ကလာတယ်.. (မှန်ပါ့)။

ကျန်းမာတော့လဲ အပါယ်သွားကြောင်းရတယ်....(မှန်ပါ့) မကျန်းမာတော့ကော .... (အပါယ်သွားကြောင်း ရပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ထောင့်တသက် လွတ်ရက် မရှိဆိုတဲ့ အဓိပ္ပါယ်ဟာ ရှင်းနေတော့တယ်၊ မရှင်းကြသေးဘူးလား.... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့.... ဒိဋ္ဌိပေါင်း ကြွေးဘယ်လောက် ရှိပါ့မတုံး....ဆိုလို့ရှိယင် တနေ့တနေ့မှာ မောင်နိုင်-ရေတွက်နိုင် ပါ့မလား....(မရေတွက်နိုင်ပါဘုရား)။

ဒီဒိဋ္ဌိက ကံမြောက်အောင်ချည့်ဘဲ ဒိဋ္ဌိ,တဏှာ,ဥပါဒါန်,ကံ၊ ဒီကျအောင် သွားတာချည့်ဘဲ....(မှန်ပါ့) မသွားတဲ့ပုဂ္ဂိုလ်မျိုး ရှိသေးသလား....(မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ကံပေါင်း ဘယ်လောက်မျှးစုမိ ကြပါလိမ့်....(မရေတွက်နိုင်ပါဘုရား) တကဲ့ဟာ တခါတည်း အပါယ်မှာ နှစ်-တသောင်းနေရမယ်ဆိုယင် နောက်တကံကကော (တသောင်းနေရမှာပါ) ကိုစောမောင်-ရေတွက်နိုင်ပါ့မလား.... (မရေတွက်နိုင်ပါဘုရား)။

အဲဒါတွေဟာ ခင်ဗျားတို့ ကံကြွေးပေါင်း ဘယ်လောက် တင်နေကြသတုံး....လို့ မေးလို့ရှိယင် ဘယ့်နှယ်ဖြေကြမလဲ.... (မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကံဖြတ်အလုပ်ကို လုပ်ယင်လုပ်၊ ကိုစော မောင်-(မှန်ပါ့) မလုပ်လို့ရှိယင်တော့ဖြင့် ကျောင်းတကာသော ဘုရားတကာသော သွား သဘောကျပလား....(ကျပါပြီဘုရား) လူ့ပြည် နတ်ပြည်တော့ ခဏတက်မယ်ပေါ့ဗျာ၊ နောက်တော့ သွားဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဥက္ခိတ္ထာပုညတေဇော-ဆိုတဲ့ အတိုင်းဘဲ၊ ပစ်တင်လိုက်တုန်း ကတော့ ခဏဘဲကွာ....တဲ့၊ ခုနင်က ခဲအရှိန်သတ်သလောက် မင်းတို့ပြုထားတဲ့ ဒါန,သီလကလေး ရမှာဘဲ၊ နောက်တော့ ငါ ဆဲချပါမယ်၊ ဘယ်သူကပြောပါလိမ့်....(ဒိဋ္ဌိကပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘာအရေးကြီးနေသလဲဆိုတာ ပေါ်ပြန်ပါပြီ၊ ကိုစောမောင်-ဘာဖြုတ်ရမလဲ .... (ဒိဋ္ဌိဖြုတ်ရ ပါ့မယ်ဘုရား)။

အဲ....ဒိဋ္ဌိဖြုတ်ဘို့ရာ တကာတကာမတို့ မနေ့က ရင်ဝးလှုံစူး တာ ဖြေးဖြေးမှရှောင်၊ ရင်ဝ လှုံကြီးလာနေတာ ဖြေးဖြေးမှ

ရှောင်၊ ဦးခေါင်း မီးလောင်နေတာ ဖြေးဖြေးမှုတ်မိမ်း၊ ဒီဋ္ဌိကို ဒီထက် အရေးတကြီး သိမ်းရမယ် ဆိုတဲ့ အဓိပ္ပါယ်ကို မနေ့က မပြောခဲ့ဘူးလား....(ပြောခဲ့ပါတယ်ဘုရား) ဘုရားဟောတော် မူလို့လဲ ပြောပါတယ်ဆိုတာကော သဘောကျပလား.... (ကျ ပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ့.... အခု ကျုပ်တို့ ဘာအပြစ်ရှိသတုံးလို့ဆိုတော့ ကျုပ်တို့ကောင်းသောရောင်းခြင်း၊ ကောင်းသောဝယ်ခြင်း၊ သူများပစ္စည်းခိုးတာမဟုတ်ဘူး၊ မလိမ်ဘူး၊ သူတို့ရောင်းနိုင်တဲ့စျေးနဲ့ ကိုယ်ပေးနိုင်တဲ့စျေးနဲ့ ကိုက်ယင် ဝယ်လိုက်တာဘဲ၊ ကျုပ်တို့ ဘာအပြစ်များရှိသတုံး....ဆိုတော့ ဩော်....သူ့မသိရှာဘူး၊ သူ သီလမပျက်တာလောက် ပြောနေ တယ်....(မှန်ပါ့)။

ကိုစောမောင်- ဘာပြောနေသတုံး .... (သီလမပျက်တာ လောက်သာ ပြောနေပါတယ်) ပြီးတော့.... ရတာနဲ့ လှူတာနဲ့ ဆိုယင် ကျုပ်တို့က စားတာနဲ့ လှူတာနဲ့ လှူတာကတောင် များသေးတယ်လို့ လောက္ခတ်ချော်ချင်လဲ ချော်လိုက်တာ....(မှန်ပါ့) မချော်ပေဘူးလား....(ချော်ပါတယ်ဘုရား)။

အဲဒီလိုချော်လိုက်ပြန်တော့ ဩော်....သူသည်ကားလို့ ဆိုယင် လှူတာများတော့ အလှူရှင်ဘဲဆိုပြီး သကာလ.... ဒီဋ္ဌိကလဲ ဦးစီး လိုက်သေးတာဘဲ....(မှန်ပါ့)ဦးမစီးပေဘူးလား....(ဦးစီးပါတယ် ဘုရား)။

အဲဒီတော့ တကာတကာမတို့ဒီဒါန, သီလတွေတန်ခိုးကြောင့် ခဲအရှိန်သတ်သလောက်တော့ သုဂတိ ဖေသေချာချာ ရောက်ပါတယ်၊ ကမ္မဿကတ္တာဝိဘင်္ဂတိက ရှိတော့ အကျိုးမပေးဘူးလို့ တော့ ဟောလို့မဖြစ်ဘူး၊ သို့သော်-ဒိဋ္ဌိမဖြုတ်တဲ့အတွက် ဆဲချလိမ့်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒိဋ္ဌိမဖြုတ်တဲ့အတွက်.... (ဆဲချမှာပါဘုရား) အဲဒီတော့.... ခင်ဗျားတို့ အားမကိုးလောက်သေးဘူးဆိုတဲ့ အဓိပ္ပါယ် ရှင်းလောက်ပါပြီ....(မှန်ပါ့)။

ဒါဖြင့် ဒိဋ္ဌိဖြုတ်ပြီးမှ လှူကြ, ပေးကြ, ကမ်းကြ, တန်းကြလို့ ရှိယင် မြောက်တဲ့ခဲသည် အပေါ်မှာသာ တင်နေဘွယ်ရာရှိတယ်၊ မကျဘူး....(မှန်ပါ့) ကျပါ့မလား....(မကျပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရှေ့နောက် လဲ့နေတယ်လို့ ဆိုချင်တယ်.... (မှန်ပါ့) ကိုစောမောင်-မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါ့တယ်) ရှေ့နောက် လဲ့နေတယ်ဆိုယင် ကိုစောမောင်- ဘယ့်နှယ်တုံး.... (မှန်ပါတယ်ဘုရား)။

ဒိဋ္ဌိအယင်ဖြုတ်ပြီးသကာလ ကိုစောမောင်ရေ-ဒါန, သီလတွေ လုပ်လိုက်မယ်ဆိုယင်ဖြင့် ပြန်စရာလမ်း ရှိသေးရဲ့လား.... (မရှိပါဘုရား) ဒါဖြင့် ရှေ့နောက်ကလေး ပြောင်းတာမျှား ခင်ဗျားတို့ ဝန်လေးစရာ လိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် ဝိပဿနာရှေ့ထား၊ သဘောကျပလား....(ကျပါပြီ, ဘုရား) လှူမှ, တန်းမှကို နောက်ထား၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာရှေ့ထားရမယ်....(ဝိပဿနာ ရှေ့ထားရပါ့မယ်) လှုပ်ရှား-တန်းမှုကို....(နောက်ထားရပါ့မယ်) ထားချင်လို့ ထားတာက အပြစ်မရှိပါဘူး၊ အကျိုးရှိသည်ထက် အကျိုးရှိအောင်လို့ ကယ်တင်နေတယ်ဆိုတဲ့ သဘောနဲ့သာ နားထောင်ပါ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် ဒီဌီတော်တော် အရည်လည်သွားပြီ တကာတကာမတို့ မျက်လုံးဖွင့်လဲ ဒီဌီက စ,လိုက်တာ ကံအဆုံး-(မှန်ပါ့) နားထောင်လိုက်ပြန်တော့.... (ဒီဌီအစ, ကံအဆုံးပါ) နှာခေါင်းကလေးနဲ့ ရှုလိုက်·ရှိုက်လိုက်၊ ပန်းကလေး ဘာကလေး မွှေးတဲ့အခါကျတော့ကော....(ဒီဌီကအစ, ကံအဆုံးပါ) ထမင်းကလေး စားလိုက်ပြန်တော့ကော .... (ဒီဌီကအစ, ကံအဆုံးပါဘုရား)။

ကိုယ်အပေါ်မှာ အထည်ကလေး ဝတ်တာတောင်မှ ကိုယ်-မဝတ်ရဘူး၊ သူတို့ ဝတ်စေချင်တယ်ဆိုတော့ သူတို့က တခါတည်း လာတော့တာဘဲ....(မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

ကိုယ်ပေါက်က ဖွင့်လိုက်ပြန်တော့လဲ ဘာအစ, ဘာအဆုံးလဲ (ဒီဌီကအစ, ကံဆုံးပါတယ်) မနောပေါက်ကလဲ ဒို့အရေး-ကတော့ ကိုယ်နာတာမထူးပါဘူး၊ ကြီးလဲကြီးပါပြီ၊ ဒီဟာတွေ လှုမမယ်တွေက လှုလားမမြောက်၊ မရောင်းတတ်မဝယ်တတ်ဖြင့် အလိမ်မာကလဲ နည်းတော့ သူတို့အတွက် ခက်တယ် ဆိုတော့ ကြံလုံးလာပြန်တော့လဲ ဒီဌီက စ,ပြီး ကံဆုံးတယ်....(မှန်ပါ့)။

ကြံလုံးလာပြန်တော့....(ဒိဋ္ဌကအစ, ကံဆုံးပါတယ်ဘုရား) ဒိဋ္ဌကအစ, ကံဆုံးတယ်ဆိုတော့ ဒုံရရခြောက်ပေါက် ဘယ်နှစ်ခါ လှည့်ကြသတုံး....လို့ မေးယင် ကိုစောမောင်-ဖြစမ်း....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌပေါင်းဘယ်လောက်တုံး....(မရေတွက်နိုင်ပါ) ကံပေါင်း....(မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်လို့ ရှိယင် မရေတွက်နိုင်တဲ့ အဖြစ်ဆိုးသို့ ရောက်ကြရတော့မယ်....(မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒိဋ္ဌကိုအဓိကထားပြီး သကာလ အရေးကြီးလို့ ကိုစောမောင် ဒိဋ္ဌကိုပြောတာ....(မှန်ပါ!) ဒိဋ္ဌ ပြုတ်တဲ့ပုဂ္ဂိုလ်ကျတော့ အပါယ်သွားသေးရဲ့လား....(မသွားပါဘုရား)ထုံးစံရှိရဲ့လား....(မရှိပါဘုရား)။

အဲ....ဒိဋ္ဌပြုတ်တဲ့ပုဂ္ဂိုလ်ဟာ အပါယ်မသွားတော့ဘူး၊ ရှင်းပလား....(ရှင်းပါပြီ)ကဲ.... ဒါဖြင့် အပါယ်သွားတဲ့ တရားဟာ ဘယ်သူ အကြီးမားဆုံးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ) ဘယ်သူပါလိမ့်....(ဒိဋ္ဌပါဘုရား) ဒိဋ္ဌအကြီးမားဆုံး၊ ဒိဋ္ဌအထွား ကြိုင်းဆုံးဆိုတာ တကာတကာမတွေ ကြီးကြီး ကျယ်ကျယ်ဘဲ ကြောက်ပါတယ်....(မှန်ပါ!)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒိဋ္ဌမဖြုတ်ယင်ဖြင့် မဖြစ်သေးတာဖြင့် သေချာပါပြီ....(သေချာပါပြီ) သဘောပါပလား....(ပါ-ပါဗြို့) ကောင်းပြီ ဒီဒိဋ္ဌဘယ်ကလာသတုံးဆိုတာ လက်သည်ရှာကြစို့၊ တကာတကာမတွေ ဒီဒိဋ္ဌဘယ်ကလာပါလိမ့်မတုံး.... (ခန္ဓာငါးပါးမသိတာကလာပါတယ်) ဩော်.... ခန္ဓာငါးပါးမသိတာကလာတယ်။

ခန္ဓာငါးပါးမသိုတာက လာတယ်ဆိုတော့ ဩော် .... ဒါ သည်ကားလို့ ဆိုလို့ ရှိယင် တကာတကာမတို့ အိုးပစ် အိမ်ပစ် နဲ့ကို သူ့ကိုသိအောင်လုပ်ဘို့ကောင်းတယ်....(မှန်ပါ့) ကိုယ့် အပါယ်တံခါး ကိုယ်ပိတ်တာကို အိုးပစ် အိမ်ပစ် ပိတ်ရလို့ ခင်ဗျားတို့က ဘာများစေ့းကိုင်စရာ လိုသေးသတုံး....(မလိုပါ) မလိုပါဘူးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အိုးပစ် အိမ်ပစ်ကလေးလို့ အပါယ်တံခါး ပိတ်ရတာကို ကိုယ်သေယင် အပါယ်သွားရမှာစိုးလို့ ကိုယ့်အပါယ်တံခါး ကိုယ်ပိတ်တဲ့အခါကျတော့ အိုးပစ် အိမ်ပစ်လုပ်ပြီးတရားကိုကြိုး စားလိုက်လို့ ရှိယင်လဲ ခင်ဗျားတို့ အရှုံးထွက်သေးသလားလို့ မေးလိုက်ပါတယ်....(မထွက်ပါ) ကိုစံလှ သဘောပါလဲ:.... (ပါ-ပါပြီဘုရား)။

ခင်ဗျားတို့က အိမ်အတွက် စိတ်မချလို့ ရွာစိတ်မချလို့နဲ့ ကိုယ့်ကိုယ်ကော စိတ်ချလို့လား လို့မေးချင်တယ်....(မှန်ပါ့) မေးဘို့ကောမလိုဘူးလား....(လိုပါတယ်ဘုရား)။

အိမ်စိတ်မချ၊ သမီးစိတ်မချ၊ သားစိတ်မချနဲ့ ကိုယ့်ကိုယ်က စိတ်ချရပါ့မလားလို့ မေးခွန်းထုတ်တယ်....(မချရပါဘုရား) မချရသေးလို့ ရှိယင်"အတ္တသမာ ပေမာနတ္ထိ"လို့ ခင်ဗျားတို့က ပါဠိတွေတော့ ရွက်ပြီးသကာလ ကိုယ့်အရေးတော့ မကြီးဘဲ ထားတာသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် မိုက် လုံးသန်လို့ဘဲ အဖြေထွက်မယ်.... (မှန်ပါ့) ဒီ့ပြင်ဘာထွက်ပါလိမ့် .... (ဘာမှ မထွက်ပါဘုရား)ဘာမှ ထွက်စရာမရှိဘူးဆိုတာ ကောင်းကောင်း သေချာကြပလား....(သေချာပါပြီဘုရား)။

တကာတကာမတို့ ခန္ဓာငါးပါးမသိလို့ ဘာဖြစ်ရသတုံး.... (ဒိဋ္ဌိဖြစ်ရပါတယ်) ဒိဋ္ဌိတွေ့ ဒီကလာတယ်၊ ဒိဋ္ဌိလာလို့ ရှိယင် တဏှာ, ဥပါဒါန်, ကံဟာ မောင်နှိုင် ရှုန်းနှိုင် ကန်နှိုင်သေးရဲ့ လား....(မကန်နှိုင်ပါ) ဒီအစဉ်ကြီးဟာ ပြောင်းလို့ရသေးရဲ့ လား....(မရပါဘုရား)။

အဲဒါကြောင့် ကြပ်ကြပ်ဂရုစိုက်ပြီး မှတ်လဲမှတ်ပါခဲ့လဲခဲ့ပါ-(မှန်ပါ့) ကိုပေါ်-မှတ်လဲ....(မှတ်ရပါမယ်) ခဲ့လဲ.... (ခဲ့ရပါမယ်)သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ခန္ဓာငါးပါးမသိတာ သိအောင်မှတ်ရလိမ့်မယ်....(မှန်ပါ့) သိပြီးသည်၏အခြားမဲ့၌ ခန္ဓာငါးပါးဟာ သြော်....ငါလဲမဟုတ်ပါလား၊ သူလဲမဟုတ်ပါလားဆိုတာ ခဲ့ရလိမ့်မယ်....(မှန်ပါ့) မခဲ့ယင် ဘော်ပါ့မလား....(မတော်ပါဘုရား)။

အေး....ဒါကြောင့် လေးစားစွာနဲ့ ဒီတရားကိုမှတ်ရလိမ့်မယ် ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ပေါ့ပေါ့တန်တန်နဲ့ မနာပါနဲ့ဆိုတာသတိပေးလိုက်တယ်....(မှန်ပါ့ဘုရား)။

ကိုစံလှ ပေါ့လို့ရပါ့မလား....(မရပါ) မသိလို့ပေါ့နေတာနော်၊ ဟိုက အနုမြူဗုံးချမှာကို မသိလို့ပေါ့နေတာ ခင်ဗျားတို့က....(မှန်ပါ့) ရောက်ရမှာက အပါယ်လေးပါး၊ အနုမြူဗုံးထက်ဆိုးတော့မပေါ့....(မှန်ပါ့) မသိလို့သာ သြော် .... ကျုပ်တို့မှာ သားနဲ့ သမီးနဲ့ နေမိတော့လဲ ဒီလိုဘဲနေရတာဘဲဆိုတာ လေချိုသွေးမနေပါနဲ့.... (မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

လေချိုသွေးမနေပါနဲ့၊ မသိလို့သွေးနေရတဲ့ လေချိုလို့ မှတ်လိုက်စမ်းပါ တကာကြီးလို့ဉ်....(မှန်ပါ့)သားနဲ့, သမီးနဲ့ နေရတော့ မခက်ဘူးလား....ဆိုပြီး ကိုယ့်လူချင်း၊ ဒိဋ္ဌသမားချင်း လက်တို့ပြီး တိုင်ပင်နေတာကို မောင်နိုင်- အားမကျနဲ့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုစံလှတို့တိုင်ပင်တာ ဒီအတိုင်း ဘုန်းကြီးပြောတာ အင်မတန်မှန်တယ်၊ အပါယ်လဲ ကျုပ်အင်မတန်ကြောက်ပါတယ်၊ ဖြစ်မိတော့ ဘယ်နှယ်မှမတတ်နိုင်ဘူး၊ မတတ်နိုင်တော့ ကျုပ်ဒီလိုဘဲ ကြိုးကြိုးကြိုးကလေးဘဲ ခွဲနေရတယ်၊ ကိုစောမောင် ဒီလို လာချင်လာပစ်လိုက်တာ....(မှန်ပါ့ဘုရား)။

ကြိုးကြိုး ကြိုးကလေး ခွဲနေရတော့ ဟိုဟာငရဲမီးငြိမ်းပြီး ငရဲအိုးသိမ်းယင်တော့ တော်ပါတယ်....(မှန်ပါ့ဘုရား) အခုတော့ ဟုန်းဟုန်းတောက်ပြီး စောင့်နေတာ ဘယ်တော့လာပါ့မတုံး၊ ဘယ်တော့လာပါ့မတုံးလို့ မျှော်လင့်နေတာ....(မှန်ပါ့ဘုရား)။

ကိုစောမောင် ဘယ်နှယ်တုံး....(မျှော်လင့်နေပါတယ်)မျှော်လင့်နေတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ) မျှော်လင့်နေတယ်ဆိုတာ ဒယ်အိုးက မျှော်တာ၊ သဘောကျပလား .... (ကျပါပြီဘုရား)။

ဘယ်သူမျှော်တာပါလိမ့်.... (ဒယ်အိုးကမျှော်တာပါ) အဲ.... ဆူပွက်နေတဲ့ဒယ်အိုးကြီးက မီးကလဲ တဟုန်းဟုန်း တောက်ပြီး စောင့်နေတာဘဲ၊ ကြေးရေတွေ ထည့်ကြိုထားတဲ့ ဒယ်အိုးကြီး

ကလဲ ဗွက်ဗွက်ဗွက်ဗွက်နဲ့ စောင့်နေတာဘဲ၊ဒီဒိဋ္ဌသမားကစောင့်နေတာ....(မှန်ပါ့ဘုရား)။

ကိုစောမောင် ဘယ်သူစောင့်နေသတုံး .... (ဒိဋ္ဌသမားကစောင့်နေပါတယ်)ကဲ....ကိုစံလှ ကျေနပ်ပလား (ကျေနပ်ပါပြီ) မစောင့်နိုင်ဘူးလား၊ စောင့်နိုင်မလား .... (စောင့်နိုင်ပါတယ်ဘုရား)။

အို....စောင့်နိုင်တယ်ဆိုတာ ဘုန်းကြီးက သက်သေခံကလေး လုံလောက်အောင် ပြောပါဦးမယ်နော်.... (မှန်ပါ့) ဘယ်လို လုံလောက်အောင်ပြောမတုံး ဆိုလို့ရှိယင်ဖြင့် နန္ဒိယလူ့ပြည် ကျောင်းဆောက်တော့ သူမသေခင်က နတ်ပြည်မှာဘုံပေါက်နေတယ်.... (မှန်ပါ့) ဒါတော့ ခင်ဗျားတို့က ပြုံးကြိုက်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါကြောင့် မသေခင်က ဘာတဲ့....(ဘုံပေါက်နေပါတယ်) ကျောင်းများဆောက်လိုက်ရယင် သိပ်နေရာကျမှာ ဘယ့်နှယ်တုံး မသေခင်ကဘုံပေါက်နေတယ်။

ရှင်မောဂ္ဂလန်ကြီး ကြည့်သွားတော့ နတ်သမီးတွေက ထွက်ပြီး နန္ဒိယကို မြေအိုးနဲ့တူတဲ့ လူပြည်ကိုစွန့်ပြီး ရွှေအိုးနဲ့တူတဲ့ နတ်ပြည် သိမ်းဆည်းလဲ့ပါလို့မှာလိုက်တယ်လို့ ပြောလိုက်စမ်းပါဘုရား ဆိုတာမျိုးကျတော့ ခင်ဗျားတို့က သိပ်ကြိုက်တယ် .... (မှန်ပါ့) ဘာဖြစ်လို့တုံး.... စောစောစီးစီးက သူ့အကျိုးပေးက စောင့်နေတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သူ့အကျိုးပေးကဘာတုံး...(စောင့်နေပါတယ်)မသေခင်က စောင့်တာလား- သေပြီးမှစောင့်တာ.... (မသေခင်ကစောင့်တာပါဘုရား) အံမာ .... သိပ်နေရာကျပါလား တကာတကာမတို့။

ဒီဥိလုပ်သွားတော့လဲ ဘယ်သူကစောင့်သတုံး .... (ငရဲအိုးကစောင့်ပါတယ်) ဒယ်အိုးကစောင့်တာပေါ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)ဘယ်ကစောင့်သလဲ.... (ဒယ်အိုးကစောင့်ပါတယ်) ဒယ်အိုးက ဘယ်လိုမျှားစောင့်သတုံးဆိုတော့ မီးမသေဘဲနဲ့ကို စောင့်နေတယ်....(မှန်ပါ့ဘုရား)။

ဆီပုက်က ဗွက်ဗွက်နဲ့ဘာလုပ်သလဲ .... (စောင့်နေပါတယ်) အစစ်ခံချိန်မျှား ရှိသေးသလား .... (မရှိပါဘုရား)မရှိတော့ ကိုယ့်ကျောင်းမှာ ကိုယ်တက်နေသလိုပေါ့။ ကျောင်းဆောက်ထားတဲ့လူက လူ့ပြည်ကစုတိစိတ်ကျတော့ နတ်ပြည်မှာ နတ်သားကြီးသွားဖြစ်တော့ ဒီဘုံထဲမှာ ကိုယ်ပိုင် သွားဖြစ် သလို ဒီမှာလဲ ဒယ်အိုးထဲ ကိုယ်ပိုင်သွားဖြစ်တာဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ ကျောင်းဆောက်တာ ဘုံပေါက် သဘောကျလို့ရှိယင် ဒီဥိလုပ်တာဒယ်အိုးပေါက်တာလဲကိုစောမောင်....(သဘောကျရမှာပါ) သဘောကျမယ်ဆိုတာသေချာပလား....(သေချာပါပြီဘုရား)။

“ ” \ ၄

ကုသလာဓမ္မာ- အကုသလာဓမ္မာ တဲ့ ဘုရားကဟောတယ်၊ အကုသလာ ဒုက္ခဝိပါကလက္ခဏာ အကုသိုလ်ဟာမကောင်းတဲ့အကျိုးပေးမယ်လို့ စောင့်နေတယ်၊ ကုသလာသုခ ဝိဖါကလက္ခဏာတဲ့ ကုသိုလ်ဟာ ကောင်းတဲ့အကျိုးပေးမယ်လို့ သူကလဲစောင့်နေတာဘဲဆိုတာကော သေချာပလား.... (သေချာပါပြီဘုရား)။

အဲဒီတော့ ဒါ ပါဠိတော်တွေက ရှင်းရှင်းလင်းလင်းရှိပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတာ ဖြစ်နေသော ကြောင့် ဒီတကာတကာမတွေ ဘယ်သူကမျှား စောင့်နေပါ လိမ့်မလဲဆိုယင် ဒီဋ္ဌိမဖြုတ်သေးတဲ့ပုဂ္ဂိုလ်မှာ ဒယ်အိုးကစောင့် နေတယ်မှတ်....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ဒယ်အိုးကစောင့်နေပါတယ်ဘုရား) ဒယ်အိုးက မီးသေပြီးစောင့်နေတာလား- မသေဘဲနဲ့ ဟုန်းဟုန်း တောက်စောင့်နေတာလား .... (မသေဘဲနဲ့ ဟုန်းဟုန်းတောက် စောင့်နေတာပါဘုရား)။

အထဲမှာရှိတဲ့ အရည်တွေက ပွက်ပွက်ဆူပြီး စောင့်သလား အရည်မရှိသေးဘူး သူမလာသေးလို့ ဒီလိုမျှားထင်ကြသလား (မဟုတ်ပါဘုရား) ကိုစောမောင် တခါတည်းစောင့်နေတယ် ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါ ဆရာဘုန်းကြီး ကြောက်အောင်ဟောတာလား၊ လန့် အောင် ဟောတာလား၊ ဖြစ်စဉ်ကိုက် ပြော တာ လား ဆို တာ ခင်ဗျားတို့ဝေဘန်ကြည့်....(ဖြစ်စဉ်ကိုက်ပြောတာပါ) နဒ္ဒိယ ကျောင်းကြီးဆောက်လို့ ဘုံပေါက်နေတာ ကိုစံလှ ငြင်းချင် သေးသလား....(မငြင်းချင်ပါဘုရား)။

ရှင်မောဂ္ဂလန်က ဟ .... ဒါ ဘယ်သူ့ဘုံတုံးလို့ မေးတော့ အရှင်ဘုရား....လူ့ပြည်ကနဒ္ဒိယအတွက် ဘုံပေါက်နေတာဘုရှ့၊ အဲဒါ တပည့်တော်တို့က ဒီမှာစောင့်နှင့်ရတာပါ ကြိုနှင့်ရတာ ပါဘုရားလို့ နတ်သမီးတွေကတောင်မှာလိုက်သေးတယ်၊သူ့ဘုံ ပါဘုရားလို့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒါတွေရှိနေတော့ ကျုပ်တို့များ ဘယ်သူများစောင့်နေ ပါလိမ့်မတုံးဆိုတာ အဲဒါ မျက်စောင်းကလေးများ ထိုးကြည့် ကြပါဦးဆိုတာ သတိပေးလိုက်ပါတယ် .... (မှန်ပါ့)ဘယ်သူ ကများ စောင့်နေပါလိမ့်.... (ဒယ်အိုးကစောင့်နေပါတယ်) မီးငြိမ်းပြီးစောင့်သလား- မီးတောက်ပြီး စောင့်သလား.... (မီး တောက်ပြီးစောင့်ပါတယ်) ဒါမှ အဆင်သင့်ဖြစ်မှာကိုး(မှန်ပါ့) ဒါမှ အဆင်သင့်ဖြစ်မယ်ဆိုတာ ကောင်းကောင်းကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

အဲဒါကြောင့် တကာတကာ့မတို့ နာအောင်ပြောတယ်လို့ မယူလိုက်ပါနဲ့၊ ဖြစ်စဉ် ဒီအတိုင်းပါဘဲလို့ ပြောတာ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါနာအောင်ပြောတာလား- ဖြစ်စဉ်ဒီအတိုင်း .... (ဖြစ်စဉ် ဒီအတိုင်းပါဘုရား) ခုနင်ကကျောင်းဆောက်တာ နဒ္ဒိယဝတ္ထု ဓမ္မပဒမှာလာတဲ့ဟာကို သဘောကျလို့ရှိယင် ကိုစံလှ-အပါယ် က စောင့်နေတယ်ဆိုတာ သဘောကျစရာ ပါပလား.... (ပါ-ပါပြီဘုရား) မကောင်းတာကိုလဲ မကောင်းတဲ့အကျိုးပေးက စောင့်တာဘဲ၊ ကောင်းတဲ့တရားကိုလဲ.... (ကောင်းသောအကျိုး ပေးကစောင့်ပါတယ်) ကောင်းသော အကျိုးပေးကစောင့် တာဘဲဆိုတော့ ဟိုဟာတော့ မကြိုက်ဘူး၊ မကြိုက်လို့ရှိယင် ပရမတ်ဖေါက်သွားမှာပေါ့.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

မကြိုက်ယင်ဘာတုံး.... (ပရမတ်ဖေါက်သွားမှာပါ) ပရမတ် ဖေါက်သွားမယ်၊ ပရမတ်ဆိုတာက ကုသိုလ်ကလဲကောင်းကျိုး

သာပေးရမယ်၊ မကောင်းကျိုးကိုဖေါက်ပြီး မပေးနိုင်ဘူး .... (မှန်ပါ့) အကုသိုလ်ကလဲ မကောင်းကျိုးကိုသာ ပေးရမယ်၊ ကောင်းကျိုးကို သူဖေါက်ပြီးတော့....(မပေးနိုင်ပါဘုရား)။

ပရမတ်ဆိုတာ ပရမော ဥတ္တမော အဝပရတောတပရမတ္ထော ဆိုတဲ့အတိုင်းမဖေါက်ပါဘူးတဲ့ သူ့အကြောင်းနဲ့ သူ သူ့အကျိုးပေးချည့်လာတာပါ....(မှန်ပါ့) အဖြူက အဖြူအကျိုးပေးတယ် ကိုစောမောင်....(မှန်ပါဘုရား)။

အမည်းအဖြူက .... (အမည်းအဖြူ- အကျိုးပေးပါတယ်) အမည်း အဖြူအကျိုးပေးတာဘဲဆိုတာ အဂုံတို့ရပါဦတော်ကြီး မှာရှင်းရှင်းလင်းလင်း ပြထားတာလဲ ရှိနေတော့ မောင်နိုင်ရေ ဒီဒိဋ္ဌိအရေးကြီးတာ သိပါစေတော့လို့ တကာ တကာမတွေ ပြောနေတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဒိဋ္ဌိ ဘယ်ကလာ.... (ခန္ဓာငါးပါး မသိတာက လာပါတယ်) ခန္ဓာငါးပါးမသိတာက လာတယ်ဆိုတော့ ဟုတ်ရော ဟုတ်ပေတာဘဲလို့ တကာတကာမတွေက ဆုံးဖြတ်ချက် ချလိုက်ပါ့တော့နော်....(မှန်ပါ့)။

ခန္ဓာငါးပါး ဘယ်လိုမသိသတုံးဆိုတော့ ဒါဘယ်သူတုံး-လို့ ဆိုယင် သားဘဲ့,သမီးဘဲဆိုတော့ ခန္ဓာသိသေးရဲ့လား....(မသိပါဘုရား) မသိတော့ဘူး တကာတကာမတို့၊ မြင်တဲ့ အဆင်း ရုပ်ကလေးဟာ ရူပက္ခန္ဓာလို့ သိသေးရဲ့လား.... (မသိပါဘုရား)။

ကြားတဲ့ အသံကလေးဟာလဲ သဒ္ဒရုပ် ရူပက္ခန္ဓာလို့ကော သိသေးရဲ့လား....(မသိပါဘုရား) မသိတာက မိုးမှန်သွားတော့ တာဘဲ....(မှန်ပါ့)။

မသိတာ မိုးမှန်သွားတဲ့အခါကျလို့ ရှိယင်ဖြင့် ဒါ သားရဲ့ အသံဘဲ၊ သားအသံဖြင့်လဲ ဝမ်းထဲထိတ်ကနဲဖြစ်သွားတယ်ဆိုတာ ခင်လုံးကလေး ဟိုက်ကနဲသွားတာ မလာဘူးလား (လာပါတယ်ဘုရား) စွဲစွဲလမ်းလမ်း ဥပဒါန်ကကော မလာပေဘူးလား.... (လာပါတယ်ဘုရား)။

ကာယကံ, ဝစီကံနဲ့လဲ သူ့အကြောင်း ပြောချင်လိုက်တာ၊ သူ့ ဆိုချင်လိုက်တာ၊ သူ့ တွေ့ချင်လိုက်တာ၊ သူ့ကို ကိုင်ချင်လိုက်တာ၊ သူ့ တွယ်ချင်လိုက်တာဆိုတဲ့ ကာယကံ, ဝစီကံတွေက ကော....(လာပါတယ်ဘုရား)။

ကဲ.... ဒါဖြင့် တကာတကာမတို့ ခန္ဓာမသိတာက လာတယ်ဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဒီသားအယံက ရူပက္ခန္ဓာ၊ ရူပက္ခန္ဓာလို့ သိသေးရဲ့လား....(မသိပါဘုရား)။

မြင်လိုက်တဲ့အဆင်းကလေးကလဲ ရူပက္ခန္ဓာ၊ ရူပက္ခန္ဓာလို့ သိသေးရဲ့လား.... (မသိပါဘုရား) သားရယ်လို့ ဖြစ်နေတယ် မောင်နိုင်ရ .... (မှန်ပါ့) မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် မသိတာက လာတယ်ဆိုတာ မနေ့ကထက် ပိုမို ရှင်းပေးလိုက်ပါတယ်....(မှန်ပါ့) ဘယ်ကလာပါလိမ့်....(မသိတာက လာပါတယ်) ခန္ဓာငါးပါး-ရူပက္ခန္ဓာလို့ကော သိသေးရဲ့လား.... (မသိပါဘုရား) ဘယ်သိမတုံး၊ တခါတည်းသွားစမ်းယင် နဖူးကလေးများ သွားစမ်းယင် ငါ့သား ပူလိုက်တာ....(မှန်ပါ့)။

နဖူးကလေးများသွားစမ်းတော့ ဘယ့်နှယ်....တဲ့၊ ငါ့သား ပူလိုက်တာ၊ ငါ့သမီး ပူလိုက်တာ....အစရှိသည်နဲ့ ပူတဲ့ အပူကို

ငါ့သား,ငါ့သမီးဖြစ်အောင် လုပ်နေတာ....(မှန်ပါ့) ပူတာဟာ တေဇောရုပ်မဟုတ်လား-(မှန်ပါ့) တေဇောရုပ်ဆိုယင် ရူပကွန္ဓာ မဟုတ်လာ....း(မှန်ပါ့)။

ကိုစောမောင်-ဘာတဲ့တုံး....(ရူပကွန္ဓာပါဘုရား)ရူပကွန္ဓာကို ဘာလုပ်ပစ်လိုက်သတုံး....(သားလုပ်ပစ်လိုက်ပါတယ်) ငါ့သား, ငါ့သမီး လုပ်မပစ်လိုက်ဘူးလား....(လုပ်ပစ်လိုက်ပါတယ်ဘုရား) အဲဒီကတည်းက ခန္ဓာသိသေးရဲ့လား .... (မသိပါဘုရား) ခန္ဓာ မသိလို့ ဒိဋ္ဌိဖြစ်တယ်ဆိုတာ မပေါ်သေးဘူးလား-(ပေါ်ပါပြီ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် တကာ တကာမတို့.... ကယ်တင်နိုင်တဲ့ ဆရာ သမားက ခင်ဗျားတို့ကို ပြုပြင်သင်ပေးနေတဲ့အဓိပ္ပါယ် ရှင်းနေ တော့ သြော်.... ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီး ပြောပါလိမ့် မလဲလို့ ဓမောင်နိုင်ကိုက ဓမ္မဒန်းထုတ်ခဲ့သည်ရှိသော် မသိမှား-မှားနေတာတွေ လွှန်လွန်းလို့၊ မသိမှဒုက္ခ နည်းနည်းမှား တာလား၊ မျှားမျှားမှားတာလား .... (မျှားမျှားမှားပါတယ် ဘုရား)။

မျှားမျှားမှားတော့ မျှားမျှားအကျိုးပေးကျတော့လဲ အမြဲ နေစရာအိမ် ဖြစ်သဒၶးလိမ့်မယ် အပါယ်လေးပါးက.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့်.... အခု မပေါ့ပါနဲ့ဆိုတာ ခင်ဗျားတို့ အသက် တမ်းကလေးကလဲ တိုလိုက်တာ၊ ဘုန်းကြီးတို့ အသက်တမ်းကလဲ အခု ရှုနေတဲ့စိတ်လာတယ်၊ ပြန်ထုတ်တဲ့စိတ်မလာယင် သေပြီ....

(မှန်ပါ့) ဒီအသက်တမ်းကြားထဲမှာ ကယ်တင်နေရမယ်ဆိုတာလဲ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကယ်တင်တဲ့ ပုဂ္ဂိုလ်ကလဲ အနိစ္စကိုယ်ကြီး ကိုစောမောင်-လက်ကိုင်ထားပြီး ကယ်တင်ရတယ်....(မှန်ပါ့) ကယ်တင်ခြင်းခံမဲ့ ပုဂ္ဂိုလ်များကလဲ အနိစ္စခန္ဓာ လက်ကိုင်ထားပြီး ကယ်တင်ခြင်း ခံရတယ် .... (မှန်ပါ့) အင်း.... ဘယ်သူ့ ဘယ်သူ အစိုးရလို့ ကယ်တင်နိုင်တာ ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့် ပေးတဲ့ပုဂ္ဂိုလ်ကလဲ မြန်မြန်ပေး၊ ယူတဲ့ပုဂ္ဂိုလ်ကလဲ မြန်မြန်ယူမှသာလျှင် အဆင်ပြေတော့မယ်....(မှန်ပါ့) ပေးတဲ့ ပုဂ္ဂိုလ်က.... (မြန်မြန်ပေးရပါ့မယ်) မြန်မြန်ပေး၊ သူကလဲ သက်တမ်းတိုတိုကိုး.... (မှန်ပါ့) ယူတဲ့ပုဂ္ဂိုလ်ကလဲ....(မြန်မြန် ယူပါ့မယ်) ယနေ့ နက်ဖြန် ပြောင်းနေဘို့ လိုသေးသလား.... (မလိုပါဘုရား)။

ဒါ့ကြောင့်လဲ "အဇ္ဇဝကိုစ္စ ကာတဗ္ဗ" ဆိုပြီး ယနေ့လား နက်ဖြန်လားမသိဘူး၊ မြန်မြန်ပါကွ- မြန်မြန်လုပ်ပါကွ- အစရှိသည်နဲ့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတွေ့ ခင်ဗျားတို့ ဘုန်းကြီးက တိုက်တွန်းရှာတယ်ဆိုဘဲ၊ ရှာသံများ မသုံးလိုက်ပါနဲ့ဆိုတာ သတိပေးလိုက်ပါတယ်....(မှန်ပါ့) တိုက်တွန်းရှာတာမဟုတ်ဘူး၊ တိုလွှန်းလို့ ပြောနေတာလို့ အဓိပ္ပါယ်က ယူလိုက်....(မှန်ပါ့)။

သက်တမ်းက ဘယ်နှယ်တုံး .... (တိုလွှန်းပါတယ်ဘုရား) တိုလွှန်းလို့ဆိုတော့ မရလိုက်မှာ စိုးသွားတယ်....(မှန်ပါ့) ဒီက

ပေးတဲ့ပုဂ္ဂိုလ်ကလဲ မပေးနိုင်မှာစိုးတယ်....(မှန်ပါ့) ဒါ့ကြောင့် မြန်မြန်လုပ်ပါဆိုတဲ့ အဓိပ္ပါယ်ဟာ ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဒိဋ္ဌိဘယ်ကလာပါလိမ့်....(ခန္ဓာငါးပါးမသိတာကလာပါတယ်) မသိတာက လာတယ်ဆိုတော့ တကာတကာမတို့ ဒီဒိဋ္ဌိသည်ကား....လို့ ဆိုယင် "မိစ္ဆာ ပဿတိတိ ဒိဋ္ဌိ" မိစ္ဆာ=မှားသောအားဖြင့်၊ ပဿတိ=မြင်၏·ဆိုတော့ သြော်.... သူဟာအမှားဖြစ်ရာက လာတာကိုး....(မှန်ပါ့)။

ရူပက္ခန္ဓာကို သားသမီးလုပ်တာလဲ အမှားပေါ့ဗျာ....(မှန်ပါ့ဘုရား) ဝေဒနာက္ခန္ဓာ သားသမီးလုပ်တာကော .... (အမှားပါဘုရား) သညာက္ခန္ဓာ သားသမီးလုပ်တာကော....(အမှားပါ) သင်္ခါရက္ခန္ဓာ သားသမီးလုပ်တာကော....(အမှားပါဘုရား)။

စိတ်ကို သားသမီးလုပ်တာကော....(အမှားပါ) စိတ်ကို မိမိလုပ်တာကော....(အမှားပါ) အမှားချည့်ဘဲဆိုတော့ အဲဒီတော့ ခန္ဓာမသိလို့ ဒိဋ္ဌိဖြစ်ရတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

တချို့သာ ပြောကြပါသေးတယ် တကာတကာမတို့.... ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ရှစ်ပါးတောင်ရှိတယ်၊ အခု တချက်တွင် ပြောနေတာနော်....(မှန်ပါ့)။

အဲဒါတွေ တကာတကာမတွေက မသိတော့ကို သြော်....ဒီလို ပုဂ္ဂိုလ် ဒီလိုတွေမှ ကယ်ယူနိုင်တော့မှာဘဲ၊ ဒို့အလိုဖြင့် ဘာမှ မဟုတ်တော့ပါလား ဆိုတာ မောင်နိုင်- သေသေချာချာပေါ်တယ်....(မှန်ပါ့)။

ကိုစံလှတို့အလိုဆိုယင် ဘာမှန်းသိသေးရဲ့လား .... (မသိပါဘုရား) ဒီဌီက ဘယ်ကလာတယ်လို့မှ သိရဲ့လား .... (မသိပါဘုရား) အခုတော့ဖြင့် ရှင်းသွားပြီ၊ ခန္ဓာကို ခန္ဓာလို့မသိတာက လာတယ်....(မှန်ပါ့)။

တကာကြီးလို့င်-ဘယ်ကလာသတုံး....(ခန္ဓာကို ခန္ဓာလို့ မသိတာက လာပါတယ်) ခန္ဓာကို ခန္ဓာလို့မသိတာက လာတယ်.... (မှန်ပါ့) သဘောကျကြပလား....(ကျပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့.... ခင်ဗျားတို့ အမေမိဘဆီကလာတဲ့အတတ်ကလဲ ဒီဌီချည့်သင်လှတ်လိုက်တယ်....(မှန်ပါ့ဘုရား) ကိုစံလှ-ဘာတွေများ သင်လှတ်လိုက်သလဲ....(ဒီဌီချည့်သင်လှတ်လိုက်ပါတယ်ဘုရား)။

ဟော....နင့်ကိုယ်လို့ မှတ်ထား၊ နင့်ကိုယ်ကြည့်လိုက်တော့ နင်-ထမင်းစားချိန်ကျတော့ စားရမှာဘဲ၊ နင် ထမင်းစားချိန် နင် မြန်မြန်ပြန်ခဲ့၊ နင့်ကိုယ်မှ နင် မသနားဘူးလား၊ အမေမိဘက ဒီအတိုင်း ဆုံးမတယ်....(မှန်ပါ့) မဆုံးမဘူးလား.... (ဆုံးမပါတယ်ဘုရား)။

အဲဒီတော့ ဘာသင်လှတ်လိုက်ပါလိမ့်မလဲ.... (ဒီဌီ သင်လှတ်လိုက်ပါတယ်) နင့်ကိုယ်မှနင် မရှက်လို့ ရှိယင် နင်- တိရစ္ဆာန်လားလို့ မေးလိုက်မယ်၊ မမေးဘူးလား....(မေးပါတယ်ဘုရား)။

ဒါကို သားသမီးကလဲ ဒီအတိုင်းမှတ်ပြီးသကာလထားတော့ ဩော်....ဒါဟာ ငါ့ကိုယ်တဲ့နော်၊ ငါ့ကိုယ် ငါစောင့်ရှောက်မှ ငါခင်မှပေါ့-ဆိုတော့ အင်း.... ဒီဌီက တန်းထွက်သွားတယ်.... (မှန်ပါ့) မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

ဩော်.... ဒါတွေဟာ တကာတကာမတွေ စကားတတ်လို့ ပြောတာ မဟုတ်ပါဘူး၊ အမှားမျှားလို့ ဒီစကား ထုတ်တယ် ဆိုတာ ကိုစောမောင်-ရိပ်မိပလား....(ရိပ်မိပါပြီ) အမှားက သိပ် မမျှားဘူးလား....(မျှားပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် အခုတော့ဖြင့် သိပါပြီ တကာတကာမတို့၊ အဲဒီတော့ ခန္ဓာငါးပါးမသိတာက လာတယ်ဆိုသဖြင့် ဘုန်းကြီး က ခန္ဓာငါးပါးသိအောင် ပြောလိုက်မယ်၊ ခင်ဗျားတို့ ဒိဋ္ဌကွာ မကွာ....(ကွာပါတယ်ဘုရား) ဒိဋ္ဌိကွာလို့ ရှိယင်ဖြင့် မိစ္ဆာဒိဋ္ဌိ ကွာယင် သမ္မာဒိဋ္ဌိဖြစ်ရမယ်....(မှန်ပါ့)။

သမ္မာဒိဋ္ဌိဖြစ်လို့ ရှိယင်ဖြင့် တကာတကာမတို့ သမ္မာဒိဋ္ဌိလဲ ဖြစ်ပါရော တဏှာ,ဥပါဒါန်,ကံက ချုပ်တယ်....(မှန်ပါ့ဘုရား) ချုပ်တော့ အပါယ်မှာ စောင့်နေတာတွေဟာ ငရဲမီးငြိမ်း၍ အိုး သိမ်းပါတယ်....(မှန်ပါ့)။

ငရဲမီးငြိမ်း၍ (ငရဲအိုးသိမ်းပါတယ်ဘုရား) ဒါဟာ သမ္မာဒိဋ္ဌိ တလုံး ပေါ်လိုက်တာ....(မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီ ဘုရား)။

မှန်ကန်စွာ သိတဲ့ သမ္မာဒိဋ္ဌိ တလုံးတည်း ပေါ်လိုက်တာနဲ့ ကိုစောမောင် အရေးပါ အရာရောက်တယ်....(မှန်ပါ့) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် တလုံးတည်းဖြင့် ဒို့....အရိုးကျေကျေ အရေ ခန်းခန်း ဒီတလုံးသိမှုနဲ့ ဒီတလုံးမြင်မှုကိုဖြင့် ဒို့....လုပ်ထိုက်တယ် လို့ ဆုံးဖြတ်ချက်ချ ...(မှန်ပါ့) မလုပ်ထိုက်ဘူးလား- လုပ်ထိုက် သလား....(လုပ်ထိုက်ပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒါလောက်ကျအောင် အရေးတကြီးဟောမည့်ဆရာကလဲ တွေ့ဘို့ရာ မလွယ်ဘူးနော်.... (မလွယ်ပါဘုရား) မှန်တာကလဲ အင်မတန် မှန်နေပြီ....(မှန်ပါ့) မမှန်ဘူးလား.... (မှန်ပါတယ် ဘုရား)။

သောတဝဲပန် ဘာ့ကြောင့် အပါယ်မကျသတုံး....(ဒိဋ္ဌိပြုတ်လို့ မကျတာပါဘုရား) ကိုစောမောင် ဘယ်နှယ်ဆိုမလဲ.... (ဒိဋ္ဌိပြုတ်လို့ မကျတာပါဘုရား)။

ဒါဖြင့် အပါယ်သွားကြောင်းမှာ ဒိဋ္ဌိခေါင်းဆောင်ဆိုတာက....(သေချာပါတယ်ဘုရား) ခင်ဗျားတို့က ပါဏာတိပါတစတဲ့ ငါးပါးသီလမလုံလို့ အပါယ်ကျတယ်ထင်တယ်၊ ဒီငါးပါးသီလမလုံတာက ဒိဋ္ဌိကြောင့် မလုံတာ....(မှန်ပါ့) ငါ့သားစားဘို့ ငါလုပ်ရမယ်၊ မတတ်နိုင်ဘူး၊ ဟာဒီဒိဋ္ဌိက လာတာ.... (မှန်ပါ့)။

ငါ့သားစားဘို့ မုသားပြောရ-ပြောရ၊ ဘာလုပ်ရ လုပ်ရ ငါ့အိမ်မှာ ငါခေါင်းဆောင်ပြီးသကာလနေတော့ ဒါ....သီလပျက်တာ မပျက်တာကို ပဓာနမထားနိုင်ဘူးဆိုတော့ ဒိဋ္ဌိကြောင့် သူ-သီလအပျက်ခံတာ....(မှန်ပါ့)။

တခါ....ပေးမယ် ကမ်းမယ်လို့ စိတ်ကူးတော့လဲ ကိုယ်မချို အမိသော်လဲ သားတော်ခဲ-မပေးနိုင်ဘူး၊ ကိုယ့်သားသမီးတွေက ရှိသေးတယ်၊ ဘယ်သူက ကန့်ကွက်လိုက်သလဲ....(ဒိဋ္ဌိကကန့်ကွက်လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ကိုစောမောင် ဒိဋ္ဌိကြောင့် အကုသိုလ်တွေဖြစ်ရတယ် (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတွေ ဘယ်သူ့ခေါင်းဆောင်ပါလိမ့်....(ဒီဌိ ခေါင်းဆောင်ပါဘုရား) အကုသိုလ်၏ထောင့်ငါးရာကိလေသာတို့၏ ခေါင်းဆောင်-ဟုတ်လား၊ အပါယ်လေးဘုံတို့သို့ရောက်ရာရောက်ကြောင်း ခေါင်းဆောင် ဘယ်သူထင်ကြသတုံး....(ဒီဌိပါဘုရား) ဒီဌိဘဲ-ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် သောတာပန် အပါယ်မကျတာ ဘာမျှးဖြုတ်လိုက်လို့ပါလိမ့်....(ဒီဌိဖြုတ်လိုက်လို့ပါဘုရား) သေချာပလား (သေချာပါပြီဘုရား)။

အဲဒီလောက် လုံလောက်အောင် ပြောနေတော့ ဩဝ်.... ဒီသည်ကားလို့ဆိုယင် ဒီဌိသည်ကားလို့ဆိုယင် အကြီးတကာ့ အကြီးထဲမှာ အကြီးဆုံးအရေးဆိုတာ ကောင်းကောင်း ပေါ်လာပြီ....(ပေါ်လာပါပြီဘုရား) မပေါ်သေးဘူးလား.... (ပေါ်လာပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်ကြီး ပြောလိုက်တယ်၊ ဝေဒနာ သုံးပါး ခန္ဓာထဲမှာ ပေါ်လာလိမ့်မယ်လို့ မပြောဘူးလား.... (ပြောပါတယ်ဘုရား) ဝေဒနာသိယင်ဘဲ ဒီဌိတော်တော်ပဲ့နေပြီ....(မှန်ပါ့ဘုရား) ဒီဌိ တော်တော်ပဲ့သွားပြီ။

ဘာ့ကြောင့်တုံး....ဆိုတော့ မင်းတို့ ခန္ဓာကြည့်ဟ....ခံသာယင် သုခဝေဒနာ၊ မခံသာယင် ဒုက္ခဝေဒနာက္ခ၊ ခံသာနဲ့ မခံသာ ကြားထဲမှာ ပေါ်နေတာ ဥပေက္ခာဝေဒနာက္ခ၊ မဟာဘူးလား....(ဟောပါတယ်ဘုရား)။

ဟောလိုက်တော့ တကာ တကာမတွေ ဉာဏ်နဲ့ ကောင်းကောင်းကြီး ကြည့်နေတော့ ဝေဒနာကလေးတွေ ပေါ်ပေါ်

လာတယ်၊ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား) ဒီကတည်းက ဝေဒနာရယ်လို့ သူသိသွားပြီ၊ မသိသေးဘူးလား (သိပါပြီဘုရား)။

ဝေဒနာရယ်လို့ သိသွားတော့ ငါနာတာ, ငါကောင်းစားတာ, ငါအလတ်စားဖြစ်နေတယ်လို့ ဒီလို လာသေးရဲ့လား.... (မလာပါဘုရား)။

ဒါဖြင့် ဒီဌိကာ တော်တော်ပဲပြီ ကိုစောမောင်ရေ....(မှန်ပါ့) မပဲ့သေးဘူးလား... (ပဲ့ပါပြီဘုရား)။

ဒါတောင် ဆရာဘုန်းကြီးက အဲဒါလောက် တင်မထားနဲ့ကွ၊ ဒါလောက်ဆိုလို့ရှိယင် ဒီဌိကာ ပဲ့ရုံပဲ့သေးတယ်၊ ပြုတ်သွားယင် ကောင်းတယ်ကွ၊ ငရဲမီးငြိမ်း, ငရဲအိုးသိမ်းရအောင် ပြုတ်တာ ကောင်းတယ်ကွ၊ ဒီတော့ မင်းသည်ကား....လို့ ဆိုယင် ပေါ်တဲ့ ဝေဒနာကလေးကို ဝေဒနာရယ်လို့ မထားနဲ့တော့ အနိစ္စလို့ရှုပေး၊ ဖြစ်ပျက်လို့ရှုပေး၊ ကိုစံလှ မခိုင်းဘူးလား.... (ခိုင်းပါတယ်ဘုရား) ခိုင်းလို့ကတော့ ခင်ဗျားတို့က မရှုပေဘူးလား....(ရှုပါတယ်ဘုရား)။

ရှုလို့ကတော့ တကာတကာမတွေ့ ရှုသည်နဲ့တပြိုင်နက်တည်း အနိစ္စဟုတ်လား....(မှန်ပါ့) ဒါဟာ အမှားသိလား- အမှန်သိလား.... (အမှန်သိပါဘုရား) အမှန်သိ ဆိုလို့ရှိယင် ခုနင်က အမှားသိက မိစ္ဆာဒိဋ္ဌိ....(မှန်ပါ့ဘုရား) အမှန်သိက သမ္မာဒိဋ္ဌိ၊ ပြောင်းသွားတယ်၊မောင်နိုင် မပြောင်းသေးဘူးလား....(ပြောင်းပါတယ်ဘုရား)။

ဒါ့ကြောင့် ဝေဒနာသိပြီး ဖြစ်ပျက်ကို ကြည့်ပါ၊ ဒိဋ္ဌိပြုတ်ပါတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာပေါ်လာယင် ဝေဒနာသိပြီး ဖြစ်ပျက်ကျအောင် ရှုလိုက်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝေဒနာသိပြီး ဖြစ်ပျက်မိအောင် ရှုလိုက်ယင် ကိုစောမောင် ဘာပြုတ်သလဲ....(ဒိဋ္ဌိပြုတ်ပါတယ်ဘုရား)။

ဟာ....ဘယ့်နှယ်ကြောင့် ပြုတ်ပါလိမ့်မလဲဆိုတော့ ဝေဒနာဆိုတော့ ခန္ဓာကိုလဲ သိတယ်၊ ဖြစ်ပျက် ဆိုတော့ အနိစ္စလဲ သိတယ်၊ ဒိဋ္ဌဆိုတော့ ခိုင်တယ်, မြဲတယ် ယူထားတာ.... (မှန်ပါ!) သဘောကျပလား.....(ကျပါပြီဘုရား) ခိုင်တယ်, မြဲတယ်ယူတဲ့ ဒိဋ္ဌကလဲ ကပ်သေးသလား....(မကပ်ပါဘုရား) မကပ်တော့ဘူးဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ခိုင်တယ်,မြဲတယ်လို့ ယူတဲ့ ဒိဋ္ဌလဲ မကပ်၊ ခန္ဓာမသိလို့ လာတဲ့ ဒိဋ္ဌကလဲ ဝေဒနာကခန္ဓာလို့ သိသောကြောင့် ဒိဋ္ဌကပြုတ်တယ်....(မှန်ပါ!) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာမသိတဲ့ ဒိဋ္ဌဖြစ်တာလဲ ဝေဒနာပေါ်တာလို့ သိလိုက်ကတည်းက ခန္ဓာလို့မသိတဲ့ဒိဋ္ဌက ရှိသေးရဲ့လား....(မရှိပါဘုရား) ခိုင်တယ်,မြဲတယ်ထင်တဲ့ သဿတဝင်လာမှာစိုးလို့ ဖြစ်ပြီး ပျက်တာကျအောင် မင်းတို့ ရှုလိုက်၊ သတိမပေးဘူးလား....(ပေးပါတယ်ဘုရား)။

ဖြစ်ပြီးပျက်တာကျအောင် ကြည့်လိုက်ဆိုတော့ ဩ.... ဖြစ်ပြီး ပျောက်သွားတာဘဲလို့ သိလိုက်တော့ ဒီမှာ တကာ

တကာမတို့ ကိုယ့်သန္တာန် ဉာဏ်နဲ့လဲ 'ဖျပ်'ကနဲ ကြည့်လိုက်ပါရော ခန္ဓာသိခြင်းကြောင့်လဲ ဒိဋ္ဌပြုတ်၊ ဖြစ်ပျက်မိခြင်းကြောင့်လဲ (ဒိဋ္ဌပြုတ်ပါတယ်ဘုရား)။

ခန္ဓာသိခြင်းကြောင့်လဲ....(ဒိဋ္ဌပြုတ်ပါတယ်ဘုရား) ဖြစ်ပျက်မိခြင်းကြောင့်လဲ....(ဒိဋ္ဌပြုတ်ပါတယ်ဘုရား)။

အဲ....နှစ်ခု ရှင်းပြပါမယ်....တဲ့၊ ဒီနေ့ တရားနှစ်လုံး တိုးပြီးပြောလိုက်ပါမယ်၊ ခန္ဓာသိခြင်းကြောင့်လဲ ဒိဋ္ဌပြုတ်ပါတယ်....(မှန်ပါ့ဘုရား) ဒါဖြင့် ခန္ဓာကြောင့်ဖြစ်တဲ့ဒိဋ္ဌဟာ ခန္ဓာသိယင် ပြုတ်ပါတယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

တခါ ခန္ဓာကို ဖြစ်ပျက်လို့သိတော့ အနိစ္စလို့မသိဘူးလား-(သိပါတယ်ဘုရား) အနိစ္စလို့သိသောကြောင့် အနိစ္စလို့မသိတဲ့အဝိဇ္ဇာကော....(ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့.... အဝိဇ္ဇာကြောင့် ဒိဋ္ဌဖြစ်တယ်ဆိုတာ အဝိဇ္ဇာလဲပြုတ်တယ်....(မှန်ပါ့) အဝိဇ္ဇာပြုတ်တဲ့အတွက် ပဋိစ္စသမုပ္ပါဒ် အစကပြုတ်တယ်....(မှန်ပါ့)။

အပါယ်လေးပါးသွားဘို့ဝေးလို့ ပဋိစ္စသမုပ္ပါဒ်အစကပြုတ်ပါတယ်ဆိုကတည်းက ကိုစောမောင်-ဘာပူစရာရှိသေးသတုံး.... (မရှိတော့ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာမသိလို့ ဒိဋ္ဌဖြစ်ရတယ်ဆိုတာကိုလဲ ဝေဒနာသိကတည်းက ဒိဋ္ဌပြုတ်ပါပြီ....(မှန်ပါ့) အဝိဇ္ဇာရှိလို့ ဒိဋ္ဌဖြစ်ရတယ်ဆိုတာလဲ ဖြစ်ပျက်သိကတည်းက တကာ

တကာမတို့ ဝိဇ္ဇာလား-အဝိဇ္ဇာလား- သိတာက်.... (ဝိဇ္ဇာပါ) ဝိဇ္ဇာဖြစ်နေတော့ အဝိဇ္ဇာလဲ မချုပ်ဘူးလား... (ချုပ်ပါတယ်) ဒါဖြင့် တကာတကာမတို့ အဝိဇ္ဇာလဲချုပ်, ဌီဒီလဲပြုတ်တယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာသိတော့ ခန္ဓာကြောင့်ဖြစ်တဲ့ ခန္ဓာမသိလို့ဖြစ်တဲ့ ဒိဋ္ဌိပြုတ်ပါတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဖြစ်ပျက်သိတဲ့အခါကျတော့ ဖြစ်ပျက်မသိခြင်းကြောင့် ဒိဋ္ဌိဖြစ်နေရတဲ့ သဿတ, ဥစ္ဆေဒ, ဒိဋ္ဌိဖြစ်နေတာကိုလဲ ဖြစ်ပျက်သိတဲ့အတွက် တကာတကာမတို့ သဿတ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပြီး သကာလ သမ္မာဒိဋ္ဌိက ဝင်ရောလာဘူးလား....(ဝင်လာပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာလဲချုပ်, ဒိဋ္ဌိလဲပြုတ်တယ် .... (မှန်ပါ့ဘုရား) အဝိဇ္ဇာက လေးပိုင်းတပိုင်းချုပ်ပါတယ်၊ ဒိဋ္ဌိကတော့ဖြင့် အကုန်ပြုတ်ပါတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝေဒနာဖြစ်ပျက်ကို ရှုပါ.... (မှန်ပါ့) စိတ်ဖြစ်ပျက်ကို... (ရှုရပါမယ်) နှစ်ခုစလုံး သိအောင် ပြောနေတာ....(မှန်ပါ့) ဝေဒနာလို့ဆိုတော့ ခန္ဓာမသိတဲ့ဒိဋ္ဌိက ပြုတ်ပြီ (မှန်ပါ့)။

ဖြစ်ပျက်ရှုပါဆိုတော့ ဖြစ်တာနဲ့ပျက်တာကို မြင်အောင်ကြည့်စမ်းပါဆိုတော့ ခိုင်တယ်, မြဲတယ်ကို ယူထားတဲ့ အဝိဇ္ဇာသဘောတွေလဲ ရှိသေးရဲ့လား....(မရှိပါဘုရား)။

မရှိတော့ မသိတဲ့အဝိဇ္ဇာ မလာသောကြောင့် အဝိဇ္ဇာလဲ ပြုတ်တယ်....(ပြုတ်ပါတယ်) အဝိဇ္ဇာ ဘယ်နှယ်ကြောင့် ပြုတ်သတုံး....ဆိုတော့ သမ္မာဒိဋ္ဌိဆိုတဲ့ ဝိဇ္ဇာမင်္ဂ ပေါ်တယ်၊ သဘော ကျပလား....(ကျပါတယ်ဘုရား)။

အဲဒီတော့ကို.... မသိတဲ့အဝိဇ္ဇာပြုတ်လို့ ဝိဇ္ဇာမဂ္ဂင် ဝင်တာ ၄ပါ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)

ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်မှာ ဒိဋ္ဌိက အလယ် ခေါင်မှာနေတယ်၊ အဝိဇ္ဇာက အစမှာနေတာယ်....(မှန်ပါ့) ဝေဒနာ ဖြစ်ပျက်ကိုမြင်တဲ့ ပုဂ္ဂိုလ်များ ပဋိစ္စသမုပ္ပါဒ် အစလဲပြတ်၊ အလယ်လဲပြတ်တာယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဘာတဲ့ .... (အစလဲပြတ်-အလယ်လဲ ပြတ်ပါတယ်ဘုရား)။

သြော်.... အစပြတ်ကတည်းကလဲ အလယ်မပြတ်ချင် နေပါတော့ ကိစ္စမရှိပါဘူး၊ အလယ်ပြတ်ပါမယ်ဆိုတဲ့အခါကျလို့ ရှိယင်ဖြင့် ဒီဥစ္စာ အစကလဲ အမြစ်ကလဲဖြတ်နိုင်တာဘဲ၊ အလယ်ကလဲ ဖြတ်နိုင်ပါတယ်ဆိုတော့ သူ့အများကြီး ပေါ့သွားတယ် ဆိုတဲ့အဓိပ္ပါယ်ဟာ ရှင်းနေတာဘဲ....(မှန်ပါ့) မရှင်းဘူးလား.... (ရှင်းပါတယ်ဘုရား)။

ကဲ.... ဒါဖြင့် တကာတကာမတို့ ဘယ်လိုလုပ်ကြမှာတုံး....၊ ဒီဒိဋ္ဌိကို အပါယ်လေးပါးတံခါး ဘယ်လိုပိတ်ကြမှာတုံးဆိုတော့ အို....ဝေဒနာသို့ ဖြစ်ပျက်မိအောင်လုပ်၊ စိတ်သိပြီး ဖြစ်ပျက်

မိအောင်လုပ်....(မှန်ပါ့) ရုပ်သိပြီးတော့....(ဖြစ်ပျက်သိအောင် လုပ်ရပါမယ်) ဒါမိယင် ပြီးတာဘဲ၊ မပြီးသေးဘူးလား....(ပြီးပါတယ်ဘုရား)။

ဒီဥစ္စာ တကာတကာမတို့ .... အပါယ်လေးပါးတံခါးကိုဖြင့်အခုပြောတဲ့နှစ်လုံးကို မိမှဘဲရမယ်....(မှန်ပါ့)ကျေနပ်ကြပလား-(ကျေနပ်ပါပြီဘုရား)။

ဝေဒနာသိ, ဖြစ်ပျက်မိရမယ်၊ စိတ်ရှုတဲ့ ပုဂ္ဂိုလ်ကလဲ....(ဖြစ်ပျက် မိရပါမယ်) စိတ်ကိုသိရဦးမယ်၊ စိတ်သိမှသာလျှင် ခန္ဓာကြောင့်လာတဲ့ဒီဋ္ဌိက စင်မှာကိုး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်တလုံးမိရုံနဲ့ မပြီးသေးပါဘူး....တဲ့၊ သူခန္ဓာလဲသိရဦးမယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား) ဒါဖြင့် စိတ်ကိုဆိုတော့ ဝိညာဏ်ခန္ဓာတွေကို မသိဘူးလား....(သိပါတယ်ဘုရား) အဲ....စိတ်ကိုလဲသိ, ဖြစ်ပျက်လဲ မိအောင်လုပ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

စိတ်ကိုလဲ....(သိရပါမယ်) စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်လို့လဲသိရမယ်၊ ပြီးတော့ ဒီတရားဟာ အနိစ္စလို့လဲ မိအောင်ရှုရမယ်၊ ဖြစ်ပျက်လဲ မိအောင်ရှုပေါ့လေ....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

အဲဒီလိုမိတော့ ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေပြတ်သတုံး....မေးလိုက်မယ် မောင်နိုင်ရေ....(အစ,ကနေ ပြတ်ပါတယ်) အစကလဲပြတ်, အလယ်ကလဲပြတ်-ဆိုတော့ ဩော်....ပဋိစ္စသမုပ္ပါဒ်ဆိုတာ မိမိခန္ဓာတန်းကြီးပါလား....(မှန်ပါ့) ရှေ့ဆက်သွားမည့်ခန္ဓာ

ရှိသေးသလားလို့ မေးတော့....(မရှိပါဘုရား) ခန္ဓာမရှိလို့ရှိယင် အပါယ်ကျရမှာက ခန္ဓာရှိလို့....(မှန်ပါဘုရား)။

ကိုစောမောင်-အပါယ်ကျရတာက....(ခန္ဓာရှိလို့ကျရတာပါဘုရား)။

ဩော်....ငါ့အတွက် ခက်ချေရဲ့၊ ငါသေယင် အပါယ် သွားမှာဘဲဆိုတော့ ခန္ဓာရှိလို့ ကြောက်နေရတယ်....(မှန်ပါ့) အခု ပဋိစ္စသမုပ္ပါဒ်အစက ပြတ်လိုက်တယ်ဆိုတော့ ကိုယ့်ခန္ဓာအစက ပြတ်တယ်....(မှန်ပါ့)။

ကိုယ့်ခန္ဓာ အပါယ်သွားတတ်တဲ့ ခန္ဓာကြီးက ဘယ်ကနေ ပြတ်သလဲ .... (အစကနေ ပြတ်ပါတယ်) အစကနေ ပြတ်တယ် ဆိုတော့ တကာတကာမတို့ အင်မတန် အားရှိစရာကောင်းပြီး အင်မတန်မှ လုပ်ထိုက်တဲ့တရားဆိုတာ ကျေကျေနပ် သဘောကျပလား....(ကျပါပြီ) သဘော့ကော ပါကြပလား....(ပါပါပြီဘုရား)။

ဒါ့ကြောင့် ဒီတရားကို ဂရုတစိုက်ကြီးကိုနာပြီး ဂရုတစိုက် လုပ်ရလိမ့်မယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

နာတဲ့အခါမှာလဲ....(ဂရုစိုက်ပြီး နာရပါမယ်ဘုရား) ဒါဖြင့် ဟောဒီဒိဋ္ဌိပြုတ်လို့ရှိယင်ဖြင့် ခင်ဗျားတို့ နောက်က မြူးတာတွေကော, ရူးတာတွေကော, မိုက်တာတွေရော, လိမ်တာတွေရော, ကောက်ကျစ်တာတွေရော,ဆိုးဝါးတာတွေရော,အမေမိဘ

သင်လို့ အမှားတွေ အကုန် ရ,ထားတာတွေဟာ သူ-ပြုတ်ယင် အကုန်ပြုတ်တာဘဲ....(မှန်ပါ့) နောက်က ကြွေးတွေလဲ ဘာမှ မကြောက်ပါနဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

နောက်က ကြွေးတွေ....(မကြောက်ရပါဘုရား) ဘဝ များစွာက ပါလာတဲ့ အပါယ်ကြွေးတွေ, အပါယ်ရောက်စေတတ်တဲ့ ကံတွေပေါ့လေ.... (ပျောက်ပါတယ်ဘုရား) ဒီဘဝမှာ မသိမလိမ်မာလို့ လုပ်ထားတဲ့ ကံတွေကော.... (ပျောက်ပါမယ် ဘုရား) ကြောက်စရာမရှိဘူးဆိုတာ သဘောကျပလား(ကျပါပြီ ဘုရား)။

အဲဒါကြောင့် မုဆိုးကြီးတွေ သောတာပန်တည်တယ်.... (မှန်ပါ့) အင်္ဂုလိမာလတို့ လူပေါင်းများစွာသတ်ပြီး သောတာ ပန် တည်တယ်ဆိုတာ ဒီဥပုတ်တာဘဲ၊ ဒီ.ပြင် ဘာမှ မပါဘူး.... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အားလုံးတကာတကာမတွေ အပါယ်ခေါင်းဆောင် သိပလား.....(သိပါပြီဘုရား) ဘယ်သူပါလိမ့်....(ဒိဋ္ဌပါဘုရား) အဲ....ဒိဋ္ဌကတော့ ဘယ်မှာကပ်နေသတုံး....မေးတဲ့အခါကျတော့ ခန္ဓာမသိခြင်းကြောင့် ခန္ဓာမှာသွားကပ်တယ်....(မှန်ပါ့) ပုဂ္ဂိုလ် သတ္တဝါလုပ်ပြီး သွားမကပ်ဘူးလား.... (ကပ်ပါတယ်ဘုရား) ကောင်းကောင်းရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒိဋ္ဌိနိရောဓာ နိဗ္ဗာန်-တဲ့၊ ဟောလိုက်တယ်....(မှန်ပါ့) ဒိဋ္ဌိသာ ချုပ်အောင်လုပ်စမ်းပါ၊ ဒိဋ္ဌိချုပ်ယင် နိဗ္ဗာန်ရောက်ပြီ....လို့ အောက်မေ့လိုက်တဲ့....(မှန်ပါ့) မရှင်းဘူးလား....(ရှင်းပါတယ် ဘုရား)။

ဒီဋ္ဌိနိရောဓော....(နိဗ္ဗာနံပါ)ဟုတ်ပေတယ် တကာတကာမတို့ သောတာပန်ရောက်တဲ့နိဗ္ဗာန်ဟာ ဒိဋ္ဌိဖြုတ်လို့ သူမြင်ရတဲ့နိဗ္ဗာန် (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

သောတာပန်မြင်ရတဲ့နိဗ္ဗာန်ကဖြင့် ဘာပါလိမ့်....(ဒိဋ္ဌိပြုတ်လို့ မြင်ရတဲ့နိဗ္ဗာန်ပါဘုရား) ဒိဋ္ဌိပြုတ်လို့ မြင်ရတာဘဲ....တဲ့၊ တဏှာပြုတ်လို့ မြင်ရတာ ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိနဲ့တဏှာ တကာတကာမတို့ ဘယ်ဟာ ကြောက်စရာကောင်းတယ်ဆိုတာကော ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား) ဘယ်ဟာကြောက်စရာကောင်းသတုံး-(ဒိဋ္ဌိက ကြောက်စရာကောင်းပါတယ်ဘုရား)။

အဲ .... ကြောက်စရာအကောင်းဆုံးမို့ တကာတကာမတို့.... သူ့ကို အယင်သတ်ရပါတယ်ဆိုတာကော ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဝေဒနာသိ,ဖြစ်ပျက်မိအောင်လုပ်ပါ....(မှန်ပါ့) ရှုလိုက်ယင် ဝေဒနာကလေးလဲ သိရှုမယ်၊ ဖြစ်ပျက်ကော....(မိအောင်လုပ်ရပါမယ်) သဘောကျပလား....(ကျေပါပြီဘုရား)။

မဂ်ဆိုက်နေတဲ့အတွက် မဂ်ဆိုတာ ဘာလုပ်တတ်သတုံး....လို့ မေးတော့ အို....မဂ်ဆိုတာ ဒိဋ္ဌိပိစိကိစ္ဆာပယ်နိုင်တယ်၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

"ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ" အစရှိသည်နဲ့ .... ကိလေသေ = ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာတို့ကို၊ မာရေန္တော=သတ်လျက်၊ နိဗ္ဗာနံ= အပါယ်လေးပါးမှ လွတ်ပြီးနိဗ္ဗာန်သို့၊ ဂစ္ဆတီ=သွား၏....တဲ့ ကိုစောမောင်....(မှန်ပါ့)။

ကိလေသာ သတ်တာလဲမင်္, နိဗ္ဗာန်ပို့တာကော....(မင်္ပါဘုရား) မင်္ဟာ ဘယ်နှစ်ကိစ္စရှိသတုံး.... (နှစ်ကိစ္စပါဘုရား) နှစ်ကိစ္စရှိတယ်ဆိုတာကောင်းကောင်းကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ခင်ဗျားတို့မှာ ငရဲကျစေတတ်တဲ့ ကံပေါင်း နောက်က ပါလာတာ ဘယ်လောက်များ ရှိပါလိမ့်.... (မရေတွက်နိုင်ပါဘုရား) ဒီဘဝမှာ မသိ မလိမ်မာလို့ ခုနင်္ဂဒုါရခြောက်ပေါက်က ဒိဋ္ဌဉီးစီးထားတဲ့ ကံပေါင်းကလဲ ဘယ်လောက်ပါလိမ့်....(မရေတွက်နိုင်ပါဘုရား)။

အဲဒါသည် တကာတကာမတို့ ဝေဒနာသိ, ဖြစ်ပျက်သာ မိပါစေ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာသိ....(ဖြစ်ပျက်သာမိပါစေ)ဖြစ်ပျက်မိလို့ရှိယင်ဖြင့် ဝေဒနာ နိရောဓော....(တဏှာ နိရောဓောပါ) တခါတည်း သူ့ဟာသူ သွားတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာနိရောဓော-(တဏှာနိရောဓောပါ) တဏှာနိရောဓောဆိုတော့ ပဋိစ္စသမုပ္ပါဒ် အလယ်ကနေ မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)။

အင်း....ဖြစ်ပျက်မိတဲ့အခါကျလို့ရှိယင်ဖြင့် တကာတကာမတို့ အနိစ္စကိုမြင်တဲ့ဉာဏ် မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား) ဉာဏ်ဆိုတာ မောဟလား, အမောဟလား .... (အမောဟပါဘုရား) အမောဟ ဆိုကတည်းက အဝိဇ္ဇာဟာ ပဋိစ္စသမုပ္ပါဒ် အစက ချုပ်တယ်....(မှန်ပါ့) မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

အဲ....ပဋိစ္စသမုပ္ပါဒ်ကို ဝေဒနာရှုတဲ့ပုဂ္ဂိုလ်များမှာ အလယ်ကလဲ ပြတ်တယ်၊ အစကလဲ ပြတ်နိုင်တဲ့ အခြေအနေ ကောင်းအကြောင်းယုတ္တိနဲ့တကွ လုံလုံလောက်လောက် ပဋိစ္စသမုပ္ပါဒ် ခင်းပြီးပြတဲ့အတွက် ခင်ဗျားတို့ ဝေဒနာသိ, ဖြစ်ပျက်မိတဲ့အလုပ် မလုပ်မဖြစ်ဘူး....(မှန်ပါ့)။

စိတ်သိပြီး ဖြစ်ပျက်မိတဲ့အလုပ်ကော-(မလုပ်မဖြစ်ပါဘုရား) ရုပ်သိပြီး ဖြစ်ပျက်မိတဲ့ အလုပ်ဟာကော-(မလုပ် မဖြစ်ပါဘုရား) မလုပ်မဖြစ်တာ ဘာ့ကြောင့်တုံး....လို့ မေးတော့မှ ငရဲမျိုးစေ့ အကြီးဆုံးဖြစ်နေလို့ ဒီ ပြင်ဟာတွေက မကာကွယ်နိုင်ဘူး၊ ဒီဒိဋ္ဌိ ပြုတ်မှသာလျှင် တကာတကာမတို့ သုဂတိသွားလဲ မြဲတော့တယ် (မှန်ပါ့) နိဗ္ဗာန်သွားလဲ....(မြဲတော့မှာပါဘုရား)။

ဒီဒိဋ္ဌိရှိလျက်နဲ့ ဆိုယင် သုဂတိ သွားတာလဲ ခဲ့မြောက် သလောက်သာ မှတ်လိုက်စမ်းပါ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) ဒါဖြင့် အင်မတန် အရေးမကြီးဘူးလား.... (ကြီးပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒီဒိဋ္ဌိဟာ အခု ဝိပဿနာမဂ်နဲ့ပြုတ်တာဘဲ ရှိသေးတယ်လို့ မောင်နိုင်-ဆိုထိုက်မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား) မဂ္ဂင်ရှစ်ပါးပြည့်ရဲ့လား....(မပြည့်ပါဘုရား)။

မပြည့်သေးလို့ ရှိယင် ခင်ဗျားတို့ ဘာဖြစ်လို့ မဂ္ဂင်ရှစ်ပါး မပြည့်သေးပါလိမ့်မတုံး....ဆိုတော့ ဒီအထဲမှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ရှုနေယင် ဒါဘဲ....(မှန်ပါ့)။

ဒါက အလုပ် ဆက်လုပ်နေတာဘဲ၊ ဒါက တဏှာ ဖြတ်နေတာဘဲဆိုတာ သဘောကျပလား....(ကျပါပြီဘုရား) သို့သော်.... သီလမဂ္ဂင်သုံးပါး မပါသေးဘူး....(မှန်ပါ့) သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ မောင်နှိုင်- ပါပလား....(မပါသေးပါဘုရား)။

ဘာဖြစ်လို့ မပါသေးပါလိမ့်မတုံးဆိုတော့ အို....ဒါက ပုထုဇဉ် ရှုနေတာ....(မှန်ပါ့) သီလ ဘယ်တော့မှမမြဲဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဝေဒနာသို့ ဖြစ်ပျက်မိလို့ ရှိယင် ပုထုဇဉ်ရှုနေတာ ဖြစ်သောကြောင့် သီလ မလုံသေးလို့ သီလမဂ္ဂင် မပါဘူး....(မှန်ပါ့) သီလမဂ္ဂင် မပါနိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် သီလမဂ္ဂင် ဘယ်အချိန်မှ ပါပါ့မတုံးဆိုတော့ သြော်....ပုထုဇဉ်အဖြစ်က ပြောင်းမှဘဲ ကိုစောမောင်ရေ....(မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးပြောတဲ့အတိုင်း နာရီလေးစေ့နေလို့ ခင်ဗျားတို့ ဖြစ်ပျက်မြင်အောင် ရှုနေလို့ရှိယင် ပုထုဇဉ်၊ ဖြစ်ပျက်မှန်းအောင် ရှုနေယင်လဲ....(ပုထုဇဉ်ပါဘဲဘုရား)။

အဲဒီ ဝေဒနာ ဖြစ်ပျက်နဲ့တကွ ဝေဒနာဖြစ်ပျက်သည် ဒုက္ခသစ္စာဖြစ်ပြီး ဆုံးသွားလို့ ရှိယင်ဖြင့် တကာတကာမတို့ ဝေဒနာနဲ့ခယာ ဘိက္ခု-ဆိုတဲ့ အတိုင်း ဝေဒနာကုန်အောင် ရှုလိုက်ယင် နိဗ္ဗာန်တော ပရိနိဗ္ဗုတော-ဆိုတဲ့အတိုင်း တကာတကာမတို့ ဝေ

ဒနာချုပ်သွားတာသည် ဒီ့ပြင် နာမ်ရုပ်နဲ့တက္ခ.... တဲ့ချုပ်သော ကြောင့် နိဗ္ဗာန်ပေါ်တာဘဲ....(မှန်ပါ့)။

ဆုံးအောင် လိုက်-လိုက်လို့ရှိယင် ဘာပေါ်သလဲ.... (နိဗ္ဗာန် ပေါ်ပါတယ်ဘုရား) နိဗ္ဗာန်ပေါ်လာမှ ဒီကရှစ်ပါးဖြစ်တယ်.... (မှန်ပါ့) ရှစ်ပါးဖြစ်တော့ သောတာပန်မို့ သီလလဲမြဲပြီ၊ အခု ခံယူတဲ့သီလတွေ မမြဲဘူး၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဝေဒနာဖြစ်ပျက် မြင်အောင်ရှု၊ ဝေဒနာ ဖြစ်ပျက် မုန်းအောင်ရှု၊ ဝေဒနာဖြစ်ပျက် အဆုံး လိုက်လို့ရှိယင်ဖြင့် ခင်ဗျားတို့လုပ်ထားတဲ့ ဒီမှာမီးတဟုန်းဟုန်းတောက်ပြီးစောင့်နေတဲ့ ဒယ်အိုးကြီး၊ တဗွက်ဗွက်ဆူပြီး သကာလ မျှော်လင့်နေ....တဲ့၊ ဘယ်တော့မှ ဒီပုဂ္ဂိုလ် လာပါ့မတုံး....လို့ မျှော်နေတာကြီးဟာ ဒီကနေ သိမ်းတယ်....(မှန်ပါ့) နဂိုရိုးတုန်းက ဒီက တည်ထား တာကိုး....(မှန်ပါ့)။

ဒီဒယ်အိုး ဘယ်သူကလုပ်သတုံး၊ ဒီဒိဋ္ဌိက တည်ထားတာ.... (မှန်ပါ့) ဒီဒိဋ္ဌိပြုတ်တော့ ဟိုအိုးပျောက်ရမယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

cရဲအိုး ဘယ်သူက တည်သတုံး....(ဒိဋ္ဌိတည်ပါတယ်) ငရဲအိုး ဘယ်သူသိမ်းသတုံး.... ဒိဋ္ဌိသိမ်းလို့ သိမ်းတယ်....(မှန်ပါ့) ဒိဋ္ဌိ ဖြစ်လို့ ငရဲအိုးပေါ်လာတယ်၊ သဘောကျပလား....(ကျပါပြီဘုရား) ဒိဋ္ဌိသိမ်းလို့....(ငရဲအိုးသိမ်းပါတယ်)။

ဒါဖြင့် ဒီဥသိမ်းနည်းသည် မောင်နှိုင်-ဖြစ်ပျက်မြင်, ဖြစ်ပျက်မှုန်း, ဖြစ်ပျက်ဆုံးမှ သိမ်းတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်.. မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

ဒီဋ္ဌပြိုတ်ယင် ပဋ္ဌမနိဗ္ဗာန်

နေ့-အလုပ်ပေးတရားတော်

၁၃၂၂-ခု၊ နယုန်လဆန်း ၅-ရက်

ဒီဋ္ဌပြိုတ်ယင် ပဋ္ဌမနိဗ္ဗာန် ရောက်တယ်လို့ အားလုံးဘဲ မှတ်ထားကြပါ....(မှန်ပါ့) ဒီဋ္ဌပြိုတ်ယင်....(ပဋ္ဌမနိဗ္ဗာန် ရောက်ပါတယ်ဘုရား)။

သောတာပန်တို့၏ ဆိုင်ရာနိဗ္ဗာန်၊ အပါယ်လေးပါးတံခါးပိတ်တဲ့ နိဗ္ဗာန် ရောက်တယ်လို့ မှတ်ထားတော့ ဩော်.... ဒါကို ဒီဟာ အရေးတကြီးထားပြီးသကာလ လုပ်ရမည့်အလုပ်ပါလား လို့ ဆိုတာ စိတ်ထဲစဲမြဲပြီးသကာလ အားလုံးမှတ်ထားကြပါ.... (မှန်ပါ့)။

ဒီဋ္ဌပြိုတ်ယင် ပဋ္ဌမနိဗ္ဗာန်ရောက်ပါတယ်....(မှန်ပါ့) ဒါဘယ်တော့မှ မမေ့နဲ့၊ ဩော်....ဒီဋ္ဌပြိုတ်ဘို့သာ လို့ပါကလား ဆိုတော့ ဒီဋ္ဌဖြုတ်ချင်လို့ ရှိယင်လဲ ခန္ဓာထဲကဖြစ်ပျက်ကို မြင်လို့ ရှိယင် မောင်နိုင်-ပြိုတ်တာပါဘဲ....(မှန်ပါ့)။

ဖြစ်တာနဲ့ ပျက်တာကိုသာ အဖြစ်မမြင်ယင် နေပါစေတော့ အပျက်မြင်လို့ ရှိယင် ဩဇာ်....အပျက်တွေသာ ရှိနေတာဘဲဆိုလို့ ရှိယင်လဲ ငါ့ ငါ့ဥစ္စာမဟုတ်လို့ ပျက်ကာဘဲဆိုတာ ပေါ်လာတယ်....(မှန်ပါ့) မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒီကဲ့သို့ ပေါ်ခဲ့သည်ရှိသော် ဘုန်းကြီးတို့တကာတကာမတွေသည် ဒီဌိပြုတ်ယင် နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတာ ကိုစောမောင်-ရှင်းနေတာဘဲ....(မှန်ပါ့)။

ဒီဌိဖြုတ်ပေးဘို့ဆိုတာ အထူးဖြုတ်ပြီးသကာလ မနေပါနဲ့၊ ခန္ဓာစိုက်ကြည့်လိုက်တဲ့အခါကျတော့ ပေါ်လာတဲ့ ဓမ္မကလေးတွေ၏ ပျက်မှုကလေးတွေမြင်လိုက်လို့ ရှိယင် ပြုတ်သွားတာဘဲ.... (မှန်ပါ့) ဤပျက်မှုကလေးမြင်လိုက်ယင် ပြုတ်တာဘဲဆိုတာ မတ်ထားဘိပါဘဲ။

ကောင်းပြီ .... ဒါဖြင့် ဝိပဿနာဉာဏ်မပါဘဲနဲ့ မောင်နိုင်-ဒီဌိမဖြုတ်နိုင်ဘူး....(မှန်ပါ့) ကိုင်း....ဒါဖြင့် ဒီဌိပြုတ်ယင် ပဌမနိဗ္ဗာန် ရောက်တယ်ဆိုဝဲ့ဥစ္စာကလေး ရှင်းပေးပါ့မယ်။

မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကိုမေးပါတယ်၊ အရှင်ဘုရား-နိဗ္ဗာန်ဆိုတာ နိရောဓာ နိဗ္ဗာနံ၊ ချုပ်တာဟာ နိဗ္ဗာန်....လို့ ဓေါ်တယ်။

ချုပ်တာက ဘာတဲ့....(နိဗ္ဗာန်ပါဘုရား) ချုပ်တာဟာ နိဗ္ဗာန်လို့ ဓေါ်တာ၊ ဘယ်လိုချုပ်တာကို နိဗ္ဗာန်လို့ ဓေါ်တယ်ဆိုတာ တပည့်တော်အား ရှင်းလင်းပြီး သကာလ.... ပြစမ်းပါဆိုတဲ့ဥစ္စာမေးတယ်၊ တကာတော်မင်းမြတ်-ချုပ်တာဟာ နိဗ္ဗာန်ဘဲဆိုတာ မှန်ပါတယ်။

ချုပ်တာဟာ နိဗ္ဗာန်ဘဲဆိုတာ အားလုံးတကာတကာမတွေ့ရဟန္တာဖြစ်တော်မူတဲ့ ရှင်နာဂသိန်က သူကိုယ်တိုင်ချုပ်တာ သူကိုယ်တိုင် တွေ့ဘူးလို့ သူကိုယ်တိုင်ဘဲ ချုပ်တာဟာ နိဗ္ဗာန်ဘဲလို့ ဆိုတဲ့ဥစ္စာ ရှင်းလင်းပြီးသကာလ ပြပါတယ်။

အဲဒါကြောင့် တကာတကာမတွေ့ ချုပ်အောင် ရှုပါဆိုတဲ့ စကားလေးဟာ ဒီပါဠိတော်တွေက လာပြီးသကာလ နေတော့ ချုပ်မှ နိဗ္ဗာန်ဘဲဆိုတာ အားလုံးတကာတကာမတွေ့ မှတ်ထားပါ....(မှန်ပါ့)။

ချုပ်ယင်ဘာတဲ့.... (နိဗ္ဗာန်ပါ) ကိုယ်ရှုနေတဲ့ ဓမ္မကလေး၏ အနိစ္စကလေးချုပ်သွားယင် နိဗ္ဗာန်ဘဲ၊ ဒုက္ခကလေး ချုပ်သွားယင်....(နိဗ္ဗာန်ပါ) အနတ္တကလေး ချုပ်သွားယင်....(နိဗ္ဗာန်ပါ) ဒုက္ခသစ္စာကလေး ချုပ်သွားယင်....(နိဗ္ဗာန်ပါဘုရား)။

အဲဒါမျိုးသာ ဘုန်းကြီးက စကားပြောနေတာ၊ စင်စစ်တော့ဖြင့် အနိစ္စလဲဒုက္ခသစ္စာ၊ ဒုက္ခလဲ ဒုက္ခသစ္စာ၊ အနတ္တလဲ ဒုက္ခသစ္စာဆိုတော့ ချုံးယူလိုက်တော့ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာချည့်လို့ အားလုံးတကာတကာမတွေ့ မှတ်ထားလိုက်တာပေါ့....(မှန်ပါ့) အဲဒီဖြစ်ပျက်ဆုံးသွားလို့ ရှိယင်ဖြင့် ရှုယင်းမတ္တာနဲ့ ဉာဏ်အောက်မှာ ပျောက်သွားလို့ ရှိယင်ဖြင့် ဒါ နိဗ္ဗာနံပဿနံ လို့ မှတ်ပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နိဗ္ဗာနံ နိဗ္ဗာနံဆိုတာ ချုပ်တာနိဗ္ဗာန်ဘဲလို့ မှတ်ထားလိုက်လို့ ရှိယင်ဖြင့် သြော်....ဒီနိဗ္ဗာန်ဟာ ဝေးသလားအောက်မေ့တယ်၊ ဒို့ ရှုနေတဲ့အောက်မှာ ဖြစ်ပျက်ကလေးတွေ့ပျောက်

လို့ မရှိတော့ဘူးဆိုလို့ရှိယင်ဖြင့် ဒို့ခန္ဓာရှိတဲ့ ဒုက္ခသစ္စာ ဒို့ဉာဏ်အောက်မှာ ချုပ်သွားတဲ့အတွက် ဒါ နိဗ္ဗာန်ဆိုတာ တခါတည်း ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် မရှုတဲ့ပုဂ္ဂိုလ် မြင်စရာအကြောင်းမှမရှိဘဲနဲ့ ကိုစောမောင် ချုပ်စရာအကြောင်းကော .... (မရှိပါ) သူ့အတွက်မရှိနိုင်ဘူးဆိုတော့ သြော်....ဒါဟာ အလုပ်သမားမှ ကျေးဇူးမျှးမည့်တရားပါကလား၊ နိဗ္ဗာန်သွားချင် အလုပ်လုပ်ရမည့်သဘောပါလားဆိုတာ အားလုံးတကာတကာမတွေ့ ရှင်းထားကြပါ....(မှန်ပါ့) ကိုစံလှ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီအတိုင်း ဆုတောင်းသမားတွေနဲ့ ဒီအတိုင်း ပြုလုပ်ပြီးသကာလ နေလို့ရှိယင် ရှုမှုမပါသေးလို့ရှိယင်လဲ ဖြစ်ပျက်ကမတွေ့၊ မတွေ့လို့ရှိယင်လဲ ဖြစ်ပျက်မမှုန်း၊ မမှုန်းလို့ရှိယင်လဲ နိဗ္ဗာန်မပေါ်လာ .... (မှန်ပါ့) ကိုစောမောင် ပေါ်လာပါ့မလား....(မပေါ်လာပါဘုရား)။

မပေါ်လာလို့ရှိယင် ဒါ အလုပ်သမား၏ တာဝန်ဘဲဆိုတဲ့ဥစ္စာ အလုပ်လုပ်ရမည့် သဘောဘဲဆိုတဲ့ဥစ္စာ သေချာမသွားဘူးလား....(သေချာပါတယ်ဘုရား)။

ဘယ်လို ဆုတောင်း ဆုတောင်း တကာတကာမတို့ အလုပ်တော့ လုပ်ယူရမှာဘဲ....(မှန်ပါ့) ဘယ်လိုဆုတောင်းဆုတောင်း ဘယ်လိုမှတ်ကြမယ်....(အလုပ် လုပ်ယူရပါမယ်) အလုပ် လုပ်ယူရမယ်ဆိုတာ သေသေချာချာ မှတ်ထားကြပါ။

အဲဒါ အလုပ်-လုပ်နည်းတော့ ညတိုင်းဘဲပြောပြီးသကာလ နေသောကြောင့် ရှင်နာဂသိန်က နိဗ္ဗာနံဆိုတာ လူတိုင်းရသလား- မရဘူးလားလို့ မေးတဲ့အခါမှာလဲ နိဗ္ဗာန မြင်မှ ချုပ်အောင်လုပ်နိုင်တဲ့ ပုဂ္ဂိုလ် ၎င်းချုပ်တာကို ရတယ်ဆိုတာ နိဗ္ဗာန်ဟာ လူတိုင်းမရဘူးလို့ မောင်နိုင်ကမှတ်ထား.... (မှန်ပါ့ဘုရား)။

ကိုစောမောင် ဘယ်လိုမှတ်မယ်....(နိဗ္ဗာန်ဟာလူတိုင်းမရပါဘုရား) နိဗ္ဗာန်ဟာ လူတိုင်းမရဘူးလို့ တကာတကာမတွေ့ကမှတ်ထား....(မှန်ပါ့) ဘယ်လိုမှတ်ပါလိမ့်မတုံးဆိုတော့ ခင်ဗျားတို့၏ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကြီး ချုပ်တဲ့ပုဂ္ဂိုလ်မှရတယ်....(မှန်ပါ့)။

ဒါဖြင့်ဘုရား .... ချုပ်တဲ့ပုဂ္ဂိုလ်မှ ရတယ် - မချုပ်တဲ့ပုဂ္ဂိုလ် မရဘူးဆိုတာ ရှင်းပြစမ်းပါဦး၊ သူကတက်မေးလာတယ်(မှန်ပါ့) ချုပ်တဲ့ပုဂ္ဂိုလ်မှရတယ် မချုပ်တဲ့ပုဂ္ဂိုလ်မရဘူးဆိုတာ ရှင်းလင်းပြီးသကာလ ပြစမ်းပါဦးဆိုတော့ ရဟန္တာ ပုဂ္ဂိုလ်ကြီးကဲ့ မောင်နိုင်-ရှင်းပြတယ်လို့ မှတ်ထားတာပေါ့....(မှန်ပါ့) ဒါဖြင့် ရဟန္တာဆိုတော့ ကိုမြင့်တို့သိတဲ့အတိုင်း ကိုယ်တွေ့နိဗ္ဗာန်သူပြောမှာဘဲ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုဟာပြောမှာပါလိမ့်....(ကိုယ်တွေ့နိဗ္ဗာန်ပြောမှာပါ) ကိုယ်တွေ့ ဉာဏ်တွေ့နိဗ္ဗာန် သူပြောမှာဖြစ်နေသောကြောင့် ကျုပ်တို့က သံသယဝိစိကိစ္ဆာ ရှိပြီးသကာလ မနေဘဲနဲ့ ဩော်....ဒီလမ်းနဲ့ ဒီစခန်းရောက်တဲ့လူက ပြောဘာ၊ မှန်းပြောတဲ့အသွားမျိုးနဲ့ ပြောတာမဟုတ်ပါလားလို့ မှတ်ထား

ကြပါ .... (မှန်ပါ့) မှန်းပြောတဲ့ပုဂ္ဂိုလ် ဆုတောင်းသမားက ပြောတာမျိုးမဟုတ်ပါဘူးလို့ သေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ လူတိုင်းရသလား- မရဘူးလားဆိုတော့ ချုပ်တဲ့ပုဂ္ဂိုလ်မှရတယ်....(မှန်ပါ့) မချုပ်တဲ့ပုဂ္ဂိုလ်.... (မရပါဘုရား)။

နိဗ္ဗာန်ဟာ လူတိုင်းရသလား တကာတကာမတို့-မရဘူးလား (မရပါ) ဘယ်လိုပုဂ္ဂိုလ်မှရသတုံး....(ချုပ်တဲ့ပုဂ္ဂိုလ်မှရပါတယ်) ချုပ်တဲ့ပုဂ္ဂိုလ်မှ ရတယ်ဆိုတဲ့ဥစ္စာကလေး မှတ်ထားလိုက်တော့မှ ဩော်....မချုပ်သေးလဲ နိဗ္ဗာန်မရသေး ချုပ်တဲ့အခါကျမှနိဗ္ဗာန်ရမယ်၊ နိဗ္ဗာန်ရယင် ပဋ္ဌမနိဗ္ဗာန်ရတယ်၊ ချုပ်တော့ဒိဋ္ဌပြုတ်၊ ဒိဋ္ဌပြုတ်တော့ ပဋ္ဌမနိဗ္ဗာန်ဆိုတဲ့ဥစ္စာ အပါယ်လေးပါး တံခါးပိတ်တဲ့နိဗ္ဗာန်ကြီး ရပ်ပြစ်ရှစ်ပါးလှတ်တဲ့နိဗ္ဗာန်ကြီးကိုရလာတယ် ဆိုတာ သေသေချာချာမှတ်ရမယ်....(မှန်ပါ့ဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ အခုလို ပြောဆိုနိုင်တဲ့ပုဂ္ဂိုလ်နဲ့ကြုံတုံး ခင်ဗျားတို့လဲ မသေသေးလို့ အားထုတ်နိုင်တဲ့အချိန် အသက်တမ်းကလေးကလဲ ကြုံတုန်းကို ဒါကလေးအရယူထားလိုက်....(မှန်ပါ့) ကိုစောမောင် အရယူသင့်တယ်နော်.... (မှန်ပါ့ဘုရား)

စားဘို့ သောက်ဘို့ ဘယ့်နှယ်လုပ်မတုံး၊ ဝတ်ဘို့ဘယ့်နှယ်လုပ်မတုံး၊ အိုး....စကြဝဠတေးမန္ဒသတ်မင်းတွေဖြစ်ခဲ့လှပါပြီ၊ စားခဲ့လှပါပြီ၊ ဝတ်ခဲ့လှပါပြီ၊ ကြွားခဲ့လှပါပြီ၊ မော်ခဲ့မောက်ခဲ့လှ

ပါပြီ၊ သို့သော်လဲ အသေ, အနာ, အအိုက မလွတ်ခဲ့ဘူးဆိုတာ ကိုလဲ ကိုယ်တိုင်စဉ်းစားကြည့်တော့ သိပါတယ်... (မှန်ပါ့) မသိပေဘူးလား....(သိပါတယ်ဘုရား)။

အဲဒါကြောင့် ဒါတွေအပိုထားပြီးသကာလ တခါမှမချုပ်ဘူးတဲ့ဥစ္စာကို ချုပ်အောင်လုပ်ကြစို့ ဆိုတော့....(မှန်ပါ့) ဒါဖြင့် နိဗ္ဗာန်သည် လူတိုင်းရသလားဆိုတော့ ဒုက္ခချုပ်အောင်ရှုနိုင်တဲ့ ပုဂ္ဂိုလ်ရတယ်....(မှန်ပါ့) ဒုက္ခချုပ်အောင် မရှုနိုင်တဲ့ပုဂ္ဂိုလ်.... (မရပါဘုရား)။

မရဘူးဆိုတော့ မရတဲ့ပုဂ္ဂိုလ် အယင် ပြောစမ်း ပါ ဘုရား ဘယ်လိုပုဂ္ဂိုလ်တုံးတဲ့၊ မိလိန္ဒမင်းကြီးက မေးလိုက်တယ်၊ မရတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်ပုဂ္ဂိုလ်တုံးလို့ မေးတဲ့အခါကျတော့မောင်နိုင် စဉ်းစားတာပေါ့၊ ရှင်းပါတယ် တကာတကာမတို့ မရတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်တုံးဆိုတော့ဥပမာမှာ အဆင်းကလေး ကိုမြင်လိုက်တယ်၊ ကိုယ့်သားသမီးလေး၏ မျက်နှာကလေးဆိုပါ တော့၊ ကိုယ့်သားသမီးကလေး၏ မျက်နှာကလေးမြင်လိုက်လို့ ရှိယင်ဖြင့် ဖျပ်-ဆို စိုးရိမ်တဲ့စိတ်, ခင်တဲ့စိတ်တော့ တခုခုတော့ မလာဘူးလား....(လာပါတယ်ဘုရား)။

အင်း....ခင်လို့ရှိယင်ဖြင့် မြင်သည်နဲ့တပြိုင်နက်တည်း တကာ တကာမထို့ တဏှာလာပြီ၊ မလာပေဘူးလား .... (လာပါတယ် ဘုရား)။

ဩော် .... သားသမီးမျက်နှာကလေး မြင်လိုက်လို့ရှိယင်ဖြင့် စိုးရိမ်တာသော်၎င်း၊ ခင်မှုကလေးသော်၎င်း မလာပေဘူးလား-(လာပါတယ်ဘုရား)။

လာတော့ မြင်တယ်ဆိုလို့ ရှိယင်ဖြင့် ဒါသားသမီးကလေး မျက်နှာဘဲထားပါတော့၊ ဒီကနေပြီးကြည့်လိုက်တာနဲ့တပြိုင်နက်တည်း ခင်တယ်ဆိုတာကလေးက တဏှာက မလာပေဘူးလား.... (လဲ့ပါတယ်) ဒီတဏှာကလဲ မောင်နိုင့်ခန္ဓာ, ကိုစောမောင်ခန္ဓာဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါက သားသမီးခန္ဓာနော် .... (မှန်ပါ့) ဒီဘက်ကဟာက ချစ်နေတာက ဘယ်သူ့ခန္ဓာပါလိမ့် .... (ကြည့်သောပုဂ္ဂိုလ်၏ ခန္ဓာပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူ၏ခန္ဓာပါလိမ့် .... (ကြည့်သောပုဂ္ဂိုလ်၏ခန္ဓာပါ) ကြည့်သောပုဂ္ဂိုလ်ခန္ဓာဆိုတာ လောဘစိတ်ကိုး....၊ မောင်နိုင်ရဝိညာဏကွန္ဓာဘဲ....(မှန်ပါ့) ဒါဖြင့် မောင်နိုင်- ဒါကလေးနဲ့ အသက်ရှင်နေတယ်ဆိုယင် လဲ့ပါ့မလား....(မလဲ့ပါဘုရား)။

ဒီတဏှာ လာပြီးသကာလ .... ဒီတဏှာလဲ ချုပ်သွားပါရော တကာတကာမတို့ ခင်ပြီးသည်နဲ့ တပြိုင်နက်တည်း စဲ့လမ်းတယ်ဆိုတာကတော့ သူ့နိယာမမို့ မလွှာရပေဘူးလား .... (လာရပါတယ်ဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့ သားသမီးမျက်နှာကလေး မြင်လိုက်တယ်ဆိုလို့ ရှိယင်ဖြင့် ခင်မင်မှု, စဲ့လမ်းမှုလာတယ်၊ အားထုတ်မှုကော မလာဘူးလား, လာမလား....(လာပါတယ်ဘုရား)။

သူတို့အတွက်တော့ဖြင့် လုပ်ကိုင်ထားဦးမှာဘဲ၊ ပေးနိုင်တဲ့ ငွေကလေး ပေးနိုင်ရအောင် သူတို့ လူချင်းတူတူ, သူချင်းမျှမျှ ဖြစ်

အောင်ဖြင့် အဝတ်လဲ လူတိုင်းနဲ့တူအောင်၊ အစားလဲ လူတိုင်းနဲ့တူအောင်ဖြင့် အားထုတ်မှဘဲဆိုတဲ့စိတ်ကလေးဟာ တခါတည်း ပေါ်လာတာဘဲ....(မှန်ပါ့) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

မြင်လိုက်သည်နဲ့ တပြိုင်နက်တည်း တဏှာ, ဥပါဒါန်, ကံ, လာပြီ....(လာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒီကံလာလို့ရှိယင် ဒီပုဂ္ဂိုလ်ဟာ အသက်အတိုင်းနေလို့ သေတယ်ဘဲထားပါတော့ နောက်ဘဝ ဇာတိမလာဘူးလား....(လာပါတယ်ဘုရား) ဇာတိလာလို့ရှိယင်ဖြင့် တကာတကာမတွေ့ ဒီတရားအတိုင်း ဇရာမရဏတွေ့က မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဇရာ မရဏတွေ့လာတော့ ဒီပုဂ္ဂိုလ်ဟာ ယခုဘဝက ဒီဘက်ကသေလို့ ဖြစ်မည့်ဘဝက ဒီဘက်ကဆိုတော့ နှစ်ဘဝဆက်မသွားဘူးလား.... (သွားပါတယ်) သဘောကျပလား....(ကျပါပြီဘုရား) နိဗ္ဗာန်ရတာလား, ဘဝဆက်သွားတာလား .... (ဘဝဆက်သွားတာပါဘုရား)။

ဘဝဆက်တယ်ဆိုတော့ ဘဝဆိုတာ ဘာတုံး-ခန္ဓာဆက်သွားတာ....(မှန်ပါ့)ဘယ်နှယ်ဆိုကြမလဲ....(ခန္ဓာဆက်သွားကြတာပါဘုရား) ဒီခန္ဓာပြီး ဒီခန္ဓာ၊ ဒီခန္ဓာပြီး ဒီခန္ဓာ၊ ဒီခန္ဓာပြီး ဒီခန္ဓာ၊ ဒီခန္ဓာပြီး ဒီခန္ဓာ၊ ဆက်မသွားဘူးလား....(ဆက်သွားပါတယ်) ဒါဖြင့် ဒါကို သံသရာလို့ခေါ်တာဘဲ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဘာခေါ်ကြပါ့မယ်....(သံသရာလို့ခေါ်ပါတယ်) သံသရာလို့ ခေါ်တာဘဲ....တဲ့၊ ဩော်....ဒါဟာ မောင်နိုင်- စဉ်းစားစမ်း.... နှစ်သံသရာဆက်ကတည်းက ဒီဘက်သံသရာနဲ့ ဟိုဘက်သံသရာ ဆက်ကတည်းက နိဗ္ဗာန်ရတာလား....တဲ့၊ သံသရာဆက်သွားတာလား....(သံသရာဆက်သွားတာပါဘုရား)။

အားလုံးတကာတကာမတွေ ဘယ်လိုမှတ်ကြမယ်....(သံသရာဆက်သွားကြတာပါ) သံသရာဆက်သွားတယ်နော်၊ သံသရာဆက်သွားတယ်ဆိုတော့ တကာတကာမတို့ ဒါဘယ်လောက်ဆက်မှာတုံး....လို့ မေးလို့ရှိယင်ဖြင့် မပြောတတ်ပါဘူး၊ ဒီကံများသလောက် ဆက်ရမှာဘဲ....(မှန်ပါ့)။

မောင်နိုင်-ဘယ့်နှယ်တုံး....(ကံများသလောက် ဆက်ရမှာပါဘုရား) ကိုစံလှ-ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်ဟာ သံသရာရှည်သွားတယ်လို့ ဆိုယင် ဒီဘက်မှာ ဇာတိ ဇရာ မရဏပေါင်း ဘယ်လောက် လာမတုံး....ဆိုတော့ အို....ဒီကံလုပ်သလောက်ပေါ့၊ ဒီကံ ဘယ်လောက်များမယ်မှ မသိဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီကံ ဘယ်လောက်များမယ်မှမသိတော့ ဒီဘဝပေါင်း ဇာတိ ဇရာ မရဏပေါင်းကလဲ ဘယ်လောက်လာမယ်လို့ ဆိုနိုင်ပါ့မလဲ....(မဆိုနိုင်ပါဘုရား)။

ဒါဖြင့် ရှည်သွားပြီ....(မှန်ပါ့) ဘယ့်နှယ်ကြောင့် ရှည်ပါလိမ့်မတုံးလို့ မေးဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား) ရှည်တာသည် တကာတကာမတို့ ဒီရှေ့ပိုင်းကရှိတဲ့ ခုနင်ကပြောခဲ့တဲ့

သားသမီးမျက်နှာ၊ သားသမီးရဲ့ ပြောသံ-ဆိုသံ၊ သားသမီးတို့ကို ခင်မှု, ကြင်မှု, သားသမီးတည်း....ဟူသော ခန္ဓာငါးပါးကို ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာက္ခန္ဓာ-ဆိုတဲ့ ခန္ဓာငါးပါးကို ငါးပါးစလုံး သူ့ခင်တယ်....(မှန်ပါ့) မခင်ဘူးလား....(ခင်ပါတယ်ဘုရား)။

ခင်တော့...: ခင်တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ အားထုတ်တာက ကံ၊ သေလို့ရမှာက ဇာတိ, ဇရာ, မရဏ၊ မရေပဘူးလား....(ရပါတယ်ဘုရား)။

အဲ....နိဗ္ဗာန်မရထိုက်တဲ့ပုဂ္ဂိုလ်မှာ ဒီလို နှစ်ဘဝဆက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ၁-၂-၃-က ပစ္စုပ္ပန်ဘဝ, ယခုဘဝ၊ နောက် ၁-၂-၃-က အနာဂတ်ဘဝ၊ နှစ်ဘဝဆက်တဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မရလို့ ဆက်တာဘဲ....(မှန်ပါ့ဘုရား)။

ကိုစောမောင်-ဘယ်နှယ်ဆိုပါ့မလဲ....(နှစ်ဘဝဆက်တဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မရလို့ ဆက်တာပါဘုရား)။

နှစ်ဘဝဆက်တယ်ဆိုကတည်းက ခင်ဗျားတို့ နိဗ္ဗာန်ဟာ သေသည်၏အခြားမဲ့၌ ရ-ရမည့်အလုပ်....(မှန်ပါ့)ပစ္စုပ္ပန်မြင်ထားတဲ့ ပုဂ္ဂိုလ်ဟာ ရ-ရမည့်ပုဂ္ဂိုလ်၊ ထိုကဲ့သို့ မရတဲ့အပြင် ပဋိသန္ဓေပြန်နေရပါတယ် ဆိုကတည်းက ဒီဘဝ ဒုက္ခပြီး ဟိုဘဝ ဒုက္ခလာတာဘဲဆိုတာ သေချာတယ်....(သေချာပါတယ်ဘုရား)။

အဲဒါကြောင့် နိဗ္ဗာန်မရမည့်ပုဂ္ဂိုလ်ဟာ ဒီဟာတွေကို ချုပ်အောင် မလုပ်နိုင်လို့....(မှန်ပါ့) ဒီဘက်က သားသမီး ခန္ဓာ

ငါးပါးဖြစ်ဖြစ်၊ မိမိခန္ဓာငါးပါးဖြစ်ဖြစ် မောင်နှိုင်ရေ-ဖြစ်ပျက်မြင်အောင်၊ ဖြစ်ပျက်မှုန်းပြီး၊ ဖြစ်ပျက်အဆုံးဆိုတဲ့ ချုပ်အောင် သူမလုပ်နိုင်တဲ့အတွက် သံသရာဆက်လာတာ....(မှန်ပါ့)။

ပစ္စုပ္ပန်သံသရာနဲ့ အနာဂတ်သံသရာ ဘယ်နှယ်နေကြသတုံး-ဆက်ပါတယ်ဘုရား) ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား) ဒါဟာ နိဗ္ဗာန်မရမည့်ပုဂ္ဂိုလ် ဒီအတိုင်းဘဲ....(မှန်ပါ့) ကိုစံလှ-ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

တဏှာ, ဥပါဒါန်, ကမ္မဘဝက ယခုပစ္စုပ္ပန်ဘဝပေါ့.... (မှန်ပါ့) နောက်လာမည့် ဇာတိ, ဇရာ, မရဏက အနာဂတ်ဘဝ မဟုတ်လား....(မှန်ပါ့) မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

ဒီကံက ဆက်ပေးထားတယ်၊ ကိုစောမောင်-မဆက်ဘူးလား-(ဆက်ပါတယ်) အားလုံး တကာတကာမတွေ့ ဆက်ပုံ သဘောကျပလား....(ကျပါပြီ) ဒါက နိဗ္ဗာန်ရတဲ့ပုဂ္ဂိုလ်လား, မရတဲ့ပုဂ္ဂိုလ်ပေါ့....(မရတဲ့ပုဂ္ဂိုလ်ပါဘုရား)။

ဩော်....နိဗ္ဗာန်မရတဲ့ပုဂ္ဂိုလ်ဟာ ဒီလိုဆက်သကိုး....ဆိုတော့ ဒါရှင်းလင်းပြီးသကာလ ဉာဏ်ထဲမှာထားလိုက်ပါ၊ နိဗ္ဗာန်မရတဲ့ပုဂ္ဂိုလ် ပြောစမ်းပါဆိုတော့ ဒါထုတ်ပြ၊ ကိုစံလှ-ကျေနပ်ပြီ.... (ကျေနပ်ပါပြီဘုရား)။

နိဗ္ဗာန်မရတဲ့ပုဂ္ဂိုလ်မှာ ဘယ်နှစ်ဘဝဆက်ပါလိမ့်....(နှစ်ဘဝပါဘုရား) ဒါက အယင်နှစ်ဘဝနော်၊ ဒီကံမျိုးသလောက် အမျိုးကြီးဆက်မယ်ဆိုတာကော....(မလွဲပါဘုရား) မလွဲနိုင်ဘူးဆိုတာ တကာတကာမတွေ့ သဘော့ထားကြပါ ဆိုတာကိုလဲ ရှင်းလင်းပြနေတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် နိဗ္ဗာန်မရတဲ့ပုဂ္ဂိုလ်ဟာ ဒီလိုဘဲ ဆက်နေတော့ မယ်ဆိုတော့ ဒီအဆက်ကြီးဟာ ဆုံးနိုင်ပါ့မလား....(မဆုံးနိုင်ပါဘုရား)။

မဆုံးနိုင်တော့ ဩဩ ကိုယ့်အလောင်းကိုယ်ထမ်းပြီးလည်တဲ့ သံသရာ့ခရီးသည် ဖြစ်ရမှာဘဲ....(မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဘယ်သူ့အလောင်း ဘယ်သူထမ်းလည်တာပါလိမ့်....(ကိုယ့် အလောင်းကိုယ် ထမ်းလည်တာပါဘုရား)။

သေရာဌာနသာမသိတာ၊ အလောင်းကတော့ ထမ်းလျက်ဘဲ (မှန်ပါ့) ဘယ်နေရာမှာ ကိုယ်ထမ်းနေတဲ့အလောင်းကြီး မြုပ် ရမယ်ဆိုတာ ကိုယ်-ကိုယ်တိုင်တော့မသိဘူးပေါ့ဗျာ၊ ထမ်းလျက် ကတော့ သေချာတယ်....(မှန်ပါ့)။

ထမ်းလျက်က ဘယ့်နှယ်တုံး .... (သေချာပါတယ်ဘုရား) မြုပ်ရမည့်နေရာဌာနကတော့....(မသေချာပါဘုရား) သို့သော်- တနေရာရာ မြုပ်ရမယ်ဆိုတာကတော့ (သေချာပါတယ်ဘုရား)။

သူများပါးစပ်ထဲ မြုပ်ရမလား, မြေပေါ်ဘဲ မြုပ်ရမလား၊ ကောင်းကင်မှာဘဲ ဆုံးရှုံးမလားဆိုတာ မသိနိုင်ဘူး....(မှန်ပါ့) သိနိုင်ပါ့မလား....(မသိနိုင်ပါဘုရား)။

ဖါးဖြစ်တဲ့ဘဝကျတော့ မြေ့ပါးစပ်ထဲ လမ်းဆုံးတယ်.... (မှန်ပါ့) ငါးကလေးဘဝကလေးဖြစ်တဲ့အခါ ပုဇွန်ကလေးဘဝ ကလေးဖြစ်တဲ့အခါကျတော့ စွန့်ပါးစပ်ထဲမှာ သင်းချိုင်း သွားဖြစ်တယ်....(မှန်ပါ့) ဒီအတိုင်းမဖြစ်ပေဘူးလား....(ဖြစ်ပါတယ် ဘုရား)။

ဒါဖြင့် တကာတကာမတို့ နှစ်ဘဝဆက်တဲ့ဥစ္စာ နိဗ္ဗာန်မရတဲ့ ပဋိဂိုလ်လို့ ရှင်နာဂသိန်က ပြလိုက်တယ်....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရမည့်ပဋိဂိုလ် ပြောစမ်းပါဦးဘုရား၊ လို့မိလို့ မင်းကြီးက ကိုစောမောင် မေးပြန်တယ်....(မှန်ပါ့)နိဗ္ဗာန်ရမည့် ပဋိဂိုလ်ကတော့ မိမိခန္ဓာဖြစ်စေ၊ သူတပါးခန္ဓာဖြစ်စေ၊ ခန္ဓာငါးပါး တပါးပါးကို အနိစ္စရှုပြီးသကာလနေတော့ မောင်နိုင်တို့ သိပြီးသားအတိုင်း ရှုနေတဲ့မဂ်ဟာဒီကြားမှာလာဝင်တာဘဲ၊ မဝင်ဘူးလား....(ဝင်ပါတယ်)ပစ္စုပ္ပန်ဘဝ ရှေ့နားဝင်လာတယ် ကိုစံလှရေ ပစ္စုပ္ပန်ဘဝ ရှေ့နားဝင်လာတယ်၊ မဝင်လာဘူးလား (ဝင်လာပါတယ်ဘုရား)။

ဒါဟာ မိမိခန္ဓာဖြစ်စေ၊ သားသမီးခန္ဓာ ဖြစ်စေပေါ့ဗျာ၊ ကြိုက်တာရှုပါတဲ့၊ ဘယ်သူ့မှာဖြစ်ဖြစ်ခန္ဓာငါးပါးရှိတာချည့်ဘဲ (မှန်ပါ့) ခန္ဓာငါးပါး တပါးပါးတော့ဖြင့် မောင်နိုင်ဝိပဿနာ ရှုရလိမ့်မယ်....(မှန်ပါ့) ဒါဖြင့် ရှုပကွန္ဓာ သားသမီးခန္ဓာရှုရှု၊ မိမိခန္ဓာရှုရှု အတူတူဘဲ ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်ကို မြင်တဲ့အခါကျလို့ရှိယင် မြင်တဲ့မဂ်ဟာ ပေါ်လာတယ် .... (မှန်ပါ့) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတယ်ဆိုကတည်းက မြင်လို့ခင်တဲ့ တဏှာ,ဥပါဒါန်, ကံလာသေးရဲ့လား....(မလာပါ) ဖြစ်ပျက်မြင်တဲ့ မဂ်သာလျှင် ရှေ့ပိုင်းကလာနေတော့၊ တဏှာ, ဥပါဒါန် ဘယ့်နှယ်နေသတုံး- (ချုပ်ပါတယ်ဘုရား) ဒါဖြင့် ပစ္စုပ္ပန်ဘဝကိုက ချုပ်တယ် ကိုစောမောင်....(မှန်ပါ့ဘုရား)။

ပစ္စုပ္ပန်ဘဝကိုက ဘာချုပ်သတုံး .... (တဏှာ,ဥပါဒါန်,ကံ, ချုပ်ပါတယ်) ဒါဖြင့် အနာဂတ်ဘဝက ဇာတိ, ဇရာ, မရဏ တွေ့လဲဘယ်လိုစဉ်းစားကြမလဲ....(ချုပ်ပါတယ်) ချုပ်တယ်လို့ဘဲ စဉ်းစားရမယ်....(မှန်ပါ့ဘုရား)။

ဩော်.... ဒါဖြင့် အလုပ်လုပ်တဲ့ပုဂ္ဂိုလ် ပစ္စုပ္ပန်အကြောင်း တွေ့လဲချုပ်လို့ အနာဂတ်အကျိုးတွေ့လဲ.... (ချုပ်သွားပါတယ် ဘုရား) ကိုစံလှ-ဒါအမြင်ပြောနေတယ်နော်....(မှန်ပါ့)အားလုံး တကာတကာမတွေ့ ဒါကျေကျေနပ်နပ် သဘောကျပလား.... (ကျပါတယ်ဘုရား) ဒါလာကို မလာဘူး၊ တဏှာ, ဥပါဒါန်, ကံလာသေးရဲ့လား....(မလာပါဘုရား)။

မလာတဲ့အတွက် ပစ္စုပ္ပန်ဘဝမှာကိုက မီးသိမ်းတယ်၊ အနာဂတ်ဘဝဆိုတော့ လောင်စာတွေ့သိမ်းတယ်၊ ဇာတိ,ဇရာ,မရဏ ဆိုတော့ မောင်နှိုင် လောင်စာတွေ့မနေဘူးလား.... (မှန်ပါ့) ဒီကမီးသိမ်းလို့ ဒီလောင်စာတွေ့ကော.... (သိမ်းပါတယ်ဘုရား) ဒဲ့ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းတယ်ဆိုတာကော သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ဟာ မီးကို အယင်ငြိမ်းလိုက်တဲ့ အတွက် လောင်စာတွေ့ပါမပေါ်လာတော့ဘူး....(မှန်ပါ့) မဆို နှိုင်ဘူးလား....(ဆိုနှိုင်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ဆိုလို့ရှိယင် ချုပ်တာ နိဗ္ဗာန်လို့ဆိုသဖြင့် ၁- ၂- ၃- ဆိုတဲ့ ပစ္စုပ္ပန်ဘဝချုပ်တာလဲ နိဗ္ဗာန်ဘဲ....(မှန်ပါ့) ဒါကိုလေသာသိမ်းတဲ့နိဗ္ဗာန် .... (မှန်ပါ့ ဘုရား)။

ကိုစံလှ ဘာတဲ့တုံး.... (ကိလေသာသိမ်းတဲ့ နိဗ္ဗာန်ပါဘုရား) တဏှာ, ဥပါဒါန်,ကံတို့ဟာ ကိလေသာပေါ့ဗျာ.... (မှန်ပါ) ကိလေသာသိမ်းတဲ့နိဗ္ဗာန်၊ ဒီဘက်ကခန္ဓာသိမ်းတဲ့(နိဗ္ဗာန်ပါ) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဒါရှုတဲ့ပုဂ္ဂိုလ်မှာနော်.... (မှန်ပါ့) ရှုတဲ့ပုဂ္ဂိုလ်မှာရှေးဦးစွာ မီးငြိမ်းတဲ့နိဗ္ဗာန်ဟုတ်လား.... (မှန်ပါ့) နောက်ဘဝကျလှုံရှိယင် ထင်းသိမ်းနဲ့နိဗ္ဗာန်....(မှန်ပါ့) ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ရှုတဲ့ပုဂ္ဂိုလ်မှာ ဒီဘဝဘာဖြစ်ပါလိမ့် .... (မီးငြိမ်းတဲ့နိဗ္ဗာန်ပါဘုရား) နောက်ခန္ဓာကြီးမလာသောကြောင့် ထင်းသိမ်းတဲ့နိဗ္ဗာန်ဆိုယင်ကော....(မလဲ့ပါ) ဒါဖြင့် တကာတကာမတို့ ဒီမီးကြောင့်ဘဲ ထင်းတွေ့ဆက်ပြီးတော့ ဖြစ်စေနိုင်မှာ ကိလေသာမီးမှ မရှိတော့ဘဲနဲ့ ခန္ဓာထင်းဖြစ်စရာလိုသေးသလား.... (မလိုပါဘုရား)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲ....ဒါဖြင့် ဒို့ဆရာဘုန်းကြီးဟောနေတာ အလုပ်လုပ်လိုက်ယင်ဖြင့် အလွယ်သားဘဲဆိုတာကို ခင် ဗျားတို့ရှင်းပါပြီ .... (မှန်ပါ့ဘုရား)။

အလုပ်လုပ်လိုက်ယင်တော့ဖြင့် .... (အလွယ်သားဘဲ)လွယ်ပါတယ် တကာတကာမတို့ အလုပ်လုပ်လို့ရှိယင် အင်မတန်လွယ်ပါတယ်၊ ဒါကြောင့် မိမိခန္ဓာထဲတပါး:ပါး:ကို ဖြစ်မှုပျက်မှုကလေး ဖြစ်ပျက်ကလေး မြင်အောင်ကြည့်ကြပါ၊ ကြည့်ကြပါဆိုတာ တဖွဖွပြောပြီး တိုက်တွန်းရတာဟာ ဘယ်အကျိုးငှာတုံး အမေးထုတ်တော့မှ တကာတကာမတွေ သြော် .... မီးသိမ်း၍

ထင်းတွေပြောင်အောင် လုပ်နေတာကိုးဆိုတာ ကိုစံလှ ကောင်းကောင်းပေါ်ပြီ....(ပေါ်ပါပြီဘုရား) မပေါ်လာဘူးလား.... (ပေါ်လာပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ရှေ့ပိုင်းကခန္ဓာဆိုတဲ့တရားကိုမှ အနီစွမြင်တဲ့မင်္ဂပေါ်မလာလို့ ရှိယင် ဘယ်မှာဒီမိုးငြိမ်းအောင်လုပ်နိုင်ပါ့မလဲ....(မလုပ်နိုင်ပါ) ဒီမိုးမှမငြိမ်းလို့ ရှိယင်ဖြင့် ဒီထင်းတွေသိမ်းပါ့မလား....(မသိမ်းပါ) နောက်ထပ် ပေါ်ဦးမှာဘဲဆိုတဲ့ဥစ္စာ တကာတကာမတွေ ဘာမှသံသယမရှိပါနဲ့....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ တကာတကာမတို့ မိမိခန္ဓာကို ဖြစ်ပျက်မြင်အောင် ကြည့်ပြီးသကာလ နေလို့ရှိယင်ဖြင့် မင်္ဂဟာမဖြစ်ဘူးလား....(ဖြစ်ပါတယ်)ဖြစ်ပြီးသကာလ နေတော့ မိမိခန္ဓာကြီးကို မလိုချင်ပါဘူး၊ ဒါသည် ဒုက္ခသစ္စာဘဲလို့ ဒီဉာဏ်ကနေပြီး ရှုတိုင်းရှုတိုင်း ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိမယ်ဆိုလို့ ရှိယင်ဒီဒုက္ခချုပ်ဘယ်....(မှန်ပါ့) မချုပ်ပေဘူးလား (ချုပ်ပါတယ်ဘုရား)။

ကောင်းပြီ ဒီဒုက္ခချုပ်တော့ ဒီဒုက္ခချုပ်လို့ ရှိယင် တကာတကာမတို့သိတဲ့အတိုင်း တဏှာ,ဥပါဒါန်,ကံတွေဟာလဲ ချုပ်ရမှာဘဲ....(မှန်ပါ့) ဒါဖြင့် ဒီဘင်္ဂဇာတိ, ဇရာ, မရဏတွေကော....(ချုပ်ရမှာပါ) ဒါဖြင့် ချုပ်တဲ့နိဗ္ဗာန်ဘဲဆိုတာ ပေါ်သွားပြီ....(ပေါ်ပါပြီဘုရား)။

ရှေ့ကလဲချုပ်ယင်.... (နိဗ္ဗာန်ပါဘုရား) ရှေ့ကချုပ်နေလို့ နောက်ကအစဉ်အတိုင်း မဖြစ်တာကော .... (နိဗ္ဗာန်ပါဘုရား)

ဒါဖြင့် တကာတကာမတို့ အရေးတကြီး ပြောချင်တာကတော့ ဘာပါလိမ့်မလဲဆိုတော့ ဒီအလုပ်သမားတွေအတွက်မှာ တကာတကာမတို့ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာချုပ်ဘို့အရေးကြီးတယ်....(မှန်ပါ့ဘုရား)။

စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ.... (စိတ်ချုပ်ဘို့ အရေးကြီးပါတယ်) ချုပ်သွားတဲ့အခါကျတော့ သူက ချုပ်သွားတော့ ဒီက မင်္ဂစ်ဖြစ်ပြီး သကာလ ကိလေသာမီးဆိုတဲ့ တဏှာ, ဥပါဒါန်, ကံတွေဟာ ဘယ်နည်းနဲ့ အညှန့်ပေါက်ဦးမလဲ .... (မပေါက်ပါဘုရား)။

ဘယ်နည်းနဲ့မှ အညှန့်မပေါက်တော့ ဒီ ခန္ဓာပင်ကြီးဆိုတဲ့ ထင်းပင်ကြီး ပေါ်စရာလို့သေးသလား-(မလိုပါဘုရား) ဒါဖြင့် ကိုစောမောင်-ဘယ်အပေါ်မှာ ရှိနေသတုံးဆိုယင် ချုပ်အောင် ရှုနိုင်တဲ့အပေါ်မှာ ရှိနေတယ်....(မှန်ပါ့)။

တကာတကာမတို့ ယနေ့တရား သဘောကျပလား .... (ကျပါပြီဘုရား) ဘယ်လို့လုပ်မှ ကိစ္စပြီးမှာပါလိမ့် .... (ချုပ်အောင်လုပ်မှ ပြီးမှာပါဘုရား)။

အဲ .... ဝေဒနာရှုတဲ့ပုဂ္ဂိုလ် ဝေဒနာကို ချုပ်ငြိမ်း- ရုပ်သိမ်းအောင်လုပ်ပါ၊ ရှင်းပလား....(ရှင်းပါပြီဘုရား) စိတ်ရှုတဲ့ပုဂ္ဂိုလ်ကလဲ....(စိတ်ချုပ်အောင် လုပ်ရပါမယ်ဘုရား)။

ဒါဖြင့် သူ ချုပ်စေချင်လို့ ရှိယင် ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်မှ ချုပ်တာနော်....(မှန်ပါ့) မရှိဘူး၊ မရှိဘူး၊ မရှိဘူး သိလာတဲ့ ပုဂ္ဂိုလ်မှာ မိမိသေတာ မိမိသိပြီးသကာလ နေတဲ့ပုဂ္ဂိုလ်မှ မိမိအသေကောင်ကြီးနဲ့ဖြင့် နေလဲမနေချင်ပါဘူး....ဆိုတော့ မိမိ

အသေကောင်ဖြစ်တဲ့ခန္ဓာကြီးဟာ ချုပ်သွားပြီး ဉာဏ်ကျန်ရစ်နေတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာကျန်နေခဲ့သလဲ....(ဉာဏ်ကျန်နေခဲ့ပါတယ်)ဉာဏ်ကျန်ပြီး သကာလ နေရစ်တော့ သြော်....ဒါဖြင့် ခန္ဓာတော့ချုပ်သွားပြီ၊ ဉာဏ်ဘဲကျန်တော့တယ်၊ ဒီဉာဏ်ကလဲ ဘာလုပ်နေပါလိမ့်မတုံးမေးတော့ နောက်က တဏှာ ဥပါဒါန်,ကံတွေ သတ်နေတာဘဲ (မှန်ပါ့) လာလတ္တံ့ဖြစ်တဲ့ အနာဂတ် ဇာတိ, ဇရာ, မရဏာတွေကော....(သတ်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဒီဉာဏ်သည်ကား-လို့ ဆိုယင်ဖြင့် လောင်စာသိမ်း၍ မီးငြိမ်းအောင်လုပ်နိုင်တာဒီဉာဏ်....(မှန်ပါ့)။

လောင်စာသိမ်း၍ မီးငြိမ်းအောင် လုပ်နိုင်တာ.... (ဒီဉာဏ်ပါဘုရား) ဒါက မီးဗျာ၊ ဒီဘက်က လောင်စာ.... (မှန်ပါ့ဘုရား)။

ကိုစောမောင် ဒီဘက်က တဏှာ, ဥပါဒါန်, ကံက ဘာပါလိမ့်....(မီးပါဘုရား) နောက်ပေါ်မည့် ခန္ဓာကြီး ဇာတိ,ဇရာ, မရဏက....(လောင်စာပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒီမဂ်သည် ဆုံးအောင် ရှုနိုင်တဲ့ မဂ်သည် ဘာများလုပ်ပါလိမ့်မလဲဆိုလို့ရှိယင် လောင်စာသိမ်း၍ မီးငြိမ်းတယ်....(မှန်ပါ့)။

တကာ တကာမတို့ မဂ်ကိစ္စက ဘာများ လုပ်ပါလိမ့်....(လောင်စာသိမ်း၍ မီးငြိမ်းပါတယ်ဘုရား) အဲ.... အဲဒီဘက်က လောင်စာလဲ သိမ်းပါသတဲ့၊ ဒီမီးလဲ ငြိမ်းပါသတဲ့ တကာတကာ့မတွေ့....(မှန်ပါ့)။

ဒါဖြင့် လောင်စာသိမ်းရှိ မီးငြိမ်းတာ ဘယ်ပုဂ္ဂိုလ်တုံးလို့ မေးတဲ့အခါကျတော့ ဒီဉာဏ်ရှိတဲ့ပုဂ္ဂိုလ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘာများ သူ လုပ်ပါလိမ့် မတုံး.... (လောင်စာသိမ်းရှိ မီးငြိမ်းပါတယ်ဘုရား) လောင်စာသိမ်းရှိ မီးငြိမ်းတယ်ဆိုတာ ကောင်းကောင်း သဘောကျပလား.... (ကျပါပြီဘုရား)။

နို့မဟုတ်လို့ ရှိယင်ဖြင့် ခင်ဗျားတို့ ဒီမီးတွေက နေပြီး ဒီလောင်စာတွေနဲ့ သွားတွေ့ဦးမှာဘဲ(မှန်ပါ့) မတွေ့ပေဘူးလား (တွေ့ပါတယ်ဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ချုပ်ငြိမ်း ရုပ်သိမ်းတာ နိဗ္ဗာန် ဆိုတာ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဘက်က မီးတွေက သိမ်းတာလဲ မီးကုန်တာဘဲ၊ ဒီဘက်က ထင်းတွေ ကုန်တာလဲ တကာတကာမတို့ ထင်းချုပ်ငြိမ်းတာဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ထင်းချုပ်ငြိမ်းတာရယ်၊ မီးကုန်ပျောက်တာရယ် ဒါကို ဘာခေါ်ကြမလဲ....(နိဗ္ဗာန်ပါဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်မဝေးပါဘူး၊ အနီးကလေး ရှိလျက်သားနဲ့ ဆရာပြနည်းလို့ချသော်၎င်း၊ ကိုယ်ပျင်း, ကိုယ်ဖျင်းချသော်၎င်း ဒါဘဲ အပြစ်ဆိုစရာအကြောင်းရှိတယ်.... (မှန်ပါ့)။

ဆရာနည်းပေးညွှံလို့ ရှိယင်လဲ တကာတကာမတွေ့ သံသရာရှည်ချင်လဲ ရှည်သွားကြမယ်၊ သို့မဟုတ် ကိုယ်တိုင်ပျင်းမှု,ဖျင်းမှုတွေ့က ရှုပ်ထွေးနေလို့ လဲ လောင်စာလဲမသိမ်း, မီးလဲမငြိမ်းဘဲနဲ့ တဟုန်းဟုန်း တောက်နေရမယ် ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် မောင်နိုင်,ရေ....ရှုတဲ့အခါမှာ ဘယ်ကျအောင် ရှုမှသာလျှင် ခရီးပေါက်မယ်ဆိုတာကော ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား) ဘယ်ကျအောင် ရှုရမလဲ.... (ပျောက်အောင် ရှုရပါမယ်ဘုရား) ရှေပိုင်းက ပျောက်အောင်ကို ရှုရပါမယ်၊ ဒါ....အရေးကြီးတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ရှေ့ပိုင်းက ကိုယ်ရှုနေတဲ့ ဝေဒနာ ကိုယ်ရှုနေတဲ့ စိတ်ကို ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက်မှန်းပြီး ဒီ-ဖြစ်ပျက်ဟာ ဟောဒီရှုနေတဲ့ ဉာဏ်အောက်မှာ ဆုံးသွားရမယ်.... (မှန်ပါ့) ကိုစံလှ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒီလို မဆုံးသေးလို့ ရှိယင်ဖြင့် ခင်ဗျားတို့ နောက်ဘဝ လောင်စာနဲ့မီး တဲ့လျက်ကြီးဆိုတာ လာဦးမှာဘဲ....(လာမှာပါဘုရား)။

အခုကို တကာတကာမတွေ့မှာ ကြည့်စမ်း၊ ဝမ်းထဲမှာ တခါတလေ သားပူ,သမီးပူတွေ့ဟာ ပူလိုက်တာ၊ ဝမ်းထဲမှာ မီးမရှိနေဘူးလား....(ရှိပါတယ်ဘုရား)။

ဘယ်သူ လောင်ပါလိမ့်မတုံး....မေးတဲ့အခါကျတော့ မီးခြစ်ဆံက ဖြစ်တဲ့မီး မီးခြစ်ဆံကို ပြန်ပြီးလောင်တာပေါ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မီးခြစ်ဆံကလေးက ဖြစ်တဲ့မီးသည် ဘယ်သူ့လောင်သတုံး (မီးခြစ်ဆံလောင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဝမ်းဆဲမှာ ဖြစ်တဲ့မီးသည် ဒီပုဂ္ဂိုလ်ဘဲ လောင်ရမယ်....(မှန်ပါ့) ဒီ.ရုပ်နာမ် လောင်ရမယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ မီးလဲမသိမ်း၊ ထင်းလဲမကုန်ဘဲနဲ့ နေကြမှာသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် တပည့်တော်တို့ ယခု ချုပ်အောင် ထင်းလဲ မသိမ်းဘဲနဲ့ တဲ့လျက်ကြီး လောင်နေလိမ့်မယ်ဆိုတာ ရောက်ရာဘဝက မှတ်လိုက်....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ရောက်ရာ ဘဝမှာ ဘာဖြစ်ကြရမှာတုံး.... (တဲ့လျက်ကြီး လောင်ရမှာပါဘုရား) မီးနဲ့ထင်း တဲ့လျက်ကြီးလောင်ချက်ပြင်း ထန်ပြီးသကာလ ကိုစောမောင် အချိန်ကုန်ရမယ်....(မှန်ပါ့)။

ဒါဖြင့် ရောက်ရာ ဘဝမှာ တပည့်တော်တို့ ဘုံဘဝ ဆုတောင်းတဲ့ပုဂ္ဂိုလ်များမှာ ပြင်းထန်စွာသော မီးနဲ့ ခန္ဓာ ထင်းကြီးနဲ့ဖြင့် အလောင်ကြီးလောင်ပြီး အကျမ်းကြီးကျမ်းပြီးသကာလ သေရပါလို့၏၊ ဒါမလုပ်တဲ့ ပုဂ္ဂိုလ်မှာ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒီမီးကလဲ ရောက်ရာလောင်မှာဘဲ....(မှနပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒီထင်းကလဲ ခန္ဓာရှိတဲ့ပုဂ္ဂိုလ်မှာ ခန္ဓာက မပြတ်သေးတော့ ခန္ဓာမချုပ်သေးတော့ ဇာတိ,ဇရာ,မရဏထင်းတွေကလဲ ပေါ်ရမှာဘဲ....(မှန်ပါ့) မပေါ်ရပေဘူးလား.... (ပေါ်ရပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတို့ ဘဝကို လိုချင်တဲ့ပုဂ္ဂိုလ်မျိုး ထင်းနဲ့မီး တဲ့လျက်ကြီး လောင်ခြင်းကြီး လောင်ပြီး သကာလ သေရပါလို့၏၊ ဒီအဓိပ္ပါယ်ကို သေသေချာချာရောက်....(ရောက်ပါတယ်ဘုရား) မရောက်ကြဘူးလား....(ရောက်ပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်တကာတကာမတို့ဒီအလုပ်ဟာဘာအလုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဖြစ်ပျက်ကုန်ဆုံးအောင် ရှုတဲ့အလုပ်ဟာ လောင်စာသိမ်းရှိ မီးငြိမ်းအောင်လုပ်တဲ့အလုပ်ဘဲ....(မှန်ပါ့ဘုရား) ကိုယ့်ခန္ဓာထဲ မီးလဲသေရမယ်.... (မှန်ပါ့) ထင်းကောကုန်ရမယ်....(မှန်ပါ့)။

သြော်....နိဗ္ဗာန်ဆိုတာဘာပါလိမ့်မလဲဆိုလို့ ရှိယင်ဖြင့်တကာတကာမတို့ လောင်စာသိမ်းရှိ မီးငြိမ်းတာ နိဗ္ဗာန်လို့မှတ်လိုက်(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

လောင်စာတည်းဟူသော ခန္ဓာသိမ်းရှိ ကိလေသာမီးငြိမ်းတာ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

လောင်စာသိမ်းရှိ မီးငြိမ်းတာ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား) ကိုစောမောင် ကောင်းကောင်း ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်လိုပုဂ္ဂိုလ်မှ လောင်စာသိမ်းရှိ မီးငြိမ်းမှာပါလိမ့်မလဲလို့ မောင်နိုင် မေးဘို့ မလိုဘူးလား.... (လိုပါတယ်ဘုရား)။

မိမိခန္ဓာကြီးကို ဒုက္ခသစ္စာလို့ ပိုင်းခြားပြီး ပျော်ဝင်္ကာအောင် ရှုနိုင်တဲ့ပုဂ္ဂိုလ်မှ လောင်စာသိမ်း၍ မီးငြိမ်းမှာ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒုက္ခသစ္စာကြီးကို ပိုင်းပိုင်းခြားခြားသိလို့ ရှေ့ပိုင်းက သူဘာသက်သေခံမှ သူက ပျောက်ပြီးသကာလ သြော်....ယခု ခန္ဓာကြီးကို လောင်စာနဲ့မီး ငြိမ်းပါပေါ့လားဆိုတာ နောက်ခန္ဓာလာဦးမလား....(မလာပါဘုရား) ကဲ....ကိုစံလှ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

အခုခန္ဓာကြီးဟာ လောင်စာနဲ့မီး တဲ့လျက်ကြီး ဉာဏ်ရှေ့တွင် တကာတကာမတို့ အကုန်ပျောက်ထွက်သွားတယ်....(မှန်ပါ့ဘုရား) မပျောက်ဘူးလား....(ပျောက်ပါတယ်ဘုရား)။

အဲဒီ ပျောက်တာကို ထောက်တော့မှ သြော်.... တခုကို လောင်စာသိမ်း၍ မီးငြိမ်းတာမြင်တော့မှ စုတေမနေသေလွန်တဲ့ အခါကျတော့လဲ ဘာများဖြစ်မှာပါလိမ့်မလဲ....လို့ မေးတော့ ဒီမြင်တဲ့ပုဂ္ဂိုလ်ဟာ လောင်စာသိမ်း၍ မီးငြိမ်းတဲ့သဘောဘဲ ဖြစ်ရမယ်....(မှန်ပါ့)။

ဘာများဖြစ်စရာရှိသေးသလဲ....(မရှိပါဘုရား) လောင်စာသိမ်း၍ မီးငြိမ်းတဲ့သဘောနဲ့ဘဲ နေရုံဘဲ မဟုတ်လား....(မှန်ပါ့) အခု တသံသရာလုံးနေခဲ့ရတာ လောင်စာနဲ့ မီးတဲ့လျက်ကြီးနေခဲ့ရတယ်....(မှန်ပါ့)။

တသံသရာလုံး နေခဲ့ရတာဖြင့် .... (လောင်စာနဲ့မီး တဲ့လျက်ကြီးပါဘုရား)။

ဒီလိုချည့်ဘဲ နေခဲ့ရတဲ့အထဲမှာ လောင်စာနဲ့မီးက လောင်စာဆိုတာက ခန္ဓာကိုယ်၊ မီးဆိုတာက ကိုလေသာမီး၊ သားခင်, သမီးခင်, ဆွေခင်, မျိုးခင်, ဟိုလူဒီလူဆိုတာတွေက ဘယ် လောင်ပါလိမ့် .... (ကိုယ့်ခန္ဓာ လောင်ပါတယ်) ကိုယ့်ခန္ဓာ လောင်တယ်၊ ဒီဘဝမှာ မိမိခန္ဓာဖြစ်တဲ့မီးဟာ ဘယ်သူ့လောင်မှာတုံး....(မိမိခန္ဓာလောင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာကြောင့်ဖြစ်တဲ့မီးဟာ ဒီခန္ဓာမှတပါး ဘယ် လောင်စရာရှိသေးသတုံး....(မရှိပါဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ တခါတခါကျတော့ ဒီအပူဘာပူနဲ့မှ မတူပါဘူး....ဆိုပြီးတော့ငိုချင်းများချလိုက်သေးတယ်၊ လောင်လွန်းလို့ပြောတာ....(မှန်ပါ့) လောင်လွန်းလို့ပြောတယ် ဆိုတာကော သဘောကျပလား....(ကျပါပြီဘုရား)။

ဒီအပူမျိုး တွေ့လိမ့်မယ် ကျုပ်မထင်ဘူး၊ အကြီးဆုံးဘဲ....တဲ့၊ အံမာလေး....ဆုံးဖြတ်ချက်ချနေလိုက်တာ....(မှန်ပါ့) အကြီးဆုံးဘဲ-တဲ့ ကိုစောမောင်....(မှန်ပါ့)။

အင်မတန် ချစ်လှစွာသော သမီးကလေးတို့ နှမြောစရာကောင်းလိုက်တာလို့ များ သေကျေပျက်စီးသွားတဲ့အခါကျလို့ ရှိယင်ဖြင့် ဒီအပူ ဘာနဲ့မှမတူဘူး၊ လောင်လိုက်တဲ့ဖြစ်ခြင်း တခါတည်း ရေတွေ ဘာတွေ အများကြီးပေးတာတောင်မှ သောက်နိုင်တယ်၊ အပူငြိမ်းတယ်လို့ ရှိရဲ့လား....(မရှိပါဘုရား) မရှိလို့ ထပ်ထပ်ငိုတယ်....(မှန်ပါ့)။

မရှိလို့ ထပ်ထပ်ငိုတယ်ဆိုကတည်းက တကာတကာမတွေ.... တခါ မျက်ရည်များကြည့်လိုက်စမ်း.... တကာတကာမတွေ နှေးပြီးများထွက်လာတယ်....(မှန်ပါ့)။

မျက်ရည်များကြည့်လိုက်တဲ့အခါ.... (နှေးပြီး ထွက်လာပါတယ်ဘုရား) ခင်ဗျားတို့ လက်ကိုင်ပုဝါနဲ့ သုတ်တဲ့ အခါမှာ အေးထွက်လာသလား၊ တကာ တကာမတွေ နှေးထွက်လာသလား....(နှေးလာပါတယ်ဘုရား)။

ဘယ်လောက်ထိအောင် ပြင်းတဲ့မီးပူနေတယ်ဆိုတာ အတော်အဝေးကြီးထွက်လာတာတောင် နှေးတုန်းရှိသေးတယ်....(မှန်ပါ့ဘုရား) ဒါ.... ပဌမလောင်စာကဖြင့် ဆူပွက်နေတယ် ဆိုတဲ့ အဓိပ္ပါယ်ရှင်းလို့....(မှန်ပါ့)။

ခန္ဓာကိုယ်ရော လူချင်း,သူချင်းတူသေးရဲ့လား.... (မတူပါဘုရား) လောင်ချက်နာထားတာ ဘယ်မှာ တူလိမ့်မတုံး....ဗျ.... (မှန်ပါ့) လောင်ချက် နာထားတဲ့အတွက် တူသေးရဲ့လား.... (မတူပါဘုရား)။

အဲဒါ....တသံသရာလုံး တပည့်တော်တို့ နောက်တုန်းက ဘာများဖြစ်ခဲ့သတုံး၊ အို....ဒီလိုဘဲ လောင်စာနဲ့မီး တွဲလျက်ကြီးနဲ့ အချိန်ကုန်ခဲ့တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

တသံသရာလုံး ဘာနဲ့နေခဲ့ရသလဲ....(လောင်စာနဲ့မီးတွဲလျက်ကြီးနဲ့ နေခဲ့ရပါတယ်ဘုရား) ဘယ်တော့များ တကာတကာမတို့ မီးနဲ့ခန္ဓာနဲ့ဟာ ကင်းနေတယ်လို့များ ရှိရဲ့လား.... (မရှိပါဘုရား)။

အဲဒါ အခုညာဏ်နဲ့ သေသေချာချာကြည့်တော့မှ သြော်.... ဒုိ့သည်ကားလို့ဆိုယင်ဖြင့် နောက်ဘဝက ဘာများဖြစ်ခဲ့ပါလိမ့် ဘာမှ မဖြစ်ဘူး တကာတကာမတို့၊ မီးနဲ့ထင်း ဖြစ်ခဲ့တယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နောက်ဘဝက ဘာမျှးဖြစ်ခဲ့ပါလိမ့်....(မီးနဲ့ထင်း ဖြစ်ခဲ့ပါတယ်ဘုရား) ရှေ့လဲ ယခုခန္ဓာကြီးထဲမှာ ပျော်အောင် မရှုနိုင်လို့ ရှိယင် ဖောင်နိုင် ဘာဖြစ်မယ်ထင်သတုံး....(မီးနဲ့ထင်းဖြစ်မှာပါဘဲဘုရား) မီးနဲ့ ထင်းနဲ့ တဲ့လျက်ဘဲ ဖြစ်ရမယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ တမိုင်မိုင် တထွေထွေ, တဆွေးဆွေး, တကြောင့်ကျကျနဲ့ နေတာ ဘာဖြစ်နေတာတုံး၊ မီးလောင်နေတာ ထင်းတွေ့ကို....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မီးတွေ့က ဘာလောင်နေပါလိမ့်....(ထင်းတွေ့လောင်နေပါတယ်ဘုရား) ထင်းဆိုတာ ရူပက္ခန္ဓာ၊ မီးဆိုတာ နာမက္ခန္ဓာ (မှန်ပါ့)။

နာမက္ခန္ဓာ ကိလေသာမီးတွေ့က ထင်းတည်း ဟူသော ရူပက္ခန္ဓာ၊ ရုပ်နဲ့နာမ်ဟာ တဲ့လျက်ကိုး တခါတည်း လောင်ပြီးသကာလ နေလိုက်တဲ့ဖြစ်ခြင်းဟာ လူစဉ်မျှး မှီသေးရဲ့လား....(မမှီပါဘုရား)။

ကျုပ်ဖြင့် သေလိုက်ချင်တော့တယ်ဆိုတဲ့ဥစ္စာ သူတို့ ဆည်မရတဲ့အဓိပ္ပါယ်ဘဲ....(မှန်ပါ့) ကျမ်းနေတဲ့အဓိပ္ပါယ်ပြောတာ....(မှန်ပါ့) ရှင်းကြပ့လား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ နောက်ဘဝက ဘာဖြစ်ခဲ့ပါလိမ့်....(လောင်စာနဲ့ မီးဖြစ်ခဲ့ရပါတယ်ဘုရား) လောင်စာနဲ့ မီးနဲ့ဟာ တဲ့ပြီး လောင်နေတာဘဲ၊ ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒီဘဝထဲ ဝိပဿနာလုပ် လောင်စာသိမ်း၍ မီးငြိမ်းအောင် မမြင်တဲ့ပုဂ္ဂိုလ်ဟာ မောင်နိုင်.... (လောင်စာနဲ့မီး တဲ့ပြီး လောင် နေပါတယ်ဘုရား) ဒါဘဲ ကိုစံလှ သွားလိမ့်မယ်ဆိုတာ ကောင်း ကောင်း ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ကို တကာ တကာမတို့ ဒီအရေးဟာ သူများ အရေးလား- ကိုယ့်မီးနဲ့ ကိုယ် ထင်းသိမ်းတဲ့ အရေးဟာ၊ ကိုယ့် အိမ်မှာ လောင်တဲ့မီး ကိုယ်ငြိမ်းရတဲ့အရေးဟာဖြင့် သူများထက် ပြာရလိမ့်မယ်....(မှန်ပါ့) ကိုယ့်အိမ်လောင်တာကိုး.... တကာ တကာမတို့ရဲ့....(မှန်ပါ့)။

ဘယ်အိမ် လောင်တာပါလိမ့်.... (ကိုယ့်အိမ် လောင်တာပါ ဘုရား) ကိုယ့်ခန္ဓာအိမ်လောင်တာ ဟုတ်လား.... (မှန်ပါ့ဘုရား) သူများက ငြိမ်းပေးဘို့ စောင့်ဘို့ လိုသလား၊ ကိုယ့်အိမ်လောင်တဲ့ မီးဟာ သူတပါးထက် ကိုယ်က အရေးကြီးမှာလား....(သူတပါး ထက် ကိုယ်ကအရေးကြီးရမှာပါဘုရား) ကိုစောမောင် ကျေနပ် ပလား....(ကျေနပ်ပါပြီဘုရား)။

အဲဒါလောက်ကျအောင် ဉာဏ်က မရောက်ကျသေးတော့ တကာတကာမတွေက တစတစလုပ်ရမှာဘဲဆိုတဲ့ လေချွေသွေး သေးတယ်၊ အင်မတန် ညံ့ဖျင်းတဲ့စိတ်လို့ဆိုယင် ကိုစံလှ ဘယ့် နှယ်တုံး.... (မလဲ့ပါဘုရား) ကိုယ့်အိမ်ကိုယ်လောင်နေတာ ပြာ ရမှာလား- မပြာရဘူးလား .... (ပြာရမှာပါဘုရား) သူများ ထက် ဘယ်နှစ်ဆ ပိုပြာရမလဲ.... (များစွာ ပိုပြာရပါမယ်ဘုရား) အစွမ်းကုန်ရှိသလောက် ပြာရမယ်၊ ဘာဖြစ်လို့တုံး၊ ကိုယ့်ခန္ဓာ အိမ်ကို ကိုယ်မီးက လောင်နေတယ်....(မှန်ပါ့)။

ဒီဥစ္စာကိုဖြင့် ကိုယ်.မင်္ဂနဲ့ ကပြာကယာ ငြိမ်းတဲ့နည်း ဆရာဘုန်းကြီးကပေးတော့ ဒါဖြင့် တကာတကာမတို့ ထင်းကိုဖြစ်စေဖြစ်ပျက်ရှုပါ....(မှန်ပါဘုရား) ထင်းဆိုတော့ ရှုပကွန္ဓာပေါ့....(မှန်ပါ့) နာမကွန္ဓာဆိုတဲ့ ကိလေသာမီးကိုလဲ ဖြစ်ပျက်ရှုပါ၊ အဲဒါဟာ မီးကို ငြိမ်းသတ်တဲ့နည်းဘဲ....(မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကိုလေသာမီးကို ဘယ်လိုသတ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုတော့ ဘာသေသတုံး.... (မီးသေပါတယ်ဘုရား)။

ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက.... (မဂ္ဂသစ္စာပါဘုရား) သေတာက သမုဒယသစ္စာ၊ နောင်၌ လောင်စာ ထင်းတွေ့မီးတွေ့ငြိမ်းတာက ဘာတုံး....(နိရောဓသစ္စာပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်- မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး
ဟောကြားဆုံးမတော်မူသော
သံသရာမှာ အစမရှိ၊ အဆုံးရှိသည်။
နိဗ္ဗာန်မှာ အစသာရှိသည်၊ အဆုံးမရှိ။
သစ္စာသိယင် သံသရာဆုံးသည်။
သစ္စာသိယင် နိဗ္ဗာန်အစ

ဓနု-အလုပ်ပေးတရားတော်

ဒါဖြင့် ခန္ဓာငါးပါးရုပ်တရားဆိုတာတော့ သိသွားပြီ၊ နိဗ္ဗာန်တရားဆိုတာ ရှိသေးတယ်၊ သူကတော့ တကာ တကာမတို့ ပြောင်းပြန်- ပြန်ပြီး မှတ်လိုက်တာပေါ့၊ ဆင်းရဲမရှိ- အမြဲရှိ၏....(မှန်ပါ့)။

နိဗ္ဗာန်တော့ ဘယ်လိုမှတ်ကြမယ်....(ဆင်းရဲမရှိ- အမြဲရှိ၏ပါဘုရား) ခန္ဓာငါးပါး ရုပ်တရားကတော့ အမြဲမရှိ-ဆင်းရဲရှိ၏၊ ကိုစောမောင်-သေသေချာချာမှတ်နော်....(မှန်ပါ့)။

ခန္ဓာငါးပါး ရုပ်တရားကတော့.... (အမြဲမရှိ- ဆင်းရဲရှိ၏ပါဘုရား) အမြဲကလဲမရှိပြန် ဆင်းရဲကလဲ ရှိနေပြန်တယ် ဆိုတော့ လိုချင်စရာ, ရချင်စရာ ဘာမှမပါဘူး....(မှန်ပါ့) ကိုစံလှ- ပါသေးရဲ့လား....(မပါ-ပါဘုရား)။

သူ့သဘောသာစဉ်းစားကြည့်လေ.... ခန္ဓာငါးပါး ရုပ်နာမ်တရား ဆိုတာက အမြဲမရှိဘူး....တဲ့၊ ဆင်းရဲသာ ရှိတယ်....တဲ့၊ ကိုစောမောင်-ဘယ်မှာ လိုချင်စရာ,ရချင်စရာ....(မရှိပါဘုရား)။

ဒါက ဝိပဿနာသမားမျှားမှာ သြော် .... ဒီလိုသိနှင့်ပြီး သကာလ ထားဘို့ အရေးကြီးတယ်ဆိုတာ မောင်နိုင်-ပေါ်လာပြီ....(ပေါ်လာပါပြီဘုရား)။

နိုဗ္ဗာန်တရားကတော့ ဘယ်လိုပါလိမ့်မတုံး-ဆိုတော့ ပြောင်းပြန်လှည့် ဆင်းရဲမရှိ-အမြဲရှိ၏....(မှန်ပါ့) ဆင်းရဲမရှိဘူး....တဲ့၊ အမြဲလဲ ရှိနေတယ်ဆိုတော့ သြော်....နိုဗ္ဗာန်ကတော့ ဆင်းရဲမရှိ အမြဲရှိတာက ဆင်းရဲလဲမရှိဘူး၊ အမြဲတမ်းလဲ ရှိနေတယ်၊ ဘယ်တော့မှ မပျက်ဘူး၊ ဒါ့ကြောင့် "ဓုဝနိဗ္ဗာန်, သုခနိဗ္ဗာန်, အမတနိဗ္ဗာန်" ဆိုတဲ့ဥစ္စာ မသေတဲ့နိဗ္ဗာန်ဆိုကဲ့ဥစ္စာ တကာတကာမတွေ့ ဆင်းရဲလဲမရှိ-အမြဲရှိတဲ့ဆီသို့ ကျုပ်တို့ဘုန်းကြီးမျှားကလဲအရောက်ပို့၊ တကာတကာမတွေ့ကလဲ အရောက်သွားမှသာလျှင်ဒီ ကိစ္စပြီးကြမယ်ဆိုတာဖြင့် ရှင်းသွားပြီ....(ရှင်းပါပြီဘုရား)။

ရုပ်နာမ်ဓမ္မတွေ့ကတော့ ဘယ့်နှယ်တုံး .... (အမြဲမရှိ ဆင်းရဲပါတယ်) ဘယ်ရုပ်နာမ် ဆုတောင်း ဆုတောင်း ခင်ဗျားတို့ဟာ အမြဲမရှိဘူး၊ လာမှာဘဲ....(မှန်ပါ့) ဆင်းရဲရှိတယ်ဘဲ လာမှာဘဲ-(မှန်ပါ့) သဘောကျပဲလား....(ကျပါပြီဘုရား)။

ဘယ်ရုပ်နာမ် ဆုတောင်း ဆုတောင်း....(အမြဲမရှိ-ဆင်းရဲတာ လာမှာပါဘုရား)။

အမြဲမရှိဘူး ဆင်းရဲတာရှိတယ်ဆိုတာသိထားတော့မှ သြော်-

ရုပ်နာမ်များဟာ စက်ဆုတ်စရာ, မုန်းစရာ, ရွံစရာ, မလိုချင်စရာပါလားဆိုတာ ကိုစောမောင်-ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဒါကြောင့် ရှေ့ပိုင်းမှာ ဒီဥစ္စာကို ရှင်းရှင်းလင်းလင်း ပြောနေတယ်၊ တကာ တကာမတို့ ဂရုစိုက်ပါ၊ ရုပ်နာမ်ဓမ္မတို့၏ သဘောက ဘယ်လိုပါလိမ့်.... (အမြဲမရှိ ဆင်းရဲပါတယ်ဘုရား)။

ဆင်းရဲတော့ ရှိတယ်၊ အမြဲမရှိဘူး....တဲ့ တကာတကာမတို့.... ဘယ်တော့မှ မြဲတဲ့သဘောမရှိဘူး၊ ဘယ်ရုပ်နာမ်ရ-ရ ခင်ဗျားတို့ ဉာဏ်နဲ့ကြည့်လဲ မမြဲဘူး၊ ဉာဏ်နဲ့မကြည့်ဘူး၊ သညာနဲ့ဘဲ ကြည့်ပါဦးမယ်ဆို .... ဒီအိုနာသေ ပါတာဘဲ၊ ဉာဏ်နဲ့ ကြည့်လိုက်တော့လဲ ကိုစောမောင်-ဖျပ်ဖျပ်နဲ့ လဲနေတာဘဲ....(မှန်ပါ့)။

ဟာ....သညာနဲ့ဘဲ အိုနာသေ ကြည့်လိုက်ဦးမယ် ဆိုတော့လဲ တော်တော်ကြာအို့, တော်တော်ကြာနာ, တော်တော်ကြာသေနဲ့ ဒီလို အမြဲရှိရဲ့လား....(မရှိပါဘုရား) အင်း.... ဆင်းရဲတော့.... (ရှိပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့တက္ခ.... တကယ့် အရိယာပေါင်း သူတော်ကောင်းတို့ကဖြင့် အမြဲမရှိ ဆင်းရဲတဲ့တရားကိုဖြင့် ဘယ်နည်းနဲ့မဆို စက်ဆုတ်ကြလိမ့်မယ်ဆိုတာ မောင်နှိုင်တို့မှတ်ရလိမ့်မယ်....(မှန်ပါ့) မမှတ်ထိုက်ဘူးလား....(မှတ်ထိုက်ပါတယ်ဘုရား)။

အမြဲမရှိ ဆင်းရဲသာရှိတယ်ဆိုသဖြင့်လဲ ကိုစောမောင်ရေ.... လိုချင်စရာ,ရချင်စရာတော့ဖြင့် မပါ-ပါဘူး....(မပါ-ပါဘုရား)။

သူ့ပင်ကိုယ်သဘောကို ယနေ့ ရှင်းပြလိုက်ပါတယ် တကာ တကာမတို့ .... သူ့ပင်ကိုယ်သဘောက နတ်ရုပ်နာမ် လိုချင် လိုချင်၊ ဗြဟ္မာရုပ်နာမ် လိုချင်လိုချင်၊ စကြဝဠတေးမှန်ဘတ်ရုပ် နာမ်လိုချင်လိုချင်၊ ဘာရမလဲဆိုတာ မောင်နိုင်တို့ တရားတပဲ့ လုံးက ဆုံးဖြတ်ချက်ချပါ .... (အမြဲမရှိ ဆင်းရဲတာ ရပါမယ် ဘုရား)။

သြော်....ဒါတွေကိုမသိလို့ ရှိယင်လဲ ကိုစောမောင်-ကိုစံလှတို့ လူတွေဟာ ထင်သလိုဖြစ်နေမှာဘဲ့....(မှန်ပါ့) အခုဒီတလုံး သိလိုက်ယင်ဘဲ့ သြော်....ရုပ်နာမ်ဓမ္မတို့၏သဘောကတော့ ဘယ်ဘုံဖြစ်တဲ့ ရုပ်နာမ်ဖြစ်ဖြစ် အမြဲမရှိဘူး၊ ဆင်းရဲသာရှိတယ်ဆိုတော့ မောင်နိုင်-ရှင်းနေပြီ....(ရှင်းပါပြီဘုရား)။

ကဲ....နိဗ္ဗာန်ဘက် လှည့်လိုက်ပါဦး....တဲ့၊ နိဗ္ဗာန်ဆိုတဲ့တရား ကတော့ဘာတုံး....(ဆင်းရဲလဲမရှိပါ-အမြဲလဲရှိပါတယ်) သြော်.... သူကတော့ ဆင်းရဲလဲမရှိဘူး....တဲ့၊ အမြဲတမ်းလဲ ခိုင်ခန့်တည်တန့် တယ်ဆိုတော့ သြော်....ဒီမရောက်သရွေ့ ဒို့-စိတ်မအေးရသေးဘူး ဆိုတာကော ပေါ်သွားပြီ...(ပေါ်ပါပြီဘုရား) ကိုစောမောင်-ကောင်းကောင်းပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

တကာ တကာမတို့ သုံးခေါက်ပြည့်အောင်လဲ မှတ်ထားပါ ဒီဥစ္စာကလေးကို၊ ဒါကိုသိနှင့်တော့မှ အရောက်ခြေလှမ်း, ဉာဏ်ခြေလှမ်းနဲ့လှမ်းတော့ကို.... မောင်နိုင်-သွက်လာတယ်....(မှန်ပါ့) ဒီလိုမသိယင် ကိုပေါ်-သွက်ပါ့မလား....(မသွက်ပါဘုရား)။

မသွက်ဘူး....တဲ့၊ နိဗ္ဗာန်ကို မလိုချင်ကြဘူး၊ မရချင်ကြဘူး၊

ဖြေးဖြေးမှဘဲ ယူတော့မလိုလို ဒီအသံတွေ ထွက်နေတာ အခု ပြောတဲ့ အချက်အလက်ကလေးတွေကို နားမလည်ဘဲ ဖြစ်နေတယ်....(မှန်ပါ့)။

ရုပ်နာမ်တို့၏ ပင်ကိုယ်သဘောက ဘာပါလိမ့် .... (အမြဲမရှိဆင်းရဲပါတယ်ဘုရား) ကိုင်း.... မောင်နိုင်- ဘယ်ရုပ်နာမ်မျှ ရချင်သတုံး....(ဘယ်ရုပ်နာမ်မှ မရချင်ပါဘုရား) အမြဲကလဲ မရှိဘူး....တဲ့၊ ဆင်းရဲကလဲ....(ရှိပါတယ်ဘုရား)။

အမြဲမရှိ ဆင်းရဲရှိတဲ့တရားဆိုတော့ ကိုစောမောင်- စုန်ကန်ပြေးဘို့ရာဘဲကောင်းတယ်....(မှန်ပါ့) မကောင်းကြဘူးလား.... (ကောင်းပါတယ်ဘုရား)။

ကိုင်း .... နိဗ္ဗာန်ကနေပြီး စဉ်းစားလိုက်တဲ့အခါကျတော့ နိဗ္ဗာန်ကို ဘုရားက ဘယ်လိုပြောပါလိမ့်....(ဆင်းရဲမရှိ အမြဲရှိပါတယ်ဘုရား)။

ဆင်းရဲမရှိ အမြဲရှိ၏ဆိုတော့ သုခနိဗ္ဗာန်ဆိုကတည်းက ဆင်းရဲရှိသေးရဲ့လား....(မရှိပါဘုရား) ဓုဝနိဗ္ဗာန်ဆိုတော့ မြဲတယ်လို့ ပြောမထားဘူးလား....(ပြောထားပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ မျက်စိမလည်ကြနဲ့တော့ ဆိုတာကို တောင်းပန်ပါတယ်....(မှန်ပါ့) မျက်စိမလည်ကြပါနဲ့ တော့ ဆိုတာကို တောင်းပန်ပါတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်ရုပ်နာမ်ကောင်းလိမ့်မယ်လို့ဆိုတာဖြင့် နတ်ခန္ဓာငါးပါး ရုပ်နာမ်တရားရယင် ကောင်းမလား၊ ဗြဟ္မာခန္ဓာ ရုပ်နာမ်တရား ရယင် ကောင်းမလားဆိုတာ ဩော်.... ဒီဥစ္စာသည်ကား....လို့

ဆိုယင်ဖြင့် အဝိဇ္ဇာမျက်လုံးတပ်ထားတဲ့ပုဂ္ဂိုလ်ကမမြင်တဲ့ပုဂ္ဂိုလ်၏ ထင်လုံးပါလား ဆိုတာ ကိုစောမောင်· ဒီအတိုင်း ဖြစ်တယ်.... (မှန်ပါ့) အမှန်မသိတဲ့ပုဂ္ဂိုလ်၏ ထင်ချက်နဲ့ ပြောနေတာပါလား ဆိုတာ မသေချာဘူးလား.....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ရုပ်နာမ်ဓမ္မ၏ ပင်ကိုယ်သဘောကဘာတဲ့.... (အမြဲမရှိ ဆင်းရဲပါတယ်ဘုရား) နိဗ္ဗာန်၏ သဘောကတော့.....(ဆင်းရဲမရှိ အမြဲရှိပါတယ်ဘုရား)။

ဆင်းရဲကတော့ မရှိဘူး... တဲ့၊ အမြဲကတော့ ရှိတယ်ဆိုတော့ ဆင်းရဲမရှိဆိုကတည်းက သူချမ်းသာရှိပြီ....(မှန်ပါ့) ရုပ်နာမ်ဓမ္မတွေလို့ မမြဲတဲ့တရားလားဆိုတော့ မြဲတဲ့တရား-တဲ့၊ ဘယ်သူဖျက်လို့ဘယ်သူပျက်လို့မှ မရခြင်းကြောင့်လဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အသစ်တာ ဓမ္မာ....တဲ့၊ အသစ်တာ ဓမ္မာဆိုတာ ဘယ်သူမှ ဘယ်သူမှ ပြုပြင်ထားတာမဟုတ်သောကြောင့် မြဲနေတယ်....တဲ့၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) ကဲ.... ကျေနပ်ပလား တကာတကာမတို့....(ကျေနပ်ပါပြီဘုရား)။

ဩော်....ရွှေပိုင်းမှာ ဒီအရေးကလေးနှစ်ခုကို မသိသေးလို့ ရှိယင် ရုပ်နာမ်တွေကို တကာတကာမတွေက ဒီ-ရုပ်နာမ်သာ မကောင်းတာ ဟို ရုပ်နာမ် ကောင်းတယ်လို့ ကိုစောမောင်တို့က ဝေဘန်ချင်ဝေဘန်ဦးမှာ....(မှန်ပါ့ဘုရား) မဝေဘန်ပေဘူးလား (ဝေဘန်ပါတယ်ဘုရား)။

ကိုစောမောင် ဟုတ်ပလား-(ဟုတ်ပါတယ်ဘုရား)ရုပ်နာမ်၏ ဘာသဘောပါလိမ့်....(နိယာမသဘောပါဘုရား)နိယာမဆိုတာ အမြဲတမ်းသဘောနော်....(မှန်ပါ့)။

ကဲ....ဒါဖြင့် နိဗ္ဗာန်၏ သဘောကလေး ပြောကြပါဦး.... (ဆင်းရဲမရှိ အမြဲရှိပါတယ်ဘုရား)။

ကိုင်း....တကာတကာမတို့ နိဗ္ဗာန်အရောက်သွားကြပေတော့ (မှန်ပါ့) ဆင်းရဲမရှိ-အမြဲရှိတယ်၊ ဘယ်တော့မှ သူ-မရွှေ့ရတော့ ဘူး-မပြောင်းရတော့ဘူး....(မှန်ပါ့) ကိုစောမောင် အထုပ်ပြင်စရာ ပါသေးသလား....(မပါ-ပါဘုရား)။

ဘယ်နေရာသွားမှ စီးပွားရေးဖြောင့်မယ်ဆိုပြီး ဒီနေရာက ဟိုနေရာ အထုပ်ပြင်ရတဲ့ အလုပ်တွေကော ရှိသေးသလား.... (မရှိပါဘုရား) လူ့ပြည်,နတ်ပြည်ကတော့ ကိုစောမောင်,ရေ.... အထုတ်ပြင်ရတာနဲ့ကို မအော်ဘူး....(မှန်ပါ့)။

အဲဒါ ဘာတုံးဆိုလို့ရှိယင်ဖြင့် ရုပ်ဓမ္မတွေဖြစ်နေတော့ အမြဲမရှိဆင်းရဲတာရှိနေတော့ သူ့ဆင်းရဲက ကိုယ့်ပေါ် ရောက်လာတယ်....(မှန်ပါ့ဘုရား) မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ရုပ်နာမ်၏ ပင်ကိုယ်သဘောက ဘာပါလိမ့်....(အမြဲမရှိ-ဆင်းရဲသာရှိပါတယ်ဘုရား) နိဗ္ဗာန်၏ ပင်ကိုယ်သဘောက.... (ဆင်းရဲမရှိ-ချမ်းသာရှိပါတယ်ဘုရား) ဒီလိုမှတ်ထားပါ....(မှန်ပါ့)။

တကာကြီးလို့ပင်,ရေ.... မသေလို့ ကြားရတယ်လို့ မှတ်ပေတော့....(မှန်ပါ့ဘုရား) မသေလို့ကြားရတာဗျ၊ သေလို့ရှိယင် ကြားကို ကြားစရာရှိပါ့မလား....(မရှိပါဘုရား)။

ဒီဥစ္စာနဲ့ဘဲ ကျုပ်တို့ တရားရည်ဝပြီးသားပုဂ္ဂိုလ်တွေကတော့ အင်း....ဒါ့ကြောင့် ဘုရားအလောင်းသူတော်ကောင်း အရိယာ

ပေါင်း သူတော်ကောင်းတို့ဟာ ဒီရုပ်နာမ်ကြီးကို စက်ဆုတ်ပြီး သကာလ ရုပ်နာမ်ကို နိုဗ္ဗိန္ဒဉာဏ်နဲ့ ရုပ်နာမ်မလိုချင်တဲ့ဉာဏ်ရဘို့ အရေးတကြီး အားထုတ်နေကြတာဟာ ဒါကြောင့်ကိုး....လို့ ဆိုတာ မောင်နိုင် ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) ကိုစံလှ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ကို တကာတကာမတို့ အင်မတန်ရှင်းသွားပါပြီတဲ့ ဒီစကားနှစ်လုံးနဲ့နော်....(မှန်ပါ့) ကိုစောမောင် မရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

ရှင်းပြီ....တဲ့၊ ဒါဖြင့် ဘယ်နေရာအရောက်သွားပြီးသကာလ ကျုပ်တို့နေဘို့ သင့်ပါလိမ့်မလဲ ဆိုတာ မေးနေဘို့တောင် မလို တော့ဘူး....(မှန်ပါ့)။

ဆင်းရဲမရှိ-အမြဲရှိတဲ့နေရာကို သွားကြဘို့,ရောက်ကြဘို့ အချိန်ဖြင့် ရောက်ပြီဆိုတာ လမ်းပြကောင်းနဲ့လဲ တွေ့နေတာဘဲ ဆိုတဲ့ ဥစ္စာ မောင်နိုင် သေချာပြီ....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒါက ရုပ်နာမ်နဲ့ နိဗ္ဗာန် ထူးခြားပုံပြောလိုက်တာ....(မှန်ပါ့)။

ဘာပြောတာပါလိမ့်....(ရုပ်နာမ်နဲ့နိဗ္ဗာန် ထူးခြားပုံပြောတာပါဘုရား) အားကြီး မထူးခြားဘူးလား.... (ထူးခြားပါတယ်ဘုရား)။

ထူးခြားတယ်ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ၊ ရုပ်နာမ်နဲ့ နိဗ္ဗာန်ဟာ ဒီမျှလောက်ဘဲ ကွာခြားကြတယ်ဆိုတဲ့ဥစ္စာ ဘုရား သခင် ကိုယ်တော်မြတ်ကြီးက ငါ့အတွက်ကတော့ဖြင့် နိဗ္ဗာန်

ဆိုတဲ့ဥစ္စာ အခု ပရိနိဗ္ဗာန်မစံခင်က မြင်ထားတဲ့အတွက် ငါ့အတွက်ကတော့ နိဗ္ဗာန်ဟာ ပြီးနေပြီကွာ....တဲ့၊ မင်းတို့ မမေ့ရစ်ကြနဲ့....တဲ့။

ကိုစောမောင် ငါ့အတွက်ကတော့ နိဗ္ဗာန်ပြီးနေပြီလို့ မှတ်လိုက်ပါတဲ့၊ "အပ္ပမတ္တာ သတိမန္တာ သုသီလာ ဟောထဘိက္ခဝေ" အစရှိသည်နဲ့ သေသေချာချာဟောတယ်....(မှန်ပါ့)။

မေ=ငါဘုရား၏၊ သရဏံ= ရောက်ရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကို၊ ကတံ=ငါ-ပြုလုပ်ပြီးပါပြီကွာ .. တဲ့၊ ငါ့နေရာ ဌာနကြီးကတော့ ဖြင့် အမြဲရှိပြီးသကာလ ချမ်းသာရှိပြီးသကာလနေတဲ့ ချမ်းလဲ ချမ်းသာတယ်၊ မြဲလဲ မြဲတဲ့နိဗ္ဗာန်ကြီးကတော့ ငါ့မှာ သေချာနေပြီ၊ မင်းတို့ သတိမမေ့ရစ်ကြနဲ့....တဲ့၊ ငါတော့ဖြင့် ဆောက်လုပ်ပြီးပြီလို့ သူ့အဓိပ္ပါယ်က ရတယ်....(မှန်ပါ့)။

"ကတံ မေ သရဏ မတ္တနော" ၊အတ္တနော=မိမိ၏၊သရဏံ= ကိုးကွယ်ရာ ပုန်းအောင်းရာဖြစ်တဲ့နိဗ္ဗာန်ကြီးကို (ဝါ) အမြဲရှိပြီးဆင်းရဲမရှိတဲ့ နိဗ္ဗာန်ကြီးကို၊ ကတံ= ငါတော့ဖြင့် ပြုလုပ်ပြီးပြီကွာ... တဲ့၊ မင်းတို့သာ မမေ့ရစ်ကြနဲ့၊ သတိပညာနဲ့ နေရစ်လို့ ကျန်တဲ့ပုဂ္ဂိုလ်တွေကို မမှာဘူးလား.... (မှာပါတယ်ဘုရား) သူ့အတွက်ကတော့ဖြင့် ဆင်းရဲမရှိ-အမြဲရှိတဲ့နိဗ္ဗာန်ကြီးကို ပြုလုပ်ပြီးပါပြီကွာ....လို့ သေသေချာချာပြောတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဩဝါ....ဒို့သည်ကားလို့ဆိုယင် မျက်စိလည်ဘို့တချက်ကိုဖြင့် ယနေ့အကုန်ဖျက်

ပေါ့-ဆိုတဲ့ဥစ္စာ ပေါ်သွားပြီ....(ပေါ်သွားပါပြီဘုရား) အမြဲမရှိ ဆင်းရဲရှိတဲ့နေရာထဲ မျက်စိလည်မနေပါနဲ့....(မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အမြဲလဲ မရှိဘူး- ဆင်းရဲတွေနဲ့ချည့် နေရတဲ့ ဆင်းရဲချမ်းသာရှိနေတဲ့ ဘယ်ရုပ်နာမ် ကောင်းနိုးနိုးဆိုတဲ့ မျက်စိလည်လုံးကိုဖြင့် ယနေ့ ဖျောက်ပါ.... (မှန်ပါဘုရား) မဖျောက်သင့်ဘူးလား.... (ဖျောက်သင့်ပါတယ်ဘုရား)။

ဆင်းရဲမရှိ အမြဲရှိတဲ့နိဗ္ဗာန်ကိုသာလျှင် တကာတကာမတွေ့ မရောက်-ရောက်ကြောင်းရှိပြီးသကားလ သွားဘို့ပါဘဲ....(မှန်ပါ) မဆိုနိုင်ကြဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) ကောင်းကောင်း ရှင်းသွားပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာ မမေ့စေနဲ့၊ ကိုစောမောင် မေ့လို့တော်ပါ့ မလား....(မတော်ပါဘုရား) ကိုယ့်စိတ်ထဲက ဟို-ဘုံဘဝတွေ ညွှတ်တိုင်း ညွှတ်တိုင်း မင်းဟာ မိုက်လှချည့်လား၊ ကိုယ့်ကိုယ် ကိုယ် ဆုံးမရမယ်....(မှန်ပါ့)။

အမြဲမရှိ ဆင်းရဲသာ ရှိပါတယ်ဆိုတာ မင်းက ဘာဖြစ်လာတာတုံးလို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမရမယ်....(မှန်ပါ့) မဆုံးမထိုက်ဘူးလား....(ဆုံးမထိုက်ပါတယ်ဘုရား)။

လူရုပ်နာမ်- နတ်ရုပ်နာမ်- ဗြဟ္မာရုပ်နာမ်-စကြဝတေးမန္တတ်ရုပ်နာမ်တွေ စိတ်ထဲကများ ညွှတ်တဲ့ အခါကျတော့ အင်း.... ဘုရားက ဟောထားလို့ ဆရာဘုန်းကြီးကလဲ ပြောထားပြီ၊ ရုပ်နာမ်ဆိုတာ ဘာရုပ်နာမ်ရရ အမြဲမရှိ ဆင်းရဲသာ ရှိပါတယ်

ဆိုတာ မင်းက ဘာ ဗေဒဖေါက်တာတုံး.... လို့၊ ဘုရား ရှိခိုးတဲ့ အခါမှာ လူချမ်းသာ, နတ်ချမ်းသာ ထည့်မယ်ကြံယင် ဒါနဲ့ အော်ထုတ်ပါ....(မှန်ပါ့)။

ကိုပေါ်-အော်ထုတ်ရမယ်နော်၊ မထုတ်ယင် တော်ပါ့မလား (မတော်ပါဘုရား)။

ကြပ်ကြပ်စဉ်းစားပါ တကာတကာမတွေ .... ဒီစကားဟာ သေးသေးသိမ်သိမ်လို့ ကိုစောမောင်-မယူနဲ့နော်.... (မှန်ပါ့) အဝိဇ္ဇာဖုံးတဲ့အခါမှာ အခုပြောတဲ့ဥစ္စာ မလာဘူးဗျ....(မှန်ပါ့ ဘုရား)။

အမြဲမရှိ ဆင်းရဲသာရှိတဲ့ ရုပ် နာမ် ဓမ္မ-ဆိုတဲ့ဥစ္စာကို မသိလို့ တောင်းတာ....(မှန်ပါ့) မောင်နိုင်- တောင်းတဲ့ပုဂ္ဂိုလ်တွေ ရိပ်မိနဲ့လား....(ရိပ်မိပါတယ်ဘုရား)။

လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် လိုချင်ရချင်တဲ့ပုဂ္ဂိုလ်ဟာ ဘာမသိတာတုံးဆိုတော့ အခုရုပ်နာမ်ဓမ္မတို့၏ ပင်ကိုယ်သဘော ဖြစ်တဲ့ အမြဲမရှိ ဆင်းရဲရှိတဲ့သဘောကို သူ မသိဘူး....(မှန်ပါ့) မသိလို့ ဗေဒဖေါက်ကြတာ....(မှန်ပါ့) ရှင်းပလာ....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဖေါက်ကောင်း မဖေါက်ကောင်း .... (မဖောက်ကောင်းပါဘုရား) ဖေါက်ယင် ပင်ကိုယ်သိတာလား, အရူးစိတ် ထ,တာလား....(အရူးစိတ် ထ,တာပါ) ကိလေသာရူး ထတာလို့ မှတ်ပါ....(မှန်ပါ့)။

ကိုစံလှ ဘယ်လိုမှတ်မလဲ....(ကိလေသာရူး ထတာပါ)။

အဲဒီတော့ ခင်ဗျားတို့ ကိလေသာရူးတွေကို ဘုန်းကြီးက နာအောင်ဘဲ့ တော်တော်ပြောခဲ့တယ်၊ ဒီ.ပြင်နေရာ သွားရူးချင်ရူးပါ၊ ဘုရားရှေ့ ကန်တော့ပွဲနဲ့ မရူးနဲ့ဟေ.... ကိလေသာရူးကိုးဗျ....(မှန်ပါ့)။

ကိုစောမောင်- ဒီဆုတောင်းတယ်ဆိုတဲ့ အချိန်ဟာ ဆုမ်းတော်ပွဲ, ကွမ်းတော်ပွဲနဲ့ တော်တော် အရေးပါ အရာရောက်တဲ့နေ့မှ သူဝင်လာတာ....(မှန်ပါ့)။

ကိုစံလှရေ.... ဒီ.ပြင်နေ့ သူမလာဘူးနော်....(မှန်ပါ့) ကိုယ့်ဟာကိုယ် တယောက်တည်း ထမင်းစားရင်းနဲ့ ဆုမတောင်းပါဘူး....(မှန်ပါ့) ဘုရားရှေ့ကျမှ ဒီစိတ်ပေါ်လာတာ....(မှန်ပါ့ ဘုရား)။

ဘဝကိုဆုတောင်းတာသည် ဘဝသမ္မတ္တိ တောင်းတာသည် တဏှာဘဲ့၊ တဏှာသည်ကား....လို.ဆိုယင် ရာဂုမ္မတ္တကလို. ခေါ်တယ်....(မှန်ပါ့)။

ရာဂုမ္မတ္တက- ရာဂကတပ်စွဲတာ၊ ဥမ္မတ္တက-အရူး-၊ ဟိုဘုံဘဝဒီဘုံဘဝ တပ်စွဲပြီးသကာလ တပ်နှစ်သက်စွဲနေတဲ့ဥစ္စာ ရာဂုမ္မတ္တကလို. ခေါ်တယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ ရာဂုမ္မတ္တကဆိုတဲ့ဥစ္စာ တကာတကာမတို့ .... ဘယ်အချိန်များ လာလိုက်ပါလိမ့်မဘုံး.... ဆိုလို. ရှိယင်ဖြင့် ဆီမီးဖရောင်းတိုင်နဲ့ ဆုမ်းတော်ပွဲကိုင်မှ ကိုစောမောင်- သူက လာတာဗျ....(မှန်ပါ့) ဒီ.ပြင်အချိန်များတော့ သူလာခဲတယ် ဆိုကြပါစို့....(မှန်ပါ့)။

ဆုကလေးတော့ တောင်းလိုက်ဦးမှာဘဲဆိုပြီး နိဗ္ဗာန်ချန်ပြီး သကာလ မောင်နိုင်ရေ.... ရာဂုမ္မတ္တက-က ဟိုဘဝ ဒီဘဝတွေ့ မတောင်းဘူးလား....တောင်းပါတယ်ဘုရား)။

အဲဒါကြည့်စမ်း-အမြဲမရှိ ဆင်းရဲရှိတဲ့တရားကို တောင်းတာ.... (မှန်ပါ့) ကိုစံလှဘဲ ဉာဏ်နဲ့ချိန်ကြည့် တောင်းကောင်းမတောင်းကောင်း....(မတောင်းကောင်းပါဘုရား)။

ဘာ့ကြောင့်တုံး....(အမြဲမရှိ ဆင်းရဲရှိလို့ပါ) အမြဲမရှိဘူးဆိုတော့ တောင်းယူစရာ ပါသေးသလား....(မပါ-ပါဘုရား) ဆင်းရဲသာရှိတယ်ဆိုတော့ကော .... (တောင်းယူစရာ မပါ-ပါဘုရား)။

အဲဒါကိုပင်လျှင် တကာတကာမတွေက ရာဂုမ္မတ္တက ဖြစ်တဲ့ ပဋိုလ်များက အရှုးထပြီးသကာလ....ကိုစောမောင်-ဒါတွေလုပ်ချင်တာဟာ နိဗ္ဗာန်၏ ပင်ကိုယ်သဘော သစ္စာဆိုက်အောင် မသိလို့....(မှန်ပါ့) အမြဲမရှိဆိုတော့ ဒုက္ခသစ္စာဘဲ....(မှန်ပါ့) ဆင်းရဲသာရှိတယ်ဆိုတော့....(ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီ.... မမြဲတာက ဒုက္ခသစ္စာ၊ ဆင်းရဲတာကကော.... (ဒုက္ခသစ္စာပါ) ကိုစောမောင်- သူဘာတောင်းယူတာတုံး.... (ဒုက္ခသစ္စာ တောင်းယူတာပါဘုရား)။

အတော်ကို အပြောအဆိုခက်တဲ့ တကာ တကာမတွေဘဲလို့ ကိုစောမောင်- ဆိုလို့ ရှိယင်လဲ ခင်ဗျားတို့ ခံရတော့မယ်.... (မှန်ပါ့) တပ်နှစ်သက်တဲ့ ပဋိုလ်ပေါ့ဗျာ....(မှန်ပါ့) နိဗ္ဗာန်ဆိုတော့ သူမသိလို့ပေါ့ဗျာ....ဆင်းရဲမရှိ အမြဲရှိတယ်ဆိုတာ သူမသိဘူးဆိုတဲ့ အဓိပ္ပါယ်ကော မရောက်ဘူးလား-(ရောက်ပါတယ်ဘုရား)။

ကိုင်း....တကာတကာမတွေ ရှေ့ပိုင်းမှာ တော်တော်ကလေး ရှင်းပလား....(ရှင်းပါပြီဘုရား) ရှင်းလို့ရှိယင် တခုပေးမလို့.... (မှန်ပါ့) တခုဘာပေးရမှာတုံးဆိုတော့ သံသရာပြောဦးမယ်.... (မှန်ပါ့)။

သံသရာဆိုတာက ခန္ဓာအာယတနဓာတ်တို့၏ မပြတ်လည်ရာ သံသရာလို့ မဆိုဘူးလား....(ဆိုပါတယ်ဘုရား) ဒီခန္ဓာကိုယ်ကြီး မပြတ်လှည့်နေတာဟာ ဘာခေါ်ကြမယ်· (သံသရာပါဘုရား)။

သံသရာကျတော့ တကာတကာမတို့ အစမရှိဘူး-တဲ့၊ အဆုံး ရှိတယ်....(မှန်ပါ့) သံသရာကျတော့ ဘာတဲ့....(အစမရှိပါအဆုံး ရှိပါတယ်) ကိုစောမောင်-ဒါကို သံသရာလို့ခေါ်တယ်နော်.... (မှန်ပါ့)။

ကျုပ်တို့၏အစ, ကျုပ်တို့ ဘယ်ကစ,ဖြစ်တယ်လို့ ဘယ်ဘဝ ဘယ်ဘဝလို့ အစများ ရှာတွေ့နိုင်ရဲ့လား .... (မတွေ့နိုင်ပါ ဘုရား)။

ဒါဖြင့် သံသရာဖြင့် ကျုပ်တို့ အိုခဲ့-နာခဲ့-သေခဲ့ရတာ အစ, မရှိဘူး....တဲ့၊ ကြာလွန်းလို့ ကိုစံလှရေ....(မှန်ပါ့) ကြာလွန်းလို့ ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား) အဆုံးတော့.... (ရှိပါတယ်ဘုရား)။

အဆုံးတော့ ရှိတယ်....တဲ့၊ သံသရာမှာ အစသာမရှိတာ၊ ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အနမတဂ္ဂေါ်ယံ ဘိက္ခဝေ သံသာရော ဗုဗ္ဗကောဋိန ပညာယတိ။ ဘိက္ခဝေ= ငါ၏ချစ်သားတပည့်များတို့၊ အယံ သံသာရော = ပဋိသန္ဓေ အိုသေ, နာရေး, ဘေးအတန်တန် ရန်အဝဝ ဒုက္ခစက်သွား

ရဟတ်ခြားသို့ မရပ်မနား အမြဲလှည့်လည်နေတဲ့ သံသရာကြီးသည်၊ အနမတဂ္ဂေါ်=မသိအပ်သော အစရှိ၏၊ မောင်နှိုင်တို့ အစ မသိအပ်ဘူး....တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

သံသရာမှာ ဒါ့ကြောင့် အစမရှိဘူး၊ အဆုံးတော့ဖြင့် နိဗ္ဗာန်ရောက်ယင် ဘာတုံး....(ဆုံးပါတယ်ဘုရား) ဒါဖြင့် သံသရာဘယ်လိုမှတ်ကြမယ်....(အစမရှိ အဆုံးသာရှိပါတယ်) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဩော်....သံသရာကတော့ အစမရှိဘူး၊ အဆုံးရှိတယ်ဆိုတော့ အင်း....သံသရာ့အစ, ဒို့ဒုက္ခတွေ့ ဘယ်တုန်းက စ,ခဲ့ပါလိမ့်မလဲ ဆိုတဲ့ဥစ္စာကို ရှစ်စရာ, မုန်းစရာ ဘယ်လောက်ကောင်းတယ်ဆိုတဲ့ ဥစ္စာ တကာတကာမတွေ့ တော်တော်ကြီး ပေါ်ပေါ်လွင်လွင် ဖြစ်သွားပါပြီ....(မှန်ပါ့)။

ဘယ်လောက်ထိအောင် သေခဲ့တယ်ဆိုတာ ငါမတွေးနိုင်တော့ဘူးကွာ....တဲ့၊ အစ,မရှိဘူးတဲ့၊ ဘယ်တုန်းက စပြီး မင်းတို့သေခဲ့တယ်၊ ဘယ်တုန်းက ပဋိသန္ဓေ နေခဲ့တယ်၊ ဘယ်တုန်းက မင်းတို့သည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် ချမ်းသာတက္ကမ္မ မတွေ့ခဲ့ဘူးဆိုတဲ့ဥစ္စာကို ရှာလိုက်တဲ့ဖြစ်ခြင်း အစကို ရှာမတွေ့ဘူး၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် သံသရာအစ ဘယ်လိုမှတ်ကြမယ် .... (အစ ရှာမတွေ့ပါ-အဆုံးသာ ရှိပါတယ်ဘုရား) အဲ .... အစတော့ မရှိဘူး....တဲ့၊ ဆုံးချင်လို့ ရှိယင်လဲ သစ္စာမြင်အောင်လုပ်လိုက်ယင် ဆုံးသွားတာဘဲ....(မှန်ပါ့)။

သစ္စာမြင်အောင် လုပ်လိုက်တော့ ခုနင်က အစမရှိတဲ့ဥစ္စာကြီးဟာ ကျုပ်တို့ ဒုက္ခအစ မရှိတာကြီးဟာ တကာတကာမတို့ သေသေချာချာပြောတော့ ဒုက္ခက အစမရှိဘူး ပြောတာ.... (မှန်ပါ့)။

ဦးဘကလေး ရိပ်မိပြီ.... (ရိပ်မိပါပြီဘုရား) ဘယ်လောက် ကြာပြီတုန်းဗျာ.... (ကြာပါပြီဘုရား) ကြာလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အစ,ရှာမတွေ့ဘူးဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား) အဆုံးတော့.... (ရှိပါတယ်ဘုရား) အဲ....သစ္စာသိတဲ့နေ့ကျတော့ ဆုံးတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်နေ့ကျတော့တုံး....(သစ္စာသိတဲ့နေ့ပါဘုရား)သစ္စာသိတဲ့နေ့ကျတော့ဆုံးပြန်တယ်ဆိုတော့ ခုနင်က ရှေ့ပိုင်းဟာခဲ့တာဟာ သစ္စာပြောခဲ့တာဘဲ....(မှန်ပါ့)။

ကဲ....တကာတကာမတို့ သံသရာတော့ ဘာတဲ့....(အစမရှိပါဘုရား) အစ,တော့ မရှိဘူးတဲ့နော်၊ အဆုံးရှိဏယ် ဆိုတာလဲ လူတိုင်းအတွက်လို့ မောင်နိုင်က မယူနဲ့ဦး.... (မှန်ပါ့ဘုရား) ကိုစောမောင် လူတိုင်းအတွက်လို့ မယူနဲ့နော်....(မှန်ပါ့ဘုရား) ဆရာကောင်း, သမားကောင်းတွေပြီး သစ္စာမြင်တဲ့ပုဂ္ဂိုလ်မှာ.... (အဆုံးရှိပါတယ်ဘုရား)။

ဆရာကောင်း, သမားကောင်းဆိုတာလဲ သစ္စာကိုညွှန်ပြတဲ့ဆရာကောင်း,သမားကောင်း....(မှန်ပါ့)။

အဲဒီလို ဆရာကောင်း,သမားကောင်းကပြလို့ တပည့်ကောင်းကလဲ လုပ်လိုက်လို့ ရှိယင်ဖြင့် အဆုံးရှိသွားတယ်.... (မှန်ပါ့) မောင်နိုင် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

သြော်....ဒါဖြင့် တကာတကာမတွေ့ သံသရာခရီးသည် ဖြစ်နေရမှာမျှား ကိုစောမောင် ကြောက်စရာကြီးပါလား.... (ကြောက်စရာကြီးပါဘုရား)။

သံသရာ့ခရီးသည်ဖြစ်ရမှာ ဘာတဲ့....(ကြောက်စရာကြီးပါဘုရား) ကြောက်စရာကြီး၊ အခုတော့ဖြင့် ဘုန်းကြီးဆီမှာ တရားမမှတ္တေ့ နာနိုင်ကြသေးတယ်၊ တော်တော်ကြာမနာနိုင်တဲ့ အခြေအနေ၊ သံသရာ့ခရီးသည်မို့ အိုလမ်း ရောက်တဲ့အခါ, နာလမ်းရောက်တဲ့အခါသေကာနီးဖြစ်တဲ့အခါကျတော့ သံသရာခရီးသည်လမ်းအတိုင်း သွားနေတဲ့အခါကျတော့ ဘယ်မှာသာလျှင် သစ္စာသိဘို့အရေး ပေါ်သေးရဲ့လား.... (မပေါ်ပါဘုရား)။

အဲဒါကြောင့် မြန်မြန်လုပ် သံသရာ့ခရီးသည်ဘဝက လွတ်ချင်ယင် သံသရာအဆုံး ရှိသတဲ့၊ သစ္စာမြင်ယင် ဆုံးပါလိမ့်မယ်....တဲ့....(မှန်ပါ့)။

ကိုစံလှ ဘာတဲ့တုံး.... (သစ္စာမြင်ယင် ဆုံးပါလိမ့်မယ်....တဲ့) သစ္စာမြင်ယင် ဆုံးပါလိမ့်မယ်.... (မှန်ပါ့) ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိယင်လဲ မောင်နိုင်.... (ဆုံးပါလိမ့်မယ်ဘုရား) နိရောဓသစ္စာ မျက်မှောက်ပြုယင်လဲ.... (ဆုံးပါလိမ့်မယ်ဘုရား) အဲ.... စကားလုံးသာမျှားနေပါတယ်၊ ဒုက္ခပိုင်ပိုင်နိုင်နိုင်သိယင် ဒုက္ခဆုံးသွားတာဘဲ၊ ဒုက္ခဆုံးယင် နိရောဓ ဒီနေရာမှာ အစားထိုးတာဘဲ.... (မှန်ပါ့ဘုရား) ပဋိစ္စ လိုသေးသလား .... (မလိုပါဘုရား)။

ကိုင်း....ဒါဖြင့် သံသရာသဘောတေ့ တကာတကာမတွေ့ အခု နောက်စကားမှာ သိကြပါပြီ....(သိပါပြီဘုရား) သံသရာဆိုတာ ဘာရှိသတဲ့.... (အစမရှိ အဆုံးသာ ရှိပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါ....လူတိုင်းအတွက်လားလို့ ဘုန်းကြီးတို့ တကာတကာမတွေ့ မေးတဲ့အခါကျတော့ လူတိုင်းနဲ့တော့ မဆိုင်ပါဘူး....(မှန်ပါ့) သူတော်ကောင်းနဲ့ ဆရာကောင်း, သမားကောင်းနဲ့ ပေါင်းပြီးသကာလ ကိုယ်ကလဲ ပေါင်းတဲ့အတိုင်း လုပ်လို့ရှိယင် ဖြင့် အစ,မရှိတဲ့ သံသရာမှာ အဆုံးရှိသွားပေါ့- သူ့အတွက် အဆုံးရှိတယ်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ သူ့အတွက် အဆုံးရှိဘို့ အရေးဟာက အခုအချိန်မှာရယင်ရပါ ကိုစောမောင် နက်ဖြန် သေယင် မရနိုင်ဘူးနော်....(မှန်ပါ့) ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)။

ဒါ့ကြောင့် အရေးကြီးလှချည့်လားဘုရား....လို့ မောင်နိုင်တို့က မေးချင်မေးလိမ့်မယ်....(မှန်ပါ့) ကိုစံလှကလဲ အရေးကြီးလှချည့်ဆိုတော့ အို....အရေးကြီးရပါသော်ကော....တဲ့ ဒီခန္ဓာကိုယ်ကြီးက တကာတကာမတွေ့ တော်တော်နေ ငါခေါင်းထဲပြေးတော့မယ်ဆိုတာ ဘဏခဏပြောတယ်....(မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ထမင်းကျွေးယင်ကျွေး၊ မကျွေးယင် ခေါင်းထဲ ပြေးမယ်၊ ဆေးနဲ့တားချင်တား မတားယင် သူက ဘာတဲ့တုံး....(ခေါင်းထဲပြေးပါမယ်....တဲ့)။

အို....သူကဒီဥစ္စာက တနေ့ဘယ်နှစ်ခါခြိမ်းချောက်နေသတုံး မေးကြည့်စမ်းပါဦး.... (မရေမတွက်နိုင်ပါဘုရား) မရေမတွက်နိုင်အောင် ခြိမ်းချောက်နေတယ်ဆိုတာကော တကာ တကာမတွေ့ သဘော်ကျပလား....(ကျပါပြီဘုရား)။

ထမင်းကျွေးယင်ကျွေး မကျွေးယင် ဆာလောင်မွတ်သိပ်တဲ့ဝေဒနာနဲ့ ခေါင်းထဲ ပြေးမှာဘဲ၊ မဟုတ်ဘူးလား.... (မှန်ပါ့) ဆေးတိုက်ယင်တိုက်ပါ မတိုက်ယင် ကျုပ်ခေါင်းထဲပြေးပါလိမ့်မယ်ဆိုတော့ ခန္ဓာ ချစ်ခင်တဲ့ပုဂ္ဂိုလ် ခန္ဓာဝန်ထမ်းသမားက အံမာလေး....မလုပ်တော်မူပါနဲ့၊ ဘယ်လောက်ကုန်ကုန် ကျုပ်ဆေးဝယ်ပါ့မယ်....ဆိုပြီး သူ့ရှာ တိုက်နေရတယ်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ မြန်မြန်လုပ်ယင် လုပ်ပါဆိုတဲ့ဥစ္စာ သူက ခဏခဏပြေးပါ့မယ်ပြောနေလို့ သစ္စာပြတတ်တဲ့ဆရာနဲ့ တွေ့တုံး သစ္စာသိတဲ့အလုပ် သံသရာဆုံးတဲ့အလုပ်ကို လုပ်လိုက်၊ သစ္စာသိယင် သံသရာဆုံးတယ်....(မှန်ပါ့)။

ဒီတော့ အရေးတကြီးလုပ်ပါလို့ ဆိုတာကော ကကာတကာတွေ့ တိုက်တွန်းထိုက်-မတိုက်တွန်းထိုက်.... (တိုက်တွန်းထိုက်ပါတယ်ဘုရား)။

ခန္ဓာက ဘယ်လိုပြောပြောနေလို့ တုံး.... (ခေါင်းထဲဝင်မယ်ပြောနေလို့ပါဘုရား) ခေါင်းထဲပြေးမယ်ချည့်ပြောတယ်၊ ရိပ်မိကြရဲ့လား....(မှန်ပါ့)။

အဲဒါ.... အရုပ်ဆိုးအောင် ပြောနေတာလား- သူ့ပင်ကိုယ်သဘောလား.... (သူ့ပင်ကိုယ်သဘောပါဘုရား) သူ့ပင်ကိုယ်

သဘောပါ တကာတကာမတို့၊ ကျွေးယင်ကျွေးပါ မွေးယင်မွေးပါ၊ ပြုယင်ပြုပါ သ,ယင်သ,ပါ၊ မပြု မသ,ယင် ကျုပ်သွားတော့မယ်၊ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့က ဆန်တော့လျှောင်ထား, ဆီတော့လျှောင်ထားနဲ့ ကိုစောမောင်တို့က....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် လျှောင် ထား တာ တုံး၊ သူပြေးမယ် ပြေးမယ်ပြောတိုင်း ကျုပ်တို့က မပြေးပါနဲ့လို့ တားရအောင်လို့၊ သဘောကျပလား....(ကျပါပြီဘုရား)။

အိမ်နဲ့ တားရက္ခဲ့အခါ မပါဘူးလား....(ပါ-ပါတယ်ဘုရား) အဝတ်အထည်ကလေးနဲ့ တားရတဲ့အခါ....(ပါ-ပါတယ်ဘုရား) ဆေးနဲ့တားရတဲ့အခါ.... (ပါ-ပါတယ်ဘုရား) ပရိတ်တော့နဲ့မျှး တားရတဲ့အခါ (ပါ-ပါတယ်ဘုရား) အံမာလေး....ပါသေးတယ် ပါသေးတယ် နည်းတာမဟုတ်ဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်နှယ်ကြောင့် တကာတကာမတော့ တားဘို့ရာဆေးမျှး ရှာရပါလိမ့်မလဲလို့ မေးလို့ ရှိယင်သူကနေ့တိုင်းခြိမ်းချောက်လို့ (မှန်ပါ့)ဘယ်လိုမျှး ဆုံးဖြတ်သလဲ (ပြေးမယ်လို့ခြိမ်းချောက် ပါတယ်ဘုရား) ပြေးမယ်....ပြေးမယ်က ဦးဘကလေး တနေ့ ဘယ်နှစ်ကြိမ်မျှး ပြောတယ်ထင်သတုံး.... (မရေတွက်နိုင်ပါဘုရား)။

တခါတည်း တကာတကာမတော့ သူ-ခြေနာပါတယ်ဆိုလို့ ရှိယင်ဖြင့် ဥပမာ....အခု အင်မတန်ချော ဘိနပ်တော့,ကတ္တီပါ

ဘိုနပ်တွေဝယ်ပြီးချေဉ့ယင်ချေဉ့ မချေဉ့ယင် ခြေနာနဲ့ဘဲ သူက လဲ တခါတည်း အသမာတွေ ဘာတွေဖြစ်ပြီးသကာလ ခေါင်းထဲ သွားလိုက်မယ် မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ထီးမဆောင်းဘဲ သွားလို့ ရှိယင်ဖြင့် ခေါင်းအအေးပတ်ပြီး နှာစေးချောင်းဆိုး ဝေဒနာနဲ့ ဖျားပြီးသကာလ ခေါင်းထဲသွင်း လိမ့်မယ် မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတွေ ခင်ဗျားတို့ အခုချယ်လှယ်ထားတဲ့ အထည်အလိပ် ခြုံရုံထားတဲ့၊ အစားအသောက် ကာရုံထားတဲ့ အိမ်, တိုက်တာ ကားတွေဟာ ဘာလုပ်တာတုံး....လို့ မေးယင် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခေါင်းထဲသွားမယ်ဆိုလို့ တောင်းပန်ထားရတာဆိုတော့ကို တောင်းပန်တိုင်း ရမယ်ဆိုလို့ ရှိယင်လဲ ဒီမြို့ပေါ်မှာ အယင် တုန်းက အဖိုးကြီးတွေလဲ အကုန်ရှိမှာဘဲ၊ အဖွားတွေကော.... (ရှိမှာပါဘုရား) ရိုးရိုးလူရွယ်တွေကော....(ရှိမှာပါဘုရား)။

သို့သော်လဲ .... ရသေ့စိတ်ဖြေသာ တောင်းပန်နိုင်တယ်လို့ မှတ်ကြ....(မှန်ပါ့) ဘယ်လိုမှတ်ကြမယ်....(ရသေ့စိတ်ဖြေသာ တောင်းပန်နိုင်ပါတယ်ဘုရား)။

ရသေ့စိတ်ဖြေဆိုတာ တကာတကာမတွေ ရှေးစကားဖြစ်နေလို့ တော်ရုံတန်ရုံသာ ရတယ်လို့ ပြောလိုက်ပါ....(မှန်ပါ့) တကယ် သွားတော့မယ်ဆိုယင် ဘာနဲ့တားတား .... (မရပါဘုရား)။

အဲဒီတော့....တကာတကာမတွေက တားထားလို့ မရလို့ အဖိုးတွေ, အဖွားတွေ, ဘီတွေ, ဘင်တွေ, သားတွေ, မြေးတွေ,

မြစ်တွေ သွားနှင့်ကြတာတွေလဲ ကိုစံလှ - ဘယ်လောက် မျှားပလဲ....(မရေတွက်နိုင်ပါဘုရား) ဒါ ဘယ်နှယ်ကြောင့်တုံး.... (တားမရလို့ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီဥစ္စာ သစ္စာသိအောင် မြန်မြန် လုပ်လိုက်၊ သံသရာဆုံးသွားအောင်....(မှန်ပါ့) သံသရာဆိုတာ တားနေရတဲ့ကိစ္စ၊ မျက်နှာ အောက်ကျတဲ့ကိစ္စနဲ့ သံသရာကြီးထဲမှာ နေရတယ်....(မှန်ပါ့)။

သံသရာကြီးထဲမှာနေရတာ သူမျှားအိမ်မှာ လခနဲ့ အစေအခိုင်းနေရတဲ့ ခလေးရဲ့မျက်နှာမျိုး၊ အိမ်ဖေါ်ကလေးရဲ့ မျက်နှာမျိုး သွားဖြစ်နေတယ်....(မှန်ပါ့) ဘယ်တော့ ကြည်သာတဲ့အချိန် ရှိသလဲ....(မရှိပါဘုရား)။

ဘယ်တော့မျှား သူ့စိတ်သဘောအတိုင်း နေရတဲ့အချိန်မျှားပါ-ပါရဲ့လား....(မပါ-ပါဘုရား) သခင့်မျက်နှာကြည့်နေရတဲ့အချိန်က မမျှားဘူးလား....(မျှားပါတယ်ဘုရား)။

ဒီမှာလဲ ခန္ဓာတည်း....ဟူသော အရှင်သခင်ကြီးကို တကာတကာမတွေက သူ့နဖူးစမ်းရတာနဲ့....(မှန်ပါ့) မစမ်းရဘူးလား (စမ်းရပါတယ်ဘုရား)။

သူ့ဘဲ တခါတည်း နှာခေါင်းနှိုက်ကြည့်ရတာနဲ့၊ သူ့ဘဲလျှာကို ကြည့်ရတာမျှား မတော်မျှား သေသွားချည့်မလား.... အစရှိသည်နဲ့ သူ့မျက်နှာကြည့်ပြီး ဒီက ပြူသမား စုသမားက အရေးစိုက်နေရတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ တသံသရာလုံးဟာ မျက်နှာကောင်း ရခဲ့ရဲလား လို့ မောင်နိုင်-မေးကြည့်စမ်း....(မရခဲ့ပါဘုရား) ဘယ်အချိန် မရတာတုံး....ဆိုလို့ရှိယင် ခေါင်းထဲပြေးမလို့ တားတိုင်းတားတိုင်းဘဲ သူကဖြင့် ဒီတခါ တားတာကိုဖြင့် သီးခံမယ်လို့ တခါနေလိုက်တော့ နောက်-တားပါမျှားလို့ရှိယင် သီးမခံနိုင်ဘူး၊ ငါသွားနေကျလမ်းဘဲ သွားမယ်ဆိုပြီး ခေါင်းထဲဘဲသွားတယ်....(မှန်ပါ့) ဒီ့ပြင် ဘယ်မျှားသွားသေးသလဲ....(မသွားပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် သံသရာဆုံးမှ မျက်နှာအောက်ကျတဲ့ကိစ္စလဲ ဇာတ်သိမ်းမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) တောင်းပန်မှုကော.... (ဇာတ်သိမ်းမှာပါ) လွှတ်သွားမယ်....မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ဒီထဲမှာ မျက်နှာကြီးများ ပါသေးသလား-လို့ ကိုစောမောင်-မေးချင်တယ်....(မပါ-ပါဘုရား) တောင်းပန်ပြီး နေရတဲ့ပုဂ္ဂိုလ် အချိုးအစားကြီးဘဲ အကုန် တပြုံလုံးဘဲ ဆိုလို့ ရှိယင်ကော လဲစရာ ရှိသေးသလား....(မရှိပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ သိရလို့ရှိယင်ဖြင့် သြော်.... သံသရာထဲမှာ မျက်နှာကောင်းမရခဲ့ဘဲနဲ့ အောက်ကျနောက်ကျနဲ့ အိမ်ဖေါ်လောက်မှ မဟန်တဲ့အခြေအနေမျိုးဟာ ဒို့-နေ့တိုင်းကြုံနေပါလား၊ သံသရာခရီးသည်မျိုးဟာ ဒီအပူပါဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သံသရာ့ခရီးသည်ကို အခုနားလည်ပလား....(နားလည်ပါပြီဘုရား) ဒီအထဲက သံသရာကို ရှေ့များတောင်းချင်သေးလို့ ရှိယင်ဖြင့် မောင်နိုင်ရေ-တောင်းပန်တိုးလျှိုးရတဲ့ဘဝကို သူ့မှာ အတော်ပျော်နေလို့ သူတောင်းစားမျော်တဲ့အဓိပ္ပါယ် ကိုစံလှ-ရောက်-မရောက်....(ရောက်ပါတယ်ဘုရား)။

ဒါ အရုပ်ဆိုးအောင်ပြောတာလား, အမှန်ပင်ကိုယ်သဘောလား....(အမှန်ပင်ကိုယ်သဘောပါ) အမှန်ပင်ကိုယ်သဘောကို ပြောနေတာယ်ဆိုတာ အကွက်ကျလို့သာ ခင်ဗျားတို့က နားထောင်လို့ဖြစ်တာနော်....(မှန်ပါ့) ကိုစောမောင်- ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် သစ္စာသီအောင် မြန်မြန်လုပ်ပါ.... (မှန်ပါ့ဘုရား) နို့မဟုတ်လို့ရှိယင် မျက်နှာအောက်ကျတဲ့ဘဝနဲ့ဘဲ အချိန်ကုန်နေလိမ့်မယ် .... (မှန်ပါ့) မျက်နှာအောက်ကျပြီးသကာလ.... တောင်းပန်လို့ ရတာလားလို့ မေးတဲ့အခါကျတော့ တောင်းပန်တိုင်းရတဲ့သဘောမျိုးလဲ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့် တောင်းပန်ရတာကလဲ မအားမလပ် တောင်းပန်မရလို့ လက်လျှော့ပြီးသကာလ.... မျက်ရည်စက်လက်နဲ့ နေရစ်ရတာလဲ....(မအားမလပ်ပါဘုရား) မအားလပ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒါတွေ သေသေချာချာ ဉာဏ်နဲ့ ဝေဘန်ပြီးသကာလ ကြည့်လိုက်တဲ့အခါကျတော့မှ သြော်....ဒီမှာ နေ့တိုင်းရှာဖွေနေတာ ဘာလုပ်ဘို့ပါလိမ့်မတုံး....လို့ မေးတော့မှ ကိုစောမောင်

ပေါ်လာတယ်.... (ပေါ်ပါစေတယ်ဘုရား) ဘာလဲပ်ဘို့ပါလိမ့်.... (တောင်းပန်ဘို့ပါဘုရား) တကာတကာမတို့ ဘယ်တောင်းပန်ဘို့မှာလိမ့်....(ခန္ဓာကို တောင်းပန်ဘို့ပါဘုရား)။

ဩသြော်....ဒါဖြင့် ဘယ်နှစ်ချိန် တောင်းပန်ရသတုံးလို့ မေးလို့ ရှိယင်လဲ အစားကဖြင့် တနေ့ သုံးကြိမ်လောက် အဝတ်နဲ့ဖြင့် အမြဲ တောင်းပန်နေရတယ်၊ ဒီအဝတ်မကြိုက်ယင် ဟိုအဝတ် မြန်မြန်လဲ၊ မောင်နိုင် မလဲရဘူးလား....(လဲရပါတယ်) ဒါလဲ ဘာလုပ်တာတုံးကွ....(တောင်းပန်တာပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီအစာ မကြိုက်လို့ ဟိုအစာ အခွန်ဆက်ရတာကော.... (တောင်းပန်ရတာပါဘုရား) တောင်းပန်နေရတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ သံသရာဆုံးအောင် လုပ်လိုက်ပါ၊ သံသရာ့ခရီးသည်ကြီး၏ ဆိုးဝါးတဲ့ဝဋ်ကြီး ကြုံနေတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား) သံသရာ့ခရီးသည်ကြီး၏ ဆိုးဝါးတဲ့ဝဋ်ကြီး....(မှန်ပါ့) ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သံသရာအစမရှိဘူး၊ အဆုံးရှိတယ်ဆိုတာ မြန်မြန်လိုက်-လိုက်ဆို့ကောင်းတယ်....(မှန်ပါ့) အဆုံးကို မြန်မြန် လိုက်လိုက်ဘို့ကောင်းတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘာပါလိမ့် .... (သံသရာအဆုံး မြန်မြန်လိုက်-လိုက်ဘို့ကောင်းပါတယ်) မြန်မြန်သစ္စာသိအောင် လုပ်လိုက်ယင် ဆုံးသွားတာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မြန်မြန်သစ္စာသိအောင်လုပ်လို့က်ယင် .... (ဆုံးသွားပါတယ်) ကဲ....ဒါဖြင့် ဒီတကာတကာမတွေ့ ကံကောင်းသေးတယ် သစ္စာဟောတတ်တဲ့ဆရာနဲ့လဲတွေ့ပြီ၊ ခင်ဗျားတို့ကလဲ သစ္စာသိအောင် ကြိုးစားလို့က်မယ်ဆိုလို့ ရှိယင်ဖြင့် တောင်းပန် တိုးလျှိုးတဲ့ဘဝတွေ့လဲ ဇာတ်သိမ်း....(မှန်ပါ့)။

မျက်ရည်စက်လက်နဲ့တောင်းပန်မရလို့ လက်လှတ်ရတဲ့ဇာတ်တွေ့ကော....(သိမ်းပါတယ်ဘုရား) အကုန်သိမ်းရလို့ ရှိယင်ဖြင့် နေရာကျသေးရဲ့-တော်သေးရဲ့ဟေ.... ဒီလို သစ္စာဟောတဲ့ ဆရာမျိုးနဲ့ မတွေ့တော့ဘူးဆိုယင် မောင်နှိုင်-သွားပြီ....(မှန်ပါ့ဘုရား) မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

သူ့ကိစ္စက ဘာတုံး....တောင်းပန်တိုးလျှိုး၊ နောက်ခန့်ခွာရလဲ တောင်းပန် တိုးလျှိုးဘို့ဘဲ့....(မှန်ပါ့) နောက်ဆုံးပိတ် လက်လျှော့ဘို့ ကိုစောမောင်- ဘာပါသေးသတုံး....(မပါ-ပါဘုရား) ဒါဘဲ့မဟုတ်လား....(ဒါပါဘဲ့ဘုရား)။

သေသေချာချာ ဉာဏ်နဲ့စဉ်းစားမှ ဩဇော်.... သံသရာ အစ, မရှိဘူး၊ အဆုံးရှိတယ်ဆိုတာ အဆုံးတော့ဖြင့် ရောက်အောင် သွားလို့က်ဘို့ပါဘဲ့၊ သံသရာခရီးသည်၏ဖြစ်ထွက်ဖြင့် အင်မတန် ကြောက်စရာကောင်းတဲ့အဖြစ်နဲ့ နေကြ, ကြုံကြရတယ်ဆိုတဲ့ဥစ္စာ သေသေချာချာပေါ်သွားတယ်....(ပေါ်သွားပါတယ်) မပေါ်သေးဘူးလား....(ပေါ်သွားပါတယ်ဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ သံသရာမှာ ဘာတဲ့.... (အစမရှိပါဘုရား) ဘာတော့ရှိသလဲ....(အဆုံးတော့ ရှိပါတယ် ဘုရား)။

တော်သေးတယ်-အဆုံးက လူတိုင်းအတွက်ရှိတာလား၊ သစ္စာသိတဲ့ပုဂ္ဂိုလ်အတွက် ရှိတာလား .... (သစ္စာသိတဲ့ ပုဂ္ဂိုလ်အတွက် ရှိတာပါဘုရား)။

ကိုင်း....ဒါဖြင့် နိဗ္ဗာန်ပြောကြဦးစို့ တကာတကာမတွေ.... သူက အသွားအပြန်ပြောရမှာ မောင်မြင့်ရ.... (မှန်ပါ့) အခု သံသရာမှာလဲ အစမရှိဘူး....တဲ့၊ ဆင်းရဲအစ, ဘယ်ဘဝ ဆင်းရဲခဲ့ပါတယ်လို့ ရှာလို့ကို မတွေ့ပါဘူး....(မှန်ပါ့) အဆုံးတော့ ရှိပါတယ်....တဲ့၊ သစ္စာသိယင် ဆုံးပါတယ်....(မှန်ပါ့) ကိုစော မောင်-ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ....နိဗ္ဗာန်မှာတော့ ဘယ်လိုတုံး....လို့ ဆိုလို့ရှိယင် သံသရာမှာ အစမရှိဘူးဆိုလို့ရှိယင် နိဗ္ဗာန်မှာတော့ အစရှိတယ် တကာတကာမတို့၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) နိဗ္ဗာန်မှာတော့ အစရှိတယ်....တဲ့၊ အဆုံးတော့ မရှိဘူး .... (မှန်ပါ့ ဘုရား)။

နိဗ္ဗာန်ကျတော့ ဘာတဲ့.... (အစသာရှိတယ်, အဆုံးမရှိပါဘုရား) ပြောင်းပြန်လှည့်မှတ်လိုက်၊ သဘောကျပလား....(ကျပါပြီဘုရား)။

နိဗ္ဗာန်တော့ ဘယ်လိုတဲ့ .... (အစသာရှိတယ်, အဆုံးမရှိပါဘုရား) ဒါဖြင့် နိဗ္ဗာန်ဟာ သိပ်ကျယ်ဝန်းတဲ့အဓိပ္ပါယ်သဘောရောက်တာပေါ့....(ရောက်ပါတယ်ဘုရား)။

အစရှိတယ်ဆိုတာက တကာတကာမတို့ နိဗ္ဗာန်သည်ကား.... လို့ ဆိုယင်ဖြင့် သေသေချာချာ အစရှိတဲ့ တရားပါဘဲ၊ အဆုံးကတော့ မရှိဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်ဘုရားလက်ထက်က နိဗ္ဗာန်ဟာ ဘယ်ရွာ ဘာဖြစ်လို့ ပါသွားတယ်လို့ အဆုံးကော ရှိရဲ့လား....(မရှိပါဘုရား)။

အမြဲတမ်း ခိုင်ခန့်တဲ့တရား ဘယ်သူဖျက်လို့မှ မပျက်၊ ဘယ် ဆင်းရဲမှု ကြားမထိုးနိုင်တဲ့ ချမ်းသာဆိုတော့ နိဗ္ဗာန်သည်ကား-လို့ ဆိုယင်ဖြင့် တကာတကာမတို့ အဆုံးမရှိဆိုတာ သဘောကျပလား....(ကျပါပြီဘုရား) ချမ်းသာ အဆုံးမရှိ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်လောက်ဘဲ ဘုရားတွေက ဒီအထဲမှာ နိဗ္ဗာန်ရောက်ဘို့ ပုဂ္ဂိုလ်တွေ သွင်းသွားငြားသော်လဲ အဆုံးရှိရဲ့လား .... (မရှိပါဘုရား) ပြည့်သွားတယ်၊ အန်သွားတယ်လို့ ရှိရဲ့လား....(မရှိပါဘုရား) ကိုစံလှရေ-သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်မှာတော့ ဘာတဲ့-တကာတကာမတို့ .... (အစသာ ရှိပါတယ်, အဆုံးမရှိပါဘုရား) အဲဒီတော့.... အစရှိယင် ကျုပ်တို့ အစကိုလိုက်ဘို့အရေးကြီးတယ်၊ အစရှိလို့ အစလိုက်တဲ့ အခါကျတော့ အဆုံးမရှိတဲ့နိဗ္ဗာန်ကြီး ကျုပ်တို့ မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

အဆုံးမရှိတာ တကာတကာမတို့.... ဘယ်လောက် ချမ်းသာသတုံး.... ဆိုတာလဲ ချမ်းသာလဲ အဆုံးမရှိဘူး၊ အကျယ်အဝန်း ဘယ်လောက်တုံးဆိုတာကော ကိုစောမောင် .... (အဆုံးမရှိပါဘုရား)။

အဆုံးမရှိဘူး၊ဘယ်ဘုရားလက်ထက်ကဘယ်လောက် ၂၄-သခေါ်နဲ့ ကုဋေရှစ်ဆယ်နဲ့ ဗိုလ်ခြေတသိန်းပေါင်းနိဗ္ဗာန်သွင်းသွားတာတွေဟာ သူက အဆုံးမရှိတဲ့အတွက်ဘယ်လောက်လာလာသမုဒ္ဒရာရေ

လိုဘဲ့ ဘယ်တော့မှ ခန်းတယ်,ကုန်တယ်လို့ မရှိဘူး.... (မှန်ပါ့) ဘယ်လောက်ရေတွေဝင်ဝင် လျှံတယ်လို့ လဲမရှိဘူး၊ မောင်နှိုင်-သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ကျတော့ ဘယ်လိုမှတ်ကြမယ် .... (အစသာရှိတယ်, အဆုံးမရှိပါဘုရား) ဒါဖြင့် သစ္စာသိတာဟာ အစ, သဘောကျပလား....(ကျပါပြီဘုရား)။

နိဗ္ဗာန်ရောက်ချင်လို့ရှိယင် ဘာသိမှ ရောက်မတုံး.... (သစ္စာသိမှ ရောက်ပါတယ်ဘုရား) အဲ...သစ္စာတည်းဟူသော အစကို ခင်ဗျားတို့ တွေ့တဲ့နေ့ကစပြီး အဆုံးမရှိတဲ့နိဗ္ဗာန်တော့ ရောက်ရတော့မယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

သစ္စာတွေ့တဲ့အစကို တွေ့တဲ့နေ့ကစပြီး အဲဒီကသာလိုက်တော့ မောင်နှိုင်,ရေ....ဘယ်ရောက်မယ်ထင်သတုံး.... (နိဗ္ဗာန်ရောက်ပါမယ်ဘုရား) အဆုံးမရှိတဲ့နိဗ္ဗာန်ကို သေသေချာချာ ရောက်မယ်ဆိုတာ ကောင်းကောင်း ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဩော်....ဒါဖြင့် ကိုစောမောင်,ရေ.... တသက်မှာ တခါကြားရတဲ့တရားလို့ မှတ်.... (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဘယ်အခါကာလမှ ကိုစံလှ,ရေ.... ဒါ....ကြားဘူးတယ်လို့ ရှိသတုံး....(မရှိပါဘုရား) မရှိပါဘူး၊ မရှိတော့.... တော်တော်သေးရဲ့၊ နိဗ္ဗာန်အစ,ရှိတယ်ဆိုယင် ဒို့-အစကလေးတော့ ဒီအစ

ကလေးက လိုက်ရလို့ရှိယင်ဖြင့် အဆုံးမရှိ ချမ်းသာတဲ့ နိဗ္ဗာန်တော့ ဒို့....မရောက်မရှိပါဘူးဆိုတာ ခင်ဗျားတို့သာ မှတ်လိုက်ပေတော့၊ သစ္စာသိတာက အစ,ဘဲ ...(မှန်ပါ့) သဘောပါကြပြီလား....(ပါ-ပါပြီဘုရား)။

သစ္စာသိတာက....(အစ,ပါဘုရား) အဲ....သစ္စာသိတယ်ဆိုယင်ဖြင့် နိဗ္ဗာန်အစ,ရှိလို့ ဒီလမ်းကသာ ဖိလိုက်သွားတော့၊ ဒီသစ္စာကို ဝိပဿနာရှုသွားတော့ ကိုစောမောင် မရောက်ပေဘူးလား (ရောက်ပါတယ်ဘုရား)။

ရောက်မှာဘဲ၊ ဒီဒုက္ခသစ္စာကြီးသာ ဆုံးအောင် လိုက်သွားလိုက်စမ်း၊ ခုနင်က အဆုံးမရှိတဲ့နိဗ္ဗာန်ကြီး မောင်နိုင်.ရောက်-မရောက်.... (ရောက်ပါတယ်ဘုရား) အဲ.... ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ သိတဲ့အစ,ဟာ နိဗ္ဗာန်တွေ့တဲ့အစ,ပါဘဲ.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

နိဗ္ဗာန်တွေ့တဲ့အစ,ဟာ ဘာပါလိမ့်.... (ဒုက္ခသစ္စာသိတဲ့ အစပါဘုရား) အဲ....သစ္စာသိတဲ့အစ,ဟာ နိဗ္ဗာန်၏အစ,ရှိတယ်ဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် တကာတကာမတို့ နေရာကျပြီ မောင်နိုင်ရဲ့၊ သံသရာတော့ မောင်နိုင်-ရဲ့၊ သံသရာတော့ ဘာတဲ့.... (အစ,မရှိပါ-အဆုံးသာရှိပါတယ်ဘုရား) နိဗ္ဗာန်ကျတော့....(အစ,သာရှိတယ်-အဆုံးမရှိပါဘုရား) သဘောပါပြီနော်.... (ပါ-ပါပြီဘုရား)။

အဲဒါ....သေသေချာချာမှတ်ထားတော့မှ သြော်.... ဒါဖြင့် ဒို့....နိဗ္ဗာန်ရောက်အောင် အစ,လုပ်ဘို့ အရေးကြီးတယ်... (မှန်ပါ့ဘုရား)။

အစ,ရှိယင်တော့ ကိုစော်မောင်,ရေ.... လိုက်သွားရုံပေါ့ဗျာ (မှန်ပါ့ဘုရား) အစ,မတွေ့ယင်တော့ ကိုစံလှ ခက်သေးတယ်.... (ခက်ပါတယ်ဘုရား)။

အဆုံးမရှိတဲ့နိဗ္ဗာန်ကြီး ဘယ်တော့မှ မပျက်စီးတဲ့ နိဗ္ဗာန်ကြီး ချမ်းသာတကာတို့၏ အထွဋ်အထိပ် ဖြစ်တဲ့ နိဗ္ဗာန်ကြီး ဘယ်လောက် ပုဂ္ဂိုလ်တွေ ဒီအထဲရောက်ရောက် ဘယ်အခါကာလမှ အဆုံးအပိုင်းအခြား မရှိအောင် ကျယ်ဝန်းနေတဲ့ နိဗ္ဗာန်ကြီး ပျက်စီးခြင်းမရှိတဲ့နိဗ္ဗာန်ကြီးကို အစ,က လိုက်ကျမှ နေရာ ကျမယ်ဆိုကာဖြင့် မှတ်ဘိုဘဲ....(မှန်ပါ့)။

အစ,တွေ့တဲ့ပုဂ္ဂိုလ်မှ ရမယ်နော်....(မှန်ပါ့) အစ,တွေ့ဆိုတာ ဘယ်ပုဂ္ဂိုလ်ပါလိမ့်....(သစ္စာသိတဲ့ပုဂ္ဂိုလ်ပါဘုရား)သစ္စာသိတယ် ဆိုတာ အစ,တွေ့တာဘဲ၊ အဲဒါ....အဆုံးမရှိတဲ့ နိဗ္ဗာန်ရောက်မယ် (မှန်ပါ့)။

ဒါဖြင့် သစ္စာကို ကျုပ်တို့ မတွေ့ခဲ့လို့ နောက်တုံးက နိဗ္ဗာန်ကို မရောက်ခဲ့ဘူး....(မှန်ပါ့) အဆုံးမရှိတဲ့နိဗ္ဗာန်ကို....(မရောက်ခဲ့ပါဘုရား) ဘာမသိခဲ့လို့ တုံး.... (သစ္စာမသိခဲ့လို့ပါဘုရား)။

ဟာ....သစ္စာဆိုတာ ဒါဖြင့် တကာဘကာမတို့ နိဗ္ဗာန်မှာ ခုနင်က ပြောခဲ့တဲ့စကားနဲ့ ပြန်ဟပ်လိုက် အစ,ရှိတယ်....(အဆုံးမရှိပါဘုရား) ဒါဖြင့် ကျုပ်တို့ အစ,ဟာ သစ္စာသိတဲ့အစ.... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ သံသရာရှည်ခဲ့တာ အစ,ကို တခါမှ မတွေ့ဘူး-ဘူး....(မှန်ပါ့)။

ဘယ်လို မှတ်ကြမယ်.... (အစ,ကို ရှာမတွေ့ဘူးပါဘုရား) ဒါဖြင့် အခု အစ,တွေ့လို့ ရှိယင်ဖြင့် အခုလိုက်ရုံဘဲ.... (မှန်ပါ့) ကိုစောမောင်,ရေ.... ကိုစ္စ ပြီးရမည်ဆိုတာ သေချာပါတယ်.... (သေချာပါတယ်ဘုရား)။

ကိုစံလှ အားငယ်စရာ ပါသေးသလား.... (မပါ-ပါဘုရား) မပါတော့ဘူး၊ နဂိုရိုက ကျုပ်တို့ နေခဲ့တာ ဘယ်လိုနေခဲ့ပါလိမ့် မတုံးဆိုတော့ အစ,ရှိလျက်နဲ့ အစ,မသိခဲ့ပါဘူး.... (မှန်ပါ့ ဘုရား)။

ဘယ်လိုမှတ်ကျမယ်.... (အစ,ရှိလျက်နဲ့ အစမသိခဲ့ပါဘုရား) အစရှိလျက်နဲ့ အစ,မသိခဲ့တဲ့အတွက် ဖြေဌာန်.....ခွေးဘဝ ဖြစ်ခဲ့ရ တာတွေလဲ မရေတွက်နိုင်ပါဘုရား)ငရဲအိုးတွေနဲ့ နေခဲ့ရတာတွေကော.....(မရေတွက်နိုင်ပါဘုရား) ရေထဲငါးဖြစ်ပြီး နေခဲ့ရတာတွေကော.....(မရေတွက်နိုင်ပါဘုရား) ငါးသလောက်ဥထဲမှာဘဲ ကျုပ်တို့ အကြိမ်ပေါင်း ဘယ်နှစ်ခါပါဘူးသလဲ.... (မရေတွက်နိုင်ပါဘုရား) အဲဒါ ဘာမတွေ့ခဲ့တာပါလိမ့်....(အစ,မတွေ့ခဲ့တာပါဘုရား)။

တကာတကာမတွေ ဘယ်လိုမှတ်ကြမယ်....(ဒီတခါချော်ယင် တော့ သွားပေါ့ဘုရား)။

ဒီတခါချော်ယင် သွားပြီ ခင်ဗျားတို့က၊ အခုမှ တွေ့တဲ့သား, လင်, ခင်ပွန်းအရေး- သားမယားများ တို့၏ အရေးကို ခင်ဗျားတို့က ကြီးတယ်၊ မောင်နိုင် မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အခု ဒီဘဝမှာလာပြီး ဆုံကြ,ကွဲကြတွေနဲ့ အရေးကြီးနေတာ၊ နောက်ဘဝကဘဲ ဒီလို ဆုံဘူး-ကွဲဘူးပလားလို့ မေးလို့ ရှိယင် အို....အလောင်းချင်းထပ်ခဲ့ပါပြီ....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) သို့သော်....ဒီအစ,တော့ မတွေ့ခဲ့ဘူး....(မှန်ပါ့) သစ္စာသိတဲ့ အစ,တော့ တွေ့ခဲ့ကြသလား.... (မတွေ့ပါဘုရား)။

အဲဒီတော့ မတွေ့ခဲ့ကြတော့ တကာတကာမတွေ့ သြော်.... ဒုက္ခမျိုးစုံတော့ တွေ့ခဲ့တယ်၊ သုခရောက်ကြောင်းတော့ အစကို မတွေ့ခဲ့ဘူး....(မှန်ပါ့ဘုရား) ကိုစံလှ ဘုယ်လောက်နာခဲ့သတုံး.... (နာပါတယ်ဘုရား)။

ဒုက္ခရောက်ကြောင်းတွေကတော့ ဟိုဘဝ အတိုင်း ပါဘဲ၊ သားသေ,လင်ဆုံးဆိုတာတွေက မကြုံဘူးတဲ့ဘဝရယ်လို့.... (မရှိပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်အစ,ကျတော့ တခါမှ မတွေ့ဘူး.... (မှန်ပါ့) အစ,တွေ့လို့ရှိယင် အဆုံးတွေ့တဲ့ နိဗ္ဗာန် ရောက်ဘို့ပါဘဲ.... (မှန်ပါ့) အခုတော့ ရောက်ကို မရောက်ခဲ့တဲ့ ချမ်းသာဆိုတာ ကျုပ်တို့ မတွေ့ခဲ့သေးဘူး....(မှန်ပါ့)။

ခုနင်က နိဗ္ဗာန်သည်ကားလို့ ဆိုယင်ဖြင့် ဆင်းရဲမရှိ အမြဲရှိဆိုတဲ့ဆီကို ရောက်ကိုမရောက်ခဲ့ဘူး... (မှန်ပါ့) ဆင်းရဲမရှိ အမြဲရှိဆိုတဲ့ စကားနဲ့ မောင်နိုင် ပြန်ဟပ်လိုက် နိဗ္ဗာန်ကို.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ကျုပ်တို့ ဘာနဲ့ နေခဲ့ရသတုံးလို့ မေးတဲ့အခါ ကျလို့ရှိယင်ဖြင့် အမြဲမရှိ ဆင်းရဲရှိနဲ့ဘဲ နေခဲ့ရတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကျုပ်တို့ ဘာနဲ့နေခဲ့ရသလဲ....(အမြဲမရှိ ဆင်းရဲရှိနဲ့နေခဲ့ရပါ တယ်ဘုရား) အမြဲကလဲ ဘယ်နေရာမှ ဘယ်အခါကာလမှ မနေ ခဲ့ရဘူး....တဲ့၊ နေတုန်းလဲ ဆင်းရဲတာနဲ့ နေခဲ့ရတယ် ဆိုတော့ လွှမ်းစရာမျှား ဘုယ်ဟာ ပါသေး သတုံး.... (မပါပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သြော်. တော်တော် အရေးကြီးတာတွေကို ယနေ့ ပြောနေ ပါလားဆိုတာ မောင်နှိုင် ပေါ်ရောပေါ့....(ပေါ်ပါပြီဘုရား) ကိုပေါ် ရှင်းပလား....(ရှင်းပါပြီဘုရား) ကဲ.... ဒါဖြင့် တကာ တကာမတို့ အစ,ရှာကြပါစို့....(မှန်ပါ့)။

ဘာရှာရမလဲ....(အစ,ရှာကြပါစို့) နိဗ္ဗာန်မျှား အစရှိတယ် ဆိုတော့ အစ,ရှာကြပါစို့....(မှန်ပါ့) သစ္စာသိတာအစ၊ ရိပ်မိ ကြပလား....(ရိပ်မိပါပြီဘုရား)။

ဘာပါလိမ့်.... (သစ္စာသိတာအစ,ပါဘုရား) အဲ....သစ္စာ သိ တာ အစ၊ ဒါမှ အဆုံးမရှိတဲ့ နိဗ္ဗာန်ကို ရောက်မယ် ဆိုသဖြင့် ရှင်အာနန္ဒာက ဘုရားကို လျှောက်တယ်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိ တော်မှာ၊ နိရောဓော နိရောဓောတိ ဘန္တေဝုစ္စတိ၊ နိရောဓ နိဗ္ဗာန်, နိဗ္ဗာန်လို့ ပြောကြတယ်ဘုရား၊ ဘယ်တရားမျိုးဟာ နိဗ္ဗာန်ဆိုတာ တပည့်တော်- အင်မတန် သိချင်ပါတယ်လို့ ဆိုပြီး သကာလ လျှောက်တယ်....(မှန်ပါ့)။

နိဗ္ဗာန်ဆိုတာဘုရား....နိရောဓနိဗ္ဗာန်လို့ ဆိုတာ၊ နိရောဓော= ချုပ်တာသည်၊ နိဗ္ဗာနံ=နိဗ္ဗာန်မည်၏ဆိုတော့ ဘယ်တရားမျှား

ချုပ်သွားတာ နိဗ္ဗာန်လို့ ဆိုပါ့မလဲ၊ ဒါ....တပည့်တော် အင်မတန် သိချင်ပါတယ်လို့ ဆိုတော့ နိဗ္ဗာန်၏ အစ မေးတယ်....(မှန်ပါ့)။

ကိုစံလှ- ဘာမေးတာတုံး- (နိဗ္ဗာန်၏အစ,မေးပါတယ်ဘုရား) နိဗ္ဗာန်၏အစ မေးနေတာ တကာတကာမတို့၊ အရှင်ဘုရား....နိဗ္ဗာန်, နိဗ္ဗာန်ဆိုတာတော့ဖြင့် ပြောကြ, ဆိုကြတာတော့တော့ အင်မတန်မှ များပါတယ်၊ အဲဒီ....များတဲ့အထဲက ဘယ်တရား မျိုးကို နိဗ္ဗာန်လို့ဆိုရပါ့မလဲ....တဲ့။

ဒီတော့ အာနန္ဒာ သေသေချာချာမှတ်ကွ....ဆိုပြီးသကာလ သစ္စာကို စ,ပြတယ်....(မှန်ပါ့)။

ဘာ စ,ပြသလဲ.... (သစ္စာ စ,ပြပါတယ်ဘုရား) သစ္စာ စ,ပြတယ်....တဲ့ တကာတကာမတွေနော်....(မှန်ပါ့) သစ္စာစ,ပြတော့ ဒီခန္ဓာငါးပါးဘဲ သံခိတ္တေနပဉ္ဉုပါဒါ နက္ခန္ဓာပိ ဒုက္ခာ၊ ခန္ဓာငါးပါး ဘာတရားတဲ့တုံး....(ဒုက္ခတရားပါဘုရား)။

ဘာထိုးပြသတုံး....(ဒုက္ခထိုးပြပါတယ်ဘုရား)ဒုက္ခထိုးပြတော့ ဒုက္ခက သစ္စာဘဲ မဟုတ်လား....(မှန်ပါ့-သစ္စာထိုးပြတယ်)။

အရှင်ဘုရား.... နိဗ္ဗာန်သိချင်ပါတယ်- နိဗ္ဗာန်သိချင်ပါတယ် ဆိုတော့ ဘာထိုးပြသတုံး....(ဒုက္ခထိုးပြပါတယ်ဘုရား) ဒါဖြင့် သစ္စာထိုးပြတာပေါ့....(မှန်ပါ့) ရှင်းပလား-တကာတကာမတို့ (မှန်ပါ့)။

နိဗ္ဗာန်သိချင်တော့ ဘုရားက ဘာထိုးပြလိုက်သတုံး.... (ဒုက္ခထိုးပြပါတယ်ဘုရား) ဒုက္ခသစ္စာထိုးပြတယ်၊ ဒါနိဗ္ဗာန်က-တဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါနိဗ္ဗာန်အစ တွေ့ပြီ တကာတကာမတို့ .... (မှန်ပါ့) ခန္ဓာသိလို့ရှိယင်ဖြင့် ဘာတွေ့တယ်ထင်ကြသလဲ .... (နိဗ္ဗာန်တွေ့ပါတယ်ဘုရား)။

နိဗ္ဗာန်အစတွေ့ပြီ....(မှန်ပါ့) ခန္ဓာဟာ ဘာသစ္စာပါလို့မ့်.... (ဒုက္ခသစ္စာပါ) ဒါသစ္စာတွေ့ယင် နိဗ္ဗာန်အစ တွေ့တာဘဲ.... (မှန်ပါ့)။

တကာတကာမတွေ့.... အလုပ်-လုပ်နေတဲ့ပုဂ္ဂိုလ်တွေ့ ဒါဟာ ဩော် .... ဒို့သည်ကား....လို့ ဆိုယင် အစ,တွေ့ပေါ့ဘဲ ဆိုပြီး သကာလ သူ့ကို ဆုံးအောင် လိုက်-လိုက်ရုံဘဲရှိတယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အစတွေ့လို့ရှိယင်....(ဆုံးအောင်လိုက်ရပါမယ်) ဆုံးအောင် လိုက်ကြပါလို့ ဒီတကာတကာမတွေ့ကို လေးလေးစားစား သေသေချာချာပြောနေတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အစရှိယင် ဘာလုပ်ရမယ်....(တွေ့အောင်ရှာရပါမယ်ဘုရား) ကျေကျေနပ်နပ်ရှာယူရမယ်၊ အစကို မရ-ရအောင် ရှာယူရမယ်၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် နိဗ္ဗာန်ဟာ ဘာရှိသတဲ့တုံး....(အစ ရှိပါတယ်ဘုရား) အဆုံးတော့မရှိဘူး....(မှန်ပါ့)။

အစ,ရှိတယ်- အဆုံးမရှိဘူး ဆိုတာ သေသေချာချာ သိပါတယ် ဘုန်းကြီးတို့ တကာတကာမတွေ၊ အစ,ဘယ်သူတုံး....လို့ မေးတော့မှ ခန္ဓာငါးပါး၊ ခန္ဓာငါးပါးကို သစ္စာဖဲ့လိုက်.... (ဒုက္ခသစ္စာပါဘုရား)။

ဩော်....သူ့ကို ဒုက္ခသစ္စာလို့ တွေ့လို့ရှိယင် အဆုံးတွေ့တော့တယ်....(မှန်ပါ့) ဒုက္ခသစ္စာ အစ,တွေ့လို့ရှိယင် ဒုက္ခသစ္စာအဆုံးရှိတော့မှာပေါ့ဗျာ.... (မှန်ပါ့ဘုရား) မရှိပေဘူးလား.... (ရှိပါတယ်ဘုရား)။

ဒုက္ခသစ္စာ အစ,တွေ့ယင် ဒုက္ခသစ္စာက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ ဆုံးသွားလို့ရှိယင် ဒုက္ခနိရောဓဖြစ်တယ်၊ နိဗ္ဗာန် မလာသေးဘူးလား....(လာပါတယ်ဘုရား) ဒါဖြင့် နိဗ္ဗာန်မှာ အစ, ရှိတယ် တကာတကာမတို့ အဆုံးမရှိဘူး....(မှန်ပါ့) နိဗ္ဗာန်မှာ.... (အစ,ရှိပါတယ်-အဆုံးမရှိပါဘုရား)။

ဒါဖြင့် ကျုပ်တို့ နိဗ္ဗာန်အစ,ကို တသံသရာလုံး မတွေ့ခဲ့ဘူး (မှန်ပါ့) နိဗ္ဗာန်အစ ဘယ့်နှယ်ဆိုကြမလဲ....(တသံသရာလုံးမတွေ့ခဲ့ပါဘုရား)။

ဒါဖြင့် အခုတွေ့ပြီ....(မှန်ပါ့) အခုတွေ့ပြီ တကာတကာမတွေ့၊ ဩော်....ဒါဖြင့် ဆရာဘုန်းကြီးက ပြောတယ်၊ ကံကောင်းတယ်၊ ဉာဏ်သာကောင်းကြပေတော့၊ ကံကတော့ဖြင့် ကောင်းပြီ၊ နိဗ္ဗာန်အစ,ပြပေးမည့်ဆရာနဲ့တွေ့ပြီ....(မှန်ပါ့) ခင်ဗျားတို့ ဉာဏ်ကလေးနဲ့ ကောင်းကောင်း လိုက်လို့ရှိယင် ကိစ္စပြီးတော့မယ်....(မှန်ပါ့) ကိုစောမောင် မပါဘူးလား.... (ပါ-ပါတယ်ဘုရား) ကံကောင်းသလောက် ဉာဏ်ကောင်းကြပါစို့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကံကောင်းသလောက် ဉာဏ်က လိုက်နိုင်ကြလို့ ရှိယင်ဖြင့် အစ,တွေ့ယင်တော့ လိုက်သာ သွားပေတော့....(မှန်ပါ့ဘုရား)

နွယ်တခု အဖျားက တွေ့ပြီဆိုမှဖြင့် အမြစ်ကို ရှာဘို့ရာ ကိုစော မောင် အတော်ကို လွယ်သွားပြီ.... (လွယ်သွားပါပြီဘုရား) မလွယ်ဘူးလား....(လွယ်သွားပါပြီဘုရား)။

ဒီအဖျားကလေးသာကိုင်ပြီး တကာတကာမတွေက လိုက်သွား စမ်းပါ၊ သဘောကျပလား....(ကျပါပြီဘုရား) ဒီအဖျားကလေး ကိုင်ပြီး လိုက်သွားလို့ ရှိယင် ဘုန်းကြီးတို့ တကာတကာမတွေ အမြစ်တွေ့မှာဘဲ....(မှန်ပါ့)။

ဒီမှာလဲ နိဗ္ဗာန်အစဆိုတာ သစ္စာတွေ့တာကအစ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း .... ဒါ့ကြောင့် ရှင်အာနန္ဒာက အရှင်ဘုရား....တဲ့ နိရောဓော နိဗ္ဗာနံ- နိရောဓော နိဗ္ဗာနံ....လို့ အရှင်ဘုရား ဟော တော်မူပါတယ်၊ "ကတ မေသံ ဓမ္မာနံ နိရောဓော နိဗ္ဗာနံ" ဘယ်တရားတို့၏ ချုပ်ခြင်းဟာ နိဗ္ဗာန်လို့ ခေါ်ပါသလဲလို့ လျှောက်တယ်။

တကာတကာမတို့ ဒီထဲမှာ ခန္ဓာငါးပါးရှိတယ်၊ ရှိပင်ရှိငြား သော်လဲ တပါးဘဲပြောပါရစေ၊ တပါးဘဲပြောတော့ ခင်ဗျား တို့ အားထုတ်တဲ့တရားကိုဘဲ ဥပမာ-ဝေဒနာဖြင့် ဝေဒနာ၊ စိတ် ဖြင့် စိတ်၊ ဒီနှစ်ခုဘဲ မောင်နှိုင်-ပြောရအောင်ပေါ့ကွာ....(မှန်ပါ့) ပြောတဲ့အခါကျလို့ ရှိယင် ဘုန်းကြီးတို့တကာတကာမတွေ ဘာ နိဗ္ဗာန်တုံး-ဆိုတော့ နိရောဓော နိဗ္ဗာနံ-တဲ့ တရားက....(မှန်ပါ့ ဘုရား)။

ဒီတရားကလေးဟာ ဥပမာမယ် ဝေဒနာကလေးဆိုပါတော့ မောင်နှိုင်၊ ဘာဝေဒနာမဆို တကာတကာမတွေ သိနေတဲ့ ဝေ ဒနာပေါ့လေ....(မှန်ပါ့)။

အဲဒီ ဝေဒနာကလေးဟာ ဖြစ်ပြီး ပျက်သွားတဲ့ ပင်ကိုယ် သဘော မရှိဘူးလား,ရှိသလား-(ရှိပါတယ်ဘုရား) ဒါ့ကြောင့် သွားလိုက် မောင်နိုင်တို့က၊ ခုနင်က မူလဘူတ သွားလိုက်၊ မူလ-ရုပ်နာမ်ဓမ္မသည် အမြဲရှိသလား....(မရှိပါဘုရား)။

အမြဲမရှိဘူးဆိုတော့ ဖြစ်ပြီး ပျက်သွားတာ အမြဲရှိရဲ့လား.... (မရှိပါဘုရား) ဖြစ်ပြီး ပျက်တာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဆင်းရဲရှိတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အမြဲကကော....(မရှိပါဘုရား) ဆင်းရဲကော ဟုတ်ပါရဲ့လား (ဟုတ်ပါတယ်ဘုရား) ဒါဖြင့် အမြဲမရှိ-ဆင်းရဲရှိတာသည် တကာ တကာမတို့ ရုပ်နာမ်၏အလုပ်....(မှန်ပါ့) ရုပ်နာမ် ခန္ဓာတို့၏ အလုပ်၊ ကောင်းကောင်းသဘောကျပလား....(ကျပါပြီဘုရား)။

ရုပ်နာမ် ခန္ဓာတို့၏အလုပ်ကတော့ ဘာတဲ့....(အမြဲမရှိ ဆင်း ရဲသာရှိပါတယ်ဘုရား) အမြဲမရှိ ဆင်းရဲရှိတာ ရုပ်နာမ်ဓမ္မတို့၏ အလုပ်ဆိုတာ ကောင်းကောင်းကျေနပ်ပလား.... (ကျေနပ်ပါပြီ ဘုရား)။

အဲဒီတော့ အမြဲမရှိတာကလေး ရှုလိုက်လို့ ရှိယင်ဖြင့် သြော်-ဆင်းရဲဒုက္ခသစ္စာဆိုတာ သူဘဲ....(မှန်ပါ့) မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

ဒါကို .... မျက်ခြေမပြတ် ဉာဏ်နဲ့သာကြည့်ပေးပါ ခင်ဗျား တို့က....(မှန်ပါ့) အမြဲမရှိ-ဆင်းရဲရှိတယ်ဆိုတာ သူပါဘဲဆိုတော့ အမြဲမရှိတာကိုလဲ သိတယ်၊ ဆင်းရဲရှိတယ်ဆိုတဲ့ ဒုက္ခသစ္စာကိုလဲ

မောင်နှိုင်တို့က မသိသေးဘူးလား....(သိပါတယ်ဘုရား) ဒါဖြင့် နိဗ္ဗာန်အစ တွေ့ပြီ....(မှန်ပါ့) အစ မတွေ့သေးဘူးလား....(တွေ့ပါပြီဘုရား)။

အမြဲမရှိ ဆင်းရဲရှိတယ်ဆိုတော့ ဒုက္ခသစ္စာ စ,တွေ့တာကိုး....(မှန်ပါ့) သစ္စာ စ,တွေ့ကတည်းက ဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မှာ အစတော့ရှိတယ်၊ အဆုံးမရှိဘူးဆိုတဲ့ဥစ္စာ အခုပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

နိဗ္ဗာန်အစ,တွေ့ပြီ၊ သစ္စာသွားတွေ့တယ်....(မှန်ပါ့) မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား) ကိုစံလှ-ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

'အဲဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက် မည်မျှလောက် အရေးကြီးတယ်ဆိုတာ ကိုစောမောင်- မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) နောက်က တကာတကာမတွေ့.... ဒီဖြစ်ပျက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီဖြစ်ပျက်ကလေးကို ဒီဝေဒနာကွန္ဒာကလေးဟာ မောင်နှိုင်-ဖြစ်ပျက်၊ ဖြစ်ပြီး ပျက်နေတာဘဲ၊ ဖြစ်ပြီး ပျက်နေတာဘဲလို့ ခန္ဓာစိုက်ပြီးသကာလ ရှုရင်း-ရှုရင်းနဲ့ တခါတည်း ရှုရင်း ရှုရင်းနဲ့ ဒုက္ခသစ္စာ တွေ့-တွေ့ပြီးသကာလ....နေရင်းနဲ့ဘဲ နောက်ဆုံးပိတ်တနေ့ကျတော့ သူဘယ်နှယ် ဖြစ်သွားသတုံး.... ဆိုတော့ ဒီခန္ဓာသည် ခုနင်က ဉာဏ်ခရီးအတိုင်းပေါ့ မောင်နှိုင်ရာ....(မှန်ပါ့)။

ပဌမ ဒုက္ခသစ္စာတွေ့တယ်၊ နောက် ဒုက္ခသစ္စာမုန်းတယ်၊ ဖြစ်ပျက် မုန်းလာဦးမယ် မဟုတ်လား....(မှန်ပါ့) ဘာမုန်းတာတုံး....(ဒုက္ခမုန်းတာပါဘုရား)။

ကိုစောမောင်- ဘာမှန်းတာတုံး.... (ဒုက္ခမှန်းတာပါဘုရား) ဖြစ်ပျက်ဒုက္ခသစ္စာ မဟုတ်လား....(မှန်ပါ့) သူ့ကို မှန်းလာတာ မဟုတ်လား....(မှန်ပါ့)။

အဲ....သူ့မှန်းလာတဲ့အချိန်ကျလို့ရှိယင်ဖြင့် တကာတကာမတွေ့ ဆက်လက်ရှုပါ၊ ဆက်လက်ရှုပါလို့ ဆရာဘုန်းကြီးက တိုက်တွန်းလေ့မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲ....တိုက်တွန်းလေ့ရှိတဲ့အတိုင်း ခင်ဗျားတို့က ရှုတဲ့အခါကျတော့ မှန်းတဲ့ပုဂ္ဂိုလ်ကို မပေါင်းချင်၊ ကွာချင်၊ ရှင်းချင်၊ မမြင်ချင်၊ မကြားချင်ဆိုတာ လာတော့တယ်....(လာမှာပါ) လာရမလား, မလာရဘူးလား....(လာရမှာပါဘုရား)။

လာရတဲ့အခါကျတော့ ဒီခန္ဓာ ဝေဒနာကခန္ဓာကြီးဟာ ကဲ.... မင်းကို မလိုချင်တော့ပါဘူးဆိုတော့ မိမိခန္ဓာကြီးကို ဒုက္ခသစ္စာ မှန်းသိလို့ မလိုချင်တော့ဘူး.... (မှန်ပါ့) မလိုချင်တဲ့အခါကျတော့ ဒီခန္ဓာ ဘာဖြစ်သွားမလဲ....(ချုပ်သွားပါမယ်ဘုရား) ဒါဖြင့် နိဗ္ဗာန်ရောဓော ဘာခေါ်ကြမလဲ....(နိဗ္ဗာန်ပါဘုရား)။

ဒါ.... အစရှိလို့ တကာတကာမတို့ အစက လိုက်သွားလို့ တွေ့တာ....(မှန်ပါ့) ကိုစံလှ-ဘယ်ကလိုက်သွားလို့တုံး....(အစကလိုက်သွားလို့ပါဘုရား)။

အစက လိုက်သွားလို့ တွေ့တာနော်....(မှန်ပါ့) အစကသာ မလိုက်ဘူးဆိုယင် ဒီတကာတကာမတွေ့ ဘယ်မှာ နိဗ္ဗာန်တွေ့မလဲ....(မတွေ့ပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်တွေ့ချင်ယင် ဘယ်ကနေ စပြီးလိုက်ရမလဲ.... (အစကနေပြီး လိုက်ရပါမယ်ဘုရား) သစ္စာက စလိုက်ရမယ်.... (မှန်ပါ့)။

ဖြစ်ပျက်ဒုက္ခသစ္စာကနေပြီး စ့လိုက်လို့ရှိယင်ဖြင့် ဖြစ်ပျက်မုန်းလို့ ဖြစ်ပျက် ဆုံးတဲ့အခါကျလို့ရှိယင်ဖြင့် တရား စ့တာအစကပြောခဲ့တဲ့ ရုပ်နာမ်ခန္ဓာတို့မှာ အမြဲ ဘာတုံး....(အမြဲမရှိ-ဆင်းရဲရှိပါတယ်ဘုရား)။

ရုပ်နာမ်ခန္ဓာ အမြဲလဲ မရှိတဲ့တရား၊ ဆင်းရဲ လဲရှိတဲ့တရား ပျောက်ထွက်သွားတယ်....(မှန်ပါ့) မပျောက်သေးဘူးလား.... (ပျောက်သွားပါတယ်ဘုရား)။

အဲဒီ အမြဲလဲမရှိတဲ့တရားဆိုတော့ အနိစ္စလဲပျောက်ထွက်သွား တယ်....(မှန်ပါ့) ဆင်းရဲလဲရှိတယ်ဆိုတော့ ဆင်းရဲဆိုတာ ဒီရုပ်နာမ်ဘဲခေါ်တာ....(မှန်ပါ့) ရှာတွေ့သေးရဲ့လား....(မတွေ့ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ အမြဲမရှိ- ဆင်းရဲရှိတဲ့တရားသည် မင်္ဂလာနဲ့ မလိုချင်တဲ့အခါကျတော့ ဘာဖြစ်သွားသတုံး-(ချုပ်ပျောက်သွားပါတယ်) ချုပ်ပျောက်ဆုံးမသွားဘူးလား....(ဆုံးသွားပါတယ်ဘုရား)။

အဲ့ဒါ နိဗ္ဗာန်ဟာ....လို့ ရှင်အာနန္ဒာကို သေသေချာချာ ဟောတယ်....(မှန်ပါ့) ကိုစံလှ-ကောင်းကောင်းကျေနပ်ပလား-(ကျေနပ်ပါပြီဘုရား)။

တကာတကာမတို့ ဒီနေ့တရားဟာ သိပ်လှယ်တဲ့တရားလို့ အောယ်မေ့မနေနဲ့....(မှန်ပါ့) ခုနင်က လေးချက်ကိုလဲ သဘော ကျဦးမှ ဒါမှ ဒီအဖြေဟာ အမှန်ထွက်လာတယ်ဆိုတာ ကောင်း ကောင်းသဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အမြဲမရှိ- ဆင်းရဲရှိတဲ့တရား ဘာဖြစ်သွားသတုံး.... (ချုပ်ပျောက်သွားပါတယ်ဘုရား) အဲဒါ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား)။

အမြဲမရှိ-ဆင်းရဲရှိတဲ့တရားချုပ်သွားတော့ ဩော်.....အမြဲရှိတဲ့ ချမ်းသာ ပေါ်လာတယ်....(မှန်ပါ့)။

ဒီစကားပြန်ဟပ်လိုက် ကိုစောမောင်....(မှန်ပါ့) နိဗ္ဗာန်မှာ ဘယ်သဘောရှိသတုံး....(ဆင်းရဲမရှိ-အမြဲရှိပါတယ်) ဆင်းရဲမရှိ အမြဲရှိ-ဆိုကတည်းက ဆင်းရဲလဲပျောက်သွားပြီ....(ပျောက်သွားပါပြီ) နိဗ္ဗာန်ကလဲပေါ်မလာဘူးလား....(ပေါ်လာပါတယ်)။

ဒါဖြင့် တကာတကာမတို့ ဩော်.... နိဗ္ဗာန်မှာ အစရှိတယ်၊ အဆုံးမရှိဘူးဆိုတဲ့ဥစ္စာသည် တခါတည်း ဒုက္ခနယ် သိမ်းသွားတဲ့ အခါကျတော့ သုခနယ် ဘယ်လောက်ကျယ်သတုံး....မေးယင် မဆုံးနိုင်ပါဘူး....(မှန်ပါ့) ပြောဘို့မသင့်ဘူးလား-(သင့်ပါတယ် ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီအတိုင်း လိုက်ရလိမ့်မယ်.... (မှန်ပါ့) ဒါ့ကြောင့် ခင်ဗျားတို့ကို နည်းပေးထားတာသည် အင်မတန် ပါဠိတော်ကြီး၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်က ဤလို လိုက်-လိုက်လို့ရှိယင် ဤနေရာ ဆိုက်ရမယ် ဆိုတဲ့ဥစ္စာ ကိုစောမောင်- သေသေချာချာဟောထားတယ်.... (မှန်ပါ့) အားငယ်စရာများရှိရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်တွေ့တဲ့ပုဂ္ဂိုလ်ဟာ တကာတကာမတွေ့ သစ္စာ, တွေ့တဲ့အတွက် နိဗ္ဗာန်အစ တွေ့ပြီ....(မှန်ပါ့) ဆက်လိုက်သွားလို့

မုန်းတဲ့ဆီလဲရောက်မယ်၊ ဆုံးတဲ့ဆီလဲရောက်မယ်ဆိုယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဆင်းရဲမရှိ အမြဲရှိတဲ့ နိဗ္ဗာန်ရောက်မယ်....(မှန်ပါ့) မရောက်ပါနဲ့ဆိုလို့....(မရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ကို သင်ထားတဲ့ ၁-၂-၃-ဆိုတဲ့ ဉာဏ်စဉ်ဟာ သဘောပါပလား(ပါ-ပါပြီဘုရား) ဒီကလာတယ်ဆိုတာကော ဇသချာပလား....(သေချာပါပြီဘုရား)။

ဩော်....ဒို့သည်ကား....လို့ ဆိုလို့ရှိယင် သံသရာရောနိဗ္ဗာန်ရော အကုန်ရှင်းသွားလို့ရှိယင် ဒီလမ်းအတိုင်းသာ လိုက်တော့....(မှန်ပါ့) ဘာမှ ရှေ့စရာမရှိဘူး၊ မရောက်မရှိဘူးဆိုတာကို ဘုန်းကြီးများက တာဝန်ခံပါတယ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်- မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး
ဟောကြားဆုံးမတော်မူသော
ပါကဋ္ဌဒုက္ခနှင့် အပါကဋ္ဌဒုက္ခ
အာနာပါနနှင့် သမာဓိ အယင်တည်ပါ။
နိဗ္ဗာန်ဆိုတာ အမြဲရှိပြီး ဆင်းရဲမရှိ၊
ရုပ်နာမ်ကတော့ အမြဲမရှိ-ဆင်းရဲရှိသည်။

နွေ-အလုပ်ပေးတရားတော်

ဒီတရားကို နာကြတယ်ဆိုတဲ့ဥစ္စာ ကောင်းလို့ နာတာမဟုတ်ဘူး၊ ထုတ်ရုပ်လမ်းဆိုတဲ့ ဒုက္ခခပ်သိမ်း ငြိမ်းချင်လို့ နာကြတယ်လို့ မှတ်ရမယ်နော်....(မှန်ပါ့)။

ဒုက္ခခပ်သိမ်း ငြိမ်းချင်လို့ နာတဲ့ပုဂ္ဂိုလ်ဟာ လက်ရှိဒုက္ခကို မသိဘဲနဲ့ နောက်ဒုက္ခ ငြိမ်းချင်လိမ့်မယ်ဆိုတဲ့ဥစ္စာ ပေါ်-မပေါ် (မပေါ်ပါဘုရား)။

လက်ရှိဒုက္ခသိမှ နောက်ဒုက္ခကို ဩော်.... ဒီလိုဒုက္ခကြီးများ နောက်လာယင် ခက်ချေရဲ့ဆိုတဲ့သဘောနဲ့ ဒုက္ခသိမ်းဘို့ကို တရား နာကြတဲ့ တကာတကာမတွေ ရှာကြမှာဘဲ....(မှန်ပါ့)။

ဒါဖြင့် နောက်ဒုက္ခကိုသိဘို့နဲ့ လက်ရှိဒုက္ခသိဘို့ ဘယ်ဟာ ပို အရေးကြီးသလဲ....(လက်ရှိဒုက္ခသိဘို့ပိုအရေးကြီးပါတယ်ဘုရား) လက်ရှိဒုက္ခကိုသိဘို့ ပိုအရေးကြီးတယ်ဆိုတာ မှတ်ထားရမယ်.... (မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ လက်ရှိဒုက္ခသိဘို့အရေးဟာက ၁-နံပါတ်ထားပါ၊ နောက် ဒုက္ခကြောက်တာကို ၂-နံပါတ် ထားပါလို့ သတိပေးလိုက်တယ်နော်....(မှန်ပါ့)။

လက်ရှိဒုက္ခကြောက်တာက ၁-နံပါတ်၊ နောက်ဒုက္ခကြောက် တာက ၂-နံပါတ်၊ တကာတကာမတို့ လက်ရှိဒုက္ခကိုမကြောက်တဲ့ ပုဂ္ဂိုလ်၊ မသိသေးတဲ့ပုဂ္ဂိုလ်ဟာဖြင့် လက်မဲ့ဒုက္ခကို ကြောက် လိမ့်မယ်ဆိုတဲ့စကားဟာ မလာပါဘူး .... (မလာပါဘုရား) လာနိုင်စရာကော ရှိရဲ့လား....(မရှိပါဘုရား)။

လာနိုင်စရာလဲမရှိတော့ ဘုန်းကြီးတို့ တကာတကာမတွေ.... ဒီဓနွာကိုယ်ကြီးဟာ လက်ရှိဒုက္ခလို့ မှတ်ရမယ်....(မှန်ပါ့ဘုရား) ဒီဓနွာကိုယ်ကြီးဟာ ဘာပါလိမ့်....(လက်ရှိဒုက္ခပါဘုရား)။

အဲဒီလက်ရှိဒုက္ခကို အခုဆရာဘုန်းကြီးက ဒီဓနွာကိုယ်ကြီး ဟာ လက်ရှိဒုက္ခ (၀၊) ဒုက္ခသစ္စာလို့ ဘယ်လိုဘဲပြောပြော တကာတကာမတွေသိတာကတော့ ဘယ်လိုမှသိသတုံးလို့ မေးတဲ့ အခါ နာလာမယ်၊ ကျင်လာမယ်၊ ကိုက်လာမယ်၊ ခဲလာမယ်၊ အိုခြင်းဆိုး၊ နာခြင်းဆိုးတွေ တိုးလာတဲ့အခါကျယင် သြော်.... ဆရာဘုန်းကြီးပြောတာ လက်ရှိဒုက္ခဘဲဆိုတာ အခုမှဘဲ သိပေ တော့တယ်၊ အဲဒီသိတဲ့အချိန်ကျပြန်တော့လဲ အိုခြင်းဆိုး၊ သေ ခြင်းဆိုး နီးနေလို့ ဉာဏ်မကူနိုင်တော့ဘူး.... (မှန်ပါ့) ကူနိုင် သေးရဲ့လား....(မကူနိုင်ပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ယခုအချိန်ဟာ အားလုံးတရားနာနေကြတဲ့ပုဂ္ဂိုလ်တွေဟာ ဉာဏ်ကူနိုင်တဲ့အချိန်မှာ နဂိုရှိသိထားတဲ့ဒုက္ခတွေဟာ သြော်-ဒီဉစ္စာဖြင့် အင်မတန်ထင်ရှားတဲ့ဒုက္ခတွေလို့....အဲဒါတွေ မဟုတ်သေးပါဘူး၊ စင်စစ် ဒုက္ခအစစ်က ဘယ်သူ ဘာလုပ်မလဲ ဆိုတာကို သေသေချာချာ နားထောင်တော့မှ လက်ရှိဒုက္ခဟာ ကျန်းမာတဲ့ဒုက္ခသိမှ တကာတကာမတို့ ဟိုဘက်ဒုက္ခကို ကြောက်မယ်နော်....(မှန်ပါ့)။

ကျန်းမာတဲ့ဒုက္ခကိုသိမှ.... (ဟိုဘက်ဒုက္ခကြောက်ပါမယ်) ကျန်းမာနေတုန်း ပုထုဇဉ်အမြင်က ကျန်းမာနေတာဘဲ၊ ဘယ်မှာတုံး ကျုပ်တို့ဒုက္ခ၊ စီးပွားရေးလဲ ဖြောင့်နေတာဘဲ၊ ဘယ်မှာတုံး ကျုပ်တို့ဒုက္ခ အစရှိသည်နဲ့ ဒီအချိန်မှာ ဉာဏ်ကတော့ ပြပေးမည့်သူရှိယင် ထက်တဲ့အချိန်ဘဲ၊ သို့ရာတွင်.... ကိုယ်က ဉာဏ်မရှာသေးခဲ့လို့ ရှိယင် ဒီအချိန်မှာ ဉာဏ်ထက်တဲ့အချိန်မှာ ဉာဏ်တုံးပြီးသကာလ ခုနင်ကဉာဏ်မဟုတ်ဘဲနဲ့ နောက်မှ အိုတာတွေ့, သေတာတွေ့, နာတာတွေ့ကြည့်ပြီး ဟိုဟာကျတော့လဲ တကာတကာမတွေ့ သံဝေဂဉာဏ် ဖြစ်ပြီးသကာလ ဝိပဿနာဉာဏ်မဖြစ်နိုင်အောင်ဘဲ ဖြစ်နေပြန်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

တကယ် ကိုယ်သိတာကတော့လဲ သံဝေဂဉာဏ်သာ သွားတော့တယ်၊ ကိုစောမောင် ဝိပဿနာဉာဏ်ဖြစ်နိုင်သေးရဲ့လား.... (မဖြစ်နိုင်ပါဘုရား)။

အဲဒါကြောင့် ဒီနေ့ ခဲ့ခြားပြီးသကာလ ပြောရမည့်တရားကို တကာတကာမတွေ့ ကြိုးကြိုးစားစားနားထောင်ကြည့်မှ သြော်-

ဒို့ကျန်းမာတုန်းကိုရှိနေတဲ့ဒုက္ခသိမှ ကိုစောမောင်- ဘာတဲ့တုံး.... (နောက်ဒုက္ခ သိမှာပါဘုရား)။

ကိုစောမောင်- ဒါသိဘို့အရေးကြီးတယ်နော်.... (မှန်ပါ့) ကျန်းမာတုန်းရှိနေတဲ့ဒုက္ခကိုသိမှ ဦးဘကလေးတို့ ဒုက္ခအစစ်ကို သိမယ်....(မှန်ပါ့)။

မကျန်းမာလို့သိတဲ့ဒုက္ခ၊ အိုခြင်းဆိုး တဲ့လာလို့ သိတဲ့ဒုက္ခ၊ နားခြင်းဆိုး များလာလို့ သိတဲ့ဒုက္ခက သံဝေဂဉာဏ်လို့ ခေါ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ သံဝေဂဉာဏ်နဲ့သိတဲ့ဒုက္ခသည် တကာတကာမတို့ မရပါဘူး၊ မဂ်ဉာဏ်ပေါ်နိုင်ဘို့ ခဲယဉ်းတယ်....(မှန်ပါဘုရား) ကျန်းမာတုန်းကိုသိနေတဲ့ဒုက္ခမှ တကာတကာမတို့ တကယ် မဂ် ဆိုက်, ဖိုလ်ဆိုက် ဒုက္ခလို့မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် ဒီနေ့ ဆရာဘုန်းကြီး စကား စ,ကတည်းက တကာတကာမတွေ့ မှတ်စရာက သြော်.... ဒို့ သိပြီးသကာလထားရတဲ့ ဒုက္ခ-ဒုက္ခ ညည်းနေတာတွေက တကယ့်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကျေးဇူးပြုတဲ့ဒုက္ခ မဟုတ်သေးပါကလား၊ သဘောပါကြပလား (ပါ-ပါပြီဘုရား)။

အခုလို သွားရင်း လာရင်း နေရင်း ထိုင်ရင်း ခန္ဓာလှည့်လိုက်တော့ ဒုက္ခမြင်မှ သြော်.... ဒါဟာ မဂ်ဆိုက် ဖိုလ်ဆိုက် ဉာဏ်နဲ့ သိတဲ့ ဒုက္ခပါလားလို့ အားလုံး ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဟာ ဘယ်လိုထောက်ကြည့်ရမတုံး....လို့ မေးတဲ့အခါကျတော့ ဘုရားဆီသွားပြီးသကာလ .... ရာဟုလာဘဲ နာနာ,

ယသော်ဓရာဘဲ နာနာ, ရှင်သာရိပုတ္တရာ - ရှင်မောဂ္ဂလာန်ဘဲ နာနာ, မကျန်းမာတုန်းသွားနာတဲ့ပုဂ္ဂိုလ် မပါဘူးနော်....(မှန်ပါ ဘုရား) ပါရဲ့လား....(မပါ-ပါဘုရား)။

အဲ....ကျန်းမာတုန်းသွားနာတော့ ဘုရားက သစ္စာမဟောဘူးလား.... (ဟောပါတယ်ဘုရား) သစ္စာဟောလိုက်တဲ့အခါကျတော့ သူ.ခန္ဓာသူကြည့်လိုက်တဲ့အခါကျတော့ ကျန်းမာနေတုန်းကို သစ္စာမြင်နေတယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒါကြောင့် သူတို့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ နိဗ္ဗာန်ကို ရောက်သွားကြတယ်....(မှန်ပါ) ဒါဖြင့် မကျန်းမာလို့ မရှုနိုင်- မကယ်နိုင်ဖြစ်နေတဲ့ ဒုက္ခတွေကတော့ ပါကဋ္ဌဒုက္ခတွေဖြစ်သောကြောင့် သံဝေဂဉာဏ်သာဖြစ်ပါ၏၊ မဂ်ဉာဏ်မဖြစ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ တကယ် မဂ်ဆိုက် ဖိုလ်ဆိုက် သိရမည့် ဒုက္ခကဖြင့် ကျန်းမာတုန်း သိရမည့်ဒုက္ခ....(မှန်ပါ) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒီစကားဟာ သာမည... လို့ ကိုပေါ်- ကိုစောမောင်တို့က မမှတ်နဲ့နော်....(မှန်ပါဘုရား) ကျန်းမာတုန်းကို ကိုယ်ကတော့ လောကီထုံးစံအတိုင်း ကျန်းကျန်းမာမာရှိသေးတယ်၊ အဲဒီလို ကျန်းကျန်းမာမာရှိတုန်းမှာ မြင်ရဖဲ့ ဒုက္ခမှသာလျှင် သူသည် ဒုက္ခသစ္စာဖြစ်တော့မယ်....(မှန်ပါ့)။

သူ မကျန်းမာ မချမ်းသာလို့ အိုကြီး အိုမ ဖြစ်ပြီးသကာလ ဝေဒနာတွေဖြစ် ဒီဘက်စောင်းလိုက်ယင် ဟိုဘက် ယိုင်ချင် ယိုင်

သူ၁းတဲ့အသ၁းမျိုးကြောင့် သြော်....ဒုက္ခ-ဒုက္ခ- အဲဒါဒုက္ခ-ဒုက္ခ ဆိုတာ မောင်နိုင်-ပါကဋ္ဌဒုက္ခလို့ ခေါ်တယ်....(မှန်ပါ့) ပါကဋ္ဌ ဆိုတာ မြန်မာလိုပြောပါတယ် တကာတကာမတို့.... ထင်ရှား တဲ့ဒုက္ခ, တိရစ္ဆာန်တောင် သိနိုင်တာမျိုး....(မှန်ပါ့)။

အဲဒီဒုက္ခကတော့ သစ္စာမဆိုက်ပါဘူးတဲ့....(မှန်ပါ့) မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ဘို့မလွယ်ဘူး....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)ကျန်းမာတုန်းကို ခန္ဓာကြည့်လိုက်လို့ ပေါ်လာတဲ့ဒုက္ခမှ သာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်တဲ့ဒုက္ခ....(မှန်ပါ့)ရှင်းပ လား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မောင်နိုင်-ဒုက္ခဘယ်နှစ်မျိုးရှိသတုံး....(နှစ်မျိုးပါ) မကျန်းမာမှုတွေ့ရတဲ့ ပါကဋ္ဌဒုက္ခတမျိုး ကျန်းမာတုန်းမတွန့် ပကတိမျက်စိနဲ့ မမြင်ရဘဲ ဉာဏ်မျက်လုံးနဲ့ကြည့်မှ မြင်တဲ့ အပါ ကဋ္ဌဒုက္ခတမျိုး၊ ကိုစောမောင် ဘယ်နှစ်မျိုးရှိသလဲ .... (နှစ်မျိုး ပါဘုရား) ဒါဖြင့် ပါကဋ္ဌဒုက္ခ- အပါကဋ္ဌဒုက္ခလို့ နှစ်မျိုးမှတ် လိုက်....(မှန်ပါ့)။

ပါကဋ္ဌဒုက္ခဆိုတာ တိရစ္ဆာန်တောင် သိနိုင်တဲ့ဒုက္ခ သဘော ကျပလား....(ကျပါပြီ) တိရစ္ဆာန်များလဲ အိုလာတဲ့အခါကျ တော့ သူ့ခန္ဓာကြီး သူသဘောမကျတာတွေ့ မလာဘူးလား.... (လာပါတယ်) အဲဒီဒုက္ခဟာ သစ္စာဆိုက်ပါ့မလား....(မဆိုက်ပါ ဘုရား) မဆိုက်သေးဘူးတဲ့၊ မဂ်ဉာဏ်မပေါ်နိုင်ဘူး သဘောကျ ပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ကျန်းမာတုန်းကိုမြင်ရတယ်၊ ဆရာပြလို့ ကိုယ်ပိုင်

ဉာဏ်နဲ့ကြည့်လို့ သိရတဲ့ဒုက္ခမှသာလျှင် တကာတကာမတို့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဆိုက်မည့် ဒုက္ခလို့မှတ်လိုက်စမ်းပါ .... (မှန်ပါ့ဘုရား)။

ဒါဖြင့် အပါကဋ္ဌဒုက္ခမြင်ပါမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဆိုက်မယ် (မှန်ပါ့)ပါကဋ္ဌထင်ရှားတဲ့ဒုက္ခမြင်ရုံနဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဆိုက်ဘို့ မလွယ်ဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ သေသေချာချာမှတ်ပြီး ထားတော့မှ သြော် .... ဒုက္ခပေမဲ့လဲ မကျန်းမာတဲ့ဒုက္ခတွေ အိုကြီး အိုမ ဖြစ်ပြီးသကာလ ဝေဒနာတွေထူထပ်နေတဲ့ လူချင်းမတူ သူချင်းမမျှဆိုတဲ့ ဒုက္ခတွေကတော့ သံဝေဂဉာဏ်သာ ကျေးဇူးပြု၍ မဂ်ဉာဏ်မဖြစ်.... (မှန်ပါ့ဘုရား)။

ကျန်းမာတုန်းမှာ ခန္ဓာကြည့်လိုက်တဲ့အခါမှာ ဆရာကောင်းသမားကောင်းက ညွှန်ပြလို့ ကိုယ်ပိုင်ဉာဏ်နဲ့ ကြည့်လို့မြင်တဲ့ဒုက္ခမှသာလျှင် သြော်....ဒါမှဒုက္ခအစစ်ပါလားဆိုပြီး သကာလ မဂ်ဉာဏ်ပေါ်လာတယ်.... (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ပါကဋ္ဌဒုက္ခမြင်မှလား.... အပါကဋ္ဌဒုက္ခမြင်မှလား.... (အပါကဋ္ဌဒုက္ခ မြင်မှပါ)ကဲ....ဒါဖြင့် နေရာကျပြီတကာတကာမတို့ ဒီနှစ်လုံးကိုဖြင့် မမေ့ပါစေနဲ့....(မှန်ပါ့) ဒီနှစ်လုံးမမေ့စေနဲ့လို့ ကိုစံလှအရေးတကြီးပြောတယ်....(မှန်ပါ့ဘုရား)။

ကျန်းမာတုန်းမြင်နေတဲ့ ဒုက္ခမှ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဆိုက်မယ်နော် .... (မှန်ပါ့) မကျန်းမာလို့ ဒုက္ခတွေကို တကာတကာမတွေ့က တွေ့ပြီးသကာလနေလို့ရှိယင်ဖြင့် သြော် .... ဒီလိုမျိုး

တော့ မဖြစ်ချင်ပါဘူး၊ ဒါကြီးဖြစ်ချင်ပါတယ် ဆိုငြားသော်လဲတဲ့ ဖြစ်ချင်တဲ့ဉာဏ်တော့ ပေါ်ပါရဲ့ ဟိုဟာမဂ်ဉာဏ်မဟုတ်ဘဲ ဖြစ်နေတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျန်းမာတုန်း မြင်တဲ့ဒုက္ခနဲ့ မကျန်းမာ မချမ်းမသာဖြစ်လာမှ မြင်တဲ့ဒုက္ခနဲ့ မောင်နှိုင်တို့ သေသေချာချာစဉ်းစားကြည့်ပါ ဉာဏ်ချင်းကွာပါလိမ့်မယ်.... (ကွာပါတယ်ဘုရား) မကျန်းမမာတဲ့ ဒုက္ခတွေက တကာတကာမတွေ့ ဉာဏ်တော့လာတာဘဲ၊ သံဝေဂဉာဏ်သာ ဖြစ်နေတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်-(သံဝေဂဉာဏ်သာ ဖြစ်ပါတယ်ဘုရား) ကျန်းမာတုန်းကိုဘဲ ဆရာကောင်း သမားကောင်းပေးတဲ့နည်းနဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ ကြည့်လိုက်လို့မြင်လာတဲ့ ဒုက္ခကတော့ဖြင့် မဂ်ဉာဏ်ဖြစ်မယ်....(မှန်ပါ့) ကိုစံလှ မကွာလား .... (ကွာပါတယ်) အင်မတန် ကွာတယ်ဆိုတာတကာတကာမတွေ့ သေသေချာချာမှတ်ပါနော်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိရ်ပါဠိတော်မျာ့းမှာ အိုယင်တော့ အားမထုတ်နဲ့တော့ဟော့လို့ တချို့နေရာမှာလဲလာတယ်....(မှန်ပါ့ဘုရား)။

ကိုစောမောင် ဘာတဲ့တုံး.... (အိုယင်တော့ အားမထုတ်ပါနဲ့တော့) အိုယင် အားမထုတ်နဲ့တော့ဆိုတာ သံဝေဂဉာဏ်သာမျာ့းတော့မယ်၊ ဟိုဉာဏ်က မလာတော့ဘူး၊ သဘောကျပလား (ကျပါပြီဘုရား)။

သံဝေဂဉာဏ်တော့ သူတို့အိုတော့ မများဘူးလား.... (များ ပါတယ်) များပေမဲ့လဲ ခုနင်ကပြောခဲ့တဲ့ ထိုးထွင်းဉာဏ်က .... (မလာပါဘုရား) မလာနိုင်တော့ အဲဒါလျှော့ရမလိုဖြစ်နေတဲ့ နေရာလဲရှိသေးတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် အခု ဆရာဘုန်းကြီးဟောလိုက်တာ ဒုက္ခပေမဲ့လဲ နှစ်မျိုးပါလား.... (မှန်ပါ့) ပါကဋ္ဌဒုက္ခကတမျိုး အပါကဋ္ဌ ဒုက္ခကတမျိုး.... (မှန်ပါ့)အပါကဋ္ဌဒုက္ခဆိုတာ မထင်ရှားဘူးတဲ့၊ ရှိတော့ရှိတယ် အဲဒီမထင်ရှားဘဲနဲ့ ရှိနေတာကို ကိုစံလှတို့မြင်မှ ကိုက်မယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပကတိမျက်လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ မမြင်ပါ ဘူးတဲ့၊ ဉာဏ်မျက်လုံးနဲ့ တပ် ကြည့် လိုက် တဲ့ အခါ ကျတော့ သြော်....တော်တော် ဒုက္ခအစစ်ပါလားဆိုတာ ကိုယ်တိုင်မြင်လာ လိမ့်မယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဒုက္ခကို ဒီနေ့ဘယ်နှစ်မျိုးခဲ့ပြီး ပြောပါလိမ့်.... (နှစ်မျိုးခဲ့ပြောပါတယ်) ပါကဋ္ဌဒုက္ခက သံဝေဂဉာဏ်ကိုသာ ဖြစ်စေတယ်.... (မှန်ပါ့) အပါကဋ္ဌဒုက္ခက မဂ်ဉာဏ်ကိုဖြစ်စေ တယ်ဆိုတော့ သြော်....ဒီစကားဟာ မလွယ်ပါလား.... (မှန်ပါ့ ဘုရား)။

ဒီစကားဟာ မလွယ်ပါလားဆိုတာ နားကြီးကြီးနဲ့ ထောင် ကြည့်ကောမှ ကိုစောမောင် ဒုက္ခကဲ့လာတယ်.... (မှန်ပါ့ဘုရား) နို့မဟုတ်လို့ ရှိယင် ဖြင့် တကာတကာမတွေ့ ရာဟုလာဟာ ငယ်ငယ်နဲ့ သောတာပန်တည် တယ် ဆိုတာ ကျန်းမာလို့ .... (မှန်ပါ့)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်)ယ သော်ဓရာတို့လဲ

၃၀-၃၅-လောက်မှာ သူသောတာပန်, သကဒါဂါမ်, အနာဂါမ်ရဟန္တာဖြစ်တယ်ဆိုတာ ကျန်းမာလို့လား .... (ကျန်းမာလို့ပါဘုရား)ကျန်းမာတုန်း ဥာဏ်ထက်တုန်းပေါ့ဗျာ....(မှန်ပါ့)။

ဒါဖြင့် ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့ အလောင်းတော်ဟာလဲ လူပျိုကြီးတော်ဘဲဗျာ၊ မဟုတ်ဘူးလား .... (မှန်ပါ့) ဘယ်အချိန်များ သူတို့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရလို့ကပါလိမ့်မတုံးဆိုတော့ ကျန်းမာချမ်းသာတုန်း .... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်အချိန်ရပါလိမ့်.... (ကျန်းမာ ချမ်းသာတုန်းပါဘုရား) ကျန်းမာ ချမ်းသာတုန်းရတယ်ဆိုတော့ ကိုစောမောင် အဲဒီဝတ္ထုတွေက မထင်ရှားဘူးလား.... (ထင်ရှားပါတယ်) ထင်ရှားနေတော့ သြော် .... သူတို့ ဘယ်ဒုက္ခ မြင်လို့ပါလိမ့်မတုံးလို့ မောင်နိုင်က တွေးတာပေါ့.... (အပါကဋ္ဌဒုက္ခမြင်လို့ပါဘုရား) အေး....အပါကဋ္ဌဒုက္ခမြင်လို့ .... (မှန်ပါ့) လူတိုင်း မြင်နိုင်တဲ့ဒုက္ခဘဲ ကိုစောမောင် သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒုက္ခသည် လူတိုင်းမြင်နိုင်တဲ့ ဒုက္ခတမျိုး၊ သဘောပါပလား....(ပါ-ပါပြီ) လူတိုင်းမမြင်နိုင်တဲ့ဒုက္ခက....(တမျိုးပါဘုရား)ဘယ်ဒုက္ခမြင်မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရမတုံး....(အပါကဋ္ဌဒုက္ခမြင်မှပါဘုရား) အပါကဋ္ဌဒုက္ခဆိုတာ လူတိုင်းမမြင်နိုင်ဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောတာကိုဘဲ ဘုန်းကြီးက ထုတ်ပြပါမယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သံယုတ်ပါဠိတော်မှာ ဘယ်လို

ဟောလိုက်သတုံး ဆိုလို့ရှိယင် ရဟန်းတော့ဟာတဲ့ သူတို့ တရားတော့ အားထုတ်ပြီးသကာလ နေကြတယ်၊ ဖြစ်ပျက်တော့မြင်အောင်တော့ဖြင့် မောင်နိုင် ကြိုးစားနေကြတယ်.... (မှန်ပါ့)။

ဘုရားကလဲ သဗ္ဗညုတ ဉာဏ်တော်နဲ့ ကြည့် လိုက် တယ် ဒီကိုယ်တော်တော့ကို၊ သြော်....ဒီရဟန်းတော့ဟာ ကြိုးစားတော့ ကြိုးစားနေတာဘဲ၊ ခန္ဓာကိုယ်ကြည့်ပြီးသကာလ ဖြစ်ပျက်မြင်အောင်တော့ ကြည့်နေကြတာဘဲ၊ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာကိုး (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီဒုက္ခသစ္စာကိုသူတို့ကကြည့်ပြီးသကာလနေတော့သြော်.... ကြည့်သာကြည့်တယ် သမာဓိ မရှိဘူး....တဲ့၊ ဘုရားက သိတယ်.... (မှန်ပါ့) ကြည့်သာကြည့်နေကြတယ်၊ သမာဓိ မရှိဘူးတဲ့.... (မှန်ပါ့)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားအားထုတ်နေတဲ့ရဟန်းတော့ခေါ်ပြီး သကာလ မင်းတို့ အားထုတ်နေတာတော့ဖြင့် ထုတ်တာဘဲကွာ၊ ထုတ်ပင် ထုတ်ငြားသော်လဲ မင်းတို့သည်ကား....ဆိုလို့ရှိယင်ဖြင့် သမာဓိ မရှိဘဲနဲ့ မင်းတို့ အားထုတ်နေတဲ့အတွက် ဟုတ်တိုင်းမှန်စွာ ဒုက္ခကိုမင်းတို့မမြင်တော့ဘူးတဲ့၊ သဘောကျပလား.... (ကျပါပြီ) အပါကဋ္ဌဒုက္ခကို မမြင်နိုင်ဘူးတဲ့ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သြော်....သမာဓိမရှိဘဲနဲ့ ဝိပဿနာလုပ်နေယင် ဝိပဿနာဆိုတာ ဒုက္ခကိုမြင်အောင်ကြည့်တာ ကိုစောမောင်ရ(မှန်ပါ့) အဲဒီတော့ သူတို့က သမာဓိမရှိဘဲနဲ့ဖြစ်ပျက်ဒုက္ခသစ္စာမြင်အောင်

ကြည့်နေတော့ ဒီရဟန်းတွေတော့ လဲကုန်ပြီဆိုပြီး ဘုရားက ဇေတဝန်ကျောင်းကနေပြီး ခုနင်က တရား အား ထုတ်နေတဲ့ ကိုယ်တော်တွေခေါ်ဟော့ ဆိုပြီး တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေကို အခေါ်ခိုင်းလိုက်တယ်နော်....(မှန်ပါ့ဘုရား)။

တရားအား ထုတ်နေ တဲ့ ပုဂ္ဂိုလ်တွေ အခေါ်ခိုင်းလိုက်ပြီး မင်းတို့ ဘာမျှားလုပ်နေကြသတုံး၊ တပည့်တော်တို့ဘုရား ခန္ဓာထဲမှာ ဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာကိုရှာနေပါတယ် .... (မှန်ပါ့ဘုရား)။

ရှာပင်ရှာငြားသော်လဲကွာ မင်းတို့မရနိုင်ဘူးတဲ့၊ ဒါကြောင့် ငါသေသေချာချာ သင်ဦးမယ်ဆိုပြီး ဘုရားသခင်ကိုယ်တော် မြတ်ကြီးက“သမာဓိ ဘိက္ခဝေ ဘာဝေထ” ဒါကို အယင်ဟော လိုက်တယ်၊ ဘိက္ခဝေ=ငါ၏ချစ်သားတပည့်မျှားတို့၊ သမာဓိ = သမာဓိကို၊ ဘာဝေထ = ရှေးဦးစွာတည်ထောက်လိုက်ကွတဲ့.... (မှန်ပါ့ဘုရား)။

ဘာတဲ့တုံး....(သမာဓိကို ရှေးဦးစွာတည်ထောင်ရပါမယ်) သမာဓိတည်ထောင်လိုက်ကွာ ဆိုတော့ ကျန်းမာတဲ့ရဟန်းတွေ ဟောနေတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

သမာဓိကို တည်ထောင်လိုက်ကွ ဆိုတော့မှ တကာတကာမ တွေ.... ဒီရဟန်းတွေကို သမာဓိအတည်ခိုင်းတယ်၊ သမာဓိဆိုတာကတော့ တခုတည်းသောအာရုံပေါ်မှာ ကိုယ့် စိတ် ထား လို့ မပြေးယင် ပြီးတာဘဲ....(မှန်ပါ့ဘုရား)။

သမာဓိဆိုတာ ဘာပါလိမ့်မတုံးလို့ ခင်ဗျားတို့ ဘာမှမေး စရာမရှိဘူး၊ ဒီတိုင်ကြီး ခင်ဗျားတို့ကြည့်နေတယ်၊ တိုင်ကြီးဆီမှ

တပါးစိတ်ဟာဘယ်မှဘေးမပြေးလို့ ရှိယင်ဒါသမာဓိဘဲ(မှန်ပါ့) ဒါ့ကြောင့် သူဟာမင်္ဂိုလ်မဆိုက်နိုင်ဘူးဆိုတာသေချာပလား.... (သေချာပါပြီဘုရား)။

ဘာမှ မြင်တာမှမဟုတ်ဘဲ၊ ဒီအပေါ်မှာ တည်တာရှိတာဘဲ သဘောကျပလား.....(ကျပါပြီ) ဒီအထဲမှာ ဒုက္ခသစ္စာသူမြင်နိုင်သလား.....(မမြင်နိုင်ပါ) ဒါဖြင့် အသုဘသူမြင်နိုင်သလား.... (မမြင်နိုင်ပါ) မမြင်နိုင်ဘူး တကာတကာမတို့ သမာဓိဟာ သမာဓိတခုတည်းသော အာရုံပေါ်မှာ ဘယ်မှမပြေးတာရှိတာဘဲ.....(မှန်ပါ့) သဘောကျပလား.....(ကျပါပြီဘုရား)။

ဒါဖြင့် သမာဓိကို ရှေးဦးစွာတည်ထောင်ကွာလို့ ဆိုတော့ တခုတည်းသော အာရုံမှာ ရွှေက မောင်နိုင်က ဖြစ်စေ၊ ကိုစံလှကဖြစ်စေ ရွှေကတခုထားပြီးစိုက်ကြည့်၊ စိုက်ကြည့်နေတဲ့ အခါကျတော့ ဒီစိတ်ဟာ ဒီမှာဘဲစိုက်နေတယ်၊ ဘယ်မှမပြေးတော့ဘူး၊ ၁၀- မိနစ်၊ ၁၅- မိနစ်၊ နာရီဝက်၊ သမာဓိဘဲ မောင်နိုင်ရဲ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဟာကလေး စိုက်နေရတာဘဲ ရှိတာဘဲ ကိုစံလှရဲ့၊ ဒီအထဲမှာ ထိုးထွင်းသိ သူ့အထဲပါရဲ့လား....(မပါပါဘုရား) မပါသေးတဲ့အတွက် သမာဓိချည့်သက်သက်ဆိုလဲ ကိုစောမောင်မရဘူး.....(မှန်ပါ့) သစ္စာဆိုက်ဖြစ်ပါ့မလား.....(မဖြစ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားကခုနင်က ရဟန်းတွေခေါ်လိုက်ပါပြီ၊ မင်းတို့ သမာဓိမရှိဘဲနဲ့ သစ္စာကြည့်နေလို့တော့ဖြင့် မင်းတို့မြင်ကြမယ်မဟုတ်ဘူး၊ သမာဓိကို တည်ထောင်ဦးကွတဲ့၊ ဒါကို အယင်ဟောလိုက်ပါတယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့တကာတကာမတွေလဲဒီရောက်လာတဲ့ အလုပ်တောင်းတဲ့ တကာတကာမတွေ အလုပ်လုပ်တဲ့ တကာတကာမတွေ တရက်ဆိုလို့ရှိယင် ဘုန်းကြီးက အလုပ်ကိုမပေးသေးဘူး ကိုစောမောင်၊ သမာဓိဖမ်းပါဦးလို့ ပြောလိုက်တယ်-(မှန်ပါ့ဘုရား)။

ပဌမရောက်လာတဲ့နေ့ သမာဓိဖမ်းပါဦး၊ မင်းတို့ ဆယ့်ငါးမိနစ်, နာရီဝက် ရပလားဆိုတာ ဒါက နဂိုရိုက်မှု အပါကဋ္ဌ ဒုက္ခသစ္စာကို တော်တော်ကြည့်ရမည့်ဥစ္စာ သမာဓိက မပါဘဲနဲ့ ကြည့်နေမယ်ဆိုယင် မောင်နိုင်-ရပါ့မလား....(မရပါဘုရား)။

အဲဒါကြောင့် တကာတကာမတွေ အိမ်မှာအားထုတ်နေတဲ့ တကာတကာမတွေအတွက်ဆိုယင် ရှေးဦးစွာ အာနာပါနဖြစ်တဲ့ ထွက်လေကလေးကြည့်၊ ဝင်လေကလေးကြည့်ပြီး နှာသီးဖျားစိတ်ထားပြီး ထွက်တာသိ, ဝင်တာသိကလေးကို ဆယ်မိနစ်, ဆယ့်ငါးမိနစ်၊ ဒါဟာ ရှေးဦးစွာလုပ်တဲ့ပုဂ္ဂိုလ်မှာ လုပ်ပေးပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ထွက်တိုင်း ဝင်တိုင်းသိနေတော့ စိတ်ဟာ ဒီလေဆီမှတပါး ဘယ်မှမပြေးတော့ဘူးဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

လေကို သူသိနေတာဘဲ၊ ထွက်သွားတဲ့လေကိုလဲ ထွက်သွားတဲ့လေလို့ သူသိနေတယ်၊ ဝင်လာတဲ့လေကော....(ဝင်တဲ့လေလို့ သိပါတယ်ဘုရား)။

ဒါဖြင့် သူလေပေါ်မှတပါး ဘခြားကို မသွားတော့ဘူး၊ ဆယ်မိနစ် ဆယ့်ငါးမိနစ်ဟာ ထွက်တိုင်းသိ, ဝင်တိုင်းသိ, သိနေ

တော့ သြော်....လေပေါ်မှတပါး သူဘယ်မှ မပြေးတဲ့အတွက် သမာဓိတည်ပြီလို့ မှတ်လိုက်တာပေါ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သမာဓိတည်ပြီနော်- တကာ တကာမတွေ့....(မှန်ပါ့ဘုရား) ကောင်းပြီ .... ဆယ်မိနစ်, ဆယ့်ငါးမိနစ်, နာရီဝက်တိုင်တိုင် ဘယ်မှ မပြေးတော့ဘူးဘုရား၊ ထုတ်တိုင်းသိ, ဝင်တိုင်းသိ, လေပေါ်မှာသာ တပည့်တော်- သတိနဲ့သာ သမာဓိရှိတော့တယ်၊ လေပေါ်မှာသာ သတိနဲ့ သမာဓိ ရှိတော့တယ်ဆိုလို့ ရှိယင်ဖြင့် မောင်နိုင်-ဖြုတ်လိုက်ပါတော့၊ တော်ပြီ သူ့ကို....(မှန်ပါ့ဘုရား) ကိုစံလှ-တော်ပြီနော်.... ဆယ့်ငါးမိနစ်လောက်ရယင် တော်ပါပြီ (မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "သမာဓိ ဘိက္ခဝေ ဘာဝေထ" မင်း သမာဓိကို ရှေးဦးစွာပဲွားက....ဆိုတော့ ခုနင်က အလုပ်ခိုင်းတာ ကိုစောမောင်- သဘောကျပလား.... (ကျပါပြီဘုရား)။

သမာဟိတော ယထာဘူတံ၊ ပဇာနာတိ။ သမာဟိတော= တည်ကြည်သောပုဂ္ဂိုလ်သည်၊ ယထာဘူတံ = အပါကဋဖြစ်တဲ့, ဖြစ်ပျက် ဒုက္ခသစ္စာကို၊ပဇာနာတိ =သိ၏တဲ့၊ခုနင်ကသမာဓိတည် ပြီးတဲ့ပုဂ္ဂိုလ်မှ ခန္ဓာလှည့်လိုက်တဲ့အခါမှာ အပါကဋ ဒုက္ခသစ္စာ သွားတွေ့တယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)

ဘာသွားတွေ့သလဲ....(အပါကဋ ဒုက္ခသစ္စာ သွားပြီး တွေ့ပါတယ်ဘုရား) ပါကဋဒုက္ခသစ္စာကတော့ အနာပေါက်တာမျိုးကို ဆိုတာ ကိုစောမောင်ရ....(မှန်ပါ့)။

အနာပေါက်တာ, လေနာတာ, ခေါင်းကိုက်တာ၊ ခြေဖျံ.... ဒုက္ခ-ဒုက္ခ-ခြေဖျံ.... ဒုက္ခ-ဒုက္ခ-ဆိုတော့ သူကလဲ သံဝေဂဉာဏ် သက်သက်သာသာပေးတယ်၊ မင်္ဂဉာဏ်ဘက်လာရဲ့လား....(မလာပါဘုရား)။

အဲဒါကြောင့် ဒုက္ခနှစ်မျိုး ရှိတယ်လို့ ဆရာဘုန်းကြီးက စောစောက ဝေဘန်ခဲ့တာကော ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

နို့မဟုတ်လို့ ရှိယင်ဖြင့် လူအိုကြီးတွေဟာ ခြေဖျံ....ဒုက္ခ-ခြေဖျံ....ဒုက္ခဆိုတာတွေကတော့ သူတို့လဲ ထ,လဲဒုက္ခ၊ ထိုင်လဲ ဒုက္ခကတော့ ကိုစောမောင်-ခင်ဗျားလဲကြားဘူးမှာဘဲ....(ကြားပါတယ်ဘုရား)။

ကြားဘူးပင်ကြားဘူးငြားသော်လဲ သူမင်္ဂဉာဏ် ဖိုလ်ဉာဏ် ရသွားသလား....(မရပါဘုရား) ဘာဖြစ်လို့ မရတာတုံး-ပါကဋ္ဌ ဒုက္ခလောက်သာ သိနေလို့....(မှန်ပါ့) ထင်ရှားတဲ့ ဒုက္ခ... တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် မထင်ရှားနိုင်တဲ့ဉာဏ်နဲ့ကြည့်မှ မြင်နိုင်တဲ့ဒုက္ခကို မြင်ပါမှ မင်္ဂဆိုက်မယ်ဆိုတာကို လေးလေးစားစားမှတ်ပါ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျန်းမာစဉ် လုပ်ရမှာလား၊ မကျန်းမာစဉ် လုပ်ရမှာလား....(ကျန်းမာစဉ် လုပ်ရမှာပါဘုရား) ဒါ့ကြောင့် တရားနာနေကြတဲ့ တကာ တကာမတွေ ကျန်းမာချိန်ကို မြင်ရမည့် ဒုက္ခမှ ခင်ဗျားတို့ မင်္ဂဉာဏ်, ဖိုလ်ဉာဏ်ရမှာ၊ သေခါနီးမှ ကြိုးစားမယ်ဆိုယင်လဲ မဖြစ်ဘူး.... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

သေခါနီးမှ ကြိုးစားမယ်ဆိုယင်....(မဖြစ်ပါဘုရား) ဝေဒနာတွေ ထူထပ်မှ ကြိုးစားမယ်ဆိုယင်ကော .... (မဖြစ်ပါဘုရား) ဘာ့ကြောင့်တုံး.... ဝေဒနာထူထပ်မှကြိုးစားတော့ ပါကဋ္ဌဒုက္ခ လောက်သာ သူဖြစ်ပြီး သံဝေဂဘက်သွားတော့မယ်....(မှန်ပါ့) မဂ်ဉာဏ်,ဖိုလ်ဉာဏ် လာပါဦးမလား....(မလာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ အခုတရားနာကြတဲ့တကာတကာမတွေ့ အားလုံးကျန်းမာလို့ ကြီးတဲ့ ပုဂ္ဂိုလ်လဲ ကျန်းမာလို့ ငယ်တဲ့ပုဂ္ဂိုလ်ကော....(ကျန်းမာလို့ပါဘုရား)။

ကျန်းမာလို့ လာပြီး နာကျတဲ့အခါကျတော့ တကယ့် မဂ်ဆိုက် ဖိုလ်ဆိုက်ဒုက္ခ သိချင်လို့ရှိယင် ဘယ်အချိန် လုပ်ရမှာပါလိမ့်....(ကျန်းမာတဲ့အချိန် လုပ်ရမှာပါ)သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်အချိန် လုပ်ရမလဲ.... (ကျန်းမာတဲ့အချိန် လုပ်ရပါမယ်) ကျန်းမာတဲ့အချိန် အရွယ်ကောင်းတုံးကို ကြိုးစားလိုက်ပါဆိုတာကိုလဲ ဘုရားက တိုက်တွန်းသည့်အတိုင်း ဘုန်းကြီးက နှိုးဆော်ပါတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) ဦးဘကလေး-ကျနပ်ပလား....(ကျနပ်ပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့်"သမာဓိ ဘိက္ခဝေ ဘာဝေထ"ဆိုတော့ ကိုစံလှရေ .... သမာဓိကလေး နည်းနည်းတည်အောင်လုပ်ပါ....(မှန်ပါ့) တည်ပြီးတော့ ခန္ဓာဘက် ဉာဏ်လှည့်လိုက်၊ တည်ပြီးလို့ရှိယင် လောဘက်ကိုမလှည့်နဲ့တော့.... (မှန်ပါ့) လေထွက်တာဝင်တာကို သိတာကို မလှည့်နဲ့တော့....(မှန်ပါ)။

သမာဓိတည်နေတဲ့ပုဂ္ဂိုလ်ဟာ ခန္ဓာက မောင်နှိုင်- နဂိုရိုက်လဲ ဖြစ်ပြီးပျက်တဲ့ ဒုက္ခသစ္စာကိုး....(မှန်ပါ့) အဲဒီတော့ သမာဓိတည်ပြီးနေတဲ့ပုဂ္ဂိုလ်ဟာ နောက်ပညာနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဒီခန္ဓာ ဒုက္ခသစ္စာကို ဒုက္ခသစ္စာရယ်လို့ဘဲ သူ့မှာပညာနဲ့ကြည့်လိုက်တဲ့အခါ ကိုစောမောင် - သမာဓိတည်ပြီးမှကြည့်တဲ့အခါကျတော့ တွေ့တာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်အချိန်ကြည့်ရမှာပါလိမ့်....(သမာဓိတည်ပြီးတဲ့အအချိန်ကြည့်ရမှာပါ) သမာဓိတည်ပြီးမှ ကြည့်လိုက်တဲ့အခါကျတော့ ဟိုနေရာကရွရွ၊ ဒီနေရာကရွရွ၊ ဒီနေရာက ယားသလိုလို၊ ဟိုနေရာက ယားသလိုလိုနဲ့ အို.... ဖေါက်ပြန် ပျက်စီးနေလိုက်တာ.... (မှန်ပါ့ဘုရား)။

ဖေါက်ပြန် ပျက်စီးနေလိုက်တာ ဟိုနေရာကလှုပ်လှုပ် ဒီနေရာက ဘာလိုလို အဲဒီလို ဘာလိုလိုဟူသ၍သည်ကား.... ဟိုကရွရွ-ဒီကရွရွ အစရှိသည်တို့ဟာ ဒါဟာ ဖြစ်ပြီး ပျက်နေတဲ့ သဘောတွေဘဲဆိုတော့ ဒါခင်ဗျားတို့ စဉ်းစားကြည့်၊ အနာပေါက်နေတာမျိုး ဟုတ်ပါရဲ့လား၊ ကျန်းမာလျက်နဲ့ ပြနေတာလား.... (ကျန်းမာလျက်နဲ့ ပြနေတာပါဘုရား)။

ကျန်းမာလျက်နဲ့ ပြနေတဲ့ခန္ဓာထဲမှာ ဖေါက်ပြန်မှုသည်သာလျှင် မဂ်ဉာဏ်ကို ကျေးဇူးပြုတယ်....(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒုက္ခဘယ်နှစ်မျိုး ရှိသတုံး....လို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (နှစ်မျိုးပါဘုရား) ပါကဋ္ဌဒုက္ခတမျိုး....(အပါကဋ္ဌဒုက္ခကမျိုးပါဘုရား)။

အပါကဋ္ဌဒုက္ခက ဘယ်အချိန်ကြည့်ရမှာတုံး .... (ကျန်းမာတုန်း ကြည့်ရမှာပါဘုရား) ပါကဋ္ဌဒုက္ခဆိုတာ ဘယ်အချိန်ပေါ်တတ်သတုံး .... (မကျန်းမာတုန်း ပေါ်တတ်ပါတယ်ဘုရား) မကျန်းမာတုန်း သိတာကတော့ ဒုက္ခတော့ သိပါရဲ့....တဲ့၊ သံဝေဂဉာဏ်သိ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကျန်းမာတုန်း သမာဓိတည်ပြီး ကြည့်လိုက်ဘဲ့ ဥစ္စာတော့ ကြည့်လိုက်လို့မြင်တာကတော့ဖြင့် တကာတကာမတို့ သူများ မထင်ရှားစာကို ထင်ရှားအောင်မြင်တယ်၊ ဒါ့ကြောင့်.... အပါကဋ္ဌဒုက္ခလို့ ဆိုလိုက်တယ်.... (မှန်ပါ့) ကိုစံလှ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဘုရားက ဘယ်အချိန် လုပ်စေချင်ပါလိမ့်မလဲဆိုတာ ပေါ်သွားပြီ.... (ပေါ်သွားပါပြီဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် လေးလေးနက်နက်ဘဲ ပြောနေတယ်ဆိုတဲ့ဥစ္စာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ အင်မတန် အရေးကြီးတဲ့ အချက်ကို အရေးကြီးသလို မှတ်ဘို့ မောင်နှိုင် ပြောနေတယ်.... (မှန်ပါ့ဘုရား) ကိုပေါ် ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ခင်ဗျားတို့ ကျန်းမာသေးတယ်မဟုတ်လား....(မှန်ပါ့) အဲ.... ကျန်းမာသေးတဲ့ အချိန်မှာ ခန္ဓာထဲမှာ သမာဓိ တည်အောင် လုပ်ပြီး ကြည့်လိုက်လို့ ရှိယင် ခုနင်က သံဝေဂဉာဏ်လာမလား မဂ်ဉာဏ်လာမလား....(မဂ်ဉာဏ်လာမှာပါဘုရား)။

ကဲ.... တကာ တကာမတွေ့ ဒီနေ့ ဒီတလုံးထဲ ခင်ဗျားတို့ သြော်.... ဒို့သိတာ ဒုက္ခတမျိုးတည်း အောက်မေ့နေတယ်၊ ဘယ်ဟုတ်မလဲ....(မှန်ပါ့) ကိုစောမောင်-တမျိုးတည်း အောက်မေ့နေတယ်....(မှန်ပါ့) သံဝေဂဉာဏ်ရတဲ့ဒုက္ခကတမျိုး၊ မဂ်ဉာဏ်ရတဲ့ဒုက္ခက....(တမျိုးပါဘုရား)။

အဲဒီလို သေသေချာချာ ရှင်းလင်းပေးတဲ့ဆရာနဲ့ တွေ့တော့မှ သြော်....ဒါဖြင့် ရှေးက ဝတ္ထုသက်သေသာဓက ကြည့်လိုက်ပြန်လို့ ရှိယင်လဲ ကျန်းမာတုန်းမှာ ရကြတဲ့ မဂ်ဉာဏ်ကများတယ်....(မှန်ပါ့) မကျန်းမာတုန်း ရသွားတဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်က ကျန်းမာတုန်းမှာ ကြိုးစားပြီးသားပုဂ္ဂိုလ်များရတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အရှယ်ကိုလဲ စောင့်မနေကြနဲ့၊ အချိန်ကိုလဲ စောင့်မနေကြနဲ့ ကျန်းမာတုန်း မြင်ရမည့်ဒုက္ခမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမှာ ဖြစ်လေသောကြောင့် ဒီအချိန် အကောင်းဆုံးဘဲထားပြီး ကြိုးစားပါ....(မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါကို ဘယ်မှာ ဟောပါသတုံး....ဆိုတော့ သံယုယ်ပါဠိတော်မှာ ဘုရားက သမာဓိ ဘိက္ခဝေ ဘာဝေထ၊ ရှေးဦးစွာ သမာဓိတည်ထောင်လိုက်ဟေ့....တဲ့၊ ငါးမိနစ်, ဆယ်မိနစ်, ဆယ့်ငါးမိနစ် တည်ထောင်လိုက်, ပြီးတာဘဲနော်....(မှန်ပါ့)။

တည်ထောင်ပြီးသကာလ သမာဟိတော=တည်ကြည်ပြီးသော ပုဂ္ဂိုလ်သည်၊ ယထာဘူတံ=ခန္ဓာထဲမှာရှိတဲ့ အပါကဋ္ဌဒုက္ခကို၊ ပဇာနာတိ=သူသိရမယ်....တဲ့၊ ကဲ....မောင်နိုင် ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ကျန်းမာတုန်းကိုဘဲ မောင်နိုင်တို့က သမာဓိတည်ပြီးသကာလ ကျန်းမာတုန်းလဲ ခန္ဓာပြန်ကြည့်လိုက်ပါတဲ့၊ သမာဓိတည်ပြီးမှ ကြည့်လိုက်လို့ ရှိယင် ဟုတ်တိုင်း မှန်စ့ာ သိတဲ့ ဒုက္ခသစ္စာကို ကိုစောမောင် သိမယ်....(မှန်ပါ့)။

ဒါဖြင့် ဘယ်အချိန်သိရမှာပါလိမ့်....(ကျန်းမာတုန်းသိရပါမယ်ဘုရား) ကျန်းမာတုန်း ကြည့်ရမယ်လို့ အားလုံး တကာ့ တကာမတွေ့ သတိပေးလိုက်တယ်နော်....(မှန်ပါ့)။

နို့.... မကျန်းမာတဲ့အခါ မြင်တဲ့ ဒုက္ခတွေ့ ကတော့ကော အို.... အဲဒါတွေကတော့ ပါကဋ္ဌဒုက္ခ ဖြစ်လေသောကြောင့် သံဝေဂဉာဏ်ကို ကျေးဇူးပြုပြီး မဂ်ဉာဏ်ပေါ်ဘို့ မလွယ်သောကြောင့် တကာတကာမတို့ အကျိုးများသင့်သလောက် မများဘူး....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) အကျိုးများသင့်သလောက် မများဘူးလို့ ဟောလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

သံဝေဂဉာဏ်ကမှ မဂ်ဉာဏ်ကို တက်ရမှာကိုး .... (မှန်ပါ့) အဲဒီတော့ ပဋ္ဌမအဆင့်တွင် မောင်နိုင် အချိန်ကုန်နေပြီ၊ ဒုတိယအဆင့် ရောက်နိုင်သေးရဲ့လား....(မရောက်နိုင်ပါဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ မြန်မြန်လုပ်-မြန်မြန်လုပ်လို့ ဆိုတဲ့ဥစ္စာ ဉာဏ်ကောင်းတုန်း မြန်မြန်လုပ်လို့ ပြောတာ၊ ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား)။

အဲဒီမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ကို ငါဟောတာ ရှေးဦးစ့ာ သမာဓိလုပ်၊ လုပ်ပြီးသည်၏အခြားမဲ့မှ ခန္ဓာကို ဉာဏ်စိုက်- ဒီလိုဟောလိုက်တယ်....(မှန်ပါ့)။

အဲဒီလို ခန္ဓာဥာဏ်စိုက်လိုက်တဲ့အခါကျလို့ ရှိယင်ကွာ....တဲ့၊ ဘယ်လိုဖြစ်လာသတုံးလို့ မေးလို့ ရှိယင် မိမိခန္ဓာကြီး ဖြစ်တာကိုလဲ သိပါတယ်-ပျက်တာကိုလဲ သိပါတယ်၊ သဘောကျပလား (ကျပါပြီဘုရား)။

မိမိခန္ဓာကြီး၏ ဖြစ်တာကိုလဲ သိပါတယ်-ပျက်တာကိုလဲ သိပါတယ်....တဲ့ ခန္ဓာဥာဏ်စိုက်လိုက်လို့ ရှိယင်....(မှန်ပါ့)။

ဒါဖြင့် သမာဓိရှိပြီးသကာလ ကျန်းမာတုန်းကို ခန္ဓာထဲမှာ ဥာဏ်စိုက်တဲ့ပုဂ္ဂိုလ်ဟာ ခန္ဓာဖြစ်တာကိုလဲ....(သိပါတယ်ဘုရား) ချုပ်တာကိုကော....(သိပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် ရှင်းပြတော့မယ်....တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဤအတိုင်း ဟောတော်မူပြီ။

ကဲ....ဒါဖြင့် တကာတကာမတို့၊ တကာတကာမတို့ ဆိုရတာကလဲ ခေါ်ဝေါ်နေကျမို့သဒ္ဓ ခေါ်ရတယ်၊ စင်စစ်တော့ ခန္ဓာငါးပါးဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ရှိတာက ဘာပါလိမ့်....(ခန္ဓာငါးပါးပါဘုရား) ဩော်....ခန္ဓာငါးပါးကိုး၊ ခန္ဓာငါးပါးကို သမာဓိ တည်ပြီးတဲ့ ပုဂ္ဂိုလ်က ကိုစောမောင်,ရေ....ကြည့်ပေးနော်....(မှန်ပါ့)။

သမာဓိတည်ပြီးယင် ဘာလုပ်ရမလဲ.... (ခန္ဓာ ငါးပါးကို ကြည့်ပေးရပါမယ်ဘုရား) ခန္ဓာငါးပါးကို ကြည့်ပေးရမယ်။

ငါးပါးစလုံး မကြည့်နဲ့တဲ့၊ ဘာ့ကြောင့်တုံးဆိုတော့ သတိပဋ္ဌာန်လေးမျိုး ဟောထားတယ်၊ သတိပဋ္ဌာန်က လေးမျိုးတည်း ဟောထားတယ်....(မှန်ပါ့) သတိထားရမှာက လေးမျိုးတည်း

ရှိတယ်ကွ....တဲ့.....(မှန်ပါ့) ငါးပါးစလုံး ကြည့်ရမယ်လို့ လာရဲ့ လား....(မလာပါဘုရား) ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုယင် ရုပ်ဘက်က ကြည့်ကွ....တဲ့၊ သဘောကျပလား-(ကျပါပြီဘုရား) ဝေဒနာနုပဿနာဆိုတော့ ဝေဒနာတွေကြည့်၊ နာမ်ဘက်က တောင် အကုန်မပါဘူး.... (မှန်ပါဘုရား) ဘာကြည့်ရမတုံး.... (ဝေဒနာတွေ ကြည့်ရပါမယ်ဘုရား)။

ကြည့်လေ....သတိပဋ္ဌာန်နဲ့ ဝေဘန်လာတာ၊ အကုန်ငါးပါး စလုံး ကြည့်ရမယ်လို့ လာရဲ့လား....(မလာပါဘုရား)။

စိတ္တာနုပဿနာဆိုကော့ ဘာကြည့်ရမတုံး.... (စိတ်ကြည့်ရ ပါမယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဓမ္မာနုပဿနာဆိုတော့ သစ္စာကြည့်ကွ....တဲ့၊ သဘောကျ ပလား....(ကျပါပြီဘုရား) ဓမ္မာနုပဿနာဆိုတော့ ခန္ဓာငါးပါး ရယ်လို့ ဝေဘန်မနေနဲ့တော့ ဖြစ်ပျက်ကြည့်....(မှန်ပါ့)။

ဓမ္မာနုပဿနာကြတော့ ဘာကြည့်ရမတုံး....(ဖြစ်ပျက်ကြည့် ရပါမယ်ဘုရား) ဖြစ်ပျက်ကြည့်ဆိုတော့ အကုန် ငါးပါးစလုံး ဟာ မောင်နှိုင် ဘာချည့်တွေသတုံး.... (ဖြစ်ပျက် တွေပါတယ် ဘုရား) အဲဒါ သစ္စာလဲ ဖြစ်ပျက်တခုတည်းသာ စိုက်ကြည့်တော့ (မှန်ပါ့ဘုရား) ကိုစောမောင် ကျေနပ်ပလား.... (ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် ငါးပါးစလုံး ကြည့်ရမယ်လို့ ပါရဲ့လား.... (မပါ-ပါဘုရား) မပါဘူး....တဲ့၊ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဘန်ကြည့် လိုက်တော့ ငါးပါးလုံးကြည့်ရမယ်လို့ မပါ-ပါဘူး၊ ကာယာ

နုပဿနာတချက်- ဝေဒနာနုပဿနာတချက်- စိတ္တာနုပဿနာတချက် ဖြစ်ပျက်တခုတည်း အကုန်ဟာ ဘာမှ မရှိဘူး၊ ဖြစ်ပျက်ချည့်ဘဲဆိုပြီး ဓမ္မာနုပဿနာတချက် ဒီလိုကြည့်လိုက်ယင် ပြီးသွားတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သတိပဋ္ဌာန်လေးမျိုး မထားဘူးလား.... (ထားပါတယ်ဘုရား) သတိပဋ္ဌာန်လေးမျိုးတော့ ခန္ဓာက ငါးမျိုး ရှိနေတယ်ဆိုတော့ ငါးပါးစလုံးကြည့်ရမည့် သတိပဋ္ဌာန်က ပါကို မပါဘူး....(မှန်ပါ့)။

နောက်ဆုံးပိတ် ဓမ္မာနုပဿနာဆိုတာလဲ ငါးပါးကို အကုန်ခြုံကြည့်တာမဟုတ်ဘူး ဘယ်ဟာပေါ်ပေါ် ညာဏ်ထဲမှာ ဖြစ်ပျက်တွေ့ယင် ပြီးရော....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) ရှင်းကြပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာငါးပါးစလုံး ရှုရမှာလား (မဟုတ်ပါဘုရား) တခုကောင်းရှု.... (မှန်ပါ) တခုကောင်း ရှုပါလို့ သတိပေးလိုက်တယ်နော်....(မှန်ပါ့) ဘာရှုရမယ်.... (တခုကောင်းရှုကြရပါမယ်ဘုရား)။

တခုကောင်းရှုတော့ကို ကိုင်း....တကာတကာမတို့ ရှေးဦးစွာ မဂ်သည်၊ ရှေးဦးစွာ မဂ်ဟာ မောင်နိုင် သိပြီ၊ သောတာပတ္တိမဂ်ဘဲ....(မှန်ပါ့)ကိုစောမောင် သိဘာကော....(သောတာပတ္တိမဂ်ပါဘုရား)။

ဒါဖြင့် သောတာပတ္တိမဂ်သည် ဘာကို ဖြုတ်စေခြင်းအကျိုးငှါ တကာတကာမတို့ ဘာကို အရေးတကြီး ဖြုတ်ရပါလိမ့်မလဲ

လို့ သောတာပတ္တိမဂ်ကို သွားမေး၊ မေးတဲ့ အခါ ကျတော့ ကျုပ်ဟာ ဒီဋ္ဌိဖြုတ်တယ်လို့ ပြောပါလိမ့်မယ်၊ သဘောကျိ ပလား....(ကျပါပြီဘုရား)။

မဂ်ထဲမှာ ဘယ်မဂ် အယင်ရ,ရမှာတုံးဗျ.... (သောတာပတ္တိ မဂ်ပါဘုရား) သောတာပတ္တိမဂ်ကလဲ ဘာပြုတ်ရမှာတုံး.... (ဒိဋ္ဌိ ပြုတ်ရမှာပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြုတ်တဲ့အလုပ်ကို ရှေးဦးစွာ ၁-နံပါတ်ထား လုပ်ပါ....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘာလုပ်ရမယ်....(ဒိဋ္ဌိဖြုတ်တဲ့အလုပ်ကို ၁-နံပါတ်ထား လုပ် ရပါမယ်ဘုရား) ရှင်းပလား မောင်နိုင်.... (ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် အခု သတိပဋ္ဌာန်လေးပါး ရှိသည့်အနက်က ရုပ်ကို ကြည့်ရမည့် သတိပဋ္ဌာန်၊ ဝေဒနာကို ကြည့်ရမည့် သတိ ပဋ္ဌာန်၊ စိတ်ကိုကြည့်ရမည့်သတိပဋ္ဌာန်၊ ဖြစ်ပျက်ကိုကြည့်ရမည့် သတိပဋ္ဌာန်လို့ သတိပဋ္ဌာန်လေးမျိုးရှိတယ်....(မှန်ပါ့)။

အဲဒီတော့ .... ဒိဋ္ဌိအစဲ့ဆုံးကို ရှာကြစို့၊ မဟုတ်ဘူးလား.... (မှန်ပါ့) ဘာရှာကြမယ်....(ဒိဋ္ဌိအစဲ့ဆုံးကို ရှာကြရပါမယ်) ဒိဋ္ဌိအစဲ့ဆုံးကို ရှာကြရတော့မယ်ဆိုတာ တကာ တကာမတွေ့ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ မှတ်လိုက်....တဲ့၊ သမ္မာအဋ္ဌကထာမှာ ပြတာက စိတ်ပေါ်မှာ အမျှားဆုံး....တဲ့(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဟကာတကာမတို့ သောတာပန်တည်ချင်ယင် ဒိဋ္ဌိ ဖြုတ်ရလိမ့်မယ်....(မှန်ပါ့) ဒိဋ္ဌိကလဲ ဘယ်သူ့ပေါ်မှာ အစဲ့ဆုံး လဲ....(စိတ်ပေါ်မှာ အစဲ့ဆုံးပါဘုရား)။

ဒါဖြင့် စိတ္တာနုပဿနာ စ,လုပ်....(မှန်ပါ့) ကိုစံလှ- ဘာ စ,လုပ်ရမလဲ....(စိတ္တာနုပဿနာ စ,လုပ်ရပါမယ်ဘုရား)။

သမာဓိ တည်ပြီးယင် ဘယ်ဝိပဿနာ, ခန္ဓာငါးပါးထဲက ဘယ်ဟာကို အယင်ကြည့်ရမလဲ .... (စိတ္တာနုပဿနာကို အယင် ကြည့်ရပါမယ်) စိတ်ကိုကြည့် ကိုစောမောင်- ပေါ်လာပြီ.... (ပေါ်လာပါပြီဘုရား)။

ကဲ....မောင်နိုင်ကော ကောင်းကောင်း ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား) ဒါ....အဆင်ပြေအောင်ကို တခါတည်း အစက စပြီးသကာလ .... တကာတကာမတွေ့ နားမလည် မရှိရအောင်နားအမျိုးမျိုးနဲ့ရှင်းပြီးသကာလ၊ ပါဠိတော်တွေ့အမျိုး မျိုးပြပြီးသကာလ မောင်နိုင်-ဒါလာတာဘဲ (မှန်ပါ့) ကိုပေါ် ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဘယ်အပေါ်မှာ ဒီဋ္ဌိအများဆုံးလဲ .... (စိတ်ပေါ်မှာဒီဋ္ဌိ အများဆုံးပါဘုရား) ဒါဖြင့် သူ့အယင်ဖြုတ်ရမှာဘဲ၊ သူ့ မဖြုတ်ဘဲနဲ့ ဒီ့ပြင်ဟာ လုပ်နေလို့ရှိယင်ဖြင့် ပါရမီသာဖြစ်၍ ဒီဘဝ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရမှာမဟုတ်ဘူး....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ပါရမီတော့ မဖြစ်ဘူးလို့ ဘုန်းကြီးဟောလို့မဖြစ်ဘူး၊ ပါ ရမီတော့ ဖြစ်ပါရဲ့၊ ဒီဘဝ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရတဲ့အလုပ်ထဲမှာ သူဦးစီးပြီးလုပ်ပါလားလို့ မေးလို့ရှိယင် မလုပ်သေးဘူးလို့ ဖြေရမယ်....(မှန်ပါ့) မဖြေရပေဘူးလား-(ဖြေရပါမယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ့ကို စိတ္တာနုပဿနာရှုစမ်းပါ

မြင်စိတ်ကို မြင်စိတ်ရှုစမ်းပါ၊ ကြားစိတ်ဖြင့် ကြားစိတ် ရှုစမ်းပါ ဆိုတာ ကိုစောမောင်-နေတိုင်းလိုလို မသင်ဘူးလား....(သင်ပါတယ်ဘုရား)။

ဒါဘယ်နှယ်ကြောင့် သင်နေပါလိမ့်မတုံးဆိုတာ ကိုပေါ်တို့ မောင်နိုင်တို့ အထူးရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဒီဌီအမျှားဆုံးမို့ ဒီဌီခွဲနေတာ....(မှန်ပါ့)။

ကိုစံလှ-ဘယ်လိုကြောင့်ပါလိမ့်....(ဒီဌီအမျှားဆုံးမို့ ဒီဌီ ခွဲနေတာပါ) ဒီဌီအမျှားဆုံးမို့ ဒီဌီခွဲနေတယ်ဆိုတာ လေးလေးစားစားမှတ်ပါ....(မှန်ပါ့)။

ဝေဒနာရှုနေယင် တဏှာမျှားတဲ့ပုဂ္ဂိုလ် ဝေဒနာ ပေးရမှာကိုး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ ဒီဌီလဲ မျှားတဲ့ပုဂ္ဂိုလ်, ဥာဏ်လဲ နှံ့မဲ့ပုဂ္ဂိုလ်ဆိုယင် စိတ်ပေါ်တာ အသိလွယ်ဆုံးဘဲဆိုတာ သမ္မောအဋ္ဌကထာမှာ သေသေချာချာ ဖွင့်တဲ့အတွက် တကာတကာမတို့ စိတ္တာနုပဿနာရှုပါလို့ သောတာပန် တည် ချင်ယင် ပြောတာပါ....(မှန်ပါ့)။

နို့.... သူ့ရှုတော့ ဒီ့ပြင်ဟာတွေကော မပျက်ဘူးလား ဆိုတော့ မောင်နိုင်တို့ သင်ထားတယ်၊ ကိုစောမောင်တို့ သင်ထားတယ်၊ ကျွန်တော်စည်းပါကွာ.... တခုလဲယင် အကုန်လဲတာပါဘဲ....(မှန်ပါ့) ကျွန်တော်စည်းနှစ်ခု မှီပြီးထောင်ထားတော့ တခုဆွဲလိုက်ယင်....(အကုန်လဲပါတယ်ဘုရား)။

တခုလဲယင် ဟိုဘုက်တစည်းကော .... (လဲပါတယ်ဘုရား)

ဒီမှာလဲ နာမ်လဲယင် ရုပ်လဲတယ် ပြောတာဘဲ၊ စိတ်ဟာ နာမ်ဘဲ (မှန်ပါ့) ဒီတော့ ဒီ.ပြင်ဟာ လိုက်ရှုနေစရာ လိုသေးသလား.... (မလိုပါဘုရား)။

အဲဒီလိုလဲ အဆစ်အပိုင်းတွေနဲ့တကွ အလုံးစုံ အကုန် ရှင်းလင်း နေအောင် ပြောတဲ့အတွက် သမာဓိ ရှိပြီးတဲ့အခါကျလို့ ရှိယင် စိတ်ကိုရှုလိုက်....(မှန်ပါ့) မြင်စိတ်လာယင် မြင်စိတ် ဖြစ်ပျက်ရှု၊ ကြားစိတ်လာယင်-(ကြားစိတ် ဖြစ်ပျက်ရှုရပါမယ်ဘုရား) နံစိတ် လာယင်....(နံစိတ် ဖြစ်ပျက်ရှုရပါမယ်ဘုရား) စားစိတ်လာယင် (စားစိတ် ဖြစ်ပျက်ရှုရပါမယ်ဘုရား) ကိုယ်ပေါ်မှာ ယားစိတ်, ယဲ့စိတ်လာယင်....(ယားစိတ်, ယဲ့စိတ် ဖြစ်ပျက် ရှုရပါမယ်ဘုရား) ကိုယ်ပေါ်မှာ ကောင်းစိတ်လာယင်....(ကောင်းစိတ် ဖြစ်ပျက်ရှုရ ပါမယ်ဘုရား)။

ဝမ်းထဲမှာ ဝမ်းသာတဲ့စိတ်လာယင်....(ဝမ်းသာတဲ့စိတ် ဖြစ် ပျက် ရှုရပါမယ်ဘုရား)ဝမ်းနည်းတဲ့စိတ်လာယင်....(ဝမ်းနည်းတဲ့ စိတ် ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဥပေက္ခာထားချင်တဲ့စိတ်လာ ယင်....(ဥပေက္ခာစိတ်ကို ဖြစ်ပျက် ရှုရပါမယ်ဘုရား) ဥပေက္ခာ ထားတဲ့စိတ် ဖြစ်ပျက်ရှုချ....(မှန်ပါ့) ဘာမှမရှိယင် တကာ တကာမတို့ လေကိုထွက်အောင်လုပ်တဲ့စိတ်ကို ဖြစ်ပျက် ရှုပါ.... (မှန်ပါ့) လေကို ပြန်ရှိုက်တဲ့စိတ်ကို ရှုပေး....(မှန်ပါ့)။

အဲ....သူတို့နှစ်ခုချည့် အမြဲရှု၊ ကျန်တာတွေကတော့ ပေါ်တဲ့ ဆီဖမ်းလိုက်....(မှန်ပါ့) အမြဲရှုရမှာကဖြင့် လေကိုထွက်အောင် အားထုတ်တဲ့စိတ်၊ လေကို ပြန်ရှိုက်တဲ့စိတ် ဒီနှစ်ခုကို အမြဲရှုပါ။ သမာဓိဘည်ဖြီးယင်နော်....(မှန်ပါ့)။

ကျန်တဲ့ ခုနင်က ပြင်ဘက်က စက္ခု၊ သောတ, ဃာန, ဇိဝှာ, သုခ သဟဂုတ်ကာယ ဝိညာဏ်စိတ်၊ ဒုက္ခ သဟာဂုတ်ကာယ ဝိညာဏ်စိတ်၊ သောမနဿစိတ်၊ ဒေါမနဿစိတ်၊ ဥပေက္ခာစိတ် တွေကတော့ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲ....ရှိချင် ရှိပေစေ- သူတို့ကတော့ ကြိုးကြိုးကြားကြားမှ ပေါ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ သင်ပေးလိုက်တယ်၊ တကာတကာမတို့ ဟာဒီ ပြင်ဘက်က မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ဆင်းရဲတဲ့စိတ်၊ ချမ်းသာတဲ့စိတ် ဆိုတာ အပြင်ည့်သည်ခြောက်ယောက်လို့ ခဏခဏ မသင်ဘူးလား.... (သင်ပါတယ်ဘုရား) အပြင်ည့်သည်လို့ ဆိုလိုက်တာက ကိုစောမောင်-ရိပ်မိပြီ၊ အမြဲမရှိဘူး....(မှန်ပါ့)။

ည့်သည်ဆိုကတည်းက တကာ တကာမတွေ့ သူ့ကို အမြဲဆိုမလား၊ ည့်သည်ဘဲဆိုမလား....(ည့်သည်ပါဘုရား) ကိုစံလှတို့ နည်းပေးနေတယ်....(မှန်ပါ့)။

အတွင်းည့်သည်ကတော့ မမျှားပါဘူးတဲ့ မောင်နိုင်ရာ.... ဝမ်းသာတဲ့စိတ်၊ ဝမ်းမသာတဲ့စိတ်၊ ဝမ်းနည်းတဲ့စိတ်ပေါ့လေ.... သဘောကျပလား.... (ကျပါပြီဘုရား) ဥပေက္ခာထားတဲ့စိတ် အတွင်းည့်သည်က ဘယ်နှစ်ယောက်ရှိသလဲ .... (သုံးယောက် ရှိပါတယ်ဘုရား)။*

အပြင် ည့်သည်က ဘယ်နှစ်ယောက်ပါလိမ့် .... (ခြောက်

---

* ဝေဒနာနည်းနှင့်ဝေဘန်လျှင် အတွင်းည့်သည် သုံးယောက်။

ယောက်ပါဘုရား) အတွင်းညွှဲသည်က-(သုံးယောက်ပါဘုရား) ဒါဖြင့် ညွှဲသည်ရှိယင် အိမ်သည်ရှိရလိမ့်မယ်....(မှန်ပါ့)။

ညွှဲသည်ရှိယင်.... (အိမ်သည် ရှိရမှာပါဘုရား) စဉ်းစားကြည့်ပါ ခင်ဗျားတို့၊ ကျုပ် အိမ်သည်များလွန်းလို့ ဆိုလို့ရှိယင် အိမ်သည်ကပြောတာ....(မှန်ပါ့)။

ကျုပ်အိမ်ဗျာ....လူကိုမပြတ်ဘူးဆိုတာ ဘယ်သူက ပြောတာတုံး....(အိမ်သည်ကပြောတာပါ) ညွှဲသည်ရှိတယ်ဆိုကတည်းက အိမ်သည်ဆိုတဲ့စကားဟာ ရှိပြီးသားဖြစ်ရမယ်....(မှန်ပါ့) မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

အဲ.... အိမ်သည်ကတော့ ခင်ဗျားတို့ အမြဲတမ်း လေအပြင်ဘက် ထုတ်နေတဲ့စိတ်၊ လေကို ပြန်ရှိုက်တဲ့စိတ်၊ သူမရှိယင် သေသွားမယ် ကိုစောမောင်ရ....(မှန်ပါ့)။

သူမရှိယင် ဘယ့်နှယ်ဆိုကြမလဲ .... (သေသွားမှာပါဘုရား) အိမ်သည်စိတ်နှစ်ခုရှိတယ်၊ အဲဒါကို ခင်ဗျားတို့ သမာဓိ တည်ပြီးတဲ့ ပုဂ္ဂိုလ်မှန်ခဲ့သော်.... ဒီစိတ်တွေကို ပေါ်ရာလိုက်ရှု၊ ဘာမှ မရှိယင် ဒီနှစ်ခုဘဲရှု....(မှန်ပါ့)။

အိမ်သည်နှစ်ခုကို ဘာလုပ်နေရမလဲ.... (အမြဲရှုနေရပါမယ်) လှည့်ရှုနေပါဆိုတာ သဘောကျပလား .... (ကျုပါပြီဘုရား) ဟိုဟာတွေကတော့ ညွှဲသည်တွေဆိုတော့ ပေါ်ယင်သာရှု....(မှန်ပါ့) ကိုစောမောင်-မပေါ်ယင်....(မရှုရပါဘုရား)။

ဒီဘက်က အပြင်ညွှဲသည် ခြောက်ယောက်လဲ ပေါ်ယင်.... (ရှုရမှာပါဘုရား) ပေါ်တဲ့အခါလဲ ဘယ်တော့မှ နှစ်ယောက်စုံမပေါ်ဘူး....(မှန်ပါ့)။

ကိုစံလှရေ-ဘယ်လိုပေါ်မတုံး....(စုံမပေါ်ပါဘုရား) တခုဘဲပေါ်မယ်....(မှန်ပါ့) တခုပေါ်နေလို့ရှိယင် တကာတကာမတွေက မှတ်လိုက်၊ အခု ဆယ့်တခုပြထားတယ်၊ တခုပေါ်နေလို့ရှိယင် ကျန်တဲ့ဆယ်ခုဟာ လုံးဝကိုမရှိဘူး ခန္ဓာထဲမှာ....(မှန်ပါ့) ရှိပါ့မလား....(မရှိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဧကော ဓမ္မော-ဘဲ လုပ်ပါတော့ ဆိုပြီး ဒီကနေ မဂ္ဂင်ငါးပါးနဲ့ ရှုလိုက်တဲ့အခါ တခုသာ ရှုပါတော့.... (မှန်ပါ့) အကုန်ရှုရမှာလား....(တခုဘဲ ရှုရမှာပါဘုရား)။

ရှုကောင်းတာ ပြတာကဖြင့် အခုပြောတာ ဆယ့်တစ်ပြတယ် (မှန်ပါ့) ရှုရမှာကတော့ ပေါ်တဲ့တခုဘဲရှု....(မှန်ပါ့)။

ကိုစံလှရေ-ရှုကောင်းတာကတော့....(ဆယ့်တစ်ပါ) ရှုရမှာကတော့....(တခုပါဘုရား) ပေါ်ရာတခုကိုသာရှု၊ ညွှဲသည်ပေါ်ယင် ညွှဲသည်ရှု၊ အတွင်းညွှဲသည်ပေါ်ယင်....(အတွင်းညွှဲသည် ရှုရပါမယ်) အိမ်သည်ပေါ်ယင် .... (အိမ်သည်ရှုရပါမယ်ဘုရား)။

ဒီအိမ်သည်ကား....လို့ ဆိုယင် သူများထက် အကြိမ်များလို့သာ အိမ်သည်ခေါ်လိုက်ရပါတယ်၊ သူတို့လဲ ညွှဲသည်ပါဘဲ (မှန်ပါ့) သူက သူများထက် အကြိမ်များတယ်၊ ခန္ဓာထဲမှာ စောင့်နေတာကိုးဗျ....(မှန်ပါ့)။

ခန္ဓာမှာ သက်စောင့်ဆိုတော့ ကိုစောမောင်-သူတို့က အကြိမ်မများပေဘူးလား....(များပါတယ်ဘုရား) ဒီဟာတွေ အာဂန္တုညွှဲသည်လို ဖြစ်လိုက်- ပျက်လိုက် နည်းပါ့မလား....(မနည်းပါဘုရား) အဲဒါကြောင့် စိတ္တာနုပဿနာရှုနည်းမှာ ဒါဟာ တန်းကုန်သွားပြီ....(မှန်ပါ့)။

ကဲ....နည်းရကြပလား....(ရပါပြီဘုရား) အပြင်ည့်သည်....(ခြောက်ယောက်ပါ) အတွင်းည့်သည်....(သုံးယောက်ပါ) အိမ်သည်.... (နှစ်ယောက်ပါဘုရား) အဲဒါတွေ လှည့်ရှုနေတဲ့ သမာဓိ တည်ပြီးယင် ဒါတွေ့ရှုပါ။ သဘောကျပလား....(ကျပါပြီဘုရား)။

ရှုလိုက်တဲ့အခါကျတော့ တကာတကာမတို့ ဩော် .... ဘာတွေ့မျှား မြင်သတုံးလို့ ပြောတော့ မနေ့က တကာတကာမတွေ့ တချို့လဲ လာကြတယ်၊ တချို့လဲ မိုးကြောင့် မလာနိုင်ဘူး၊ မလာနိုင်တော့ ဘုန်းကြီးက ရှုတဲ့အခါမှာ မောင်နိုင်- မနေ့က သင်ပေးခဲ့တယ်နော်....(မှန်ပါ့)။

နိသဇ္ဇာ နိဒ္ဒံဝ သဘာဝါ-လို့ မပါခဲ့ဘူးလား....(ပါ-ပါတယ်ဘုရား) .ဒါကလေးဟာ သတ္တဝါကော ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား) အသက်ကော....(မဟုတ်ပါဘုရား) သဘောကလေးဘဲ၊ သဘာဝကလေး ဆိုထားတယ်....(မှန်ပါ့)။

နိသဇ္ဇာ=သတ္တဝါကော ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား) နိဒ္ဒံဝတဲ့=အသက်ကော....(မဟုတ်ပါဘုရား) ဘယ်လို ဆိုလိုပါလိမ့်မလဲ....(သဘောကလေး ဆိုပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ခင်ဗျားတို့ အတုံးကလေး ကျသွားသလို ပျက်တာတော့ မမြင်ဘူး....တဲ့၊ သဘောပေါ်၍ သဘော ပျက်တာဘဲမြင်မယ် .... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုမြင်ကြမှာတုံး .... (သဘောပေါ်၍ သဘောပျက်

တာဘဲ မြင်ကြမှာပါဘုရား) သဘောကလေး ပေါ်လာပြီး သဘောကလေး ရုပ်သိမ်းသွားမှာဘဲ....(မှန်ပါ့)။

အဲဒါကို ဒီကနေ လိုက်နေလို့ ရှိယင်ဖြင့် တကာတကာမ တွေက အပါကဋ္ဌဖြစ်တဲ့သူများ မထိုးနှိုင်တာကို ထိုးထွင်းပြီး မြင်တဲ့ ဟိုမှာ မေ့သေကို သွားမြင်ပြီ၊ ကိုစောမောင်.... (မှန်ပါ့ ဘုရား) ဒုက္ခသစ္စာ သွားမမြင်သေးဘူးလား....(မြင်ပါပြီဘုရား)။

ဒါဖြင့် ကျန်းမာတုန်းကြည့်လို့ မြင်တာနော်.... (မှန်ပါ့) ခုနင်က ဆေးချိန်နဲ့ ဝါးချိန်နဲ့ အနှိပ်သည်အချိန်နဲ့ ဟိုကနာ, ဒီကအောင့်နဲ့ နေတုန်းမှာ ဒါမမြင်နိုင်ဘူး....(မှန်ပါ့) မြင်ပါ့ မလား....(မမြင်ပါဘုရား)။

ဒါဖြင့် ကိုစံလှ·ဘယ်အချိန် ဝိပဿနာရှုရမှာတုံး....(ကျန်းမာ တုန်း ဝိပဿနာ ရှုရမှာပါ) မကျန်းမာတဲ့အချိန်မှာ မြင်ရတဲ့ ဒုက္ခက ဘာဒုက္ခတဲ့တုံး....(ပါကဋ္ဌဒုက္ခပါ) ကျန်းမာပြီး ဉာဏ် ထက်မြက်တဲ့အချိန် ကြည့်ရမည့် ဒုက္ခကတော့ ဘာဒုက္ခတဲ့တုံး.... (အပါကဋ္ဌဒုက္ခပါဘုရား)။

ဒါ့ကြောင့် ပါကဋ္ဌဒုက္ခကို မြင်လို့ရှိယင် သံဝေဂဉာဏ်.... (မှန်ပါ့) အပါကဋ္ဌဆိုတဲ့ ခဲခဲယဉ်းယဉ်း ဆရာနည်းကောင်းလို့ မြင်ရတဲ့ဥစ္စာမျိုးမှသာလျှင် မဂ်ဉာဏ်ဖြစ်မယ်....(မှန်ပါ့) အများ ကြီး ခြားနားသွားတယ်....(မှန်ပါ့))။

တကာတကာမတွေ အများကြီးမခြားနားဘူးလား....(ခြား နားပါတယ်ဘုရား)။

အဲဒီတော့ ဒီလို စစ်စစ်မြစ်မြစ် တကာတကာမတွေကို အခြေ အမြစ်နဲ့တကွ ပြောမှသာလျှင် သြော်.... ဒုက္ခတိုင်းလဲ မဂ်မဆိုက် ပါလား....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ် .... (ဒုက္ခတိုင်းလဲ မဂ်မဆိုက်ပါဘုရား) ဘယ်ဒုက္ခမှ မဂ်ဆိုက်မလဲ....လို့ ကိုစောမောင်-ရှင်းရှင်းလင်းလင်း ပြောစမ်းပါ....(အပါကဋ္ဌဒုက္ခမှပါဘုရား)။

အပါကဋ္ဌဒုက္ခက ကျန်းမာတဲ့အချိန် ပေါ်တာနော်(မှန်ပါ့) မကျန်းမာတဲ့အချိန် ပေါ်တဲ့ ဒုက္ခကတော့ လူတိုင်းသိတဲ့ဒုက္ခ....(မှန်ပါ့)။

ခင်ဗျား ဘယ့်နှယ်နေသတုံးလို့ မေးနိုင်တာချည့်ဘဲ-(မှန်ပါ့ မမေးနိုင်ဘူးလား....(မေးနိုင်ပါတယ်) မျက်လုံးကလေး မှေးနေတယ်၊ ခေါင်းကလေး စောင်းနေတယ်ဆိုယင် သြော်.... ခင်ဗျား ဘယ့်နှယ်နေသလဲ ဆိုကတည်းက ခေါင်းကိုက်တာ ဘယ့်နှယ်နေသတုံးဆိုတာ ကောက်မေးတာ....(မှန်ပါ့)။

ဒါကတော့ လူတိုင်းသိတဲ့ဒုက္ခ....တဲ့၊ တကာ တကာမတို့.... ဥာဏ်နဲ့သိတဲ့ဒုက္ခ မဟုတ်ဘူး-တဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်ဒုက္ခမှ မဂ်ဥာဏ်, ဖိုလ်ဥာဏ် ဆိုက်ပါ့မလဲ-(အပါကဋ္ဌဒုက္ခမှ မဂ်ဥာဏ်, ဖိုလ်ဥာဏ်ဆိုက်ပါမယ် ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အပါကဋ္ဌဒုက္ခဆိုတာလဲ အထည်လား....တဲ့၊ သဘောဖြစ်၍ သဘောပျက်လား.... (သဘောဖြစ်၍ သဘောပျက်ပါဘုရား)။

အဲ....ဒီဥစ္စာကို ခန္ဓာကိုယ်ထဲမှာ လိုက်နေပါတဲ့၊ ဘယ့်နှယ် ကြောင့် ဆရာဘုန်းကြီး ဒါလောက်တောင် စိပ်ပြောနေပါလိမ့် မတုံး....ဆိုတော့ မနေ့ကပြောခဲ့တဲ့ ဓမ္မသင်္ကီ ပါဠိတော်မှာ ဘုရားက နိဿတ္တာ နိဇ္ဇီဝ သဘာဝါတဲ့....(မှန်ပါ့)။

ဒါတွေလဲပေါ်ယင် ဘယ့်နှယ်ဆိုကြမလဲ....(နိဿတ္တ နိဇ္ဇီဝ သဘာဝပါဘုရား) သတ္တဝါလဲ မဟုတ်ဘူးက္ခ....တဲ့၊ အသက်လဲ မဟုတ်ဘူး....တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

သဘောကလေးဘဲ ရှိတယ်လို့ပြောနေတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီသဘောကလေးကို သိလိုက်တဲ့အခါ သဘောကလေးဖြစ်ပြီး သဘောကလေးပျက်တဲ့အခါကျတော့ သူညတဆိုက်တယ်ကွာ-တဲ့.... (မှန်ပါ့) သူညတဆိုတာ ငါ, ငါ့ဥစ္စာ မဟုတ်တော့ဘူး....(မှန်ပါ့)။

ကိုစောမောင်-သူညတဆိုတာ ဘာပါလိမ့်....(ငါ, ငါ့ဥစ္စာ မဟုတ်တော့ပါဘုရား) ငါ, ငါ့ဥစ္စာဆိုတာက ဒီဋ္ဌိမဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အဲဒီဒီဋ္ဌိ ပြုတ်မသွားဘူးလား .... (ပြုတ်သွားပါတယ်ဘုရား) ဒီဋ္ဌိပြုတ်သွားယင် ပဋ္ဌမမဂ် မရဘူးလား.... (ရပါတယ်ဘုရား) အဲဒါကြောင့် ဒါလောက် ပြောနေတယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းပလား....(ရှင်းပါပြီဘုရား)။

သေသေချာချာ တရားတကာမတို့ နားကြီးကြီးနဲ့ ဂရုစိုက်ပြီးတော့ မှတ်မှ သြော် .... တယ်အရေးကြီးပါကလား၊ ဒီဥစ္စာ ဝိပဿနာမှာ အစစ်ဆုံးပါလားဆိုတဲ့ဥစ္စာ ကိုစောမောင်· ပေါ်လွှာတယ်....(ပေါ်ပါတယ်ဘုရား)။

သေသေချာချာ ဉာဏ်နားနဲ့ ထောင်ကြည့်တော့မှ တကာတကာမတို့ နိဿတ္တ နိဇ္ဇီဝ သဘာဝမှ မရောက်သေးလို့ရှိယင် ဖြင့် သတ္တဇီဝ ဖြစ်နေဦးမယ်....(မှန်ပါ့) မဖြစ်ပေဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

သတ္တဖြစ်လို့ရှိယင်လဲ သတ္တဝါ ဖြစ်မယ်၊ သတ္တ ဆိုတာ သတ္တဝါဆိုတယ်၊ ဇီဝဆိုတာက အသက်ကိုဆိုတာ အသက်လို့ ထင်နေတာကိုဆိုတာ....(မှန်ပါ့) အဲဒီတော့ မောင်နိုင် သဘော ရောက်ပါဦးမလား....(မရောက်ပါဘုရား)။

သဘောမှ မရောက်ခဲ့သည်ရှိသော် တကာတကာမတို့ပရမတ် ဆိုတာ သဘောမျှသာရှိတာ....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ) အဲဒီတော့ သူပရမတ်ကိုတွေ့သေးရဲ့လား .... (မတွေ့ပါဘုရား)မတွေ့ယင် သူပညတ်တွေ့နေမှာဘဲ၊ ပညတ်တွေ့နေလို့ တော့ဖြင့် နိဗ္ဗာန်မရောက်ပါဘူး....(မှန်ပါ့ဘုရား)။

ကိုစောမောင် ဘယ့်နှယ်ဆိုမလဲ....(ပညတ်တွေ့နေယင်နိဗ္ဗာန် မရောက်ပါဘုရား) ပရမတ် တွေ့နေယင်တော့ဖြင့် .... (နိဗ္ဗာန် ရောက်ပါတယ်)ဒါဖြင့် ပရမတ်ဆိုတာ ပရမတ္ထသဘာဝေါလို့ မဆိုဘူးလား....(ဆိုပါတယ်)သဘောချည့်ပြောနေတာ၊ ပရမတ္ထ သဘာဝေါဆိုကတည်းက ကိုစံလှ ရိပ်မိရောပေါ့....(ရိပ်မိပါပြီ) အထည်ပြောသလား- သဘောပြောသလား .... (သဘောပြော ပါတယ်ဘုရား)။

အဲဒါကြောင့် ဝိပဿနာရှုတဲ့အခါကျတော့ သဘောကလေး တွေ့ဖြစ်ပြီး သဘောကလေးတွေ့ ပျက်တာကိုမြင်ယင်ပြီးတာဘဲ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သဘောကလေးတွေ့ဖြစ်၍.... (သဘောကလေးတွေ့ပျက်တာ မြင်ယင် ပြီးတာဘဲ) အဲဒီလို မြင်လိုက်တဲ့အခါ သဘောဖြစ်၍ သဘောပျက်တယ်ဆိုကတည်းက ပုဂ္ဂိုလ်စင်သွားပြီ၊ သတ္တဝါ

ကော....(စင်သွားပြီ)အသက်ကော.... (စင်သွားပါပြီ) ရှိကို့-မရှိဘူးပါရဲ့လား- အသက်လို့.... (မပါ-ပါ) မပါတော့ ဒီဋ္ဌိကွာတယ် ကိုစောမောင်....(မှန်ဘုရား)။

ဒီအမြင်ဟာ ဘာအမြင်ပါလိမ့်.... (ဒိဋ္ဌိကွာတဲ့အမြင်ပါ) ဒိဋ္ဌိကွာတဲ့အမြင်ဆိုတော့ သူသည် မင်္ဂလာအမြင်....(မှန်ပါ့) ကိုစံလှရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီအမြင်ဟာ ဘာအမြင်ပါလိမ့်.... (မင်္ဂလာအမြင်ပါဘုရား) ဘာကွာပြီး မြင်တဲ့အမြင်ပါလိမ့်....(ဒိဋ္ဌိကွာပြီးမြင်တဲ့အမြင်ပါ) ဒါဖြင့် သောတာပန်တည်ရမယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဒီအတိုင်းသာလိုက်သွားယင် သောတာပန်စခမ်းမရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် သောတာပန် တည်ချင်လို့ရှိယင် ကလျာဏမိတ္တပေါင်းမှရမယ်....(မှန်ပါ့) ကလျာဏမိတ္တပေါင်းပြီး တရားနာရလိမ့်မယ်....(မှန်ပါ့) ဒီ့ပြင်တရားလဲ နာလို့မရဘူးတဲ့၊ သစ္စာတရားနာနိုင်မှ....(မှန်ပါ့ဘုရား)။

ဒီ့ပြင် ဒါနတရား, သီလတရားနဲ့ တိုက်ရိုက်မရနိုင်သေးဘူး (မှန်ပါ့) ရနိုင်ပါ့မလား....(မရနိုင်ပါ) သစ္စာဆိုက်ဦးမှကိုး.... (မှန်ပါ့)ကဲ့....မောင်နိုင် သဘောပါပလား.... (ပါပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် မင်းတို့ဘာတွေမျှား ရှုကြမှာတုံးလို့ ဆိုလို့ရှိယင် မြင်စိတ်လို့သာ ဆိုရတယ် သူ့သဘောကလေး ရှုရမှာ....(မှန်ပါ့) ကြားစိတ်လို့သာဆိုတယ် .... (သူ့သဘော

သဘောကလေးဘဲ ရှုရမယ်တဲ့၊ ဒါကလေးဟာ ဒီနေရာမှာ ခုနင်္ဂကရှိသလိုလို့ပေါ်သလိုလို့ ယခု မရှိဘူးဆိုတော့ ဒီနေရာသာ ပြောလိုက်ရတယ် သူတော့မြင်တာ မဟုတ်ပါဘူးတဲ့၊ ဉာဏ်နဲ့ကြည့်လိုက်တဲ့ အခါကျတော့မှ သြော် .... ဒီနေရာမှာ ခုနင်္ဂက ယားသယောင်ယောင်နဲ့ အခုအယားလဲမရှိတော့ဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ယားတာကလေးကော ခင်ဗျားတို့မြင်ကြရရဲ့လား....(မမြင်ကြပါဘုရား) ဉာဏ်နဲ့ကြည့်လိုက်တော့.... (မြင်ရပါတယ်ဘုရား) ယားတာကလေး မရှိတာလဲ ဉာဏ်နဲ့ကြည့်လိုက်တော့.... (မြင်ရပါတယ်ဘုရား)။

ခင်ဗျားတို့က သိတာက နဂိုရိုက အနာကလေးပေါက်နေတယ်၊ အခု အမာရွတ်ကျန်မှ အနာပျောက်ပြီတဲ့၊ ဒီလိုပြောချင်ပြောမယ်....(မှန်ပါ့) ခင်ဗျားတို့ သိတာက အနာပေါက်တာရယ်၊ အနာပေါက်လို့ သွေးရဲရဲ သံရဲရဲဖြစ်တာရယ်၊ ချပ်သွားတာရယ် ဒါဘဲသိတယ်.... (မှန်ပါ့) အဲဒါအထည်တွေ့နိုသတ္တ နိဗ္ဗဝ သဘာဝဖြစ်ပါ့မလား....(မဖြစ်ပါ) ကျေနပ်ကြပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဘာရှုရမှာတုံးဆိုတော့ သဘောကိုရှု.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီ) ဘာရှုရမှာတုံး....(သဘောကိုရှုရပါမယ်) နိသတ္တ နိဗ္ဗဝကို သတ္တဇဝကင်းပြီး သဘောကြည့်ရမှာ....(မှန်ပါ့) သဘောပါကြပလား .... (ပါ-ပါပြီဘုရား)။

သတ္တဝါဟူသော အမည်လဲဖျောက်ရလိမ့်မယ်.... (မှန်ပါ့) သတ္တဝါလို့မြင်နေတာလဲ.... (ဖျောက်ရမှာပါဘဲ) အသက်ရယ်လို့ထင်နေတာကော.... (ဖျောက်ရမှာပါ) သူဝေဒနာနဲ့ အသက်ရှင်နေတယ်လို့ ကိုစောမောင်က ပြောချင်ပြောဦးမှာ (မှန်ပါ့ဘုရား)။

သူ့ဒီစိတ်ကလေးနဲ့ အသက်ရှင်နေတယ်လို့ ပြောချင်ပြောဦးမှာ....(မှန်ပါ့) စိတ်ကလေးကို အသက်လုပ်ချင် လုပ်ပစ်လိုက်ကြဦးမှာ ခင်ဗျားတို့က....(မှန်ပါ့) မလုပ်ပေဘူးလားဟေ့.... (လုပ်ပါတယ်ဘုရား)။

အဲဒါကြောင့် နိဿတ္တ သတ္တဝါလဲမဟုတ်မှ နိဇ္ဇီဝသူ့ကိုလဲ အသက်ကလေးရယ်လို့ မထင်ဘဲနဲ့ သဘောကလေးမျှသာထင်လို့ရှိယင် ဒိဋ္ဌပြုတ်ပြီ....(မှန်ပါ့) လွယ်လိုက်တာ တကာတကာမတို့ သဘောကျပလား.... (ကျပါပြီ) ဒိဋ္ဌပြုတ်ဘို့ရာ မလွယ်ဘူးလား....(လွယ်ပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌပြုတ်တဲ့ မဂ်သည် တကာတကာမတို့ပဋမ မဂ်ရဘို့၏ ရှေ့ပြေးသေချာတယ်၊ ဒီဝိပဿနာဟာလေ.... (မှန်ပါ့) ပဋမမဂ်ရဘို့ ရှေ့ပြေးမသေချာဘူးလား .... (သေချာပါတယ်) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒါဟာ မောင်နိုင် ဒိဋ္ဌခွာပြီးသားဆိုတာကော ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒါဖြင့် တကာတကာမတို့ သဘောမြင်ယင် ဒိဋ္ဌကွာပေါ့.... (မှန်ပါ့) တကာတကာမတို့ ဘယ့်နှယ်ဆိုကြမလဲ....(သဘောမြင်ယင်ဒိဋ္ဌကွာပါတယ်ဘုရား)။

အဲ.... အဖြစ်သဘော, အပျက်သဘောကလေး မြင်လိုက်လို့ ရှိယင် ကိုစောမောင်- ဘာကွာသတုံး....(ဒိဋ္ဌိကွာပါတယ်ဘုရား) ဘယ်သူကပြောသတုံးဆိုတော့ နိဿတ္တ နိဇ္ဇီဝ=သတ္တဝါမဟုတ် ဇီဝ မဟုတ်ပါဘူး....တဲ့၊ သဘာဝ ဖြစ်ပါပြီ....တဲ့၊ ဓမ္မသဒ်ကိုက ပြောတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သတ္တကော ဟုတ်ရဲ့လား....(မဟုတ်ပါဘုရား) ဇီဝကော....(မဟုတ်ပါဘုရား) အဲ....သတ္တ ဇီဝ မဟုတ်....တဲ့၊ ဘာကလေး တွေ့ပါလိမ့်....(သဘောကလေးတွေ့ပါတယ်ဘုရား)။

ဒါကလေးဟာ သတ္တဝါလဲမဟုတ်ဘူး၊ အသက်လဲမဟုတ်ဘူး၊ သဘောသက်သက်ဘဲလို့ ခင်ဗျားတို့ ညာဏ်ထဲမှာ ရှင်းသွားလိမ့်မယ်....(မှန်ပါ့) မရှင်းပေဘူးလား....(ရှင်းပါတယ်ဘုရား)။

အဲဒီကဲ့သို့ ရှင်းသွားလို့ ရှိယင်ဖြင့် သဘောကလေးဖြစ်ပြီး သဘောကလေး ပျက်တာကို မောင်နှိုင်တို့က ကြည့်လိုက်ပြီ ကိုစောမောင်တို့ ကိုစံလှတို့က ကြည့်လိုက်ပြီဆိုတော့ သြော်.... ဒီဥစ္စာ ဒိဋ္ဌိကို ပါကိုမပါတော့ဘူး....(မှန်ပါ့) ပါသေးရဲ့လား....(မပါ-ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိမပါတဲ့အမြင်လို့ မဆိုနိုင်ဘူးလား .... (ဆိုနိုင်ပါတယ်ဘုရား) ဒါဖြင့် ဒိဋ္ဌိမပါတဲ့အမြင်ဆိုတော့ ဒိဋ္ဌိသတ်တဲ့ အမြင်....(မှန်ပါ့) ဒါဖြင့် မဂ်ဘဲ၊ သဘောကျပလား-(ကျပါပြီဘုရား)။

ဒါ့ကြောင့် ကျန်းမာတုန်းရှု ပြောတာ၊ ကိုစံလှ-ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ကိုပေါ်-ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား) မကျန်း

မာတုန်း မြင်တာတွေ့ကတော့ မောင်နိုင်-ဘာဆိုမတုံး၊ သံဝေဂသာ သူဆိုနေတာဘဲ၊ မင်္ဂလာမှမဟုတ်ဘဲ သံဝေဂဥာဏ်သာ ဖြစ်တယ်၊ မင်္ဂလာမဖြစ်ဘူး-တဲ့....(မှန်ပါ့)

ယခုတော့ဖြင့် သေချာပလား....(သေချာပါပြီဘုရား) ဒီနေ့ ဟောနေတာ ဘာဥာဏ်ဟောနေပါလိမ့်.... (မင်္ဂလာ ဟောနေပါတယ်ဘုရား) မင်္ဂလာ ဘာမြင်မှုပါလိမ့်.... (သဘောမြင်မှုပါဘုရား)။

သဘောကလေးမြင်တယ်၊ သဘောကလေးဖြစ်၍ သဘောကလေးပျောက်တာကိုမြင်ရမယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

သဘောကလေးဖြစ်၍ .... (သဘောကလေး ပျောက်တာကို မြင်ရပါမယ်ဘုရား) ခင်ဗျားတို့ကြည့်ပါ၊ ပြောတာကတော့ မဖျောက်နဲ့ ဒီနေရာတွင် ယားတာကလေးပေါ်ပြီး ဒီနေရာတွင် ပျောက်တာဘဲ....(မှန်ပါ့)။

အထည်ကလေးပျောက်တာလား၊ သဘောကလေးပေါ်ပြီး သဘောကလေးပျောက်တာလား .... (သဘောကလေးပေါ်ပြီး သဘောကလေးပျောက်တာပါဘုရား)။

ဩော်....ဒါဖြင့် သတ္တဝါမဟုတ်၊ အသက်မဟုတ်၊ သဘောကလေးဖြစ်၍ သဘောကလေး ပျက်ပါကလား....လို့ ဥာဏ်ထဲမထင်လာပေဘူးလား....(ထင်လာပါတယ်ဘုရား) ဒါဖြင့် ဒီဥို သတ်ပြီးမြင်တဲ့ ဥာဏ်အမြင်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘာသတ်ပြီးမြင်တဲ့ ဉာဏ်အမြင်ပါလိမ့်.... (ဒီဋ္ဌသတ်ပြီးမြင်တဲ့ ဉာဏ်အမြင်ပါ) သဘောဖြစ်၍ သဘောချုပ်တာဘဲ၊ သဘောကလေးဖြစ်၍ သဘောချုပ်တာဘဲ ဆိုတော့ မောင်နိုင်နှယ်.... ခုနင်က မျက်လုံးပျက်တယ်လို့ တောင် မလာတော့ဘူး.(မှန်ပါ့) နားပျက်တာလို့ကော....(မလာပါဘုရား)။

ချုံးမဖြစ်လို့ သာပြောရတယ်၊ မြင်စေချင်တာက သဘောဖြစ်, သဘောပျက်ကို မြင်စေချင်တယ်....(မှန်ပါ့) နာမည်မတပ်ယင် ဘယ်သူမှ အထည်မကောက်တတ်မှာစိုးလို့ ကိုစံလှ-နာမည်တပ်နေရတာ....(မှန်ပါ့)။

စင်စစ်.... ခင်ဗျားတို့မြင်စေချင်တဲ့ သဘောကတော့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဘယ်လိုမြင်စေချင်ပါလိမ့်(သဘောဖြစ်, သဘောပျက်ပါဘုရား)။

ပုဂ္ဂိုလ်သတ္တဝါဟူသော အမည် လုံးဝ မရှိဘဲနဲ့ သဘောကလေးမျဖြစ်ပြီး သဘောကလေးမျ ပျက်တာကို မြင်စေချင်တာ အမှန်ပါဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဦးဘကလေး နေရာကျပြီနော်-(ကျပါပြီဘုရား) ကောင်းပြီ-ဒီလိုမြင်တော့ ဒီအမြင်သည် မောင်နိုင်- ဒိဋ္ဌရောသေးရဲ့လား.... (မရောပါဘုရား) ဒိဋ္ဌမရောတော့ ဒိဋ္ဌမရောတဲ့အမြင်ဆိုတော့ ဒိဋ္ဌမရောတဲ့မဂ်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် သူ့အတိုင်းသာဆက်လိုက်သွား၊ မလိုက်သင့်ဘူးလား (လိုက်သင့်ပါတယ်ဘုရား) သူ့အတိုင်း ဆက်လိုက်သွားတဲ့အခါ သဘောကလေးဖြစ်, သဘောကလေးပျက်၊ ဒီသဘောကလေး

တွေ့ချည့်ဖြစ်တာကို ခုနင်က ဉာဏ်စဉ်အတိုင်း မုန်းချင်လဲ မုန်းလာမှာဘဲ....(မှန်ပါ့)မမုန်းပေဘူးလား....(မုန်းပါတယ်ဘုရား)။

ဒီဥစ္စာသည် သဘောဖြစ်, သဘောပျက်တွေ့ဘဲ၊ ဒီတရားသည်ကား....လို့ဆိုယင် ခန္ဓာထဲမှာရှိတဲ့ ဒုက္ခဆိုတာ ဒါဘဲ၊ ခန္ဓာဒုက္ခဆိုတာ ဒါဘဲ၊ မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါခန္ဓာဘဲ မဟုတ်ဘူးလား....(မှန်ပါ့) ဒါဝိညာဏ်ခန္ဓာပေါ့စိတ်ဘဲ....(မှန်ပါ့) ဒါခန္ဓဒုက္ခဆိုတာ မပေါ်လာသေးဘူးလား-(ပေါ်လာပါတယ်ဘုရား)။

ဒီသဘောဖြစ်,သဘောပျက်ကလေးဟာ ဘာပါလိမ့်တကာတကာမတို့....(ခန္ဓဒုက္ခပါဘုရား) ခန္ဓဒုက္ခဆိုတော့ တကာတကာမတွေ့ ခန္ဓာထဲမှာ သဘောဖြစ်, သဘောပျက်သာရှိတော့ ဘာသစ္စာသာရှိတော့သလဲ....(ဒုက္ခသစ္စာသာ ရှိပါတယ်ဘုရား)။

ဒုက္ခသစ္စာသာရှိတော့တယ်ဆိုပြီး အမှန်ဆုံးဖြတ်ချက်ချလိုက်လို့ရှိယင် ခုနင်က ဒုက္ခသစ္စာကာ ချုပ်တယ်....(မှန်ပါ့) အမှန်ဆုံးဖြတ်ချက် ချလိုက်တာ မင်္ဂလာဖြစ်တယ်၊ သဘောကျပလား-(ကျပါပြီဘုရား)။

ကောန်ဒုက္ခသစ္စာဘဲလို့ ဆုံးဖြတ်ချက် ချလိုက်လို့ရှိယင် အရှုခံတဲ့ ဒုက္ခသစ္စာ၊ သဘောဖြစ်, သဘောပျက်က မလာတော့ဘူး-(မှန်ပါ့) လာသေးရဲ့လား....(မလာပါဘုရား) ဒီဉာဏ်ကလဲသောတာပတ္တိမဂ်ဉာဏ်အစစ် မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒီတွင် တကာတကာမတို့ ဝမ်းထဲမှာကိန်းနေတဲ့ အနုသယသဘောနဲ့ အကြောင်းတိုက်ဆိုင်မှ ကြောင်လက်သည်းပျောက်,

ကြွက်မြင်မှ လက်သည်းထွက်မလို့ အောင်းနေတဲ့ လက်သည်း ကလေးဆိုတဲ့ ဒိဋ္ဌိဟာ ဝမ်းထဲမှာရှိတယ်....(မှန်ပါ့ဘုရား) အဲဒါ ပျောက်ထွက်သွားတယ်....(မှန်ပ)။

သဘောဖြစ်, သဘောပျက်ဟာ ကောန်ဒုက္ခသစ္စာဘဲ....လို့ ကောန် ဆုံးဖြတ်ချက်ချပါရော ကြောင်လက်မှာ ဖက်ထားတဲ့လက် သည်းဟာ ကြွက်မြင်လို့ထွက်တဲ့ဥစ္စာ သူ့နဂိုရှိ ရှိနှင့်တယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီလို ရှိနှင့်ပြီး အောင်းနေတဲ့ ဒိဋ္ဌိအနုသယနဲ့ ဝိစိကိစ္ဆာအနု သယ ပြုတ်ထွက်သွားတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီနှစ်ခု ပြုတ်ထွက်သွားတော့မှ ဟိုအပါယ်လေးပါးက သူ တို့ကြောင့် ကျရတာကိုး....(မှန်ပါ့) ဒိဋ္ဌိကြောင့် ကျရတာလို့ နေ့တိုင်း မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒါ သဘောဖြစ်, သဘောပျက်ကို ဒုက္ခအစစ်ရယ်လို့ လဲ ဆုံးဖြတ်ချက် ချလိုက်ပါရော အပါကဋ္ဌဒုက္ခကို ဆုံးဖြတ်ချက် ချတယ်....(မှန်ပါ့) ပါကဋ္ဌချတာ ဟုတ်ကဲ့လား.... (မဟုတ်ပါ ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒါမှသာလျှင် ခန္ဓာနာမ်ရုပ်အစစ်ဘဲဆိုတာ ကိုစော မောင်- လေးလေးနက်နက် သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒီအမြင်ကလေးရောက်ပြီ၊ ဒီအမြင်ဆုံးသွားလို့ ရှိယင် တကာတကာမတို့ အပါယ်လေးပါးတံခါးပိတ်တယ်ဆိုတာ ဂမ်း ထဲမှာ အောင်းနေတဲ့ အနုသယ ပြုတ်လို့သာ မှတ်ပေတော့.... (မှန်ပါ့)။

ဘယ်လိုကြောင့် မှတ်ကြမယ်....(ဝမ်းထဲမှာကိန်းနေတဲ့ အနုံသယပြုတ်လို့ပါဘုရား) ကျုပ်တို့တော့ဖြင့် ဒီဋ္ဌိကင်းပါပြီလို့ ဆိုငြားသော်လဲ သဘောဖြစ်, သဘောပျက်ကလေးမှ ပျောက်အောင် မလိုက်နိုင်သေးလို့ ဒုက္ခသစ္စာအစစ်ကို မသိသေးလို့ရှိယင် အောင်းလျက်ပါဘဲ....(မှန်ပါ့)။

ကြောင်လက်ဆဲမှာ လက်သည်းဟာ အမြဲရှိသလိုပေါ့ဗျာ....(မှန်ပါ့) သွားကြည့်တော့ မမြင်ရဘူး၊ ကြွက်ပြမှ ထွက်လာတယ်ဆိုသလို ခင်ဗျားတို့သန္တာန်မှာ ရှိနေတဲ့ဒီဋ္ဌိဟာ သဘောဖြစ်, သဘောပျက်ဘဲ၊ ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် မချနိုင်သေးယင် အမြဲတမ်း ဒီဒိဋ္ဌိအကြောင်း မရှိသေးလို့ မပေါ်တာသာမှတ်ပေတော့၊ ငုတ်ပြီးနေတယ်လို့သာ မှတ်ပေတော့....(မှန်ပါ့)။

ဘေလုံးရှိတဲ့ ပုဂ္ဂိုလ်ဟာ အစားမှား စောင့်နေသလိုဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘေရှိတဲ့ပုဂ္ဂိုလ်ဟာ....(အစားမှား စောင့်နေသလိုပါဘုရား) အစားသာမှားပေးလိုက်၊ ဒီဘေလုံး ကြွပြီး ငှက်ဖျားထ,တာဘဲ-(မှန်ပါ့) မထပေဘူးလား....(ထပါတယ်ဘုရား)။

ဒီမှာလဲ အစားမှားစောင့်နေတဲ့အနုံသယရှိတယ်....(မှန်ပါ့) သဘောဖြစ်, သဘောပျက်ကို ပျောက်အောင်ရှုနိုင်တဲ့ တကာတကာမတွေ့ဖြင့် အခုနင်က အစားမှားစောင့်နေတဲ့ ဘေလုံးနဲ့တူတဲ့ အနုသယဟာ မောင်နိုင်-ရှိပါ့မလား.... (မရှိပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ရှေက သဘောဖြစ်, သဘောပျက် ချုပ်သွားတာက နိဗ္ဗာန်ရောဓသစ္စာ....(မှန်ပါ့) သဘော်ဖြစ်, သဘောပျက်ကလေး ကိုဖြင့် ဒုက္ခအစစ်ဘဲလို့ အမှန်အကန် ဆုံးဖြတ်ချက်ချနိုင်တာက ဘာပါလိမ့်....(မဂ္ဂသစ္စာပါဘုရား)။

ခုနင်က ကြောင်လက်သည်းထဲမှာ လက်သည်းပါ ပျောက်သွားတဲ့ဥစ္စာက သမုဒယသေတာ....(မှန်ပါ့ဘုရား) ဒိဋ္ဌာနုသယ သေတော့ ဝိစိကိစ္ဆာနုသယက ရောပြီးသေတယ်....(မှန်ပါ့) ရှင်းဖလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ အပါယ်လေးပါးတံခါးပိတ်တာက ပဋ္ဌမနိဗ္ဗာန် ရတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ဘာနိဗ္ဗာန် ပါလိမ့်....(ပဋ္ဌမနိဗ္ဗာန်ပါဘုရား) သဘောပါပလား....(ပါ-ပါပြီ ဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်.. မင်္ဂလာတိုက်ဆရာတော်ဘုရားကြီး
ဟောကြားဆိုးမတော်မူသော
သာသနာတွင်းပုထုဇန်နှင့် သာသနာပ ပုထုဇန်
ပရိနိဗ္ဗာန်စံကာနီး သတိပဋ္ဌာန်ဟောရန်

နွေ-အလုပ်ပေးတရားတော်

အကျိုးစီးပွားကို အလိုရှိလို. ဆရာသမားက နွေတိုင်းလိုဘဲ တကာတကာမတွေ ဉာဏ်တွေ တိုးတက်ပြီးသကာလသွားအောင် ပြောနေတယ်၊ နွေတိုင်းဘဲ ဉာဏ်ထက်အောင်ချည့်ပြောနေတယ် ဆိုတဲ့ဥစ္စာ မင်္ဂဉာဏ်နား ကပ်အောင်ပြောနေတာ....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတွေ သိစရာကလေး ဒီနေ့ ပြော ချင်တာက သာသနာပမှာ ပုထုဇန်ဖြစ်ရတာ၊ သာသနာတွင်းမှာ ပုထုဇန်ဖြစ်ရတာ ကျုပ်တို့ ပုထုဇန်တွေ ဖြစ်ခဲ့ကြတယ် ဆိုတာ တော့ သေချာနေကြပြီ....(မှန်ပါ့)။

အဲဒီတော့ မူလပဏ္ဏာသပါဠိတော်-သမ္မာဒိဋ္ဌိသုတ်မှာ သာသနာတွင်း ကိုယ်ဖြစ်-မဖြစ်ကို ယနေ့ချိန်ကြည့်ဘို့ ဘုန်းကြီးက ချိန်ခွင်ကလေးတခု ပေးလိုက်ပါ့မယ်....(မှန်ပါ့)။

အဲဒါ.... တကယ်လို့ သာသနာတွင်း ပုထုဇန် မဖြစ်သေးလို့ ရှိယင် သြော်....ဒို့သည်ကား....လို့ ဆိုလို့ရှိယင် ဒီဌိမပြုတ်သေး ပါကလေးလို့ အောက်မေ့ရမယ်....(မှန်ပါ့)။

အဲဒီတော့ .... သေသေချာချာ ဘုန်းကြီးတို့ တကာတကာမ တွေက မှတ်ပြီးတော့ သြော်.... သာသနာတွင်းဖြစ်အောင် ဒို့-လုပ်မှာဘဲ၊ ဒါမှ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရတော့မှာပေါ့၊ နို့မဟုတ် လို့ရှိယင်ဖြင့် ဒို့ဝမ်းထဲ ငရဲမျိုးစေ့တွေကပြည့်လို့၊ ဒီမျိုးစေ့ တွေကလဲ ပေါက်ပွားလာယင် ငရဲကောင်ကြီးတွေ ပေါက်ပွား လာမယ်ဆိုတာလဲ တကာတကာမတွေ မှတ်ထားပါ .... (မှန်ပါ့ ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ .... ပုထုဇန်နှစ်မျိုးကစပြီး ပြောပါ့မယ်၊ သာသနာပ ပုထုဇန်တမျိုး၊ သာသနာတွင်း ပုထုဇန်တမျိုး၊ ပုထုဇန် ဘယ်နှစ်မျိုးပါလိမ့်....(နှစ်မျိုးပါဘုရား)။

ဒီဘက်က ဘာပါလိမ့်.... (သာသနာပ ပုထုဇန်ပါဘုရား) ဒီဘက်က ဘာပါလိမ့်.... (သာသနာတွင်း ပုထုဇန်ပါဘုရား) တကာတကာမတွေ သြော် .... ဒို့ဆရာဘုန်းကြီးသည် ဒို့ကိုဖြင့် အရေးတကြီး ကယ်ဘင်နေတယ်ဆိုတာကိုလဲ စိတ်ထဲကထားပြီး သကာလ တရားနာပါ....(မှန်ပါ့)။

ဒို့ကို အရေးတကြီး ကယ်တင်နေတယ် ဆိုတော့ ဘယ့်နှယ် ကြောင့် ဘုန်းကြီးက ဒါလောက်အရေးကြီးရတာတုံး၊ အို.... မနေ့ကပြောခဲ့ပြီ၊ သေမှာက နေ့လား-ညလား မသိကြဘူး.... (မှန်ပါ့) သိကြရဲ့လား....(မသိပါဘုရား)။

အဲဒီတော့ အရေးတကြီး ကယ်တင်ရတယ်ဆိုတဲ့စကား သုံးထိုက်-မသုံးထိုက်....(သုံးထိုက်ပါတယ်ဘုရား)။

အရေးတကြီး ကယ်တင်နေတော့ တကာ တကာမတွေကြော်....ဒို့ကို ဘာဖြစ်စေချင်သတုံးဆိုတော့ သာသနာတွင်းဖြစ်စေချင်တယ်ဆိုတာကို မှတ်ထားရမယ်....(မှန်ပါ့) ကောင်းပြီ.... သာသနာပပုထုဇန်တမျိုး၊ သာသနာတွင်း ပုထုဇဉ်တမျိုး....တဲ့၊ ဘယ်နှစ်မျိုးပါလိမ့်....(နှစ်မျိုးပါဘုရား)။

နှစ်မျိုးလို့ ဘုန်းကြီးတို့ တကာတကာမတွေ မှတ်ထားကြပါ (မှန်ပါ့) ဒီဘက်က ဘာပါလိမ့် .... (သာသနာပပုထုဇန်ပါ) ဒီဘက်က ဘာပါလိမ့်....(သာသနာတွင်း ပုထုဇန်ပါဘုရား)။

ကောင်းပြီ....တကာတကာမတွေ ဒီနှင်မျိုးကိုမှတ်ထားတော့ သာသနာပ ပုထုဇန်က လူမယ်, တန်းမယ်, ပေးမယ်, ကမ်းမယ်, ကောင်းတာလုပ် ကောင်းကျိုးပေးတာဘဲ၊ ငါလုပ် ငါရတာဘဲလို့ ဒါလောက်ကလေးဉာဏ်ရှိတယ်၊ ငါကုသိုလ်လုပ်ယင် ငါရတာဘဲ၊ ငါအကုသိုလ်လုပ်ယင် ငါခံရမှာဘဲလို့ ဒီလိုသိတဲ့ ပုထုဇန်ဟာ....တဲ့ တကာတကာမတို့ သာသနာပ ပုထုဇန်....(မှန်ပါ့) ကိုစောမောင်-ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကုသိုလ်လဲ ငါလုပ်ယင် ငါရမှာဘဲ၊ အကုသိုလ်လဲ ငါလုပ်ယင် ငါခံရမှာဘဲ၊ ဤမျှလောက်သိတဲ့ ကမ္မဿကတ ဉာဏ်ကလေးမျှလောက်သိတဲ့ ပုထုဇဉ်ကို ဘာခေါ်ကြမယ်....(သာသနာပ ပုထုဇန်ပါဘုရား)။

သေသေချာချာမှတ်ပါ - သေသေချာချာမှတ်ပါ တကာတကာမတို့ ဩော်....ကံ-ကံ၏အကျိုးကို ယုံကြည်ပြီးသကာလ....

လှုပ်ကြ, တန်းကြ, ပေးကြ, ကမ်းကြ, အပါယ်သွားကြောင်းဖြစ်တဲ့ တရားတွေကို မကောင်းတာလုပ်ယင် မတော်ဘူးဟေ့.... မကောင်းတာလုပ်ယင် အပါယ်လေးပါး သွားရတယ်လို့ ဒါလောက်မျှသိနေတဲ့ ပုထုဇန်ကို ဘယ်လိုဆိုကြမယ်....(သာသနာ့ပယ်ပုထုဇဉ်ပါဘုရား)။

ဩော်.... ဒါဖြင့် တကာတကာမတွေ ခင်ဗျားတို့ကလဲ သာသနာတွင်း လူဖြစ်ပြီးသကာလ လာကြတော့ သာသနာတွင်းသားဖြစ်နေတယ်၊ သာသနာတွင်းဉာဏ်ရပလားလို့ မေးခွန်းထုတ်ပြန်တော့လဲ ဆရာကောင်း သမားကောင်းနဲ့ အမျိုးမျိုး အဖုံဖုံ စိုက်တွန်းနှိုးဆော်ပြီး ကိုယ့်ဟာကိုယ် ကိုယ့်အကျိုး ကိုယ်သိပြီးသကာလ လုပ်မှသာလျှင်လဲ သာသနာတွင်း ပုထုဇဉ်က မောင်နှိုင်တို့ ကိုစောမောင်တို့ ဖြစ်ကြရမှာကိုး....(မှန်ပါ့)။

မွေးတာကလဲ အတူတူ ဖြစ်နေကြတယ်နော်....(မှန်ပါ့) အမိဝမ်းခေါင်းထဲက မွေးကြတာ....(အတူတူပါဘုရား) ပုထုဇဉ်ချည့် မွေးလာကြတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် သာသနာတွင်း ပုထုဇဉ်ကတော့ ကောင်းတာလုပ်, ကောင်းတာ အကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုး ပေးတယ် ဆို တဲ့ ကမ္မ သ က တ ဉာဏ် ရော (မှန်ပါ့)။

သစ္စ အနုလောမိကဉာဏ်ရော ရှိတယ်....(မှန်ပါ့) သူကနှစ်ဉာဏ် ပေါ့ဗျာ....(မှန်ပါ့)။

သေသေချာချာမှတ်ကြပါ တကာတကာမတို့.... ချိန်ခွင်ပေးတယ်နော်....(မှန်ပါ့) ချိန်ခွင်ပေးပြီ၊ သြော်....ဒို့သည် ဒီနှစ်စားဘယ်အစားထဲကတုံး ဆိုတာ ကိုယ့်ဟာကိုယ် ချိန်နိုင်အောင်လို့ ချိန်ခွင်ပေးနေတယ်လို့ မှတ်စမ်းပါ....(မှန်ပါ့)။

သာသနာတွင်း ပုထုဇန်ကတော့ တကာတကာမတို့ ပေးလဲပေးကမ်းတယ်၊ ကမ္မဿကတညာဏ်လဲ ရှိတာဘဲ....(မှန်ပါ့) ခန္ဓာကိုယ်ကြီး ဖြစ်ပျက်ရှုတဲ့ ဝိပဿနာညာဏ်လဲရှိတယ်၊ အဲဒါ သာသနာတွင်းပုထုဇန်....(မှန်ပါ့)။

သေသေချာချာမှတ်ပါ တကာတကာမတို့၊ သေသေချာချာမှတ်ပါ၊ ဒါဖြင့် သာသနာတွင်းပုထုဇန်က လှမှု, ပေးမှု, ကမ်းမှုလဲ ရှိတယ်....(မှန်ပါ့)။

ဝိပဿနာအလုပ်လဲ လုပ်တယ်၊ အဲဒါ ဘာခေါ်ကြမလဲ.... (သာသနာတွင်း ပုထုဇန်ပါ) သာသနာတွင်း ပုထုဇန်က နှစ်ညာဏ်ပါတယ်နော်....(မှန်ပါ့)။

ဒီကတော့ တညာဏ်တည်းပါတယ်၊ ဒီက ကမ္မဿကတညာဏ်, ကံ-ကံ၏အကျိုးယုံကြည်တဲ့ ညာဏ်တလုံးထဲဘဲပါတယ် သာသနာပ ပုထုဇန်က....(မှန်ပါ့)။

သာသနာတွင်းပုထုဇန်ကတော့ ကံ-ကံ၏အကျိုးယုံကြည်တဲ့ ညာဏ်လဲ သူ့မှာရှိတယ်၊ သစ္စာနဲ့လျော်အောင် ဖြစ်ပျက်မြင်တဲ့ ညာဏ်လဲ သူ့မှာရှိတယ်....(မှန်ပါ့)။

ဤညာဏ်ရှိတဲ့ပုဂ္ဂိုလ်မှ သာသနာတွင်းလို့ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ဒါဖြင့် တကာတကာမတို့ တညာဏ်ရှိတာနဲ့ နှစ်ညာဏ်ရှိတာ ကွာတယ်....(မှန်ပါ့)။

သာသနာပပုထုဇန်ကတော့ .... (တဉာဏ် ရှိပါတယ်ဘုရား) သာသနာတွင်း ပုထုဇန်ကတော့ .... (နှစ်ဉာဏ်ရှိပါတယ်ဘုရား) ကမ္မဿကတဉာဏ်ရယ်၊ သစ္စအနုလောမိကဉာဏ်ရယ် နှစ်ဉာဏ် ရှိတယ်လို့ ဆိုးဖြတ်ချက်ချပါ....(မှန်ပါ့)။

မှတ်မိကြပလား....(မှတ်မိပါပြီဘုရား) သာသနာပ ပုထုဇန် ကတော့....(တဉာဏ်ရှိပါတယ်)ဘာဉာဏ်ပါလိမ့် (ကမ္မဿကတ ဉာဏ်ပါဘုရား) ကံ-ကံ၏အကျိုးယုံကြည်တဲ့ဉာဏ်ဘဲ ဒီတဉာဏ်ဘဲ ရှိတယ်....(မှန်ပါ့)။

သာသနာတွင်းပုထုဇန်ကတော့ ကမ္မဿကတဉာဏ်ရယ်, ဖြစ် ပျက်ရှုနိုင်တဲ့ သစ္စအနုလောမိကဉာဏ်ရယ်, နှစ်ဉာဏ်ရှိတယ်.... (မှန်ပါ့) ကိုစောမောင်·ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ မူလပဏ္ဏာသပါဠိတော်မှာ သမ္မာဒိဋ္ဌိသုတ် အဋ္ဌ ကထာကလဲ ဒီအတိုင်းဖွင့်လို့ ရှင်းလင်းနေအောင် ပြောတော့ သြော် .... ဒို့သည်ကား အလုပ်မလုပ်ရသေးလို့ရှိယင် ဖြစ်ပျက် အနိစ္စအလုပ်ကို မလုပ်ရသေး၊ ဒုက္ခ, အနတ္တအလုပ်ကို မလုပ်ရ သေးလို့ရှိယင် သာသနာ ၂၅၀၀- ခပ်လျော့လျော့ ကျန်ပြီး နေငြားသော်လဲ သသနာပပုထုဇန်လို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ် ချက်ချ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (သာသနာပ ပုထုဇန်လို့ ဆုံး ဖြတ်ချက်ချရပါမယ်) ကိုင်း-သာသနာရှိ-မရှိကို ကိုယ့်အကြောင်း ကို ကိုယ်သိကြရောပေါ့.... ('မှန်ပါ့') မသိကြသေးဘူးလား.... (သိပါပြီဘုရား)။

သာသနာပ ပုတ္ထဇဉ်ကတော့ ဘယ်နှစ်ဉာဏ်တဲ့ ....(တစ်ဉာဏ် ပါဘုရား) ဘာဉာဏ်ပါလိမ့်.... (ကမ္မဿကတဉာဏ်ပါ) ကောင်း တာလုပ် ကောင်းကျိုးပေးတယ်ကွ၊ မကောင်းတာလုပ်တာမှ၌ ဘူးကွ၊ ငါမှာ ကောင်းကျိုးပေးစရာမရှိဘူး၊ ငါမှာ ဘာလုပ် စရာမှ မလိုဘူးဆိုတာ ဒါဘာခေါ်ကြမယ် .... (သာသနာပပုထု ဇဉ်ပါ) သူ့မှာ လုပ်စရာရှိနေတာကို သူမသိဘူး....(မှန်ပါ့)။

သာသနာတွင်း ပုထုဇဉ်ကတော့ တကာတကာမတို့ အခု အထဲမှာဘဲ ကိုယ့်ဟာကိုယ်ဝေဘန်နော်....(မှန်ပါ့) လှမှု,တန်းမှု, ပေးမှု, ကမ်းမှုဆိုတဲ့ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ဆိုတဲ့ သိတဲ့ဉာဏ်လဲ သူ့မှာ ၁-နံပါတ်ရှိတယ်....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ကိုရှုတဲ့ ဒုက္ခသစ္စာကို လျော်အောင်မြင်နိုင်တဲ့ ဖြစ် ပျက်မြင်တဲ့ဉာဏ်လဲရှိတယ်....(မှန်ပါ့ဘုရား) ဒါကဘာပါလိမ့်.... (သာသနာတွင်းပုထုဇဉ်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နို့ ဘာထူးသတုံးဘုရား-လို့ဆိုတော့ ဟာ....တဉာဏ်ရှိတာနဲ့ နှစ်ဉာဏ်ရှိတာ ထူးတယ်လို့မှတ်လို့က်....(မှန်ပါ့)ဘယ်လိုမှတ်ကြ မယ်....(တဉာဏ်ရှိတာနဲ့ နှစ်ဉာဏ်ရှိတာ ထူးပါတယ်ဘုရား)။

ကိုင်း... ဒါဖြင့် အလုပ်-မလုပ်သေးလို့ (၀၊) ဖြေးဖြေးမှာဘဲ ဆိုပြီးသကာလနေတဲ့ ပုဂ္ဂိုလ်မှာ သူ့ကို ဘယ်အထဲသွင်းကြမလဲ-(သာသနာပထဲသွင်းပါတယ်)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် သာသနာပပုထုဇဉ်ဆိုလို့ရှိယင်ဖြင့် ဘယ်လိုဆုံးဖြတ် ချက်ချပေးရမလဲလို့ မေးဘို့လိုတယ်.... (လိုပါတယ်) လိုလာ

တော့ နားကြီးကြီးနဲ့ထောင်လိုက်ပါ သတိပေးလိုက်တယ်နော်- နားကြီးကြီးနဲ့ထောင်ပါလို့ ဘုန်းကြီးတို့ တကာတကာမတွေ့ကို သတိပေးလိုက်တယ်၊ ဒီတရား မသေးဘူးနော်- ဦးဘကလေး ဒီတရား၊ အင်မတန်ကြီးတဲ့တရားတွေ့လို့ မှတ်ပါ....(မှန်ပါဘုရား) ဉာဏ်ထက်စေချင်လှန်းလို့ ကယ်တင်ပါတယ်လို့ ဆိုတာကိုလဲ မူလကပြောခဲ့ပါပြီ....(မှန်ပါ) မပြောခဲ့ဘူးလား .... (ပြောခဲ့ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် သာသနာပဋိဇဉ်မှာတဲ့ ငါလုပ်ယင်ငါရတာဘဲ၊ ငါမလုပ်လို့ရှိယင် ငါမရတာဘဲ ဆိုတာက သူ့မှာ ကမ္မဿကတဉာဏ်က ရှိမနေဘူးလား.... (ရှိပါတယ်)ဒီဌိပ္ပူးနေတယ်....(မှန်ပါ့)ဒီဌိကပ်မနေဘူးလား (ကပ်နေပါတယ်ဘုရား)။

ငါစေတနာကောင်းယင် ငါရတာဘဲကွ၊ ငါစေတနာမကောင်းယင် ငါမရတာဘဲကွ-ဆိုတဲ့ ဒီက ငါပြုတ်ပါရဲ့လား.... (မပြုတ်ပါဘုရား) မပြုတ်တော့ သူလှူဒါန်း ပေးကမ်း သူလုပ်နေတဲ့ အလုပ်တွေဟူသမျှမှာ ဒီဌိမပြုတ်ဘူး....(မှန်ပါ့)။

ဒီဌိမပြုတ်တဲ့အတွက် သူ့မှာ အပါယ်လေးပါးငရဲမျိုးစေ့ သူ့ဝမ်းထဲမှာရှိတယ်၊ သာသနာပဋိဇဉ်မှာ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....တကာတကာမတို့ ဒါလောက်ဆိုလို့ရှိယင်လဲ ဆရာဘုန်းကြီးရှင်းပေးတာနဲ့တော့ သြော်.... ဒီသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဒီနဂိုရိုက စိတ်ထားမှန်မြတ်လှပြီလို့ အောက်မေ့နေခဲ့တဲ့ဥစ္စာ ဒီဌိတန်းလန်းကြီးနဲ့ပါလားဆိုတာ ပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား)။

ဘယ်လိုပေါ်လာသတုံး .... (ဒိဋ္ဌိတန်းလန်းကြီးပေါ်လာပါတယ်) ဒိဋ္ဌိတန်းလန်းနဲ့ဆိုလို့ ရှိယင်ဖြင့်ကောင်းတာလုပ်-ကောင်းကျိုးတော့ပေးတာဘဲ၊ မကောင်းတာလုပ် မကောင်းကျိုးပေးတာဘဲ သိလောက်တဲ့ ကမ္မဿကတဉာဏ်က ဒိဋ္ဌိကိုမခွာနိုင်တဲ့အတွက် တကာတကာမတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုမရနိုင်ဘူး .... (မှန်ပါ့) သဘောပါကြပလားး....(ပါ-ပါပြီဘုရား)။

သေသေချာချာ ဘုန်းကြီးတို့တကာတကာမတွေ့ အမေမိဘဆွေမျိုးဉာတကာမတော်ဘူးသူမည်သည် မရှိလို့ ဒါလောက်ဘဲကယ်တင်နေတယ်ဆိုတာတော့ဖြင့် စူးစူးစိုက်စိုက်ယုံကြည်တော့ဆိုတဲ့ဥစ္စာ သေသေချာချာသတိပေးပါတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့်တကာတကာမတို့ ဒီအကြောင်းကို ပြောရသဖြင့် ဒါရင်းရင်းနှီးနှီး ဉာဏ်ထက်အောင်လို့လဲ ပြောနေတယ်ဆိုတဲ့ဥစ္စာကိုလဲ မှတ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

သာသနာတွင်း ပုထုဇဉ်ဖြစ်ရတာ ကောင်းတာလုပ်ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ဆိုတာ သူလဲကမ္မဿကတ ဉာဏ်လဲရှိတယ်၊ နောက်ကျတော့သစ္စာနဲ့လျော်တဲ့ဉာဏ်ကလေး သူတိုးလိုက်ပြန်တယ်.... (မှန်ပါ့) ဩ .... ဒီခန္ဓာကြီးဟာ ဆရာကောင်း သမားကောင်းဆီက နည်းယူပြီးသကာလ ခဏခဏပျက်နေတဲ့ အနိစ္စတရားကြီးပါလားလို့ ဒီဉာဏ်ကလေးက တိုးတယ်....(မှန်ပါ့) ဒီဉာဏ်ကလေးတိုးတာ သူကခုနင်ကဉာဏ် ဒိဋ္ဌိမပြုတ်တဲ့ဉာဏ်ကို သစ္စအနုလောမိကဉာဏ်က ဖြုတ်ချလိုက်တယ်.... (မှန်ပါ့) သဘောကျပလားး (ကျပါပြီဘုရား)။

ဒီဌိမဖြုတ်တဲ့ဉာဏ်ကို.... (သစ္စအနုလောမိကဉာဏ်ကဖြုတ်ချလိုက်ပါတယ်) သစ္စအနုလောမိကဉာဏ်က ဖြုတ်ချလိုက်တော့ သူ့ကို ဘုန်းကြီးရှင်းပြပါမယ် အပါယ်သွားစေတတ်တဲ့ ငရဲမျိုးစေ့မရှိတော့ဘူး....(မှန်ပါ့) သူက ဒီဘဝ သစ္စအနုလောမိကဉာဏ်နဲ့ သစ္စာကိုသိလို့ရှိယင်လဲ သူသေတာပန်သကဒါဂါမ် အနာဂါမ်, ရဟန္တာကျအောင်သွားမယ်....(မှန်ပါ့)။

အကယ်၍ ဒီဘဝမှာ ဖြစ်ပျက်မြင်ရုံနဲ့ဘဲ သူသေသွားတယ်ဆိုလို့ရှိယင်လဲ သုဂတိခုနစ်ဘဝမှာ လမ်းဆုံးပါတယ်၊ သုဂတိခုနစ်ဘဝဆိုယင် ရဟန္တာဖြစ်မယ်.... (မှန်ပါ့) အင်မတန်အားရှိစရာကောင်းတယ် သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့တကာတကာမတွေ့ပြောရတယ်၊ မပြောယင် ဘုးကြီးတို့တကာတကာမတွေ့ဟာ လမ်းပြအင်မတန်လိုပါတယ်ဆိုတာတော့ သေချာကြပါပြီ .... (သေချာပါပြီဘုရား)။

လမ်းပြဟာ အမျိုးမျိုးအဖုံဖုံလမ်းပြတွေလဲရှိတယ်၊ ဆိုင်းဘုတ်တွေတပ်ပြီးသကာလ တချို့နေရာလေး လမ်းပြရှိတယ်၊ ဆုံးလမ်းပြ ရှိတယ်ဆိုတဲ့ မြို့ကြီးတွေကျတော့ ပျဉ်ပြားတွေ ရိုက်ရိုက်ပြီး ပြထားတာတွေ့ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီမှာ အပြမကောင်းယင် မောင်းမိမောင်းရာ မောင်းမယ် ကားတွေ့....(မှန်ပါ့) မောင်းမိမောင်းရာ မောင်းမယ်ဆိုလို့ရှိယင် ကိုယ်လိုချင်တဲ့ဆီတော့ မရောက်ပေဘူး.....(မှန်ပါ့) ဒါဖြင့် ဒီလမ်းပြဟာ အင်မတန် အရေးကြီးတယ်ဆိုတာ ပေါ်လာပြီ.... (ပေါ်လာပါပြီဘုရား)။

အဲဒါကြောင့် အခု လမ်းပြဆရာကောင်းက တကာတကာမ တို့မှာ ကမ္မဿကတဉာဏ်လဲရှိတယ်၊ သစ္စအနုလောမိကဉာဏ်-ဆိုတဲ့ ဖြစ်ပျက်သိတဲ့အလုပ်တရား၊ ခန္ဓာတရား၊ ဖြစ်ပျက်ဆိုတာ ကိုယ့်လက်ညှိုးကလေးနဲ့ ကိုယ့်ခန္ဓာ ကိုယ်ခြစ်ကြည့်၊ သြော်.... ဒီနာတဲ့စိတ်ကလေးပေါ်လာတယ်၊ သြော်....ယားတဲ့စိတ်ကလေး ပျောက်သွားတယ်ဆိုတာ လူတိုင်းသိတယ်....(မှန်ပါ့)။

ဒါဝေဒနာကွန္ဓာရဲ့ ဖြစ်ပျက်ကို သိနေတာ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား) နာတဲ့စိတ်ကလေး ပေါ်လာတယ်၊ နာတဲ့စိတ်ကလေး ပျောက်သွားတယ်....(မှန်ပါ့)။

နာတဲ့စိတ်ကလေး ပေါ်လာပြီ၊ ဘာဖြစ်သွားသတုံး.... (ပျောက်သွားပါတယ်) နာနေတာကလေးက ဒုက္ခဝေဒနာ ဖြစ်ပျက်၊ ပျောက်လာတာက သုခဝေဒနာ ပေါ်လာတာဆို တော့ ဒီလိုကလေးကနေပြီး စ,ပြီးသိလို့ရှိယင် ဒါဟာ သစ္စအနု လောမိကဉာဏ်ဘဲ.... (မှန်ပါ့)။

သူဟာ ဒီဘဝယင်လဲ မဂ်ရသွားမယ်၊ မရလို့ရှိယင်လဲ သုဂတိ သွားပြီး ခုနစ်ဘဝနဲ့ ကိစ္စပြီးမယ်၊ အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ကမ္မဿကတဉာဏ်လဲရှိပြီးသား၊ ကောင်း တာလုပ် ကောင်းကျိုး ပေးတယ်၊ မကောင်းတာ လုပ်ယင် မကောင်းကျိုးပေးတယ်ဆိုတာ နဂိုရိုက မိဘရိုးရာက ရှိလာခဲ့ကြ တယ်....(ရှိပါတယ်ဘုရား)။

ဝမ်းသာပြီးသားပါ ဘုန်းကြီးက ဒီဉာဏ်ရှိယင် .... ငါ ဘာ ကယ်တင်ရမှာတုံးဆိုတော့ သစ္စာနဲ့လျော်တဲ့ ဉာဏ်ကလေးတခု ဘုန်းကြီးက တိုးပေးရမယ်....(မှန်ပါ့)။

တိုးပေးလိုက်တဲ့အခါကျတော့ တကာတကာမတွေ့လဲ ခန္ဓာကိုယ်ကြည့်လိုက်တဲ့အခါကျတော့ ဥပမာ- လေကလေးထုတ်တဲ့စိတ်ဟာ ထုတ်ပြီး ရှိသေးရဲ့လား....(မရှိပါဘုရား) မရှိလို့ ပြန်ရှိုက်တဲ့စိတ် ပေါ်လာတာပေါ့....(မှန်ပါ့)။

သြော်.... ဒါဖြင့် ထုတ်တဲ့စိတ်ပျက်ပေါ့၊ တခါပြန်ထုတ်ပြန်တော့ ရှိုက်တဲ့စိတ် ရှိသေးရဲ့လား....(မရှိပါဘုရား) မရှိတာသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် ဒါဖြစ်ပျက်ဒုက္ခသစ္စာဘဲ....(မှန်ပါ့ဘုရား)။

ဒီလိုဥာဏ်နဲ့မှန်းပြီးကြည့်လိုက်တဲ့အခါကျတော့ ဥာဏ်အမြင်ဆိုတာသည် တကာတကာမတို့ မျက်စိအမြင်ထက် အဘိုးတန်တယ်....(မှန်ပါ့)။

အရှင်ဘုရားကပြောတော့ အလွယ်ကလေး-တပည့်တော်တို့က မမြင်ဘူးဘုရား၊ လေထုတ်တဲ့စိတ်ကလေးဟာလဲ လေအပြင်ဘက် မရောက်ခင် ဖြစ်ပြီး ပျက်ပါတယ်၊ လေရှိုက်တဲ့စိတ်ကလေးဟာလဲ လေတောင် အတွင်းမရောက်သေးဘူး သူက ဖြစ်ပြီး ပျက်နှင့်ပါပြီဆိုတော့ အရှင်ဘုရားပြောတာ အလွယ်ကလေးရယ်-တပည့်တော်တို့ကြည့်တော့ မမြင်ဘူးဆိုတော့ မျက်လုံးနဲ့ကြည့်လို့ပြောတာ၊ ဥာဏ်နဲ့ကြည့်တော့ ဟုတ်သားဘဲ လိုက်မှာဘဲ .... (မှန်ပါ့ဘုရား)။

ဥာဏ်နဲ့ကြည့်တော့ .... (ဟုတ်သားဘဲ လိုက်မှာပါဘဲဘုရား) အဲဒီတော့ ဥာဏ်မြင်နဲ့ မျက်မြင်ဟာ တကာတကာမတို့.... မျက်မြင်က နိဗ္ဗာန်မသွားလို့မှတ်....(မှန်ပါ့) ဥာဏ်မြင်မှ....(နိဗ္ဗာန်သွားပါတယ်ဘုရား) သေသေချာချာမှတ်ပါ....(မှန်ပါ့)။

နိဗ္ဗာန်သွားတာက မဂ္ဂင်တရား၊ မဂ္ဂင်ဆိုတာက သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဆိုတာ စာလိုသုံးလို့ စစ်စစ်ဥာဏ်-ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ အားငယ်စရာ ရှိရဲ့လား....(မရှိပါဘုရား)။

အဲဒါ ဒီဖြစ်ပျက်မြင်တဲ့ဥာဏ်ဟာ နောက်နွေခါကျလာတော့ မောင်နှိုင်ရေ-စျေးတွေ့မှာ ဖရဲသီးတွေ့ မတွေ့ကြဘူးလား (တွေ့ပါတယ်ဘုရား)။

ဒီအတိုင်းကြည့်လိုက်ယင် ဖရဲသီးဟာ အစိမ်းဘဲ၊ အတွင်းကို ခင်ဗျားတို့ဥာဏ်နဲ့သာကြည့် ဒီဖရဲသီးဟာ တော်တော်နီမည့် ဖရဲသီးဘဲဆိုတာ သိတယ်....(မှန်ပါ့)။

အဲဒါ မျက်မြင်ကျတော့ အခွံစိမ်းကြီးဘဲ....(မှန်ပါ့) ဥာဏ်မြင်ကတော့ အတွင်းမှာဖြင့် ပုတ်ပက်ကြည့်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် အသားတွေ့က နီနေလိမ့်မယ်၊ ဖရဲသီးထုံးစံအတိုင်း အစေ့တွေ့ကလဲ မဲနေလိမ့်မယ်ဆိုတာ ဥာဏ်မြင်က ထိုးထွင်းသိတယ်....(မှန်ပါ့) မျက်မြင်ကတော့ အပေါ်က စိမ်းနေတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် မျက်မြင်နဲ့ ဥာဏ်မြင်သည် ဘယ်သူက ထိုးထွင်းသိသလဲ....(ဥာဏ်မြင်က ထိုးထွင်းသိပါတယ်) အဲဒီလို အတွင်းမှာ အစေ့မဲရှိတယ်လို့ သိသလို သိယင် ဘုန်းကြီးတို့က ဒါဟာ သစ္စာအနုလောမိကဥာဏ် ဖြစ်ပါပြီလို့ ဘုန်းကြီးတို့ တကာတကာမတွေ့ကို သေသေချာချာမှာပါတယ်....(မှန်ပါ့)။

ဒီလိုမှာလို့ ဒီအတိုင်းသာ ဩဇာ်.... ပျက်သွားပြီ၊ ဩဇာ်.... ပျက်သွားပြီလို့ သိ-သိနေလို့ ရှိယင်ဖြင့် ဒါသစ္စာအနုလောမိက

ဥာဏ်ရသောကြောင့် ဒီဘဝသော်၎င်း မဂ်ဆိုက်ပါလိမ့်မယ်.... (မှန်ပါ့) အာပါယ်လေးပါးတံခါး ပိတ်ပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဒီဘဝ မပိတ်လို့ ဒီဥာဏ်နဲ့ သေသွားလို့ ရှိယင်လဲ မပူပါနဲ့ဆိုတာ ဘုန်းကြီးက ရဲဝံ့စွာဘဲ အားပေးပါတယ် .... (မှန်ပါ့) ဒုတိယဘဝမှာ သောတာပန်တည်၊ သဘောကျပလား .... (ကျေပါပြီဘုရား)။

ဒုတိယဘဝဆိုတာ ဒီဘဝကသေပြီး နတ်ပြည်ရောက်တော့ မှာကိုး.... နတ်၏ရင်ခွင်ထဲ ရောက်ခါရှိသေးတယ် ဒီဥာဏ် သွားပေါ်တယ်၊ ဒီဖြစ်ပျက်မြင်တဲ့ဥာဏ်က လာပေါ်တယ်....(မှန်ပါ့ဘုရား) နတ်ပြည်ရောက်တာ မသိသေးဘူး၊ သောတာပန်က အယင်တည်တယ်လို့ အင်္ဂုတ္တိရ်ပါဠိတော်မှာ ကိုယ်တော်တိုင် ဟောထားတယ်....(မှန်ပါ့)။

သစ္စာအနုလောမိကဥာဏ် ဘယ်လောက် ကျေးဇူးမျှားသလဲဆိုတာ ကိုစောမောင်-ပေါ်ရောပေါ့ .... (ပေါ်ပါပြီဘုရား) က....ဦးပြန့်တို့ ဦးမူတို့ အားငယ်စရာမျှား ရှိသလား .... (မရှိပါဘုရား)။

တပည့်တော်တို့ဘုရား.... အရှင်ဘုရားဆီမှာ နည်းယူပြီး လုပ်နေတာ ဖြစ်ပျက်မြင်သေးတယ်၊ အို.... ဖြစ်ပျက်မြင်ယင် မပူနဲ့တော့ ကိုစောမောင်....(မှန်ပါ့)။

ဖြစ်တာနဲ့ပျက်တာကလေးမြင်ယင် မပူနဲ့တော့၊ ဟာ... အဖြစ်မမြင်ဘူးဘုရား.... အပျက်ချည့်မြင်တယ်၊ သာပြီး မပူနဲ့တော့၊ အားကြီးတဲ့ ဝိပဿနာဖြစ်လာပြီ၊ ဘာမှ မပူပါနဲ့ဆိုတာ ဘုန်းကြီးက တာဝန်ခံပါတယ်....(မှန်ပါ့)။

ဒါကလေးမှ မဖြည့်စွက်ကြဘူး ဆိုယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ သာသနာပ ပုထုဇန် ဧကန်ဖြစ်ပါတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပြင်ချိန် ဆင်ချိန်ကလေးလဲ ကျန်ပါသေးတယ်.... (မှန်ပါ့) ကျန်သေးတယ်မဟုတ်လား.... (ကျန်ပါတယ်ဘုရား) ကိုယ့်အသက်တမ်းကလေး ကြည့်လိုက်တော့လေ-(မှန်ပါ့ဘုရား) နက်ဖြန်သဘက်တော့ ဖြုန်းကနဲ့ မသေသေးယင် ချက်ချင်း ပြင်လိုက်....(မှန်ပါ့)။

တကာတကာမတွေ ဘယ်လိုစိတ်ကူးကြမယ် .... (နက်ဖြန် သဘက် မသေသေးယင် ချက်ချင်းပြင်ရပါမယ်) နက်ဖြန်သဘက် မသေသေးယင် ချက်ချင်း ပြင်ပါဆိုတာကလေးဟာ သာသနာတွင်း ချက်ချင်း ဝင်လိုက်ပါပြောတာ....(မှန်ပါ့)သာသနာတွင်း မ ဝင်လိုက်လို့ ရှိယင်ဖြင့် ကမ္မဿကတညာဏ်လောက်နဲ့တော့ သုဂတိ ရောက်တော့ရောက်မှာဘဲ၊ ဒီဌိက ပါသွားလို့ ထိုးကျပါလိမ့်ဦးမယ်လို့ သတိပေးလိုက်တယ်....(မှန်ပါ့)။

ဥပမာကို ရှင်းအောင် ပြကြပါစို့ ဆိုတော့ တကာတကာမတွေ ခွေးသေ- နွားသေလိုက်စားနေတဲ့ ငွင်းတဆိုတာ မြင်ဘူးကြပါလိမ့်မယ်....(မှန်ပါ့) ငှက်ထဲမှာ တော်တော် အကောင်ကြီးတဲ့ သတ္တဝါဆိုဘာကော သိကြပါပြီလား... (မှန်ပါ့)။

အဲဒါ.... အဆိပ်လူးတဲ့ မြွားကလေးနဲ့ သွေးစို့ရုံကလေး မှန်အောင်ပစ်ပါ၊ သဘောကျပလား....(ကျပါပြီဘုရား) သွေးစို့ရုံကလေး မှန်အောင်ပစ်ပါ....တဲ့၊ သွေးစို့ရုံနဲ့ သူသည်ကား....လို့

ဆိုယင်ဖြင့် အကောင်ကြီးတဲ့အတွက် တကာတကာမတို့ ကောင်းကင်တော့ ပျံသွားမှာဘဲ....(ပျံမှာပါဘဲဘုရား) မပျံပေဘူးလား (ပျံပါတယ်ဘုရား)။

သို့သော်.... အယင်လို ပျံနိုင်ပါ့မလား၊ အဆိပ်မတက်ခင်ဘဲ လားဆိုတာ ဆုံးဖြတ်ချက်ချ .... (အဆိပ်မတက်ခင်ပါဘုရား) အဆိပ်က ပါသွားပြီကိုးဗျ.... (မှန်ပါ့) ပျံတော့ ပျံတက်သွားတာဘဲ၊ အဲဒီအဆိပ်က ပျံနှုံးလာတဲ့တနေ့ကျယင်ဖြင့် အောက်ကို ဝုန်းကနဲကျမယ်....(မှန်ပါ့)။

ဘာ့ကြောင့်တုံး....လို့ မေးခွန်းထုတ်လို့ရှိယင် အဆိပ်ပါသွားလို့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီမှာလဲ...တဲ့၊ သစ္စာအနုလောမိက, သမ္မာဒိဋ္ဌိဆိုတဲ့ ဖြစ်ပျက်မြင်တဲ့ သမ္မာဒိဋ္ဌိ ပါမသွားဘဲနဲ့ သုဂတိရောက်ခဲ့သော်.... ဒီဝ-နံပါတ်ပုဂ္ဂိုလ်ဟာ အဆိပ်ပါသွားတယ်တဲ့၊ ဒိဋ္ဌိအဆိပ် ပါသွားတယ်၊ ပြန်ကျရမယ်....(မှန်ပါ့) သဘောပါကြပလား....(ပါပါပြီဘုရား)။

သြော်....တော်တော်အရေးကြီးပါလားဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) သာမည ပြောနေတာလား တကာတကာမတို့.... ယခုဟာ လေးလေးစားစား ပြောနေတာလား သတိထား....(လေးလေးစားစား ပြောနေတာပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဲဒီဒိဋ္ဌိကလေးကို ဖြစ်ပျက်မြင်တဲ့ သစ္စာကျေးဇူးပြုမည့် ဉာဏ်ကလေးနဲ့ဖြင့် ဒီအဆိပ်ကလေးတော့ ဖျောက်ပစ်ပါ၊ တက်သွားယင် မကျအောင်လို့

ဘုရားက ဟောတယ်....(မှန်ပါ့) ကိုစောမောင်- ဟောထိုက်-မဟောထိုက်....(ဟောထိုက်ပါတယ်ဘုရား)။

မဟာကရုဏာတော်ရှင်ဆိုတော့ ပြောဘို့လိုသေးသလား.... မလိုပါဘုရား) ရင်ဝယ်သားကဲ့သို့ သနားတယ်၊ ရာဟုံလာနဲ့ ကျန်တဲ့ပုဂ္ဂိုလ်တွေနဲ့ တထပ်တည်း ထားနိုင်တယ်....(မှန်ပါ့)။

အဲဒီလိုပုဂ္ဂိုလ်က ပြောတာဖြစ်နေတော့ ကိုယ်တော်ကြီးက လောကုတ်ချော်တယ်လို့ တကာ တကာမတွေက မဆိုပါနဲ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

လောကုတ်ချော်တာလား၊ သနားလွန်းလို့လား....(သနားလွန်းလို့ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သာသနာတွင်းဖြစ်အောင် ဘုန်းကြီးတို့ တကာတကာမတွေကို ကမ္မဿကတညာဏ်လဲ ရှိပါတယ်လေ....(မှန်ပါ့) လှူကြ, ပေးကြ, ကမ်းကြနဲ့ အကုသိုလ်လုပ်ယင် အပြစ်ရှိတယ်ဆိုတာလဲ သိပြီး ရှောင်ကြတယ်၊ သို့သော်-ဒါကလေးဖြင့် ဖြည့်လိုက်ပါဦး၊ ဖြစ်ပျက်မြင်တဲ့ ညာဏ်ကလေး ဖြည့်လိုက်ပါဦး ဆိုတာကို ယနေ့ အေးအေးဆေးဆေးဘဲ တကာတကာမတွေမမှတ်မိ-မှတ်မိအောင် ဆိုပြီး အဲဒါကို မောင်နိုင်·ပြောဆိုနေဘယ်....(မှန်ပါ့)။

ကဲ....ဦးပြန့်တို့ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်နှစ်ညာဏ်ရှိမှ တော်မတုံး-(နှစ်ညာဏ်ရှိမှ တော်မှာပါ) သူက ဒီဌိကပါနေတယ်....(မှန်ပါ့) ကဲ.... နောက်ဘညာဏ်ဖြည့်လိုက်ဦး.... (သစ္စအနုလောမိကညာဏ်ပါ) သစ္စအနုလောမိကညာဏ်ဆိုတာ ဝိပဿနာအလုပ်ကလေး လုပ်လိုက်ဦး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ကမ္မဿကတဉာဏ်ထဲမှာပါတဲ့ဒိဋ္ဌိကလဲ ပြုတ်ထွက်သွားမယ်ဆိုတော့ သူလူတာ ဝဝင္ဒဒါနအစစ် ဖြစ်သွားပြီ.... (မှန်ပါ့) သူပေးတာ ကမ်းတာတွေ ဘာဖြစ်သွားသတုံး-(ဝဝင္ဒဒါန ဖြစ်သွားပါပြီဘုရား)။

ဝင္ဒ်ထဲမှာ သုံးဆယ့်တဘုံဥ္ဒ အကျိုးမပေးတော့ဘူး၊ မအို, မသေ အမြဲနေတဲ့ နိဗ္ဗာန်ကိုသာ အကျိုးပေးတော့မယ် ဆိုတာ ဒိဋ္ဌိဖြုတ်ပေးလို့ အကျိုးပေးတယ်ဆိုတာကို တကာတကာမတွေ လေးလေးနက်နက် ဆုံးဖြတ်ချက်ချလိုက်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ပြန်သိမ်းပြန်ပြီ တကာတကာမတို့၊ ဒီဘက်က ပုထုဇန်ဟာ ဘာတဲ့....(သာသနာပ ပုထုဇန်ပါဘုရား) ဒီဘက်က ပုထုဇန်က....(သာသနာတွင်း ပုထုဇန်ပါဘုရား)။

သာသနာပ ပုထုဇန်က ဘာရှိသတဲ့ .... (ကမ္မဿကတဉာဏ် ရှိပါတယ်) ဒီဋ္ဌိပြုတ်ပါရဲ့လား....(မပြုတ်ပါဘုရား) ငါလုပ် ငါရတယ်၊ ငါအကုသိုလ်လုပ်ယင် ငါခံရမှာပေါ့၊ ဒါလောက်ဘဲသိတယ်၊ ငါကုသိုလ်လုပ်ယင် ငါစံရမှာပေါ့၊ ဒါလောက်ဘဲသိတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဒီဋ္ဌိကမပြုတ်တော့ ငါ-ဟူသော ဒီဋ္ဌိ ရှိနေတဲ့အတွက် တက်သွားငြားသော်လဲ တာဝတိ်သာ ယာမာတွေ့ တက်သွားပြီး ကုသိုလ်လုပ်လိုက်လို့ အဆိပ်ပါသွားတာက-တဲ့ ဘုရားက၊ ဒီဋ္ဌိပါသွားတယ်....(မှန်ပါ့) ဝုန်းဆို ပြန်ကျမယ်-တဲ့၊ ဟိုအရှိန်အဝါကုန်လို့ ရှိယင်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အရှိန်အစောင်ကုန်ယင်....(ပြန်ကျပါမယ်ဘုရား) ဒီဌိအဆိပ် သင့်ပြီး ပြန်ကျမယ်....(မှန်ပါ့) လူ့ပြည်ကျမယ်၊ အပါယ်လေး ပါးကျမယ်၊ မကျနိုင်ဘူးလား....(ကျပါမယ်ဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရင်ဝ လှ စူး ဦးခေါင်းမီးလောင်တာကို ဖြေးဖြေးမှ နှုတ်ချင်နှုတ်၊ ငြိမ်းချင် ငြိမ်းကြပါကွ၊ ဒီဌိကိုဖြင့် ဖျတ်မိအောင် ဖျတ်ပါလို့ သံယုတ် ပါဠိတော်ကြီးမျှားမှာ အင်မတန် သနားလှန်းလို့ ဟောတော် မူတယ်....(မှန်ပါ့) ကိုစောမောင်- ဟောသင့်- မဟောသင့်.... (ဟောသင့်ပါတယ်ဘုရား)။

ဘယ်လောက် အရေးကြီးတယ် ဆိုတာဖြင့် ခင်ဗျားတို့က မကြားဘူးလို့သာ အရေးမကြီး,ရှိရမယ် ဘုရားမှာတော့ သိတော် မူလှန်းစ့ဲ့ကြီးလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့၊ ဒီဌိခွာတဲ့ အလုပ်....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)ပေါ်ကြ ပြီနော်....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဗဒ်ဘက်က ပုထုဇန်က ဘာတဲ့....(သာသနာတွင်း ပုထု ဇန်ပါဘုရား) သူက ဘယ်နှစ်ဥာဏ်ရှိသလဲ-(နှစ်ဥာဏ်ပါဘုရား) တဥာဏ်က ဘာပါလိမ့်....(သစ္စာနုလောမိကဥာဏ်ပါဘုရား) သစ္စာနုလောမိကဥာဏ်ဆိုတာ ဖြစ်ပျက်သိတဲ့ဥာဏ် .... (မှန်ပါ့ ဘုရား)။

ခန္ဓာကိုယ်ကြီးမှာ သဗ္ဗေသခ်ါရာ အနိစ္စာလို့ ဘုရားက ဟော ထားတာ ခန္ဓာထဲကြည့်-လို့ ဘုရားက ဟောတာ.... (မှန်ပါ့) ခင်ဗျားတို့က ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သြော်....တရား

ငတ္တ သယ်ယူလာတယ်လို့ မအောက်မေ့နဲ့၊ ဒီခန္ဓာကိုယ်ကြီး ကြည့်ဟောတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားက တရားတ္တသယ်လာပြီး ဟောတ္တာလား ဒီခန္ဓာကြီး အကြောင်းကို ရှင်းရှင်းလင်းလင်း အပြော လာတာလားသာ ဒါဘဲအကဲခတ်....(ဒီခန္ဓာကြီး အကြောင်းကို ရှင်းရှင်းလင်းလင်း အပြောလာတာပါဘုရား)။

အဲဒီ ရှင်းရှင်းလင်းလင်း ပြောတတ်တဲ့ ကိုယ်တော်ကြီးက မျက်လုံးမြင်တဲ့ကိုယ်တော်ကြီး၊ ကျုပ်တို့က အကန်းတ္တမို့ သူက အနီစွဆိုတဲ့ဥစ္စာ ကျုပ်တို့က အဲဒီသူပြောတဲ့အတိုင်း လိုက်ကြည့် လို့ရှိယင် ကျုပ်တို့လဲအမြင်ဖြစ်မှာဘဲ....(မှန်ပါ့)အမြင်ဖြစ်သွား လို့ရှိယင်ဖြင့် ဘာမှမပူနဲ့တော့ ဒီဌိပ္ပတ်ပါပြီ....(မှန်ပါ့) ရှင်းပ လား....(ရှင်းသွားပါပြီ)ကဲ....သဘောပါကြပလား....(ပါပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ အေးအေးဆေးဆေး ပေါ့ပေါ့ တန်တန်နဲ့ မနေလိုက်ပါနဲ့ သာသနာ တွင်း သား ဖြစ် အောင် လုပ်ပါဆိုတာကို လေးစားစွာနဲ့ တိုက်တွန်းပါတယ်....(မှန်ပါ့) တိုက်တွန်းသင့်- မတိုက်တွန်းသင့်....(တိုက်တွန်းသင့်ပါတယ်) ပေါ်ကြပြီနော်....(ပေါ်ပါပြီဘုရား)။

အင်မတန်ကံကောင်းလို့ ခင်ဗျားတို့ တွေ့ကြ ဆုံကြ ကြုံကြ ရတယ်ဆိုတာကော မှတ်လိုက်တာပေါ့....(မှန်ပါ့)နို့ မဟုတ်လို့ ရှိယင် ခင်ဗျားတို့ ကံ ကံ၏အကျိုး ယုံကြည်ပါကုန်သည်ဖြစ်၍ ဒါဘဲ ပုထုဇန်ဘဲပြန်ချတယ်(မှန်ပါ့)ကံကံ၏အကျိုးကို ယုံကြည် ပါကုန်သည် ဖြစ်၍ ကမ္မဿကတညာဏ် အမှူးထား၍ ဘယ်မှာ

ဘုန်းကြီးလိုက်လိုက်ဒါချည့် ကြားခဲ့ရတာဘဲ....(မှန်ပါ့) ဒါချည့် ကြားရတယ်ဆိုတော့ ဒီဘက်က သစ္စာအနုလောမိကဉာဏ် ပါသေးရဲ့လား....(မပါ-ပါဘုရား)။

မပါတော့ ရေစက်ချတဲ့အတိုင်းဘဲ ကျုပ်တို့တော့ဖြင့် ကျေးဇူးများတော့မှာဘဲလို့ ခင်ဗျားတို့က အောက်မေ့တော့အဆိပ် ပါသွားတဲ့ ဌင်းတပုံသလိုဖြစ်မယ်.... (မှန်ပါ့) ပြန်ကျလာမယ်၊ သနားစရာသိပ်မကောင်းဘူးလား....(ကောင်းပါတယ်) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဟာကလေးဟာ မပါယင်မဖြစ်ဘူးဆိုတဲ့ဘယ်ဟင်း ချက်ချက် ဆားမပါယင်ဖြင့် ဘယ်လောက်ဘဲကောင်းတဲ့ သားငါးကို ချက်စေကာမူလဲ ပျက်တာဘဲ....(မှန်ပါ့ဘုရား)။

ဆားကလေးတော့ ထည့်ပေးကြစို့....(မှန်ပါ့) ဖြစ်ပျက်ကြည့်တဲ့ ဆားကလေးတော့ ထည့်ပေးကြပါဆိုတာ တကဲ့တကာမတွေ တိုက်တွန်းရပြန်တယ်....(မှန်ပါ့)သဘောကျပလား(ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဖြစ်ပျက်သိလို့ရှိယင်ဖြင့် တကာတကာမတို့ ဘာမှမပူနဲ့တော့ ခုနစ်ဘဝအတွင်းမှာ ကိစ္စပြီးပါတယ်၊ ဒီဘဝမက်မရယင် မက်စစ်ကိုမရလို့ရှိယင် မင်းပါးသာရတယ်ဆိုပါတော့ ဖြစ်ပျက်မြင်တာ၊ မင်္ဂလာပါးပြည့်ရဲ့လား....(မပြည့်ပါဘုရား)။

အဲ....မပူပါနဲ့တော့ သေပါခင်ဗျားတို့၊ မပူပါနဲ့တဲ့ သုဂတိကိုလဲ သွားတာတကြောင်း သုဂတိကနေပြီးသကာလ ခုနစ်ဘဝအလွန်ဆုံး ငါဟောတယ်ဆိုတာကိုလဲ ဘုရားကဟောပြန်တော့ ဘာမှ ပူစရာမရှိပါဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာကြီးလို့ဆိုင် ဒီအလုပ်ဟာ ငါဖြစ်ပျက်မြင်ပြီကွ မုန်းပြီကွ ဆိုလို့ရှိယင် ဘာပူစရာရှိတော့သတုံး....(မရှိပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ မိမိကိုယ်ကိုဆရာဘုန်းကြီး ဟောစက ချိန်ခွင်ပေးပါ့မယ်လို့ပြောခဲ့တယ်....(မှန်ပါ့) တကာ တကာမတွေ့ ယနေ့ချိန်ခွင်ပေးပါ့မယ်လို့ မပြောဘူးလား .... (ပြောပါတယ်ဘုရား)။

ကဲ....ချိန်မိကြရဲ့လား....(ချိန်မိပါတယ်)ချိန်မိတော့ ကိုယ့် ဟာကို ဝမ်းထဲမှာ ဝမ်းထဲမှာထားကြ၊ ဩဇာ်....ငါသာသနာ တွင်းသား ဖြစ်ပြီဟော့၊ ငါဖြင့် သာသနာပ ရှိသေးသဟော့....၊ ဆိုတာ ကိုယ့်ဟာကိုယ် ဝမ်းထဲမှာထားပြီးသကာလ ကိုယ့်ဟာ ကိုယ်ပြင်ကြ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သိထားပြီမဟုတ်လား- အခုနှစ်ခုကို.... (သိထားပါပြီ)သိ ထားတဲ့အခါကျတော့ ကိုယ့်အတွက်က ဘယ်လိုစဉ်းစားဘို့သင့် သတုံး....(ကိုယ့်အတွက်ပြင်ရပါမယ်) သာသနာတွင်း မပြည့်စုံ သေးယင် ဒီဖြစ်ပျက်မြင်တဲ့အလုပ်ကို လုပ်လိုက်ဦး.... (မှန်ပါ့) လုပ်ယင်းမတွန့်ဘဲ ဖြစ်ပျက်တွေ့ ဘာတွေ့ဆုံးသွားမယ်ဆိုယင်လဲ ချက်ခြင်း သောတာပန်တည်သွားမှာဘဲ....(မှန်ပါ့ဘုရား)။

ရှုးခဲ့....မိုက်ခဲ့လို့ ဘာလုပ်ခဲ့လုပ်ခဲ့ ပဉ္စာနန္တရိယကံ မရှိဘူး ဆိုယင် ရနိုင်တယ်လို့ဆိုတာလဲ ဒီဘဝတွင် မင်္ဂလေးတန်ရနိုင် တယ်ဆိုတာလဲ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ပူစရာရှိသေးရဲ့လား- (မရှိပါဘုရား)။

အဲဒါကြောင့် ဘုရားအလောင်းလဲ ယဇ်ထုပ်ကြီးဖြစ်ခဲ့ဘူးတယ်၊ အမိုက်ပိုလ် လက်ဝှေ့သမားကြီးလဲ ဖြစ်ခဲ့သေးတာဘဲ.... (မှန်ပါ့) နောက်တော့ ဒီဉာဏ်နဲ့တက်ယူတော့လဲ သူဟာလွတ်သွားတာဘဲ၊ ကျတ်သွားတာဘဲ ဆိုတာကိုလဲ အထူးပြောစရာမလိုပါဘူး....(မှန်ပါဘုရား)။

ဘယ်သူမှ သံသရာနုစဉ်ကဖြင့် မလိမ်မာခဲ့ပါဘူး၊ ကလျာဏမိတ်ဆိုတဲ့ သူတော်ကောင်းနဲ့ပေါင်းမှ လိမ်မာကြတာချည့်ဘဲ ဆိုတာကိုလဲ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) မချထိုက်ဘူးလား.... (ချထိုက်ပါတယ်ဘုရား) ကိုစောမောင်ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါကြောင့် မင်္ဂလာခြင်း၏အကြောင်းမှာ ဆရာသမားဆိုတဲ့ ကလျာဏမိတ်တသိပ်အရေးကြီးပါတယ်ကွာဆိုတာ ဘုရားက သေသေချာချာဟောတော်မူတယ်.... (မှန်ပါ့) တသခ်ျေနဲ့ကမ္ဘာတသိန်း ပါရမိဖြည့်ပြီးသား ရှင်သာရိပုတ္တရာတို့ ရှင်မောဂ္ဂလ္လာန်တို့ဟာ ရှင်အဿဇိဆိုတဲ့ ရဟန်းနဲ့မတွေ့လို့ရှိယင် မျောသွားဦးမယ်....(မှန်ပါ့)သဘောကျပလား... (ကျပါပြီဘုရား)ဘယ်လောက်ကလျာဏမိတ်တ ဆရာကောင်း အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တသခ်ျေနဲ့ ကမ္ဘာတသိန်း ကုသိုလ်ဒါနတွေကိုကမ်းကုန်လုပ်ခဲ့တယ်....(မှန်ပါ့) ဝိပဿနာအလုပ်အစရှိသည်တို့ကိုတော့ ဒါကနည်းပါမှ လုပ်တတ်တာကိုး....(မှန်ပါ့) အဲဒီအထဲမှာ ဆရာမပြလို့ကလို့ရှိယင် သူဟောတာကြည့်လိုက်ပါလား၊ ရှင်အဿဇိက

ယေဓမ္မာ ဟေတုပ္ပဘဝါ၊တေသံဟေတုံ တထာ ကတော အာဟာတေသဉ္စ နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။

ဆိုပြီး အကြောင်းဖြစ်ယင် အကျိုးဖြစ်တယ်၊ အကြောင်း ချုပ်ယင် အကျိုးချုပ်တယ်ဆိုပြီး တခါတည်း ဝိပဿနာငုံပြီး ဟောချလိုက်တယ်....(မှန်ပါ့)။

ရှင်သာရိပုတ္တရာကလဲ တခါတည်း မီးမှုတ်လိုက်တော့ ကိုစော မောင်-ပြာဖုံးဖြစ်နေတော့ ဟိုက ယေဓမ္မာ ဟေတုပ္ပဘဝါ ရှုတ် လိုက်တာနဲ့ သြော် .... အကြောင်းဖြစ်လို့ အကျိုးဖြစ်တာဘဲ၊ အကြောင်းချုပ်ယင် အကျိုးချုပ်မှာဘဲဆိုပြီး သောတာပန် တည်နေပြီ....(မှန်ပါ့)။

လမ်းမှာ ဟိုကလဲ ဆွမ်းခံရင်းကိုစံလှရေ-ဒီကလဲတိတ္ထိအဖြစ်နဲ့ သူကလဲ ဆွမ်းခံထွက်တယ်၊ သူကတိတ္ထိရှိသေးတယ် အဲဒီတုန်းက-(မှန်ပါ့) အဲဒီမှာ လမ်းမှာသွားတွေ့ကြတယ်....(မှန်ပါ့)။

အကြောင်းဖြစ်ယင်-(အကျိုးဖြစ်ပါတယ်ဘုရား)အကြောင်း ချုပ်ယင်....(အကျိုးချုပ်ပါတယ်ဘုရား) သြော် .... ခန္ဓာထဲမှာ အကြောင်းအကျိုးဘဲ ရှိတာဘဲ၊ ဖြစ်ချုပ် ရှိတာဘဲလို့ သွားပြီး သိတယ်....(မှန်ပါ့) ဉာဏ်နဲ့သွားသိတော့ ဖျပ်-ဆို လမ်းတွင် သောတာပန်တည်တယ်....(မှန်ပါ့)။

ဂါထာတပိုဒ်မှာ ရှစ်လုံးဆိုတော့ ရှစ်လေးလီ သုံးဆယ့်နှစ်လုံး မရှိဘူးလား .... (ရှိပါတယ်ဘုရား) ရှစ်လုံးတွင် သောတာပန် တည်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဆရာကောင်း ဘယ်လောက် အရေးကြီး

တယ်ဆိုတာ ပေါ်ပလား-(ပေါ်ပါပြီဘုရား) နဂိုရိုက သိဉ္ဆည်း ဆရာကြီးတပည့်ဗျ .... နှစ်ပေါင်းများစွာ နေလာတာ ဘာမှ အကျိုးမရခဲ့ဘူး၊ ကလျာဏမိတ္တက မဟုတ်ဘူး....(မှန်ပါ့)။

ကလျာဏက=ကောင်းတာ၊ မိတ္တက=အဆွေခင်ပွန်း၊ အဲဒီ အဆွေခင်ပွန်းကောင်းက သူကယ်တင်နိုင်တော့ ရှင်အဿဇိ မထေရ်က ဟောလိုက်လို့ သောတာပန်တည်တာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီလိုကျတော့မှ ရှင်သာရိပုတ္တရာတို့ တသေချိုနှင့် ကမ္ဘာ တသိန်းကျင့်ပြီးသား၊ မီးခဲပြာဖုံးနေတဲ့ဥစ္စာ ဖွင့်ပေးမည့်သူ မရှိ ဘဲနဲ့ သေသွားယင်ဖြင့် သွားလေဦးတော့မှာဘဲ၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

ကိုင်း....တကာတကာမတို့ ဘယ်လောက် အရေးကြီးတယ်ဆို တာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)ဘာအရေးကြီးသတုံး (ဆရာအရေးကြီးပါတယ်) ဆရာသမား အရေးကြီးတယ်ဆိုတာ ဖြင့် ရှင်းရှင်းလင်းလင်းဘဲ မှတ်ပါတော့၊ ဘုရားကဘဲ ဖွင့်ဟာ ချပြီ....(မှန်ပါ့)။

ကဲ....ဒါဖြင့် ဘုန်းကြီးများကလဲ တကာတကာမတို့ကို ဉာဏ် ထက်အောင် ဉာဏ်ထက်အောင်ဆိုပြီး နေ့တိုင်းပြောတယ်.... (မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဉာဏ်ထက်အောင်လို့ဆိုတော့ ကမ္မဿကတာဉာဏ်က သစ္စ အနုလောမိကဉာဏ် တက်အောင် ဒါကိုဟောတာ .... (မှန်ပါ့) ဒီကတက်ပြီးသကာလ မဂ်ဉာဏ်တက်အောင်....(မှန်ပါ့) ဒါကို နေ့တိုင်း ကယ်တင်နေတာဘဲ....(မှန်ပါ့) သဘောပါကြပလား- (ပါ-ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ကိုယ့်ဟာကိုယ် ချိန်ခွင်ကလေး ပေးလိုက်တာဖြင့် ယနေ့ ပြန်တော့ ချိန်ကြည့်တာပေါ့ .... (မှန်ပါဘုရား) ချိန်ကြည့်တော့ ငါသည် ဒီဌိမပြုတ်တဲ့အသွား ဖြစ်နေသေးလို့ ရှိယင်ဖြင့် ငါသည် သြော် .... သာသနာတွင်းမှာ လူဖြစ်ငြားသော်လဲ ဥာဏ်က သာသနာတွင်း မဟုတ်သေးပါကလား.... (မှန်ပါ)။

ဘယ်လို ဆုံးဖြတ်ချက် ချမလဲ .... (ဥာဏ်က သာသနာတွင်း မဟုတ်သေးပါဘုရား) လူက သာသနာတွင်း၊ ဥာဏ်ကတော့ သာသနာတွင်း မဟုတ်သေးဘဲ ဖြစ်နေတယ်.... (မှန်ပါဘုရား)။

ကိုစောမောင်- ဘယ်လို ဆုံးဖြတ်ချက် ချမလဲ....(လူက သာသနာတွင်း, ဥာဏ်က သာသနာတွင်း မဟုတ်ပါဘုရား)။

နိဗ္ဗာန်ကို ဘာနဲ့သွားကြမယ် .... (ဥာဏ်နဲ့ သွားကြမှာပါဘုရား) အဲဒီဥာဏ်က သာသနာတွင်း မဖြစ်သေးဘူး....တဲ့၊ သာသနာပဥာဏ်, ကမ္မဿကတဥာဏ်ကလေးနဲ့ သူ အချိန်ကုန်နေရော....(မှန်ပါ)။

သာသနာပဥာဏ် ဖြစ်နေတယ်ဆိုတော့ ကိုယ်ကျိုးနည်းပေါ့ဟာ....လို့ ဆိုထိုက်-မဆိုထိုက်... (ဆိုထိုက်ပါတယ်ဘုရား) သို့သော် အချိန်တော့ ပြင်နိုင်သေးတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ့ကြောင့် အခု အားလုံးတကာတကာမတွေကို ဘုန်းကြီးသည် အမှန်အကန်ပြောတဲ့အတွက် ဘုရားဟောတဲ့ချည့် ပြောနေတဲ့အတွက် ဆေးမှိသေးတယ်လို့ မှတ်ပါ....(မှန်ပါ)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (ဆေးမှိပါသေးတယ်ဘုရား) ဆေးမှိသေးတယ်ဆိုတာ ခင်ဗျားတို့ မသေနှင့်သေးလို့ မှိသေးတယ်ပြောတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဆေးမှိတဲ့ ပုဂ္ဂိုလ်သည်ကား....လို့ ဆိုယင်ဖြင့် ဘာမှ မပူပါနဲ့ ဆေးမမှိလိုက်လို့ လွန်သွားတာတော့တာ့ ဘုရားလဲ မတတ်နိုင်ဘူး၊ အရှုံးကြီး ရှုံးပြီကွ ဆိုတာ တမြန်နေ့ကဘဲ ဟောခဲ့သေးတယ်....(မှန်ပါ့) အခု ဆေးမှိတဲ့ပုဂ္ဂိုလ်ဟာ မရှုံးစေနဲ့ဆိုတာကို ဖြင့် မတိုက်တွန်းသင့်ဘူးလား....(တိုက်တွန်းသင့်ပါတယ်ဘုရား)။

တိုက်တွန်းသင့်တော့ ဩော်....ဆေးလဲ မှိသေးတယ်ဆိုသဖြင့် ဒီအလုပ်ကလေးကိုဖြင့် နှလုံးသွင်းလိုက်ဦးမဟ....ဆိုလို့ ရှိယင်လဲ ပြီးသွားတာဘဲ .... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း....ဒီဥစ္စာ ဉာဏ်ချိန်ခွင် ရွေပိုင်းက ပေးတယ်ဆိုတာကော ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား) ကဲ....ဉာဏ်ချိန်ခွင်ခဏ်းကို သိမ်းလိုက်ပါတော့....တဲ့၊ အလုပ်ကို ပြောပါတော့မယ်။

သစ္စာအနုလောမိကဉာဏ်အလုပ်ကို မောင်နိုင်-ပြောတော့မယ် (မှန်ပါ့) ပြောတော့မယ်ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုဘဲ မူတည်ပြပါဦးစို့ ကိုစောမောင်....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေသာလီပြည်မှာ သီတင်းသုံးနေတယ် ဝေသာလီပြည်မှာ သီတင်းသုံးပြီးသကာလနေတော့ သူ့ဟာသူတော့ သိတယ်၊ နောက် သုံးလရှိလို့ ရှိယင် ငါ ဘယ်နည်းနဲ့မှ မနေရဘူး၊ သေတော်တဲ့ခန္ဓာကြီး ရ,ထားတဲ့အတွက် သူ့ဟာသူ သိတော်မူတယ်....(မှန်ပါ့)။

ခန္ဓာကြီးရတာ သူ့သတ္တိက ဘာပါလိမ့် .... (သေတတ်တဲ့ခန္ဓာကြီးပါဘုရား)သေတတ်တဲ့ခဲ့ခန္ဓာဘဲဆိုတာ ငြင်းစရာ လိုသေးသလား....(မလိုပါဘုရား) ဘာနဲ့အုပ်ထားထား၊ ဘာနဲ့ဖုံးထားထား၊ ဘာနဲ့ပြုပြင်ထားထား သူ့သဘောက ဘာတုံး .... (သေတတ်ပါတယ်) သေတတ်တဲ့ခန္ဓာမို့ သေမှာဘဲ....(မှန်ပါ့)။

အဲဒါကိုလဲ အပိုင်းအခြားနဲ့တက္က.... ကိုယ်တော်မြတ်ကြီးက သိတယ်၊ သုံးလရှိယင် ငါသေလိမ့်မယ်၊ ပရိနိဗ္ဗာန် စံတော့မယ် ဆိုတာ သူသက်တော်ရှစ်ဆယ် ပြည့်ပေါ့ကိုး-ဗျ....(မှန်ပါ့)။

ဒါနဲ့ ဝေသာလီပြည်မှာ သီတင်းသုံးနေတော့ ဝေသာလီပြည်ထဲတော့ မတော်ပါဘူးကွယ့်....ဝေသာလီပြည်ထဲက ဝင္ဆုရှာကို သံဃာတွေနဲ့ကြွသွားတယ်၊ သံဃာတွေနဲ့ကြွသွားပြီး စဉ်းစားတယ်၊ ဝေဒနာက ပရိနိဗ္ဗာန်ပြုမည့် ဝေဒနာ၊ ဝမ်းလျှောတဲ့ဝေဒနာကိုး....ကိုစောမောင်ရဲ့....(မှန်ပါ့)။

ဝမ်းလျှောတဲ့ဝေဒနာဆိုတာ ခင်ဗျားတို့ သိတဲ့အတိုင်းဘဲ သုံးခါလောက်လျှောယင်ဘဲ မျက်စိ မျက်နှာတွေ အောက်ချိုင့်ပြီး သေတတ်တဲ့ဝေဒနာမျိုး....(မှန်ပါ့)။

အဲဒီဝေဒနာကို သိတော်မူတယ်၊ ဒီဝေဒနာတော့ဖြင့်လာပြီ၊ ကဲ....ငါတပါးတည်း နေချင်တယ်ဆိုတဲ့စိတ်မျိုး ပေါ်လာတယ်၊ ညီတော်အာနန္ဒာ-ရဟန်းတွေခေါ်လိုက်ကွာ....မင်းတို့ရဲ့ မိတ်ဆွေသင်္ဃာ တကာ တကာမရှိတဲ့ဆီကို သွားကြ၊ ဒီရွာကလေးဟာ ဆွမ်း-ကွမ်း လုံလောက်မယ်မဟုတ်ဘူး၊ ငါတော့ဖြင့် တပါးတည်း နေဦးမယ်၊ မင်းတို့- ဆိုင်ရာ ဆိုင်ရာသွားပြီး ဝါဆိုကြလို့ နှင်ထုတ်လိုက်တယ်....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေဒနာက ပြင်းထန်လာတဲ့အခါကျတော့ ဒီဝေဒနာကို ဘာလုပ်ရပါမတုံး....လို့ မောင်နိုင်-စဉ်းစားလိုက်တယ်....(မှန်ပါ့)။

အလွယ်ကလေးဘဲ....တဲ့ ဒီဝေဒနာဟာ၊ နိဗ္ဗာန်ကို ဉာဏ်နဲ့ အာရုံပြုပြီးသကာလ နေလို့ ရှိယင်ဖြင့် နိဗ္ဗာန်အာရုံပြုတဲ့ဉာဏ်က ကိုစောမောင်- ဒီဝေဒနာတွေကို အကုန်ပယ်ထုတ်လိုက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဒုက္ခချုပ်တဲ့နိဗ္ဗာန်ကို ရောက်အောင် လုပ်စမ်းပါဆိုတာ အသေတားနိုင်လို့ ဒါလောက်ဟောတာ....(မှန်ပါ့)။

ဒါနဲ့ဘဲ ဝေဒနာတွေက ပြင်းထန်လာတယ်၊ ပြင်းထန်လာတော့ ကိုင်း....ဒီဝေဒနာတွေကို ဖြစ်ပျက်ရှုပြီးသကာလ ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကို အာရုံပြုပြီး နေပါ့မယ်ဆိုတော့ ဝေဒနာတွေ မရှိတော့ဘူး....(မှန်ပါ့) ကျန်းမာသလိုဖြစ်နေတယ်၊ မောင်နိုင်-သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဟာ တကာတကာမတွေ့ အလုပ်ဘရားဟာ ဤမျှလောက် ကျေးဇူးများတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဒါနဲ့ တလလောက်နေပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီဝေဒနာရှုကျောင်းကလေးမှာဘဲ နည်းနည်းသက်သာပြီဆိုပြီး သကာလ .... ကျောင်းနောက်ဖေး သွားပြီး ထိုင်နေလိုက်တယ်၊ ထိုင်ပြီးသကာလနေတော့ ရှင်အာနန္ဒာကတော့ သောတာပန်သာတည်နေတဲ့ပုဂ္ဂိုလ်, ညီတော်လေးဖြစ်ပြန်- ပုထုဇန် သာသာကလေးဖြစ်နေတော့ ဒီအနားကပ်လာပြီး အရှင်ဘုရား မြင်

ရတာ ဝမ်းသာလိုက်တာ နဂိုရိုက်တော့ မကျန်းမာဘူး၊ အခု ကျန်းမာလာတာမြင်ရတော့ ဝမ်းသာတယ် အရှင်ဘုရား.... လို့ ညီတော်အာနန္ဒာကလျှောက်တယ်....(မှန်ပ!)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ သူ လျှောက်နေတာ အသာထားပြီးသကာလ.... ငါသည် ဒီဝေဒနာကို အခု နိဗ္ဗာန် အာရုံပြုတဲ့ဉာဏ်နဲ့ ခန္ဓာကိုယ်ကြီးကို ချုပ်စပ်ထားတာ တခြား မဟုတ်ဘူး၊ နောက်ဆုံးပိတ် ပြောစရာရှိတယ်၊ သံဃာတွေရော လူတွေရော မပြောမဆိုဘဲနဲ့ ပရိနိဗ္ဗာန်စံလို့ ရှိယင် မသင့်တော် ပေဘူး....(မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ မျက်စိသူငယ် အကုန်ဖြစ်ကုန်လိမ့်မယ်၊ လိုရင်းကို ငါမပြောရသေးလို့ရှိယင်ဖြင့် ပရိနိဗ္ဗာန်မစံသေးဘဲဆိုပြီး နိဗ္ဗာန် အာရုံပြုတဲ့ဉာဏ်နဲ့ ခန္ဓာကိုယ်ကြီးကို ဖရိုဖရဲသွားမှာကို အကုန် အပ်နဲ့ချုပ်သလို ဉာဏ်နဲ့ ချုပ်ထားရတယ်....(မှန်ပါ!) သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

သေမှာတောင်မှ ကိုစောမောင် .... (ချုပ်ထားနိုင်ပါတယ်) ကိုစံလှ- ကဲ....ဘယ်လောက်သတ္တိထက်တယ်ဆိုတာ သဘော ပါ ပလား....(ပါ-ပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဒုက္ခဆုံးတဲ့ဆီများ မြင်အောင် လုပ် ထားကြစမ်းပါဆိုတဲ့ဥစ္စာ မဟောထိုက်ဘူးလား.... (ဟောထိုက် ပါတယ်ဘုရား) အခု ဘုရားက သေသေချာချာဟောပြနေတာ- (မှန်ပါ!)။

ဒါ မဟာဝဂ္ဂသံယုတ်မှာ လာပါတယ်၊ ပါဠိတော်မှာ· အဋ္ဌ ကထာတောင် မဟုတ်သေးပါဘူး၊ အဋ္ဌကထာဆိုတာက သာဝက တွေရေးတာ၊ ဒါက ကိုယ်တိုင်ဟောနေတာ....(မှန်ပါ!)။

ဒါနဲ့ဘဲကျောင်းနောက်ဖေးမှာနေတဲ့အချိန်မှာ တပည့်တော်ဖြင့် ဘုရား....အရှင်ဘုရား ကျန်းမာလာတယ်, ချမ်းသာလာတယ် အယင်ရုပ်တွေပျောက်ပြီးတော့ အခု ကျန်းမာ ချမ်းသာလာတဲ့ ရုပ်တွေ မြင်ရတော့ တပည့်တော် အင်မတန် ဝမ်းသာတယ်....တဲ့ ဘုရားကတော့ မဟုတ်ဘူး၊ ချုပ်စပ်ထားတာ ကိုစောမောင်.... (မှန်ပါ့)။

တပည့်သာဝကတွေကို လိုရင်းဖြစ်တာတွေကို သတိပေးချင်လွန်းလို့ ခန္ဓာကိုယ်ကြီး ချုပ်စပ်ပြီး စောင့်နေတယ်....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒီကတည်းက တကာတကာမတွေက စဉ်းစားဘို့ သိပ်ကောင်းတယ်၊ သြော်....တကယ့် မဟာကရုဏာတော်ရှင်ကြီးဘဲ၊ ပရိနိဗ္ဗာန် ပြုမှာတောင်မှ ဖလသမာပတ်ဆိုတာနဲ့ ချုပ်စပ်ပြီး သကာလ ဝိရိယစိုက်ပြီး ချုပ်စပ်ပြီးထားလိုက်တော့ အခုမသေဘူး၊ ဘယ်နှယ်ကြောင့်ပါလိမ့်.....တပည့်သာဝကတွေကို ဆရာ့လက်ဆုပ်ဆိုတာ ပေးတော့ ပေးပြီးသားကိုး....၊ ခွင်းချက်မရှိတရားတော့ ဟောတာဘဲ၊ ဟောပင်ဟောခြားသော်လဲ နောက်ထပ် ဒါကို မမေ့နဲ့ဆိုတာ ငါပေးချင်သေးတယ်....(မှန်ပါ့)။

ဘယ်လောက်အရေးကြီးတယ်ဆိုတာ တကာတကာမတို့ ပေါ်လာရောပေါ့....(မှန်ပါ့) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့တကာတကာမတွေ အခုဒီနေ့ည ပြောနေတာက တကာတကာမတို့ ခင်ဗျားတို့ ကရုဏာတော်ရှင်ကြီးကိုလဲ ထောက်ဘို့ကောင်းပါတယ်....(မှန်ပါ့) မကောင်း

ဘူးလား....(ကောင်းပါတယ်ဘုရား) ဘာဆိုင်လို့တုံး မလဲပ်လိုက်ပါနဲ့၊ အမိုက်ပိုသွားမှာစိုးလို့....(မှန်ပါ့) မပြောထိုက်ဘူးလား-(ပြောထိုက်ပါတယ်ဘုရား)။

ကဲ....ဒါနဲ့ တကာတကာမတို့ ညီတော်အာနန္ဒာကလဲ ကျန်းမာတယ်, ချမ်းသာတယ်လို့ ဝမ်းသာပြီးသကာလနေတာ မင်း-ဝမ်းသာတာတော့ ငါဖြင့် သဘောကျပါရဲ့၊ ဘယ်လိုကြောင့် ဝမ်းသာနေတယ်ဆိုတာ မင်းက အစုံအလင်သိတာမဟုတ်ဘူးတဲ့။

သူကတော့ ရမ်းပြီး ဝမ်းသာတာ၊ ကျန်းမာလို့ ဝမ်းသာတာ သူက သမုဒယသမားကိုးဗျ ... (မှန်ပါ့) ဘုရားကို အင်မတန်ခင်တယ်၊ အင်မတန်ကြည်ညိုတယ်၊ ဒါ့ကြောင့် ခလုတ်မထိ-ဆူးမငြိအောင် သူအရေးကြီးနေတာ....(မှန်ပါ့)။

အဲဒါနဲ့ သူက ဝမ်းသာတဲ့အကြောင်းတွေ ရှောက်ပြောတော့ ငါဟာက္ခ .... အခြားကြောင့် မဟုတ်ပါဘူး၊ သတ္တဝါတွေ အများကြီးရှိပါတယ်၊ ဒါတွေကို ငါသည်ကား....လို့ ဆိုယင် နောက်ဆုံးပိတ်ဟောတာဖြင့် မမေ့ရစ်နဲ့၊ ဒါမေ့ယင် ကိုယ်ကျိုးနည်းလိမ့်မယ်ဆိုတာကလေး ငါပြောချင်လို့ ငါဥာဏ်နဲ့ချုပ်စပ်ပြီးသကာလ ခန္ဓာကိုယ်ကြီးကိုတည်းထားတာဟေ့တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘာလုပ်တာတုံး(ခန္ဓာကိုယ်ကြီး တည်းထားပါတယ်ဘုရား)။

ငါဥပမာပြောမယ် အာနန္ဒာ- လှည်းအိုကြီး ဒေါက်တွေလဲကျိုးကုန်ပြီကွ....တဲ့၊ အဲဒါကလေး ကြိုးနဲ့ ကောက်စည်းပြီးသကာလ မောင်းနေရတယ်၊ ဒေါက်တွေကျိုးကုန်ပြီ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒေါက်တွေ ပြုတ်ကုန်ပြီ၊ သံပတ်ခွေတွေလဲ ပြုတ်လှုပြုတ်ခင်၊ အဲဒါကလေးကို သံချောင်းကလေး သာမညနဲ့ ရိုက်ပြီးသကာလ ခပ်ဖြေးဖြေးမောင်းနေတဲ့ လှည်းအိုကြီးဖြစ်နေတာ၊ မင်းက ဝမ်းသာတာတော့ ဟုတ်ပါရဲ့....တဲ့၊ ဖလသမာပတ်နဲ့ စပ်ထားတယ် ပြောတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ စပ်ချင်လို့ စပ်တာလား....တဲ့၊ လိုရင်းပြောချင်လို့ သူစပ်ထားတာလား.... (လိုရင်းပြောချင်လို့ စပ်ထားတာပါဘုရား)။

လိုရင်းပြောချင်လို့ စပ်ထားတာ ဖြစ်တော့ ဘုန်းကြီးတို့ တကာတကာမတွေ သြော်....ဘုရားက လိုရင်း ပြောတော့မှာဘဲ၊ ဒီလိုရင်းဖြင့် တော်ရုံတန်ရုံလောက် အရေးကြီးလို့ ရှိယင် ဒီခန္ဓာကြီး အသေဆိုင်းပြီးသကာလ ပြောမည့်စကားမဟုတ်ဘူး၊ အလွန်အရေးကြီးတဲ့စကားဖြစ်သောကြောင့် အသေကိုတောင်မှ တားနိုင်တဲ့နည်းနဲ့ တားပြီးသကာလ .... စောင့်ဆိုင်းပြီး သကာလ.... ဒီအတိုင်း ပရိနိဗ္ဗာန်စံလိုက်ယင် မတော်ဘူး၊ မျက်စိသူငယ် ဖြစ်ကုန်လိမ့်မယ် ဆိုပြီး ငါစောင့်ဆိုင်းနေတယ်ဆိုတဲ့ အဓိပ္ပါယ်ကို အခု ကြားရ-သိရတော့ တကာတကာမတို့ အရေးကြီးတဲ့အချက်ကို ပြောလိမ့်မယ်ဆိုတာကိုလဲ အခုကတည်းက မှတ်ထားပါ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာပြောမှာပါလိမ့်....(အရေးကြီးတဲ့အချက်ကို ပြောမှာပါဘုရား) အရေးကြီးတဲ့အချက်ကို အရေးကြီးသလို သူပြောချင်ဆိုချင်လှန်းလို့ သတ္တဝါတွေပေါ် အင်မတန် ကြီးမားတဲ့ ဂရုဏာနဲ့ဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဗုဒ္ဓဂုဏော-အနန္တောလို့ ရွတ်တော့ ရွတ်ပါရဲ့၊ ဒီလောက်ထိအောင် မသိတော့လဲ ကြည်ညိုမှုကနည်းတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါလောက်ထိအောင်သိထားတော့ ကြည်ညိုမှုဟာ ဘယ့်နှယ်နေသတုံး....(သန်ထွားပါတယ်ဘုရား) အင်မတန် သန်ထွားပါတယ်ဆိုတာ တကာတကာမတွေ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

အဲဒါလောက် ကိုယ်တော်မြတ်ကြီးပါ....တဲ့၊ ခင်ဗျားတို့-ကျုပ်တို့၏ ကျေးဇူးတော်ရှင်ဆိုတာ ပြောစရာ မလိုတော့ပါဘူး (မှန်ပါ့)။

အခုကြည့်စမ်း-သူ့ဟာသူ ဝေဒနာတွေက သေလောက်မည့် ဝေဒနာဆိုတာလဲ သူ့ဟာသူ သိတော်မူတယ်၊ ငါ့တပည့် သာဝကတွေ နောက်ဆုံးပိတ်မှ ငါလိုရင်းအချက်ကို သတိမပေး-မနှိုးဆော်ရသေးလို့ရှိယင် ပရိနိဗ္ဗာန်မပြုသေးဘူးဆိုပြီး ဝိရိယစိုက်ပြီးသကာလ ဖြစ်ပျက်အဆုံး နိဗ္ဗာန်မြင်တဲ့ဉာဏ်နဲ့ ခန္ဓာကို ချုပ်စပ်ထားလိုက်တယ်....(မှန်ပါ့) ကိုစောမောင်-ဖရိုဖရဲ သွားသေးရဲ့လား....(မသွားပါဘုရား)။

မသွားတော့ ဒီမှာပြန်ပြီးသကာလ ကျောင်းကလေးနောက်ဖေးမှာ ရှင်အာနန္ဒာက ရမ်းပြီး ဝမ်းသာနေလို့ ငါ့မှာ ဖါထေးထားတာပါကွ-လို့ ပြောတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဖါထေးပါလိမ့်၊ ကိုယ်တော်မြတ်ကြီးဟာ ပရိနိဗ္ဗာန်မပြုချင်လို့ ဖါထေးတာလားဆိုတော့ မဟုတ်ဘူး-တဲ့၊

တပည့်သာဝကတွေ အကုန် မျက်စိသူငယ်ဖြစ်ပြီးသကာလ မနေရအောင် အယင်တော့ ဟောပြီးသားပါ။ ထပ်ပြန်ပြီးသကာလ သတိပေးချင်တဲ့စိတ်က ပေါ်လာပြန်တော့ ကိုစောမောင်-ချုပ်စပ်ထားပြန်တယ်ဆိုတာကော သဘောကျပလား .... (ကျပါပြီဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အဲဒီလိုနဲ့ဘဲ ကဲ....အာနန္ဒာနဲ့ မင်းသည်ကား....လို့ ဆိုယင် သံဃာတွေ့ စုကွာ....တဲ့၊ လူတွေ့လဲ စုဟော့....တဲ့၊ ဘုရားကလဲ ပရိနိဗ္ဗာန်စံတော့မယ်၊ လိုရင်းကို မအေမိဘနဲ့တူစွာ မင်းတို့ကို နောက်ဆုံးပိတ် ကယ်တင်ချင်တဲ့စိတ်ကိုလဲသိရအောင် မင်းတို့လဲ ဂျမ်းထိုးမှောက်ခုံ မဖြစ်အောင် စုကြဟော့.... အရေးကြီးတာကို ငါပြောမယ်တဲ့....(မှန်ပါ့) ဆိုပြီး ရှင်အာနန္ဒာကို အကုန် စုခိုင်းတာဘဲ တကာတကာမတို၊ အဲဒီလိစလို သံဃာတွေလဲစ လေစုလို့ အကုန်လုံး စုလာတဲ့အခါကျတော့မှ တကာတကာမတို့ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သတိပဋ္ဌာန်လေးပါး ရှိတယ်နော်-တကာတကာမတို့....(မှန်ပါ့)။

ကိုယ်ရှုယင် ကာယနုပဿနာ သတိပဋ္ဌာန်....(မှန်ပါ့ဘုရား) ဝေဒနာရှုယင်....(ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပါဘုရား) စိတ်ရှုယင်.... (စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါဘုရား) ဖြစ်ပျက်တခုတည်းဘဲရှုမယ်၊ ဘယ်ဟာလာလာ ဖြစ်ပျက်ချည့် ရှုလိုက်မယ် ဆိုယင်....(ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါဘုရား)။

အဲဒီသတိပဋ္ဌာန်လေးပါးကို လူထုရော သံဃာထုကြီးထဲမှာ လုပ်တတ် ကိုင်တတ်အောင် တခါတည်း ပေးတော့တာဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီနည်းကို မင်းတို့ သေသေချာချာ လုပ်ကြ ကိုင်ကြလို့ သတိမမေ့ဘဲနဲ့ မင်းတို့ လုပ်ကြမယ် ဆိုလို့ ရှိယင် ငါဘုရား ပရိနိဗ္ဗာန်စံတာလဲ နိဗ္ဗာန်သွားတာဘဲ၊ မင်းတို့လဲ ဒီအလုပ်က နိဗ္ဗာန်ပို့မှာဘဲ....(မှန်ပါ့)။

ငါဘုရားသွားတဲ့လမ်းနဲ့ တထပ်တည်းတဲ့-(မှန်ပါ့) မင်းတို့လဲ ငါရောက်တဲ့နိဗ္ဗာန် ရောက်မှာဘဲ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) နိဗ္ဗာန်ဟာ တမျိုးတည်းဘဲရှိတယ်၊ နိဗ္ဗာန်ကျမှ အတန်းခွဲနေတယ်လို့ ဒီလိုမဟုတ်ဘူး....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာအားလုံးချမ်းသာပြီးသကာလ နေတာနိဗ္ဗာန်ပါဘဲ၊ ဘယ်သူရောက်ရောက်ချမ်းသာတာဘဲ၊သူရောက်လဲ ချမ်းသာတာဘဲ၊ ငါရောက်လဲ ချမ်းသာတာဘဲ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီ ချမ်းသာချင်းအတူတူ ဖြစ်ချင်ကြလို့ ရှိယင်ဖြင့် သတိပဋ္ဌာန်လေးပါးထဲက တပါးပါးကို ကြိုးစားရစ်ကြဆိုတာ သေသေချာချာ မှာတယ်....(မှန်ပါ့)။

ပရိနိဗ္ဗာန်စံမည့်ဥစ္စာကို တားပြီးသကာလ တကာတကာမတို့ ဒီဟာ ဟောတယ်ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေ့....ဒီအတိုင်းနေလို့ သင့်ပါ့မလား....(မသင့်ပါဘုးရာ)။

ဒါခင်ဗျားတို့ကို အားထုတ်စေချင်လို့ပြောတာလား၊ ဘုရားဟောတာကို ရှောက်ပြောနေတာလား ဆိုတာကိုလဲ သတိထားပါဦး....(ဘုရားဟောတာကို ပြောနေတာပါဘုရား)။

ဘုန်းကြီးက တိုက်တွန်းကောင်းတယ်လို့ အိမ်ကျမှ လက်တို့ပြီး ပြောမနေကြပါနဲ့....(မှန်ပါ့) ဘုရားကိုယ်တော်တိုင်ဟောလို့ပြောနေတဲ့သဘောသာ မှတ်ပါ....(မှန်ပါ့)။

ဘုန်းကြီးက အပြောကောင်းတယ်၊ တကာတကာမတွေကို အားထုတ်စေချင်တယ်၊ ဒီလို ခင်ဗျားတို့ယူလို့ ရှိယင်ဖြင့် ဘုရား-ကရုဏာတော်မင့်ဘဲနဲ့ ဘုန်းကြီးအပေါ်မှာသာ ခင်ဗျားတို့ ရောက်နေတယ်....(မှန်ပါ့)မရောက်ပေဘူးလား-(ရောက်ပါတယ် ဘုရား)။

ပြီးတော့ ဘုရားက ငါရောက်တဲ့နိဗ္ဗာန်ကို မင်းတို့ ရောက်ပါလိမ့်မယ်လို့ ပြောတဲ့အထဲက ကျုပ်တို့ ခင်ဗျားတို့က ခပ်ပေပေ-ခပ်တေတေလုပ်နေလိုက်လို့ရှိယင်လဲ အပါယ်ကို ကျုပ်တို့ ရောက်တော့မယ်....(မှန်ပါ့)။

သူကတော့ နိဗ္ဗာန်ရောက်ပြီလေ....(မှန်ပါ့) ကျုပ်တို့က ပေတေတေလုပ်လိုက်လို့ ရှိယင်လဲ ကဲ....ဒီအလုပ် ဖြေးဖြေးမှ လုပ်တော့မယ်ဖြစ်စေ၊ လုပ်ဘော့ လုပ်တာပေါ့-လို့ ဖြစ်စေ၊ ဒီလို ဆိုယင် ဒါဟာ အပါယ်မျက်စောင်းထိုးတဲ့အသံဟာ သေချာသွားတယ်....(မှန်ပါ့) မသေချာဘူးလား .... (သေချာပါတယ် ဘုရား)။

အဲဒါကြောင့် ဒါလောက်အရေးကြီးတာ မဟာဝဂ္ဂသံယုတ်မှာ တကာတကာမတို့ သေသေချာချာ ကိုယ်တော်မြတ်ကြီး-ညီတော်အာနန္ဒာ- ငါစောင့်စားတာဟာ ဖါထေးစောင့်တာဟောတာလို့ ပြောချင်လွန်းလို့ ဒီအလုပ်ကို သင်ချင်လွန်းလို့ မင်းတို့ကို ဖါထေးစောင့်နေတာလို့ သေသေချာချာမဟောဘူးလား....(ဟောပါတယ်ဘုရား)။

လှည်းအိုးကြီး ကြပ်စည်းထားတာက.... မင်းက အကောင်းထင်မနေနဲ့လို့ မဟောဘူးလား....(ဟောပါတယ်)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘာကို သူဟောလိုက်သတုံး-ဆိုတော့ အတ္တဒီပါဝိဟာရထ အတ္တသရဏာ အနညသရဏာ၊ ဓမ္မဒီပါ ဓမ္မသရဏာ-မင်းတို့ ဘယ်သူ့မှ အားမကိုးနဲ့၊ ဟောဒီအလုပ်ကိုသာ အားကိုးတဲ့....(မှန်ပါ့) မိမိကိုယ်ကြီးလဲ အားမကိုးနဲ့၊ သဘောကျပလား (ကျပါပြီဘုရား)။

ဒီအလုပ်တရားမဂ္ဂင်ကို အားကိုးပါက္စာ .... ဒါမှသာလျှင် မင်းတို့ သည် ကား....လို့ ဆိုလို့ ရှိယင်ဖြင့် အပါယ်လေးပါး ကိုယ့်ရှောကြီးဖြစ်နေတာ၊ ဒါမှ အိုးစားကဲ့မယ်...တဲ့၊ သေသေချာချာမဟောဘူးလား....(ဟောပါတယ်ဘုရား)။

ကဲ .... ဒါဖြင့် တကာတကာမတို့ ကျုပ်တို့မှာ အခုတော့ သံသယရှိနေကြတယ်၊ သြော် .... ငါမျှားသေယင် ဘယ်မျှားသွားရမှာတုံး- ဟင်....မပြောတတ်ဘူး၊ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချကြတယ်၊ မချပေဘူးလား....(ချပါတယ်ဘုရား)။

ဘုန်းကြီးပြောတဲ့ ဘုရားဟောတော်မူတဲ့အလုပ်ကို လုပ်လိုက်လို့ရှိယင် ငါသေယင် ဘယ်မှမသွားဘူးတကာတကာမတို့ နိဗ္ဗာန်နဲ့ သုဂတိ ဒီနှစ်ခုဘဲရှိတယ်....(မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

အခုတော့ဖြင့် တကာတကာမတွေက သံသယနဲ့နေကြရတယ်၊ သံသယနဲ့ နေကြရတော့ အောက်လားဟ .... အထက်လားဟ....

မပြောတတ်ဘူးဟေ့ .... ကံပစ်ချသလို ခံရမှာဘဲ ဆိုပြီး ဒီမှာ ခင်ဗျားတို့ လမ်းဆုံးသွားတယ်....(မှန်ပါ့) မဆုံးဘူးလား....(ဆုံးပါတယ်ဘုရား)။

ဘုရားက ဒီလိုမဟာပါဘူး၊ သတိပဋ္ဌာန်အားထုတ်လိုက်၊ ဉာဏ်စိမံရာ လိုက်ပါဆိုတော့ ပြီးသွားတာဘဲ-(မှန်ပါ့) ဉာဏ်က ဘယ်တော့မှ အပါယ်လေးပါးကို သူမစိမံဘူး၊ နိဗ္ဗာန်နဲ့သုဂတိကိုဘဲ စိမံပေးမယ်....(မှန်ပါ့)။

အဲဒီတော့ ကံစိမံရာ ဖျောက်ပြီး ဉာဏ်စိမံရာ အရောက်သွားပါဆိုတဲ့ဥစ္စာ သတိပဋ္ဌာန်ဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ကံစိမံတာကို ခင်ဗျားတို့ မလိုက်နာပါနဲ့၊ ကံဆိုတာက တနေ့က ခင်ဗျားတို့ကို ပြောခဲ့တယ်၊ ခင်ဗျားတို့ကို ဘော့လုံးလုပ်နေတယ်၊ အထက်ကန်လိုက် တခါ အထက်ရောက်သွားပြန်ပြီ၊ တော်တော်ကြာ ခြေထောက်နဲ့ဖိထားလိုက် အောက်ရောက်သွားပြန်ပြီ၊ ဒီလိုလုပ်နေတာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ဒါလောက်နဲ့ တင်းတိမ်နေလို့ တော်ပါ့မလား.... မတော်ပါဘုရား) အကုသိုလ်ကံက အောက်ဖိချလိုက်၊ အပါယ်လေးပါးရောက်ပြန်ပြီ၊ ကုသိုလ်ကံက မြှင့်တင်လိုက်ပြန် သုဂတိရောက်ပြန်ပြီ၊ အမြဲလို ရှိသေးရဲ့လား....(မရှိပါဘုရား)။

အမြဲမရှိတာလောက် ပင်ပမ်းဆင်းရဲတာ ကျုပ်တို့မှာ ဘယ်မှာ ရှာတွေ့မလဲ....(မတွေ့ပါဘုရား) တွေ့နိုင်စရာမြင်သေးရဲ့လား (မမြင်ပါဘုရား)။

အဲဒါ ကံစီမံရာလိုက်နေလို့ ခင်ဗျားတို့ ဒါလောက်တောင်လူ့ဘောလုံးဖြစ်ရတယ် ဆိုတာလဲ ရိပ်မိလောက်ပါပြီ .... (ရိပ်မိပါပြီ)အခု သတိပဋ္ဌာန်ဆိုတာက ဉာဏ်စီမံတာ....(မှန်ပါ့)။

တကာကြီးလှိုင် ကျေနပ်ပလား.... (ကျေနပ်ပါပြီ) အပြောကောင်းလို့ ပြောနေတာမဟုတ်ပါဘူး၊ အမှန်ကိုပြောနေတယ် ဆိုတာကိုလဲ ဆုံးဖြတ်ချက်ချပြီး နားထောင်ပါ.... (မှန်ပါ့) သဘောပါပြီနော်....(ပါ-ပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ အလုပ်ဘဲပြကြပါစို့၊ ဉာဏ် အလုပ်ကိုပြလိုက်ယင် ခင်ဗျားတို့ ပိုမို့ရှင်းပါလိမ့်မယ်....(မှန်ပါ့) မရှင်းပေဘူးလား....(ရှင်းသွားမှာပါဘုရား)။

ဘုရားသခင် ကိုယ်တော် မြတ် ကြီး သည် တကာတကာမတို့ အစောင့်ကြီး စောင့်ပြီးသကာလအပြောကြီးပြောတဲ့စကားဟာ ဘာပါလိမ့်မတုံးဆိုတော့ သတိပဋ္ဌာန်လေးပါးထဲက တပါးပါးကို အားထုတ်ကွ၊ အဲဒါမင်းတို့၏ အားကိုးစရာအစစ်ဘဲ .... (မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒီကိုယ်ကြီးလဲ အားမကိုးနဲ့တဲ့ 'ဓမ္မဒီပါဘိက္ခဝေ ဓမ္မသရဏာ' ဘိက္ခဝေ=ရဟန်းတို့၊ဓမ္မဒီပါ=မင်းတို့အားထုတ်တဲ့ ဉာဏ်ကလေးကိုသာလျှင် ကျွန်းကြီးသဖွယ် အားကိုးကြသည်၊ ဟောထ= ဖြစ်ရစ်ကြကုန်လော၊ ဒီဉာဏ် အားကိုးလို့ရှိယင် ငါရောက်တဲ့နိဗ္ဗာန် မင်းတို့ရောက်မှာဘဲတဲ့၊ ဒါမလဲ့ပ်လို့ ရှိယင် တော့ဖြင့် ငါကပရိနိဗ္ဗာန်စံ နိဗ္ဗာန်ရောက် မင်းတို့ကအပါယ်ရောက် ဒီလို ဖြစ်မှာစိုးလို့ မင်းတို့ကို ဒါကလေး ပြောချင်လွန်းလို့ ခန္ဓာကိုယ်ကြီး ဖါထေး ဖေးမ,ပြီး သ က ာ လ ထ ာ း တ ယ် ဆိုတာလဲ

ကိုစောမောင် မရှင်းဘူးလား....(ရှင်းပါတယ်) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ဘာလုပ်သင့်သတုံး....(သတိပဋ္ဌာန်လေးပါး တပါးပါး လုပ်သင့်ပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

တပါးပါးလုပ်သင့်တယ်ဆိုတော့ တပါးပါးကို တခုသောတရားကလေးကိုဥပမာ တကာတကာမတွေက ကိုယ့်စိတ်ကလေး ကိုယ်ရှုနေတယ်၊ စားချင်တဲ့ စိတ်ကလေးပေါ်တယ် ဟုတ်လား၊ စားချင်တဲ့ စိတ်ကလေး ပေါ်လာတော့ တကာတကာမတွေ ဘုန်းကြီးသင်ထားတာက တကာတကာမတွေရှေ့စိတ်ကိုနောက် စိတ်ကရှုပါလို့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

စားချင်တဲ့စိတ်ကလေးရှိ- မရှိကို နောက်စိတ်ကသာကြီးစား (မှန်ပါ့)ရှိပါ့မလား....(မရှိပါဘုရား) နောက်စိတ်ပေါ်ယင် ရှေ့စိတ်ကမရှိတော့ဘူး....(မှန်ပါ့) အည့ဉ်ည့ပပ္ဇတေ စိတ္တာ၊ အည့ဉ် စိတ္တာ နိရုဇ္ဈတိ၊ အဝိဓိမနုံသမ္ဘန္ဓော၊ နဒီသောတောဝိယ ဂစ္ဆတိလို့ ဟောထားသောကြောင့် ဒီစိတ်ချုပ်ပြီးမှ ဒီတွေးတဲ့စိတ်က ပေါ်လာတာ၊ သြော်.... ဒီတွေးတဲ့စိတ်က အယင်စိတ် ရှိ-မရှိ တွေးတာ (မှန်ပါ့) ရှိသေးရဲ့လား....(မရှိပါဘုရား)။

မရှိတော့ မရှိတာကအနိစ္စဟုတ်လား၊သိတာက မဂ္ဂမဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား) မရှိတာက.... (အနိစ္စပါဘုရား) သိတာက....(မဂ္ဂပါ) ဒါသည် တကာတကာမတို့ နိဗ္ဗာန်ပို့တဲ့ တရားအစစ်....(မှန်ပါ့ဘုရား)။

ကိုစောမောင် ဒီဘက်ကဟာဘာတုံး....(နိဗ္ဗာန်ပို့တဲ့ တရားအစစ်ပါဘုရား) နိဗ္ဗာန်ပို့တဲ့ တရားအစစ် ဆိုတော့ "နိဗ္ဗာနံ

ဂစ္ဆတီတိမဂ္ဂါ” နိဗ္ဗာနံ=နိဗ္ဗာန်သို့၊ ဂစ္ဆဲတိ=သွားတတ်၏၊ ဣတိ တာသ္မာ=ထို့ကြောင့် မဂ္ဂါ=မဂ်မည်၏ဆိုတော့ သူဟာမဂ်ဘဲ.... (မှန်ပါ့)သဘောကျပလား.....(ကျေပါပြီဘုရား)။

သြော်....ဒါဖြင့် မင်းတို့ ငါမရှိသည့်နောက် ဒီဓမ္မကိုအားကိုး ရစ်ကြတဲ့....(မှန်ပါ့)သဘောကျပလား(ကျေပါပြီ) ဘာအားကိုး ရမလဲ....(ဓမ္မအားကိုးရပါမယ်ဘုရား)။

ဒီဓမ္မ အားကိုးရစ်ကြဆိုတာကို အခု ဆရာသမားကပြတယ်၊ ကိုယ့်စိတ်ကိုယ် ရှုကြပါ၊ တကာတကာမတို့ ဆေးလိပ်သောက် ချင်တဲ့စိတ်၊ ရေသောက်ချင်တဲ့စိတ် ဟုတ်လား....(မှန်ပါ့ဘုရား) ဆေးလိပ်သောက်ချင်တဲ့ စိတ်ကို နောက်ကနေတွေး၊ ဆေးလိပ် သောက်ချင်တဲ့စိတ်တော့ ပေါ်ပြီ၊ အဲဒီစိတ်ရှိ-မရှိကိုတွေးလုံးက မထုတ်တတ်တော့ဘူးလား....(ထုတ်တတ်ပါတယ်)ထုတ်တတ်လို့ ရှိယင်တော့ ဒီစိတ်က ဘယ်နှယ်နေသတုံး.....(မရှိတော့ပါ) မရှိ တာက အနိစ္စဘဲ၊ သိတာကမဂ်ဘဲ....(မှန်ပါ့ဘုရား)။

ဒီမဂ်ဟာ ဓမ္မဘဲမဟုတ်လား....(မှန်ပါ့) ဒါ့ကြောင့်ဓမ္မဒီပါ ဒီဓမ္မကို မင်းတို့ ကျွန်းကြီးသဖွယ် ကိုးစားရစ်ပါ၊ ငါမရှိသည့် နောက်ကိုဆိုတာ ဘုရားကမဟောဘူးလား .... (ဟောပါတယ်) ဒီဓမ္မက နိဗ္ဗာန်မှတပါးဘယ်မှမသွားဘူး....(မှန်ပါ့)ကံကိုအထက် ပစ်ကောပစ် ဟုတ်သေးရဲ့လား....(မဟုတ်ပါ)ဒါဖြင့် ကိုးစားရာ အစစ် ဆရာဘုန်းကြီး တခုအနည်းငယ်ပြပါမယ်၊ နာရီစေ့လို့ နော်....(မှန်ပါ့) ဒါကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်စိတ်ကိုယ် ရှုပါ.... (မှန်ပါ့) ဘယ်စိတ်တုံး....ဆိုတော့ ခင်ဗျားတို့သန္တာန်မှာ ပေါ်ချင်တဲ့စိတ် ပေါ်လိမ့်မယ်၊ အဲဒီစိတ်ရှိ- မရှိကို နောက်ကနေသာ တွေးလုံး

ထုတ်ပါ.... (မှန်ပါ့) တွေးလုံးထုတ်လို့ရှိယင် သတ္တဝါသန္တာန်မှာလဲနှစ်စိတ်မပေါ်ကောင်းတော့ အယင်စိတ် မရှိဘူးဆိုတာကို တွေးလုံးက အမြဲတန်းသိနေမှာဘဲ....(မှန်ပါ့ဘုရား)။

သနေတော့ စတဟာ ဝညာဏ်ကွန်ရှာဆုံတော့ ကိုယ့်ခန္ဓာပျက်နေတာ....(မှန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ဘာပျက်နေတာတုံး.... (ကိုယ့်ခန္ဓာပျက်နေတာ)ဒါဖြင့် ကိုယ့်အသေကိုယ်သိတယ်....(မှန်ပါ့) ကိုယ့်အသေဟာအနိစ္စ၊ကိုယ်သိတာက....(မဂ္ဂပါ) အဲဒါကိုကိုယ်လုပ်ရမှာ၊ဒီကိုယ်ကိုအားကိုးကြဒီခန္ဓာကိုယ်ကြီးကတော့ သုသာန်ပစ်ရမှာ.... (မှန်ပါ့) ဒီမဂ္ဂင်တည်းဟူသော ကိုယ့်ကိုယ်အားကိုးကြဆိုတာ မဟောသင့်ဘူးလား....(ဟောသင့်ပါတယ်) သဘောပါပလား .... (ပါ-ပါပြီဘုရား)။

ကဲ....ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ဤတွင် အမှတ်စဉ်(၂၀)

သာသနာတော်ပိုင်ရှင်သို့

အရှင်ပေကပိဒမှ

လှူဒါန်းပါသည်။

ကျေးဇူးတော်ရှင်- အဂ္ဂမဟာဒါနပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏

ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ

ကမကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။